http://www.dhammadownload.com

## အဘိဓမ္မာ သင်ရခြင်းအကျိုး

- ရုပ်နာမ်တရားတွေကို ပိုင်းခြားသိနိုင်သော နာမရူပ ပရိစ္ဆေဒဉာဏ်ကို ရနိုင်ခြင်း။
- ရုပ်နာမ်ခန္ဓာတွေမှာ ပညာမျက်စိကန်းသော အန္ဓပုထုဇဉ်ဘဝမှ လွတ်မြောက်ရ၍ ကလျာဏပုထုဇဉ်ဘဝသို့ ရောက်ရှိနိုင်ခြင်း။
- ပဋိသန္ဓိဒါဉာဏ်များကို ရရှိနိုင်ခြင်း။
- ဘာသာရေးစာပေများကို လေ့လာရာမှာဖြစ်စေ၊ တရားဒေသနာတော်ကို နာကြားရာမှာဖြစ်စေ၊ အဘိဓမ္မာ မတတ်သူတို့ထက် ပိုမိုနားလည်ရခြင်း။

ရန်ကုန်တိုင်း
မရမ်းကုန်းမြို့နယ်
ဝိဇ္ဇောဘာရဲစာသင်တိုက်

**အရှင်နန္ဒာသိရီ**

သာသနဓဇ ဓမ္မာစရိယ၊ သိရိပဝရ ဓမ္မာစရိယ
ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ၊ အင်္ဂုတ္တရနိကာယဝိဒူ
၏

# မှတ်ဖွယ်မှတ်ရာ အဘိဓမ္မာ

သင်္ကြိဟ်(၉)ပိုင်းလုံးကို သရုပ်၊ သဘော၊ အဓိပ္ပာယ်၊ ဥဒ္ဒါစရိယ၊ ပါဠိစာပိုဒ် အမည်ထူးများဖြင့် ပြည့်စုံစွာ စီစဉ်ထားသည်။

သာသနာ-၂၅၄၉ ကောဇာ-၁၃၆၇ ခရစ်-၂၀၀၅

အဘိဓမ္မာ ပါဠိတော်နှင့် ဝိသုဒ္ဓိမဂ်တို့မှ ကိုးကားထားသော

http://www.dhammadownload.com

ရန်ကုန်တိုင်း
မရမ်းကုန်းမြို့နယ်
ဝိဇ္ဇောတာရုံစာသင်တိုက်

## အရှင်နန္ဒာသီရိ

သာသနဓဇ မဟာစရိယ၊ သိရိပဝရ မဟာစရိယ
ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ၊ အင်္ဂုတ္တရနိကာယဝိဒူ
၏

# မှတ်ဖွယ်မှတ်ရာ အဘိဓမ္မာ

သင်္ဂြိဟ်(၉)ပိုင်းခွဲးကို သရုပ်၊ သဘော၊ ဓာတိမွာယ၊
ဥာဏ်စမ်း၊ ပါဠိစာပိုဒ် ဓာတုဥာတုများဖြင့်
ပြည့်စုံစွာ စီစဉ်ထားသည်။

သာသနာ-၂၅၄၉ ကောဇာ-၁၃၆၇ ခရစ်-၂၀၀၅

http://www.dhammadownload.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက် | - | ၃၂၀၇၅၄၀၅၁၀ |
| မျက်နှာဖုံးခွင့်ပြုချက် | - | ၃၂၀၆၂၄၀၅၁၀ |
| အကြိမ် | - | ပထမအကြိမ်<br>အောက်တိုဘာလ၊ ၂၀၀၅။ |
| အုပ်ရေ | - | ၁၀၀၀ |
| ထုတ်ဝေသူ | - | အရှင်နန္ဒာသီရိ<br>ဝိဇ္ဇောတာရုံစာသင်တိုက်<br>မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ |
| ကွန်ပျူတာစာစီ | - | N.D.P.U<br>ဝိဇ္ဇောတာရုံစာသင်တိုက်<br>မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ် | - | မမြင့်မြင့်စန်း<br>ရည်မွန်အော့ဖ်ဆက်<br>အမှတ်-၉၊မြဝတီရည်လမ်းသွယ်(၂)<br>မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ |
| တန်ဖိုး | - | **၁၅၀၀ ကျပ်** |

http://www.dhammadownload.com

# နိဒါန်း

အဘိဓမ္မတ္ထ သင်္ဂဟဟူသည် အဘိဓမ္မာ ဒေသနာတော်လာ သိမ်မွေ့နက်နဲ ခက်ခဲလှ, ကျယ်ဝန်းလှစွာသော အနက်အဓိပ္ပါယ်များကို အကျဉ်းချုံး၍ သိမ်းယူရာကျမ်းပင် ဖြစ်ပါသည်။ ထိုကျမ်း၌ မြတ်ဗုဒ္ဓ၏ အဘိဓမ္မာ အသိပညာကို အကျဉ်းချုပ် ရေးသားထား၏။

ထိုအသိပညာသည် သိမ်မွေ့နက်နဲ ခက်ခဲလွန်းရကား လူသားတို့မှာရှိသော မူလအသိတရားထက် အဆင့်မြင့်လွန်းသဖြင့် အလွယ်တကူ နားလည်သဘောပေါက်နိုင်သော အသိပညာမျိုး မဟုတ်ပါချေ။ ထက်မြက်သောဉာဏ်, ထက်သန်သောဝီရိယရှိသူများသည်ပင် နှစ်ပေါင်းများစွာ လေ့လာပါမှ ဗုဒ္ဓအဘိဓမ္မာလာ အသိပညာကို အတော်အသင့် နားလည်နိုင်ပါသည်။

ထိုမျှလောက် ခက်ခဲနက်နဲလှ, ကျယ်ဝန်းလှသော အဘိဓမ္မာ အသိပညာကို ဆရာအမျိုးမျိုးက အမည်အမျိုးမျိုးတပ်ကာ စာအုပ်အမျိုးမျိုးဖြင့် လွယ်ကူသည်ထက် လွယ်ကူသော နည်းစနစ်များကို တီထွင်ကာ စီစဉ်ရေးသား ထုတ်ဝေနေကြပြီး, ထုတ်ဝေနေကြဆဲ ဖြစ်ပါသည်။ မိမိမှာကား ထိုအဆင့် မရှိပါချေ။ စာပေပို့ချယင်း စာသင်သားများမှာ ကြုံတွေ့ရသော အခက်အခဲများကို ကူညီဖြေရှင်းပေးရန်အတွက် ဝိဇ္ဇောတာရုံမှ ဆရာသမားတို့၏ သင်ကြားနည်းများနှင့် အခြေပြုသင်္ဂြိဟ်, သင်္ဂြိဟ်ဘာသာဋီကာ, ကိုယ်ကျင့် အဘိဓမ္မာ, သင်္ဂြိဟ်ရှင်းတမ်း (အရှင်မုနိန္ဒာဘိဝံသ), သင်္ဂြိဟ် သရုပ်ခွဲ

http://www.dhammadownload.com



သင်ကြားနည်း(အရှင်ဓမ္မိန္ဒ) စသောကျမ်းတို့မှ ကောင်းနိုးရာရာများကို စုစည်းကာ မှတ်စုရေးသားပေးရာမှ ယခုစာအုပ်အဖြစ်သို့ ရောက်ရှိလာခြင်းသာ ဖြစ်ပါသည်။

ယနေ့ခေတ် စာသင်နည်းသည် ဘာသာရပ်တစ်ခုကို သီးခြားသင်ယူခွင့် ရသောအခါမျိုး မဟုတ်တော့ပေ။ ခေတ်စာမေးပွဲများကို ဦးစားပေးနေရသဖြင့် ဆိုင်ရာအတန်းခ်ဲ့ ပြဋ္ဌာန်းထားသော ဘာသာရပ်မျိုးစုံကို တစ်နှစ်တည်းဖြင့် အကုန်သင်ယူကြရ၏။ စာသင်သားများသည် တစ်နေ့ကို စာသုံးဝါ,လေးဝါ တက်နေရသဖြင့် ဆရာ့ဆရာများ ရေးသားထားသည့် ကျမ်းစာအုပ်ကြီးများကို လေ့လာလိုသောဆန္ဒ ရှိကြပါသော်လည်း အချိန်မပေးနိုင်ကြတော့ပေ။

ထိုအချိန်မပေးနိုင်ကြသော စာသင်သားများအတွက် ဤမှတ်ဖွယ်မှတ်ရာအဘိဓမ္မာစာအုပ်၌ အဘိဓမ္မာဆိုင်ရာ သဘောများကို အနှစ်ချုပ်ရေးသား ထားသည့်အတွက် အချိန်အနည်းငယ်ပေးကာ လေ့လာခြင်းဖြင့်ပင် အဘိဓမ္မာဘာသာအတွက် တွေ့ကြုံနေရသော အခက်အခဲကို ဖြေရှင်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

ဤမှတ်ဖွယ်မှတ်ရာအဘိဓမ္မာစာအုပ်၌ ဉာဏ်စမ်းပုစ္ဆာများကိုလည်း ထည့်သွင်းထားပါသည်။ ထိုဉာဏ်စမ်းပုစ္ဆာများ၌ ဉာဏ်နှင့်နယ်သေးသော စာသင်သားငယ်များပါ သဘောပေါက်လွယ်အောင် သင်္ဂဟပါဠိ၏အနက်လောက်ကိုသာအားပြု၍ ဖြေရှင်းထားပါသည်။ "ကျမ်းရင်းကျေက ဉာဏ်စမ်းဖြေရ"ဟူသော သဘောကို နားလည်စေရန်လည်း ရည်သန်ပါသည်။

ထိုသို့ ဖြေရှင်းထားရာ၌ သတိလွတ်ကင်း မေ့လျော့ခြင်းကြောင့်ဖြစ်စေ, မိမိဉာဏ်နည်းမှုကြောင့်ဖြစ်စေ သဘာဝမမှန်၍ ဆန့်ကျင်

http://www.dhammadownload.com



ခြင်း၊ မှားယွင်းခြင်းများ ပါရှိခဲ့ပါက "အသွားနှင့် ခလုတ်၊ အမှားနှင့် အလုပ်"ဟူသည် မကင်းကောင်းသော အရာများဖြစ်၍ မေတ္တာသက်ကာ ခွင့်လွှတ်ပါဟု တောင်းပန်အပ်ပါသည်။

## ကျေးဇူးသိတတ် ကျေးဇူးဆပ်

မိမိအား ပညာမျက်စိကို ပွင့်လင်းစေခဲ့ကြသော ကျေးဇူးရှင် ဆရာသမားများ ဖြစ်ကြသော ဝေါမြို့၊ ညောင်ခါးရှည်ရွာ၊ မာလာမြို့ကျောင်း၊ ဆရာတော် ဥဒုကမာရ၊ သိမ်ဇရပ်မြို့၊ မြသိန်းတန် ဘုရားကြီးကျောင်း၊ ဆရာတော် ဥဒုသုန္ဒရ၊ ဘုန်းကြီးဥဒုသဒ္ဓမ္မဝံသ၊ ဘုန်းကြီးဥဒုဉာဏဝံသ(မြို့ဦး)၊ ဘုန်းကြီးဥဒုဓမ္မာစာရ (ကျိုက္ကသာ)၊ ရန်ကုန်မြို့၊ ဝိဇ္ဇောတာရံစာသင်တိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဝိဇ္ဇောတ(အဂ္ဂမဟာပဏ္ဍိတ၊သိရောမဏိ)၊ ဘုန်းကြီးဥဒုနာဂိန္ဒ (အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ၊ဓမ္မာစရိယ)၊ ဘုန်းကြီးဥဒုမေတ္တေယျ (မဟာဂန္ထ ဝါစကပဏ္ဍိတ၊ဓမ္မာစရိယ)၊ ဘုန်းကြီးဥဒုနန္ဒဝံသ (ဓမ္မာစရိယ-M.A)၊ ဘုန်းကြီးဥဒုဒယာလုက (ဓမ္မာစရိယ)၊ ဘုန်းကြီးဥဒုစန္ဒောဒယ(ဓမ္မာစရိယ-M.A)၊ ဘုန်းကြီးဥဒုသောဘန(ဓမ္မာစရိယ-M.A)စသည်တို့အား ဤ"မှတ်ဖွယ်မှတ်ရာ အဘိဓမ္မာ"စာအုပ်ကို ရေးသားခြင်းဖြင့် ကျေးဇူးဆပ် ပူဇော်အပ်ပါသည်။

## မှတ်ဖွယ်မှတ်ရာ အဘိဓမ္မာ

၁၃၆၅-ခုနှစ်၊ သီတင်းကျွတ်လပြည့် အဘိဓမ္မာအဓိတော်နေ့၌ 'သင်္ဂီဟအနှစ်ချုပ်'ဟူသော အမည်ဖြင့် ကျောင်းတိုက်သုံးအဖြစ် အုပ်ရေ(၅၀၀) ရိုက်နှိပ်ဖူးပါသည်။ (ဝိထိ၊ဝိထိမုတ်၊ပစ္စည်း၊ကမ္မဋ္ဌာန်း လေးပိုင်းသာ ဖြစ်ပါသည်။) ထိုသင်္ဂီဟအနှစ်ချုပ်ဟူသော အမည်နှင့်

http://www.dhammadownload.com



စပ်၍ ဗောဓိကျမ်းပြုအကျော် မြောင်းမြမြို့၊ တိုက်သစ်ပဇ္ဇောတာရုံ ဆရာတော် အမိန့်ရှိတော်မူသည်မှာ– အနှစ်ချုပ်ဟူသောအမည်သည် ဓမ္မာစရိယ ဦးမောင်မောင်လေး အသုံးပြုနေသော အမည်ဖြစ်၍ အခြားအမည်ကို ရွေးချယ်သုံးဖို့ မိန့်ကြားဖူးသည့်အတွက် ယခုအခါ သင်္ကြိပ်(၉)ပိုင်းလုံးကို တစ်အုပ်တည်းဖြင့် သရုပ်သဘော၊အဓိပ္ပါယ်၊ ဥဏ္ဏာစမ်း၊ ပါဠိစာပိုဒ် အမည်ထူးများဖြင့် ပြည့်စုံစွာစီစဉ်၍ ရိုးရှင်းလှသော 'မှတ်ဖွယ်မှတ်ရာ အာဘိဓမ္မာ'ဟူသော အမည်ဖြင့် ပုံနှိပ်ထုတ်ဝေအပ်ပါသည်။

ဤစာအုပ်ဖြစ်မြောက်အောင် စီစဉ်ရာ၌ စာပေပို့ချယင်း အချိန်လုကာ ကွန်ပျူတာစာစီခြင်း၊ ပရုဖ်(ဖ်)ဖတ်ခြင်းတို့ကို ကူညီခဲ့ကြသော ဒဲဋ္ဌိမိတ္တဖြစ်ကြသည့် အရှင်ဓမ္မာနန္ဒ(ကန့်ဘလူ)၊ အရှင်ပညာဝုဓ (နောပင်ကြီး)၊ အရှင်ဥက္ကံသ (ကျွန်းလှ)တို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**အရှင်နန္ဒာသီရိ**

၁၃၆၇–ခု၊ တော်သလင်းလဆန်း(၂)ရက်

(၄၊၉၊၂၀၀၅)

http://www.dhammadownload.com

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| နိဒါန်း | ..... | က–ဃ |
| **စိတ်ပိုင်း** | | |
| ပရမတ် ခေါ်ပုံ | ..... | ၁ |
| ဘုံစိတ်အပြား(၄)ပါး | ..... | ၂ |
| အကုသိုလ်စိတ်(၁၂)ပါး | ..... | ၃ |
| သောမနဿစသည် သတ်မှတ်ချက် | ..... | ၄ |
| အဟိတ်စိတ် (၁၈)ပါး | ..... | ၈ |
| ဒွေးပဉ္စဝိညာဉ်(၁၀)ဟူသည် | ..... | ၁၀ |
| အာဝဇ္ဇန်းဒွေးဟူသည် | ..... | ၁၁ |
| အသောဘနစိတ် ခေါ်ပုံ | ..... | ၁၃ |
| သောဘနစိတ်အကျဉ်း(၅၉)ပါး | ..... | ၁၄ |
| ကာမာဝစရစိတ်(၅၄)ပါး | ..... | ၁၉ |
| ရူပါဝစရစိတ်(၁၅)ပါး | ..... | ၂၂ |
| အဘိညာဉ်ဒွေး | ..... | ၂၄ |
| အရူပါဝစရစိတ်(၁၂)ပါး | ..... | ၂၅ |
| မဟဂ္ဂုတ်စိတ်(၂၇)ပါး | ..... | ၂၆ |
| လောကီစိတ်(၈၁)ပါး | ..... | ၂၇ |
| လောကုတ္တရာစိတ် ခေါ်ပုံ | ..... | ၃၀ |
| စိတ်အကျဉ်း(၈၉)ပါး | ..... | ၃၁ |
| လောကုတ္တရာစိတ်အကျယ်(၄၀)ပွားပုံ | ..... | ၃၄ |

http://www.dhammadownload.com



ပဋ္ဌမစျာန်စိတ်(၂၃)ပါး ..... ၃၇
ကုသိုလ်စိတ်အကျယ်(၃၇)ပါး ..... ၃၈

**စေတသိက်ဝိုင်း**

စေတသိက် ခေါ်ပုံ ..... ၄၀
အညသမာန်းစေတသိက်(၁၃)ပါး ..... ၄၁
အကုသိုလ်စေတသိက်(၁၄)ပါး ..... ၄၂
သောဘနစေတသိက်(၂၅)ပါး ..... ၄၄
စေတသိက်(၅၂)ပါး၌ မှတ်ဖွယ်များ ..... ၄၈
သမ္မယောဂနည်း(၁၆)ပါး ..... ၅၇
အညသမာန်းစေ-သမ္မယောဂနည်း(၇)ပါး ..... ၅၈
ဝိတက်,ဝိစာရတို့၌ စက်လှည့်ပုံ ..... ၆၃
အကုသိုလ်စေ-သမ္မယောဂနည်း(၅)ပါး ..... ၆၄
မောဟ,လောဘတို့၌ စက်လှည့်ပုံ ..... ၆၅
သောဘနစေတသိက်သမ္မယောဂနည်း(၄)ပါး ..... ၆၆
ဝိရတီ(၂)မျိုး အထူး ..... ၆၇
အနိယတယောဂီစေတသိက်(၁၁)ပါး ..... ၇၀
နိယတယောဂီစေတသိက်(၄၁)ပါး ..... ၇၀
သင်္ဃာနည်း(၃၃)ပါး ..... ၇၂
လောကုတ္တရာစိတ်သင်္ဃာနည်း(၅)ပါး ..... ၇၃
အထူးမှတ်ဖွယ် ..... ၇၄
မဟဂ္ဂုတ်စိတ်သင်္ဃာနည်း(၅)ပါး ..... ၇၅
ကာမာဝစရသောဘနစိတ်သင်္ဃာနည်း(၁၂)ပါး ..... ၇၇

http://www.dhammadownload.com



ဝိသေသကစေတသိက်(၁၀)ပါး ..... ၈၂
အကုသိုလ်စိတ်သင်္ဂဟနည်း(၇)ပါ. ..... ၈၅
သဗ္ဗာကုသလယောဂီစေတသိက်(၁၄)ပါး ..... ၈၉
အဟိတ်စိတ်သင်္ဂဟနည်း(၄)ပါး ..... ၉၀

**ပကိဏ်းဝိုင်း**

ဝေဒနာသင်္ဂဟ ..... ၉၃
စေတသိက်ကို ဝေဒနာဖြင့် ရေတွက်ပုံ ..... ၉၇
ဟေတုသင်္ဂဟ ..... ၉၈
စေတသိက်ကို ဟိတ်ဖြင့် ရေတွက်ပုံ ..... ၁၀၁
ကိစ္စသင်္ဂဟ ..... ၁၀၃
ကိစ္စ၊ဌာနတပ်သောစိတ်များ ..... ၁၀၈
ဒွါရသင်္ဂဟ ..... ၁၀၉
ဒွါရ(၆)ပါးတို့၏ တရားကိုယ်အရ ..... ၁၁၀
ဒွါရ(၆)ပါးကို ဘုံအားဖြင့် ခွဲပုံ ..... ၁၁၄
အာရမ္မဏသင်္ဂဟ ..... ၁၁၆
မနောဓာတ်(၃)ပါး၏ အာရုံ ..... ၁၁၈
ရုပ်တရားကို ဧကန်အာရုံပြုသောစိတ် ..... ၁၂၃
ဝတ္ထုသင်္ဂဟ ..... ၁၂၇
ဝတ္ထုဖြင့် ဘုံကို ဝေဖန်ပုံ ..... ၁၂၈
ဝတ္ထုဖြင့် စေတသိက်ကို ဝေဖန်ပုံ ..... ၁၃၃

**ဝိထိဝိုင်း**

ဝိထိဝိုင်း၌ သိထားရမည့် အချက်ကြီးများ ..... ၁၃၇

http://www.dhammadownload.com



စိတ်သက်နှင့် ရုပ်သက် ..... ၁၃၈
ပဋ္ဌာဒ္ဓါရုဝ်ထိ ..... ၁၃၉
အာဟိမဟန္တာရုံဝ်ထိ ..... ၁၄၁
မဟန္တာရုံဝ်ထိ ..... ၁၄၃
ပရိတ္တာရုံဝ်ထိ ..... ၁၄၄
အာဟိပရိတ္တာရုံဝ်ထိ ..... ၁၄၅
မနောဒ္ဓါရ ကာမဇောဝါရ ..... ၁၄၇
မနောဒ္ဓါရ အပ္ပနာဇောဝါရ ..... ၁၅၀
တဒါရမ္မဏနိယမ ..... ၁၅၅
တဒါရုံကျကြောင်း အင်္ဂါ(၃)ပါး ..... ၁၆၀
ဇဝနနိယမ ..... ၁၆၂
သောတာပတ္တိမဂ္ဂဝုံထိပုံစံ ..... ၁၆၄
သေသူနှင့် နိဂ္ဂောဓသမာပတ်ဝင်စားသူအထူး ..... ၁၆၆
ပုဂ္ဂလဘေဒ ..... ၁၆၈
ပုဂ္ဂိုလ်(၁၂)ယောက်နှင့် ရသောဝုံထိစိတ် ..... ၁၇၂
ဘူမိဝိဘာဂ ..... ၁၇၄

**ဝုံထိမုတ်ပိုင်း**

ဘူမိစတုက္က ..... ၁၈၀
၃၁-ဘုံ၊ စကြာဝဠာတစ်ခု ..... ၁၈၁
ဘုံနှင့်ပုဂ္ဂိုလ် တွဲစပ်ပုံ ..... ၁၈၅
ပဋိသန္ဓိစတုက္က ..... ၁၈၆
ကာမပဋိသန္ဓေ(၁၀)ပါး ..... ၁၈၇

http://www.dhammadownload.com



ရူပပဋိသန္ဓေ (၆)ပါး ..... ၁၉၁
အရူပပဋိသန္ဓေ (၄)ပါး ..... ၁၉၂
ကမ္မစတုက္က ..... ၁၉၄
ဒုစရိုက်(၁၀)ပါး၊ သုစရိုက်(၁၀)ပါး ..... ၁၉၉
ပုညကိရိယဝတ္ထု(၁၀)ပါး ..... ၂၀၂
ကာမကံ၏ အကျိုးပေးရာဘုံ ..... ၂၀၅
တိဟိတ်ကုသိုလ်စသည် ခေါ်ပုံ ..... ၂၀၈
ရူပကံ၏ အကျိုးပေးရာဘုံ ..... ၂၁၀
အရူပကံ၏ အကျိုးပေးရာဘုံ ..... ၂၁၁
စုတိပဋိသန္ဓိက္ကမ ..... ၂၁၃
စုတေခါနိုးကာလ အာရုံနိမိတ် ထင်လာပုံ ..... ၂၁၄
မရဏာသန္နဝီထိ (၄)ဝီထိ ..... ၂၁၆
ပဋိသန္ဓေစိတ် ဖြစ်ပုံ ..... ၂၁၇
ပဋိသန္ဓေစိတ်နှင့် အာရုံ တွဲစပ်ပုံ ..... ၂၂၃
စုတိနောင် ပဋိသန္ဓေ ဖြစ်ပုံ ..... ၂၂၅
ဘဝင်စိတ် ခေါ်ပုံနှင့် အာရုံ ..... ၂၃၀
နာမ်သံသရာစက် လည်ပုံ ..... ၂၃၁

**ရုပ်ပိုင်း**

ရုပ်ပိုင်းခွဲပြမည့် သင်္ဂဟ(၅)မျိုး ..... ၂၃၃
ရူပသမုဒ္ဒေသ ..... ၂၃၃
မဟာဘုတ်(၄)ပါး ..... ၂၃၄
ဥပါဒါရုပ်(၂၄)ပါး ..... ၂၃၄

http://www.dhammadownload.com

ည


ရသာရုံနှင့် သြဇာ အထူး ..... ၂၃၈
ရုပ်(၂၈)ပါး ..... ၂၄၂
ရူပဝိဘာဂ ..... ၂၄၃
အန္ဓဿိကရုပ်,ဗာဟိရရုပ် ..... ၂၄၈
သြဋ္ဌာရိကရုပ်(၁၂)ပါး ..... ၂၄၇
ရူပသမုဋ္ဌာန ..... ၂၅၁
ရုပ်ဖြစ်ကြောင်းတရား(၄)ပါး ..... ၂၅၁
ကံက ရုပ်ကို ဖြစ်စေပုံ ..... ၂၅၂
ပုဂ္ဂိုလ်အလိုက် ပြိုးရယ်သောစိတ်များ ..... ၂၅၄
အန္ဓဿိ, ဗဟိဒ္ဓ ခွဲပုံ ..... ၂၅၆
ဇကန်ကမ္မဇရုပ်(၉)ပါး ..... ၂၅၇
အသံ(သဒ္ဒ) နှစ်မျိုး ..... ၂၆၂
ရူပကလာပ ..... ၂၆၅
ရုပ်ကလာပ်(၁၁)စည်း ..... ၂၆၆
ကမ္မဇကလာပ်(၉)စည်း ..... ၂၆၆
စိတ္တဇကလာပ်(၆)စည်း ..... ၂၆၇
ဥတုဇကလာပ်(၄)စည်း ..... ၂၆၉
အာဟာရဇကလာပ်(၂)စည်း ..... ၂၇၀
ရူပပဝတ္တိက္ကမ ..... ၂၇၆
ကာမဘုံ၌ ပဝတ္တိအခါ ရနိုင်သောရုပ် ..... ၂၇၆
ကလလရူပ-အရ ..... ၂၈၀
ချို့ကောင်းသော ဒသကများ ..... ၂၈၂

http://www.dhammadownload.com



ရုပ်လေးပါးတို့ စတင်ဖြစ်ပေါ်ချိန် ..... ၂၈၂
ရုပ်လေးပါးတို့ နောက်ဆုံးချုပ်ချိန် ..... ၂၈၃
ရုပ်သံသရာစက် လည်ပုံ ..... ၂၈၆
နိဗ္ဗာန် ခေါ်ပုံ ..... ၂၉၃
နိဗ္ဗာန်ဂုဏ်ပုဒ် သရုပ်လေးပါး ..... ၂၉၆

**သမုစ္ဆည်းပိုင်း**

ဒွါသတ္တတိ-အရ ..... ၂၉၈
ပရမတ် အစစ်,အတု ခွဲပုံ ..... ၂၉၈
သမုစ္ဆည်းပိုင်း၌ ပြမည့်သင်္ဂဟ(၄)မျိုး ..... ၂၉၉
အကုသလသင်္ဂဟ ..... ၂၉၉
စွဲလမ်းပုံ အမျိုးမျိုး ..... ၃၀၃
တစ်ထောင့်ငါးရာ ကိလေသာ ..... ၃၁၁
ဌာနဖြင့် ဝေဖန်ပုံ ..... ၃၁၅
မိဿကသင်္ဂဟ ..... ၃၁၇
ဈာနင်(၇)ပါး ဟိတ်အားဖြင့် ခွဲပုံ ..... ၃၁၉
မဂ္ဂင် (၁၂)ပါး ..... ၃၁၉
ဣန္ဒြေ (၂၂)ပါး ..... ၃၂၃
ဌာနဖြင့် ဝေဖန်ပုံ ..... ၃၃၈
ဗောဓိပက္ခိယသင်္ဂဟ ..... ၃၃၉
သတိပဋ္ဌာန်(၄)ပါး ..... ၃၃၉
သမ္မပ္ပဓာန်(၄)ပါး ..... ၃၄၀
မဂ္ဂင်(၈)ပါးနှင့် သိက္ခာသုံးပါး တွဲစပ်ပုံ ..... ၃၄၅

http://www.dhammadownload.com



ဌာနဖြင့် ဝေဖန်ပုံ ..... ၃၄၈
သမ္မသင်္ဂဟ ..... ၃၅၂
ခန္ဓာ (၅)ပါး ..... ၃၅၂
ဥပါဒါနက္ခန္ဓာ (၅)ပါး ..... ၃၅၃
အာယတန (၁၂)ပါး ..... ၃၅၃
ဓာတ် (၁၈)ပါး ..... ၃၅၄
သစ္စာ (၄)ပါး ..... ၃၅၄
ခန္ဓာ(၅)ပါး ရုပ်,နာမ်ခွဲပုံ ..... ၃၅၅
အာယတန(၁၂)ပါး ရုပ်,နာမ်ခွဲပုံ ..... ၃၅၈
ဓာတ်(၁၈)ပါး ရုပ်,နာမ်ခွဲပုံ ..... ၃၆၁
သစ္စာလေးပါး တရားကိုယ်အရ ..... ၃၆၂
ဓမ္မာရုံနှင့် ဓမ္မဓာတ် အထူး ..... ၃၆၄

**ပစ္စည်းပိုင်း**

ပစ္စည်း,ပစ္စယုပ္ပန် ခွဲခြားဟန် ..... ၃၆၆
ပဋိစ္စသမုပ္ပါဒ်နည်း ..... ၃၆၇
သခ်ါရပစ္စယာ ဝိညာဏ် ..... ၃၇၀
ခြင်းရာနှစ်ဆယ် ..... ၃၇၇
အစပ်(၃)ပါး၊ အလွှာ(၄)ပါး ..... ၃၇၉
ပဋိစ္စသမုပ္ပါဒ် ပြတ်ပုံ ..... ၃၈၁
ပဋိစ္စသမုပ္ပါဒ် လည်ပုံ ..... ၃၈၂
ပစ္စည်း,ပစ္စယုပ္ပန် အနက်ပေးဟန် ..... ၃၈၄
ပဋ္ဌာန်းနည်း မှတ်ဖွယ်များ ..... ၃၉၃

http://www.dhammadownload.com



ပကတူပနိဿယ ..... ၄၀၀
အတ္ထိပစ္စည်း သရုပ်(၅)မျိုး ..... ၄၀၆
ရုပ်,နာမ် ခွဲပုံ ..... ၄၁၀
ပညတ်အပြား (၂)ပါး ..... ၄၁၁
ပညတ်(၂)ပါးကို သိပုံ ..... ၄၁၅
နာမပညတ် ဖြစ်ပေါ်လာပုံ ..... ၄၁၇

**ကမ္မဋ္ဌာန်းပိုင်း**

သမထကမ္မဋ္ဌာန်းနည်း ..... ၄၁၉
ကမ္မဋ္ဌာန်း(၄၀) အကျဉ်းရေတွက်ပုံ ..... ၄၁၉
မေတ္တာ-၅၂၈ ..... ၄၂၃
ပညတ်ကမ္မဋ္ဌာန်း, ပရမတ်ကမ္မဋ္ဌာန်းခွဲပုံ ..... ၄၂၆
ကမ္မဋ္ဌာန်း(၄၀)ကို ဘုံအားဖြင့် ခွဲပုံ ..... ၄၂၆
သပ္ပါယဘေဒ ..... ၄၂၇
စရိုက်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ ..... ၄၂၇
ဘာဝနာဘေဒ ..... ၄၃၁
ဘာဝနာဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ ..... ၄၃၁
ဈာန်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ ..... ၄၃၂
ဂေါစရဘေဒ ..... ၄၃၃
နိမိတ်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ ..... ၄၃၃
နိမိတ်(၃)ပါး၏ အဓိပ္ပါယ် ..... ၄၃၅
ရူပဝပထမဈာန် ဖြစ်ပုံ ..... ၄၃၆
နိမိတ်,ဘာဝနာတို့ကို ကမ္မဋ္ဌာန်းဖြင့်ဝေဖန်ပုံ ..... ၄၃၉

http://www.dhammadownload.com



အာဘိညာဉ် ခေါ်ပုံနှင့် အရ ..... ၄၃၉
စျာန်ရတိုင်း ကောင်းကင်ပျံနိုင်/မပျံနိုင် ..... ၄၄၀
အာဘိညာဉ် အပြားများ ..... ၄၄၁
ဝိပဿနာကမ္မဋ္ဌာန်းနည်း ..... ၄၄၃
ဝိပဿနာကမ္မဋ္ဌာန်းဝယ် သိမှတ်ဖွယ် ..... ၄၄၃
ဝိသုဒ္ဓိဘေဒ ..... ၄၄၄
သမ္မသနနည်း(၄)နည်း ..... ၄၄၇
ဘေးရန်(၂)မျိုး ..... ၄၄၉
ဉာဏဒဿနဝိသုဒ္ဓိ ..... ၄၅၁
ဂေါတြဘုအတွက် အထူးမှတ်ချက် ..... ၄၅၃
မဂ်ကိစ္စ(၁၆)ချက် ရေတွက်ပုံ ..... ၄၅၄
ပစ္စဝေက္ခဏာဉာဏ် (၁၉)တန် ..... ၄၅၆
ဝိသုဒ္ဓိနှင့် ဉာဏ်စဉ် တွဲစပ်ပုံ ..... ၄၅၇
ဝိမောက္ခဘေဒ ..... ၄၆၀
အတ္တကင်းကြောင်း နည်းလမ်းကောင်း ..... ၄၆၀
ပုဂ္ဂလဘေဒ ..... ၄၆၄
သမာပတ္တိဘေဒ ..... ၄၆၈
နိရောဓသမာပတ်ဝင်စားနေစဉ် မသေနိုင် ..... ၄၇၀
ပဋိပတ်၏ အရသာနှင့် ရလိုသူ ..... ၄၇၁
ဆုတောင်း-လက်ာ ..... ၄၇၂

မာတိကာ ပြီး၏။

❑❑❑❑❑

http://www.dhammadownload.com

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

# ခ်ီတ်ပိုင်း

## ပရမတ် ခေါ်ပုံ

မိမိသဘောမှ မဖောက်မပြန် မှန်ကန်တည့်မတ် မြတ်သောသဘော ဘရားကို 'ပရမတ်'ဟု ခေါ်ပါသည်။

**[ဆောင်]** မဖောက်မပြန်၊ မှန်ကန်တည့်မတ်၊ သဘောမြတ်၊ ပရမတ်ဟုခေါ်။

## ပရမတ္ထနှင့် အဘိဓမ္မတ္ထအရ

**ပရမတ္ထအရ**– စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ရပါသည်။

**အဘိဓမ္မတ္ထအရ**– စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ပညတ် ရပါသည်။

**ပရမတ္ထမှ ထူးခြားသော အဘိဓမ္မတ္ထ** – ပညတ် ဖြစ်ပါသည်။

**အမှန်ရှိလျက် ဖောက်ပြန်သောတရား**– ရုပ် ဖြစ်ပါသည်။

**အမှန်ရှိလျက် မဖောက်ပြန်သောတရား**– စိတ်၊ စေတသိက်၊ နိဗ္ဗာန် တို့ ဖြစ်ပါသည်။

## နိစ္စပရမတ်,အနိစ္စပရမတ် ခွဲပုံ

နိဗ္ဗာန်သည် နိစ္စပရမတ်ဖြစ်၍ စိတ်၊ စေတသိက်၊ ရုပ်တို့သည် အနိစ္စ ပရမတ် ဖြစ်ပါသည်။

**[ဆောင်]** နိဗ္ဗာန်–နိစ္စ၊ ကျန်သမျှ၊ အနိစ္စဟုမှတ်။

http://www.dhammadownload.com



## ပရမတ္ထတရားလေးပါးတို့၏ သဘောလက္ခဏာ

၁။ စိတ် = အာရုံကိုသိခြင်း သဘောတရား။
၂။ စေတသိက်= စိတ်၌မှီ၍ဖြစ်သော သဘောတရား။
၃။ ရုပ် = အအေးအပူစသော ဆန့်ကျင်ဘက် အကြောင်းများကြောင့် ဖောက်ပြန်တတ်သော သဘောတရား။
၄။ နိဗ္ဗာန် = ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်သော သဘောတရား။

## ဘုံစိတ်အပြား လေးပါး

၁။ ကာမာဝစရစိတ် = ကာမဘုံ၌ များသောအားဖြင့် ဖြစ်သောစိတ်။
၂။ ရူပါဝစရစိတ် = ရူပဘုံ၌ များသောအားဖြင့် ဖြစ်သောစိတ်။
၃။ အရူပါဝစရစိတ် = အရူပဘုံ၌ များသောအားဖြင့် ဖြစ်သောစိတ်။
၄။ လောကုတ္တရာစိတ်= ဥပါဒါနက္ခန္ဓာဟူသော သခါရလောကမှ လွန်မြောက်ဆဲ, လွန်မြောက်ပြီးစိတ်။

## ဘုံစိတ်လေးပါး ရေ့နောက်စဉ်ရပုံ

၁။ ကာမာဝစရစိတ်သည် အညံ့ဆုံး–ဟီနစိတ် ဖြစ်ပါသည်။
၂။ ရူပါဝစရစိတ်သည် အမြတ်–ဥက္ကဋ္ဌစိတ် ဖြစ်ပါသည်။
၃။ အရူပါဝစရစိတ်သည် သာ၍မြတ်သော–ဥက္ကဋ္ဌတရစိတ် ဖြစ်ပါသည်။
၄။ လောကုတ္တရာစိတ်သည် အမြတ်ဆုံး–ဥက္ကဋ္ဌတမစိတ် ဖြစ်ပါသည်။

ဤသို့ အညံ့ဆုံး, အမြတ်, သာ၍မြတ်, အမြတ်ဆုံးအားဖြင့် စိတ်လေးမျိုး ရေ့နောက်စဉ်ထားရပါသည်။

ဘုံစိတ်အပြား(၄)ပါး ပြီး၏။

❑❑❑❑❑

http://www.dhammadownload.com



## အကုသိုလ်စိတ် (၁၂)ပါး

အကုသိုလ်စိတ်သည် လောဘမူစိတ်(၈)ပါး၊ ဒေါသမူစိတ် (၂)ပါး၊ မောဟမူစိတ်(၂)ပါးအားဖြင့် (၁၂)ပါး ဖြစ်ပါသည်။

### လောဘမူစိတ် (၈)ပါး

၁။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်တစ်ခု။
၂။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်တစ်ခု။
၃။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်တစ်ခု။
၄။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်တစ်ခု။
၅။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်တစ်ခု။
၆။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်တစ်ခု။
၇။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်တစ်ခု။
၈။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်တစ်ခု။

**မှတ်ချက်။** ။ ယင်းစိတ်(၈)ပါးကို လောဘနှင့် တကွဖြစ်သောကြောင့် 'လောဘသဟဂုတ်စိတ်'ဟုလည်းကောင်း၊ လောဘမူလရှိသောကြောင့် 'လောဘမူစိတ်'ဟုလည်းကောင်း ခေါ်ကြသည်။

### ဝေဒနာအားဖြင့် ခွဲပုံ

သောမနဿဝေဒနာ = ၄ပါး၊
ဥပေက္ခာဝေဒနာ = ၄ပါး၊ ပေါင်း(၈)ပါး ဖြစ်ပါသည်။

### သမ္ပယောဂဘေဒအားဖြင့် ခွဲပုံ

သမ္ပယုတ်စိတ် = ၄ပါး၊
ဝိပ္ပယုတ်စိတ် = ၄ပါး၊ ပေါင်း(၈)ပါး ဖြစ်ပါသည်။

### သင်္ခါရဘေဒအားဖြင့် ခွဲပုံ

အသင်္ခါရိကစိတ် = ၄ပါး၊

http://www.dhammadownload.com



သသခ်ါရိကစိတ် = ၄ပါး၊ ပေါင်း(၈)ပါး ဖြစ်ပါသည်။

## သောမနဿစသည် သတ်မှတ်ပုံ

၁။ နှစ်သက်ဝမ်းမြောက်ခြင်း၊ ၍ပြုံးခြင်းသည် သောမနဿစိတ် ဖြစ်ပါသည်။

၂။ နှစ်သက်ဝမ်းမြောက်ခြင်း၊ ၍ပြုံးခြင်း မရှိဘဲ လျစ်လျူရှုကာ တည်ကြည်သော ကိုယ်အမူအရာရှိခြင်းသည် ဥပေက္ခာစိတ် ဖြစ်ပါသည်။

၃။ အကုသိုလ်ဒုစရိုက်အမှုကို ပြုသော်လည်း အပြစ်မရှိဟု ယူဆလျှင် ဒိဋ္ဌိဂတသမ္မယုတ်စိတ် ဖြစ်ပါသည်။

၄။ အကုသိုလ်ဒုစရိုက်အမှုကို ပြုပါက အပြစ်ရှိ၏ဟု ယူဆလျှင် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ဖြစ်ပါသည်။

၅။ သူတစ်ပါး၏ တိုက်တွန်းမှု၊ မြှောက်ပင့်မှု၊ အကြံပေးမှု မရှိပါဘဲ မိမိကိုယ်တိုင် အားတက်သရော ပြုလုပ်လျှင် အသခ်ါရိကစိတ် ဖြစ်ပါသည်။

၆။ သူတစ်ပါး၏ တိုက်တွန်းမှု၊ မြှောက်ပင့်မှု၊ အကြံပေးမှုကြောင့် ပြုလုပ်လျှင် သသခ်ါရိကစိတ် ဖြစ်ပါသည်။

ယင်းခြောက်မျိုးကို အတိအကျသိထားရန် လိုအပ်ပါသည်။

## ဉာဏ်စမ်းမေးခွန်းနှင့် အဖြေများ

* သူတစ်ပါးပစ္စည်းကို ခိုးယူလျှင် အပြစ်မရှိ–ဟု ယူဆလျက် ဝမ်းမြောက်ဝမ်းသာ မည်သူမျှ မတိုက်တွန်းရဘဲ ခိုးယူသူ၏သန္တာန်၌ ဖြစ်သင့်သော အကုသိုလ်စိတ်ကို တိကျစွာ ဖော်ပြပါ။

သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္မယုတ် အသခ်ါရိကစိတ် ဖြစ်ပါသည်။

http://www.dhammadownload.com



* 'ရွှေကျီးသာ လာဘ်ရမည်'ဟု ယုံကြည်မျှော်ကိုးလျက် ဝမ်းမြောက်ဝမ်းသာ စိတ်အားထက်သန်နေသောသူ၏ သန္တာန်၌ ဖြစ်သင့်သောစိတ်ကို တိကျစွာ ဖော်ပြပါ။

သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် ဖြစ်ပါသည်။

* သူတစ်ပါးပစ္စည်းကို ခိုးယူလျှင် အပြစ်မရှိ–ဟု ယူဆလျက် ဝမ်းမြောက်စွာဖြင့် မိတ်ဆွေတစ်ဦး၏ မြှောက်ပေးမှုကြောင့် ခိုးယူသူ၏သန္တာန်၌ ဖြစ်သင့်သော အကုသိုလ်စိတ်ကို တိကျစွာ ဖော်ပြပါ။

သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ် ဖြစ်ပါသည်။

* သူတစ်ပါးပစ္စည်းကို ခိုးယူလျှင် အပြစ်ရှိမှန်း သိသော်လည်း မည်သူမျှ မတိုက်တွန်းရဘဲ ပျော်ရွှင်စွာပင် ခိုးယူသူ၏သန္တာန်၌ ဖြစ်သင့်သော အကုသိုလ်စိတ်ကို တိကျစွာ ဖော်ပြပါ။

သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ် ဖြစ်ပါသည်။

* သူတစ်ပါးပစ္စည်းကို ခိုးယူလျှင် အပြစ်ရှိမှန်းသိသော်လည်း အခက်အခဲကြောင့် ပျော်ရွှင်မှုမပါ သူတစ်ပါး တိုက်တွန်းသဖြင့် ခိုးယူသူ၏သန္တာန်၌ ဖြစ်သင့်သော အကုသိုလ်စိတ်ကို တိကျစွာ ဖော်ပြပါ။

ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ် ဖြစ်ပါသည်။

လောဘမူစိတ်(၈)ပါး ပြီး၏။

❑❑❑❑❑

http://www.dhammadownload.com



## ဒေါသမူစိတ် (၂)ပါး

၁။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်တစ်ခု။
၂။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ်တစ်ခု။

**မှတ်ချက်**။ ။ ယင်းစိတ်နှစ်ပါးကို ဒေါသနှင့် တကွဖြစ်သောကြောင့် 'ပဋိဃသမ္ပယုတ်စိတ်' ဟုလည်းကောင်း၊ ဒေါသမူလရှိသောကြောင့် 'ဒေါသမူစိတ်' ဟုလည်းကောင်း ခေါ်ကြသည်။

## ဉာဏ်စမ်းမေးခွန်းနှင့် အဖြေများ

* မည်သူမျှ မတိုက်တွန်းရဘဲ ရက်စက်ကြမ်းကြုတ်စွာ ကြက်တစ်ကောင်ကို သတ်သူ၏ သန္ဓာန်၌ ဖြစ်နိုင်သောစိတ်ကို တိကျစွာ ဖော်ပြပါ။

ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ် ဖြစ်ပါသည်။

* 'ဘယ်သူသေသေ ငတေမာလျှင် ပြီးရော' ဟု နှလုံးသွင်းလျက် သူတစ်ပါးအသက်ကို ထက်သန်စွာ သတ်သောသူ၏ သန္ဓာန်၌ ဖြစ်နိုင်သောစိတ်ကို တိကျစွာ ဖော်ပြပါ။

ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ် ဖြစ်ပါသည်။

* သူတစ်ပါး၏ စေခိုင်းချက်အရ မလွဲသာ၍ သူ့အသက်သတ်မှုကို ပြုနေရသူ၏ သန္ဓာန်၌ ဖြစ်နိုင်သောစိတ်ကို တိကျစွာ ဖော်ပြပါ။

ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ် ဖြစ်ပါသည်။

**အမှာ**– ဒေါသမူစိတ်၌ အသင်္ခါရိက၊ သသင်္ခါရိက နှစ်မျိုးသာကွဲပြားသောကြောင့် ဒေါသမူစိတ်ကို 'သင်္ခါရဘေဒစိတ်' ဟုခေါ်

http://www.dhammadownload.com



သည်။ စိတ်ဆိုးသောစိတ်၊ ငိုသောစိတ်မှာလည်း ဒေါသမူစိတ်ပင် ဖြစ်ပါသည်။

ဒေါသမူစိတ်(၂)ပါး ပြီး၏။

❑❑❑❑❑

## မောဟမူစိတ် (၂)ပါး

၁။ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ်တစ်ခု၊

၂။ ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ်တစ်ခု။

**အမှာ**– ယင်းစိတ်နှစ်ပါးကို မောဟမူလရှိသောကြောင့် 'မောဟမူစိတ်'ဟု ခေါ်ကြသည်။

**မှတ်ချက်**။ ။ မောဟမူစိတ်ကို ဝိစိကိစ္ဆာသမ္ပယုတ်၊ ဥဒ္ဓစ္စသမ္ပယုတ်ဟု သမ္ပယောဂအာဖြင့် နှစ်မျိုးကွဲပြား သောကြောင့် 'သမ္ပယောဂဘေဒစိတ်'ဟုခေါ်သည်။ အသင်္ခါရိက,သသင်္ခါရိကအာဖြင့် ကွဲပြားမှု မရှိသောကြောင့် 'သင်္ခါရဝိမုတ်စိတ်'ဟုလည်း ခေါ်သည်။ မောဟမူစိတ်ကို 'အလွန်တွေဝေသောစိတ်'ဟုလည်း ခေါ်သည်။

မောဟမူစိတ်(၂)ပါး ပြီး၏။

❑❑❑❑❑

### အကုသိုလ်စိတ်(၁၂)ပါးကို မူလဘေဒအားဖြင့်ခွဲပုံ

လောဘမူစိတ် = ၈ပါး၊
ဒေါသမူစိတ် = ၂ပါး၊
မောဟမူစိတ် = ၂ပါးတို့ ဖြစ်ပါသည်။

### အကုသိုလ်စိတ်(၁၂)ပါးကို ဝေဒနာဘေဒအားဖြင့်ခွဲပုံ

သောမနဿဝေဒနာ = ၄ပါး၊

http://www.dhammadownload.com



ဥပေက္ခာဝေဒနာ = ၆ပါး၊
ဒေါမနဿဝေဒနာ = ၂ပါးတို့ ဖြစ်ပါသည်။

**အကုသိုလ်စိတ်(၁၂)ပါးကို**
**သမ္မယောဂဘေဒအားဖြင့်ခွဲပုံ**

သမ္မယုတ်စိတ် = ၈ပါး၊
ဝိပ္ပယုတ်စိတ် = ၄ပါးတို့ ဖြစ်ပါသည်။

**အကုသိုလ်စိတ်(၁၂)ပါးကို သခ်ါရဘေဒအားဖြင့်ခွဲပုံ**

အသခ်ါရိကစိတ် = ၅ပါး၊
သသခ်ါရိကစိတ် = ၅ပါး၊
သခ်ါရဝိမုတ်စိတ် = ၂ပါးတို့ ဖြစ်ပါသည်။

**အကုသိုလ်စိတ်(၁၂)ပါးကို ဟေတုဘေဒအားဖြင့်ခွဲပုံ**

ဧကဟိတ်စိတ် = ၂ပါး၊
ဒွိဟိတ်စိတ် = ၁၀ပါးတို့ ဖြစ်ပါသည်။

အကုသိုလ်စိတ်(၁၂)ပါး ပြီး၏။

❑❑❑❑❑

**အဟိတ်စိတ် (၁၈)ပါး**

လောဘစသော ယှဉ်ဘက်ဟိတ် မရှိသောကြောင့် 'အဟိတ်စိတ်'ဟု ခေါ်ပါသည်။

**အဟိတ်စိတ်(၁၈)ပါး အကျဉ်းချုပ်ရေတွက်ပုံ**

အကုသလဝိပါက်စိတ် = ၇ပါး၊
အဟိတ်ကုသလဝိပါက်စိတ် = ၈ပါး၊
အဟိတ်ကြိယာစိတ် = ၃ပါးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## အကုသလဝိပါက်စိတ် ခေါ်ပုံ

အကုသိုလ်၏ အကျိုးဖြစ်သောစိတ်ကို 'အကုသလဝိပါက်စိတ်' ဟု ခေါ်ပါသည်။

## အကုသလဝိပါက်စိတ် (၇)ပါး

၁။ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်တစ်ခု၊
၂။ ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ်တစ်ခု၊
၃။ ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ်တစ်ခု၊
၄။ ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဏ်စိတ်တစ်ခု၊
၅။ ဒုက္ခသဟဂုတ် ကာယဝိညာဏ်တစ်ခု၊
၆။ ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိန်းစိတ်တစ်ခု၊
၇။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်တစ်ခုတို့ ဖြစ်ပါသည်။

## အကုသလဝိပါက် (၇)ပါးကို ဝေဒနာဘေဒအားဖြင့် ခွဲပုံ

ဥပေက္ခာဝေဒနာ = ၆ပါး၊
ဒုက္ခဝေဒနာ = ၁ပါးတို့ ဖြစ်ပါသည်။

အကုသလဝိပါက်စိတ်(၇)ပါး ပြီး၏။

❑❑❑❑❑

## အဟိတ်ကုသလဝိပါက်စိတ် ခေါ်ပုံ

ကုသိုလ်၏ အကျိုးဖြစ်၍ ယှဉ်ဘက်ဟိတ် မရှိသောစိတ်ကို 'အဟိတ်ကုသလဝိပါက်စိတ်'ဟု ခေါ်ပါသည်။

## အဟိတ်ကုသလဝိပါက်စိတ် (၈)ပါး

၁။ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်တစ်ခု၊

http://www.dhammadownload.com



၂။ ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ်တစ်ခု၊
၃။ ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ်တစ်ခု၊
၄။ ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဏ်စိတ်တစ်ခု၊
၅။ သုခသဟဂုတ် ကာယဝိညာဏ်စိတ်တစ်ခု၊
၆။ ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိန်းစိတ်တစ်ခု၊
၇။ သောမနဿသဟဂုတ် သန္တီရဏစိတ်တစ်ခု၊
၈။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်တစ်ခုတို့ ဖြစ်ပါသည်။

## အဟိတ်ကုသလဝိပါက်စိတ်(၈)ပါးကို ဝေဒနာအားဖြင့်ခွဲပုံ

ဥပေက္ခာဝေဒနာ = ၆ပါး၊
သုခဝေဒနာ = ၁ပါး၊
သောမနဿဝေဒနာ = ၁ပါး၊
ပေါင်း(၈)ပါးတို့ ဖြစ်ပါသည်။

## ဒွေးပဋ္ဌဝိညာဏ်တစ်ဆယ် ဟူသည်

စက္ခုဝိညာဏ်ဒွေး၊ သောတဝိညာဏ်ဒွေး၊ ဃာနဝိညာဏ်ဒွေး၊ ဇိဝှါဝိညာဏ်ဒွေး၊ ကာယဝိညာဏ်ဒွေးတို့ပင် ဖြစ်ပါသည်။

* လူတစ်ယောက်၏သန္တာန်၌ မျက်စိနှစ်လုံး ရှိသောကြောင့် စက္ခုဝိညာဏ်ဒွေးဟု ခေါ်ပါသလော? အဘယ်ကို စက္ခုဝိညာဏ်ဒွေးဟု ခေါ်ပါသနည်း ဖြေဆိုပါ။

လူတစ်ယောက်၏သန္တာန်၌ မျက်စိနှစ်လုံးရှိသောကြောင့် စက္ခုဝိညာဏ်ဒွေးဟု ခေါ်သည်မဟုတ်။ အကုသလဝိပါက် စက္ခုဝိညာဏ်၊ အဟိတ်ကုသလဝိပါက် စက္ခုဝိညာဏ်အားဖြင့် စက္ခုဝိညာဏ် နှစ်မျိုး ရှိသောကြောင့် 'စက္ခုဝိညာဏ်ဒွေး'ဟု ခေါ်ပါသည်။

http://www.dhammadownload.com



* လူတစ်ယောက်၏သန္တာန်၌ လျှာတစ်ခုသာ ရှိပါလျက် အဘယ်ကို 'ဇိဝှါဝိညာဏ်ဒွေး'ဟု ခေါ်ပါသနည်း? ဖြေဆိုပါ။

အကုသလဝိပါက် ဇိဝှါဝိညာဏ်၊ အဟိတ်ကုသလဝိပါက် ဇိဝှါဝိညာဏ်အားဖြင့် ဇိဝှါဝိညာဏ်နှစ်မျိုးရှိသောကြောင့် လျှာတစ်ခုသာ ရှိသော်လည်း 'ဇိဝှါဝိညာဏ်ဒွေး'ဟု ခေါ်ရပါသည်။

## အဟိတ်ကြိယာစိတ် (၃)ပါး

၁။ ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ်တစ်ခု၊
၂။ ဥပေက္ခာသဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ်တစ်ခု၊
၃။ သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ်တစ်ခု။

## အဟိတ်ကြိယာစိတ် (၃)ပါးကို ဝေဒနာဘေဒအားဖြင့် ခွဲပုံ

ဥပေက္ခာဝေဒနာ = ၂ပါး၊
သောမနဿဝေဒနာ = ၁ပါးတို့ ဖြစ်ပါသည်။

## အာဝဇ္ဇန်းဒွေး ဟူသည်

ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် မနောဒွါရာဝဇ္ဇန်းစိတ်ကို ခေါ်ပါသည်။ ပုထုဇဉ်များ၏သန္တာန်၌ ရနိုင်သော ကြိယာစိတ်မှာလည်း အာဝဇ္ဇန်းဒွေးပင် ဖြစ်ပါသည်။

**[ဆောင်]** ပုထုဇဉ်မှန်း၊ အာဝဇ္ဇန်း၊ ရလမ်းရှိသည်သာ။

* ဆင်ပြောင်ကြီး မဟာဂဇနှင့်တူသောစိတ်, သဗ္ဗညုတဉာဏ်တော်နှင့် အလားတူသောစိတ်မှာ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်သည်။

## မနသိကာရ(၃)မျိုးနှင့် အရ

၁။ ဝီထိပဋိပါဒကမနသိကာရ = ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊

http://www.dhammadownload.com



၂။ ဇဝနပဋိပါဒကမနသိကာရ = မနောဒ္ဒါရာဝဇ္ဇန်းစိတ်၊
၃။ အာရမ္မဏပဋိပါဒကမနသိကာရ= မနသိကာရစေတသိက်။
**အမှာ**– အထက်ပါအခွဲကို ရှု၍ 'မနသိကာရ'အမည်ရသော စိတ်ဟူသည် အာဝဇ္ဇန်းဒွေးပင်ဖြစ်ကြောင်း သိပါ။

## အဟိတ်စိတ်(၁၈)ပါးကို ဇာတိဘေဒအားဖြင့်ခွဲပုံ

ဝိပါက်စိတ် = ၁၅ပါး၊
ကြိယာစိတ် = ၃ပါးတို့ ဖြစ်ပါသည်။

## အဟိတ်စိတ်(၁၈)ပါးကို ဝေဒနာဘေဒအားဖြင့် ခွဲပုံ

သုခဝေဒနာ = ၁ပါး၊
ဒုက္ခဝေဒနာ = ၁ပါး၊
သောမနဿဝေဒနာ = ၂ပါး၊
ဥပေက္ခာဝေဒနာ = ၁၄ပါးတို့ ဖြစ်ပါသည်။

**မှတ်ချက်**။ ။ အဟိတ်စိတ်(၁၈)ပါးလုံး၌ အသခ်ါရိက, သသခ်ါရိက မရှိသောကြောင့် 'သခ်ါရဝိမုတ်စိတ်'ဟု လည်းကောင်း၊ သမ္မယုတ်, ဝိပ္ပယုတ် မရှိသောကြောင့် 'သမ္မယောဂဝိမုတ်စိတ်'ဟုလည်းကောင်း ခေါ်ကြသည်။

## အဟိတ်စိတ်(၁၈)ပါးကို သဘောတူရာ ရေတွက်လျှင်

ဒွေးပဉ္စဝိညာဏ် = ၁၀ပါး၊
သမ္ပဋိစ္ဆိန်းစိတ် = ၂ပါး၊
သန္တီရဏစိတ် = ၃ပါး၊
အာဝဇ္ဇန်းစိတ် = ၂ပါး၊

http://www.dhammadownload.com



ဟသိတုပ္ပါဒ်စိတ် = ၁ပါးတို့ ဖြစ်ပါသည်။

အဟိတ်စိတ်(၁၈)ပါး ပြီး၏။

❑❑❑❑❑

## အသောဘနစိတ် ခေါ်ပုံနှင့် အရ

မတင့်တယ်သောစိတ်ကို 'အသောဘနစိတ်'ဟု ခေါ်ပါသည်။ အသောဘနစိတ်ဟူသည် အကုသိုလ်စိတ် (၁၂)ပါး၊ အဟိတ်စိတ် (၁၈)ပါး၊ ပေါင်း(၃၀)ပါးပင် ဖြစ်ပါသည်။

### အသောဘနစိတ်(၃၀)ပါးကို ဇာတိဘေဒအားဖြင့်ခွဲပုံ

အကုသိုလ်စိတ် = ၁၂ပါး၊
ဝိပါက်စိတ် = ၁၅ပါး၊
ကြိယာစိတ် = ၃ပါးတို့ ဖြစ်ပါသည်။

### အသောဘနစိတ်(၃၀)ပါးကို ဝေဒနာဘေဒအားဖြင့်ခွဲပုံ

သုခဝေဒနာ = ၁၀ပါး၊
ဒုက္ခဝေဒနာ = ၁၀ပါး၊
သောမနဿဝေဒနာ = ၆ပါး၊
ဒေါမနဿဝေဒနာ = ၂ပါး၊
ဥပေက္ခာဝေဒနာ = ၂၀ပါးတို့ ဖြစ်ပါသည်။

### အသောဘနစိတ် (၃၀)ပါးကို သမ္မယောဂဘေဒအားဖြင့် ခွဲပုံ

သမ္မယုတ်စိတ် = ၈ပါး၊
ဝိပ္ပယုတ်စိတ် = ၄ပါး၊
သမ္မယောဂဝိမုတ်စိတ် = ၁၈ပါးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## အသောဘာနစိတ် (၃၀)ပါးကို သခ်ါရဘေဒအားဖြင့် ခွဲပုံ

အသခ်ါရိကစိတ် = ၅ပါး၊
သသခ်ါရိကစိတ် = ၅ပါး၊
သခ်ါရဝိမုတ်စိတ် = ၂၀ပါးတို့ ဖြစ်ပါသည်။

**မှတ်ချက်။** ။ အသောဘာနစိတ် (၃၀)ပါးတို့တွင် မောဟမူစိတ် (၂)ပါး၊ အဟိတ်စိတ်(၁၈)ပါးတို့သည် သခ်ါရဝိမုတ်စိတ်များ ဖြစ်ပါသည်။

## အသောဘာနစိတ်(၃၀)ပါးကို ဟိတ်အားဖြင့်ခွဲပုံ

အဟိတ်စိတ် = ၁၈ပါး၊
သဟိတ်စိတ် = ၁၂ပါးတို့ ဖြစ်ပါသည်။

## (တစ်နည်း) ဟိတ်အားဖြင့်ခွဲပုံ

အဟိတ်စိတ် = ၁၈ပါး၊
ဧကဟိတ်စိတ် = ၂ပါး၊
ဒွိဟိတ်စိတ် = ၁၀ပါးတို့ ဖြစ်ပါသည်။

အသောဘာနစိတ်(၃၀)ပါး ပြီး၏။

❑❑❑❑❑

## သောဘာနစိတ် ခေါ်ပုံ

တင့်တယ်သောစိတ်ကို 'သောဘာနစိတ်'ဟု ခေါ်ပါသည်။

## သောဘာနစိတ်အကျဉ်း (၅၉)ပါး

ကာမာဝစရသောဘာနစိတ် = ၂၄ပါး၊
ရူပါဝစရစိတ် = ၁၅ပါး၊

http://www.dhammadownload.com



အရူပါဝစရစိတ် = ၁၂ပါး၊
လောကုတ္တရာစိတ်အကျဉ်း = ၈ပါးတို့ ဖြစ်ပါသည်။

## သောဘနစိတ်အကျယ် (၉၁)ပါး

ကာမာဝစရသောဘနစိတ် = ၂၄ပါး၊
ရူပါဝစရစိတ် = ၁၅ပါး၊
အရူပါဝစရစိတ် = ၁၂ပါး၊
လောကုတ္တရာစိတ်အကျယ် = ၄၀ပါးတို့ ဖြစ်ပါသည်။

## ကာမာဝစရသောဘနစိတ် (၂၄)ပါး

မဟာကုသိုလ်စိတ် = ၈ပါး၊
မဟာဝိပါက်စိတ် = ၈ပါး၊
မဟာကြိယာစိတ် = ၈ပါးတို့ ဖြစ်ပါသည်။

## မဟာကုသိုလ်စိတ် (၈)ပါး

၁။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်တစ်ခု၊
၂။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်တစ်ခု၊
၃။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်တစ်ခု၊
၄။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်တစ်ခု၊
၅။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်တစ်ခု၊
၆။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်တစ်ခု၊
၇။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်တစ်ခု၊
၈။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်တစ်ခု။

## မဟာကုသိုလ်စိတ်(၈)ပါးကို
## ဝေဒနာဘေဒအားဖြင့် ခွဲပုံ

သောမနဿဝေဒနာ = ၄ပါး၊
ဥပေက္ခာဝေဒနာ = ၄ပါးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## မဟာကုသိုလ်စိတ် (၈)ပါးကို သမ္မယောဂဘေဒအားဖြင့် ခွဲပုံ

ဉာဏသမ္မယုတ်စိတ် = ၄ပါး၊
ဉာဏဝိပ္ပယုတ်စိတ် = ၄ပါးတို့ ဖြစ်ပါသည်။

## မဟာကုသိုလ်စိတ် (၈)ပါးကို သခ်ါရဘေဒအားဖြင့်ခွဲပုံ

အသခ်ါရိကစိတ် = ၄ပါး၊
သသခ်ါရိကစိတ် = ၄ပါးတို့ ဖြစ်ပါသည်။

## မဟာကုသိုလ်စိတ်(၈)ပါးကို ဟိတ်အားဖြင့်ခွဲပုံ

ဒွိဟိတ်စိတ် = ၄ပါး၊
တိဟိတ်စိတ် = ၄ပါးတို့ ဖြစ်ပါသည်။

## သောမနဿသည် သတ်မှတ်ပုံ

၁။ ကုသိုလ်ကောင်းမှု ပြုလုပ်ရာ၌ နှစ်သက်ဝမ်းမြောက်ခြင်း, ရွှင်ပြုံးခြင်းသည် သောမနဿစိတ် ဖြစ်ပါသည်။

၂။ နှစ်သက်ဝမ်းမြောက်ခြင်း၊ ရွှင်ပြုံးခြင်း မရှိဘဲ လျစ်လျူရှုကာ တည်ကြည်သော ကိုယ်အမူအရာရှိခြင်းသည် ဥပေက္ခာစိတ် ဖြစ်ပါသည်။

၃။ ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်းသည် အမှန်တကယ် အကျိုးရှိ၏ ဟု ကံ,ကံ၏အကျိုးကို ယုံကြည်၍ ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်းသည် ဉာဏသမ္မယုတ် ကုသိုလ်စိတ် ဖြစ်ပါသည်။

၄။ မိဘဆွေမျိုးများ၏ အပြုအမူကို အတုယူကာ ကုသိုလ်အမှု ပြုလုပ်နေသော ကလေးများ၏ ကုသိုလ်စိတ်နှင့် ကံ,ကံ၏အကျိုးကို မယုံကြည်ဘဲ မိရိုးဖလာ ထုံးတမ်းစဉ်လာအရပြုလုပ်သော

http://www.dhammadownload.com



ကုသိုလ်များသည် ဉာဏဝိပ္ပယုတ် ကုသိုလ်စိတ် ဖြစ်ပါသည်။

၅။ သူတစ်ပါးမတိုက်တွန်းရဘဲ မိမိကိုယ်တိုင် အားတက်သရော ပြုလုပ်သောကုသိုလ်သည် အသခ်ါရိကကုသိုလ်စိတ် ဖြစ်ပါသည်။

၆။ သူတစ်ပါး တိုက်တွန်းအားပေးမှုကြောင့် ပြုလုပ်သော ကုသိုလ်သည် သသခ်ါရိက ကုသိုလ်စိတ် ဖြစ်ပါသည်။

**မှတ်ချက်**။ ။ မဟာဝိပါက်စိတ်နှင့် မဟာကြိယာစိတ်တို့၏ သရုပ်, ဝေဒနာ, သခ်ါရစသည်ခွဲပုံကို မဟာကုသိုလ်စိတ်ကို မှီ၍ သိပါလေ။ အတူတူပင် ဖြစ်သည်။

## ဉာဏ်စမ်းမေးခွန်းနှင့် အဖြေများ

* လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်အား ဘက်စုံပြုပြင်၍ ထာဝရကုသိုလ် ရယူရာ၌ ပျော်ပျော်ရွှင်ရွှင် အသိဉာဏ်ဝင်ကာ မည်သူမျှ မတိုက်တွန်းရဘဲ ကိုယ်တိုင်ကိုယ်ကျ ပါဝင်လှူဒါန်းကြသူတို့၏ သန္တာန်၌ ဖြစ်သင့်သောကုသိုလ်စိတ်ကို တိကျစွာ ဖော်ပြပါ။

သောမနဿသဟဂုတ် ဉာဏသမ္မယုတ် အသခ်ါရိက ကုသိုလ်စိတ် ဖြစ်ပါသည်။

* ပျော်ရွှင်မှုမပါသော်လည်း အသိဉာဏ်နှင့်ယှဉ်ကာ မည်သူမျှ မတိုက်တွန်းရဘဲ ကိုယ်တိုင်ကိုယ်ကျ ဘုရားခြေရင်းတွင် တံမြက်လှဲကုသိုလ်မြတ် ရယူနေသူ၏သန္တာန်၌ ဖြစ်သင့်သော ကုသိုလ်စိတ်ကို တိကျစွာ ဖော်ပြပါ။

ဥပေက္ခာသဟဂုတ် ဉာဏသမ္မယုတ် အသခ်ါရိက ကုသိုလ်စိတ် ဖြစ်ပါသည်။

* သူတစ်ပါး၏ တိုက်တွန်းမှုကြောင့် ပျော်ပျော်ရွှင်ရွှင် အသိဉာဏ်ဝင်ကာ ဘုရားခြေရင်းတွင် တံမြက်လှဲကုသိုလ် ရယူနေသူ၏

http://www.dhammadownload.com



သန္တာန်၌ ဖြစ်သင့်သော ကုသိုလ်စိတ်ကို တိကျစွာ ဖော်ပြပါ။

သောမနဿသဟဂုတ် ဉာဏသမ္မယုတ် သသခ်ါရိကကုသိုလ် စိတ် ဖြစ်ပါသည်။

* 'အတုမြင် အတတ်သင်'သဘောဖြင့် မိဘများ ဘုရားရှိခိုး နေသည်ကို အတုလိုက်၍ ပျော်ရွှင်ကြည်နူးစွာ ဘုရားရှိခိုးနေသော ကလေးငယ်၏ သန္တာန်၌ ဖြစ်သင့်သော ကုသိုလ်စိတ်ကို တိကျစွာ ဖော်ပြပါ။

သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသခ်ါရိက ကုသိုလ် စိတ် ဖြစ်ပါသည်။

* သံဃာတော်များ ကြွလာသည်ကို ဖူးမြင်ရသော မိခင်က 'သားသားလေး ဦးတော် ဦးတော်'ဟု ပြောဆိုတိုက်တွန်းမှုကြောင့် ပျော်ရွှင်စွာ ရှိခိုးနေသော ကလေးငယ်၏သန္တာန်၌ ဖြစ်သင့်သော ကုသိုလ်စိတ်ကို တိကျစွာ ဖော်ပြပါ။

သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသခ်ါရိက ကုသိုလ် စိတ် ဖြစ်ပါသည်။

**ကာမာဝစရသောဘနစိတ်(၂၄)ပါးကို**
**ဝေဒနာဘေဒအားဖြင့် ခွဲပုံ**

သောမနဿဝေဒနာ = ၁၂ပါး၊
ဥပေက္ခာဝေဒနာ = ၁၂ပါးတို့ ဖြစ်ပါသည်။

**ကာမာဝစရသောဘနစိတ်(၂၄)ပါးကို**
**သမ္မယောဂဘေဒအားဖြင့် ခွဲပုံ**

ဉာဏသမ္မယုတ်စိတ် = ၁၂ပါး၊
ဉာဏဝိပ္ပယုတ်စိတ် = ၁၂ပါးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## ကာမာဝစရသောဘနစိတ်(၂၄)ပါးကို သခ်ါရဘေဒအားဖြင့် ခွဲပုံ

အသခ်ါရိကစိတ် = ၁၂ပါး၊
သသခ်ါရိကစိတ် = ၁၂ပါးတို့ ဖြစ်ပါသည်။

## ကာမာဝစရသောဘနစိတ်(၂၄)ပါးကို ဟိတ်အားဖြင့် ခွဲပုံ

ဒွိဟိတ်စိတ် = ၁၂ပါး၊
တိဟိတ်စိတ် = ၁၂ပါးတို့ ဖြစ်ပါသည်။

## ကာမာဝစရသောဘနစိတ် (၂၄)ပါး ပြားရခြင်း အကြောင်း

ကာမာဝစရကုသိုလ်၊ သဟိတ်ကာမာဝစရ ဝိပါက်၊ သဟိတ် ကာမာဝစရ ကြိယာစိတ်တို့သည် ဝေဒနာအပြား၊ ဉာဏ်အပြား၊ သခ်ါရအပြားအားဖြင့် ကွဲပြားသောကြောင့် ကာမာဝစရသောဘန စိတ်(၂၄)ပါး ပြားရပါသည်။

**သာဓက**– ဝေဒနာဉာဏသခ်ါရ-ဘေဒေန စတုဝီသတိ။
သဟေတု ကာမာဝစရ-ပုညပါကကြိယာ မတာ။

## ကာမာဝစရစိတ် (၅၄)ပါး

အကုသိုလ်စိတ် = ၁၂ပါး၊
အဟိတ်စိတ် = ၁၈ပါး၊
ကာမာဝစရသောဘနစိတ် = ၂၄ပါးတို့ ဖြစ်ပါသည်။

**မှတ်ချက်**။ ။ ကာမာဝစရစိတ်၊ ရူပါဝစရစိတ်၊ အရူပါဝစရစိတ်တို့၌ **အဝစရပုဒ်**ကို ဖြုတ်ပယ်၍ ကာမစိတ်၊ ရူပစိတ်၊ အရူပစိတ်ဟု ခေါ်ကြသည်။

http://www.dhammadownload.com



**ကာမစိတ်(၅၄)ပါးကို ဝေဒနာဘေဒအားဖြင့်ခွဲပုံ**

သုခဝေဒနာ = ၁၀ပါး၊
ဒုက္ခဝေဒနာ = ၁၀ပါး၊
သောမနဿဝေဒနာ = ၁၈ပါး၊
ဒေါမနဿဝေဒနာ = ၂ပါး၊
ဥပေက္ခာဝေဒနာ = ၁၂ပါးတို့ ဖြစ်ပါသည်။

**ကာမစိတ်(၅၄)ပါးကို သမ္မယောဂဘေဒအားဖြင့်ခွဲပုံ**

သမ္မယုတ်စိတ် = ၂၀ပါး၊
ဝိပ္ပယုတ်စိတ် = ၁၆ပါး၊
သမ္မယောဂဝိမုတ်စိတ် = ၁၈ပါးတို့ ဖြစ်ပါသည်။

**ကာမစိတ်(၅၄)ပါးကို သခ်ါရဘေဒအားဖြင့်ခွဲပုံ**

အသခ်ါရိကစိတ် = ၁၇ပါး၊
သသခ်ါရိကစိတ် = ၁၇ပါး၊
သခ်ါရဝိမုတ်စိတ် = ၂၀ပါးတို့ ဖြစ်ပါသည်။

**ကာမစိတ်(၅၄)ပါးကို ဟိတ်အားဖြင့်ခွဲပုံ**

အဟိတ်စိတ် = ၁၈ပါး၊
ဧကဟိတ်စိတ် = ၂ပါး၊
ဒွိဟ်တ်စိတ် = ၂၂ပါး၊
တိဟိတ်စိတ် = ၁၂ပါးတို့ ဖြစ်ပါသည်။

**(တစ်နည်း) ဟိတ်အားဖြင့် ခွဲပုံ**

အဟိတ်စိတ် = ၁၈ပါး၊
သဟိတ်စိတ် = ၃၆ပါးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## ကာမစိတ်(၅၄)ပါးကို ဓာတ်အားဖြင့်ခွဲပုံ

အကုသိုလ်စိတ် = ၁၂ပါး၊
ကုသိုလ်စိတ် = ၈ပါး၊
ဝိပါက်စိတ် = ၂၃ပါး၊
ကြိယာစိတ် = ၁၁ပါးတို့ ဖြစ်ပါသည်။

## အကြောင်းစိတ်, အကျိုးစိတ် ကြောင်းကျိုးလွတ်စိတ် ခွဲပုံ

၁။ အကြောင်းစိတ် – အကုသိုလ်စိတ်နှင့် ကုသိုလ်စိတ် ဖြစ်ပါသည်။
၂။ အကျိုးစိတ် – ဝိပါက်စိတ် ဖြစ်ပါသည်။
၃။ ကြောင်း,ကျိုးလွတ်စိတ် – ကြိယာစိတ် ဖြစ်ပါသည်။

## ကာမစိတ်(၅၄)ပါးကို အကြောင်း,အကျိုး ကြောင်းကျိုးလွတ် ခွဲပုံ

၁။ အကုသိုလ်စိတ်(၁၂)ပါးနှင့် မဟာကုသိုလ်စိတ်(၈)ပါးတို့သည် အကြောင်း စိတ် ဖြစ်ပါသည်။
၂။ ဝိပါက်စိတ်(၂၃)ပါးတို့သည် အကျိုးစိတ် ဖြစ်ပါသည်။
၃။ ကြိယာစိတ်(၁၁)ပါးတို့သည် ကြောင်းကျိုးလွတ်စိတ် ဖြစ်ပါသည်။

## 'ကာမေ တေဝိသ ပါကာနိ'အရ

အကုသလဝိပါက်စိတ် = ၇ပါး၊
အဟိတ်ကုသလဝိပါက်စိတ် = ၈ပါး၊
မဟာဝိပါက်စိတ် = ၈ပါးတို့ ဖြစ်ပါသည်။

## 'ပုညာပုညာနိ ဝီသတိ'အရ

အကုသိုလ်စိတ် = ၁၂ပါး၊
မဟာကုသိုလ်စိတ် = ၈ပါးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## 'ဧကာဒသ ကြိယာ စေတိ'အရ

အဟိတ်ကြိယာစိတ် = ၃ပါး၊
မဟာကြိယာစိတ် = ၈ပါးတို့ ဖြစ်ပါသည်။

ကာမစိတ်(၅၄)ပါး ပြီး၏။

❑❑❑❑❑

## ရူပါဝစရစိတ် (၁၅)ပါး

ရူပကုသိုလ်စိတ် = ၅ပါး၊
ရူပဝိပါက်စိတ် = ၅ပါး၊
ရူပကြိယာစိတ် = ၅ပါးတို့ ဖြစ်ပါသည်။

### ရူပကုသိုလ်စိတ်(၅)ပါး

၁။ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ စျာန်အင်္ဂါငါးပါးနှင့် တကွဖြစ်သော ပဌမစျာန်ကုသိုလ်စိတ်တစ်ခု၊

၂။ ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ စျာန်အင်္ဂါလေးပါးနှင့် တကွဖြစ်သော ဒုတိယစျာန်ကုသိုလ်စိတ်တစ်ခု၊

၃။ ပီတိ, သုခ, ဧကဂ္ဂတာ စျာန်အင်္ဂါသုံးပါးနှင့် တကွဖြစ်သော တတိယစျာန်ကုသိုလ်စိတ်တစ်ခု၊

၄။ သုခ, ဧကဂ္ဂတာ စျာန်အင်္ဂါနှစ်ပါးနှင့် တကွဖြစ်သော စတုတ္ထ စျာန်ကုသိုလ်စိတ်တစ်ခု၊

၅။ ဥပေက္ခာ, ဧကဂ္ဂတာ စျာန်အင်္ဂါနှစ်ပါးနှင့် တကွဖြစ်သော ပဉ္စမ စျာန်ကုသိုလ်စိတ်တစ်ခုတို့ ဖြစ်ပါသည်။

**အမှာ**– ကုသိုလ်နေရာ၌ ဝိပါက်နှင့် ကြိယာထည့်၍ ရူပါဝစရ စိတ်(၁၅)ပါးကုန်အောင် ရေတွက်ပါ။

http://www.dhammadownload.com



## ပါဠိကြည့်၍ ဝေဒနာ မှတ်နည်း

ရှေ့ဈာန်စိတ်လေးပါး၌ 'သုခေကဂ္ဂတာသတိတံ'ဟု ဆိုသောကြောင့် ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ကို သောမနဿ(သုခ)ဝေဒနာဟု မှတ်သား၍ ပဉ္စမဈာန်စိတ်၌ 'ဥပေက္ခကဂ္ဂတာသတိတံ'ဟုဆိုသောကြောင့် ပဉ္စမဈာန်ကို ဥပေက္ခာဝေဒနာဟု မှတ်သားရမည်။

## ရူပကုသိုလ်စိတ် (၅)ပါးကို ဝေဒနာအားဖြင့် ခွဲပုံ

သောမနဿ(သုခ)ဝေဒနာ = ၄ပါး၊
ဥပေက္ခာဝေဒနာ = ၁ပါးတို့ ဖြစ်ပါသည်။

**မှတ်ချက်။** ။ ရူပစိတ်(၁၅)ပါးကို ဈာနဘေဒစိတ်၊ အင်္ဂါတိက္ကမ ဈာန်စိတ်ဟုလည်း ခေါ်ကြသည်။

## ရူပါဝစရစိတ်(၁၅)ပါးကို ဈာနဘေဒအားဖြင့်ခွဲပုံ

ပထမဈာန်စိတ် = ၃ပါး၊
ဒုတိယဈာန်စိတ် = ၃ပါး၊
တတိယဈာန်စိတ် = ၃ပါး၊
စတုတ္ထဈာန်စိတ် = ၃ပါး၊
ပဉ္စမဈာန်စိတ် = ၃ပါးတို့ ဖြစ်ပါသည်။

## ရူပစိတ်(၁၅)ပါးကို ဝေဒနာအားဖြင့်ခွဲပုံ

သောမနဿဝေဒနာ = ၁၂ပါး၊
ဥပေက္ခာဝေဒနာ = ၃ပါးတို့ ဖြစ်ပါသည်။

## ရူပစိတ်(၅)ပါးနှင့် (၁၅)ပါး ပြားရပုံ

ဈာန်အင်္ဂါ(၅)ပါးယှဉ်သော ပထမဈာန်စိတ်၊

http://www.dhammadownload.com



ဈာန်အင်္ဂါ(၄)ပါးယှဉ်သော ဒုတိယဈာန်စိတ်၊
ဈာန်အင်္ဂါ(၃)ပါးယှဉ်သော တတိယဈာန်စိတ်၊
ဈာန်အင်္ဂါ(၂)ပါးယှဉ်သော စတုတ္ထဈာန်စိတ်၊
ဈာန်အင်္ဂါ(၂)ပါးယှဉ်သော ပဉ္စမဈာန်စိတ်၊

ဤသို့ ဈာန်အင်္ဂါတို့နှင့် ယှဉ်ပုံငါးမျိုး ပြားသောကြောင့် ရူပစိတ်(၅)ပါး ပြားရပါသည်။

တစ်ဖန် ကုသိုလ်, ဝိပါက်, ကြိယာအားဖြင့် (၃)မျိုး ကွဲပြားပြန်သောကြောင့် ရူပစိတ်(၁၅)ပါး ပြားရပါသည်။

**သာဓက**– ပဉ္စမ ဈာနဘေဒေန၊ ရူပါဝစရမာနသံ၊
ပုညပါကကြိယာ ဘေဒါ၊ တံ ပဉ္စဒသဓာ ဘဝေ။

## ဈာန်, ဈာန်အင်္ဂါ, ဈာန်စိတ် ခွဲပုံ

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါတို့၏ အပေါင်းကို 'ဈာန်'ဟု ခေါ်ပါသည်။

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတို့တွင် တစ်ပါးတစ်ပါးကို 'ဈာန်အင်္ဂါ'ဟု ခေါ်ပါသည်။

ထိုဝိတက်စသောဈာန်တို့နှင့် ယှဉ်သောစိတ်ကို 'ဈာန်စိတ်'ဟု ခေါ်ပါသည်။

**မှတ်ချက်**။ ။ ဈာန်၊ ဈာန်အင်္ဂါဟူသော အမည်များသည် စိတ်၏ အမည် မဟုတ်ပါ။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော စေတသိက်တို့၏အမည် ဖြစ်ပါသည်။

## အဘိညာဉ်ဒွေး

ရူပါဝစရကုသိုလ် ပဉ္စမဈာန်နှင့် ရူပါဝစရကြိယာပဉ္စမဈာန်နှစ်ပါး ကို 'အဘိညာဉ်ဒွေး'ဟု ခေါ်ပါသည်။ 'လျှော့လျှင်လည်း

http://www.dhammadownload.com



မလျော့၊ တိုးလျှင်လည်း မတိုးသောစိတ်'ဟုလည်း ခေါ်ကြသည်။

## ရူပါဝစရကုသိုလ်စိတ်ကို စုတုက္ကနည်းအားဖြင့် ပါဠိရေးပုံ

ဝိတက္ကဝိစာရပီတိသုခေကဂ္ဂတာသဟိတံ ပဌမဈာနကုသလ စိတ္တံ။

ပီတိသုခေကဂ္ဂတာသဟိတံ ဒုတိယဈာနကုသလစိတ္တံ။

သုခေကဂ္ဂတာသဟိတံ တတိယဈာနကုသလစိတ္တံ။

ဥပေက္ခေကဂ္ဂတာသဟိတံ စတုတ္ထဈာနကုသလစိတ္တဥ္စေတိ။

ဣမာနိ စတ္တာရိပိ ရူပါဝစရကုသလစိတ္တာနိ နာမ။

ရူပါဝစရစိတ်(၁၅)ပါး ပြီး၏။

❑❑❑❑❑

## အရူပါဝစရစိတ် (၁၂)ပါး

အရူပကုသိုလ်စိတ် = ၄ပါး၊

အရူပဝိပါက်စိတ် = ၄ပါး၊

အရူပကြိယာစိတ် = ၄ပါးတို့ ဖြစ်ပါသည်။

**မှတ်ချက်**။ ။ အရူပစိတ်(၁၂)ပါးကို အာရမ္မဏာဘေဒစိတ်၊ အာရမ္မ-ဏာတိက္ကမစိတ်ဟုလည်း ခေါ်ကြသည်။

## အရူပကုသိုလ်စိတ် (၄)ပါး

အာကာသာနဉ္စာယတနကုသိုလ်စိတ် = ၁ပါး၊

ဝိညာနဉ္စာယတနကုသိုလ်စိတ် = ၁ပါး၊

အာကိဉ္စညာယတနကုသိုလ်စိတ် = ၁ပါး၊

http://www.dhammadownload.com



နေဝသညာနာသညာယတနကုသိုလ်စိတ်= ၁ပါး။

**အမှာ**– ကုသိုလ်နေရာ၌ ဝိပါက်နှင့် ကြိယာထည့်၍ အရှုပစိတ် (၁၂)ပါးကုန်အောင် ရေတွက်ပါ။

## အရှုပစိတ်(၄)ပါးနှင့်(၁၂)ပါး ပြားရခြင်းအကြောင်း

ကောင်းကင်ပညတ်စသောအားဖြင့် အာရုံလေးမျိုး ပြားသောကြောင့် အရှုပစိတ်(၄)ပါး ပြားရပါသည်။

တစ်ဖန် ကုသိုလ်, ဝိပါက်, ကြိယာအားဖြင့် သုံးမျိုး ကွဲပြားပြန်သောကြောင့် အရှုပစိတ်(၁၂)ပါး ပြားရပါသည်။

**သာဓက**– အာလမ္ဗဏပ္ပဘေဒေန၊ (ပ) ပုန ဒွါဒသဓာ ဌိတံ။

## အရှုပစိတ်လေးပါးနှင့် အာရုံလေးမျိုး တွဲစပ်ပုံ

| စိတ် | အာရုံ |
|---|---|
| အာကာသာနဉ္စာယတနစိတ် | ကောင်းကင်ပညတ် |
| ဝိညာနဉ္စာယတနစိတ် | ပထမာရုပ္ပဝိညာဏ် |
| အာကိဉ္စညာယတနစိတ် | နတ္ထိဘောပညတ် |
| နေဝသညာနာသညာယတနစိတ် | တတိယာရုပ္ပဝိညာဏ် |

[**ဆောင်**] ကောင်းကင်ခေါ်မှတ်၊ ပညတ်တစ်ဖြာ၊ ပဌမာရုပ္ပ၊ ဝိညာဏနှင့်၊ ဘာဝနတ္ထိ၊ တတိယာရုပ်၊ ဝိညာဏ်၊ လေးတန်အာရုံ စဉ်တိုင်းတည်း။

အရှုပစိတ်(၁၂)ပါး ပြီး၏။

❑❑❑❑❑

## မဟဂ္ဂုတ်စိတ် (၂၇)ပါး

(မြတ်သည်၏အဖြစ်သို့ ရောက်သောစိတ်)

ရူပါဝစရစိတ် = ၁၅ပါး၊

http://www.dhammadownload.com



အရှုပါဝစရစိတ် = ၁၂ပါးတို့ ဖြစ်ပါသည်။

**မဟဂ္ဂုတ်စိတ်(၂၇)ပါးကို ဝေဒနာအားဖြင့် ခွဲပုံ**

သောမနဿဝေဒနာ = ၁၂ပါး၊
ဥပေက္ခာဝေဒနာ = ၁၅ပါးတို့ ဖြစ်ပါသည်။

**မဟဂ္ဂုတ်စိတ် (၂၇)ပါးကို**
**ဈာနဘေဒအားဖြင့် ခွဲပုံ**

ပထမဈာန် = ၃ပါး၊
ဒုတိယဈာန် = ၃ပါး၊
တတိယဈာန် = ၃ပါး၊
စတုတ္ထဈာန် = ၃ပါး၊
ပဉ္စမဈာန် = ၁၅ပါးတို့ ဖြစ်ပါသည်။

**မှတ်ချက်။** ။ မဟဂ္ဂုတ်စိတ်(၂၇)ပါး၌ သမ္မယုတ်, ဝိပ္ပယုတ်၊ အသင်္ခါရိက,သသင်္ခါရိကအားဖြင့် ကွဲပြားမှု မရှိပါ။

မဟဂ္ဂုတ်စိတ်(၂၇)ပါး ပြီး၏။

❑❑❑❑❑

**လောကီစိတ် ခေါ်ပုံ**

လောက၌ ထင်ရှားသောစိတ်များ ဖြစ်သောကြောင့် 'လောကီစိတ်'ဟု ခေါ်ပါသည်။

**လောကီစိတ် (၈၁)ပါး**

ကာမစိတ် = ၅၄ပါး၊
မဟဂ္ဂုတ်စိတ် = ၂၇ပါးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



**လောကီစိတ်(၈၁)ပါးကို ဝေဒနာအားဖြင့် ခွဲပုံ**

သုခဝေဒနာ = ၁၀ပါး၊
ဒုက္ခဝေဒနာ = ၁၀ပါး၊
သောမနဿဝေဒနာ = ၃၀ပါး၊
ဒေါမနဿဝေဒနာ = ၂ပါး
ဥပေက္ခာဝေဒနာ = ၄၇ပါးတို့ ဖြစ်ပါသည်။

**လောကီစိတ်(၈၁)ပါးကို သင်္ခါရအားဖြင့် ခွဲပုံ**

အသင်္ခါရိကစိတ် = ၁၇ပါး၊
သသင်္ခါရိကစိတ် = ၁၇ပါး၊
သင်္ခါရဝိမုတ်စိတ် = ၄၇ပါးတို့ ဖြစ်ပါသည်။

**လောကီစိတ် (၈၁)ပါးကို**
**သမ္မယောဂဘေဒအားဖြင့် ခွဲပုံ**

သမ္မယုတ်စိတ် = ၂၀ပါး၊
ဝိပ္ပယုတ်စိတ် = ၁၆ပါး၊
ဝိမုတ်စိတ် = ၄၅ပါးတို့ ဖြစ်ပါသည်။

**လောကီစိတ်(၈၁)ပါးကို ဇာတ်အားဖြင့်ခွဲပုံ**

အကုသိုလ်စိတ် = ၁၂ပါး၊
ကုသိုလ်စိတ် = ၁၇ပါး၊
ဝိပါက်စိတ် = ၃၂ပါး၊
ကြိယာစိတ် = ၂၀ပါးကို ဖြစ်ပါသည်။

**လောကီစိတ်(၈၁)ပါးကို ဘုံအားဖြင့်ခွဲပုံ**

ကာမာဝစရစိတ် = ၅၄ပါး၊

http://www.dhammadownload.com



ရူပါဝစရစိတ် = ၁၅ပါး၊
အရူပါဝစရစိတ် = ၁၂ပါးတို့ ဖြစ်ပါသည်။

**လောကီစိတ် (၈၁)ပါး၌**
**သောမနဿဝေဒနာ (၃၀)ပါး**

လောဘမူ သောမနဿ = ၄ပါး၊
အဟိတ် သောမနဿ = ၂ပါး၊
ကာမာဝစရ သောမနဿ = ၁၂ပါး၊
ရူပါဝစရ သောမနဿ = ၁၂ပါးတို့ ဖြစ်ပါသည်။

**လောကီစိတ် (၈၁)ပါး၌**
**ဥပေက္ခာဝေဒနာ (၄၇)ပါး**

အကုသိုလ်ဥပေက္ခာ = ၆ပါး၊
အဟိတ်ဥပေက္ခာ = ၁၄ပါး၊
ကာမာဝစရသောဘနဥပေက္ခာ = ၁၂ပါး၊
မဟဂ္ဂုတ်ဥပေက္ခာ = ၁၅ပါးတို့ ဖြစ်ပါသည်။

**လောကီစိတ်(၈၁)ပါး၌ ကုသိုလ်စိတ်(၁၇)ပါး**

မဟာကုသိုလ်စိတ် = ၈ပါး၊
ရူပကုသိုလ်စိတ် = ၅ပါး၊
အရူပကုသိုလ်စိတ် = ၄ပါးတို့ ဖြစ်ပါသည်။

**လောကီစိတ်(၈၁)ပါး၌ ဝိပါက်စိတ်(၃၂)ပါး**

အကုသလဝိပါက်စိတ် = ၇ပါး၊
ကုသလဝိပါက်စိတ် = ၈ပါး၊
မဟာဝိပါက်စိတ် = ၈ပါး၊

http://www.dhammadownload.com



မဟဂ္ဂုတ်ဝိပါက်စိတ် = ၉ပါးတို့ ဖြစ်ပါသည်။

**လောကီစိတ် (၈၁)ပါး၌**

**ကြိယာစိတ် (၂၀)ပါး**

အဟိတ်ကြိယာစိတ် = ၃ပါး၊
မဟာကြိယာစိတ် = ၈ပါး၊
မဟဂ္ဂုတ်ကြိယာစိတ် = ၉ပါးတို့ ဖြစ်ပါသည်။

လောကီစိတ်(၈၁)ပါး ပြီး၏။

❑❑❑❑❑

**လောကုတ္တရာစိတ် ခေါ်ပုံ**

လောကမှ ထွက်မြောက်တတ်သောကြောင့် 'လောကုတ္တရာစိတ်'ဟု ခေါ်ပါသည်။ ယင်းလောကုတ္တရာစိတ်(၈)ပါးကို 'မဂ္ဂဘေဒစိတ်'ဟုလည်း ခေါ်ပါသည်။

**မှတ်ချက်**။ ။ လောကုတ္တရာစိတ်အကျဉ်း(၈)ပါး၌ ယောဂ၊ သခ်ါရအားဖြင့် ကွဲပြားမှု မရှိပါ။ လောကုတ္တရာစိတ် အကျဉ်း(၈)ပါးကို အကျယ်(၄၀)ဟူးရာ၌ သောမနဿ၊ ဥပေက္ခာ နှစ်မျိုးပြားသောကြောင့် လောကုတ္တရာစိတ် အကျဉ်းရှစ်ပါး၌ သောမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာဟု နှစ်မျိုးကွဲပြားနိုင်ပါသည်။

**မဂ်(ကုသိုလ်)စိတ် (၄)ပါး**

သောတာပတ္တိမဂ်စိတ် = ၁ပါး၊
သကဒါဂါမိမဂ်စိတ် = ၁ပါး၊
အနာဂါမိမဂ်စိတ် = ၁ပါး၊
အရဟတ္တမဂ်စိတ် = ၁ပါးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## ဖိုလ်(ဝိပါက်)စိတ် (၄)ပါး

သောတာပတ္တိဖိုလ်စိတ် = ၁ပါး၊
သကဒါဂါမိဖိုလ်စိတ် = ၁ပါး၊
အနာဂါမိဖိုလ်စိတ် = ၁ပါး၊
အရဟတ္တဖိုလ်စိတ် = ၁ပါးတို့ ဖြစ်ပါသည်။

## မဂ်စိတ်နှင့် ဖိုလ်စိတ် လေးမျိုးစီ ပြားရခြင်း အကြောင်း

ကွန်ဒြေတို့၏ မထက်မြက်ခြင်း, ထက်မြက်ခြင်း, အထူးထက်မြက်ခြင်း, အလွန်အကြူး အထူးသဖြင့် ထက်မြက်ခြင်းအားဖြင့် မဂ်လေးမျိုး ပြားသောကြောင့် မဂ်စိတ်လေးမျိုး ပြားရပါသည်။

ဖိုလ်(ဝိပါက်)စိတ်သည်လည်း မဂ်(ကုသိုလ်)စိတ်၏ အကျိုးဖြစ်သောကြောင့် မဂ်စိတ်နှင့်တူစွာ လေးမျိုးပြားရပါသည်။

**သာဓက**– စတုမဂ္ဂပ္ပဘေဒေန၊ (ပ) အဋ္ဌကထာတ္တရံ မတံ။

## မဂ်,မဂ္ဂင်,မဂ်စိတ် ခွဲပုံ

သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးအပေါင်းသည် 'မဂ်'မည်ပါသည်။

မဂ္ဂင်ရှစ်ပါးတို့တွင် အစိဘ်အစိတ် တစ်ပါးစီသည် 'မဂ္ဂင်' မည်ပါသည်။

မဂ်နှင့်ယှဉ်သောစိတ်သည် 'မဂ်စိတ်' မည်ပါသည်။

## စိတ်အကျဉ်း (၈၉)ပါး

အကုသိုလ်စိတ် = ၁၂ပါး၊
အဟိတ်စိတ် = ၁၈ပါး၊
ကာမာဝစရသောဘနစိတ် = ၂၄ပါး၊
ရူပါဝစရစိတ် = ၁၅ပါ ၊

http://www.dhammadownload.com



အရူပါဝစရစိတ် = ၁၂ပါး၊
လောကုတ္တရာစိတ်(အကျဉ်း) = ၈ပါးတို့ ဖြစ်ပါသည်။

**စိတ်အကျဉ်း(၈၉)ပါးကို ဟိတ်အားဖြင့်ခွဲပုံ**

အဟိတ်စိတ် = ၁၈ပါး၊
သဟိတ်စိတ် = ၇၁ပါးတို့ ဖြစ်ပါသည်။

**(တစ်နည်း) ဟိတ်အားဖြင့် ခွဲပုံ**

အဟိတ်စိတ် = ၁၈ပါး၊
ဧကဟိတ်စိတ် = ၂ပါး၊
ဒွိဟိတ်စိတ် = ၂၂ပါး၊
တိဟိတ်စိတ် = ၄၇ပါးတို့ ဖြစ်ပါသည်။

**စိတ်အကျဉ်း(၈၉)ပါးကို ဇာတ်အားဖြင့် ခွဲပုံ**

အကုသိုလ်စိတ် = ၁၂ပါး၊
ကုသိုလ်စိတ် = ၂၁ပါး၊
ဝိပါက်စိတ် = ၃၆ပါး၊
ကြိယာစိတ် = ၂၀ပါးတို့ ဖြစ်ပါသည်။

**စိတ်အကျဉ်း(၈၉)ပါးကို ဘုံအားဖြင့်ခွဲပုံ**

ကာမစိတ် = ၅၄ပါး၊
ရူပစိတ် = ၁၅ပါး၊
အရူပစိတ် = ၁၂ပါး၊
လောကုတ္တရာစိတ်(အကျဉ်း) = ၈ပါးတို့ ဖြစ်ပါသည်။

**လောကုတ္တရာစိတ်အကျယ် (၄၀)ပါး**

မဂ်စိတ် = ၂၀ပါး၊

http://www.dhammadownload.com



ဖိုလ်စိတ် = ၂၀ပါးတို့ ဖြစ်ပါသည်။

**မဂ်စိတ် (၂၀)ပါး:**

သောတာပတ္တိမဂ်စိတ် = ၅ပါး၊
သကဒါဂါမိမဂ်စိတ် = ၅ပါး၊
အနာဂါမိမဂ်စိတ် = ၅ပါး၊
အရဟတ္တမဂ်စိတ် = ၅ပါးတို့ ဖြစ်ပါသည်။

**ဖိုလ်စိတ် (၂၀)ပါး:**

သောတာပတ္တိဖိုလ်စိတ် = ၅ပါး၊
သကဒါဂါမိဖိုလ်စိတ် = ၅ပါး၊
အနာဂါမိဖိုလ်စိတ် = ၅ပါး၊
အရဟတ္တဖိုလ်စိတ် = ၅ပါးတို့ ဖြစ်ပါသည်။

**သောတာပတ္တိမဂ်စိတ် (၅)ပါး:**

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါငါးပါးနှင့် တကွဖြစ်သော ပဌမစျာန် သောတာပတ္တိမဂ်စိတ်တစ်ခု၊
၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါလေးပါးနှင့် တကွဖြစ်သော ဒုတိယစျာန် သောတာပတ္တိမဂ်စိတ်တစ်ခု၊
၃။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါသုံးပါးနှင့် တကွဖြစ်သော တတိယစျာန် သောတာပတ္တိမဂ်စိတ်တစ်ခု၊
၄။ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါနှစ်ပါးနှင့် တကွဖြစ်သော စတုတ္ထစျာန် သောတာပတ္တိမဂ်စိတ်တစ်ခု၊
၅။ ဥပေက္ခာ၊ ဧကဂ္ဂတာ စျာန်အင်္ဂါနှစ်ပါးနှင့် တကွဖြစ်သော ပဉ္စမစျာန် သောတာပတ္တိမဂ်စိတ် တစ်ခုတို့ ဖြစ်ပါသည်။

**မှတ်ချက်။** ။ သောတာပတ္တိမဂ်စိတ် ငါးပါးတွင် ရှေ့စျာန်လေးပါးကား သောမနဿဖြစ်၍ ပဉ္စမစျာန်ကား ဥပေက္ခာ ဖြစ်ပါသည်။

http://www.dhammadownload.com



**အမှာ**– သောတာပတ္တိမဂ်စိတ်နေရာ၌ သကဒါဂါမိမဂ်စိတ်၊ အနာဂါမိမဂ်စိတ်၊ အရဟတ္တမဂ်စိတ်၊ သောတာပတ္တိဖိုလ်စိတ်၊ သကဒါဂါမိဖိုလ်စိတ်၊ အနာဂါမိဖိုလ်စိတ်၊ အရဟတ္တဖိုလ်စိတ်တို့ကို ထည့်၍ လောကုတ္တရာစိတ် အကျယ်(၄၀)ကုန်အောင် ရေတွက်ပါ။

## လောကုတ္တရာစိတ်အကျယ်(၄၀)ကို ဝေဒနာအားဖြင့် ခွဲပုံ

သောမနဿဝေဒနာ = ၃၂ပါး၊
ဥပေက္ခာဝေဒနာ = ၈ပါးတို့ ဖြစ်ပါသည်။

## လောကုတ္တရာစိတ်အကျယ်(၄၀)ကို ဈာန်အားဖြင့်ခွဲပုံ

ပဌမဈာန်စိတ် = ၈ပါး၊
ဒုတိယဈာန်စိတ် = ၈ပါး၊
တတိယဈာန်စိတ် = ၈ပါး၊
စတုတ္ထဈာန်စိတ် = ၈ပါး၊
ပဉ္စမဈာန်စိတ် = ၈ပါးတို့ ဖြစ်ပါသည်။

## လောကုတ္တရာစိတ်အကျယ်(၄၀) ပွားပုံ

ဈာန်အင်္ဂါတို့၏ ယှဉ်ပုံအပြားအားဖြင့် လောကုတ္တရာစိတ် အကျဉ်း(၈)ပါးတို့တွင် တစ်ပါးပါး၌ ဈာန်အင်္ဂါငါးပါးစီ ပြားသောကြောင့် လောကုတ္တရာစိတ် အကျယ်(၄၀) ပွားလာရပါသည်။

**သာဓက**– ဈာနင်္ဂယောဂဘေဒေန၊ (ပ) စတ္တာလီသ ဝိဓဇ္ဇိ စ။

## သောဘနစိတ်အကျယ်(၉၁)ပါးကို ဇာတ်အားဖြင့်ခွဲပုံ

ကုသိုလ်စိတ် = ၃၇ပါး၊
ဝိပါက်စိတ် = ၃၇ပါး၊
ကြိယာစိတ် = ၁၇ပါးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



**စိတ်အကျယ်(၁၂၁)ပါး ရေတွက်ပုံ**

အကုသိုလ်စိတ် = ၁၂ပါး၊
အဟိတ်စိတ် = ၁၈ပါး၊
ကာမာဝစရသောဘနစိတ် = ၂၄ပါး၊
ရူပါဝစရစိတ် = ၁၅ပါး၊
အရူပါဝစရစိတ် = ၁၂ပါး၊
လောကုတ္တရာစိတ်(အကျယ်) = ၄၀ပါးတို့ ဖြစ်ပါသည်။

**စိတ်အကျယ်(၁၂၁)ပါးကို ဝေဒနာအားဖြင့်ခွဲပုံ**

သုခဝေဒနာ = ၁၀ပါး၊
ဒုက္ခဝေဒနာ = ၁ပါး၊
သောမနဿဝေဒနာ = ၆၂ပါး၊
ဒေါမနဿဝေဒနာ = ၂ပါး၊
ဥပေက္ခာဝေဒနာ = ၅၅ပါးတို့ ဖြစ်ပါသည်။

**စိတ်အကျယ်(၁၂၁)ပါးကို ယောဂအားဖြင့်ခွဲပုံ**

သမ္မယုတ်စိတ် = ၂၀ပါး၊
ဝိပ္ပယုတ်စိတ် = ၁၆ပါး၊
ဝိမုတ်စိတ် = ၈၅ပါးတို့ ဖြစ်ပါသည်။

**ဝိမုတ်စိတ်(၈၅)ပါး**ဟူသည် အဟိတ်စိတ်(၁၈)ပါး၊ မဟဂ္ဂုတ်စိတ်(၂၇)ပါး၊ လောကုတ္တရာစိတ်အကျယ်(၄၀)ပါးတို့ ဖြစ်ပါသည်။

**စိတ်အကျယ်(၁၂၁)ပါးကို ဟိတ်အားဖြင့်ခွဲပုံ**

အဟိတ်စိတ် = ၁၈ပါး၊
သဟိတ်စိတ် = ၁၀၃ပါးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## (တစ်နည်း) ဟိတ်အားဖြင့် ခွဲပုံ

အဟိတ်စိတ် = ၁၈ပါး၊
ဧကဟိတ်စိတ် = ၂ပါး၊
ဒွိဟိတ်စိတ် = ၂၂ပါး၊
တိဟိတ်စိတ် = ၇၉ပါးတို့ ဖြစ်ပါသည်။

## စိတ်အကျယ်(၁၂၁)ပါးကို သင်္ခါရအားဖြင့်ခွဲပုံ

အသင်္ခါရိကစိတ် = ၁၇ပါး၊
သသင်္ခါရိကစိတ် = ၁၇ပါး၊
သင်္ခါရဝိမုတ်စ်တ် = ၈၇ပါးတို့ ဖြစ်ပါသည်။

* **သင်္ခါရဝိမုတ်စိတ်(၈၇)ပါး**ဟူသည် မောဟမူစိတ်(၂)ပါး၊ အဟိတ်စိတ်(၁၈)ပါး၊ မဟဂ္ဂုတ်စိတ်(၂၇)ပါး၊ လောကုတ္တရာစိတ် အကျယ်(၄၀)ပါးတို့ ဖြစ်ပါသည်။

## ဈာန်စိတ်ပေါင်း (၆၇)ပါး

ပထမဈာန်စိတ် = ၁၁ပါး၊
ဒုတိယဈာန်စိတ် = ၁၁ပါး၊
တတိယဈာန်စိတ် = ၁၁ပါး၊
စတုတ္ထဈာန်စိတ် = ၁၁ပါး၊
ပဉ္စမဈာန်စိတ် = ၂၃ပါးတို့ ဖြစ်ပါသည်။

## လောကီ, လောကုတ္တရာ ဈာန်စိတ်ပေါင်း

| ဈာန် | ကီ-ဈာန် | ကုတ်-ဈာန် | ဈာန်ပေါင်း |
|---|---|---|---|
| ပထမဈာန်စိတ် | ၃-ပါး | ၈-ပါး | ၁၁-ပါး |
| ဒုတိယဈာန်စိတ် | ၃-ပါး | ၈-ပါး | ၁၁-ပါး |
| တတိယဈာန်စိတ် | ၃-ပါ | ၈-ပါး | ၁၁-ပါ |

http://www.dhammadownload.com



| | | | |
|---|---|---|---|
| စတုတ္ထစျာန်စိတ် | ၃-ပါး | ၈-ပါး | ၁၁-ပါး |
| ပဉ္စမစျာန်စိတ် | ၁၅-ပါး | ၈-ပါး | ၂၃-ပါး |
| **ပေါင်း** | **၂၇-ပါး** | **၄၀-ပါး** | **၆၇-ပါး** |

**အမှာ**– လောကီစျာန်ဟူသည် မဟဂ္ဂုတ်စိတ် (၂၇)ပါး ဖြစ်၍ လောကုတ္တရာစျာန်ဟူသည် လောကုတ္တရာစိတ် အကျယ်(၄၀)ပါးပင် ဖြစ်ပါသည်။

## ပထမစျာန် (၁၁)ပါး

ရူပါဝစရပထမစျာန် = ၃ပါး၊
လောကုတ္တရာပထမစျာန် = ၈ပါးတို့ ဖြစ်ပါသည်။

**အမှာ**– ဒုတိယစျာန်(၁၁)ပါး၊ တတိယစျာန်(၁၁)ပါး၊ စတုတ္ထစျာန်(၁၁)ပါးတို့ကိုလည်း ရေတွက်ပါ။

## ပဉ္စမစျာန် (၂၃)ပါး

ရူပါဝစရပဉ္စမစျာန်စိတ် = ၃ပါး၊
အရူပါဝစရပဉ္စမစျာန်စိတ် = ၁၂ပါး၊
လောကုတ္တရာပဉ္စမစျာန်စိတ် = ၈ပါးတို့ ဖြစ်ပါသည်။

## အရူပစိတ်(၁၂)ပါးကို ပဉ္စမစျာန်၌ သွင်းယူရခြင်း အကြောင်း

ဥပေက္ခာ, ဧကဂ္ဂတာနှင့် ယှဉ်သည့်အတွက် ပဉ္စမစျာန်နှင့် စျာန်အင်္ဂါတူမျှသောကြောင့် အရူပစိတ်(၁၂)ပါးကို ပဉ္စမစျာန်၌ သွင်းယူရပါသည်။ **သာဓက**– အာရုပ္ပဥ္စာပိ ပဉ္စမေ။

## အကျဉ်း,အကျယ်ရှိသောစိတ်

ကုသိုလ်စိတ်နှင့် ဝိပါက်စိတ် ဖြစ်ပါသည်။

http://www.dhammadownload.com



**အကျဉ်းအကျယ် မရှိသောစိတ်**

အကုသိုလ်စိတ်နှင့် ကြိယာစိတ် ဖြစ်ပါသည်။

**စိတ်အကျယ်(၁၂၁)ပါးကို ဇာတ်အားဖြင့်ခွဲပုံ**

အကုသိုလ်စိတ် = ၁၂ပါး၊
ကုသိုလ်စိတ် = ၃၇ပါး၊
ဝိပါက်စိတ် = ၅၂ပါး၊
ကြိယာစိတ် = ၂၀ပါးတို့ ဖြစ်ပါသည်။

**ကုသိုလ်စိတ်အကျယ် (၃၇)ပါး**

မဟာကုသိုလ်စိတ် = ၈ပါး၊
မဟဂ္ဂုတ်ကုသိုလ်စိတ် = ၉ပါး၊
လောကုတ္တရာကုသိုလ်(မဂ်)စိတ် = ၂၀ပါးတို့ ဖြစ်ပါသည်။

**ဝိပါက်စိတ်အကျယ် (၅၂)ပါး**

အကုသလဝိပါက်စိတ် = ၇ပါး၊
ကုသလဝိပါက်စိတ် = ၈ပါး၊
မဟာဝိပါက်စိတ် = ၈ပါး၊
မဟဂ္ဂုတ်ဝိပါက်စိတ် = ၉ပါး၊
လောကုတ္တရာဝိပါက်(ဖိုလ်)စိတ် = ၂၀ပါးတို့ ဖြစ်ပါသည်။

**စိတ်အကျယ်(၁၂၁)ပါးကို ဘုံအားဖြင့်ခွဲပုံ**

ကာမာဝစရစိတ် = ၅၄ပါး၊
ရူပါဝစရစိတ် = ၁၅ပါး၊
အရူပါဝစရစိတ် = ၁၂ပါး၊
လောကုတ္တရာစိတ်အကျယ် = ၄၀ပါ တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



* စိတ်သည် အာရုံကို သိခြင်းလက္ခဏာအားဖြင့် တစ်ပါးတည်းသာ ရှိပါလျက် အဘယ့်ကြောင့် စိတ်အကျဉ်း(၈၉)ပါး၊ အကျယ်(၁၂၁)ပါး ပြားရပါသနည်း? ဖြေဆိုပါ။

ဘူမိဘေဒ၊ ဇာတိဘေဒ၊ သမ္ပယောဂဘေဒ၊ အာရမ္မဏဘေဒ စသည်တို့၏ အစွမ်းဖြင့် စိတ်အကျဉ်း(၈၉)ပါး၊ အကျယ်(၁၂၁)ပါး ပြားရပါသည်။

စိတ်ပိုင်း ပြီး၏။

❑❑❑❑❑

http://www.dhammadownload.com

# စေတသိက်ပိုင်း

## စေတသိက် ခေါ်ပုံ

စိတ်၌မှီတွယ်၍ စိတ်ကိုချယ်လှယ်တတ်သောကြောင့် 'စေတသိက်'ဟု ခေါ်ပါသည်။

[**ဆောင်**] စိတ်၌မှီတွယ်၊ စိတ်ကိုချယ်၊ ငါးဆယ်နှင့်ဦးတ် စေတသိက်။

## စေတသိက်တိုင်း၌ ရှိရမည့် လက္ခဏာများ

၁။ ဧကုပ္ပါဒ = စိတ်နှင့်တူသော ဖြစ်ခြင်း။
၂။ ဧကနိရောဓ = စိတ်နှင့်တူသော ချုပ်ခြင်း။
၃။ ဧကာလမ္ဗဏ = စိတ်နှင့်တူသော အာရုံရှိခြင်း။
၄။ ဧကဝတ္ထုက = စိတ်နှင့်တူသော မှီရာရှိခြင်းတို့ ဖြစ်ပါသည်။

* 'ဖဿသည် စိတ်(၈၉)ပါး၌ ယှဉ်၏'ဟူရာ၌ 'ယှဉ်'ဟူသော စကား၏ အဓိပ္ပါယ်ကို ရေးသားပါ။

'ယှဉ်'ဟူသည် တူသောဖြစ်ခြင်း၊ တူသောချုပ်ခြင်း၊ တူသော အာရုံရှိခြင်း၊ တူသောမှီရာရှိခြင်းတို့ ဖြစ်ပါသည်။

## စေတသိက် (၅၂)ပါးကို ရာသီ(အစု)အားဖြင့် ရေတွက်ပုံ

အညသမာန်းစေတသိက် = ၁၃ပါး၊

http://www.dhammadownload.com



အကုသိုလ်စေတသိက် = ၁၄ပါး၊
သောဘနစေတသိက် = ၂၅ပါးတို့ ဖြစ်ပါသည်။

## အညသမာန်းစေတသိက် ခေါ်ပုံ

အကောင်း, အဆိုး နှစ်မျိုးလုံးနှင့် ယှဉ်တွဲ၍ ဖြစ်သောစေတသိက်ကို 'အညသမာန်းစေတသိက်'ဟု ခေါ်ပါသည်။

## အညသမာန်းစေတသိက် (၁၃)ပါး

သဗ္ဗစိတ္တသာဓာရဏစေတသိက် = ၇ပါး၊
ပကိဏ်းစေတသိက် = ၆ပါးတို့ ဖြစ်ပါသည်။

## သဗ္ဗစိတ္တသာဓာရဏစေတသိက် ခေါ်ပုံ

'နေရာတိုင်းမှာ သူ့မျက်နှာ'ဟု တင်စားရလောက်အောင်ပင် စိတ်အားလုံးနှင့်ယှဉ်, စိတ်ဖြစ်တိုင်း ပါဝင်သောစေတသိက်ကို 'သဗ္ဗစိတ္တသာဓာရဏစေတသိက်'ဟု ခေါ်ပါသည်။

## ပကိဏ်းစေတသိက် ခေါ်ပုံ

စိတ်အားလုံးနှင့် မယှဉ်ဘဲ ဟိုတစ်ချို့ ဒီတစ်ချို့ ရောပြွမ်းလျက် ယှဉ်သောစေတသိက်ကို 'ပကိဏ်းစေတသိက်'ဟု ခေါ်ပါသည်။

## သဗ္ဗစိတ္တသာဓာရဏစေတသိက်တို့၏ သဘော

၁။ ဖဿ = အာရုံကို တွေ့ထိခြင်းသဘော၊
၂။ ဝေဒနာ = အာရုံ၏ အရသာကို ခံစားခြင်းသဘော၊
၃။ သညာ = အာရုံကို မှတ်သားခြင်းသဘော၊
၄။ စေတနာ = ယှဉ်ဖက်တရားတို့ကို ဆိုင်ရာကိစ္စ၌ ဆောင်ရွက်ကြဖို့ရာ စေ့ဆော်ခြင်း၊ တိုက်တွန်းခြင်းသဘော၊
၅။ ဧကဂ္ဂတာ = အာရုံတစ်ခုတည်း၌ တည်တန့်ခြင်း၊ တည်ကြည်ခြင်းသဘော၊

http://www.dhammadownload.com



၆။ ဇီဝိတိန္ဒြေ = ယှဉ်ဖက်တရားတို့ကို စောင့်ထိန်းခြင်း၊ အစိုးရခြင်း သဘော၊
၇။ မနသိကာရ = စိတ်ထဲ၌ အာရုံပေါ်လာအောင် ပြုပေးခြင်း၊ နှလုံးသွင်းပေးခြင်း သဘော။

## ပကိဏ်းစေတသိက်တို့၏ သဘော

၁။ ဝိတက် = ယှဉ်ဖက်တရားတို့ကို အာရုံသို့ တင်ပေးခြင်း၊ ကြံစည်ခြင်းသဘော၊
၂။ ဝိစာရ = အာရုံကို သုံးသပ်ခြင်း၊ အာရုံကို ထပ်၍ထပ်၍ ယူခြင်းသဘော၊
၃။ အဓိမောက္ခ = အာရုံကို ဆုံးဖြတ်ချက်ချခြင်းသဘော၊
၄။ ဝီရိယ = အားထုတ်ခြင်း၊ ကြိုးစားခြင်းသဘော၊
၅။ ပီတိ = အာရုံကို နှစ်သက်ခြင်း၊ သဘောကျခြင်းသဘော၊
၆။ ဆန္ဒ = လိုလားတောင့်တခြင်းသဘော။

## အညသမာန်းစေတသိက်တို့၏ လက္ခဏာ

တွေ့ထိတရား၊ ဖဿထားလော့၊ ခံစား–ဝေဒနာ၊ မှတ်–သညာတည်း၊ စေတနာတွက်၊ စေ့ဆော်ချက်နှင့်၊ ဧကဂ္ဂတာ၊ တည်ငြိမ်စွာသား၊ မကွာနာမ်သက်၊ ဇီဝိန်ဆက်၍၊ မပျက်မပြုန်း၊ နှလုံးသွင်းကို၊ မနသိဆိုဇ်၊ ထိထိကြိုစည်၊ ဝိတက်မည်ရှင့်၊ အလီလီသုံးသပ်၊ ဝိစာရမှတ်လော့၊ ဆုံးဖြတ်–ဓိမောက်၊ ရဲစွမ်းရောက်က၊ ဝီရိယဟု၊ အားရနှစ်သက်၊ ပီတိဆက်၍၊ သက်သက်အာရုံ၊ ပြုလိုရုံမျှ၊ ဆန္ဒသဘော၊ ကောင်း,ဆိုးရောသည်၊ မှတ်လော တစ်ဆယ့်သုံးပါးတည်း။ (ကိုယ်ကျင့်အဘိဓမ္မာ–၁၂၁)

## အကုသိုလ်စေတသိက် (၁၄)ပါး

(သူယုတ်မာတို့၏သန္တာန်၌သာ ဖြစ်သောစေတသိက်)

၁။ မောဟ = အာရုံ၏သဘောမှန်ကို ဖုံးကွယ်ခြင်းသဘော၊

http://www.dhammadownload.com



၂။ အဟိရိက = ဒုစရိုက်မှ မရှက်ခြင်းသဘော၊
၃။ အနောတ္တပ္ပ= ဒုစရိုက်မှ မကြောက်ခြင်းသဘော၊
၄။ ဥဒ္ဓစ္စ = စိတ်မငြိမ်သက်ခြင်း၊ ပျံ့လွင့်ခြင်းသဘော၊
၅။ လောဘ = လောကီအာရုံ ကာမဂုဏ်တို့၌ လိုချင်ခြင်း, တပ်မက်ခြင်းသဘော၊
၆။ ဒိဋ္ဌိ = မှားမှားယွင်းယွင်းသိခြင်း, အယူမှားခြင်းသဘော၊
၇။ မာန = ထောင်လွှားတက်ကြွခြင်း, ဘဝင်မြင့်ခြင်းသဘော၊
၈။ ဒေါသ = ခက်ထန်ကြမ်းတမ်းခြင်းသဘော၊
၉။ ကြသာ = သူတစ်ပါး၏ ဂုဏ်သိရှိစည်းစိမ်ချမ်းသာကိုငြူစူခြင်း, စောင်းမြောင်းခြင်းသဘော၊
၁၀။ မစ္ဆရိယ = ကိုယ့်စည်းစိမ်ကို ဝန်တိုခြင်း, နှမြောခြင်း, လျှို့ဝှက်ခြင်းသဘော၊
၁၁။ ကုက္ကုစ္စ = ပြုအပ်ပြီးသောဒုစရိုက်, မပြုလိုက်မိသောသုစရိုက်သို့ အစဉ်လိုက်၍ဝမ်းနည်းခြင်း, နောင်တရခြင်းသဘော၊
၁၂။ ထိန = စိတ်မလန်းဘဲ ခပ်ထိုင်းထိုင်းဖြစ်နေခြင်းသဘော၊
၁၃။ မိဒ္ဓ = ယှဉ်ဘက်စေတသိက်များ မရွှင်လန်းဘဲ မှိုင်းတိုင်းတိုင်း ဖြစ်နေခြင်းသဘော၊
၁၄။ ဝိစိကိစ္ဆာ = ဘုရားတရားစသည်၌ ယုံမှားခြင်းသဘော။

## အကုသိုလ်စေတသိက်တို့၏ လက္ခဏာ

မသိတတ်ဘိ၊ မောဟသိလော့၊ အဟိရိက၊ မရှက်စွတည့်၊ နောတ္တပ္ပမူ၊ မလန့်ဟူ၏၊ မှတ်ယူပျံ့လျက်၊ မငြိမ်သက်ထ၊ ဥဒ္ဓစ္စနှင့်၊ လောဘသဘော၊ လိုချင်ဟော၍၊ မှားသောအမြင်၊ ဒိဋ္ဌိတွင်သား၊ မာနကားမူ၊ ထောင်လွှားကြွတက်၊ ဒေါသတွက်ကြောင့်၊ ခက်ခက်ထန်ထန်၊ ကြသာလျှိုမူ၊ လွန်ငြူစူ၏၊ ပြောထူ မစ္ဆေ၊ ဝန်တိုလေသတဲ့၊ တစ်ထွေမှတ်ကြ၊ ကုက္ကုစ္စကား၊ နောင်တတစ်ဖန်၊ ပူပန်ထန်ပြင်း၊ ထိုင်းခြင်း–ထိန၊ မှိုင်း–မိဒ္ဓနှင့်၊ ဗုဒ္ဓ

http://www.dhammadownload.com



စသည်၊ ယုံမှားဘိမူ၊ ဝိစိကိစ္ဆာ၊ ဆယ့်လေးဖြာသည်၊ မှန်စွာ အကုသိုလ် ချည်းတည်း။ (ကိုယ်ကျင့်အဘိဓမ္မာ-၁၃)

## သောဘနစေတသိက် (၂၅)ပါး

(သူတော်ကောင်းတို့၏သန္တာန်၌သာ ဖြစ်သောစေတသိက်)

သောဘနသာဓာရဏစေတသိက် = ၁၉ပါး၊
ဝိရတီစေတသိက် = ၃ပါး၊
အပ္ပမညာစေတသိက် = ၂ပါး၊
ပညိန္ဒြေစေတသိက် = ၁ပါးတို့ ဖြစ်ပါသည်။

## သောဘနသာဓာရဏစေတသိက် ခေါ်ပုံ

သောဘနစိတ်အားလုံးနှင့် ဆက်ဆံသော, ယှဉ်သောစေတသိက်ကို 'သောဘနသာဓာရဏစေတသိက်'ဟု ခေါ်ပါသည်။

## သောဘနသာဓာရဏစေတသိက် (၁၉)ပါး

၁။ သဒ္ဓါ = ရတနာသုံးတန် ကံ, ကံ၏အကျိုးကို ယုံကြည်ခြင်းသဘော၊
၂။ သတိ = ဘုရားစသော ကောင်းသောအာရုံကို အောက်မေ့ခြင်း၊ အမှတ်ရခြင်းသဘော၊
၃။ ဟိရီ = ဒုစရိုက်မှ ရှက်ခြင်းသဘော၊
၄။ ဩတ္တပ္ပ = ဒုစရိုက်မှ ကြောက်ခြင်းသဘော၊
၅။ အလောဘ = လောကီအာရုံ ကာမဂုဏ်ကို မလိုချင်ခြင်း, မတပ်မက်ခြင်းသဘော၊
၆။ အဒေါသ = မခက်ထန် မကြမ်းတမ်းခြင်းသဘော၊
၇။ စာတြမရွတ္တတာ = ထိုထိုအာရုံ၌ သမွယုတ်တရားတို့ကို လျစ်လျူရှုခြင်းသဘော၊
၈။ ကာယပဿဒ္ဓိ = စေတသိက်အပေါင်း၏ ငြိမ်းအေးခြင်းသဘော၊

http://www.dhammadownload.com



၉။ စိတ္တပဿဒ္ဓိ = စိတ်၏ ငြိမ်းအေးခြင်းသဘော၊
၁၀။ ကာယလဟုတာ = စေတသိက်အပေါင်း၏ လျင်မြန်ပေါ့ပါးခြင်း သဘော၊
၁၁။ စိတ္တလဟုတာ = စိတ်၏ လျင်မြန်ပေါ့ပါးခြင်းသဘော၊
၁၂။ ကာယမုဒုတာ = စေတသိက်အပေါင်း၏ နူးညံ့ခြင်းသဘော၊
၁၃။ စိတ္တမုဒုတာ = စိတ်၏ နူးညံ့ခြင်းသဘော၊
၁၄။ ကာယကမ္မညတာ= စေတသိက်အပေါင်း၏ ကုသိုလ်အမှုဌ် ခုံညားခြင်းသဘော၊
၁၅။ စိတ္တကမ္မညတာ = စိတ်၏ကုသိုလ်အမှုဌ် ခုံညားခြင်းသဘော၊
၁၆။ ကာယပါဂုညတာ= စေတသိက်အပေါင်း၏ ကျန်းမာခြင်း, နာကျင်ခြင်းမှ ငြိမ်းအေးခြင်းသဘော၊
၁၇။ စိတ္တပါဂုညတာ = စိတ်၏ကျန်းမာခြင်း, နာကျင်ခြင်းမှ ငြိမ်းအေးခြင်းသဘော၊
၁၈။ ကာယုဇုကတာ = စေတသိက်အပေါင်း၏ ဖြောင့်မတ်ခြင်း သဘော၊
၁၉။ စိတ္တုဇုကတာ = စိတ်၏ ဖြောင့်မတ်ခြင်းသဘော။

## သောဘနစေတသိက်တို့၏ လက္ခဏာ

ကောင်းသည့်အာရုံ၊ အဖုံဖုံဝယ်၊ ယုံကြည်တတ်လေ့၊ သဒ္ဓါငွေ့တည်၊ အောက်မေ့-သတိ၊ ဒုစရိုက်၊ ဟီရိ-ရှက်စွဲ၊ လန့်-ဩတ္တပ္ပနှင့်၊ အလောဘ လျှင်၊ မလိုချင်တည်း၊ ထို့ပြင်တစ်ဝ၊ အဒေါသတွက်၊ မခက်မထန်၊ ပညာဉာဏ်မူ၊ အမောဟဟူ၏၊ မှတ်ယူချစ်ငြား၊ မေတ္တာပွား၍၊ သနာ-ကရုဏာ၊ ဝမ်းသာ-မုဒိ၊ ရှုသည့်လျစ်လျူ၊ ပေကွာပြုလေ့၊ သုံးခုသမ္မာ၊ ဝါစာ-ကမ္မ၊ အာဇီဝကာ၊ ကာယ,ဝစီ၊ မသတီပေါင်း၊ ရှောင်ကြဉ် ကြောင်းသည့်၊ စိတ်ကောင်းဖြစ်ရန်၊ စေတသိက်တည်း။

(ကိုယ်ကျင့်အဘိဓမ္မာ-၈၂)

http://www.dhammadownload.com



## ဝိရတီ ခေါ်ပုံ

မကောင်းမှုဒုစရိုက်မှ ရှောင်ကြဉ်ခြင်းကို 'ဝိရတိ'ဟု ခေါ်ပါသည်။

**မှတ်ချက်**။ ။ ယင်းဝိရတီသုံးပါးကို 'ဒါနကုသိုလ်၌မပါ, သီလကုသိုလ်၌သာပါသောစေတသိက်၊ မြဲချင်လျှင်မြဲ, မမြဲချင်လျှင် မမြဲသောစေတသိက်၊ ဒုစရိုက်ကို အမြဲမျက်နှာလွဲသောစေတသိက်'ဟု ခေါ်ကြသည်။

## ဝိရတီစေတသိက်(၃)ပါး၏ သဘော

၁။ သမ္မာဝါစာ = အသက်မွေးဝမ်းကြောင်းနှင့် မစပ်ဆိုင်သော ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်းသဘော၊

၂။ သမ္မာကမ္မန္တ = အသက်မွေးဝမ်းကြောင်းနှင့် မစပ်ဆိုင်သောကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်ခြင်းသဘော၊

၃။ သမ္မာအာဇီဝ= အသက်မွေးဝမ်းကြောင်းနှင့် စပ်ဆိုင်သောဝစီဒုစရိုက်လေးပါး၊ ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်ခြင်းသဘော။

## ဝိရတီ(၃)ပါးအတွက် အထူးမှတ်ချက်

ဒုစရိုက်မှ ရှောင်ကြဉ်မှုနှင့်ပတ်သက်၍ အသက်မွေးဝမ်းကျောင်းနှင့် ဆိုင်/မဆိုင် ခွဲခြားသိဖို့လို၏။ ဥစ္စာလိုချင်၍ သူ့အသက်သတ်ခြင်း၊ မုဆိုး,တံငါဖြစ်၍ သူ့အသက်သတ်ခြင်းများသည် အသက်မွေးဝမ်းကျောင်းနှင့်ဆိုင်သော ကာယဒုစရိုက် ဖြစ်ပါသည်။ တမင်သက်သက် မုန်း၍သတ်ခြင်းသည် အသက်မွေးဝမ်းကျောင်းနှင့်မဆိုင်သော ကာယဒုစရိုက် ဖြစ်ပါသည်။

ပစ္စည်းဥစ္စာရမှုအတွက် မုသားဆိုခြင်း၊ မတရားရှေ့နေလိုက်ခြင်း

http://www.dhammadownload.com



များသည် အသက်မွေးဝမ်းကျောင်းနှင့်ဆိုင်သော ဝစီဒုစရိုက် ဖြစ်ပါသည်။ ပစ္စည်းတစ်စုံတစ်ရာ မမျှော်လင့်ဘဲ သက်သက်မုသားပြောခြင်း၊ ရန်တိုက်ခြင်းများသည် အသက်မွေးဝမ်းကျောင်းနှင့်မဆိုင်သော ဝစီဒုစရိုက် ဖြစ်ပါသည်။

အသက်မွေးဝမ်းကျောင်းနှင့် စပ်ဆိုင်သော ကာယဒုစရိုက်မှ ရှောင်ကြဉ်လျှင် သမ္မာအာဇီဝဝိရတီဖြစ်၍ အသက်မွေးဝမ်းကျောင်းနှင့် မစပ်ဆိုင်သော ကာယဒုစရိုက်မှရှောင်ကြဉ်လျှင် သမ္မာကမ္မန္တ ဝိရတီ ဖြစ်ပါသည်။

အသက်မွေးဝမ်းကျောင်းနှင့် စပ်ဆိုင်သော ဝစီဒုစရိုက်မှ ရှောင်ကြဉ်လျှင် သမ္မာအာဇီဝ ဝိရတီဖြစ်၍ အသက်မွေးဝမ်းကျောင်းနှင့် မစပ်ဆိုင်သော ဝစီဒုစရိုက်မှ ရှောင်ကြဉ်လျှင် သမ္မာဝါစာ ဝိရတီ ဖြစ်ပါသည်။

## အပွမညာစေတသိက် ခေါ်ပုံ

ဤဓွေ့ဤမျှဟု အတိုင်းအရှည် ပမာဏ မရှိသော သတ္တဝါပညတ်၌ အာရုံပြုသော စေတသိက်ကို 'အပွမညာစေတသိက်'ဟု ခေါ်ပါသည်။

## အပွမညာ(၂)ပါးနှင့် ပညိန္ဒြေတို့၏သဘော

၁။ ကရုဏာ = ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြု၍ သနားခြင်း သဘော၊

၂။ မုဒိတာ = သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်း သဘော၊

၃။ ပညိန္ဒြေ = အနိစ္စစသောအပြားအားဖြင့် ထိုးထွင်း၍ သိမြင်ခြင်း သဘော၊သိမှုကိစ္စ၌ အစိုးရသောကြောင့် ပညိန္ဒြေ၊

http://www.dhammadownload.com



ခေါ်ပါသည်။ ပညိန္ဒြေကိုပင် 'ဉာဏ်' ဟုငင်း, အမော ဟ' ဟုငင်း ခေါ်ကြသည်။

သောဘနစေတသိက်(၂၅)ပါး ပြီး၏။

❑❑❑❑❑

## စေတသိက်(၅၂)ပါး၌ မှတ်ဖွယ်များ

* လူဆိုး, လူကောင်း နှစ်မျိုးလုံးနှင့် တည့်အောင်ပေါင်းတတ်သောတရားတို့ကို တိကျစွာ ဖော်ပြပါ။

အညသမာန်းစေတသိက် (၁၃)ပါးတို့ ဖြစ်ပါသည်။

* 'စေတနာ ကောင်းသည်၊ စေတနာ ဆိုးသည်' ဟု ပြောဆိုကြရာ အဘယ်စေတနာသည် ကောင်း၍ အဘယ်စေတနာသည် ဆိုးပါသနည်း? သတ်မှတ်ပြပါ။

ကုသိုလ်စိတ်၌ယှဉ်သော စေတနာသည် စေတနာကောင်းဖြစ်၍ အကုသိုလ်စိတ်၌ယှဉ်သော စေတနာသည် စေတနာအဆိုး ဖြစ်ပါသည်။

* "မင်းစကားကို ငါယုံတယ်" ဟု ပြောဆိုရာဝယ် 'ယုံ'၌ ဖြစ်သင့်သော စေတသိက်ကို တိကျစွာ ဖော်ပြပါ။

အဓိမောက္ခစေတသိက် ဖြစ်ပါသည်။

**အမှာ**– စကားကို ယုံသင့်/မယုံသင့် ဆုံးဖြတ်သော အဆင့်သာရှိသောကြောင့် အဓိမောက္ခသာ ဖြစ်ပါသည်။ သဒ္ဓါ မဟုတ်ပါ။

* ပိဋကစာပေကို ထက်သန်သော ဉာဏ်အမြင်ဖြင့် အပတ်တကုတ် ကြိုးစားသင်ယူနေကြသူတို့၏ သန္တာန်၌ ဖြစ်သင့်သော တရားကို တိကျစွာ ဖော်ပြပါ။

http://www.dhammadownload.com



ဝီရိယစေတသိက် ဖြစ်ပါသည်။

* နိဗ္ဗာန်ကို လိုချင်မှု၊ ကုသိုလ်လိုချင်မှု၊ ပေးကမ်းလှူဒါန်းရန် ပစ္စည်းလိုချင်မှုများသည် လောဘဟုတ်ပါသလော? အဘယ်တရား ဖြစ်ပါနည်း? ဖြေဆိုပါ။

လောဘ မဟုတ်ပါ။ ကုသိုလ်ဆန္ဒသာ ဖြစ်ပါသည်။

* မိမိရဲ့စိတ်ကို အကုသိုလ်စိတ်ဖြစ်အောင် လုပ်ဆောင်သော အဓိကတရားခံများကို ဖော်ပြပါ။

မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စတို့ ဖြစ်ပါသည်။

* လူမိုက်အားလုံးတို့၏ ခေါင်းဆောင်ဗိုလ်ချုပ်ကြီးနှင့်တူသော တရားကို တိကျစွာ ဖော်ပြပါ။

မောဟစေတသိက် ဖြစ်ပါသည်။

* အကုသိုလ် ဒုစရိုက်လုပ်ငန်းကို အရှက်အကြောက် ကင်းစွာ ပြုလုပ်နေသော ပုဂ္ဂိုလ်များ၏သန္တာန်၌ ဖြစ်နိုင်သော စေတသိက်တို့ကို ဖော်ပြပါ။

အဟိရိကနှင့် အနောတ္တပ္ပစေတသိက်တို့ ဖြစ်ပါသည်။

* ဥပုသ်စောင့်, တရားနာ သွားရမှာကို မရှက်,မကြောက်ခြင်းကို အဟိရိက, အနောတ္တပ္ပဟုဆိုက သင့်/မသင့် ရှင်းပြပါ။

အကုသိုလ်, ဒုစရိုက်လုပ်ငန်း၌ မရှက်, မကြောက် ပြုလုပ်ခြင်းကိုသာ အဟိရိက, အနောတ္တပ္ပဟု ဆိုသောကြောင့် ဥပုသ်စောင့်, တရားနာ သွားရမှာကို မရှက်, မကြောက်ခြင်းကို အဟိရိက, အနောတ္တပ္ပဟုဆိုက မသင့်ပါ။

http://www.dhammadownload.com



* မိတ်ဆွေတစ်ဦး၏ နာရီတစ်လုံးကို အလစ်သုတ်ပြီးကာမှ 'ငါမှားလေစွ'ဟု နောင်တရခြင်းသည် အဘယ်စေတသိက် ဖြစ်ပါသနည်း? ဖော်ပြပါ။

ကုက္ကုစ္စစေတသိက် ဖြစ်ပါသည်။

* "ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ"ဟု အထင်မှားသော ပုဂ္ဂိုလ်၏သန္တာန်၌ ဖြစ်သောတရားကို ဖော်ပြပါ။

ဒိဋ္ဌိစေတသိက် ဖြစ်ပါသည်။

* 'အလှူဒါနပြုလုပ်တာ အကျိုးမရှိပါဘူးကွာ'ဟု တလွဲယူဆသော ပုဂ္ဂိုလ်၏သန္တာန်၌ ဖြစ်သင့်သောတရားကို ဖော်ပြပါ။

ဒိဋ္ဌိစေတသိက် ဖြစ်ပါသည်။

* 'မသိခြင်းနှင့် အမှားသိခြင်း'တို့၏ ပရမတ် အမည်မှန်ကို တိကျစွာ ဖော်ပြပါ။

မသိခြင်းသည် မောဟစေတသိက် ဖြစ်ပါသည်။

အမှားသိခြင်းသည် ဒိဋ္ဌိစေတသိက် ဖြစ်ပါသည်။

* နှလုံးလေပင့်၍ ဘဝင်မြင့်နေသူ၏သန္တာန်၌ ဖြစ်သောတရားကို ဖော်ပြပါ။

မာနစေတသိက် ဖြစ်ပါသည်။

* ကိုယ့်ထက်သာသူ လှပျိုဖြူတစ်ဦး၏ လှပကျော့ရှင်း ဂုဏ်သတင်းကို ကြားရ၍ မနာလိုဖြစ်ကာ 'ဇီးကွက်လောက်တော့ ငှက်တိုင်း လှရဲ့'ဟု ပြောဆိုသူ၏သန္တာန်၌ ဖြစ်သောတရားကို ဖော်ပြပါ။

ဣဿာစေတသိက် ဖြစ်ပါသည်။

http://www.dhammadownload.com



* သူတစ်ပါးကို မကောင်းပြစ်တင် ကဲ့ရဲ့ချင်သောသူ၏သန္တာန်၌ ဖြစ်သင့်သောတရားကို တိကျစွာ ဖော်ပြပါ။

ဣဿာစေတသိက် ဖြစ်ပါသည်။

* အကုသိုလ်စခန်း၌ အလွန်ဆိုးသွမ်း မိုက်မဲသောတရားကို တိကျစွာ ဖော်ပြပါ။

မောဟစေတသိက် ဖြစ်ပါသည်။

* သူတစ်ပါးကို အဖက်မတင် စိတ်ကြီးဝင်နေသောသူ၏ သန္တာန်၌ ဖြစ်သင့်သောတရားကို တိကျစွာ ဖော်ပြပါ။

မာနစေတသိက် ဖြစ်ပါသည်။

* 'မရှိလို့မလှူ၊ မလှူလို့ မရှိ'ဖြစ်ရခြင်း၏ အဓိကတရားခံကို အဘိဓမ္မာအမြင်အရ ဖော်ပြပါ။

လောဘစေတသိက် ဖြစ်ပါသည်။

* ဟစ်အော်ငေါက်ငမ်း ကြမ်းတမ်းစွာဆဲဆိုသောသူ၏သန္တာန်၌ ဖြစ်သင့်သော တရားကို တိကျစွာ ဖော်ပြပါ။

ဒေါသစေတသိက် ဖြစ်ပါသည်။

* အာရုံတစ်ခုတည်း၌ စိတ်မငြိမ်သက် ဟိုအာရုံရောက်, ဒီအာရုံရောက် ဖြစ်နေသောသူ၏သန္တာန်၌ ဖြစ်သင့်သောတရားကို တိကျစွာ ဖော်ပြပါ။

ဥဒ္ဓစ္စစေတသိက် ဖြစ်ပါသည်။

* အပါယ်မကျနိုင်သော အကုသိုလ်စေတသိက်ကို ရှင်းလင်းဖော်ပြပါ။

http://www.dhammadownload.com



ဥဒ္ဓစ္စသည် စိတ်ပျံ့လွင့်ခြင်း သဘောသာရှိ၍ မည်သည့်ဒုစရိုက်ကိုမျှ ထိထိမိမိ မပြုသောကြောင့် လောဘ,ဒေါသတို့ကဲ့သို့ အပါယ်ချနိုင်သော သတ္တိမရှိသည့်အတွက် အပါယ်မကျနိုင်သော အကုသိုလ်စေတသိက်ဟု ဆိုရပါသည်။

* အောက်ပါပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သင့်သောစေတသိက်တို့ကို အမည်မျှ ဖော်ပြပါ။

(က) စာကျက်စာအံ ဇွဲသန်သူ၊
(ခ) ရတနာသုံးပါး၌ ကြည်ညိုသူ၊
(ဂ) စာမေးပွဲ အောင်လိုသူ။

(က) ဝီရိယစေတသိက် ဖြစ်ပါသည်။
(ခ) သဒ္ဓါစေတသိက် ဖြစ်ပါသည်။
(ဂ) ဆန္ဒစေတသိက် ဖြစ်ပါသည်။

* အောက်ပါပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သင့်သောစေတသိက်တို့ကို အမည်မျှ ဖော်ပြပါ။

(က) စာမေးပွဲ ခိုးဖြေရန် မရွက်သူ၊
(ခ) စာမေးပွဲ ခိုးဖြေရန် ရွက်သူ၊
(ဂ) သည်းမခံတတ် ရန်ဖြစ်တတ်သူ။

(က) အဟိရိကစေတသိက် ဖြစ်ပါသည်။
(ခ) ဟိရီစေတသိက် ဖြစ်ပါသည်။
(ဂ) ဒေါသစေတသိက် ဖြစ်ပါသည်။

* 'မယုံတစ်ဝက်၊ ယုံတစ်ဝက်'ဖြစ်နေခြင်းသည် အဘယ်တရားပါနည်း? တိကျစွာ ဖော်ပြပါ။

http://www.dhammadownload.com



ဝိစိကိစ္ဆာ စေတသိက် ဖြစ်ပါသည်။

* 'အလုံးစုံကို အကုန်သိမြင် ဘုရားရှင်ဆိုတာ ဟုတ်မှဟုတ်ပါလေစ'ဟု ဖြစ်နေခြင်းသည် အဘယ်တရားပါနည်း? တိကျစွာ ဖော်ပြပါ။

ဝိစိကိစ္ဆာ စေတသိက် ဖြစ်ပါသည်။

* 'တမလွန်ဘဝဆိုတာ ရှိမှရှိပါလေစ'ဟု ဖြစ်နေခြင်းသည် အဘယ်တရားပါနည်း? တိကျစွာ ဖော်ပြပါ။

ဝိစိကိစ္ဆာ စေတသိက် ဖြစ်ပါသည်။

## ယုံမှားတိုင်း ဝိစိကိစ္ဆာ မဟုတ်

စာတစ်ပုဒ်ကိုဖြစ်စေ၊ အလုပ်ကိစ္စတစ်ခုကိုဖြစ်စေ၊ ခရီးသွားစဉ်လမ်းကိုဖြစ်စေ 'ဟုတ်မှဟုတ်ပါ့မလား၊ ပြုလို့တော်ပါ့မလား'ဟု ယုံမှားခြင်းများသည် ဝိစိကိစ္ဆာ မဟုတ်ပါ။ စဉ်းစားကြံစည်တတ်သောဉာဏ်နှင့် အကြံသက်သက် ဝိတက်သာ ဖြစ်ပါသည်။ အမှန်တကယ် ယုံကြည်ထိုက်သော ဘုရားစသည်တို့ကို မယုံသင်္ကာဖြစ်မှသာ ဝိစိကိစ္ဆာအစစ် ဖြစ်ပါသည်။

* အကြမ်းဖက်, လူသတ်ရန်အတွက် အဏုမြူလက်နက်များ တီထွင်ထုတ်လုပ်နေသော သိပ္ပံပညာရှင်၏သန္ဓာန်၌ ပညာဖြစ်/မဖြစ် စိစစ်ပြပါ။

အနိစ္စစသည်ဖြင့် ဟုတ်တိုင်းမှန်စွာ သိခြင်းကိုသာ ပညာဟုဆိုသောကြောင့် အထက်ပါ သိပ္ပံပညာရှင်၏သန္ဓာန်၌ ပညာမဖြစ်နိုင်ပါ။ ထက်မြက်စွာ ကြံစည်တတ်သော အကုသိုလ်ဝိတက်သာ ဖြစ်ပါသည်။

http://www.dhammadownload.com



* ထိုထိုကိစ္စ၌ ကိုယ်ရောစိတ်ပါ သွက်လက်ခြင်းမရှိဘဲ တွန့်ဆုတ်နေခြင်းသည် အဘယ်တရားများပါနည်း? တိကျစွာ ဖော်ပြပါ။

ထိနနှင့် မိဒ္ဓစေတသိက်တို့ ဖြစ်ပါသည်။

* မြတ်ဘုရားနှင့် တရား,သံဃာ ဂုဏ်အဖြာဖြာကို သက်ဝင်ယုံကြည်၍ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူသူ၏သန္တာန်၌ ဖြစ်သင့်သော တရားကို တိကျစွာ ဖော်ပြပါ။

သဒ္ဓါစေတသိက် ဖြစ်ပါသည်။

* အကြီးအကျယ် ပေးလှူသူကို 'သဒ္ဓါတရား ကောင်းလိုက်တာ'ဟုဆိုက သင့်/မသင့် အကြောင်းပြ ဖြေဆိုပါ။

ကံ,ကံ၏အကျိုးကို ယုံကြည်သောသူသာ အကြီးအကျယ် ပေးလှူနိုင်သောကြောင့် အကြီးအကျယ် ပေးလှူသူကို 'သဒ္ဓါတရား ကောင်းလိုက်တာ'ဟုဆိုက သင့်ပါသည်။

* ဘုရားတု, တရားတု, သံဃာတု, ဘိုးတော်, နတ်ကတော်များကို ယုံကြည်ခြင်းသည် သဒ္ဓါအစစ် ဟုတ်/မဟုတ် ရှင်းပြပါ။

သဒ္ဓါအစစ် မဟုတ်ပါ။ မိစ္ဆာဓိမောက္ခ၌ သဒ္ဓါအတုသာ ဖြစ်ပါသည်။

* အကုသိုလ်ဆိုင်ရာများကို အောက်မေ့ အမှတ်ရခြင်းသည် သတိ ဟုတ်/မဟုတ် အကြောင်းပြကာ ဖြေဆိုပါ။

ဘုရားအစရှိသော ကောင်းသောအာရုံ၌ အောက်မေ့အမှတ်ရခြင်းကိုသာ သတိဟုဆိုသောကြောင့် အကုသိုလ်ဆိုင်ရာများကို အောက်မေ့ အမှတ်ရခြင်းသည် သတိမဟုတ်ပါ။

* လောကပါလ (ကမ္ဘာစောင့်)တရား နှစ်ပါးဟူသည် အဘယ်

http://www.dhammadownload.com



ပါနည်း? တိကျစွာ ဖော်ပြပါ။

ဟိရီစေတသိက်နှင့် ဩတ္တပ္ပစေတသိက်တို့ ဖြစ်ပါသည်။

* ဒုစရိုက်အလုပ်ကို စက်ဆုပ်ရွံရှာ နှလုံးနာနေသော ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်သင့်သောတရားတို့ကို တိကျစွာ ဖော်ပြပါ။

ဟိရီစေတသိက်နှင့် ဩတ္တပ္ပစေတသိက်တို့ ဖြစ်ပါသည်။

* စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ရှိသူ၏သန္တာန်၌ ဖြစ်သင့်သော တရားကို တိကျစွာ ဖော်ပြပါ။

အလောဘစေတသိက် ဖြစ်ပါသည်။

* အရာရာ၌ သည်းခံလေ့ရှိသူ၊ ခွင့်လွှတ်တတ်သူတို့၌ ဖြစ်သင့် သောတရားကို တိကျစွာ ဖော်ပြပါ။

အဒေါသစေတသိက် ဖြစ်ပါသည်။

* ဆင်းရဲနွမ်းပါး ဒုက္ခိတသတ္တဝါများကို မြင်၍ ကယ်တင်ချင် သောသူ၏သန္တာန်၌ ဖြစ်သင့်သောတရားကို တိကျစွာ ဖော်ပြပါ။

ကရုဏာစေတသိက် ဖြစ်ပါသည်။

* ပြည့်စုံကြွယ်ဝ ချမ်းသာလှသောသူကို မြင်၍ ဝမ်းမြောက် ဝမ်းသာ ဖြစ်ခြင်းသည် အဘယ်တရားပါနည်း? ဖြေဆိုပါ။

မုဒိတာစေတသိက် ဖြစ်ပါသည်။

* ကိုယ်, စိတ်တို့၏ ရောဂါကို ပျောက်ကင်းအောင် ကုသနိုင် သော စေတသိက်တို့၏အမည်ကို တိကျစွာ ဖော်ပြပါ။

ကာယပါဂုညတာနှင့် စိတ္တပါဂုညတာတို့ ဖြစ်ပါသည်။

* အမြင်ကပ်သဖြင့် ကြက်တစ်ကောင်ကို သတ်ရန်ပြုပြီးမှ

http://www.dhammadownload.com



မသတ်တော့ဘဲ ရှောင်ကြဉ်သောသူအား အဘယ်ဝိရတီ ဖြစ်ပါသနည်း? ဖြေဆိုပါ။

သမ္မာကမ္မန္တ ဝိရတိ စေတသိက် ဖြစ်ပါသည်။

* အခြားစျေးသည်များ ပန်းသီးများကို မတရားစျေးတင်၍ ရောင်းချနေစဉ် စျေးမှန်ပြောကာ ရောင်းချအသက်မွေးနေသော မဖြူ၏သန္တာန်၌ ဖြစ်သင့်သောတရားကို တိကျစွာ ဖော်ပြပါ။

သမ္မာအာဇီဝဝိရတိ စေတသိက် ဖြစ်ပါသည်။

* အလှူပွဲစသည်တို့၌ တရားစကား ဆွေးနွေးခြင်းသည် သမ္မာဝါစာ ဖြစ်/မဖြစ် ရှင်းပြပါ။

ဝစီဒုစရိုက်မှ ရှောင်ကြဉ်မှု မရှိသောကြောင့် သမ္မာဝါစာ မဖြစ်ပါ။ သုဘာသိတဝါစာသာ ဖြစ်ပါသည်။

* 'အကာက အချစ်, အနှစ်က မေတ္တာ'ဟုဆိုကြရာ အကာနှင့်တူသော အချစ်၊ အနှစ်နှင့်တူသော မေတ္တာတို့၏ ပရမတ်အမည်မှန်ကို တိကျစွာ ဖော်ပြပါ။

အချစ်ကား– လောဘစေတသိက် ဖြစ်ပါသည်။

မေတ္တာကား– အဒေါသစေတသိက် ဖြစ်ပါသည်။

## သမ္မယောဂနည်း ခေါ်ပုံ

စိတ်နှင့် မကွေမကွာယှဉ်ကြကုန်သော စေတသိက်တို့၏ စိတ်တို့၌ အသီးအသီး ယှဉ်ပုံယှဉ်ဟန်ကို ပြသောနည်းကို 'သမ္မယောဂနည်း'ဟု ခေါ်ပါသည်။

**သာဓက**– တေသံ စိတ္တဝိယုတ္တာနံ၊ ယထာယောဂမိတော ပရံ။
စိတ္တုပ္ပါဒေသု ပစ္စေကံ၊ သမ္မယောဂေါ ပဝုစ္စတိ။

http://www.dhammadownload.com



**သမ္မယောဂနည်း (၁၆)ပါး**

အညသမာန်းစေတသိက်သမ္မယောဂနည်း = ၇ပါး၊
အကုသိုလ်စေတသိက်သမ္မယောဂနည်း = ၅ပါး၊
သောဘနစေတသိက်သမ္မယောဂနည်း = ၄ပါး။

* စေတသိက်သည် စိတ်နှင့်ကင်း၍ ဖြစ်နိုင်/မဖြစ်နိုင် သာဓက ဖြင့် ရှင်းပြပါ။

စေတသိက်သည် စိတ်နှင့်ကင်း၍ မဖြစ်နိုင်ပါ။

**သာဓက**– တေသံ စိတ္တဝိယုတ္တာနံ။

**စိတ်နှင့် စေတသိက်တို့၏ အာရုံယူပုံ အထူး**

စိတ်သည် စေတသိက်နှင့်ကင်း၍ အာရုံကို ယူနိုင်ပါသည်။

စေတသိက်သည် စိတ်နှင့်ကင်း၍ အာရုံကိုမယူနိုင်ပါ။ စိတ်ပါမှ အာရုံကို ယူနိုင်ပါသည်။ ဤသို့ ထူးပါသည်။

**သမ္မယောဂနည်း (၄)နည်း**

၁။ သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇)ပါးတို့သည် အလုံးစုံသော စိတ်၌ ယှဉ်ပုံယှဉ်နည်းသည် သဗ္ဗစိတ္တသာဓာရဏစေတသိက် သမ္မယောဂနည်း မည်၏။

၂။ ပကိဏ်းစေတသိက်(၆)ပါးတို့သည် ဒွေးပဉ္စဝိညာဉ်တစ်ဆယ်မှ တစ်ပါး အလုံးစုံသောစိတ်တို့၌ ထိုက်သည်အားလျော်စွာ ယှဉ်ပုံ ယှဉ်နည်းသည် ပကိဏ်းစေတသိက် သမ္မယောဂနည်း မည်၏။

၃။ အကုသိုလ်စေတသိက်(၁၄)ပါးတို့သည် အကုသိုလ်စိတ်(၁၂)ပါး တို့၌သာ ထိုက်သည်အားလျော်စွာ ယှဉ်ပုံယှဉ်နည်းသည် အကု သိုလ်စေတသိက် သမ္မယောဂနည်း မည်၏။

http://www.dhammadownload.com



၄။ သောဘနစေတသိက်(၂၅)ပါးတို့သည် သောဘနစိတ်တို့၌သာ ထိုက်သည်အားလျော်စွာ ယှဉ်ပုံယှဉ်နည်းသည် သောဘနစေတသိက် သမ္မယောဂနည်း မည်၏။

အကျဉ်းချုပ်အားဖြင့် သမ္မယောဂနည်း (၄)နည်းရှိသည်။

**သာဓက**– သတ္တ သဗ္ဗတ္ထ ယုဇ္ဇန္တိ၊ (ပ) သောဘနေသွေ သောဘနာ။

## အညသမာန်းစေတသိက် သမ္မယောဂနည်း(၇)ပါး

၁။ သဗ္ဗစိတ္တသာဓာရဏစေတသိက်(၇)ပါးသည် စိတ်အကျဉ်း(၈၉)ပါး၊ စိတ်အကျယ်(၁၂၁)ပါးတို့၌ ယှဉ်၏။ မယှဉ်သောစိတ်မရှိ။

၂။ ဝိတက်စေတသိက်သည် (၅၅)ပါးသောစိတ်တို့၌ ယှဉ်၏။

၃။ ဝိစာရစေတသိက်သည် (၆၆)ပါးသောစိတ်တို့၌ ယှဉ်၏။

၄။ အဓိမောက္ခစေတသိက်သည် (၇၈)ပါးသောစိတ်တို့၌ ယှဉ်၏။

၅။ ဝီရိယစေတသိက်သည် (၇၃)ပါးသောစိတ်တို့၌ ယှဉ်၏။

၆။ ပီတိစေတသိက်သည် (၅၁)ပါးသောစိတ်တို့၌ ယှဉ်၏။

၇။ ဆန္ဒစေတသိက်သည် (၆၉)ပါးသောစိတ်တို့၌ ယှဉ်၏။

## ဝိတက်နှင့်ယှဉ်သော စိတ်(၅၅)ပါး

(ကြွစည်မှု မကင်းသောစိတ်)

ဒွေးပဉ္စဝိညာဉ်(၁၀)ကြွင်ကာမစိတ် = ၄၄ပါး၊

ပထမဈာန်စိတ် = ၁၁ပါးတို့ ဖြစ်ပါသည်။

## ဝိတက်နှင့်မယှဉ်သော စိတ်(၆၆)ပါး

(ကြွစည်မှုနှင့် ကင်း၍ဖြစ်သောစိတ်)

ဒွေးပဉ္စဝိညာဏ် = ၁၀ပါး၊

ဒုတိယဈာန်စိတ် = ၁၁ပါး၊

တတိယဈာန်စိတ် = ၁၁ပါး၊

စတုတ္ထဈာန်စိတ် = ၁၁ပါး၊

http://www.dhammadownload.com



ပဋ္ဌမစျာန်စိတ် = ၂၃ပါးတို့ ဖြစ်ပါသည်။

**ဝိစာရနှင့်ယှဉ်သောစိတ် (၆၆)ပါး:**

(ကိုယ်ပိုင်သုံးသပ်ချက် ရှိသောစိတ်)

ဒွေးပဋ္ဌဝိညာဉ်(၁၀)ကြဉ်ကာမစိတ် = ၄၄ပါး၊

ပထမစျာန်စိတ် = ၁၁ပါး၊

ဒုတိယစျာန်စိတ် = ၁၁ပါးတို့ ဖြစ်ပါသည်။

**ဝိစာရနှင့် မယှဉ်သော စိတ်(၅၅)ပါး:**

(ကိုယ်ပိုင်သုံးသပ်ချက် မရှိသောစိတ်)

ဒွေးပဋ္ဌဝိညာဏ် = ၁၀ပါး၊

တတိယစျာန်စိတ် = ၁၁ပါး၊

စတုတ္ထစျာန်စိတ် = ၁၁ပါး၊

ပဋ္ဌမစျာန်စိတ် = ၂၃ပါးတို့ ဖြစ်ပါသည်။

**အဓိမောက္ခနှင့် ယှဉ်သောစိတ် (၇၈)ပါး:**

(ကိုယ်ပိုင်ဆုံးဖြတ်ချက် ရှိသောစိတ်)

ဝိစိကိစ္ဆာသဟဂတ်စိတ်ကြဉ်အကုသိုလ်စိတ်= ၁၁ပါး၊

ဒွေးပဋ္ဌဝိညာဉ်(၁၀)ကြဉ်အဟိတ်စိတ် = ၈ပါး၊

ကာမာဝစရသောဘနစိတ် = ၂၄ပါး၊

မဟဂ္ဂုတ်စိတ် = ၂၇ပါး၊

လောကုတ္တရာစိတ် = ၈ပါးတို့ ဖြစ်ပါသည်။

**အဓိမောက္ခနှင့် မယှဉ်သောစိတ် (၁၁)ပါး:**

(ကိုယ်ပိုင်ဆုံးဖြတ်ချက် မရှိသောစိတ်)

ဝိစိကိစ္ဆာသဟဂတ်စိတ် = ၁ပါး၊

ဒွေးပဋ္ဌဝိညာဏ်စိတ် = ၁၀ပါးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## ဝီရိယနှင့် ယှဉ်သောစိတ် (၇၃)ပါး

(ကိုယ်ပိုင်လုံ့လ ရှိသောစိတ်)

အကုသိုလ်စိတ် = ၁၂ပါး၊
မနောဒွါရာဝဇ္ဇန်းစိတ် = ၁ပါး၊
ဟသိတုပ္ပါဒ်စိတ် = ၁ပါး၊
ကာမာဝစရသောဘနစိတ်= ၂၄ပါး၊
မဟဂ္ဂုတ်စိတ် = ၂၇ပါး၊
လောကုတ္တရာစိတ် = ၈ပါးတို့ ဖြစ်ပါသည်။

## ဝီရိယနှင့် မယှဉ်သောစိတ် (၁၆)ပါး

(ကိုယ်ပိုင်လုံ့လ မရှိသောစိတ်)

ပဉ္စဒွါရာဝဇ္ဇန်းစိတ် = ၁ပါး၊
ဒွေးပဉ္စဝိညာဏ်စိတ် = ၁၀ပါး၊
သမ္ပဋိစ္ဆိန်းစိတ် = ၂ပါး၊
သန္တီရဏစိတ် = ၃ပါးတို့ ဖြစ်ပါသည်။

* နှစ်သက်မှုနှင့် အချစ်ပျက်မှု ပြိုင်တူဖြစ်နိုင်/မဖြစ်နိုင် သာဓက ဖြင့် ရှင်းပြပါ။

ပီတိသည် ဒေါသမူစိတ်၌ မယှဉ်သောကြောင့် နှစ်သက်မှုနှင့် အချစ်ပျက်မှု ပြိုင်တူ မဖြစ်နိုင်ပါ။

**သာဓက**– ပီတိ ဒေါမနဿုပေက္ခာ (ပ) ဝဇ္ဇိတစိတ္တေသု။

## ပီတိနှင့်ယှဉ်သောစိတ် (၅၁)ပါး

(နှစ်သက်မှု ရှိသောစိတ်)

လောဘမူသောမနဿသဟဂုတ်စိတ် = ၄ပါး၊
အဟိတ်သောမနဿသဟဂုတ်စိတ် = ၂ပါး၊

http://www.dhammadownload.com



ကာမာဝစရသောဘနသောမနဿ = ၁၂ပါး၊
ပထမစျာန် = ၁၁ပါး၊
ဒုတိယစျာန် = ၁၁ပါး၊
တတိယစျာန် = ၁၁ပါးတို့ ဖြစ်ပါသည်။

## ဝိတိနှင့် မယှဉ်သောစိတ် (၇၀)ပါး

(နှစ်သက်မှု မရှိသောစိတ်)

ဒေါမနဿသဟဂုတ်စိတ်= ၂ပါ၊
ကာယဝိညာဏ်စိတ် = ၂ပါ၊
ဥပေက္ခာသဟဂုတ်စိတ် = ၅၅ပါ၊
စတုတ္ထစျာန်စိတ် = ၁၁ပါးတို့ ဖြစ်ပါသည်။

## ဆန္ဒနှင့် ယှဉ်သောစိတ် (၆၉)ပါး

လောဘမူစိတ် = ၈ပါး၊
ဒေါသမူစိတ် = ၂ပါး၊
ကာမာဝစရသောဘနစိတ်= ၂၄ပါး၊
မဟဂ္ဂုတ်စိတ် = ၂၇ပါး၊
လောကုတ္တရာစိတ် = ၈ပါးတို့ ဖြစ်ပါသည်။

## ဆန္ဒနှင့် မယှဉ်သောစိတ် (၂၀)ပါး

မောဟမူစိတ် = ၂ပါး၊
အဟိတ်စိတ် = ၁၈ပါးတို့ ဖြစ်ပါသည်။

**မှတ်ချက်**။ ။ အဓိမောက္ခ၊ ဝီရိယ၊ ဆန္ဒတို့သည် စိတ်အကျဉ်း၌သာ ယှဉ်၍ ဝိတက်၊ ဝိစာရ၊ ပီတိတို့သည် စိတ်အကျယ်၌ ယှဉ်ကြ၏။

http://www.dhammadownload.com



## ပကိဏ်းစေတသိက် (၆)ပါး၊လုံးနှင့် ယှဉ်သောစိတ် (၂၇)ပါး

လောဘမူသောမနသ = ၄ပါး၊
ကာမာဝစရသောဘနသောမနသ= ၁၂ပါး၊
ပထမစျာန်စိတ် = ၁၁ပါးတို့ ဖြစ်ပါသည်။

## ပကိဏ်းစေတသိက် (၆)ပါး၊လုံးနှင့် မယှဉ်သောစိတ် (၁၀)ပါး

ဒွေးပဉ္စဝိညာဏ်တစ်ဆယ် ဖြစ်ပါသည်။

## သပ္ပိတိက သုခသဟဂုတ်စိတ် (၅၁)ပါး

ပီတိစေတသိက်နှင့်ယှဉ်သောစိတ် (၅၁)ပါးပင် ဖြစ်ပါသည်။

## နိပ္ပီတိက သုခသဟဂုတ်စိတ် (၁၂)ပါး

သုခသဟဂုတ်ကာယဝိညာဏ်စိတ်= ၁ပါး၊
စတုတ္ထစျာန်စိတ် = ၁၁ပါးတို့ ဖြစ်ပါသည်။
**သာဓက**– ပီတိ ဒေါမနဿုပေက္ခာ (ပ) ဝဇ္ဇိတစိတ္တေသု။

## ပကိဏ်းစေတသိက် (၆)ပါးတို့ မယှဉ်သည့်စိတ် အရေအတွက်ပြဂါထာ

တေ ပန စိတ္တာပ္ပါဒါ ယထာက္ကမံ =
ဆသင်္ဌိ ပဉ္စပညာသ၊ (ပ) ပကိဏ္ဏကာ ဝိဝဇ္ဇိတာ။

## ပကိဏ်းစေတသိက် (၆)ပါးတို့ ယှဉ်သည့်စိတ် အရေအတွက်ပြဂါထာ

ပဉ္စပညာသ ဆသင်္ဌိ၊ (ပ) သတ္တတိ သပကိဏ္ဏကာ။

http://www.dhammadownload.com



## ပကိဏ်းစေတသိက်(၆)ပါးတို့ကို မယှဉ်သောစိတ် ယှဉ်သောစိတ်များနှင့် တွဲစပ်ပုံ

| စေတသိက် | မယှဉ်စိတ် | ယှဉ်စိတ် | ပေါင်း |
|---|---|---|---|
| ဝိတက် | ၆၆-ဆသင်္ခိ | ၅၅-ပဉ္စပညာသ | ၁၂ |
| ဝိစာရ | ၅၅-ပဉ္စပညာသ | ၆၆-ဆသင်္ခိ | ၁၂ |
| အဓိမောက္ခ | ၁၁-ဧကာဒသ | ၇၈-အဋ္ဌသတ္တတိ | ၈၉ |
| ဝီရိယ | ၁၆-သောဠသ | ၇၃-ဧကသတ္တတိ | ၈၉ |
| ပီတိ | ၇၀-သတ္တတိ | ၅၁-ဧကပညာသ | ၁၂ |
| ဆန္ဒ | ၂၀-ဝီသတိ | ၆၉-ဧကူနသတ္တတိ | ၈၉ |

## ဝိတက်နှင့် ဝိစာရတို့၏ ယှဉ်ရာစိတ်များကို စက်လှည့်ပုံ

၁။ ဝိတက်သာယှဉ်၍ ဝိစာရနှင့်မယှဉ်သောစိတ်– မရှိပါ။

၂။ ဝိစာရနှင့်သာယှဉ်၍ ဝိတက်နှင့်မယှဉ်သောစိတ်– ဒုတိယစျာန်စိတ်(၁၁)ပါး ဖြစ်ပါသည်။

၃။ ဝိတက်, ဝိစာရနှစ်ပါးစုံ ယှဉ်သောစိတ်– ဒွေးပဉ္စဝိညာဏ်တစ်ဆယ်ကြဉ် ကာမစိတ်(၄၄)ပါး၊ပထမစျာန်စိတ်(၁၁)ပါးတို့ ဖြစ်ပါသည်။

၄။ ဝိတက်, ဝိစာရနှစ်ပါးစုံ မယှဉ်သောစိတ်– ဒွေးပဉ္စဝိညာဏ်(၁၀)ပါး၊ တတိယစျာန်စိတ်(၁၁)ပါး၊ စတုတ္ထစျာန်စိတ်(၁၁)ပါး၊ ပဉ္စမစျာန်စိတ်(၂၃)ပါးတို့ ဖြစ်ပါသည်။

**အမှာ**– အထက်ပါနည်းအတိုင်း ကျန်စေတသိက်တို့ကိုလည်း စက်လှည့်ပါ။

အညသမာန်းစေတသိက်သမ္မယောဂနည်း ပြီး၏။

❑❑❑❑❑

http://www.dhammadownload.com



## အကုသိုလ်စေတသိက်သမ္မယောဂနည်း(၅)ပါး

၁။ မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စဟူသော စေတသိက်(၄)ပါး တို့သည် အကုသိုလ်စိတ်(၁၂)ပါးလုံး၌ ယှဉ်၏။
(သဗ္ဗာပုညေသု စတ္တာရော–အရ ဖြစ်၏။)

၂။ လောဘစေတသိက်သည် လောဘမူစိတ်(၈)ပါး၌သာ ယှဉ်၏။

၃။ ဒိဋ္ဌိစေတသိက်သည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်(၄)ပါး၌သာ ယှဉ်၏။

၄။ မာနစေတသိက်သည် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် (၄)ပါး၌သာ ယှဉ်၏။
(လောဘမူလေ တယော ဂတာ–အရ ဖြစ်၏။)

၅။ ဒေါသ, ကြာသာ, မစ္ဆရိယ, ကုက္ကုစ္စစေတသိက် လေးပါးတို့သည် ဒေါသမူစိတ်(၂)ပါး၌သာ ယှဉ်ကုန်၏။
(ဒေါသမူလေသု စတ္တာရော–အရ ဖြစ်၏။)

၆။ ထိန, မိဒ္ဓစေတသိက်နှစ်ပါးတို့သည် အကုသိုလ်သသင်္ခါရိကစိတ် (၅)ပါး၌သာ ယှဉ်ကုန်၏။
(သသင်္ခါရေ ဒွယံ တထာ–အရ ဖြစ်၏။)

၇။ ဝိစိကိစ္ဆာစေတသိက်သည် ဝိစိကိစ္ဆာသဟဂုတ် စိတ်၌သာယှဉ်၏။
(ဝိစိကိစ္ဆာ ဝိစိကိစ္ဆာစိတ္တေစ–အရ ဖြစ်၏။)

* 'တွေ့တိုင်းမရှောင် ဒုစရိုက်ကောင်'ဟု အထူးပြု ပြောဆိုရလောက်အောင် အကုသိုလ်စိတ် (၁၂)ပါးလုံးနှင့်ယှဉ်, အကုသိုလ်ဒုစရိုက်လုပ်တိုင်း ပါဝင်နေသော စေတသိက်တို့ကို သာဓကပြ၍ ဖြေဆိုပါ။

မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စစေတသိက်တို့ ဖြစ်ပါသည်။

**သာဓက**– အကုသလေသု ပန မောဟော (၁) လဗ္ဘန္တိ။

* 'တစ်မိုးအောက်မှာ တစ်ယောက်ထဲ'ဟု တင်စားရလောက်

http://www.dhammadownload.com



အောင် စိတ်အများနှင့်မယှဉ် စိတ်တစ်ပါးနှင့်သာယှဉ်သော စေတသိက်ကို သာဓကဖြင့် တိကျစွာ ဖော်ပြပါ။

ဝိစိကိစ္ဆာစေတသိက် ဖြစ်ပါသည်။

**သာဓက**– ဝိစိကိစ္ဆာ ဝိစိကိစ္ဆာသဟဂတစိတ္တေယေဝါတိ။

## အကုသိုလ်စေတသိက် သမ္မယောဂနည်း(၅)ပါးကို အကျဉ်းချုပ် ရေတွက်ပြသော သင်္ဂဟဂါထာ

သဗ္ဗာပုညေသု စတ္တာရော၊ (ပ) သမ္မယုဇ္ဇန္တိ ပဉ္စဓာ။

## 'လောဘမူလေ တယော ဂတာ'၏ အကျယ်ပြပါဠိ

လောဘော အဋ္ဌသု လောဘသဟဂတစိတ္တေသွေဝ လဗ္ဘတိ။

ဒိဋ္ဌိ စတူသု ဒိဋ္ဌဂတသမ္မယုတ္တေသု။

မာနော စတူသု ဒိဋ္ဌိဂတဝိပ္ပယုတ္တေသု။

## မောဟနှင့် လောဘတို့၏ ယှဉ်ရာစိတ်များကို စက်လှည့်ပုံ

၁။ မောဟနှင့်သာယှဉ်၍ လောဘနှင့် မယှဉ်သောစိတ်– ဒေါသမူစိတ်(၂)ပါး၊ မောဟမူစိတ်(၂)ပါးတို့ ဖြစ်ပါသည်။

၂။ လောဘနှင့်သာယှဉ်၍ မောဟနှင့်မယှဉ်သောစိတ်–မရှိပါ။

၃။ မောဟ, လောဘ နှစ်ပါးစုံနှင့်ယှဉ်သောစိတ်– လောဘမူစိတ်(၈)ပါး ဖြစ်ပါသည်။

၄။ မောဟ, လောဘ နှစ်ပါးစုံနှင့်မယှဉ်သောစိတ်– အဟိတ်စိတ်(၁၈)ပါး၊ ကာမာဝစရစိတ်(၂၄)ပါး၊ မဟဂ္ဂုတ်စိတ်(၂၇)ပါး၊ လောကုတ္တရာစိတ်(၈)ပါးတို့ ဖြစ်ပါသည်။

အကုသိုလ်စေတသိက်သမ္မယောဂနည်း ပြီး၏။

❑❑❑❑❑

http://www.dhammadownload.com



## သောဘနစေတသိက်သမ္မယောဂနည်း(၄)ပါး

၁။ သောဘနသာဓာရဏစေတသိက် (၁၉)ပါးတို့သည် သောဘန စိတ်အကျဉ်း(၅၉)ပါး၊ အကျယ်(၉၁)ပါးတို့၌ ယှဉ်ကုန်၏။ (ဧကူနဝိသတိမ္မာ ဇာယန္တေ ကူနသဋ္ဌိသု-အရ)

၂။ ဝိရတိစေတသိက်(၃)ပါးတို့သည် လောကုတ္တရာစိတ်(၈)ပါး၊ မဟာကုသိုလ်စိတ်(၈)ပါးတို့၌ ယှဉ်ကုန်၏။ (တယော သောဠသ စိတ္တေသု-အရ)

၃။ အပ္ပမညာစေတသိက်နှစ်ပါးတို့သည် ပဉ္စမဈာန်ကြဉ် မဟဂ္ဂုတ်စိတ်(၁၂)ပါး၊ မဟာကုသိုလ်စိတ်(၈)ပါး၊ မဟာကြိယာစိတ်(၈)ပါးတို့၌ ယှဉ်ကုန်၏။ (အဋ္ဌဝိသတိယံ ဒွယံ-အရ)

၄။ ပညာစေတသိက်သည် ဉာဏသမ္မယုတ် ကာမာဝစရသောဘန စိတ်(၁၂)ပါး၊ မဟဂ္ဂုတ်လောကုတ္တရာစိတ်(၃၅)ပါးတို့၌ ယှဉ်ကုန်၏။ (ပညာ ပကာသိတာ သတ္တ-စတ္တာလီသဝိဓေသုပိ-အရ)

## ဝိရတိစေတသိက်(၃)ပါးတို့ ယှဉ်ပုံအထူးကို ပေါ်လွင်အောင် ရေးနည်း

ဝိရတိစေတသိက်(၃)ပါးသည် လောကုတ္တရာစိတ်(၈)ပါး၌ အမြဲတမ်း တစ်ပြိုင်နက် ယှဉ်ပါသည်။

ဝိရတိစေတသိက်(၃)ပါးသည် မဟာကုသိုလ်စိတ်(၈)ပါး၌ တစ်ရံတစ်ခါ အသီးအသီး ယှဉ်ပါသည်။

## ဝိရတိ (၃)မျိုး

ဝိရတိသည် မဟာကုသိုလ်စိတ်၌ ယှဉ်သော လောကီဝိရတိ၊ လောကုတ္တရာစိတ်၌ယှဉ်သော လောကုတ္တရာဝိရတိ-ဟု နှစ်မျိုးရှိပါသည်။

http://www.dhammadownload.com



'လောကိယေသု ပန ကာမာဝစရကုသလေသွေဝ ကဒါစိ သန္နိဿန္တိ ဝိသုံ ဝိသုံ'ကိုထောက်၍ လောကီဝိရတီသည် အနိယတ ယောဂီ (နာနာ ကဒါစိ)ဖြစ်၍ 'ဝိရတိယော ပန တိသောပိ လောကုတ္တရစိတ္တေသု သဗ္ဗထာပိ နိယတာ ဧကတောဝ လဗ္ဘန္တိ'ကို ထောက်၍ လောကုတ္တရာဝိရတီကား နိယတယောဂီ ဖြစ်ပါသည်။

* အနိယတယောဂီဖြစ်ပါလျက် နိယတယောဂီ ဖြစ်ခွင့်ရှိသော စေတသိက်ကို သာဓကဖြင့် ရှင်းပြပါ။

ဝိရတီစေတသိက်သုံးပါးသည် အနိယတယောဂီ ဖြစ်ပါသော်လည်း လောကုတ္တရာစိတ်၌ အမြဲယှဉ်သောကြောင့် နိယတယောဂီ ဖြစ်ခွင့်ရှိပါသည်။

**သာဓက**– ဝိရတိယော ပန (ပ) နိယတာ ဧကတောဝ လဗ္ဘန္တိ။

## ဝိရတိနှစ်မျိုး အထူး

လောကုတ္တရာဝိရတီသည် ဒုစရိုက်,ဒုရာဇီဝဟူသမျှကို အကုန်အစဉ် ပယ်ရှားရှောင်ကြဉ်နိုင်ပါသည်။

လောကီဝိရတီသည် ဒုစရိုက် ဒုရာဇီဝတို့ကို တစ်စိတ်တစ်ဒေသ အသီးအသီးသာ ရှောင်ကြဉ်နိုင်ပါသည်။ ဤသို့ ထူးပါသည်။

## ဝိရတီစေတသိက်(၃)ပါး မဟာကုသိုလ်စိတ်၌ တစ်ရံတစ်ခါနှင့် အသီးအသီး ယှဉ်ပုံ

ဝိရတိစေတသိက်(၃)ပါးတို့သည် မဟာကုသိုလ်စိတ်၌ ယှဉ်သောအခါ ဒုစရိုက်,ဒုရာဇီဝတို့မှ ရှောင်ကြဉ်ရာ တစ်ရံတစ်ခါ၌သာ ယှဉ်ကြ၏။ ဘုရားဖူးခြင်း တရားနာခြင်းစသည်တို့၌ မဟာကုသိုလ်စိတ်တွေ ဖြစ်နေသော်လည်း ရှောင်ကြဉ်စရာ ဒုစရိုက်များ မရှိသောကြောင့် ဝိရတိများ မယှဉ်နိုင်ပါ။

http://www.dhammadownload.com



ထိုသို့ တစ်ရံတစ်ခါသာ ယှဉ်ပြန်သော်လည်း အသီးအသီး တစ်ပါးစီသာ ယှဉ်၏။ ဝစီဒုစရိုက်မှ ရှောင်ကြဉ်၍ သမ္မာဝါစာ ယှဉ်ခိုက် သမ္မာကမ္မန္တနှင့် သမ္မာအာဇီဝတို့ မယှဉ်ကြ၊ ကာယဒုစရိုက်မှ ရှောင်ကြဉ်၍ သမ္မာကမ္မန္တ ယှဉ်ခိုက် သမ္မာဝါစာနှင့် သမ္မာအာဇီဝတို့ မယှဉ်ကြ၊ ဒုရာဇီဝ (မတရား အသက်မွေးမှု)မှ ရှောင်ကြဉ်၍ သမ္မာအာဇီဝယှဉ်ခိုက် သမ္မာဝါစာနှင့် သမ္မာကမ္မန္တတို့ မယှဉ်ကြပါ။

## ဝိရတီစေတသိက်(၃)ပါး လောကုတ္တရာစိတ်၌ အမြဲတမ်းနှင့် တစ်ပြိုင်နက် ယှဉ်ပုံ

ဝိရတီစေတသိက်(၃)ပါးတို့သည် လောကုတ္တရာစိတ်၌ ယှဉ်ရာဝယ် လောကုတ္တရာစိတ် ဖြစ်တိုင်းဖြစ်တိုင်းမှာ အမြဲတမ်းယှဉ်လျက် ပါဝင်ပါသည်။

ထိုသို့ အမြဲတမ်းယှဉ်ရာ၌ အတူတကွ သုံးပါးစလုံးတစ်ပြိုင်နက် ယှဉ်ကြပါသည်။

### အပွမညာဒွေး၌ ယှဉ်သောစိတ်များ

**သမာနဝါဒအရ** –

ပဋ္ဌမစျာန်ကြဉ်မဟဂ္ဂုတ်စိတ်= ၁၂ပါး၊
မဟာကုသိုလ်စိတ် = ၈ပါး၊
မဟာကြိယာစိတ် = ၈ပါး၊
ပေါင်း(၂၈)ပါး၌ ယှဉ်ပါသည်။

**ကေစိဝါဒအရ** –

ပဋ္ဌမစျာန်ကြဉ်မဟဂ္ဂုတ်စိတ် = ၁၂ပါး၊
မဟာကုသိုလ်သောမနဿ = ၄ပါး၊
မဟာကြိယာသောမနဿ = ၄ပါး၊
ပေါင်း(၂၀)ပါး၌ ယှဉ်ပါသည်။

http://www.dhammadownload.com



## အပွမညာဒွေး ကဒါစိ (တစ်ရံတစ်ခါ)နှင့် နာနာ(အသီးအသီး) ယှဉ်ပုံ

အပွမညာဒွေးသည် သတ္တဝါပညတ်ကို အာရုံပြု၍ သနားမှု, ဝမ်းမြောက်မှု ဖြစ်သည့်အခါ ယှဉ်၏။ ဘုရားစသည်ကို အာရုံပြုသည့်အခါ မယှဉ်။

ထိုသို့ တစ်ရံတစ်ခါသာ ယှဉ်ပြန်သော်လည်း နှစ်ပါးစုံ မယှဉ်နိုင်။ အသီးအခြား တစ်ပါးစီသာ ယှဉ်သည်။ ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားသောအခါ ကရုဏာသာယှဉ်၍ မုဒိတာမယှဉ်ပါ။ သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်သောအခါ မုဒိတာသာယှဉ်၍ ကရုဏာ မယှဉ်ပါ။

* ဒုက္ခရောက်နေသူကို သနားက ကုသိုလ်ရ/မရ သာဓကဖြင့် ရှင်းပြပါ။

ကရုဏာစေတသိက်သည် မဟာကုသိုလ်စိတ်၌ ယှဉ်သောကြောင့် ဒုက္ခရောက်နေသူကို သနားက ကုသိုလ်ရပါသည်။

**သာဓက**– အပွမညာယော ပန (ပ) နာနာ ဟုတ္တာ ဇာယန္တိ။

* လူတို့နှုတ်ဖျား အပြောများလှသော 'ကရုဏာဒေါသော'ဟူသည် အဘိဓမ္မာသဘာဝအရ ရှိနိုင်/မရှိနိုင် စိစစ်ပြပါ။

ကရုဏာစေတသိက်သည် ဒေါသမူစိတ်၌ မယှဉ်သောကြောင့် 'ကရုဏာဒေါသော'ဟူသည် အဘိဓမ္မာသဘာဝအရ မရှိနိုင်ပါ။

## နိယတယောဂီနှင့် အနိယတယောဂီ ခေါ်ပုံ

ယှဉ်ဖက်စိတ်ဖြစ်တိုင်း အမြဲယှဉ်လျက်ရှိသော စေတသိက်ကို 'နိယတယောဂီ'ဟု ခေါ်ပါသည်။

ယှဉ်ဖက်စိတ်ဖြစ်တိုင်း အမြဲမယှဉ်ဘဲ တစ်ရံတစ်ခါသာ ယှဉ်နိုင်

http://www.dhammadownload.com



သော စေတသိက်ကို 'အနိယတယောဂီ'ဟု ခေါ်ပါသည်။

**အနိယတယောဂီစေတသိက် (၁၁)ပါး**

ကြသာ, မစ္ဆရိယ, ကုက္ကုစ္စစေ = ၃ပါး၊
ဝိရတီစေတသိက် = ၃ပါး၊
ကရုဏာ, မုဒိတာစေတသိက် = ၂ပါး၊
မာနစေတသိက် = ၁ပါး၊
ထိန, မိဒ္ဓစေတသိက် = ၂ပါးတို့ ဖြစ်ပါသည်။

**သာဓက**– ကြသာမစ္ဆေရကုက္ကုစ္စ (ပ) ထိန မိဒ္ဓံ တထာ သဟ။

**နိယတယောဂီစေတသိက် (၄၁)ပါး**

အညသမာန်းစေတသိက် = ၁၃ပါး၊
မောစတုက်စေတသိက် = ၄ပါး၊
လောဘ, ဒိဋ္ဌ, ဒေါသ, ဝိစိကိစ္ဆာ = ၄ပါး၊
သောဘနသာဓာရဏစေတသိက် = ၁၉ပါး၊
ပညာစေတသိက် = ၁ပါးတို့ ဖြစ်ပါသည်။

**သာဓက**– ယထာဝုတ္တာနုသာရေန၊ (ပ) တေသံ ဒါနိ ယထာရဟံ။

**အနိယတယောဂီစေတသိက်(၁၁)ပါးကို**
**သုံးမျိုးသုံးစား ခွဲပုံ**

၁။ နာနာကဒါစိ (အသီးအသီး တစ်ရံတစ်ခါသာဖြစ်သော) စေတသိက်– ကြသာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိရတီ–၃၊ အပ္ပမညာ–၂။
၂။ ကဒါစိ (တစ်ရံတစ်ခါသာဖြစ်သော)စေတသိက်– မာန။
၃။ သဟ ကဒါစိ (တစ်ရံတစ်ခါသာ ဖြစ်သော်လည်း အတူတကွ ဖြစ်သော) စေတသိက်– ထိန၊ မိဒ္ဓ။

* 'ကြသာမစ္ဆေရကုက္ကုစ္စ– ဝိရတိ ကရုဏာဒယော'၌ ဝိရတီ

http://www.dhammadownload.com



အရဏ်ကို သာဓကနှင့်တကွ ကောက်ပြပါ။

ဝိရတီအရ– လောကီဝိရတီသာ ရပါသည်။

**သာဓက**– ဝိရတီယော ပန (ပ) သန္နိဿန္တိ ဝိသုံ ဝိသုံ။

## အနိယတယောဂီ, နိယတယောဂီတို့၌ စက်လှည့်ပုံ

၁။ အနိယတယောဂီသာမည်သော စေတသိက်–
ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ အပ္ပမညာ–၂၊ မာန၊ ထိန၊ မိဒ္ဓ။

၂။ နိယတယောဂီသာမည်သော စေတသိက်–
နိယတယောဂီစေတသိက် (၄၁)ပါး။

၃။ နှစ်ပါးစုံမည်သော စေတသိက်–ဝိရတီစေတသိက်–၃ပါး။

၄။ နှစ်ပါးစုံမမည်သော စေတသိက်– မရှိပါ။

## ဝိသေသကနှင့် အနိယတယောဂီ စက်လှည့်ပုံ

၁။ ဝိသေသကသာမည်၍ အနိယတယောဂီ မမည်သော
စေတသိက်– ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ပညာ။

၂။ အနိယတယောဂီသာမည်၍ ဝိသေသက မမည်သော
စေတသိက်– မာန၊ ထိန၊ မိဒ္ဓ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ။

၃။ နှစ်ပါးစုံမည်သော စေတသိက်– ဝိရတိစေတသိက်–၃ပါး၊
အပ္ပမညာ(၂)ပါး။

၄။ နှစ်ပါးစုံမမည်သောစေတသိက်–ကျန်စေတသိက် (၃၆)ပါး။

## စိတ်အများဆုံးနှင့် ယှဉ်သောစေတသိက်

သဗ္ဗစိတ္တသာဓာရဏာ စေတသိက်(၇)ပါး ဖြစ်ပါသည်။

## စိတ်အနည်းဆုံးနှင့် ယှဉ်သောစေတသိက်

ဝိစိကိစ္ဆာစေတသိက်(၁)ပါး ဖြစ်ပါသည်။

သမ္မယောဂနည်း ပြီး၏။

❑❑❑❑❑

http://www.dhammadownload.com



## သင်္ဂဟနည်း ခေါ်ပုံ

စိတ်တစ်မျိုးတစ်မျိုး၌ ယှဉ်ထိုက်သမျှ စေတသိက်တို့ကို ပေါင်း၍ ယူကြောင်းနည်းကို 'သင်္ဂဟနည်း'ဟု ခေါ်ပါသည်။

## သင်္ဂဟနည်း (၃၃)ပါး

လောကုတ္တရာစိတ်သင်္ဂဟနည်း = ၅ပါး၊
မဟဂ္ဂုတ်စိတ်သင်္ဂဟနည်း = ၅ပါး၊
ကာမာဝစရသောဘနစိတ်သင်္ဂဟနည်း = ၁၂ပါး၊
အကုသိုလ်စိတ်သင်္ဂဟနည်း = ၇ပါး၊
အဟိတ်စိတ်သင်္ဂဟနည်း = ၄ပါး၊ တို့ဖြစ်ပါသည်။

## သင်္ဂဟနည်းအတွက် အထူးမှတ်ချက်

| | | |
|---|---|---|
| အကုသိုလ်စိတ်–၁၂ | အဟိတ်စိတ်–၁၈ | သောဘနစိတ်–၅၉ |
| ↓ | ↓ | ↓ |
| အကုသိုလ်စေ–၁၄ | အညသမာန်းစေ–၁၃ | သောဘနစေ–၂၅ |

**ရှင်းချက်**။ ။ သင်္ဂဟနည်းအရ စိတ်တစ်ခုခု၌ စေတသိက် မည်မျှ ယှဉ်နိုင်သည်ဟု သိလိုလျှင်–

၁။ စိတ်သည် အကုသိုလ်စိတ် ဖြစ်ပါက အကုသိုလ်စေတသိက် (၁၄)ပါးနှင့် အညသမာန်းစေတသိက် (၁၃)ပါးတို့တွင်သာ ရှာဖွေပါ။

၂။ အဟိတ်စိတ် ဖြစ်ပါက အညသမာန်းစေတသိက်(၁၃)ပါးတွင်သာ ရှာဖွေပါ။

၃။ သောဘနစိတ် ဖြစ်ပါက သောဘနစေတသိက် (၂၅)ပါးနှင့် အညသမာန်းစေတသိက်(၁၃)ပါးတို့တွင်သာ ရှာဖွေပါ။

http://www.dhammadownload.com



## သင်္ဂဟနည်း အကျဉ်း(၅)နည်း

၁။ လောကုတ္တရာစိတ်(၈)ပါး၌ (၃၆)ပါးသောစေတသိက်တို့ယှဉ်နည်း။
၂။ မဟဂ္ဂုတ်စိတ်(၂၇)ပါး၌ (၃၅)ပါးသောစေတသိက်တို့ယှဉ်နည်း။
၃။ ကာမာဝစရသောဘနစိတ်(၂၄)ပါး၌ (၃၈)ပါးသောစေတသိက်တို့ ယှဉ်နည်း။
၄။ အကုသိုလ်စိတ်(၁၂)ပါး၌ (၂၇)ပါးသော စေတသိက်တို့ ယှဉ်နည်း။
၅။ အဟိတ်စိတ်(၁၈)ပါး၌ (၁၂)ပါးသောစေတသိက်တို့ ယှဉ်နည်း။

## သင်္ဂဟနည်း(၅)နည်း၏ အကျဉ်းချုပ်ဥဒ္ဒေသပြဂါထာ

ဆတ္တိံသာနုတ္တရေ ဓမ္မာ၊ (ပ) ပဉ္စဓာ တတ္ထ သင်္ဂဟော။

### လောကုတ္တရာစိတ် သင်္ဂဟနည်း(၅)ပါး

### လောကုတ္တရာ ပထမစျာန်စိတ်(၈)ပါး၌ ယှဉ်သောစေတသိက် (၃၆)ပါး

အညသမာန်းစေတသိက် = ၁၃ပါး၊
အပွဓမညာကြဉ်သောဘနစေ = ၂၃ပါးတို့ ဖြစ်ပါသည်။

### လောကုတ္တရာဒုတိယစျာန်စိတ်(၈)ပါး၌ ယှဉ်သောစေတသိက် (၃၅)ပါး

ဝိတက်ကြဉ် အညသမာန်းစေ = ၁၂ပါး၊
အပွဓမညာကြဉ် သောဘနစေ = ၂၃ပါးတို့ ဖြစ်ပါသည်။

### လောကုတ္တရာတတိယစျာန်စိတ်(၈)ပါး၌ ယှဉ်သောစေတသိက် (၃၄)ပါး

ဝိတက်,ဝိစာရကြဉ်အညသမာန်းစေ= ၁၁ပါး၊
အပွဓမညာကြဉ် သောဘနစေ = ၂၃ပါးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## လောကုတ္တရာ စတုတ္ထစျာန်စိတ်(၈)ပါး၌
## ယှဉ်သောစေတသိက် (၃၃)ပါး

ဝိတက်၊ဝိစာရ၊ပီတိကြဉ်အညသမာန်းစေ = ၁၀ပါး၊
အပွမညာကြဉ် သောဘနစေတသိက် = ၂၃ပါးတို့ ဖြစ်ပါသည်။

## လောကုတ္တရာ ပဉ္စမစျာန်စိတ်(၈)ပါး၌
## ယှဉ်သောစေတသိက် (၃၃)ပါး

ဝိတက် ဝိစာရ ပီတိကြဉ်အညသမာန်းစေ = ၁၀ပါး၊
အပွမညာကြဉ် သောဘနစေတသိက် = ၂၃ပါးတို့ ဖြစ်ပါသည်။

### အထူး မှတ်ဖွယ်

စတုတ္ထစျာန်စိတ်၌ယှဉ်သော စေတသိက်(၃၃)ပါးသည် သုခ ဝေဒနာနှင့်တကွဖြစ်ပါသည်။ ပဉ္စမစျာန်စိတ်၌ယှဉ်သော စေတသိက် (၃၃)ပါးသည် ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ပါသည်။

**သာဓက**–ပဉ္စမဈာနိကစိတ္တေသုပိ ဥပေက္ခာသဟဂတာ တေဧဝ သင်္ခိတ္တာ။

## စတုတ္ထစျာန်၏ အပြားအားဖြင့်
## လောကုတ္တရာစိတ် သင်္ဂဟနည်း (၄)ပါး

၁။ ပထမစျာန်စိတ်၌ စေတသိက်(၃၆)ပါး ယှဉ်ပုံတစ်နည်း။
၂။ ဒုတိယစျာန်စိတ်၌ စေတသိက်(၃၄)ပါး ယှဉ်ပုံတစ်နည်း။
၃။ တတိယစျာန်စိတ်၌ စေတသိက်(၃၃)ပါး ယှဉ်ပုံတစ်နည်း။
၄။ စတုတ္ထစျာန်စိတ်၌ စေတသိက်(၃၃)ပါး ယှဉ်ပုံတစ်နည်းတို့ ဖြစ်ပါသည်။

* 'ဒုက္ခိတသတ္တဝါပညတ်ကို သနားမှုရှိမှ မဂ်ဖိုလ်ရ'ဟူသော စကား မှန်/မမှန် သာဓကဖြင့် ရှင်းပြပါ။

http://www.dhammadownload.com



လောကုတ္တရာစိတ်၌ ကရုဏာစေတသိက် မယှဉ်သောကြောင့် 'ဒုက္ခိတသတ္တဝါပညတ်ကို သနားမှုရှိမှ မင်္ဂိုလ်ရ'ဟူသောစကား မမှန်ပါ။

**သာဓက**– လောကုတ္တရေသု တာဝ အဋ္ဌသု (ပ) သင်္ဂဟံ ဂစ္ဆန္တီ။

**အမှာ**– လောကုတ္တရာစိတ်၌ အများဆုံး, တစ်ပြိုင်နက်, အမြဲတမ်းယှဉ်သော စေတသိက်အရေအတွက်မှာ အတူတူပင် ဖြစ်သည်။ အကြောင်းကား လောကုတ္တရာစိတ်၌ အနိယတယောဂီဖြစ်သော ဝိရတိစေတသိက်သုံးပါး အမြဲယှဉ်သောကြောင့်တည်း။

လောကုတ္တရာစိတ်သင်္ဂဟနည်း ပြီး၏။

❑❑❑❑❑

## မဟဂ္ဂုတ်စိတ်သင်္ဂဟနည်း (၅)ပါး

### မဟဂ္ဂုတ်ပထမစျာန်စိတ်(၃)ပါး၌ ယှဉ်သော စေတသိက် (၃၅)ပါး

အညသမာန်းစေတသိက် = ၁၃ပါး၊
ဝိရတီကြဉ် သောဘနစေ = ၂၂ပါးတို့ ဖြစ်ပါသည်။

### မဟဂ္ဂုတ်ဒုတိယစျာန်စိတ်(၃)ပါး၌ ယှဉ်သော စေတသိက် (၃၄)ပါး

ဝိတက်ကြဉ်အညသမာန်းစေ = ၁၂ပါး၊
ဝိရတီကြဉ် သောဘနစေ = ၂၂ပါးတို့ ဖြစ်ပါသည်။

### မဟဂ္ဂုတ်တတိယစျာန်စိတ်(၃)ပါး၌ ယှဉ်သော စေတသိက် (၃၃)ပါး

ဝိတက်, ဝိစာရကြဉ်အညသမာန်းစေ= ၁၁ပါး၊
ဝိရတီကြဉ်သော သောဘနစေ = ၂၂ပါးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## မဟဂ္ဂုတ်စတုတ္ထစျာန်စိတ်(၃)ပါး၌ ယှဉ်သော စေတသိက်(၃၂)ပါး

ဝိတက်,ဝိစာရ,ပီတိကြဉ်အညသမာန်းစေ = ၁၀ပါး၊
ဝိရတီကြဉ်သောသောဘနစေတသိက် = ၂၂ပါးတို့ ဖြစ်ပါသည်။

## မဟဂ္ဂုတ်ပဉ္စမစျာန်စိတ်(၃)ပါး၌ ယှဉ်သော စေတသိက်(၃၀)ပါး

ဝိတက်, ဝိစာရ, ပီတိကြဉ်အညသမာန်းစေ= ၁၀ပါး၊
ဝိရတီ,အပွမညာကြဉ်သော သောဘနစေ = ၂၀ပါးတို့ ဖြစ်ပါသည်။

* မဟဂ္ဂုတ်စိတ်၌ ကရုဏာနှင့် မုဒိတာ နှစ်ပါးလုံး ပြိုင်တူ ဖြစ်ခွင့်ရှိ/မရှိ သာဓကဖြင့် ရှင်းပြပါ။

ကရုဏာ, မုဒိတာတို့သည် ပြိုင်တူဖြစ်ခွင့် မရှိပါ။ အသီးအသီး တစ်ပါးစီသာ ဖြစ်ခွင့်ရှိပါသည်။ ကရုဏာဖြစ်ခိုက် မုဒိတာ မဖြစ်, မုဒိတာဖြစ်ခိုက် ကရုဏာ မဖြစ်ကြပါ။

**သာဓက**– ကရုဏာမုဒိတာ ပနေတ္ထ ပစ္စေကမေဝ ယောဇေတဗ္ဗာ။

## မဟဂ္ဂုတ်စိတ်၌ အများဆုံး,တစ်ပြိုင်နက် အမြဲတမ်း ယှဉ်ပုံ

| မဟဂ္ဂုတ် – | ပ | ဒု | တ | စ | မ |
|---|---|---|---|---|---|
| များ – | ၃၅ | ၃၄ | ၃၃ | ၃၂ | ၃၀ |
| ပြိုင် – | ၃၄ | ၃၃ | ၃၂ | ၃၁ | ၃၀ |
| မြဲ – | ၃၃ | ၃၂ | ၃၁ | ၃၀ | ၃၀ |

**မှတ်ချက်**။ ။ အများဆုံးဟူသည် ယှဉ်နိုင်သမျှ စေတသိက်တို့ကို စုပေါင်း၍ ရေတွက်ခြင်းဖြစ်၏။ အမြဲတမ်းဟူသည် အများဆုံးယှဉ်

http://www.dhammadownload.com



သော စေတသိက်တို့တွင် အနိယတယောဂီ စေတသိက်တို့ကိုနှုတ်၍ ရေတွက်ခြင်းဖြစ်၏။ တစ်ပြိုင်နက်ဟူသည် အမြဲတမ်းယှဉ်သော စေတသိက်၌ အနိယတယောဂီ စေတသိက်တစ်ပါးပါးကို ပေါင်း၍ ရေတွက်ခြင်း ဖြစ်၏။

**ဥပမာ**– မဟဂ္ဂုတ်ပထမစျာန်စိတ်၌ အများဆုံးယှဉ်သမျှ စေတသိက်တို့မှာ (၃၅)ပါးဖြစ်ပါသည်။ ယင်းစေတသိက် (၃၅)ပါးတို့တွင် အပွမညာနှစ်ပါးသည် အနိယတယောဂီ စေတသိက်ဖြစ်၍ ယင်းနှစ်ပါးကိုနှုတ်၍ ကျန်(၃၃)ပါးသည် အမြဲတမ်းယှဉ်သောစေတသိက်ဖြစ်ပါသည်။ ယင်းအမြဲတမ်းယှဉ်သော စေတသိက် (၃၃)ပါး၌ အပွမညာနှစ်ပါးတို့တွင် ကရုဏာဖြစ်စေ,မုဒိတာဖြစ်စေ တစ်ပါးပါးနှင့် ပေါင်း၍ (၃၄)ပါးသောစေတသိက်သည် တစ်ပြိုင်နက်ယှဉ်သော စေတသိက်ဖြစ်ပါသည်။

မဟဂ္ဂုတ်စိတ်သင်္ဂဟနည်း ပြီး၏။

❑❑❑❑❑

## ကာမာဝစရသောဘနစိတ် သင်္ဂဟနည်း(၁၂)ပါး

### မဟာကုသိုလ် ပထမဇွေး၌ ယှဉ်သော စေတသိက် (၃၈)ပါး

အညသမာန်းစေတသိက် = ၁၃ပါး၊
သောဘနစေတသိက် = ၂၅ပါးတို့ ဖြစ်ပါသည်။

**မှတ်ချက်**။ ။ မဟာကုသိုလ် ပထမဇွေး(ပထမအစုံ)ဟူသည် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်နှင့် သသင်္ခါရိကစိတ်တို့ပင် ဖြစ်ပါသည်။

http://www.dhammadownload.com



မဟာကုသိုလ် ဒုတိယဒွေး (ဒုတိယအစုံ) စသည်ကိုလည်း အကျယ်ချဲ့၍ သိပါလေ။

* မသန်မစွမ်း တောင်းရမ် စားသောက်နေသူတစ်ဦးအား သနားကြင်နာစွာဖြင့် ဝမ်းမြောက်ဝမ်းသာ တတ်စွမ်းသမျှ ပေးကမ်း လှူဒါန်းသောသူ၏သန္တာန်၌ ဖြစ်သင့်သော ကုသိုလ်စိတ်ကို ယှဉ်နိုင်သမျှ စေတသိက်နှင့်တကွ တိကျစွာ ဖြေဆိုပါ။

သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကကုသိုလ် စိတ် ဖြစ်ပါသည်။

ယင်းအခိုက်၌ အညသမာန်းစေတသိက်(၁၃)ပါး၊ သောဘန သာမာရဏာစေတသိက်(၁၉)ပါး၊ ကရုဏာစေတသိက်(၁)ပါး၊ ပညာ စေတသိက်(၁)ပါးအားဖြင့် (၃၄)ပါးသာ ယှဉ်နိုင်ပါသည်။

**အမှာ**– ယင်းအခိုက်တွင် ဒုစရိုက်တို့ကို ရှောင်ကြဉ်မှုမရှိသော ကြောင့် ဝိရတီ(၃)ပါး မရနိုင်ပါ။ သုခိတသတ္တဝါပညတ်ကို အာရုံ ပြု၍ ဝမ်းမြောက်မှု မဟုတ်သောကြောင့် မုဒိတာ မရနိုင်ကြောင်းများ ကို သဘောပေါက်အောင် စဉ်းစားပါ။

## မဟာကုသိုလ် ဒုတိယဒွေး၌ယှဉ်သော စေတသိက် (၃၇)ပါး

အညသမာန်းစေတသိက် = ၁၃ပါး၊
ပညာန္ဒြေကြဉ် သောဘနစေတသိက် = ၂၄ပါးတို့ ဖြစ်ပါသည်။

## မဟာကုသိုလ် တတိယဒွေး၌ယှဉ်သော စေတသိက် (၃၇)ပါး

ပီတိကြဉ်အညသမာန်းစေ = ၁၂ပါး၊
သောဘနစေတသိက် = ၂၅ပါးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## မဟာကုသိုလ် စတုတ္ထဒွေးဒ်
## ယှဉ်သော စေတသိက် (၃၆)ပါး

ဝိတိက္ကြဉ် အညသမာန်းစေ = ၁၂ပါး၊
ပညိန္ဒြေက္ကြဉ် သောဘနစေ = ၂၄ပါးတို့ ဖြစ်ပါသည်။

* မဟာကုသိုလ်စိတ်၌ အသီးအသီး တစ်ပါးစီသာ ယှဉ်ခွင့်ရသော စေတသိက်တို့ကို သာဓကပြ၍ ဖြေဆိုပါ။

အပွမညာစေတသိက်နှစ်ပါးနှင့် ဝိရတိစေတသိက်သုံးပါး ပေါင်း (၅)ပါးတို့ ဖြစ်ပါသည်။

**သာဓက**–အပွမညာဝိရတိယော (ပ) ပစ္စေကမေဝ ယောဇေတဗ္ဗာ။

## မဟာကုသိုလ်စိတ်၌ အများဆုံး
## တစ်ပြိုင်နက်, အမြဲတမ်း ယှဉ်ပုံ

| ကုသိုလ် | – | ပ–ဒွေး | ဒု–ဒွေး | တ–ဒွေး | စ–ဒွေး |
|---|---|---|---|---|---|
| များ | – | ၃၈ | ၃၇ | ၃၇ | ၃၆ |
| ပြိုင် | – | ၃၄ | ၃၃ | ၃၃ | ၃၂ |
| မြဲ | – | ၃၃ | ၃၂ | ၃၂ | ၃၁ |

**အမှာ**– မဟာကုသိုလ်စိတ်၌ အများဆုံးယှဉ်သော စေတသိက်တို့တွင် အပွမညာစေတသိက်(၂)ပါး၊ ဝိရတိစေတသိက်(၃)ပါး ဟူသော အနိယတယောဂီစေတသိက်(၅)ပါး ပါရှိပါသည်။

## မဟာကြိယာ ပထမဒွေးဒ်
## ယှဉ်သော စေတသိက် (၃၅)ပါး

အညသမာန်းစေတသိက် = ၁၃ပါး၊
ဝိရတိက္ကြဉ်သောဘနစေ = ၂၂ပါးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



**မဟာကြီယာ ဒုတိယဒွေးဠ်**
**ယှဉ်သော စေတသိက် (၃၄)ပါး**

အညသမာန်းစေတသိက် = ၁၃ပါး၊
ဝိရတီ,ပညိန္ဒြေကြဉ်သောဘနစေ = ၂၁ပါးတို့ ဖြစ်ပါသည်။

**မဟာကြီယာ တတိယဒွေးဠ်**
**ယှဉ်သော စေတသိက် (၃၄)ပါး**

ပီတိကြဉ် အညသမာန်းစေ = ၁၂ပါး၊
ဝိရတီကြဉ် သောဘနစေ = ၂၂ပါးတို့ ဖြစ်ပါသည်။

**မဟာကြီယာ စတုတ္ထဒွေးဠ်ယှဉ်သော**
**စေတသိက် (၃၃)ပါး**

ပီတိကြဉ် အညသမာန်းစေ = ၁၂ပါး၊
ဝိရတီ,ပညိန္ဒြေကြဉ် သောဘနစေ= ၂၁ပါးတို့ ဖြစ်ပါသည်။

**မဟာကြီယာစိတ်ဠ် အများဆုံး,တစ်ဖြိုင်နက်**
**အမြဲတမ်း ယှဉ်ပုံ**

| ကြီယာ | – | ပ–ဒွေး | ဒု–ဒွေး | တ–ဒွေး | စ–ဒွေး |
|---|---|---|---|---|---|
| များ | – | ၃၅ | ၃၄ | ၃၄ | ၃၃ |
| ဖြိုင် | – | ၃၄ | ၃၃ | ၃၃ | ၃၂ |
| မြဲ | – | ၃၃ | ၃၂ | ၃၂ | ၃၁ |

**အမှာ**– မဟာကြီယာစိတ်ဠ် အများဆုံးယှဉ်သောစေတသိက်တို့တွင် အပွမညာ(၂)ပါးဟူသော အနိယတယောဂီစေတသိက်(၂)ပါး ပါရှိပါသည်။

**မဟာဝိပါက် ပထမဒွေးဠ်**
**ယှဉ်သော စေတသိက် (၃၃)ပါး**

အညသမာန်းစေတသိက် = ၁၃ပါး၊

http://www.dhammadownload.com



ဝိရတီ,အပ္ပမညာကြဉ်သောဘနစေ= ၂၀ပါးတို့ ဖြစ်ပါသည်။

**မဟာဝိပါက် ဒုတိယဒွေးဒ်**
**ယုဉ်သော စေတသိက် (၃၂)ပါး:**

အညသမာန်းစေတသိက် = ၁၃ပါး၊
သောဘနသာမာရဏစေ = ၁၉ပါးတို့ ဖြစ်ပါသည်။

**မဟာဝိပါက် တတိယဒွေးဒ်**
**ယုဉ်သော စေတသိက် (၃၂)ပါး:**

ဝီတိကြဉ် အညသမာန်းစေ = ၁၂ပါး၊
ဝိရတီ,အပ္ပမညာကြဉ်သောဘနစေ= ၂၀ပါးတို့ ဖြစ်ပါသည်။

**မဟာဝိပါက် စတုတ္ထဒွေးဒ်**
**ယုဉ်သော စေတသိက် (၃၁)ပါး:**

ဝီတိကြဉ်အညသမာန်းစေ = ၁၂ပါး၊
သောဘနသာမာရဏစေ = ၁၉ပါးတို့ ဖြစ်ပါသည်။

**မဟာဝိပါက်စိတ်၌ အများဆုံး,တစ်ပြိုင်နက်**
**အမြဲတမ်း ယုဉ်ပုံ**

| ဝိပါက် | – ပ–ဒွေး | ဒု–ဒွေး | တ–ဒွေး | စ–ဒွေး |
|---|---|---|---|---|
| များ | – ၃၃ | ၃၂ | ၃၂ | ၃၁ |
| ပြိုင် | – ၃၃ | ၃၂ | ၃၂ | ၃၁ |
| မြဲ | – ၃၃ | ၃၂ | ၃၂ | ၃၁ |

**အမှာ**– မဟာဝိပါက်စိတ်၌ အများဆုံးယုဉ်သောစေတသိက်တို့တွင် အနိယတယောဂီစေတသိက် မပါသောကြောင့် အများဆုံး, တစ်ပြိုင်နက်,အမြဲတမ်း အရေအတွက် တူပါသည်။

http://www.dhammadownload.com



## ထိုထိုစိတ်၌ မယှဉ်နိုင်သော စေတသိက်များကို စိတ်နှင့် တွဲစပ်ပုံ

မဟာကြိယာစိတ်,မဟဂ္ဂုတ်စိတ်တို့၌ ဝိရတီ(၃)ပါး မယှဉ်ပါ။
လောကုတ္တရာစိတ်၌ အပ္ပမညာနှစ်ပါး မယှဉ်ပါ။
မဟာဝိပါက်စိတ်၌ ဝိရတီ(၃)ပါး၊ အပ္ပမညာ(၂)ပါး မယှဉ်ပါ။

## သောဘနစိတ်၌ ယှဉ်သောစေတသိက်များကို စက်လှည့်ပုံ

၁။ ဝိရတီသာယှဉ်၍ အပ္ပမညာမယှဉ်သော သောဘနစိတ်-
လောကုတ္တရာစိတ်(၈)ပါး။
၂။ အပ္ပမညာသာယှဉ်၍ ဝိရတီမယှဉ်သော သောဘနစိတ်-
မဟာကြိယာစိတ်(၈)ပါး၊ ပဉ္စမစျာန်ကြဉ် မဟဂ္ဂုတ်စိတ်(၁၂)။
၃။ နှစ်ပါးလုံး၌ယှဉ်သော သောဘနစိတ်-
မဟာကုသိုလ်စိတ်(၈)ပါး။
၄။ နှစ်ပါးလုံး၌ မယှဉ်သော သောဘနစိတ်-
မဟာဝိပါက်စိတ်(၈)ပါး၊ မဟဂ္ဂုတ်ပဉ္စမစျာန်စိတ်(၁၅)ပါး။

## ဝိသေသကစေတသိက် ခေါ်ပုံ

စိတ်ချင်းကွဲပြား ထူးခြားအောင် ပြုတတ်သောစေတသိက်များကို 'ဝိသေသကစေတသိက်'ဟု ခေါ်ပါသည်။

## ဝိသေသကစေတသိက် (၁၀)ပါး

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ(ဝေဒနာ)ဟူသော စျာန်တရား (၄)ပါး၊ အပ္ပမညာ(၂)ပါး၊ ဝိရတီ(၃)ပါး၊ ပညာ(ဉာဏ်)စေတသိက် (၁)ပါးတို့ ဖြစ်ပါသည်။

[ဆောင်] တက်,စာ,ပီ,သု၊ လေးခု စျာန်။

http://www.dhammadownload.com



အပွမညာဒွေး၊ မှတ်ရေးတစ်တန်။
ဝိရတီသုံး၊ တစ်လုံး ဉာဏ်။
ဝိသေသ၊ မှတ်ကြ ဤဆယ်တန်။

## ဝိသေသက အမည်ရသော စေတသိက်တို့ကို ကာမ,မဟဂ္ဂုတ်,လောကုတ္တရာအလိုက် ခွဲပုံ

ကာမာဝစရသောဘနစိတ်တို့၌ အပွမညာ(၂)ပါး၊ ဝိရတီ(၃)ပါး၊ ပညာ(ဉာဏ်)၊ ပီတိတို့က စိတ်ချင်းကွဲပြား ထူးခြားအောင် ပြုပါသည်။

မဟဂ္ဂုတ်စိတ်၌ ဝိတက်,ဝိစာရ,ပီတိ,သုခဟူသော ဈာန်တရား များနှင့် အပွမညာ(၂)ပါးတို့က စိတ်ချင်းကွဲပြား ထူးခြားအောင် ပြုပါသည်။

လောကုတ္တရာစိတ်၌ ဝိတက်,ဝိစာရ,ပီတိ,သုခဟူသော ဈာန် တရားများက စိတ်ချင်းကွဲပြား ထူးခြားအောင် ပြုပါသည်။

## စိတ်ချင်းကွဲပြား ထူးခြားအောင် ပြုလုပ်ပုံ

ဝိတက်သည် မဟဂ္ဂုတ်,လောကုတ္တရာ ပထမဈာန်၌သာယှဉ်၍ ဒုတိယဈာန်စသည်တို့၌ မယှဉ်သောကြောင့် ပထမဈာန်စိတ်သည် ဒုတိယဈာန်စိတ် စသည်တို့မှ ကွဲပြားထူးခြားရပါသည်။

ဝိစာရသည် ပထမဈာန်, ဒုတိယဈာန်တို့၌သာယှဉ်၍ တတိယ ဈာန်စသည်တို့၌ မယှဉ်သောကြောင့် ပထမဈာန်,ဒုတိယဈာန်တို့ သည် တတိယဈာန်စသည်တို့မှ ကွဲပြားထူးခြားရပါသည်။

ပီတိသည် ပ,ဒု,တစ္စာန်တို့၌သာယှဉ်၍ စ,မစ္စာန်တို့၌ မယှဉ် သောကြောင့် ပ,ဒု,တစ္စာန်တို့သည် စ,မစ္စာန်တို့မှထူးခြားရပါသည်။

သုခသည် ပ,ဒု,တ,စစ္စာန်တို့၌သာယှဉ်၍ ပဉ္စမစ္စာန်၌ မယှဉ်

http://www.dhammadownload.com



သောကြောင့် ပ,ဒု,တ,စစ္စာန်တို့သည် ပဉ္စမစ္စာန်မှ ကွဲပြားထူးခြားရပါသည်။

အပွမညာနှစ်ပါးသည် မဟဂ္ဂုတ် ပ,ဒု,တ,စစ္စာန်တို့၌သာယှဉ်၍ ပဉ္စမစ္စာန်၌ မယှဉ်သောကြောင့် ပ,ဒု,တ,စစ္စာန်တို့သည် ပဉ္စမစ္စာန်မှ ကွဲပြားထူးခြားရပါသည်။

ဝိရတီသုံးပါးသည် မဟာကုသိုလ်စိတ်၌သာ ယှဉ်၍ မဟာဝိပါက်,မဟာကြိယာစိတ်တို့၌ မယှဉ်သောကြောင့် မဟာကုသိုလ်စိတ်သည် မဟာဝိပါက်, မဟာကြိယာစိတ်တို့မှ ကွဲပြားထူးခြားရပါသည်။

ပညာ(ဉာဏ်)သည် ကာမာဝစရသောဘနစိတ်တွင် ဉာဏသမ္မယုတ်စိတ်(၁၂)ပါး၌သာယှဉ်၍ ဉာဏဝိပ္ပယုတ်စိတ်(၁၂)ပါး၌ မယှဉ်သောကြောင့် ဉာဏသမ္မယုတ်စိတ်တို့သည် ဉာဏဝိပ္ပယုတ်စိတ်တို့မှ ကွဲပြားထူးခြားရပါသည်။

ဝီတိသည် ကာမာဝစရသောဘနစိတ်တို့တွင် သောမနဿသဟဂုတ်စိတ်(၁၂)ပါး၌သာ ယှဉ်၍ ဥပေက္ခာသဟဂုတ်စိတ်(၁၂)ပါးတို့၌ မယှဉ်သောကြောင့် သောမနဿသဟဂုတ်စိတ်တို့သည် ဥပေက္ခာသဟဂုတ်စိတ်တို့မှ ကွဲပြားထူးခြားရပါသည်။

* အနိယတယောဂီသာမည်၍ ဝိသေသက မမည်သော စေတသိက်များမှာ– ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ မာန၊ ထိန၊ မိဒ္ဓတို့ဖြစ်ပါသည်။

* ဝိသေသကသာမည်၍ အနိယတယောဂီ မမည်သော စေတသိက်များမှာ– ဝိတက်၊ ဝိစာရ၊ ဝီတိ၊ သုခ၊ ပညာ (ဉာဏ်)တို့ဖြစ်ပါသည်။

http://www.dhammadownload.com



* မဇ္ဈိမအမည်ရသောစိတ်မှာ- မဟဂ္ဂုတ်စိတ် ဖြစ်ပါသည်။
* ပရိတ္တအမည်ရသောစိတ်မှာ- ကာမာဝစရသောဘနစိတ် ဖြစ်ပါသည်။

ကာမာဝစရသောဘနစိတ်သင်္ဂဟနည်း ပြီး၏။

❑❑❑❑❑

## အကုသိုလ်စိတ်သင်္ဂဟနည်း (၇)ပါး

### လောဘမူ ပထမအသင်္ခါရိကစိတ်၌ ယှဉ်သော စေတသိက် (၁၉)ပါး

| | | |
|---|---|---|
| အညသမာန်းစေတသိက် | = | ၁၃ပါး၊ |
| မောဟ၊အဟိရိက၊အနောတ္တပ္ပ၊ဥဒ္ဓစ္စ | = | ၄ပါး၊ |
| လောဘ၊ ဒိဋ္ဌိ | = | ၂ပါးတို့ ဖြစ်ပါသည်။ |

### လောဘမူ ဒုတိယအသင်္ခါရိကစိတ်၌ ယှဉ်သော စေတသိက် (၁၉)ပါး

| | | |
|---|---|---|
| အညသမာန်းစေတသိက် | = | ၁၃ပါး၊ |
| မောစတုက်စေတသိက် | = | ၄ပါး၊ |
| လောဘ၊ မာန | = | ၂ပါးတို့ ဖြစ်ပါသည်။ |

### လောဘမူ တတိယအသင်္ခါရိကစိတ်၌ ယှဉ်သော စေတသိက် (၁၈)ပါး

| | | |
|---|---|---|
| ပီတိကြဉ် အညသမာန်းစေ | = | ၁၂ပါး၊ |
| မောစတုက်စေတသိက် | = | ၄ပါး၊ |
| လောဘ၊ ဒိဋ္ဌိ | = | ၂ပါးတို့ ဖြစ်ပါသည်။ |

http://www.dhammadownload.com



**လောဘမူ စတုတ္ထအသခ်ါရိကစိတ်၌**
**ယှဉ်သော စေတသိက် (၁၈)ပါး**

ပီတိကြဉ် အညသမာန်းစေ = ၁၂ပါး၊
မောစတုက်စေတသိက် = ၄ပါး၊
လောဘ၊ မာန၊ = ၂ပါးတို့ ဖြစ်ပါသည်။

**လောဘမူ ပထမသသခ်ါရိကစိတ်၌**
**ယှဉ်သော စေတသိက် (၂၁)ပါး**

အညသမာန်းစေတသိက် = ၁၃ပါး၊
မောစတုက်စေတသိက် = ၄ပါး၊
လောဘ၊ဒိဋ္ဌိ၊ထိန၊မိဒ္ဓ = ၄ပါးတို့ ဖြစ်ပါသည်။

**လောဘမူ ဒုတိယသသခ်ါရိကစိတ်၌**
**ယှဉ်သော စေတသိက် (၂၁)ပါး**

အညသမာန်းစေတသိက် = ၁၃ပါး၊
မောစတုက်စေတသိက် = ၄ပါး၊
လောဘ၊ မာန၊ ထိန၊ မိဒ္ဓ = ၄ပါးတို့ ဖြစ်ပါသည်။

**လောဘမူ တတိယသသခ်ါရိကစိတ်၌**
**ယှဉ်သောစေတသိက် (၂၀)ပါး**

ပီတိကြဉ် အညသမာန်းစေ = ၁၂ပါး၊
မောစတုက်စေတသိက် = ၄ပါး၊
လောဘ၊ ဒိဋ္ဌိ၊ ထိန၊ မိဒ္ဓ = ၄ပါးတို့ ဖြစ်ပါသည်။

**လောဘမူ စတုတ္ထသသခ်ါရိကစိတ်၌**
**ယှဉ်သော စေတသိက် (၂၀)ပါး**

ပီတိကြဉ် အညသမာန်းစေ = ၁၂ပါး၊
မောစတုက်စေတသိက် = ၄ပါး၊

http://www.dhammadownload.com



လောဘ၊ မာန၊ ထိန၊ မိဒ္ဓ = ၄ပါးတို့ ဖြစ်ပါသည်။

**ဒေါသမူ အသခ်ါရိကစိတ်၌**
**ယှဉ်သော စေတသိက်(၂၀)ပါး**

ပီတိကြဉ် အညသမာန်းစေ = ၁၂ပါး၊
မောစတုက်စေတသိက် = ၄ပါး၊
ဒေါသ၊ ကြသာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ = ၄ပါးတို့ ဖြစ်ပါသည်။

**ဒေါသမူ သသခ်ါရိကစိတ်၌**
**ယှဉ်သော စေတသိက်(၂၂)ပါး**

ပီတိကြဉ်အညသမာန်းစေ= ၁၂ပါး၊
မောစတုက်စေတသိက် = ၄ပါး၊
ဒေါစတုက်စေတသိက် = ၄ပါး၊
ထိန၊ မိဒ္ဓ = ၂ပါးတို့ ဖြစ်ပါသည်။

* ဒေါသမူစိတ်၌ ကြသာ, မစ္ဆရိယ, ကုက္ကုစ္စတို့ တစ်ပြိုင်နက် ယှဉ်နိုင်/မယှဉ်နိုင် သဘဝကဖြင့် ဖြေဆိုပါ။

ဒေါသမူစိတ်၌ ကြသာ, မစ္ဆရိယ, ကုက္ကုစ္စတို့ တစ်ပြိုင်နက် မယှဉ်နိုင်ပါ။ အသီးအသီး တစ်ပါးစီသာ ယှဉ်နိုင်ပါသည်။

**သာဓက**– ကြသာမစ္ဆရိယကုက္ကုစ္စာနိ ပနေတ္ထ ပစ္စေကမေဝ ယောဇေတဗ္ဗာ။

**ဒေါသမူစိတ်၌ အများဆုံး,တစ်ပြိုင်နက်,အမြဲတမ်းယှဉ်ပုံ**

| ဒေါသမူ – | အသင် | သသင် |
|---|---|---|
| များ – | ၂၀ | ၂၂ |
| ပြိုင် – | ၁၈ | ၂၀ |
| မြဲ – | ၁၇ | ၁၉ |

http://www.dhammadownload.com



**အမှာ**– ဒေါသမူစိတ်၌ အများဆုံးယှဉ်သော စေတသိက်တို့တွင် ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စဟူသော အနိယတယောဂီစေတသိက်(၃)ပါး ပါရှိပါသည်။

**ဥဒ္ဓစ္စသဟဂုတ်စိတ်၌ယှဉ်သော စေတသိက်(၁၅)ပါး**

ဆန္ဒ,ပီတိကြဉ် အညသမာန်းစေ= ၁၀ပါး၊
မောစတုက်စေတသိက် = ၄ပါးတို့ ဖြစ်ပါသည်။

**ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ ယှဉ်သော စေတသိက် (၁၅)ပါး**

ဆန္ဒ,ပီတိ,အဓိမောက္ခကြဉ် အညသမာန်းစေ= ၁၀ပါး၊
မောစတုက်စေတသိက် = ၄ပါး၊
ဝိစိကိစ္ဆာစေတသိက် = ၁ပါးတို့ ဖြစ်ပါသည်။

**လောဘမူစိတ်(၈)ပါး၌ ယှဉ်သော စေတသိက် (၂၂)ပါး**

အညသမာန်းစေတသိက် = ၁၃ပါး၊
မောစတုက်စေတသိက် = ၄ပါး၊
လောဘ၊ဒိဋ္ဌိ၊မာန၊ထိန၊မိဒ္ဓ = ၅ပါးတို့ ဖြစ်ပါသည်။

**ဒေါသမူစိတ်(၂)ပါး၌ ယှဉ်သော စေတသိက် (၂၂)ပါး**

ပီတိကြဉ် အညသမာန်းစေ = ၁၂ပါး၊
မောစတုက်စေတသိက် = ၄ပါး၊
ဒေါစတုက်စေတသိက် = ၄ပါး၊
ထိန၊ မိဒ္ဓ = ၂ပါးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## မောဟမူစိတ်(၂)ပါး၌ ယှဉ်သော စေတသိက် (၁၆)ပါး

ဆန္ဒ,ပီတိကြဉ် အညသမာန်းစေ = ၁၁ပါး၊
မောစတုက်စေတသိက် = ၄ပါး၊
ဝိစိကိစ္ဆာစေတသိက် = ၁ပါးတို့ ဖြစ်ပါသည်။

## သဗ္ဗာကုသလယောဂီစေတသိက် (၁၄)ပါး

သဗ္ဗာကုသလသာမာရဏစေ = ၄ပါး၊
(မောစတုက်စေတသိက်)
ဆန္ဒ,ပီတိ,အဓိမောက္ခကြဉ်သော
အညသမာန်းစေတသိက် = ၁၀ပါးတို့ ဖြစ်ပါသည်။

## သဗ္ဗာကုသလသာမာရဏနှင့် သဗ္ဗာကုသလယောဂီ အထူး

သဗ္ဗာကုသလသာမာရဏ (မောစတုက်) စေတသိက်(၄)ပါး သည် အကုသိုလ်စိတ် (၁၂)ပါး၌သာ ယှဉ်၍ အဟိတ်စိတ်စသည် တို့၌ မယှဉ်ပါ။

သဗ္ဗာကုသလယောဂီစေတသိက်သည် အကုသိုလ်စိတ်(၁၂)ပါး လုံး၌လည်း ယှဉ်၏။ အကုသိုလ်စိတ်မှတစ်ပါး အခြားစိတ်များ၌ လည်း ယှဉ်၏။ ဤသို့ ထူးပါသည်။

* သဗ္ဗာကုသလယောဂီသာမည်၍ သဗ္ဗာကုသလသာမာရဏ မမည်သော စေတသိက်မှာ– ဆန္ဒ,ပီတိ,အဓိမောက္ခကြဉ်သော အည သမာန်းစေတသိက်(၁၀)ပါး ဖြစ်ပါသည်။

အကုသိုလ်စိတ်သင်္ဂဟနည်း ပြီး၏။

❑❑❑❑❑

http://www.dhammadownload.com



## အဟိတ်ခိတ်သင်္ဃာနည်း (၄)ပါး

### ဟသိတုပ္ပါဒ်စိတ်၌ ယှဉ်သော စေတသိက်(၁၂)ပါး

ဆန္ဒကြဉ် အညသမာန်းစေ = ၁၂ပါး ဖြစ်ပါသည်။

### ဝုဋ္ဌေစိတ်၌ ယှဉ်သော စေတသိက်(၁၁)ပါး

ဆန္ဒ,ပီတိကြဉ် အညသမာန်းစေ = ၁၁ပါး ဖြစ်ပါသည်။

### သောမနဿသန္တီရဏစိတ်၌ ယှဉ်သော စေတသိက် (၁၁)ပါး

ဆန္ဒ,ဝီရိယကြဉ် အညသမာန်းစေ = ၁၁ပါး ဖြစ်ပါသည်။

### မနောဓာတ်(၃)ပါး,အဟိတ်ပဋိသန္ဓေ(၂)ပါးတို့၌ ယှဉ်သော စေတသိက် (၁၀)ပါး

ဆန္ဒ,ပီတိ,ဝီရိယကြဉ် အညသမာန်းစေ = ၁၀ပါး ဖြစ်ပါသည်။

### ဒွေးပဉ္စဝိညာဏ်၌ ယှဉ်သော စေတသိက်(၇)ပါး

သဗ္ဗစိတ္တသာဓာရဏစေ = ၇ပါး ဖြစ်ပါသည်။

* **မနောဓာတ်သုံးပါး**ဟူသည် ပဉ္စဒ္ဝါရာဝဇ္ဇန်းစိတ်နှင့် သမ္ပဋိစ္ဆိန်း ဒွေးပင် ဖြစ်ပါသည်။

* **အဟိတ်ပဋိသန္ဓေအစုံ**ဟူသည် အကုသလဝိပါက် ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ်နှင့် ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်တို့ ဖြစ်ပါသည်။

* အဟိတ်စိတ်(၁၈)ပါးလုံးနှင့် ယှဉ်သောစေတသိက်မှာ– သဗ္ဗစိတ္တသာဓာရဏစေတသိက်(၇)ပါး ဖြစ်ပါသည်။

**သာဓက**–အဟေတုကေသု သဗ္ဗတ္ထ၊ သတ္တ (သေသာ ယထာရဟံ)။

http://www.dhammadownload.com



* အဟိတ်စိတ်(၁၈)ပါးလုံးနှင့် မယှဉ်သော စေတသိက်မှာ– ဆန္ဒစေတသိက် ဖြစ်ပါသည်။

အဟိတ်စိတ်သင်္ဂဟနည်း ပြီး၏။

❑❑❑❑❑

## သမ္မယောဂနည်းနှင့် သင်္ဂဟနည်း အထူး

စေတသိက်တို့၏ စိတ်၌ ယှဉ်ပုံယှဉ်ဟန်ကို ပြသောနည်းသည် 'သမ္မယောဂနည်း' မည်ပါသည်။

ထိုထိုစိတ်၌ ယှဉ်ထိုက်သမျှ စေတသိက်တို့ကို ပေါင်းစုရေတွက် ပြသောနည်းသည် 'သင်္ဂဟနည်း' မည်ပါသည်။ ဤသို့ ထူးပါသည်။

## စေတသိက်ကို စိတ်နှင့်အမျှ ရေတွက်ခြင်း

ဖဿစေတသိက်သည် စိတ်(၈၉)ပါး၌ ယှဉ်သောကြောင့် 'စိတ္တေန သမမုဒ္ဒိသေ– စေတသိက်ကို စိတ်နှင့်အမျှ ရေတွက်ခြင်း' အရ ဖဿစေတသိက်ပေါင်း(၈၉)ပါး ရှိပါသည်။ ဝိတက်စေတသိက်ပေါင်း(၅၅)ပါး၊ ဝိစာရစေတသိက်ပေါင်း(၆၆)ပါး၊ မောဟစေတသိက်ပေါင်း(၁၂)ပါး စသည်ဖြင့် သိပါ။

* စေတသိက်အများဆုံးနှင့် ယှဉ်သောစိတ်– မဟာကုသိုလ်ပထမဒွေး ဖြစ်ပါသည်။

* စေတသိက်အနည်းဆုံးနှင့် ယှဉ်သောစိတ်– ဒွေးပဉ္စဝိညာဏ်တစ်ဆယ် ဖြစ်ပါသည်။

## သာဓာရဏအမည်ရသော စေတသိက်(၃၀)ပါး

သဗ္ဗစိတ္တသာဓာရဏစေတသိက် = ၇ပါး၊

http://www.dhammadownload.com



သဗ္ဗာကုသလသာဓာရဏစေတသိက် = ၄ပါး၊
သောဘနသာဓာရဏစေတသိက် = ၁၉ပါးတို့ ဖြစ်ပါသည်။

**ယောဂီအမည်ရသော စေတသိက်များ**

အနိယတယောဂီစေတသိက် = ၁၁ပါး၊
နိယတယောဂီစေတသိက် = ၄၁ပါး၊
သဗ္ဗာကုသလယောဂီစေတသိက် = ၁၄ပါးတို့ ဖြစ်ပါသည်။

**စေတသိက်ချင်း ယှဉ်နည်း**

စေတသိက်တစ်ပါး၌ ယှဉ်သောစေတသိက်တို့ကို သိလိုပါက–

၁။ ထိုစေတသိက်၏ယှဉ်ရာစိတ်ကို သမ္မယောဂနည်းအရ ရှာပါ။
၂။ ထိုစိတ်တို့၌ ယှဉ်သမျှ စေတသိက်တို့ကို သင်္ဂဟနည်းအရ ရှာပါ။
၃။ သင်္ဂဟနည်းအရ ရှာလို့ရသော စေတသိက်များထဲမှ မူလစေတသိက်ကိုနှုတ်၍ ကျန်သောစေတသိက်များသည် စေတသိက်နှင့် ယှဉ်ထိုက်သော စေတသိက်များ ဖြစ်ပါသည်။

**ဥပမာ**။ ။ ဖဿစေတသိက်သည် သမ္မယောဂနည်းအရ စိတ်(၈၉)ပါး၌ ယှဉ်၏။ ထိုစိတ်(၈၉)ပါး၌ သင်္ဂဟနည်းအရရှာသော် စေတသိက်(၅၂)ပါးယှဉ်၏။ ယင်းစေတသိက်(၅၂)ပါး၌ မူလဖဿစေတသိက်ကို နှုတ်လိုက်ပါက ကျန်သောစေတသိက်(၅၁)ပါးသည် ဖဿနှင့်ယှဉ်သော စေတသိက်များ ဖြစ်ပါသည်။

စေတသိက်ပိုင်း ပြီး၏။

❑❑❑❑❑

http://www.dhammadownload.com

# ပကိဏ်းပိုင်း

ဝေဒနာသင်္ဂဟအစရှိသော သင်္ဂဟခြောက်မျိုးကို ရောပြွမ်း၍ ပြသောအပိုင်းကို 'ပကိဏ်းပိုင်း'ဟု ခေါ်ပါသည်။

**တေပညာသ သဘာဝတော-၌ တေပညာသအရ**

၁။ အာရုံကို သိခြင်းလက္ခဏာအားဖြင့် စိတ်(၁)ပါး၊

၂။ အာရုံကိုတွေ့ထိခြင်းစသော မိမိဆိုင်ရာ လက္ခဏာအားဖြင့် စေတသိက်(၅၂)ပါး၊ ပေါင်း(၅၃)ပါးတို့ ဖြစ်ပါသည်။

**သင်္ဂဟ (၆)မျိုး**

၁၊ ဝေဒနာသင်္ဂဟ၊ ၄။ ဒွါရသင်္ဂဟ၊

၂။ ဟေတုသင်္ဂဟ၊ ၅။ အာရမ္မဏသင်္ဂဟ၊

၃။ ကိစ္စသင်္ဂဟ၊ ၆။ ဝတ္ထုသင်္ဂဟ။

* စိတ်အကုန် ရသောသင်္ဂဟမှာ– ဝေဒနာသင်္ဂဟ၊ ကိစ္စသင်္ဂဟ၊ အာရမ္မဏသင်္ဂဟတို့ ဖြစ်ပါသည်။

* စိတ်အကုန် မရသောသင်္ဂဟမှာ– ဟေတုသင်္ဂဟ၊ ဒွါရသင်္ဂဟ၊ ဝတ္ထုသင်္ဂဟတို့ ဖြစ်ပါသည်။

**[ဆောင်]** ဝေ,ကိစ်,အာမှာ၊ စိတ်ကုန်သာ၊ ကျန်မှာ မကုန်မှတ်။

## ဝေဒနာသင်္ဂဟ

ဝေဒနာအားဖြင့် စိတ်,စေတသိက်တို့ကို ပေါင်းယူရာဖြစ်သော စကားရပ်ကို 'ဝေဒနာသင်္ဂဟ'ဟု ခေါ်ပါသည်။

http://www.dhammadownload.com



## အာရမ္မဏာနုဘဝနနည်းအရ စိတ်အကျယ်(၁၂၁)ပါးကို ဝေဒနာအားဖြင့် ခွဲပုံ

သုခဝေဒနာ = ၆၃ပါး၊
ဒုက္ခဝေဒနာ = ၃ပါး၊
ဥပေက္ခာဝေဒနာ = ၅၅ပါးတို့ ဖြစ်ပါသည်။

## ကုန်ဒြိယဘောဒနည်းအရ စိတ်အကျယ်(၁၂၁)ပါးကို ဝေဒနာအားဖြင့် ခွဲခြားပုံ

သုခဝေဒနာ = ၁ပါး၊
ဒုက္ခဝေဒနာ = ၁ပါး၊
သောမနဿဝေဒနာ = ၆၂ပါး၊
ဒေါမနဿဝေဒနာ = ၂ပါး၊
ဥပေက္ခာဝေဒနာ = ၅၅ပါးတို့ ဖြစ်ပါသည်။

## ဝေဒနာ(၅)ပါးကို ဘုံ,ပုဂ္ဂိုလ်အားဖြင့် ခွဲခြားပုံ

ကာမဘုံ၌ ပုထုဇဉ်လေးယောက်၊ အောက်ဖလဋ္ဌာန် နှစ်ယောက်တို့၌ ဝေဒနာ(၅)ပါးလုံးရ၏။ အနာဂါမ်,ရဟန္တာပုဂ္ဂိုလ်တို့၏သန္တာန်၌ ဒေါမနဿဝေဒနာကြဉ် ကျန်ဝေဒနာ(၄)ပါးရ၏။ မဂ္ဂဋ္ဌာန်လေးယောက်တို့၌ သောမနဿဝေဒနာနှင့် ဥပေက္ခာဝေဒနာ (၂)ပါးသာ ရ၏။ ရူပဘုံ, အရူပဘုံတို့၌ သောမနဿဝေဒနာ, ဥပေက္ခာဝေဒနာ (၂)ပါးသာ ရ၏။

## သုခဝေဒနာနှင့်ယှဉ်သော စိတ်(၁)ပါး

သုခဝေဒနာသည် အဟိတ်ကုသလဝိပါက် သုခသဟဂုတ် ကာယဝိညာဏ်စိတ်(၁)ပါး၌ ယှဉ်ပါသည်။

http://www.dhammadownload.com



## ဒုက္ခဝေဒနာနှင့်ယှဉ်သော စိတ်(၁)ပါး

ဒုက္ခဝေဒနာသည် အကုသလဝိပါက် ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်(၁)ပါး၌ ယှဉ်ပါသည်။

## သောမနဿဝေဒနာနှင့် ယှဉ်သောစိတ်(၆၂)ပါး

လောဘမူသောမနဿ = ၄ပါး၊
အဟိတ်သောမနဿ = ၂ပါး၊
ကာမာဝစရသောမနဿ= ၁၂ပါး၊
ပထမဈာန် = ၁၁ပါး၊
ဒုတိယဈာန် = ၁၁ပါး၊
တတိယဈာန် = ၁၁ပါး၊
စတုတ္ထဈာန် = ၁၁ပါးတို့ ဖြစ်ရပါသည်။

## ဒေါမနဿဝေဒနာနှင့်ယှဉ်သော စိတ်(၂)ပါး

ဒေါမနဿဝေဒနာသည် ဒေါသမူစိတ်(၂)ပါး၌ ယှဉ်ပါသည်။

## ဥပေက္ခာဝေဒနာနှင့်ယှဉ်သော စိတ်(၅၅)ပါး

အကုသိုလ်ဥပေက္ခာ = ၆ပါး၊
အဟိတ်ဥပေက္ခာ = ၁၄ပါး၊
ကာမာဝစရသောဘနဥပေက္ခာ = ၁၂ပါး၊
ပဉ္စမဈာန် = ၂၃ပါးတို့ ဖြစ်ပါသည်။

## စေတသိက်ကို ရေတွက်ခြင်း

အရှင်အနုရုဒ္ဓါဆရာသည် 'ဝေဒနာဖြင့် စိတ်တို့ကို ရေတွက်လျှင် ယှဉ်ဘက်စေတသိက်များအတွက်လည်း သိသာလောက်ပြီ'ဟု သဘောပိုက်၍ ပဓာနဖြစ်သောစိတ်ကိုသာ ရေတွက်ပြခဲ့သည်။

http://www.dhammadownload.com



သို့သော် ဂရုမစိုက်လျှင် နားလည်ဖွယ် မရှိသောကြောင့် ညဝါအရ ကောက်များ၌ ကျေးဇူးများဘို့ရာ စေတသိက်တို့ကိုလည်း ရေတွက် ပြမည်။

**[ဆောင်]** သုခ,ဒုက္ခာ၊ ဝေဒနာနှင့်၊ ယှဉ်လာလေရိပ်၊ စေတသိက်ကား၊ ခြောက်ပါးညီမျှ၊ သောမနဿဝယ်၊ လေးဆယ်နှင့် ခြောက်၊ ထို့နောက် ဒေါမန၊ ယှဉ်သမျှစစ်၊ နှစ်ဆယ့်တစ်သာ၊ ဥပေက္ခာ၌၊ ယှဉ်လာဖြစ် မြောက်၊ လေးဆယ့်ခြောက်သည်၊ ရွေးကောက်လေတော့ မခဲတည်း။

(အခြေပြု–၁၂၆)

## သုခဝေဒနာ(ဒုက္ခဝေဒနာ)နှင့် ယှဉ်သော စေတသိက် (၆)ပါး

ဝေဒနာကြဉ် သဗ္ဗစိတ္တသာဓာရဏာ စေတသိက်(၆)ပါး ဖြစ်ပါသည်။

**အမှာ–** 'ဒွိပဉ္စဝိညာဏော ပကိဏ္ဏကဝဇ္ဇိတာ တေ ယေဝ သင်္ခါရိန္တိ'အရ ကာယဝိညာဏ်စိတ်၌ သဗ္ဗစိတ္တသာဓာရဏာစေတ သိက်(၇)ပါး ယှဉ်၏။ ထို(၇)ပါးတို့တွင် ဝေဒနာကြဉ်၍ ကျန်သော သဗ္ဗစိတ္တသာဓာရဏာ စေတသိက်(၆)ပါးသည် သုခဝေဒနာ (ဒုက္ခ ဝေဒနာ)နှင့် ယှဉ်သောစေတသိက် ဖြစ်ပါသည်။

## သောမနဿဝေဒနာနှင့် ယှဉ်သော စေတသိက် (၄၆)ပါး

သောမနဿသဟဂုတ်စိတ်(၆၂)ပါး၌ ဒေါသ,ကုသာ,မစ္ဆရိယ, ကုက္ကုစ္စ,ဝိစိကိစ္ဆာကြဉ်သော စေတသိက်(၄၇)ပါးယှဉ်၏။ ယင်း(၄၇) ပါးတွင် ဝေဒနာ နှုတ်လိုက်ပါက (၄၆)ပါး ဖြစ်၏။

http://www.dhammadownload.com



## ဒေါမနဿဝေဒနာနှင့် ယှဉ်သော စေတသိက် (၂၁)ပါး

ဒေါသမူဒွေးဌ် ပီတိ, လောဘ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာကြဉ်သော စေတသိက်(၂၂)ပါးယှဉ်၏။ ယင်း(၂၂)ပါးတွင် ဝေဒနာ နှုတ်လိုက်ပါက (၂၁)ပါးဖြစ်၏။

## ဥပေက္ခာဝေဒနာနှင့်ယှဉ်သော စေတသိက် (၄၆)ပါး

ဥပေက္ခာသဟဂုတ်စိတ်(၅၅)ပါးဌ် ပီတိ,ဒေါသ,ဣဿာ, မစ္ဆရိယ,ကုက္ကုစ္စကြဉ်သော စေတသိက်(၄၇)ပါး ယှဉ်၏။ ယင်း(၄၇) ပါးတွင် ဝေဒနာ နှုတ်လိုက်ပါက (၄၆)ပါးဖြစ်၏။

## စေတသိက်တို့ကို ဝေဒနာဖြင့် ရေတွက်ပုံ

ဝေဒနာတစ်ပါးနှင့်ယှဉ်သော စေတသိက် – ဒေါစတုက်(၄)ပါး၊ ဝိစိကိစ္ဆာ၊ ပီတိ၊ ပေါင်း(၆)ပါး။

ဝေဒနာနှစ်ပါးနှင့်ယှဉ်သောစေတသိက် – လောဘ၊ ဒိဋ္ဌိ၊ မာန၊ သောဘနစေတသိက်(၂၅)ပါး၊ ပေါင်း(၂၈)ပါး။

ဝေဒနာသုံးပါးနှင့်ယှဉ်သောစေတသိက် – ပီတိကြဉ် ပကိဏ်း စေတသိက်(၅)ပါး၊ မောစတုက်(၄)ပါး၊ ထိန၊ မိဒ္ဓ၊ ပေါင်း(၁၁)ပါး။

ဝေဒနာငါးပါးနှင့်ယှဉ်သောစေတသိက် – ဝေဒနာကြဉ် သဗ္ဗ စိတ္တသာဓာရဏာစေတသိက်(၆)ပါး။

ဝေဒနာ(၅)ပါးလုံးနှင့် မယှဉ်သောစေတသိက်– ဝေဒနာစေတ သိက်(၁)ပါး။

**[ဆောင်]** ဝေဒနာတစ်၊ ခြောက်ပါးဖြစ်၏၊ နှစ်မှာ–ဌီ၊ သုံးလီ–ဆယ့်တစ်၊ ငါးဖြစ်–ခြောက်ခု၊ မ–တစ်ခု၊ ပေါင်းစု ငါးဆယ့်နှစ်။

(ပရမတ္ထသင်္ဂဟဘေဒနီ)

http://www.dhammadownload.com



* ပတ်ဝန်းကျင်အာရုံများနှင့် တွေ့ကြုံရခိုက် လူသားများ၏ ရင်ထဲ၌ ဖြစ်ပေါ်လာနိုင်သော ခံစားချက်(ဝေဒနာ)တို့ကို ဖော်ပြပါ။

သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာတို့ ဖြစ်ပါသည်။

ဝေဒနာသင်္ဂဟ ပြီး၏။

❑❑❑❑❑

## ဟေတုသင်္ဂဟ

ဟိတ်အပြားအားဖြင့် စိတ်,စေတသိက်တို့ကို ပေါင်းယူရာ ဖြစ်သော စကားရပ်ကို 'ဟေတုသင်္ဂဟ'ဟု ခေါ်ပါသည်။

### ဟိတ် (၆)ပါး

ဟိတ်သည် လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်၊ အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်အားဖြင့် (၆)ပါး အပြားရှိပါသည်။

### ဟိတ်ခြောက်ပါးကို ဘုံအားဖြင့် ခွဲပုံ

| ဘုံ | ဟိတ် |
|---|---|
| ကာမ | (၆)ပါး၊ |
| ရူပ,အရူပ | (၅)ပါး၊ (ဒေါသဟိတ်မရ) |

### အဟိတ်စိတ်(၁၈)ပါးကို ဝီထိစဉ်အားဖြင့်ရေတွက်ပုံ

ပဉ္စဒ္ဝါရာဝဇ္ဇန်းစိတ် = ၁ပါး
ဒွေးပဉ္စဝိညာဏ် = ၁၀ပါး၊
သမ္ပဋိစ္ဆိန်းစိတ် = ၂ပါး၊

http://www.dhammadownload.com



သန္ဓီရဏစိတ် = ၃ပါး၊
ဝုဋ္ဌောစိတ် = ၁ပါး၊
ဟသိတုပ္ပါဒ်စိတ် = ၁ပါးတို့ ဖြစ်ပါသည်။

**အမှာ**– လောဘစသော ဟိတ်ခြောက်ပါးလုံးနှင့် မယှဉ်သော ကြောင့် 'အဟိတ်စိတ်'ဟု ခေါ်ပါသည်။

## သဟိတ်စိတ် (၇၁)ပါး:

အကုသိုလ်စိတ် = ၁၂ပါး၊
ကာမာဝစရသောဘနစိတ် = ၂၄ပါး၊
မဟဂ္ဂုတ်စိတ် = ၂၇ပါး၊
လောကုတ္တရာစိတ် = ၈ပါးတို့ ဖြစ်ပါသည်။

**အမှာ**– လောဘအစရှိသော ဟိတ်များနှင့် ယှဉ်သောစိတ်ကို 'သဟိတ်စိတ်'ဟု ခေါ်ပါသည်။

## ဧကဟိတ်စိတ် (၂)ပါး:

မောဟမူစိတ် (၂)ပါးသည် ဧကဟိတ်စိတ် ဖြစ်ပါသည်။

**အမှာ**– မောဟမူစိတ်၌ မောဟဟိတ်(၁)ပါးသာ ရှိသောကြောင့် 'ဧကဟိတ်စိတ်'ဟု ခေါ်ပါသည်။

## ဒွိဟိတ်စိတ် (၂၂)ပါး:

လောဘမူစိတ် = ၈ပါး၊
ဒေါသမူစိတ် = ၂ပါး၊
ဉာဏဝိပ္ပယုတ်ကာမာဝစရသောဘနစိတ် = ၁၂ပါးတို့ ဖြစ်ပါသည်။

**အမှာ**– ယင်းစိတ်တို့၌ ဟိတ်(၂)ပါးစီ ရှိကြသောကြောင့် 'ဒွိဟိတ်စိတ်'ဟု ခေါ်ပါသည်။

http://www.dhammadownload.com



## ဒွိဟိတ်စိတ်(၂၂)ပါး၊ကို ရသည့်ဟိတ်ဖြင့် တွဲစပ်ပုံ

လောဘမူစိတ်(၈)ပါး၌ လောဘဟိတ်နှင့် မောဟဟိတ် ပါဝင်ပါသည်။ ဒေါသမူစိတ်(၂)ပါး၌ ဒေါသဟိတ်နှင့် မောဟဟိတ် ပါဝင်ပါသည်။ ဉာဏဝိပ္ပယုတ် ကာမာဝစရသောဘနစိတ်(၁၂)ပါး၌ အလောဘဟိတ်နှင့် အဒေါသဟိတ် ပါဝင်ပါသည်။

## ဒွိဟိတ်စိတ်(၂၂)ပါး၊ကို ဇောထိုက်,ဇောမထိုက် ခွဲပုံ

### ဇောထိုက်သော ဒွိဟိတ်စိတ်(၁၈)ပါး

လောဘမူစိတ် = ၈ပါး၊
ဒေါသမူစိတ် = ၂ပါး၊
ဉာဏဝိပ္ပယုတ်ကုသိုလ်,ကြိယာ = ၈ပါး တို့ ဖြစ်ပါသည်။

### ဇောမထိုက်သော ဒွိဟိတ်စိတ်(၄)ပါး

ဉာဏဝိပ္ပယုတ် မဟာဝိပါက်စိတ်(၄)ပါး တို့ ဖြစ်ပါသည်။

## တိဟိတ်စိတ် (၄၇)ပါး

ဉာဏသမ္ပယုတ်ကာမာဝစရသောဘန = ၁၂ပါး၊
မဟဂ္ဂုတ်လောကုတ္တရာစိတ် = ၃၅ပါး တို့ ဖြစ်ပါသည်။

**အမှာ**– ယင်းစိတ်(၄၇)ပါး၌ အလောဘ,အဒေါသ,အမောဟ ဟူသော ဟိတ်(၃)ပါး စီ ရှိကြသောကြောင့် 'တိဟိတ်စိတ်'ဟု ခေါ်ပါသည်။

## တိဟိတ်စိတ်(၄၇)ပါး၊ကို ဇောထိုက်,ဇောမထိုက်ခွဲပုံ

### ဇောထိုက်သော တိဟိတ်စိတ် (၃၄)ပါး

ဉာဏသမ္ပယုတ်ကုသိုလ်,ကြိယာ = ၈ပါး၊
မဟဂ္ဂုတ်ကုသိုလ်,ကြိယာစိတ် = ၁၈ပါး၊
လောကုတ္တရာစိတ် = ၈ပါး တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## ဧာမထိုက်သော တိဟိတ်စိတ်(၁၃)ပါး

ဉာဏသမ္မယုတ်မဟာဝိပါက်စိတ်= ၄ပါး၊
မဟဂ္ဂုတ်ဝိပါက်စိတ် = ၉ပါးတို့ ဖြစ်ပါသည်။

## ဟိတ်(၆)ပါးကို ဧာတ်အားဖြင့် ခွဲပုံ

လောဘ,ဒေါသ,မောဟဟူသော ဟိတ်သုံးပါးသည် အကုသိုလ် ဧာတ် ဖြစ်ပါသည်။

အလောဘ, အဒေါသ, အမောဟဟူသော ဟိတ်သုံးပါးသည် ကုသိုလ်ဧာတ်နှင့် အဗျာကတဧာတ် ဖြစ်ပါသည်။

**သာဓက**– လောဘော ဒေါသော (ပ) ကုသလာဗျာကတာ တထာ။

## ဧစေတသိက်ကို ဟိတ်ဖြင့် ရေတွက်ပုံ

## အဟိတ်စေတသိက် (၁၃)ပါး

အဟိတ်စိတ်၌ ဆန္ဒကြဉ် အညသမာန်းစေတသိက်(၁၂)ပါး၊ မောဟမူဒွေး၌ မောဟစေတသိက်(၁)ပါးတို့ ဖြစ်ပါသည်။

## ဧကဟိတ်စေတသိက် (၂၀)ပါး

မောဟမူဒွေး၌ ယှဉ်သောစေတသိက်(၁၆)ပါးတို့တွင် မောဟကြဉ် ကျန်စေတသိက်(၁၅)ပါး၊ ဒွိဟိတ်စိတ်၌ယှဉ်သော လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသဟူသော ဟိတ်(၅)ပါးတို့ ဖြစ်ပါသည်။

## ဒွိဟိတ်စေတသိက် (၄၈)ပါး

ဒွိဟိတ်စိတ်၌ယှဉ်သော စေတသိက်(၅၀)တို့တွင် ဟိတ်ငါးပါးကြဉ်ကျန်စေတသိက်(၄၅)ပါး၊ တိဟိတ်စိတ်၌ယှဉ်သော အလောဘ, အဒေါသ,အမောဟဟူသော ဟိတ်(၃)ပါးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## တိဟိတ်စေတသိက် (၃၅)ပါး

တိဟိတ်စိတ်၌ယှဉ်သော စေတသိက်(၃၈)ပါးတွင် အလောဘ, အဒေါသ,အမောဟတိတ်သုံးပါးကြဉ် ကျန်စေတသိက်(၃၅)ပါးသည် တိဟိတ်စေတသိက် ဖြစ်ပါသည်။

**[ဆောင်]** အဟိတ်-တေရ၊ ဧက-နှစ်ဆယ်၊ ဒွိဝယ်-ဌ္ဌစတ်၊
တိဟိတ်မှတ်၊ ရလတ် သုံးဆယ်ငါး။ (အခြေပြု-၁၃၁)

* ဟိတ်(၁)ပါးနှင့်ယှဉ်သောစေ- ဝိစိကိစ္ဆာ၊ လောဘ၊ ဒေါသ။
* ဟိတ်(၂)ပါးနှင့်ယှဉ်သောစေ- မောဟ၊ ဒိဋ္ဌိ၊ မာန၊ ကြသာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ အလောဘ၊ အဒေါသ၊ အမောဟ။
* ဟိတ်(၃)ပါးနှင့်ယှဉ်သောစေ- အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ ထိန၊ မိဒ္ဓ၊ ဟိတ်သုံးပါးကြဉ်သောဘနစေ(၂၂)ပါး၊ ပေါင်း(၂၇)ပါး။
* ဟိတ်(၅)ပါးနှင့်ယှဉ်သောစေ- ပီတိ၊ (ဒေါသဟိတ်မရ)။
* ဟိတ်(၆)ပါးနှင့်ယှဉ်သောစေ- ပီတိကြဉ်အညသမာန်းစေ-၁၂။

**[ဆောင်]** သုံး-ဧကဟိတ်၊ ဒွိဟိတ်-ကိုးလိ၊ သတ္တဝိ-တိဟိတ်၊ ပဉ္စဟိတ်-တစ်၊ ဆယ့်နှစ်-ဆဟိတ်၊ ဒွေးပညိတ်၊ နိမိတ်ထင်မျှကြံ။
(ပရမတ္ထသင်္ဂဟပကာသနီ)

## အဟိတ်စိတ်(၁၈)ပါးကို ဝိထိစဉ်အားဖြင့်ပြသောပါဠိ

တတ္ထ ပဉ္စဒ္ဒါရာဝဇ္ဇန (ပ) အဋ္ဌာရသ အဟေတုကစိတ္တာနိ နာမ။

## ဟိတ်(၆)ပါးကို ဇာတ်အားဖြင့်ခွဲပုံပြဂါထာ

လောဘော ဒေါသော မောဟော စ၊ (ပ) ကုသလာ-ဗျာကတာ တထာ။

ဟေတုသင်္ဂဟ ပြီး၏။

❑❑❑❑❑

http://www.dhammadownload.com



## ကိစ္စသင်္ဂဟ

ကိစ္စအပြားအားဖြင့် စိတ်,စေတသိက်တို့ကို ပေါင်းယူရာ ဖြစ်သော စကားရပ်ကို 'ကိစ္စသင်္ဂဟ'ဟု ခေါ်ပါသည်။

### ကိစ္စ (၁၄)ပါး

၁။ ပဋိသန္ဓေကိစ္စ၊ ၈။ ဖုသနကိစ္စ
၂။ ဘဝင်ကိစ္စ၊ ၉။ သမ္ပဋိစ္ဆိန်းကိစ္စ၊
၃။ အာဝဇ္ဇန်းကိစ္စ၊ ၁၀။ သန္တီရဏကိစ္စ၊
၄။ ဒဿနကိစ္စ၊ ၁၁။ ဝုဋ္ဌောကိစ္စ၊
၅။ သဝနကိစ္စ၊ ၁၂။ ဇောကိစ္စ၊
၆။ ဃာယနကိစ္စ၊ ၁၃။ တဒါရုံကိစ္စ၊
၇။ သာယနကိစ္စ၊ ၁၄။ စုတိကိစ္စတို့ ဖြစ်ပါသည်။

### ဌာန (၁၀)ပါး

၁။ ပဋိသန္ဓေဌာန၊ ၆။ သန္တီရဏဌာန၊
၂။ ဘဝင်ဌာန၊ ၇။ ဝုဋ္ဌောဌာန၊
၃။ အာဝဇ္ဇန်းဌာန၊ ၈။ ဇောဌာန၊
၄။ ပဉ္စဝိညာဏ်ဌာန၊ ၉။ တဒါရုံဌာန၊
၅။ သမ္ပဋိစ္ဆိန်းဌာန၊ ၁၀။ စုတိဌာနတို့ ဖြစ်ပါသည်။

### ဌာန(၁၀)ပါးသာ ဆိုရခြင်းအကြောင်း

စက္ခုဝိညာဏ်စသော ဝိညာဏ်ငါးပါးတို့၏ ဖြစ်ရာဌာနကို 'ပဉ္စဝိညာဏဌာန'ဟု တစ်ဌာနတည်း ပေါင်းယူထားသောကြောင့် ဌာန(၁၀)ပါးသာ ဆိုရပါသည်။

### ကိစ္စနှင့် ဌာန အထူး

လူတို့၏အမှုလုပ်ငန်းကို "ကိစ္စ'ဟု ခေါ်သကဲ့သို့ စိတ်တည်း

http://www.dhammadownload.com



ဟူသော ပရမတ္ထတရားတို့၏ ပဋိသန္ဓေစသော အခြင်းအရာ အမှုလုပ်ငန်းကို 'ကိစ္စ'ဟု ခေါ်ပါသည်။

လူတို့၏ အမှုလုပ်ငန်း ပြုလုပ်ဖွယ်ရာ အလုပ်ရုံကို 'ဌာန'ဟု ခေါ်သကဲ့သို့ ပဋိသန္ဓေစသောကိစ္စကို ပြုလုပ်ဖို့ရာ ရှေ့စိတ် နောက်စိတ်တို့၏ နှစ်ခုအကြား စိတ်တစ်ခုဖြစ်လောက်ရာ အခါကာလကို 'ဌာန'ဟု ခေါ်ပါသည်။ ဤသို့ ထူးပါသည်။

## ပဋိသန္ဓေကိစ္စ,ဘဝင်ကိစ္စ စုတိကိစ္စတပ်သော စိတ်(၁၉)ပါး

ဥပေက္ခာသဟဂုတ်သန္တီရဏစိတ် = ၂ပါး၊
မဟာဝိပါက်စိတ် = ၈ပါး၊
မဟဂ္ဂုတ်ဝိပါက်စိတ် = ၉ပါးတို့ ဖြစ်ပါသည်။

**အမှာ–** ဤစိတ်(၁၉)ပါးကိုပင် ပဋိသန္ဓေစိတ်(၁၉)ပါး၊ ဘဝင်စိတ်(၁၉)ပါး၊ စုတိစိတ်(၁၉)ပါးဟု ခေါ်ကြပါသည်။

## ပဋိသန္ဓေစိတ်(၁၉)ပါးကို ဟိတ်အားဖြင့် ရေတွက်ပုံ

အဟိတ်ပဋိသန္ဓေစိတ် = ၂ပါး၊
ဒွိဟိတ်ပဋိသန္ဓေစိတ် = ၄ပါး၊
တိဟိတ်ပဋိသန္ဓေစိတ် = ၁၃ပါးတို့ ဖြစ်ပါသည်။

## ပဋိသန္ဓေစိတ်(၁၉)ပါးကို ဘုံအားဖြင့် ရေတွက်ပုံ

ကာမပဋိသန္ဓေစိတ် = ၁၀ပါး၊
ရူပပဋိသန္ဓေစိတ် = ၅ပါး၊
အရူပပဋိသန္ဓေစိတ် = ၄ပါးတို့ ဖြစ်ပါသည်။

## ပဋိသန္ဓေစိတ်(၁၉)ပါးကို ဝေဒနာအားဖြင့် ရေတွက်ပုံ

သောမနဿသဟဂုတ်ပဋိသန္ဓေစိတ်= ၈ပါး၊

http://www.dhammadownload.com



ဥပေက္ခာသဟဂုတ်ပဋိသန္ဓေစိတ် = ၁၁ပါးတို့ ဖြစ်ပါသည်။

**အာဝဇ္ဇန်းကိစ္စတပ်သော စိတ်(၂)ပါး**

ပဉ္စဒ္ဝါရာဝဇ္ဇန်းစိတ် = ၁ပါး၊
မနောဒ္ဝါရာဝဇ္ဇန်းစိတ် = ၁ပါးတို့ ဖြစ်ပါသည်။

**ဒဿနကိစ္စတပ်သော စိတ်(၂)ပါး**

စက္ခုဝိညာဏ်ဒွေး ဖြစ်ပါသည်။

**သဝနကိစ္စတပ်သော စိတ်(၂)ပါး**

သောတဝိညာဏ်ဒွေး ဖြစ်ပါသည်။

**ဃာယနကိစ္စတပ်သော စိတ်(၂)ပါး**

ဃာနဝိညာဏ်ဒွေး ဖြစ်ပါသည်။

**သာယနကိစ္စတပ်သော စိတ်(၂)ပါး**

ဇိဝှါဝိညာဏ်ဒွေး ဖြစ်ပါသည်။

**ဖုသနကိစ္စတပ်သော စိတ်(၂)ပါး**

ကာယဝိညာဏ်ဒွေး ဖြစ်ပါသည်။

**သမ္ပဋိစ္ဆိန်းကိစ္စတပ်သော စိတ်(၂)ပါး**

သမ္ပဋိစ္ဆိန်းဒွေး ဖြစ်ပါသည်။

**သန္တီရဏကိစ္စတပ်သော စိတ်(၃)ပါး**

သန္တီရဏစိတ် (၃)ပါး ဖြစ်ပါသည်။

**ဝုဋ္ဌောကိစ္စတပ်သော စိတ်(၁)ပါး**

မနောဒ္ဝါရာဝဇ္ဇန်းစိတ် (၁)ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



* ဝုဋ္ဌောအမည်ရသောစိတ်, အမည်ရရာအခါတို့ကို သာဓက ဖြင့် ကောက်ပြပါ။

ဝုဋ္ဌောအမည်ရသောစိတ်– မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပါသည်။
ဝုဋ္ဌောအမည်ရရာအခါ–ပဥ္စဒွါရဋ္ဌဖြစ်သောအခါ ဖြစ်ပါသည်။
**သာဓက**– မနောဒွါရာဝဇ္ဇနမေဝ ပဥ္စဒွါရေ ဝေါဋ္ဌဗ္ဗနကိစ္စံ သာဓေတိ။

## ဓောကိစ္စတပ်သော စိတ်(၅၅)ပါး:

အကုသိုလ်စိတ် = ၁၂ပါး၊
ကုသိုလ်စိတ် = ၂၁ပါး၊
ဖိုလ်စိတ် = ၄ပါး၊
အာဝဇ္ဇန်းဒွေးကြဉ် ကြိယာစိတ် = ၁၈ပါးတို့ ဖြစ်ပါသည်။

## တဒါရုံကိစ္စတပ်သော စိတ်(၁၁)ပါး:

သန္တီရဏစိတ် = ၃ပါး၊
မဟာဝိပါက်စိတ် = ၈ပါးတို့ ဖြစ်ပါသည်။

## ဇဝနကိစ္စတပ်သောစိတ် (၂၉)ပါး:

ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်(၂)ပါးသည် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ၊ တဒါရုံကိစ္စ၊ သန္တီရဏကိစ္စအားဖြင့် ဇဝနကိစ္စ တပ်ပါသည်။

* အလုပ်ကိစ္စ အများဆုံး တာဝန်ယူရသောစိတ်နှင့် အလုပ်ကိစ္စ များကို ဖော်ပြပါ။

အလုပ်ကိစ္စအများဆုံး တာဝန်ယူရသောစိတ်မှာ– ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ်(၂)ပါး ဖြစ်ပါသည်။

အလုပ်ကိစ္စများမှာ– ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ၊

http://www.dhammadownload.com



တဒါရုံကိစ္စ၊ သန္တီရဏကိစ္စတို့ ဖြစ်ပါသည်။

## လေးကိစ္စတပ်သော စိတ်(၈)ပါး

မဟာဝိပါက်စိတ်(၈)ပါးသည် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ၊ တဒါရုံကိစ္စအားဖြင့် လေးကိစ္စ တပ်ပါသည်။

## သုံးကိစ္စတပ်သော စိတ်(၉)ပါး

မဟဂ္ဂုတ်ဝိပါက်စိတ်(၉)ပါးသည် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စအားဖြင့် သုံးကိစ္စ တပ်ပါသည်။

## နှစ်ကိစ္စတပ်သော စိတ်(၂)ပါး

သောမနဿသန္တီရဏစိတ်သည်၊ တဒါရုံကိစ္စ၊ သန္တီရဏကိစ္စအားဖြင့် နှစ်ကိစ္စ တပ်ပါသည်။

ဥဒ္ဓေါစိတ်သည် ဥဒ္ဓေါကိစ္စ၊ အာဝဇ္ဇန်းကိစ္စအားဖြင့် နှစ်ကိစ္စ တပ်ပါသည်။

## တစ်ကိစ္စတပ်သော စိတ်(၆၈)ပါး

ဖောဋ္ဌဗ္ဗ = ၅၅ပါး၊
မနောဓာတ် = ၃ပါး၊
ဒွေးပဉ္စဝိညာဏ် = ၁၀ပါးတို့ ဖြစ်ပါသည်။

## တစ်ကိစ္စတပ်သော စိတ်(၆၈)ပါးကို ဆိုင်ရာကိစ္စနှင့် တွဲစပ်ပုံ

ဖောဋ္ဌဗ္ဗ(၅၅)ပါးသည် ဖောဋ္ဌဗ္ဗကိစ္စ တပ်ပါသည်။
ပဉ္စဒွါရာဝဇ္ဇန်းသည် အာဝဇ္ဇန်းကိစ္စ တပ်ပါသည်။
သမ္ပဋိစ္ဆိန်းဒွေးသည် သမ္ပဋိစ္ဆိန်းကိစ္စ တပ်ပါသည်။
စက္ခုဝိညာဏ်ဒွေးသည် ဒဿနကိစ္စ တပ်ပါသည်။

http://www.dhammadownload.com



သောတဝိညာဏ်ဒွေးသည် သဝနကိစ္စ တပ်ပါသည်။
ဃာနဝိညာဏ်ဒွေးသည် ဃာယနကိစ္စ တပ်ပါသည်။
ဇိဝှါဝိညာဏ်ဒွေးသည် သာယနကိစ္စ တပ်ပါသည်။
ကာယဝိညာဏ်ဒွေးသည် ဖုသနကိစ္စ တပ်ပါသည်။

## ကိစ္စ, ဌာနတပ်သော စိတ်များ

၁-ကိစ္စ, ၁-ဌာနတပ်သောစိတ် = ၆၈ပါး၊
၂-ကိစ္စ, ၂-ဌာနတပ်သောစိတ် = ၂ပါး၊
၃-ကိစ္စ, ၃-ဌာနတပ်သောစိတ် = ၉ပါး၊
၄-ကိစ္စ, ၄-ဌာနတပ်သောစိတ် = ၈ပါး၊
၅-ကိစ္စ, ၅-ဌာနတပ်သောစိတ် = ၂ပါး။

## ကိစ္စ(၁၄)ပါး, ဌာန(၁၀)ပါးကို ဘုံအားဖြင့် ခွဲခြားပုံ

ကာမဘုံ၌ ကိစ္စ(၁၄)ပါးနှင့် ဌာန(၁၀)ပါးလုံး ရ၏။

ရူပဘုံ၌ ဃာယန, သာယန, ဖုသန, တဒါရုံကြဉ် ကျန်ကိစ္စ(၁၀)ပါး ရ၏။ တဒါရုံဌာနမှတစ်ပါး ကျန်ဌာန(၉)ပါး ရ၏။

အရူပဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိ, အာဝဇ္ဇန်း, ဓောကိစ္စအားဖြင့် ကိစ္စ(၅)ပါးသာ ရ၏။ ဌာနလည်း ထို(၅)ပါးပင် ရ၏။

## ကိစ္စတပ်သော စေတသိက်များ

၁-ကိစ္စတပ်သောစေ = အကုသိုလ်စေ-၁၄၊ဝိရတီ-၃၊ပေါင်း-၁၇။
၄-ကိစ္စတပ်သောစေ = အပ္ပမညာစေတသိက်(၂)ပါး။
၅-ကိစ္စတပ်သောစေ = ဝိရတီ,အပ္ပမညာကြဉ်သောဘာနစေ-၂၀၊ ဆန္ဒ၊ ပေါင်း-၂၁။
၆-ကိစ္စတပ်သောစေ = ပီတိ။
၇-ကိစ္စတပ်သောစေ = ဝီရိယ။

http://www.dhammadownload.com



၉-ကိစ္စတပ်သောစေ = ဝိတက်, ဝိစာရ, အဓိမောက္ခ။
၁၄-ကိစ္စတပ်သောစေ = သဗ္ဗစိတ္တသာဓာရဏစေ (၇)ပါး။
[**ဆောင်**] တစ်ကိစ္စဖြစ်၊ ဆယ့်ခွန်နှစ်တည်း၊ လေးဖြစ်-နှစ်ပါး၊ ငါး-ဇကဝိ၊ ခြောက်လီမှာ-တစ်၊ ခွန်လည်း-တစ်ပင်၊ ကိုးဖြစ်ကား-တေး၊ ဆယ့်လေး-ခုနစ်ရပ်၊ ကိစ္စတပ်သည်၊ ပေါင်းအပ် ဒွိပညာသတည်း။

ကိစ္စသင်္ဂဟ ပြီး၏။

❑❑❑❑❑

## ဒွါရသင်္ဂဟ

ဒွါရအပြားအားဖြင့် စိတ်,စေတသိက်တို့ကို ပေါင်းယူရာ ဖြစ်သော စကားရပ်ကို 'ဒွါရသင်္ဂဟ'ဟု ခေါ်ပါသည်။

### ဒွါရ (၆)ပါး

၁။ စက္ခုဒွါရ – မျက်စိတံခါး၊
၂။ သောတဒွါရ – နားတံခါး၊
၃။ ဃာနဒွါရ – နှာခေါင်းတံခါး၊
၄။ ဇိဝှာဒွါရ – လျှာတံခါး၊
၅။ ကာယဒွါရ – ကိုယ်တံခါး၊
၆။ မနောဒွါရ – စိတ်တံခါး။

**အမှာ**– ပကတိတံခါးပေါက်သည် လူတို့၏ ဝင်ရောက်ကြောင်း ဖြစ်သကဲ့သို့ ခန္ဓာအိမ်ရှိ စက္ခုပသာဒစသော တံခါးပေါက်များလည်း စက္ခုဒွါရိကစိတ် စသည်တို့၏ ဝင်ရောက်ဖြစ်ပေါ်ကြောင်း ဖြစ်သောကြောင့် စက္ခုပသာဒစသည်ကို 'ဒွါရ'ဟု ခေါ်ပါသည်။

http://www.dhammadownload.com



## ဒွါရ(၆)ပါးတို့၏ တရားကိုယ်အရ

စက္ခုပသာဒသည် စက္ခုဒွါရ မည်၏။
သောတပသာဒသည် သောတဒွါရ မည်၏။
ဃာနပသာဒသည် ဃာနဒွါရ မည်၏။
ဇိဝှါပသာဒသည် ဇိဝှါဒွါရ မည်၏။
ကာယပသာဒသည် ကာယဒွါရ မည်၏။
ဘဝင်္ဂုပစ္ဆေဒ(၁၉)ခုသည် မနောဒွါရ မည်၏။

## စက္ခုဒွါရဝိဉ်ဖြစ်သော စိတ်(၄၆)ပါး

ပဉ္စဒွါရာဝဇ္ဇန်းစိတ် = ၁ပါး၊
စက္ခုဝိညာဏ်စိတ် = ၂ပါး၊
သမ္ပဋိစ္ဆိန်းစိတ် = ၂ပါး၊
သန္တီရဏစိတ် = ၃ပါး၊
ဝုဋ္ဌောစိတ် = ၁ပါး၊
ကာမဇော = ၂၉ပါး၊
တဒါရုံ(မဟာဝိပါက်) = ၈ပါးတို့ ဖြစ်ပါသည်။

## သောတဒွါရဝိဉ်ဖြစ်သော စိတ်(၄၆)ပါး

ပဉ္စဒွါရာဝဇ္ဇန်းစိတ် = ၁ပါး၊
သောတဝိညာဏ်စိတ် = ၂ပါး၊
သမ္ပဋိစ္ဆိန်းစိတ် = ၂ပါး၊
သန္တီရဏစိတ် = ၃ပါး၊
ဝုဋ္ဌောစိတ် = ၁ပါး၊
ကာမဇော = ၂၉ပါး၊
တဒါရုံ(မဟာဝိပါက်) = ၈ပါးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## ဃာနဒွါရ၌ဖြစ်သော စိတ်(၄၆)ပါး

ပဉ္စဒွါရာဝဇ္ဇန်းစိတ် = ၁ပါး၊
ဃာနဝိညာဏ်စိတ် = ၂ပါး၊
သမ္ပဋိစ္ဆိန်းစိတ် = ၂ပါး၊
သန္တီရဏစိတ် = ၃ပါး၊
ဝုဋ္ဌောစိတ် = ၁ပါး၊
ကာမဇော = ၂၉ပါး၊
တဒါရုံ(မဟာဝိပါက်) = ၈ပါးတို့ ဖြစ်ပါသည်။

## ဇိဝှါဒွါရ၌ဖြစ်သော စိတ်(၄၆)ပါး

ပဉ္စဒွါရာဝဇ္ဇန်းစိတ် = ၁ပါး၊
ဇိဝှါဝိညာဏ်စိတ် = ၂ပါး၊
သမ္ပဋိစ္ဆိန်းစိတ် = ၂ပါး၊
သန္တီရဏစိတ် = ၃ပါး၊
ဝုဋ္ဌောစိတ် = ၁ပါး၊
ကာမဇော = ၂၉ပါး၊
တဒါရုံ(မဟာဝိပါက်) = ၈ပါးတို့ ဖြစ်ပါသည်။

## ကာယဒွါရ၌ဖြစ်သော စိတ်(၄၆)ပါး

ပဉ္စဒွါရာဝဇ္ဇန်းစိတ် = ၁ပါး၊
ကာယဝိညာဏ်စိတ် = ၂ပါး၊
သမ္ပဋိစ္ဆိန်းစိတ် = ၂ပါး၊
သန္တီရဏစိတ် = ၃ပါး၊
ဝုဋ္ဌောစိတ် = ၁ပါး၊
ကာမဇော = ၂၉ပါး၊
တဒါရုံ(မဟာဝိပါက်) = ၈ပါးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## ပဋ္ဌာန်းရှင်ဖြစ်သော စိတ်(၅၄)ပါး

ပဋ္ဌာန်းရာဝဇ္ဇနိုးစိတ် = ၁ပါး၊
ဒွေးပဋ္ဌာဝိညာဏ်စိတ် = ၁၀ပါး၊
သမ္မဋ္ဌိစ္ဆိန်းစိတ် = ၂ပါး၊
သန္တီရဏစိတ် = ၃ပါး၊
ဥဒ္ဒေါစိတ် = ၁ပါး၊
ကာမဇော = ၂၉ပါး၊
တဒါရုံ(မဟာဝိပါက်) = ၈ပါးတို့ ဖြစ်ပါသည်။

**အမှာ–** ပဋ္ဌာန်းရှင်ဖြစ်သော စိတ်(၅၄)ပါးဟူသည် ကာမစိတ် (၅၄)ပါးပင် ဖြစ်သည်။

## မနောဒွါရဖြစ်သောစိတ် (၆၇)ပါး

မနောဒွါရာဝဇ္ဇနိုးစိတ် = ၁ပါး၊
ဇောစိတ် = ၅၅ပါး၊
တဒါရုံစိတ် = ၁၁ပါးတို့ ဖြစ်ပါသည်။

## ပဋ္ဌာန်းရှင် သီခြားဖြစ်သောစိတ် (၁၃)ပါး

ဒွေးပဋ္ဌာဝိညာဏ် = ၁၀ပါး၊
မနောဓာတ် = ၃ပါးတို့ ဖြစ်ပါသည်။

## မနောဒွါရှင် သီးခြားဖြစ်သောစိတ် (၂၆)ပါး

အပ္ပနာဇော = ၂၆ပါး ဖြစ်ပါသည်။

## မနောဒွါရနှင့် ပဋ္ဌာန်းရ စက်လှည့်ပုံ

၁။ မနောဒွါရှင်သာ ဖြစ်သောစိတ်– အပ္ပနာဇော–၂၆ပါး။
၂။ ပဋ္ဌာန်းရှင်သာ ဖြစ်သောစိတ်– ဒွေး–၁၀၊ မနောဓာတ်–၃။

http://www.dhammadownload.com



၃။ နှစ်မျိုးလုံး၌ ဖြစ်သောစိတ်– မနောဒွါရာဝဇ္ဇန်း၊ ကာမဓော၂၉။
၄။ နှစ်မျိုးလုံး၌ မဖြစ်သောစိတ်– မဟဂ္ဂုတ်ဝိပါက်–၉။

## ဒွါရဝိမုတ်စိတ် (၁၉)ပါး

ဥပေက္ခာသန္တီရဏစိတ် = ၂ပါး၊
မဟာဝိပါက်စိတ် = ၈ပါး၊
မဟဂ္ဂုတ်ဝိပါက်စိတ် = ၉ပါးတို့ ဖြစ်ပါသည်။

## တစ်ဒွါရ၌ဖြစ်သောစိတ် (၃၆)ပါး

ဒွေးပဉ္စဝိညာဏ် = ၁၀ပါး၊
မဟဂ္ဂုတ်လောကုတ္တရာ(အပွနာ)ဓော = ၂၆ပါးတို့ ဖြစ်ပါသည်။

## တစ်ဒွါရ၌ ဖြစ်သောစိတ်(၃၆)ပါးကို ဆိုင်ရာဒွါရနှင့် တွဲစပ်ပုံ

စက္ခုဝိညာဏ်ဒွေးသည် စက္ခုဒွါရ မည်၏။
သောတဝိညာဏ်ဒွေးသည် သောတဒွါရ မည်၏။
ဃာနဝိညာဏ်ဒွေးသည် ဃာနဒွါရ မည်၏။
ဇိဝှါဝိညာဏ်ဒွေးသည် ဇိဝှါဒွါရ မည်၏။
ကာယဝိညာဏ်ဒွေးသည် ကာယဒွါရ မည်၏။
အပွနာဓော(၂၆)ပါးသည် မနောဒွါရ မည်၏။

## ငါးဒွါရ၌ ဖြစ်သောစိတ် (၃)ပါး

မနောဓာတ်(၃)ပါး ဖြစ်ပါသည်။

## ဧကန်ဆဒွါရိကစိတ် (၃၁)ပါး

(ဖ–ဒွါရနှင့် ထာဝစဉ်ဆက်ဆံသောစိတ်)

သောမနဿသန္တီရဏစိတ် = ၁ပါး၊
ဝုဋ္ဌောစိတ် = ၁ပါး၊

http://www.dhammadownload.com



ကာမဇော =၂၉ပါးတို့ ဖြစ်ပါသည်။

**အနေကန်ဆဒ္ဓါရိကစိတ် (၁၀)ပါး**

(ဖ–ဒ္ဓါရနှင့် ရံခါဆက်ဆံသောစိတ်)

ဥပေက္ခာသန္တီရဏစိတ် = ၂ပါး၊

မဟာဝိပါက်စိတ် = ၈ပါးတို့ ဖြစ်ပါသည်။

**ကေန်ဒ္ဓါရဝိမုတ် (၉)ပါး**

(ဖ–ဒ္ဓါရမှ အမြဲလွတ်သောစိတ်)

မဟဂ္ဂုတ်ဝိပါက်စိတ် = ၉ပါးတို့ ဖြစ်ပါသည်။

**အနေကန်ဒ္ဓါရဝိမုတ်စိတ် (၁၀)ပါး**

(ဖ–ဒ္ဓါရမှ ရံခါလွတ်သောစိတ်)

ဥပေက္ခာသန္တီရဏစိတ် = ၂ပါး၊

မဟာဝိပါက်စိတ် = ၈ပါးတို့ ဖြစ်ပါသည်။

**ဒ္ဓါရဖြင့် စေတသိက်ကို ဝေဖန်ပုံ**

မနောဒ္ဓါရဉ်ဖြစ်သောစေ= ဝိရတီ(၃)ပါး၊ အပွမညာ(၂)ပါး။

ဆဒ္ဓါရဉ် ဖြစ်သောစေ = ကျန်စေတသိက်(၄၇)ပါး။

ဒ္ဓါရဝိမုတ်ဖြစ်သောစေ = မဟဂ္ဂုတ်ဝိပါက်ဉ်ယှဉ်သော ၉စေ–၃၅။

[**ဆောင်**] ဝိရတီ,အပွ၊ ဖြစ်က မနောဒ္ဓါ၊
ကျန်လေးခွန်ပါး၊ ဖြစ်ငြား ဆဒ္ဓါ၊
မဟာဝိပါက်၊ ယှဉ်လျက်စေမှာ၊
မှတ်ကုန်ကြ၊ ဒ္ဓါရဝိမုတ္တာ။

(အရှင်နန္ဒာသီရိ)

http://www.dhammadownload.com



## ဒွါရ(၆)ပါးကို ဘုံအားဖြင့် ခွဲပုံ

| ဘုံ | ဒွါရ |
|---|---|
| ကာမ | ဒွါရ-၆ပါး၊ |
| ရူပ | စက္ခု,သောတ,မနော၊ |
| အရူပ | မနောဒွါရ၊ |

## ဒွါရ(၆)ပါး၏ တရားကိုယ်ပြပါဠိ

ဒွါရသင်္ဂဟလာ စာပိဒ် = ၃၆,၃၇,၃၈။

## စက္ခုဒွါရိကစိတ် (၄၆)ပါးကို ဝီထိစဉ်အားဖြင့် ပြသောပါဠိ

တတ္ထ ပဉ္စဒွါရာဝဇ္ဇနစက္ခုဝိညာဏ - စက္ခုဒွါရေ - ဥပ္ပဇ္ဇန္တိ။

## ကေန်ဆဒွါရိက စိတ်ပြပါဠိ

သုခသန္တီရဏဝေါဋ္ဌပန ကာမာဝစရဧဝနာနိ ဆဒွါရိကစိတ္တာနိ။

## အနေကန်ဆဒွါရိက စိတ်ပြပါဠိ

ဥပေက္ခာသဟဂတသန္တီရဏ မဟာဝိပါကာနိ ဆဒွါရိကာနိစေဝ ဒွါရဝိမုတ္တာနိ စ။

## ကေန်ဒွါရ ဝိမုတ်စိတ်ပြပါဠိ

မဟဂ္ဂတဝိပါကာနိ ဒွါရဝိမုတ္တာနေဝ။

## အနေကန်ဒွါရ ဝိမုတ်စိတ်ပြပါဠိ

ဥပေက္ခာသဟဂတသန္တီရဏ မဟာဝိပါကာနိ ဆဒွါရိကာနိစေဝ ဒွါရဝိမုတ္တာနိ စ။

ဒွါရသင်္ဂဟ ပြီး၏။

❑❑❑❑❑

http://www.dhammadownload.com



## အာရမ္မဏသင်္ဂဟ

အာရုံအပြားအားဖြင့် စိတ်, စေတသိက်တို့ကို ပေါင်းယူရာ ဖြစ်သော စကားရပ်ကို 'အာရမ္မဏသင်္ဂဟ'ဟု ခေါ်ပါသည်။

### အာရုံ (၆)ပါး

၁။ ရူပါရုံ၊ ၄။ ရသာရုံ၊
၂။ သဒ္ဒါရုံ၊ ၅။ ဖောဋ္ဌဗ္ဗာရုံ၊
၃။ ဂန္ဓာရုံ၊ ၆။ ဓမ္မာရုံတို့ ဖြစ်ပါသည်။

### အာရုံ(၆)ပါး၏ တရားကိုယ်အရ

၁။ အဆင်းမျိုးစုံ (ဝဏ္ဏာယတန)သည် ရူပါရုံ မည်၏။
၂။ အသံမျိုးစုံ (သဒ္ဒါယတန)သည် သဒ္ဒါရုံ မည်၏။
၃။ အနံ့မျိုးစုံ (ဂန္ဓာယတန)သည် ဂန္ဓာရုံ မည်၏။
၄။ အရသာမျိုးစုံ (ရသာယတန)သည် ရသာရုံ မည်၏။
၅။ အတွေ့မျိုးစုံ (ဖောဋ္ဌဗ္ဗာယတန)သည် ဖောဋ္ဌဗ္ဗာရုံ မည်၏။
၆။ ပသာဒရုပ် (၅)ပါး၊ သုခုမရုပ် (၁၆)ပါး၊ စိတ် (၈၉)ပါး၊ စေတသိက်(၅၂)ပါး၊ နိဗ္ဗာန်၊ ပညတ်သည်ဓမ္မာရုံမည်၏။

### ဓမ္မာရုံသရုပ် (၆)ပါး

၁။ ပသာဒရုပ်၊ ၄။ စေတသိက်၊
၂။ သုခုမရုပ်၊ ၅။ နိဗ္ဗာန်၊
၃။ စိတ်၊ ၆။ ပညတ်။

**အမှာ**– အာရုံ(၆)ပါးတို့တွင် အရာအာကျယ်ဆုံးအာရုံမှာ ဓမ္မာရုံ ဖြစ်သည်။

### ပဋ္ဌာန်ရိကစိတ်တို့၏ အာရုံ

စကၠဒ္ဒါရိကစိတ်(၄၆)ပါးသည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုပါသည်။

http://www.dhammadownload.com



သောတဒွါရိကစိတ်(၄၆)ပါးသည် ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြုပါသည်။
ဃာနဒွါရိကစိတ်(၄၆)ပါးသည် ပစ္စုပ္ပန်ဂန္ဓာရုံကို အာရုံပြုပါသည်။
ဇိဝှါဒွါရိကစိတ်(၄၆)ပါးသည် ပစ္စုပ္ပန်ရသာရုံကို အာရုံပြုပါသည်။
ကာယဒွါရိကစိတ်(၄၆)ပါးသည် ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုပါသည်။

**သာဓက**– အာရမ္မဏသင်္ဂဟလာ စာပိဒ်– ၅၁။

## မနောဒွါရိကစိတ်၏ အာရုံ

မနောဒွါရိက စိတ်(၆၇)ပါးသည် ပစ္စုပ္ပန်,အတိတ်,အနာဂတ်, ကာလဝိမုတ်ဖြစ်သော အာရုံခြောက်ပါးကို ထိုက်သည်အားလျော်စွာ အာရုံပြုပါသည်။

**အမှာ**– ပစ္စုပ္ပန်,အတိတ်,အနာဂတ်အာရုံဟူသည် စိတ်, စေတသိက်,ရုပ်တရားများပင်ဖြစ်၍ ကာလဝိမုတ်အာရုံဟူသည် နိဗ္ဗာန်နှင့် ပညတ်ပင် ဖြစ်ပါသည်။

## ဒွါရဝိမုတ်စိတ်၏ အာရုံ

ပဋိသန္ဓေစိတ်,ဘဝင်စိတ်,စုတိစိတ်ဟုဆိုအပ်သော ဒွါရဝိမုတ် စိတ်တို့သည် များသောအားဖြင့် အခြားမဲ့လွန်ခဲ့ပြီးစ ဘဝဟောင်း၌ ဆဒွါရိက မရဏာသန္နဇောသည် ယူပေးအပ်သော ပစ္စုပ္ပန်,အတိတ်, ပညတ်ဖြစ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟု သမုတ်အပ်သော အာရုံခြောက်ပါးတို့တွင် တစ်ပါးပါးကို ထိုက်သလို အာရုံပြုပါသည်။

**သာဓက**– အာရမ္မဏသင်္ဂဟလာ စာပိဒ်– ၅၃။

## ဇွေးပဉ္စဝိညာဏ်တစ်ဆယ်၏ အာရုံ

စက္ခုဝိညာဏ်ဇွေးသည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုပါသည်။
သောတဝိညာဏ်ဇွေးသည် ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြုပါသည်။

http://www.dhammadownload.com



ဃာနဝိညာဏ်ဒွေးသည် ပစ္စုပ္ပန်ဂန္ဓာရုံကို အာရုံပြုပါသည်။
ဇိဝှါဝိညာဏ်ဒွေးသည် ပစ္စုပ္ပန်ရသာရုံကို အာရုံပြုပါသည်။
ကာယဝိညာဏ်ဒွေးသည် ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုပါသည်။

**သာဓက**–တေသု စက္ခုဝိညာဏာဒီနိ ယထာက္ကမံ ရူပါဒိဧကေကာ-ရမ္မဏာနေဝ။

**မနောဓာတ်သုံးပါး၏ အာရုံ**

မနောဓာတ်သုံးပါးသည် ပစ္စုပ္ပန်ပဉ္စာရုံကို အာရုံပြုပါသည်။

**ကာမတရားကိုသာ အာရုံပြုသောစိတ်(၂၅)ပါး**

ဒွေးပဉ္စဝိညာဏ် = ၁၀ပါး၊
မနောဓာတ် = ၃ပါး၊
သန္တီရဏ = ၃ပါး၊
မဟာဝိပါက်စိတ် = ၈ပါး၊
ဟသိတုပ္ပါဒ် = ၁ပါးတို့ ဖြစ်ပါသည်။

**လောကုတ္တရာကြဉ် အလုံးစုံကို အာရုံပြုသောစိတ် (၂၀)ပါး**

အကုသိလ်စိတ် = ၁၂ပါး၊
မဟာကုသိလ်ဉာဏဝိပ္ပယုတ်စိတ် = ၄ပါး၊
မဟာကြိယာဉာဏဝိပ္ပယုတ်စိတ် = ၄ပါးတို့ ဖြစ်ပါသည်။

**အရဟတ္တမဂ်, အရဟတ္တဖိုလ်မှတစ်ပါး အလုံးစုံကို အာရုံပြုသောစိတ် (၅)ပါး**

မဟာကုသိလ်ဉာဏသမ္ပယုတ်စိတ် = ၄ပါး၊
ကုသိလ်အဘိညာဉ်စိတ် = ၁ပါးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



**အလုံးစုံကို အာရုံပြုသောစိတ် (၆)ပါး**

မဟာကြိယာဉာဏသမ္ပယုတ်စိတ် = ၄ပါး၊
ကြိယာအဘိညာဉ်စိတ် = ၁ပါး၊
ဝုဋ္ဌောစိတ် = ၁ပါးတို့ ဖြစ်ပါသည်။

**မဟဂ္ဂုတ်ကို ဧကန်အာရုံပြုသောစိတ် (၆)ပါး**

ဝိညာဏဉ္စာယတန ကု,ဝိ,ကြို = ၃ပါး၊
နေဝသညာနာသညာယတနကု,ဝိ,ကြို = ၃ပါးတို့ဖြစ်ပါသည်။

**ပညတ်ကို ဧကန်အာရုံပြုသော စိတ်(၂၁)ပါး**

အဘိညာဉ်ဒွေးကြဉ် ရူပစိတ် = ၁၅ပါး၊
အာကာသာနဉ္စာယတန ကု,ဝိ,ကြို = ၃ပါး၊
အာကိဉ္စညာယတန ကု,ဝိ,ကြို = ၃ပါးတို့ ဖြစ်ပါသည်။

**နိဗ္ဗာန်ကို ဧကန်အာရုံပြုသောစိတ် (၈)ပါး**

လောကုတ္တရာစိတ် = ၈ပါး ဖြစ်ပါသည်။

## 'ပဋ္ဌဝိသ ပရိတ္တမှိ'၌

**ပဋ္ဌဝိသအရ**– ဒွေးပဋ္ဌဝိညာဏ်(၁၀)ပါး၊ မနောဓာတ်(၃)ပါး၊ သန္တီရဏ(၃)ပါး၊ မဟာဝိပါက်(၈)ပါး၊ ဟသိတုပ္ပါဒ်(၁)ပါးတို့ ဖြစ်ပါသည်။

**ပရိတ္တမှိအရ**– ကာမစိတ်(၅၄)ပါး၊ စေတသိက်(၅၂)ပါး၊ ရုပ်(၂၈)ပါး ဟူသော ကာမအာရုံ(၆)ပါး ဖြစ်ပါသည်။

## 'ဆ စိတ္တာနိ မဟဂ္ဂတေ'၌

**ဆ စိတ္တာနိအရ**–ဝိညာနဉ္စာယတန ကုသိုလ်,ဝိပါက်,ကြိယာ စိတ်(၃)ပါး၊ နေဝသညာနာသညာယတန ကုသိုလ်,ဝိပါက်,ကြိယာ

http://www.dhammadownload.com



စိတ်(၃)ပါးတို့ ဖြစ်ပါသည်။

**မဟဂ္ဂတေအရ**– အာကာသာနဉ္စာယတန ကုသိုလ်,ကြိယာ(၂)ပါး၊ အာကိဉ္စညာယတနကုသိုလ်,ကြိယာ(၂)ပါးတို့ ဖြစ်ပါသည်။

## 'ဧကဝိသတိ ဆေါဟာရေ'၌

**ဧကဝိသတိအရ**– အဘိညာဉ်ဒွေးကြဉ် ရူပစိတ်(၁၅)ပါး၊ အာကာသာနဉ္စာယတနကုသိုလ်,ဝိပါက်,ကြိယာ(၃)ပါး၊အာကိဉ္စညာယတနကုသိုလ်,ဝိပါက်,ကြိယာ(၃)ပါးတို့ ဖြစ်ပါသည်။

**ဆေါဟာရအရ**– အသုဘ(၁၀)ပါး၊ ကသိုဏ်း(၁၀)ပါး၊ ကာယဂတာသတိ(၁)ပါး၊ အာနာပါန(၁)ပါး၊ ဗြဟ္မဝိဟာရ(၄)ပါး၊ ပထမာရုပ္ပ(၁)ပါး၊ တတိယာရုပ္ပ(၁)ပါးတို့ ဖြစ်ပါသည်။

## 'အဋ္ဌ နိဗ္ဗာန ဂေါစရေ'၌

**အဋ္ဌအရ**– လောကုတ္တရာစိတ်(၈)ပါး ဖြစ်ပါသည်။

**နိဗ္ဗာနဂေါစရအရ**– နိဗ္ဗာန်အာရုံ ဖြစ်ပါသည်။

## 'ဝိသာနုတ္တရ မုတ္တမိ'၌

**ဝိသအရ**– အကုသိုလ်စိတ်(၁၂)ပါး၊ မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ်(၄)ပါး၊ မဟာကြိယာ ဉာဏဝိပ္ပယုတ်စိတ်(၄)ပါးတို့ ဖြစ်ပါသည်။

**အနုတ္တရမုတ္တမိအရ**– လောကီစိတ်(၈၁)ပါး၊ စေတသိက်(၅၂)ပါး၊ ရုပ်(၂၈)ပါး၊ ကာလဝိမုတ်ဖြစ်သော ပညတ်အာရုံတို့ ဖြစ်ပါသည်။

## 'အဂ္ဂမဂ္ဂဖလုဒ္ဓိတေ ပဋ္ဌ'၌

**ပဋ္ဌအရ**– မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ်(၄)ပါး၊ ကုသိုလ်

http://www.dhammadownload.com



အဘိညာဉ်(၁)ပါးတို့ ဖြစ်ပါသည်။

**အဂ္ဂမဂ္ဂဖလုဒ္ဓိတောအရ**– အရဟတ္တမဂ်,အရဟတ္တဖိုလ်ကြဉ်သော စိတ်(၈၇)ပါး၊ စေတသိက်(၅၂)ပါး၊ ရုပ်(၂၈)ပါး၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်၊ ပညတ်အာရုံတို့ ဖြစ်ပါသည်။

## 'သဗ္ဗတ္ထ ဆစ္ဆေတိ'၌

**ဆအရ**– မနောဒွါရာဝဇ္ဇန်း(၁)ပါး၊ မဟာကြိယာ ဉာဏသမ္မယုတ်စိတ်(၄)ပါး၊ ကြိယာအဘိညာဉ်(၁)ပါးတို့ ဖြစ်ပါသည်။

**သဗ္ဗတ္ထအရ**– စိတ်(၈၉)ပါး၊ စေတသိက်(၅၂)ပါး၊ ရုပ်(၂၈)ပါး၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်၊ ပညတ်အာရုံတို့ ဖြစ်ပါသည်။

## ကာမကို ဧကန်အာရုံပြုသောစိတ် (၂၅)ပါး

ဒွေးပဉ္စဝိညာဏ်စိတ် = ၁၀ပါး၊
မနောဓာတ် = ၃ပါး၊
သန္တီရဏစိတ် = ၃ပါး၊
မဟာဝိပါက်စိတ် = ၈ပါး၊
ဟသိတုပ္ပါဒ်စိတ် = ၁ပါးတို့ ဖြစ်ပါသည်။

**သာဓက**– အာရမ္မဏသင်္ဂဟလာ စာပိုဒ်- ၅၄,၅၅,၅၆။

## ကာမကို အနေကန်အာရုံပြုသောစိတ် (၃၁)ပါး

အကုသိုလ်စိတ် = ၁၂ပါး၊
မနောဒွါရာဝဇ္ဇန်းစိတ် = ၁ပါး၊
မဟာကုသိုလ်စိတ် = ၈ပါး၊
မဟာကြိယာစိတ် = ၈ပါး၊
အဘိညာဉ်စိတ် = ၂ပါးတို့ ဖြစ်ပါသည်။

**သာဓက**– အာရမ္မဏသင်္ဂဟလာ စာပိုဒ်- ၅၇,၅၈,၅၉။

http://www.dhammadownload.com



**မဟဂ္ဂုတ်ကို ဈာန်အာရုံပြုသောစိတ်(၆)ပါး**

ဝိညာနဉ္စာယတနကု,ဝိ,ကြို = ၃ပါး၊
နေဝသညာနာသညာယတနကု,ဝိ,ကြို = ၃ပါးတို့ ဖြစ်ပါသည်။
**သာဓက**– အာရုပ္ပေသု ဒုတိယစတုတ္ထာနိ မဟဂ္ဂတာရမ္မဏာနိ။

**မဟဂ္ဂုတ်ကို အနေကန်အာရုံပြုသောစိတ်(၃၁)ပါး**

အကုသိုလ်စိတ် = ၁၂ပါး၊
မနောဒွါရာဝဇ္ဇန်းစိတ် = ၁ပါး၊
မဟာကုသိုလ်စိတ် = ၈ပါး၊
မဟာကြိယာစိတ် = ၈ပါး၊
အဘိညာဉ်စိတ် = ၂ပါးတို့ ဖြစ်ပါသည်။
**သာဓက**– အာရမ္မဏသင်္ဂဟလာ စာပိုဒ်– ၅၇,၅၈,၅၉။

**ပညတ်ကို ဈာန်အာရုံပြုသောစိတ်(၂၁)ပါး**

အဘိညာဉ်ဒွေးကြဉ် ရူပစိတ် = ၁၅ပါး၊
အာကာသာနဉ္စာယတနကု,ဝိ,ကြို = ၃ပါး၊
အာကိဉ္စညာယတနကု,ဝိ,ကြို = ၃ပါးတို့ ဖြစ်ပါသည်။
**သာဓက**– သေသာနိ မဟဂ္ဂတစိတ္တာနိ သဗ္ဗာနိပိ ပညတ္တာရမ္မဏာနိ။

**ပညတ်ကို အနေကန်အာရုံပြုသောစိတ် (၃၁)ပါး**

အကုသိုလ်စိတ် = ၁၂ပါး၊
မနောဒွါရာဝဇ္ဇန်းစိတ် = ၁ပါး၊
မဟာကုသိုလ်စိတ် = ၈ပါး၊
မဟာကြိယာစိတ် = ၈ပါး၊
အဘိညာဉ်စိတ် = ၂ပါးတို့ ဖြစ်ပါသည်။
**သာဓက**– အာရမ္မဏသင်္ဂဟလာ စာပိုဒ်– ၅၇,၅၈,၅၉။

http://www.dhammadownload.com



**နိဗ္ဗာန်ကို ဧကန်အာရုံပြုသောစိတ် (၈)ပါး:**

လောကုတ္တရာစိတ် = ၈ပါးတို့ ဖြစ်ပါသည်။

**သာဓက**– လောကုတ္တရစိတ္တာနိ နိဗ္ဗာနာရမ္မဏာနိ။

**နိဗ္ဗာန်ကို အနေကန်အာရုံပြုသောစိတ် (၁၁)ပါး:**

မနောဒ္ဓါရာဝဇ္ဇန်းစိတ် = ၁ပါး၊

မဟာကုသိုလ်ဉာဏသမ္မယုတ်စိတ်= ၄ပါး၊

မဟာကြိယာဉာဏသမ္မယုတ်စိတ် = ၄ပါး၊

အဘိညာဉ်စိတ် = ၂ပါးတို့ ဖြစ်ပါသည်။

**သာဓက**– အာရမ္မဏသင်္ဂဟလာ စာပိဒ်-၅၈,၅၉။

**ပစ္စုပ္ပန်ကို ဧကန်အာရုံပြုသောစိတ် (၁၃)ပါး:**

ဒွေးပဉ္စဝိညာဏ် = ၁၀ပါး၊

မနောဓာတ် = ၃ပါးတို့ ဖြစ်ပါသည်။

**သာဓက**– အာရမ္မဏသင်္ဂဟလာ စာပိဒ်-၅၄,၅၅။

**အတိတ်ကို ဧကန်အာရုံပြုသောစိတ် (၆)ပါး:**

ဝိညာနဉ္စာယတနကု,ဝိ,ကြို = ၃ပါး၊

နေဝသညာနာသညာယတနကု,ဝိ,ကြို= ၃ပါးတို့ ဖြစ်ပါသည်။

**သာဓက**– အာရုပ္ပေသု ဒုတိယစတုတ္ထာနိ မဟဂ္ဂတာရမ္မဏာနိ။

**ရုပ်တရားကို ဧကန်အာရုံပြုသောစိတ် (၁၃)ပါး:**

ဒွေးပဉ္စဝိညာဏ် = ၁၀ပါး၊

မနောဓာတ် = ၃ပါးတို့ ဖြစ်ပါသည်။

**သာဓက**– အာရမ္မဏသင်္ဂဟလာ စာပိဒ်-၅၄,၅၅။

**နာမ်တရားကို ဧကန်အာရုံပြုသောစိတ်(၁၄)ပါး:**

ဝိညာနဉ္စာယတန ကု,ဝိ,ကြို = ၃ပါး၊

http://www.dhammadownload.com



နေဝသညာနာသညာယတနကု,ဝိ,ကြို = ၃ပါး၊
လောကုတ္တရာစိတ် = ၈ပါးတို့ ဖြစ်ပါသည်။
**သာဓက**– အာရမ္မဏသင်္ဂဟလာ စာပိုဒ်– ၆၀,၆၂။

* နိဗ္ဗာန်ကို မျက်စိဖြင့် မြင်နိုင်/မမြင်နိုင် သာဓကဖြင့်ရှင်းပြပါ။

မျက်စိသည် ရူပါရုံကိုသာ မြင်နိုင်၍ နိဗ္ဗာန်ကား ဓမ္မာရုံဖြစ်သောကြောင့် နိဗ္ဗာန်ကို မျက်စိဖြင့် မမြင်နိုင်ပါ။
**သာဓက**– ဓမ္မာရမ္မဏံ ပန (ပ) နိဗ္ဗာနပညတ္တိဝသေန ဆဓာ သင်္ဂယှတိ။
တေသု စက္ခုဝိညာဏာဒီနိ (ပ) ရူပါဒိဧကေကာရမ္မဏာနေဝ။

* ဘုရားရဟန္တာတို့၏ စုတိစိတ်သည် နိဗ္ဗာန်ကို အာရုံပြု/မပြု သာဓကဖြင့် ရှင်းပြပါ။

စုတိစိတ်မှန်သမျှ ကံ,ကမ္မနိမိတ်,ဂတိနိမိတ်တို့တွင် တစ်ပါးပါးကိုသာ အာရုံပြုသောကြောင့် ဘုရားရဟန္တာတို့၏ စုတိစိတ်သည် နိဗ္ဗာန်ကို အာရုံမပြုပါ။
**သာဓက**– ဒွါရဝိမုတ္တာနဉ္စ ပဋိသန္ဓိဘဝင်္ဂစုတိ (ပ) အာရမ္မဏံ ဟောတိ။

* ဝိသမလောဘသမားများ လောကီစျာန်တရားကို အာရုံပြုနိုင်/မပြုနိုင် သာဓကဖြင့် ရှင်းပြပါ။

လောဘမူစိတ်သည် လောကုတ္တရာအာရုံမှတစ်ပါး အလုံးစုံကို (ကာမ,မဟဂ္ဂုတ်,ပညတ်ကို) အာရုံပြုသောကြောင့် လောကီစျာန်တရားကို အာရုံပြုနိုင်ပါသည်။
**သာဓက**– အကုသလာနိ စေဝ (ပ) သဗ္ဗာရမ္မဏာနိ။

* မဂ်ဖိုလ်နိဗ္ဗာန် လိုချင်မှုသည် လောဘဟုတ်/မဟုတ် သာဓကဖြင့် စစ်တမ်းထုတ်ပြပါ။

http://www.dhammadownload.com



လောဘမူစိတ်သည် လောကုတ္တရာဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို အာရုံမပြုသောကြောင့် မဂ်ဖိုလ်နိဗ္ဗာန် လိုချင်မှုသည် လောဘမဟုတ်ပါ။ ကုသိုလ်ဆန္ဒသာ ဖြစ်ပါသည်။

**သာဓက**– အကုသလာနိ စေဝ (ပ) သဗ္ဗာရမ္မဏာနိ။

* ဝုဋ္ဌောတိုင်း အလုံးစုံကို အာရုံပြုနိုင်/မပြုနိုင် အကြောင်းပြကာ ဖြေဆိုပါ။

ဘုရားရှင်၏သန္တာန်၌ဖြစ်သော ဝုဋ္ဌောသည်သာ အလုံးစုံကို အာရုံပြုနိုင်၍ အခြားသောပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သော ဝုဋ္ဌော သည် အလုံးစုံကို အာရုံမပြုနိုင်ပါ။

* သဗ္ဗညုတဉာဏ်တော်၏အရကို သာဓကဖြင့် ကောက်ပြပါ။

သဗ္ဗညုတဉာဏ်တော်၏အရ မဟာကြိယာဉာဏသမ္ပယုတ် စိတ်(၄)ခု၌ရှိသော ပညာ ရုပါသည်။

**သာဓက**– ဉာဏသမ္ပယုတ္တကာမာဝစရကိရိယာ(ပ) သဗ္ဗာရမ္မဏာနိ။

* ဘုရားရှင်မှာ အနာဂတံသဉာဏ်တော် ရှိ/မရှိ သာဓကဖြင့် ရှင်းပြပါ။

မဟာကြိယာဉာဏသမ္ပယုတ်စိတ်လေးခု၊ ကြိယာအဘိညာဉ်၊ ဝုဋ္ဌောတို့သည် အလုံးစုံကို အာရုံပြုသောစိတ်များဖြစ်၍ ယင်းစိတ်များသည် ဘုရားရှင်၏သန္တာန်၌ ဧကန်ရသောကြောင့် ဘုရားရှင်မှာ အနာဂတံသဉာဏ်တော် ရှိပါသည်။

**သာဓက**– ဉာဏသမ္ပယုတ္တကာမာဝစရကိရိယာ(ပ) သဗ္ဗာရမ္မဏာနိ။

* တစ်ကိုစ္စသာတပ်၍ တစ်ဒ္ဝါရ၌သာဖြစ်ပြီး အာရုံတစ်မျိုးကိုသာ အာရုံပြုနိုင်သော စိတ်တို့ကို တိကျစွာ ဖော်ပြပါ။

http://www.dhammadownload.com



ဒွေးပဉ္စဝိညာဏ် = ၁၀ပါး၊
အာကာသာနဉ္စာယတနကု,ကြိဖော = ၂ပါး၊
အာကိဉ္စညာယတနကု,ကြိဖော = ၂ပါး၊
လောကုတ္တရာဖော = ၈ပါး၊
ပေါင်း(၂၂)ပါးတို့ ဖြစ်ပါသည်။

* စက္ခုစသော ငါးဒွါရဥ်ဖြစ်ပြီး ရူပါရုံစသော အာရုံငါးပါး ကိုပင် အာရုံပြုနိုင်သောစိတ်ကို တိကျစွာ ဖော်ပြပါ။
မနောဓာတ် (၃)ပါး ဖြစ်ပါသည်။

* အာရုံခံစားရန် ဝင်ပေါက်ကွဲပြားမှုကြောင့် ကိစ္စပါ ကွဲပြား သောစိတ်ကို (က) ဆောင်ရွက်နိုင်သောကိစ္စ၊ (ခ) ခံစားနိုင်သည့် အာရုံတို့နှင့်တကွ တိကျစွာ ဖော်ပြပါ။
ဝုဋ္ဌောခေါ် မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပါသည်။
(က) ဝုဋ္ဌောကိစ္စနှင့် အာဝဇ္ဇန်းကိစ္စ ဖြစ်ပါသည်။
(ခ) အလုံးစုံကို အာရုံပြုပါသည်။

## အာရုံ(၆)ပါးတို့၏ တရားကိုယ်အရေပြပါဦ

အာရမ္မဏသင်္ဂဟာ စာပိုဒ်- ၄၉၊ ၅၀။

## ပဋိသန္ဓေစိတ်အားလုံးတို့၏ အာရုံပြပါဦ

ဒွါရဝိမုတ္တာနဉ္စပဋိသန္ဓိ (၁) နိမိတ္တသမ္မတံ အာရမ္မဏံ ဟောတိ။

## ဧကန်အာရုံပြုပုံပြ ပါဦ

အာရမ္မဏသင်္ဂဟာ စာပိုဒ်-၅၄၊၅၅၊၅၆၊၆၀၊၆၁၊၆၂။

## အနေကန်အာရုံပြုပုံပြ ပါဦ

အာရမ္မဏသင်္ဂဟာ စာပိုဒ်- ၅၇၊ ၅၈၊ ၅၉။

http://www.dhammadownload.com



**ကာမစိတ်(၅၄)ပါး, အဘိညာဉ်ဒွေးတို့၏ အာရုံပြပါဠိ**

အာရမ္မဏသင်္ဂဟလာ စာပိုဒ်-၅၄၊ ၅၅၊ ၅၆၊ ၅၇၊ ၅၈၊ ၅၉။

**အဘိညာဉ်ဒွေးမှတစ်ပါး မဟဂ္ဂုတ်-**
**လောကုတ္တရာစိတ်တို့၏ အာရုံပြပါဠိ**

အာရမ္မဏသင်္ဂဟလာ စာပိုဒ်- ၆၀၊ ၆၁၊ ၆၂။

**ကာမကောန်အာရုံပြုပုံပြ ပါဠိ**

အာရမ္မဏသင်္ဂဟလာ စာပိုဒ်- ၅၄၊ ၅၅၊ ၅၆။

**ကာမ,မဟဂ္ဂုတ်,ပညတ် အနေကန်အာရုံပြပါဠိ**

အာရမ္မဏသင်္ဂဟလာ စာပိုဒ်- ၅၇၊ ၅၈၊ ၅၉။

**လောကုတ္တရာ အနေကန်အာရုံပြပါဠိ**

အာရမ္မဏသင်္ဂဟလာ စာပိုဒ်- ၅၈၊ ၅၉။

အာရမ္မဏသင်္ဂဟ ပြီး၏။

❑❑❑❑❑

## ဝတ္ထုသင်္ဂဟ

ဝတ္ထုအပြားအားဖြင့် စိတ်, စေတသိက်တို့ကို ပေါင်းယူရာ ဖြစ်သော စကားရပ်ကို 'ဝတ္ထုသင်္ဂဟ'ဟု ခေါ်ပါသည်။

**ဝတ္ထု (၆)ပါး:**

၁။ စက္ခုဝတ္ထု၊ ၄။ ဇိဝှါဝတ္ထု၊
၂။ သောတဝတ္ထု၊ ၅။ ကာယဝတ္ထု၊
၃။ ဃာနဝတ္ထု၊ ၆။ ဟဒယဝတ္ထုတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## ဝတ္ထုရုပ်(၆)ပါး၏ တရားကိုယ်အရ

၁။ စက္ခုပသာဒသည် စက္ခုဝတ္ထု မည်၏။
၂။ သောတပသာဒသည် သောတဝတ္ထု မည်၏။
၃။ ဃာနပသာဒသည် ဃာနဝတ္ထု မည်၏။
၄။ ဇိဝှါပသာဒသည် ဇိဝှါဝတ္ထု မည်၏။
၅။ ကာယပသာဒသည် ကာယဝတ္ထု မည်၏။
၆။ ဟဒယရုပ်သည် ဟဒယဝတ္ထု မည်၏။

## ဝတ္ထုဖြင့် ဘုံတို့ကို ဝေဖန်ပုံ

၁။ ကာမဘုံ၌ ဝတ္ထုရုပ်ခြောက်ပါးလုံး ရသည်။
၂။ ရူပဘုံ၌ စက္ခုဝတ္ထု၊သောတဝတ္ထု၊ဟဒယဝတ္ထု သုံးပါးသာရှိ၏။
ကျန်ဝတ္ထုရုပ်သုံးပါး မရှိပါ။
၃။ အရူပဘုံ၌ ဝတ္ထုရုပ်ခြောက်ပါးလုံး မရှိပါ။

## ဝိညာဏ်(၇)ပါး

၁။ စက္ခုဝိညာဏ်၊
၂။ သောတဝိညာဏ်၊
၃။ ဃာနဝိညာဏ်၊
၄။ ဇိဝှါဝိညာဏ်၊
၅။ ကာယဝိညာဏ်၊
၆။ မနောဝိညာဏ်၊
၇။ မနောဝိညာဏ်တို့ ဖြစ်ပါသည်။

## ဝိညာဏ်(၇)ပါး၏ တရားကိုယ်အရ

၁။ စက္ခုဝိညာဏ်ဒွေးသည် စက္ခုဝိညာဏ် မည်၏။
၂။ သောတဝိညာဏ်ဒွေးသည် သောတဝိညာဏ် မည်၏။
၃။ ဃာနဝိညာဏ်ဒွေးသည် ဃာနဝိညာဏ် မည်၏။
၄။ ဇိဝှါဝိညာဏ်ဒွေးသည် ဇိဝှါဝိညာဏ် မည်၏။
၅။ ကာယဝိညာဏ်ဒွေးသည် ကာယဝိညာဏ် မည်၏။

http://www.dhammadownload.com



၆။ ပဋ္ဌဒွါရာဝဇ္ဇန်း၊ သမ္မဋ္ဌိစ္ဆိန်းဒွေးသည် မနောဓာတ် မည်၏။
၇။ ကြွင်းသော အကုသိုလ်စိတ် (၁၂)ပါး၊ ကုသိုလ်စိတ် (၂၁)ပါး၊ ဝိပါက်စိတ်(၂၄)ပါး၊ ကြိယာစိတ်(၁၉)ပါး၊ ပေါင်း(၇၆)ပါး သည် မနောဝိညာဏဓာတ် မည်၏။

## ပဉ္စဝိညာဏဓာတ်နှင့် ပဉ္စဝတ္ထု တွဲစပ်ပုံ

၁။ စက္ခုဝိညာဏဓာတ်သည် စက္ခုဝတ္ထုကို ဧကန်မှီ၏။
၂။ သောတဝိညာဏဓာတ်သည် သောတဝတ္ထုကို ဧကန်မှီ၏။
၃။ ဃာနဝိညာဏဓာတ်သည် ဃာနဝတ္ထုကို ဧကန်မှီ၏။
၄။ ဇိဝှါဝိညာဏဓာတ်သည် ဇိဝှါဝတ္ထုကို ဧကန်မှီ၏။
၅။ ကာယဝိညာဏဓာတ်သည် ကာယဝတ္ထုကို ဧကန်မှီ၏။

* မနောဓာတ် အမည်ရသော စိတ်တို့ကို သာဓကပြ ဖြေဆိုပါ။
မနောဓာတ် အမည်ရသောစိတ်မှာ– ပဋ္ဌဒွါရာဝဇ္ဇန်းစိတ်(၁)ပါး၊ သမ္မဋ္ဌိစ္ဆိန်းစိတ်(၂)ပါးတို့ ဖြစ်ပါသည်။

**သာဓက**– ပဋ္ဌဒွါရာဝဇ္ဇနသမ္မဋ္ဌိစ္ဆနသခ်ိတာ ပန (ပ) ပဝတ္တန္တိ။

## ဟဒယဝတ္ထုကို အမြဲမှီသောစိတ် (၃၃)ပါး

| | | |
|---|---|---|
| မနောဓာတ် | = | ၃ပါး၊ |
| သန္တီရဏစိတ် | = | ၃ပါး၊ |
| မဟာဝိပါက်စိတ် | = | ၈ပါး၊ |
| ဒေါသမူစိတ် | = | ၂ပါး၊ |
| သောတာပတ္တိမဂ်စိတ် | = | ၁ပါး၊ |
| ဟသိတုပ္ပါဒ်စိတ် | = | ၁ပါး၊ |
| ရူပါဝစရစိတ် | = | ၁၅ပါးတို့ ဖြစ်ပါသည်။ |

http://www.dhammadownload.com



**ဟဒယဝတ္ထုရူပ်ကို ရံခါမှီသောစိတ် (၄၂)ပါး**

လောဘမူစိတ် = ၈ပါး၊
မောဟမူစိတ် = ၂ပါး၊
မနောဒွါရာဝဇ္ဇန်းစိတ် = ၁ပါး၊
မဟာကုသိုလ်စိတ် = ၈ပါး၊
မဟာကြိယာစိတ် = ၈ပါး၊
အရူပါဝစရကုသိုလ် စိတ် = ၄ပါး၊
အရူပါဝစရကြိယာစိတ် = ၄ပါး၊
သောတာပန်ကြဉ်လောကုတ္တရာ = ၇ပါးတို့ ဖြစ်ပါသည်။

**အမှာ**– ဒွေစတ္တာလီသ အရုလည်း ဟုတ်၏။

**ဟဒယဝတ္ထုကို လုံးဝမှီသောစိတ် (၄)ပါး**

အရူပဝိပါက်စိတ် = ၄ပါး ဖြစ်ပါသည်။

**ဟဒယဝတ္ထုကို အမြဲမှီသော မနောဝိညာဏဓာတ် (၃၀)ပါး**

သန္တီရဏစိတ် = ၃ပါး၊
မဟာဝိပါက်စိတ် = ၈ပါး၊
ဒေါသမူစိတ် = ၂ပါး၊
သောတာပတ္တိမဂ်စိတ် = ၁ပါး၊
ဟသိတုပ္ပါဒ်စိတ် = ၁ပါး၊
ရူပါဝစရစိတ် = ၁၅ပါးတို့ ဖြစ်ပါသည်။

**ဟဒယဝတ္ထုကို ရံခါမှီသော မနောဝိညာဏဓာတ် (၄၂)ပါး**

လောဘမူစိတ် = ၈ပါး၊
မောဟမူစိတ် = ၂ပါး၊

http://www.dhammadownload.com



မနောဒွါရာဝဇ္ဇန်းစိတ် = ၁ပါး၊
မဟာကုသိုလ်စိတ် = ၈ပါး၊
မဟာကြိယာစိတ် = ၈ပါး၊
အရူပါဝစရကုသိုလ် စိတ် = ၄ပါး၊
အရူပါဝစရကြိယာစိတ် = ၄ပါး၊
သောတာပန်ကြဉ် လောကုတ္တရာ = ၇ပါးတို့ ဖြစ်ပါသည်။

**ဟဒယဝတ္ထုကို လုံးဝမမှီသော**
**မနောဝိညာဏဓာတ် (၄)ပါး**

အရူပဝိပါက်စိတ် = ၄ပါး ဖြစ်ပါသည်။

**ဝတ္ထုရုပ်, ဝိညာဏဓာတ်တို့ကို ဘုံအားဖြင့်ခွဲပုံ**

| ဘုံ | ဝတ္ထု | ဝိညာဏဓာတ် |
|---|---|---|
| ကာမ-၁၁ | ၆-ပါးလုံး | ၇-ပါးလုံး |
| ရူပ-၁၅ | စက္ခု၊ သောတ၊ ဟဒယ | စက္ခု၊ သောတ၊ မနော၊ မနောဝိ |
| အရူပ-၄ | x | မနောဝိညာဏ |
| အသညသတ် | x | x |

**'တေစတ္တာလီသ'အရ**

ဒွေးပဉ္စဝိညာဏ် = ၁၀ပါး၊
မနောဓာတ် = ၃ပါး၊
သန္တီရဏစိတ် = ၃ပါး၊
ဒေါသမူစိတ် = ၂ပါး၊
မဟာဝိပါက်စိတ် = ၈ပါး၊
သောတာပတ္တိမဂ်စိတ် = ၁ပါး၊
ဟသိတုပ္ပါဒ်စိတ် = ၁ပါး၊
ရူပါဝစရစိတ် = ၁၅ပါးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



**ကာမဘုံ၌သာ ဖြစ်သောစိတ် (၁၆)ပါး**

ဒေါသမူစိတ် = ၂ပါး၊
ဃာနဝိညာဏ်စိတ် = ၂ပါး၊
ဇိဝှါဝိညာဏ်စိတ် = ၂ပါး၊
ကာယဝိညာဏ်စိတ် = ၂ပါး၊
မဟာဝိပါက်စိတ် = ၈ပါးတို့ ဖြစ်ပါသည်။

**ရူပဘုံ၌သာ ဖြစ်သောစိတ်(၅)ပါး**

ရူပါဝစရဝိပါက်စိတ် = ၅ပါး ဖြစ်ပါသည်။

**အရူပဘုံ၌သာ ဖြစ်သောစိတ်(၄)ပါး**

အရူပါဝစရဝိပါက်စိတ် = ၄ပါး ဖြစ်ပါသည်။

**ကာမဘုံနှင့် ရူပဘုံတို့၌သာ ဖြစ်သောစိတ်(၂၂)ပါး**

စက္ခုဝိညာဏ်စိတ် = ၂ပါး၊
သောတဝိညာဏ်စိတ် = ၂ပါး၊
မနောဓာတ် = ၃ပါး၊
သန္တီရဏစိတ် = ၃ပါး၊
ဟသိတုပ္ပါဒ်စိတ် = ၁ပါး၊
ရူပါဝစရကုသိုလ်စိတ် = ၅ပါး၊
ရူပါဝစရကြိယာစိတ် = ၅ပါး၊
သောတာပတ္တိမဂ်စိတ် = ၁ပါးတို့ ဖြစ်ပါသည်။

**ကာမ, ရူပ, အရူပ ဘုံသုံးပါးလုံး၌ ဖြစ်သောစိတ် (၄၂)ပါး**

ဟဒယဝတ္ထုရုပ်ကို ဒံခါမိုသောစိတ်(၄၂)ပါးပင် ဖြစ်ပါသည်။

http://www.dhammadownload.com



## ဝတ္ထုဖြင့် စေတသိက်ကို ဝေဖန်ပုံ

ဝတ္ထုရုပ်(၆)ပါးလုံးကို ရုံခါမိုသောစေတသိက်– သဗ္ဗစိတ္တသာဓာရဏစေတသိက်(၇)ပါး ဖြစ်ပါသည်။

ဟဒယဝတ္ထုကို အမြဲမိုသောစေတသိက်– ဒေါစတုက်(၄)ပါး၊ အပ္ပမညာစေတသိက်(၂)ပါး၊ ပေါင်း(၆)ပါး ဖြစ်ပါသည်။

ဟဒယဝတ္ထုကို ရုံခါမိုသောစေတသိက်– ကျန်စေတသိက်(၃၉) ပါး ဖြစ်ပါသည်။

**[ဆောင်]** ရုံခါမိုမှု၊ ဆဝတ္ထုက၊ ခုနှစ်ဝတည်း၊ ဟဒယစွဲ၊ မိုမြခြောက်ဖြာ၊ ရုံခါမိုမျိုး၊ သုံးဆယ့်ကိုး၊ ပေါင်းရိုး ဒွိပညာ။

* ပုစ္ဆက်ဆိတ်၌ မျက်စိပါ/မပါ သာဓကဖြင့် ရှင်းပြပါ။

ကာမဘုံ၌ ဝတ္ထုရုပ်ခြောက်ပါးလုံး ရသောကြောင့် ကာမဘုံသား ပုစ္ဆက်ဆိတ်၌ မျက်စိပါ,ပါသည်။

**သာဓက**– တာနိ ကာမလောကေ သဗ္ဗာနိပိ လဗ္ဘန္တိ။

* 'မိကျောင်းမှာ လျှာမရှိ'ဟူသောစကား မှန်ကန်မှုရှိ/မရှိ သာဓကဖြင့် ရှင်းပြပါ။

ကာမဘုံ၌ ဝတ္ထုရုပ်ခြောက်ပါးလုံး ရသောကြောင့် ကာမဘုံသား မိကျောင်းမှာလည်း ဝတ္ထုရုပ်ခြောက်ပါးလုံးပင်ရ၍ 'မိကျောင်းမှာ လျှာမရှိ'ဆိုသောစကား မမှန်ပါ။

**သာဓက**– တာနိ ကာမလောကေ သဗ္ဗာနိပိ လဗ္ဘန္တိ။

* ရူပဖြိဟ္မာများ အနံ့,အရသာ,အတွေ့အထိတို့ကို ခံစားနိုင်မှု ရှိ/မရှိ သာဓကဖြင့် ရှင်းပြပါ။

ရူပဖြိဟ္မာများ၌ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထုတို့ မရသောကြောင့် အနံ့,အရသာ,အတွေ့အထိတို့ကို ခံစားနိုင်မှု မရှိပါ။

http://www.dhammadownload.com



**သာဓက**– ရူပလောကေ ပန ဃာနာဒိတ္တယံ နတ္ထိ။

* ရူပဗြဟ္မာတို့မှာ နှာခေါင်း, လျှာ, ကိုယ်ပုံသဏ္ဌာန်ရှိ/မရှိ သာဓကဖြင့် ရှင်းပြပါ။

"ရူပလောကေ ပန ဃာနဒိတ္တယံ နတ္ထိ–စကားအရ ရူပဗြဟ္မာတို့မှာ ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ မရှိ"ဟုဆိုသောကြောင့် ပသာဒရုပ် မရှိသော်လည်း နှာခေါင်း, လျှာ, ခန္ဓာကိုယ်ပုံသဏ္ဌာန်များ လှပပြေပြစ်စွာ ရှိကြပါသည်။

* လှပသော ပန်းတစ်ပွင့်ကို ကြည့်ရှုနေစဉ်ခဏ၌ ဖြစ်ပေါ်လာသော ဝိညာဏ်ကို မှီရာဝတ္ထုနှင့်တကွ ဖော်ပြပါ။

စက္ခုဝိညာဏ်တ် ဖြစ်ပေါ်လာပါသည်။

မှီရာဝတ္ထုမှာ– စက္ခုဝတ္ထု ဖြစ်ပါသည်။

* စာဖြေနေသော အရှင်များ မေးခွန်းလွှာကို ကြည့်ရှုနေစဉ်ခဏ၌ ဖြစ်ပေါ်လာသော ဝိညာဏ်ကို မှီရာဝတ္ထုနှင့်တကွ ဖော်ပြပါ။

စက္ခုဝိညာဏ်တ် ဖြစ်ပေါ်လာပါသည်။

မှီရာဝတ္ထုမှာ– စက္ခုဝတ္ထု ဖြစ်ပါသည်။

* သာယာဖွယ်ကောင်းသော သီချင်းသံကို နားထောင်နေစဉ်ခဏ၌ ဖြစ်ပေါ်လာသော ဝိညာဏ်ကို မှီရာဝတ္ထုနှင့်တကွ ဖော်ပြပါ။

သောတဝိညာဏ်တ် ဖြစ်ပေါ်လာပါသည်။

မှီရာဝတ္ထုမှာ– သောတဝတ္ထု ဖြစ်ပါသည်။

http://www.dhammadownload.com



* 'အသိဉာဏ်သည် ဦးနှောက်ကိုမှီ၏'ဆိုစကား မှန်/မမှန် အဘိဓမ္မာသဘာဝအရ ရှင်းပြပါ။

စက္ခုဝိညာဏဓာတ်စသော ဓာတ်ခုနှစ်ပါးတို့သည် ဝတ္ထုရုပ် ခြောက်ပါးကိုသာ မှီသောကြောင့် 'အသိဉာဏ်သည် ဦးနှောက်ကို မှီ၏'ဆိုစကား မမှန်ပါ။

* ဝတ္ထုရုပ်(၆)ပါးလုံးကို လုံးဝမမှီသောစိတ်ကို သာဓကပြ ဖြေဆိုပါ။

အရူပဝိပါက်စိတ် (၄)ပါး ဖြစ်ပါသည်။

**သာဓက**– အာရုပ္ပဝိပါကဝသေန ဟဒယံ အနိဿာယေဝါတိ။

**ဝတ္ထုရုပ်ကို ကောန်မှိသောစိတ်ပြပါဦ**

ဝတ္ထုသင်္ဂဟာ စာပိုဒ်– ၆၈၊ ၆၉၊ ၇၀။

**ဟဒယဝတ္ထုကို ကောန်မှိသောစိတ်ပြပါဦ**

ဝတ္ထုသင်္ဂဟာ စာပိုဒ်– ၆၉၊ ၇၀။

**ဟဒယဝတ္ထုကို အနေကန်မှိသောစိတ်ပြပါဦ**

ဝတ္ထုသင်္ဂဟာ စာပိုဒ်– ၇၁။

**ဟဒယဝတ္ထုကို လုံးဝမမှိသောစိတ်ပြပါဦ**

ဝတ္ထုသင်္ဂဟာ စာပိုဒ်– ၇၂။

ဝတ္ထုသင်္ဂဟာ ပြီး၏။

ပကိဏ်းပိုင်း ပြီး၏။

❑❑❑❑❑

http://www.dhammadownload.com

# ဒီဃဒီပိုင်း

ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္မဋိဆိုန်း စသည်ဖြင့် စိတ်၏ ဖြစ်စဉ်ကို ပြသောအပိုင်းကို 'ဒီဃဒီပိုင်း'ဟု ခေါ်ပါသည်။

## ပဝတ္တိသင်္ဂဟ (ဒီဃသင်္ဂဟ)ခေါ်ပုံ

ဘူမိဘေဒ, ပုဂ္ဂလဘေဒနှင့်တကွ ရှေ့စိတ် နောက်စိတ်တို့ကို ပိုင်းခြား မှတ်သားအပ်ရာဖြစ်သော ပဋိသန္ဓေအခါ ပဝတ္တိအခါ၌ စိတ်, စေတသိက်တို့၏ ဖြစ်ပုံကို ပြသောသင်္ဂဟကို ပဝတ္တိသင်္ဂဟ (ဒီဃသင်္ဂဟ)ဟု ခေါ်ပါသည်။

**သာဓက**– ဘူမိပုဂ္ဂလဘေဒေန (ပ) ပဋိသန္ဓိ ပဝတ္တိယံ။

## ပဝတ္တိသင်္ဂဟအမည်ရသော အပိုင်းများ

ဒီဃဒီပိုင်းနှင့် ဒီဃမုတ်ပိုင်းတို့ ဖြစ်ပါသည်။

**သာဓက**– ပဝတ္တိသင်္ဂဟံ နာမ၊ ပဋိသန္ဓိပဝတ္တိယံ။ (ဒီဃဒီပိုင်း)
ပဝတ္တိသင်္ဂဟော နာမ၊ သန္ဓိယံ ဒါနိ ဝုစ္စတိ။(ဒီဃမုတ်)

## ပဋိသန္ဓေအခါနှင့် ပဝတ္တိအခါ ခွဲပုံ

ပဋိသန္ဓေ တည်နေစခဏကို ပဋိသန္ဓေအခါ ခေါ်၍ ပဋိသန္ဓေ တည်ပြီးနောက် အဓိဝမ်းဝယ် ကိန်းအောင်းနေဆဲ အခါမှစ၍ ပဝတ္တိ အခါဟု ခေါ်ရပါသည်။

## စိတ္တုပ္ပါဒ်(၂)ခု အထူး

'စိတ္တုပ္ပါဒေသု ပစ္ဆေကံ'၌ စိတ္တုပ္ပါဒ်အရ စိတ်သာရပါသည်။

http://www.dhammadownload.com



'စိတ္တုပ္ပါဒါနမိစ္ဆေဝံ'၌ စိတ္တုပ္ပါဒ်အရ စိတ်,စေတသိက် နှစ်မျိုး ရပါသည်။ ဤသို့ ထူးပါသည်။

## ဝိထိပိုင်း၌ မသိမနေ သိထားရမည့် အချက်ကြီး (၆)ချက်

၁။ ဝတ္ထု (၆)ပါး၊ ၄။ ဝိညာဏ် (၆)ပါး၊
၂။ ဒွါရ (၆)ပါး၊ ၅။ ဝီထိ (၆)မျိုး၊
၃။ အာရုံ (၆)ပါး၊ ၆။ ဝိသယပွဝတ္တိ (၆)ပါး။

## ပဋိသန္ဓေ, ဘဝင်, စုတိဟူသော ဝီထိမုတ်စိတ်တို့၏ ဝိသယပွဝတ္တိ (အာရုံသိပုံ သရုပ်)

ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တို့ ဖြစ်ပါသည်။

**သာဓက**– ဝီထိမုတ္တာနံ ပန ကမ္မကမ္မနိမိတ္တ (ပ) ဝိသယပွဝတ္တိ။

## ဝိညာဏ် (၆)ပါး

စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်တို့ ဖြစ်ပါသည်။

## ဝီထိ (၆)မျိုး
## ဒွါရနှင့်စပ်၍ ရသောဝီထိ(၆)ပါး

စက္ခုဒွါရဝီထိ၊ သောတဒွါရဝီထိ၊ ဃာနဒွါရဝီထိ၊ ဇိဝှါဒွါရဝီထိ၊ ကာယဒွါရဝီထိ၊ မနောဒွါရဝီထိတို့ ဖြစ်ပါသည်။

## ဝိညာဏ်နှင့်စပ်၍ ရသောဝီထိ(၆)ပါး

စက္ခုဝိညာဏဝီထိ၊ သောတဝိညာဏဝီထိ၊ ဃာနဝိညာဏဝီထိ၊ ဇိဝှါဝိညာဏဝီထိ၊ ကာယဝိညာဏဝီထိ၊ မနောဝိညာဏဝီထိတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## ဝိသယပွဝတ္ထိ (၆)ပါး
## (ဝီထိစိတ်တို့၏ အာရုံသိပုံသရုပ်–၆ပါး)

အတိမဟန္တာရုံ၊ မဟန္တာရုံ၊ ပရိတ္တာရုံ၊ အတိပရိတ္တာရုံ၊ ဝိဘူတာရုံ၊ အဝိဘူတာရုံတို့ ဖြစ်ပါသည်။

## ဝိသယပွဝတ္ထိ(၆)ပါးကို ဒွါရအားဖြင့် ခွဲပုံ

ပဥ္စဒွါရ၌ အတိမဟန္တာရုံ၊ မဟန္တာရုံ၊ ပရိတ္တာရုံ၊ အတိပရိတ္တာရုံတို့ ဖြစ်ကြပါသည်။

မနောဒွါရ၌ ဝိဘူတာရုံ၊ အဝိဘူတာရုံတို့ ဖြစ်ကြပါသည်။

## စိတ်သက်နှင့် ရုပ်သက်

ဥပါဒ်ခဏ၊ ဌိခဏ၊ ဘင်ခဏအားဖြင့် ခဏငယ်သုံးခုတို့၏ အပေါင်းဖြစ်သော စိတ္တက္ခဏ(ခဏကြီး) တစ်ချက်သည် စိတ်၏ အသက် ဖြစ်ပါသည်။

စိတ္တက္ခဏ(ခဏကြီး) ၁၇–ချက်သည် ရုပ်၏အသက် ဖြစ်ပါသည်။

## ခဏငယ်နှင့် ခဏကြီး ခွဲပုံ

ဥပါဒ်ခဏ, ဌိခဏ, ဘင်ခဏဟူသော အလွန်တိုတောင်းသော အချိန်ကာလ တစ်ခုစီကို 'ခဏငယ်'ဟု ခေါ်ပါသည်။

ထိုခဏငယ်သုံးခုတို့၏ အပေါင်းဖြစ်သော စိတ္တက္ခဏတစ်ခုကို 'ခဏကြီး'ဟု ခေါ်ပါသည်။

## စိတ်သက်တို့၌ ရုပ်သက်ရှည်ရခြင်း အကြောင်း

စိတ်တစ်ခုသည် ဥပါဒ်, ဌိ, ဘင်ဟူသော စိတ္တက္ခဏ(ခဏကြီး) တစ်ချက်ခန့်သာ အသက်ရှည်၍ ရုပ်တစ်ခုသည် စိတ္တက္ခဏ (ခဏ

http://www.dhammadownload.com



ကြီး) ၁၇-ချက်ခန့် အသက်ရှည်သောကြောင့် စိတ်သက် တို၍ ရုပ်သက် ရှည်ရပါသည်။

### ရူပဓမ္မာနံ-အရ

**မယူရမည့်ရုပ်**– ဝိညတ်ဒွေး၊ လက္ခဏရုပ်(၄)ခုတို့ ဖြစ်ပါသည်။
**ယူရမည့်ရုပ်** – ကျန်သောရုပ်(၂၂)ပါး ဖြစ်ပါသည်။

## ပဋ္ဌာန်းရဒီဆိ

* အာရုံငါးပါးသည် ဒွါရငါးပါး၌ ဥပါဒ်လျှင် ဥပါဒ်ချင်း ထင်နိုင်/မထင်နိုင် သာဓကဖြင့် ရှင်းပြပါ။

အနည်းဆုံး စိတ္တက္ခဏတစ်ချက်, (သို့မဟုတ်) များစွာသော စိတ္တက္ခဏတို့ကို လွန်ပြီးနောက် ဌီခဏသို့ရောက်မှ အာရုံငါးပါး သည် ငါးဒွါရ၌ ထင်လာနိုင်သောကြောင့် ဥပါဒ်လျှင် ဥပါဒ်ချင်း မထင်နိုင်ပါ။

**သာဓက**– ဇကစိတ္တက္ခဏာတီတာနိ (ပ) အာပါထမာဂစ္ဆန္တိ။

### အာရုံငါးပါး ဆိုင်ရာဒွါရ၌သာ ထင်ပုံ

ရူပါရုံသည် စက္ခုဒွါရ၌သာ ထင်လာပါသည်။
သဒ္ဒါရုံသည် သောတဒွါရ၌သာ ထင်လာပါသည်။
ဂန္ဓာရုံသည် ဃာနဒွါရ၌သာ ထင်လာပါသည်။
ရသာရုံသည် ဇိဝှါဒွါရ၌သာ ထင်လာပါသည်။
ဖောဋ္ဌဗ္ဗာရုံသည် ကာယဒွါရ၌သာ ထင်လာပါသည်။

### ပဋ္ဌဝိညာဏ်၏ ဖြစ်ကြောင်းတရားများ

၁။ စက္ခုပသာဒ၊ ရူပါရုံ၊ အာလောက၊ မနသိကာရ စက္ခုဝိညာဏ်။
၂။ သောတပသာဒ၊ သဒ္ဒါရုံ၊ အာကာသ၊ မနသိကာရ သောတဝိညာဏ်။

http://www.dhammadownload.com



၃။ ဃာနပသာဒ၊ ဂန္ဓာရုံ၊ ဝါယောဓာတ်၊ မနသိကာရ ဃာနဝိညာဏ်။
၄။ ဇိဝှါပသာဒ၊ ရသာရုံ၊ အာပေါဓာတ်၊ မနသိကာရ ဇိဝှါဝိညာဏ်။
၅။ ကာယပသာဒ၊ ဖောဋ္ဌဗ္ဗာရုံ၊ ပထဝီဓာတ်၊ မနသိကာရ ကာယဝိညာဏ်။

**[ဆောင်]** လင်း, အာကာ, ဝါယောနဲ့ အာပေါတဲ့ ပထဝီ, ငါးခု စဉ်ညီ၊
မနသီ ငါးလီမှာ ယှဉ်တွဲ၊ ငါးအာရုံ, ပသာဒုံ,
ထင်ဟပ်လာတယ်, မှတ်တော့မလွဲ။

* အဖြူ, အနီစသော အဆင်းများကို မျက်စိဖြင့် မြင်၏ဟု ဆိုက သင့်/မသင့် သာဓကဖြင့် ရှင်းပြပါ။

အဖြူ, အနီစသော အဆင်းများကို မျက်စိ (စက္ခုပသာဒ)က မြင်ခြင်းမဟုတ်။ စက္ခုဝိညာဏ်ကသာ မြင်သောကြောင့် အထက်ပါ ဆိုစကား မသင့်ပါ။

**သာဓက**– တမေဝ ရူပံ ပဿန္တံ စက္ခုဝိညာဏံ။

## အတိတဘဝင် စသည်တို့၏ အဓိပ္ပါယ်

**အတိတဘဝင်**– ပဋ္ဌဒ္ဓါရဉ်၌ ပဋ္ဌာရုံတို့ ထင်ခြင်းသို့ မရောက်မီ ချုပ်ပျောက်သွားသော ဘဝင်စိတ်။
**ဘဝင်္ဂစလန**– ပဋ္ဌာရုံများ ထင်လာမှုကြောင့် ဘဝင်လှုပ်ရခြင်း။
**ဘဝင်္ဂုပစ္ဆေဒ**– ဖြစ်ပေါ်နေသော ဘဝင်စိတ်အစဉ် ပြတ်စဲခြင်း။
**ပဋ္ဌဒ္ဓါရာဝဇ္ဇန်း**– ပဋ္ဌဒ္ဓါရဉ် ထင်လာသောအာရုံကို ဆင်ခြင်သောစိတ်။
**စက္ခုဝိညာဏ်**– စက္ခုဒ္ဓါရဉ် ထင်လာသော ရူပါရုံကို မြင်တတ်သောစိတ်။
**သမ္ပဋိစ္ဆိန်း**– ထင်လာသောအာရုံကို ခံယူသောစိတ်။
**သန္တီရဏ**– ထင်လာသောအာရုံကို စုံစမ်းသောစိတ်။
**ဝုဋ္ဌော**– ထင်လာသောရူပါရုံကို ရူပါရုံပဲဟု ဆုံးဖြတ်သောစိတ်။
**ဇော**– ထင်လာသောအာရုံ၏ အရသာကို ခံစားသောစိတ်။
**တဒါရုံ**– ဇောသို့အစဉ်လိုက်၍ ဇော၏အာရုံကို အာရုံပြုသောစိတ်။

http://www.dhammadownload.com



**အမှာ**– 'ဘဝင်္သောတံ ဝေါစ္ဆိန္နံတွာ တမေဝ ရူပါရမ္မဏံ အာဝဇ္ဇန်ံ ပဋ္ဌဒ္ဓါရာဝဇ္ဇနစိတ္တံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ'ကို ထောက်၍ ဘဝင်္ပစ္ဆေဒ အမည်ရသင့်သော စိတ်မှာ– ပဋ္ဌဒ္ဓါရာဝဇ္ဇန်းစိတ် ဖြစ်ပါသည်။

## ကာမဇောများ အကြောင်းအားလျော်စွာစောပုံ

သင့်တင့်စွာနှလုံးသွင်းမှု ယောနိသောမနသိကာရ အကြောင်းရှိလျှင် မဟာကုသိုလ်ဇော(၈)ပါး စောပါသည်။

မသင့်မတင့်နှလုံးသွင်းမှု အယောနိသောမနသိကာရ အကြောင်းရှိလျှင် အကုသိုလ်ဇော(၁၂)ပါ စောပါသည်။

အနုသယကင်းသော ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်ဖြစ်လျှင် ဟသိတုပ္ပါဒ်ဇော(၁)ပါးနှင့် မဟာကြိယာဇော(၈)ပါး စောပါသည်။

## အတီတဘဝင် ချနည်းလက်ံာ

**အတိမဟန်**၊ တစ်ချက်လွန်၊ **မဟန်** နှစ်,သုံးသာ။
လေးကအစ၊ ကိုးတိုင်ကျ၊ လွန်က **ပရိတ္တာ**။
တစ်ဆယ်အာဒိ၊ ဆယ့်ငါးရှိ၊ လွန်**တိပရိတ္တာ**။

## စက္ခဒ္ဒါရိက အတိမဟန္တာရုံဝီထိ ပုံစံ

တီ, နှ, ဒ, "ပ, စ, သံ, ဏ, ဝု, ဇ, ဇ, ဇ, ဇ, ဇ, ဇ, တ, တ" ဘ။

## နှုတ်တက်ဆောင်ရန် ဆိုရိုး

တဒါရမ္မဏဝါရ စက္ခဒ္ဒါရိက အတိမဟန္တာရုံဝီထိ ဖြစ်ဟန်ကား ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုအတူ ဥပဒ်ကြသည်မှစ၍ အတီတဘဝင် တစ်ချက်အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံ ထင်ခြင်းသို့ ရောက်သဖြင့် ဘဝင်္စလန၊ ဘဝင်္ပစ္ဆေဒ၊ ပဋ္ဌဒ္ဓါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇောဒုနစ်ကြိမ်၊ ဘဒ္ဒါရုံ

http://www.dhammadownload.com



နှစ်ကြိမ် ဖြစ်ပြီးလျှင် ရူပါရုံနှင့် စက္ခုပသာဒတို့ တစ်ဆယ့်ခုနစ်ချက် ရုပ်သက်စေ့ရကား ဒုတိယတဒါရုံ၏ ဘင်နှင့်ပြိုင်၍ ချုပ်ခြင်းရှိသော ဝီထိသည် တဒါရမ္မဏဝါရ စက္ခုဒ္ဒါရိက အတိမဟန္တာရုံဝီထိမည်၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

* ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုဉပါဒ်ကြရာတွင် မည်သည့် အခါထင်၍, မည်မျှအသက်ရှည်ပြီး, မည်သည့်အခါ ချုပ်ပါသနည်း? အတိမဟန္တာရုံဝီထိကိုရှု၍ ဖြေဆိုပါ။

စိတ္တက္ခဏ တစ်ချက်လွန်ပြီးမှ ထင်ပါသည်။
စိတ္တက္ခဏ(၁၇)ချက်ခန့် အသက်ရှည်ပါသည်။
ဒုတိယတဒါရုံ၏ ဘင်နှင့်ပြိုင်၍ ချုပ်ပါသည်။

## စက္ခုဒ္ဒါရိက အတိမဟန္တာရုံဝီထိ၌ ပါဝင်သောစိတ်တို့၏ အာရုံနှင့် မှီရာဝတ္ထုများ

အတီတဘဝင်, ဘဝင်္ဂစန, ဘဝင်္ဂုပစ္ဆေဒဟူသော ဘဝင်စိတ်များသည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ်သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုပါသည်။ ပဉ္စဒ္ဒါရာဝဇ္ဇန်းမှစ၍ တဒါရုံတိုင်အောင်သော ဝီထိစိတ်များသည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုပါသည်။

စက္ခုဝိညာဏ်စိတ်သည် စက္ခုဝတ္ထုကိုမှီ၍ ဘဝင်နှင့်တကွသော ကြွင်းစိတ်အားလုံးသည် ဟဒယဝတ္ထုကို မှီပါသည်။

**သာဓက**– ဒွါရဝိမုတ္တာနဉ္စ ပဋိသန္ဓိ (ပ) ဂတိနိမိတ္တသမ္မတံ အာရမ္မဏံ ဟောတိ။ (အာရမ္မဏ–၅၃)

စက္ခုဒ္ဒါရိကစိတ္တာနံ သဗ္ဗေသမ္ပိ ရူပမေဝ အာရမ္မဏံ၊ တဉ္စ ပစ္စုပ္ပန္နံ။ (အာရမ္မဏ–၅၁)

တတ္ထ ပဉ္စဝိညာဏမာတုယော(ပ)နိဿာယေဝပဝတ္တန္တိ။(ဝတ္ထု ၆၈)

http://www.dhammadownload.com



ပဉ္စဒွါရာဝဇ္ဇန သမ္ပဋိစ္ဆန (ပ) နိဿာယ ဝါ အနိဿာယ ဝါ။
(ဝတ္ထု–၆၉,၇၀,၇၁)

## မဟန္တာရုံ ဝီထိ

* ပထမမဟန္တာရုံဝီထိ၌ တဒါရုံတစ်ကြိမ် ကျန်ိုင်ပါလျက် မကျရခြင်း အကြောင်းကို သာဓကဖြင့် ရှင်းပြပါ။

တဒါရုံတို့မည်သည် တစ်ပြိုင်နက် နှစ်ကြိမ်သာကျရိုး ထုံးစံရှိသောကြောင့် ပထမမဟန္တာရုံဝီထိ၌ တဒါရုံတစ်ကြိမ် မကျရခြင်း ဖြစ်ပါသည်။

**သာဓက**– ဇဝနာနုဗန္ဓာနိစ ဒွေ တဒါရမ္မဏပါကာနိ (ပ) ပဝတ္တန္တိ။

## စက္ခွဒ္ဒါရိက ပထမမဟန္တာရုံဝီထိပုံစံ

တီ, တီ, န, ဒ, ပ, စ, သံ, ဏ, ဝု, ဇ, ဇ, ဇ, ဇ, ဇ, ဇ, ဇ, ဘ။

## စက္ခွဒ္ဒါရိက ဒုတိယ မဟန္တာရုံဝီထိပုံစံ

တီ, တီ, တီ, န, ဒ, ပ, စ, သံ, ဏ, ဝု, ဇ, ဇ, ဇ, ဇ, ဇ, ဇ, ဇ,။

**ဆိုရိုး**– ဇဝနဝါရ စက္ခွဒ္ဒါရိက ပထမမဟန္တာရုံဝီထိ ဖြစ်ဟန်ကား– ရူပါရုံနှင့် -- အတိတဘဝင်နှစ်ချက် အလွန်တွင် -- ဇော(၇)ကြိမ် ဖြစ်ပြီးနောက် ဘဝင်တစ်ကြိမ်အကျတွင် ပထမဘဝင်၏ ဘင်နှင့်ပြိုင်၍ ချုပ်ခြင်းရှိသောဝီထိသည် ဇဝနဝါရ စက္ခွဒ္ဒါရိက ပထမ မဟန္တာရုံဝီထိ မည်၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

ဒုတိယမဟန္တာရုံဝီထိ ဖြစ်ဟန်ကား– ရူပါရုံနှင့် -- အတိတဘဝင်သုံးချက် အလွန်တွင် --- ဇော(၇)ကြိမ်ဖြစ်ပြီးလျှင် သတ္တမဇော၏ ဘင်နှင့်ပြိုင်၍ ချုပ် -- ။

http://www.dhammadownload.com



## ပရိဇ္ဇာရုံ ဒီဃိ

### • ပရိတ္တာရုံဝီထိ၌ ဝုဋ္ဌောနန်ကြိမ်, သုံးကြိမ် ဖြစ်ရခြင်းအကြောင်း

ပရိတ္တာရုံဝီထိ၌ ဇောမဖြစ်သောကြောင့် ဇောအစား ဝုဋ္ဌောနန်ကြိမ်, သုံးကြိမ် ဖြစ်ရပါသည်။

**သာဓက**– တတ္ထ ဇဝနမွိ အနုပ္ပဇ္ဇိတ္တာ (ပ) ဝေါဋ္ဌဗ္ဗနမေဝ ပဝတ္တတိ။

* ဇောမဟုတ်ဘဲ ဇောအလုပ်လုပ်သော (ဇောအတူ)စိတ်ကို သာဓကဖြင့် ဖော်ပြပါ။

ဇောအတူကား– ဝုဋ္ဌောစိတ် ဖြစ်ပါသည်။

**သာဓက**– တတ္ထ ဇဝနမွိ အနုပ္ပဇ္ဇိတ္တာ (ပ) ဝေါဋ္ဌဗ္ဗနမေဝ ပဝတ္တတိ။

### စက္ခုဒ္ဒွါရိက ပရိတ္တာရုံဝီထိပုံစံ

**ပထမ** တီ–၄, နံ, ဒ, ပ, စ, သံ, ဏ, ဝု, ဝု, ဝု, ဘ, ဘ, ဘ, ဘ။
**ဒုတိယ** တီ–၅, နံ, ဒ, ပ, စ, သံ, ဏ, ဝု, ဝု, ဝု, ဘ, ဘ, ဘ။
**တတိယ** တီ–၆, နံ, ဒ, ပ, စ, သံ, ဏ, ဝု, ဝု, ဝု, ဘ, ဘ။
**စတုတ္ထ** တီ–၇, နံ, ဒ, ပ, စ, သံ, ဏ, ဝု, ဝု, ဝု, ဘ။
**ပဉ္စမ** တီ–၈, နံ, ဒ, ပ, စ, သံ, ဏ, ဝု, ဝု, ဝု။
**ဆဋ္ဌ** တီ–၉, နံ, ဒ, ပ, စ, သံ, ဏ, ဝု, ဝု။

* ဝေါဋ္ဌဗ္ဗနဝါရ စက္ခုဒ္ဒွါရိက (ပထမ)ပရိတ္တာရုံဝီထိ ဖြစ်ဟန်ကား–ဟု ဆိုရိုးပြု။

### မဟန္တာရုံ မည်ပုံ စသည်

တဒါရုံ(၂)ကြိမ် မဖြစ်နိုင်လောက်အောင် အတိတဘဝင် လွန်ပြီးမှ ထင်လာသောအာရုံသည် **မဟန္တာရုံ** မည်ပါသည်။

ဇော(၇)ကြိမ် မဖြစ်နိုင်လောက်အောင် အတိတဘဝင် လွန်ပြီးမှ

http://www.dhammadownload.com



ထင်လာသောအာရုံသည် **ပရိတ္တာရုံ** မည်ပါသည်။

ဝုဋ္ဌော(၂)ကြိမ် မဖြစ်နိုင်လောက်အောင် အတိတဘဝင် လွန်ပြီးမှ ထင်လာသော နီးကပ်သော ချုပ်ခြင်းရှိသောအာရုံသည် **အတိပရိတ္တာရုံ** မည်ပါသည်။

### စက္ခုဒ္ဒါရိက အတိပရိတ္တာရုံဝီထိ ပုံစံ

**ပထမ** တီ–၁၀, န, န, ဘ, ဘ, ဘ, ဘ, ဘ။
**ဒုတိယ** တီ–၁၁, န, န, ဘ, ဘ, ဘ, ဘ။
**တတိယ** တီ–၁၂, န, န, ဘ, ဘ, ဘ။
**စတုတ္ထ** တီ–၁၃, န, န, ဘ, ဘ။
**ပဉ္စမ** တီ–၁၄, န, န, ဘ။
**ဆဋ္ဌ** တီ–၁၅, န, န,။

### ပဉ္စဒ္ဒါရဝီထိပေါင်း (၇၅)ဝီထိ

စက္ခုဒ္ဒါရ၌ အတိမဟဒ္ဒန်ရုံ(၁)ဝီထိ၊ မဟဒ္ဒန်ရုံ(၂)ဝီထိ၊ ပရိတ္တာရုံ(၆)ဝီထိ၊ အတိပရိတ္တာရုံ(၆)ဝီထိအားဖြင့် (၁၅)ဝီထိ ရှိပါသည်။ သောတဒ္ဒါရ၊ ဃာနဒ္ဒါရ၊ ဇိဝှါဒ္ဒါရ၊ ကာယဒ္ဒါရတို့၌လည်း (၁၅) ဝီထိစီရှိကြ၍ ပဉ္စဒ္ဒါရဝီထိပေါင်း (၇၅)ဝီထိ ရှိပါသည်။

### ပဉ္စဒ္ဒါရ၌ ဝါရ(၄)ပါးကို အာရုံ ၄–မျိုးနှင့် တွဲစပ်ပုံ

| စတုန်း ဝါရာနံ | အာရမ္မဏဘူတာ |
|---|---|
| ၁။ တဒါရမ္မဏဝါရ | အတိမဟဒ္ဒန်ရုံ |
| ၂။ ဇဝနဝါရ | မဟဒ္ဒန်ရုံ |
| ၃။ ဝေါဋ္ဌဗ္ဗနဝါရ | ပရိတ္တာရုံ |
| ၄။ မောဃဝါရ | အတိပရိတ္တာရုံ |

http://www.dhammadownload.com



## ဝါရ ၄-ပါး တို့၏ အဓိပ္ပါယ်

အတိမဟန္တာရုံသည် တဒါရုံ အဆုံးရှိသော ဝီထိစိတ်တို့၏ အလှည့်အကြိမ် ဖြစ်သောကြောင့် **တဒါရမ္မဏဝါရ** မည်ပါသည်။

မဟန္တာရုံသည် ဧောအဆုံးရှိသော ဝီထိစိတ်တို့၏ အလှည့်အကြိမ် ဖြစ်သောကြောင့် **ဇဝနဝါရ** မည်ပါသည်။

ပရိတ္တာရုံသည် ဝုဋ္ဌောအဆုံးရှိသော ဝီထိစိတ်တို့၏ အလှည့်အကြိမ် ဖြစ်သောကြောင့် **ဘဝင်္ဂစ္ဆေဒဝါရ** မည်ပါသည်။

အတိပရိတ္တာရုံသည် အချင်းခပ်သိမ်း ဝီထိစိတ်မဖြစ်ဘဲ ဘဝင် လှုပ်ရုံမျှသော စိတ်၏ အလှည့်အကြိမ် ဖြစ်သောကြောင့် **မောဃဝါရ** မည်ပါသည်။

## ဂါထာပါ သန်္ဂဟသဒ္ဒါတို့၏ အရ

'ဝီထိစိတ္တာနိ သတ္တေဝ'၌ **သတ္တအရ**– ပဉ္စဒ္ဝါရာဝဇ္ဇန်း၊ ပဉ္စ ဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံတို့ ဖြစ်ပါသည်။

'စိတ္တုပ္ပါဒါ စတုဒ္ဒသ'၌ **စတုဒ္ဒသအရ**– ပဉ္စဒ္ဝါရာဝဇ္ဇန်း(၁)ကြိမ်၊ ပဉ္စဝိညာဉ်(၁)ကြိမ်၊ သမ္ပဋိစ္ဆိန်း(၁)ကြိမ်၊ သန္တီရဏ(၁)ကြိမ်၊ ဝုဋ္ဌော (၁)ကြိမ်၊ ဇော(၇)ကြိမ်၊ တဒါရုံ(၂)ကြိမ်တို့ ဖြစ်ပါသည်။

'စတုပ္ပညာသ ဝိတ္ထာရာ'၌ **စတုပ္ပညာသအရ**– ကာမစိတ် (၅၄)ပါး ဖြစ်ပါသည်။

## ဝီထိမုတ်စိတ်တို့၏ အာရုံသိပုံ သရုပ်ပြပါဠိ

ဝီထိမုတ္တာနံ ပန (ပ) တိဝိဓာ ဟောတိ ဝိသယပ္ပဝတ္တိ။

## ဝီထိစိတ်တို့၏ အာရုံသိပုံ သရုပ်ပြပါဠိ

အတိမဟန္တံ, မဟန္တံ (ပ) ဆဓာ ဝိသယပ္ပဝတ္တိ ဝေဒိတဗ္ဗာ။

http://www.dhammadownload.com



**ရုပ်နာမ်ဓမ္မတို့၏ သက်တမ်းပြပါဠိ**

ကထံ? ဥပ္ပါဒဋ္ဌိတိဘင်္ဂဝသေန (ပ) ဧကစိတ္တက္ခဏံ နာမ။
တာနိ ပန သတ္တရသ စိတ္တက္ခဏာနိ ရူပဓမ္မာနမာယူ။

**အတိမဟန္တာရုံဝီထိ၌ ဇော(၇)ကြိမ်ဖြစ်ပုံပြပါဠိ**

တတော ပရံ ဧကူနတ္တိံသ (ပ) သတ္တက္ခတ္တုံ ဇဝတိ။

**အတိမဟန္တာရုံဝီထိ၌ စိတ္တက္ခဏ(၁၇)ချက်ကို**
**ပေါင်း၍ ရေတွက်ပြသောပါဠိ**

ဇတ္တာဝတာ စုဒ္ဒသ (ပ) အတိမဟန္တံ နာမ ဂေါစရံ။

**ပဋ္ဌာဂါရ၌ တဒါရုံအင်္ဂါ ခုံပါလျက်**
**တဒါရုံမကျသောဝီထိ ဖြစ်ပုံပြပါဠိ**

ယာဝ တဒါရမ္မဏုပ္ပါဒါ ပန (ပ) နတ္ထိ တဒါရမ္မဏုပ္ပါဒေါ။

**ဝီထိအမည်ရပါသော်လည်း ဝီထိစိတ်**
**လုံးဝမဖြစ်သောဝီထိ ဖြစ်ပုံပြပါဠိ**

ယာဝ ဝေါဋ္ဌဗ္ဗနုပ္ပါဒါ စ ပန (ပ) နတ္ထိ ဝီထိစိတ္တုပ္ပါဒေါ။

**ပဋ္ဌာဂါရနှင့်စပ်၍ နိဂုံးစကားရပ်များပြပါဠိ**

ဣစ္စေဝံ စက္ခဒ္ဒါရေ, တထာ (ပ) စတုဓာ ဝေဒိဘဗ္ဘာ။
ပဋ္ဌာဂါရဝီထိ ပြီး၏။

❐❐❐❐❐

**မနောဒ္ဒါရ ကာမဇောဝါရ**

ကာမဇော စောရာဖြစ်သော ဝီထိစိတ်များ ဖြစ်လှည့်အကြိမ်ကို
'ကာမဇောဝါရ'ဟု ခေါ်ပါသည်။

http://www.dhammadownload.com



* မနောဒွါရအရ သာဓကနှင့်တကွ ကောက်ပြပါ။
မနောဒွါရအရ ဘဝင်စိတ် ရပါသည်။
**သာဓက**– မနောဒွါရံ ပန ဘဝင်္ဂန္တိ ပဝုစ္စတိ။

## မနောဒွါရ၌ ထင်လာနိုင်သော အာရုံများ

အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဖြစ်သော စိတ်, စေတသိက်, ရုပ် အားလုံးနှင့် ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်, ပညတ်အာရုံများ ထင်လာနိုင်ပါသည်။ မနောဒွါရ၌ မထင်လာနိုင်သော အာရုံဟူ၍ မရှိပါ။

## ဝိဘူတာရုံဝီထိ ပုံစံ

န, ဒ, မ, ဓ, ဓ, ဓ, ဓ, ဓ, ဓ, ဓ, တ, တ ။

## အဝိဘူတာရုံဝီထိ ပုံစံ

န, ဒ, မ, ဓ, ဓ, ဓ, ဓ, ဓ, ဓ, ဓ ။

**ဆိုရိုး** (ဝိဘူတာရုံ) ထင်ရှားသော အာရုံတစ်ပါးပါးသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇော(၇)ကြိမ်၊ တဒါရုံနှစ်ကြိမ် ဖြစ်ပြီးလျှင် ထို့နောက် ဘဝင် ဖြစ်ထိုက်သမျှ ဖြစ်၏။

(အဝိဘူတာရုံ) မထင်ရှားသော အာရုံတစ်ပါးပါးသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇော(၇)ကြိမ် ဖြစ်ပြီးလျှင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

* ငယ်စဉ်က တွေ့ကြုံခဲ့ဖူးသော အာရုံတစ်ခုသည် ယခုအခါ စိတ်အမြင်ဝယ် အထင်အရှား ပေါ်လာခဲ့ပါက ထိုအခိုက်၌ ဖြစ်သင့်သော စိတ်အစဉ်ကို ဝီထိအမြင်ဖြင့် တင်ပြပါ။

ထင်ရှားသော အာရုံတစ်ပါးပါးသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇော(၇)

http://www.dhammadownload.com



ကြိမ်၊ တဒါရုံနှစ်ကြိမ် ဖြစ်ပြီးလျှင် ထို့နောက် ဘဝင် ဖြစ်ထိုက်သမျှ ဖြစ်၏။

* ငယ်စဉ်က တွေ့ကြုံခဲ့ဖူးသော အာရုံတစ်ခုသည် ယခုအခါ စိတ်အမြင်ဝယ် မထင်မရှား ပေါ်လာခဲ့ပါက ထိုအခိုက်၌ ဖြစ်သင့်သော စိတ်အစဉ်ကို ဝိထိအမြင်ဖြင့် တင်ပြပါ။

မထင်ရှားသော အာရုံတစ်ပါးပါးသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇော(၇)ကြိမ် ဖြစ်ပြီးလျှင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

## ဂါထာပါ သန်္ဂဟသဒ္ဒါတို့၏ အရ

'ဝိထိစိတ္တာနိ တီဏေဝ'၌ **တီဏိအရ**– မနောဒွါရာဝဇ္ဇန်း၊ ဇော၊ တဒါရုံတို့ ဖြစ်ပါသည်။

'စိတ္တုပ္ပါဒါ ဒသေရိတာ'၌ **ဒသအရ**– မနောဒွါရာဝဇ္ဇန်း(၁)ကြိမ်၊ ဇော(၇)ကြိမ်၊ တဒါရုံ(၂)ကြိမ်တို့ ဖြစ်ပါသည်။

**ဧကစတ္တာလီသအရ**– မနောဒွါရာဝဇ္ဇန်း(၁)ပါး၊ ကာမဇော(၂၉)ပါး၊ တဒါရုံ(၁၁)ပါး၊ ပေါင်း(၄၁)တို့ ဖြစ်ပါသည်။

**မှတ်ချက်**။ ။မနောဒွါရဝီထိနောင် ဘဝင်စိတ်ဖြင့်သာလျှင် အိပ်ပျော်ခြင်းသို့ရောက်၏၊ ပဉ္စဒွါရဝီထိကျ၍ အိပ်ပျော်ခြင်းသို့ရောက်သည် မဟုတ်။ အိပ်မက်မြင်မက်ရာ၌လည်း မနောဒွါရဝီထိဇောဖြင့်သာလျှင် မြင်မက်ခြင်း ဖြစ်၏၊ ပဉ္စဒွါရဝီထိဖြင့် မြင်မက်ခြင်း မဟုတ်။ အိပ်ပျော်ရာမှ နိုးသောအခါ၌လည်း မနောဒွါရဝီထိသာလျှင် ရှေးဦးစွာကျ၍ နိုး၏။ ပဉ္စဒွါရဝီထိ ရှေးဦးစွာကျ၍ နိုးသည် မဟုတ်။ မနောဒွါရ ကာမဇောဝါရ ပြီး၏။

❑❑❑❑❑

http://www.dhammadownload.com



## မနောဒွါရ အပ္ပနာဇောဝါရ

(၂၆)ပါးသော အပ္ပနာဇောများစောရာ စိတ်တို့၏ ဖြစ်လှည့်အကြိမ်ကို 'အပ္ပနာဇောဝါရ'ဟု ခေါ်ပါသည်။

## မနောဒွါရလာ ကာမဇောဝါရနှင့် အပ္ပနာဇောဝါရအထူး

ကာမဇောဝါရ၌ ဝိဘူတာရုံ,အဝိဘူတာရုံနှစ်မျိုးရှိ၍ ဝိဘူတာရုံ၌ တဒါရုံ ကျပါသည်။ အပ္ပနာဇောဝါရ၌ ဝိဘူတာရုံ တစ်မျိုးသာရှိ၍ တဒါရုံမကျပါ။ ဤသို့ ထူးပါသည်။ (စာပိဋ်-၁၇,၁၈,၂၀)

* အပ္ပနာဇောအရ သာဓကဖြင့် ကောက်ပြပါ။

အပ္ပနာဇောအရ- မဟဂ္ဂုတ်ကုသိုလ်(၉)ပါး၊ မဟဂ္ဂုတ်ကြိယာ(၉)ပါး၊ လောကုတ္တရာ(၈)ပါး၊ ပေါင်း(၂၆)ပါး ဖြစ်ပါသည်။

**သာဓက-** ဆဗ္ဗီသတိ မဟဂ္ဂတ (ပ) အပ္ပနာဝီထိ မောတရတိ။

## ပရိက်,ဥပစာ,အနုလုံ,ဂေါတြဘု အမည်ရသောစိတ်

မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်(၄)ပါး၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ်(၄)ပါး၊ ပေါင်း(၈)ပါး ဖြစ်ပါသည်။ ၎င်း(၈)ပါးကို ဥပစာရသမာဓိဇော, ဥပစာရစ္စာန်ဟုလည်း ခေါ်ပါသည်။

**သာဓက-** တတ္ထ ဟိ ဉာဏသမ္ပယုတ္တ ကာမာဝစရဇဝနာနမဒ္ဓန်နံ အညတရသ္မိံ ပရိကမ္မောပစာရာနုလောမ ဂေါတြဘုနာမေန။

## စတုက္ခတ္တုံ တိက္ခတ္တုံအရ ဖြစ်ရာပုဂ္ဂိုလ်ဖြင့် ခွဲပုံ

၁။ မန္ဒပညပုဂ္ဂိုလ်၌ အသိဉာဏ်နှံ့နေးသောကြောင့် ပရိက်၊ ဥပစာ၊ အနုလုံ၊ဂေါတြဘုဟု ဥပစာရသမာဓိဇော(၄)ကြိမ်စောပါသည်။

၂။ တိက္ခပညပုဂ္ဂိုလ်၌ အသိဉာဏ်ထက်မြက်သောကြောင့် ဥပစာ၊ အနုလုံ၊ဂေါတြဘုဟု ဥပစာရသမာဓိဇော(၃)ကြိမ် စောပါသည်။

http://www.dhammadownload.com



## အစဆုံး ရအပ်သော ဈာနဝီထိ ပုံစံ

**မန္ဒ** ဘ "နံ, ဒ, မ, ပ, ဥ, နံ, ဂေါ, စျ "ဘ။

**တိက္ခ** ဘ "နံ, ဒ, မ, ဥ, နံ, ဂေါ, စျ "ဘ။

**ဆိုရိုး** မန္ဒပညာပုဂ္ဂိုလ်၏ အစဆုံးရအပ်သော ဈာနဝီထိဖြစ်ဟန်ကား– ပထဝီကသိုဏ်းစသည်ကို စီးဖြန်းဖန်များသဖြင့် ဈာန်ရလုလတ်၍ ထိုပထဝီကသိုဏ်း ပညတ်စသော အာရုံတစ်ပါးပါးသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုဟု ဥပစာရသမာဓိဇော(၄)ကြိမ် ဖြစ်ပြီးနောက် (၅)ကြိမ်မြောက်ဝယ် အပ္ပနာသမာဓိဇောတစ်ကြိမ်အကျတွင် ဝီထိအစဉ်ပြတ်၍ ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်သတည်း။

## ကာမဇောနောင် အပ္ပနာဇော စောပုံ

၁။ မဟာကုသိုလ် ဉာဏသမ္မယုတ်စိတ်(၄)ပါးနောင် နှောင်းနိုင်သော အပ္ပနာများမှာ– မဟဂ္ဂုတ်ကုသိုလ်(၉)ပါး၊ မဂ်ကုသိုလ်(၂၀)ပါး၊ အောက်ဖိုလ်(၁၅)ပါး၊ ပေါင်း(၄၄)ပါး ဖြစ်ပါသည်။

၂။ မဟာကြိယာ ဉာဏသမ္မယုတ်စိတ်(၄)ပါးနောင် နှောင်းနိုင်သော အပ္ပနာများမှာ– မဟဂ္ဂုတ်ကြိယာ (၉)ပါး၊ အရဟတ္တဖိုလ်(၅)ပါး၊ ပေါင်း(၁၄)ပါး ဖြစ်ပါသည်။

**[ဆောင်]** ကုသိုလ်နောင် ကုသိုလ်, အောက်ဖိုလ်။
ကြိယာနောင် ကြိယာ, ထက်ဖိုလ်။

## ကာမဇောနောင် အပ္ပနာဇောစောပုံ (အကျယ်)

၁။ မဟာကုသိုလ် သောမနဿသဟဂုတ် ဉာဏသမ္မယုတ်(၂)ပါး နောင်နှောင်းနိုင်သော အပ္ပနာများမှာ– မဟဂ္ဂုတ်ကုသိုလ်

http://www.dhammadownload.com



သောမနဿ(၄)ပါး၊ မဂ်သောမနဿ(၁၆)ပါး၊ အောက်ဖိုလ် သောမနဿ(၁၂)ပါး၊ ပေါင်း(၃၂)ပါး ဖြစ်ပါသည်။
(ဒွတ္တိံသအရေလည်း ဖြစ်ပါသည်။)

၂။ မဟာကုသိုလ်ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်(၂)ပါးနှောင် နှောင်းနိုင်သော အပွနာများမှာ- မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာ (၅)ပါး၊ မဂ်ဥပေက္ခာ (၄)ပါး၊ အောက်ဖိုလ်ဥပေက္ခာ (၃)ပါး၊ ပေါင်း(၁၂)ပါး ဖြစ်ပါသည်။ (ဒွါဒသအရေလည်း ဖြစ်ပါသည်။)

၃။ မဟာကြိယာသောမနဿသဟဂုတ် ဉာဏသမ္ပယုတ်(၂)ပါး နှောင် နှောင်းနိုင်သော အပွနာများမှာ- မဟဂ္ဂုတ်ကြိယာ သောမနဿ (၄)ပါး၊ အရဟတ္တ ဖိုလ် သောမနဿ (၄)ပါး၊ ပေါင်း(၈)ပါးဖြစ်ပါသည်။ (အဋ္ဌအရေလည်း ဖြစ်ပါသည်။)

၄။ မဟာကြိယာ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်(၂)ပါးနှောင် နှောင်းနိုင်သော အပွနာများမှာ- မဟဂ္ဂုတ်ကြိယာ ဥပေက္ခာ (၅)ပါး၊ အရဟတ္တဖိုလ်ဥပေက္ခာ(၁)ပါး၊ ပေါင်း(၆)ပါး ဖြစ်ပါသည်။ (ဆအရေလည်း ဖြစ်ပါသည်။)

| ကာမဓော | အပွနာဓော | သော | ဥ |
|---|---|---|---|
| မဟာကု ဉာဏသံ-၄<br>သော-၂၊/ဥ-၂ | မဟဂ္ဂုတ်ကု-၉<br>မဂ်ကု- ၂၀<br>အောက်ဖိုလ်- ၁၅ | ၄<br>၁၆<br>၁၂ | ၅<br>၄<br>၃ |
| **ပေါင်း** | **၄၄** | **၃၂** | **၁၂** |
| မဟာကြိ ဉာဏသံ-၄<br>သော-၂၊/ဥ-၂ | မဟဂ္ဂုတ်ကြိ-၉<br>အရဟတ္တဖိုလ်-၅ | ၄<br>၄ | ၅<br>၁ |
| **ပေါင်း** | **၁၄** | **၈** | **၆** |

http://www.dhammadownload.com



## ကာမဇောနောင် အပွနာဇောဖြစ်ပုံကို ပုဂ္ဂိုလ်အားဖြင့် ခွဲပုံ

တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့၏ သန္တာန်၌ မဟာကုသိုလ် ဉာဏသမ္မယုတ်(၄)ပါးနောင် မဟဂ္ဂုတ် ကုသိုလ်(၉)ပါး၊ မဂ်ကုသိုလ်(၂၀)ပါး၊ အောက်ဖိုလ်(၁၅)ပါး၊ ပေါင်း (၄၄)ပါး ဖြစ်ပါသည်။

ရဟန္တာပုဂ္ဂိုလ်၏သန္တာန်၌ မဟာကြိယာဉာဏသမ္မယုတ်(၄)ပါး နောင် မဟဂ္ဂုတ်ကြိယာ(၉)ပါး၊ အရဟတ္တဖိုလ်(၅)ပါး၊ ပေါင်း(၁၄) ပါး ဖြစ်ပါသည်။

| ပုဂ္ဂိုလ် | ကာမဇော | နောင်းသောအပွနာ |
|---|---|---|
| တိ ပု၊ အောက်ဖလ ၃ | မဟာကုဉာဏသံ ၄ | မဟဂ္ဂုတ်ကု ၉၊ မဂ် ၂၀၊ အောက်ဖိုလ် ၁၅ |
| ရဟန္တာ | မဟာကြိဉာဏသံ ၄ | မဟဂ္ဂုတ်ကြိ ၉၊ အရဟတ္တဖိုလ် ၅ |

| ပုဂ္ဂိုလ် | ကာမဇော | နောင်းသောအပွနာ |
|---|---|---|
| တိဟိတ်ပုထုဇဉ် | မဟာကုဉာဏသံ ၄ | မဟဂ္ဂုတ်ကု ၉၊ သောတာ–မဂ် ၅ |
| သောတာ ဖလဋ္ဌာန် | 〃 | 〃 သောတာ ဖိုလ် ၅၊ သကမဂ် ၅ |
| သက ဖလဋ္ဌာန် | 〃 | 〃 သက ဖိုလ် ၅၊ အနာ မဂ် ၅ |
| အနာ ဖလဋ္ဌာန် | 〃 | 〃 အနာ ဖိုလ် ၅၊ အရ မဂ် ၅ |
| အရ ဖလဋ္ဌာန် | မဟာကြိဉာဏသံ ၄ | မဟဂ္ဂုတ်ကြိ ၉၊ အရဟတ္တ ဖိုလ် ၅ |

## စျာန် မဂ် ဖိုလ်တရားများ ရရှိလာပုံပြပါဦး (အပွနာဝီထိကျပုံ အကျယ်ပြပါဦး)

တတ္ထ ဟိ ဉာဏသမ္မယုတ္တ (ပ) အပွနာဝီထိ မောတရတိ။

http://www.dhammadownload.com



| ပုဂ္ဂိုလ် | ကာမသောမနဿဟေ | နှောင်းသောအပွနာ |
|---|---|---|
| တိဟိတ်ပုထုဇဉ် | မဟာကုဉာသံသော-၂ | မဟဂ်ကုသော၄၊ သောတာမဂ်သော-၄ |
| သောတာဖလဌာန် | ။ | ။ သောတာဖိုလ်သော-၄၊ သကဒါဂါမိမဂ်သော-၄ |
| သက-ဖလဌာန် | ။ | ။ သကဒါဂါမိဖိုလ်သော-၄ အနာဂါမိမဂ်သော-၄ |
| အနာဂါဖလဌာန် | ။ | ။ အနာဂါမိဖိုလ်သော-၄ အရဟတ္တမဂ်သော-၄ |
| အရဟဖလဌာန် | မဟာကြိဉာသံသော-၂ | မဟဂ်ကြိသော၄၊ အရဟတ္တဖိုလ်သော-၄ |

| ပုဂ္ဂိုလ် | ကာမဥပေက္ခာဟေ | နှောင်းသောအပွနာ |
|---|---|---|
| တိဟိတ်ပုထုဇဉ် | မဟာကုဉာသံဉ-၂ | မဟဂ္ဂုတ်ကုဉ၅၊ သောတာ-မဂ်ဉ-၁ |
| သောတာဖလဌာန် | ။ | ။ သောတာဖိုလ်ဉ၁၊သကမဂ်ဉ၁ |
| သက-ဖလဌာန် | ။ | ။ သကဖိုလ်ဉ၁၊ အနာမဂ်ဉ၁ |
| အနာ-ဖလဌာန် | ။ | ။ အနာဖိုလ်ဉ၁၊ အရဟမဂ်ဉ၁ |
| အရဟဖလဌာန် | မဟာကြိဉာသံဉ-၂ | မဟဂ္ဂုတ်ကြိဉ-၅၊ အရဟတ္တဖိုလ်ဉ-၁ |

**ကာမဇောနောင် အပွနာဇောစောပုံကို**
**ဝေဒနာအားဖြင့် ခွဲခြားပြသောဂါထာ**

ဒွတ္တိံသ သုခပုညမှာ၊ (ပ) ဆ သမ္ဘောန္တိ ဥပေက္ခကာ။

**ကာမဇောနောင် အပွနာဇောစောပုံကို**
**ပုဂ္ဂိုလ်အားဖြင့် ခွဲခြားပြသောဂါထာ**

ပုထုဇ္ဇနာန သေက္ခာနံ၊ (ပ) ဝိတရာဂါန မပွနာ။

**ဒွတ္တိံသ သုခပုညမှာ၌ 'ဒွတ္တိံသ' အရေပါင်္ဂဏန်း**

တတ္ထ သောမနဿသဟဂတဇဝနာနန္တရံ (ပ) ပါဠိကာဠီတဇ္ဈာ။
တတ္ထာပိ ကုသလဇဝနာနန္တရံ (ပ) ဖလတ္တယ မပွေတိ။

http://www.dhammadownload.com



**ဒွါဒသော ပေက္ခကာ ပရံ၌ 'ဒွါဒသ' အရပြုပါဠိ**

ဥပေက္ခာသဟဂတဇဝနာနန္တရံ ဥပေက္ခာသဟဂတာဝ။
တတ္ထာပိ ကုသလဇဝနာနန္တရံ (ပ) ဖလတ္တယ မပ္ပေတိ။

**သုခိတကြိယတော အဋ္ဌ၌ 'အဋ္ဌ' အရပြုပါဠိ**

တတ္ထ သောမနဿသဟဂတဇဝနာနန္တရံ (ပ) ပါဠိကခ်ီတဗ္ဗာ။
ကိရိယဇဝနာနန္တရံ ကိရိယဇဝနံ အရဟတ္တဖလဉ္စာတိ။

**ဆ သမ္ဘောန္တိ ဥပေက္ခကာ၌ 'ဆ' အရပြုပါဠိ**

ဥပေက္ခာသဟဂတဇဝနာနန္တရံ ဥပေက္ခာသဟဂတာဝ။
ကိရိယဇဝနာနန္တရံ ကိရိယဇဝနံ အရဟတ္တဖလဉ္စာတိ။
မနောဒွါရ အပ္ပနာဇောဝါရ ပြီး၏။

❐❐❐❐❐

## တဒါရမ္မဏာ နိယမ

မည်သည့်ဇောနောင် မည်သည့်တဒါရုံ ဖြစ်၏–ဟု တဒါရုံကို ပိုင်းခြားမှတ်သားမှုကို 'တဒါရမ္မဏာနိယမ'ဟု ခေါ်ပါသည်။

**အနိဋ္ဌ၊ ကဋ္ဌ၊ အတိကဋ္ဌ သတ်မှတ်ချက်**

အလိုမရှိအပ်သော အသေကောင်ပုပ်,ကျင်ကြီး, ကျင်ငယ်စသော မကောင်းသောအဆင်း,မကောင်းသောအသံ, အနံ့,အရသာ,အတွေ့စသော မနှစ်သက်ဖွယ် အာရုံများကို **အနိဋ္ဌာရုံ**ဟု ခေါ်ပါသည်။

အလိုရှိအပ်သော သာမန်လောက်သာ လှသောအဆင်း, သာမန်လောက်သာ ကောင်းသော အသံ, အနံ့, အရသာ, အတွေ့စသော နှစ်သက်ဖွယ်အာရုံများကို **ကဋ္ဌာရုံ**ဟု ခေါ်ပါသည်။

http://www.dhammadownload.com



အလွန်အလိုရှိအပ်သော ဘုရား,ရဟန္တာစသည်တို့၏ အဆင်း, အသံစသည်နှင့် အလွန်လှပသောအဆင်း,အလွန်ကောင်းသောအသံ, အနံ့, အရသာ, အတွေ့စသော အလွန်နှစ်သက်ဖွယ် အာရုံများကို **အတိဋ္ဌာရုံ**ဟု ခေါ်ပါသည်။

## ဝိပါက်အမှန် ဇောအပြန်

ဝိပါက်စိတ်တို့၌ အာရုံအားလျော်စွာ သောမနဿ,ဥပေက္ခာ ဝေဒနာယှဉ်ပုံမြဲသည်ကို 'ဝိပါက်အမှန်'ဟုခေါ်၍ ဇောစိတ်တို့၌ အာရုံအားလျော်စွာ ဝေဒနာယှဉ်ပုံ မမြဲသည်ကို 'ဇောအပြန်'ဟု ခေါ်ပါသည်။

## ဝိပါက်လည်းအမှန် ဇောလည်းအမှန်

ဘုရား,ရဟန္တာတို့၏သန္တာန်၌ စိတ်ဖောက်ပြန်မှု မရှိသော ကြောင့် ဝိပါက်နှင့် ကြိယာဇောတို့၌ အာရုံအားလျော်စွာ ဝေဒနာ ယှဉ်ပုံ မြဲသည်ကို 'ဝိပါက်လည်းအမှန်, ဇောလည်းအမှန်'ဟုခေါ် ပါသည်။

## အနိဋ္ဌာရုံနှင့် ဣဋ္ဌာရုံကို တွေ့မြင်ရခြင်းအကြောင်း

'အနိဋ္ဌေ အာရမ္မဏေ အကုသလဝိပါကာနေဝ' စကားအရ အနိဋ္ဌာရုံကို ရှေးအကုသိုလ်ကံကြောင့် တွေ့မြင်ရပါသည်။

'ဣဋ္ဌေ ကုသလဝိပါကာနိ'စကားအရ ဣဋ္ဌာရုံကို ရှေးကုသိုလ် ကံကြောင့် တွေ့မြင်ရပါသည်။

## ဝီထိချသော အခါတွင်

အနိဋ္ဌာရုံဖြစ်က အကုသလဝိပါက် ပဉ္စဝိညာဏ်၊ အကုသလ ဝိပါက် သမ္ပဋိစ္ဆိန်း၊ အကုသလဝိပါက် သန္တီရဏ၊ အကုသလဝိပါက်

http://www.dhammadownload.com



တဒါရုံ-ဟု ချရမည်။

ကြွဒွာရုံဖြစ်က ကုသလဝိပါက် ပဉ္စဝိညာဏ်၊ ကုသလဝိပါက် သမ္ပဋိစ္ဆိန်း၊ ကုသလဝိပါက် ဥပေက္ခာသန္တီရဏ၊ ကုသလဝိပါက် ဥပေက္ခာတဒါရုံ-ဟု ချရမည်။

အတိကြွဒွာရုံဖြစ်က ကုသလဝိပါက် ပဉ္စဝိညာဏ်၊ ကုသလ ဝိပါက် သမ္ပဋိစ္ဆိန်း၊ ကုသလဝိပါက်သောမနဿသန္တီရဏ၊ကုသလ ဝိပါက် သောမနဿတဒါရုံ-ဟု ချရမည်။

* လေ ဆူမာတ်ပုံ ရွှေတိဂုံ စေတီတော်မြတ်ကြီးကို မျက်ဝါး ထင်ထင် ဖူးမြင်ရသော ဗုဒ္ဓဘာသာဝင်တစ်ဦး၏သန္တာန်၌ ဖြစ်ပေါ် နေသော စိတ်အစဉ်ကို အတိမဟန္တာရုံဝိထိအမြင်ဖြင့် တင်ပြပါ။

လေ ဆူမာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို မျက်ဝါးထင် ထင် ဖူးမြင်ရသော ဗုဒ္ဓဘာသာဝင် တစ်ဦး၏သန္တာန်၌ အတီတ ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ကုသလဝိပါက် စက္ခုဝိညာဏ်၊ ကုသလဝိပါက်သမ္ပဋိစ္ဆိန်း၊ ကုသလဝိပါက်သန္တီရဏ၊ ဝုဋ္ဌေ၊ သောမနဿကုသိလ်ဇော(၇)ကြိမ်၊ ကုသလဝိပါက် တဒါရုံ နှစ်ကြိမ်ဖြစ်ပြီးနောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်ပါသည်။

* လှပသော ပန်းလေးတစ်ပွင့်ကို မြင်တွေ့ရခိုက် စိတ်အစဉ် ဖြစ်ပုံကို အတိမဟန္တာရုံဝိထိအမြင်ဖြင့် တင်ပြပါ။

လှပသော ပန်းလေးတစ်ပွင့်ကို မြင်တွေ့ရခိုက် အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ကုသလဝိပါက်စက္ခု ဝိညာဏ်၊ ကုသလဝိပါက် သမ္ပဋိစ္ဆိန်း၊ ကုသလဝိပါက် သန္တီရဏ၊ ဝုဋ္ဌေ၊ သောမနဿဇော(၇)ကြိမ်၊ ကုသလဝိပါက် တဒါရုံ နှစ်ကြိမ် ဖြစ်ပြီးနောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်ပါသည်။

http://www.dhammadownload.com



## ကာမဇောနောင် တဒါရုံ ဖြစ်ပုံ

| ကာမဇော | တဒါရုံ |
|---|---|
| မဟာကြိယာဥပေက္ခာ-၄၊ ဒေါသမူ-၂ | မဟာဝိပါက်ဥပေက္ခာ-၄၊ ဥပေက္ခာသန္တီရဏ-၂ |
| မဟာကြိယာသောမနဿ-၄၊ ဟသိတုပ္ပါဒ်-၁ | မဟာဝိပါက်သောမနဿ-၄ သောမနဿသန္တီရဏ-၁ |
| လောဘမူ-၈၊ မောဟမူ-၂ မဟာကုသိုလ်-၈ | တဒါရုံ(၁၁)ပါး လုံး |

**[ဆောင်]** ဤဝယ်သနစ်၊ အရင်းစစ်က၊ ဥပေက်ကြိယာ၊ ဒေါသာခြောက်နောက်၊ တဒါခြောက်တည်း၊ ကြို-သောနောက်ငါး၊ ကြွင်းငြားဆယ့်ရှစ်၊ ဇောနောင်ဖြစ်သည်၊ ဆယ့်တစ်တဒါရုံ အပေါင်းတည်း။

(အခြေပြု-၂၂၉)

## ကာမဇော(၂၉)ပါးနောင် တဒါရုံ(၁၁)ပါးဖြစ်ပုံ

မဟာကြိယာဥပေက္ခာဇော(၄)ပါး၊ ဒေါသမူဇော(၂)ပါး၊ ပေါင်း(၆)ပါးနောင် မဟာဝိပါက်ဥပေက္ခာတဒါရုံ(၄)ပါး၊ ဥပေက္ခာ သန္တီရဏတဒါရုံ(၂)ပါး၊ ပေါင်း(၆)ပါး ဖြစ်နိုင်ပါသည်။

**သာဓက**- ဥပေက္ခာသဟဂတ ကိရိယဇဝနာဝသာနေ စ ဥပေက္ခာသဟဂတာနေဝဟောန္တိ။

ဒေါမနဿသဟဂတ (ပ) ဥပေက္ခာသဟဂတာနေဝ ဘဝန္တိ။

မဟာကြိယာသောမနဿဇော(၄)ပါး၊ ဟသိတုပ္ပါဒ်ဇော(၁)ပါး၊ ပေါင်း(၅)ပါးနောင် မဟာဝိပါက် သောမနဿတဒါရုံ (၄)ပါး၊ သောမနဿသန္တီရဏတဒါရုံ(၁)ပါး၊ ပေါင်း(၅)ပါး ဖြစ်နိုင်ပါသည်။

**သာဓက**- တတ္ထာပိ သောမနဿသဟဂတကိရိယဇဝနာဝသာနေ သောမနဿသဟဂတာနေဝ တဒါရမ္မဏာနိ ဘဝန္တိ။

http://www.dhammadownload.com



ကြွင်းသော လောဘမူစေ(၈)ပါး၊ မောဟမူစေ(၂)ပါး၊ မဟာကုသိုလ်စေ(၈)ပါး၊ ပေါင်း(၁၈)ပါးနောင် တဒါရုံ(၁၁)ပါးလုံး ဖြစ်နိုင်ပါသည်။

## အာဂန္ဆုကာဘဝင် ခေါ်ပုံ

ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် အာဂန္ဆုကာဘဝင်ကိစ္စ တပ်လျက် ယခုမှ လတ်တလော ဖြစ်ရသောကြောင့် **အာဂန္ဆုကာဘဝင်** ဟု ခေါ်ပါသည်။

## အာဂန္ဆုကာဘဝင်ကျကြောင်း အင်္ဂါ(၃)ပါး

၁။ သောမနဿနှင့် ပဋိသန္ဓေနေရခြင်း။

၂။ ဒေါသစေတ၏ အဆုံးဖြစ်ရခြင်း။

၃။ တဒါရုံတို့၏ ဖြစ်မှုမရှိခြင်းတို့ ဖြစ်ပါသည်။

**သာဓက**– တသ္မာ ယဒိ သောမနဿ (ပ) တဒါရမ္မဏသမ္ပတ္တေါ နတ္ထိ။

* တဒါရုံမကျနိုင်သော ကာမသတ္တဝါကို သာဓကပြဖော်ပြပါ။

သောမနဿနှင့် ပဋိသန္ဓေနေခဲ့၍ ဒေါသစေတောသော ကာမသတ္တဝါ ဖြစ်ပါသည်။

**သာဓက**– တသ္မာ ယဒိ သောမနဿ (ပ) တဒါရမ္မဏသမ္ပတ္တေါ နတ္ထိ။

* သောမနဿနှင့် ပဋိသန္ဓေနေသောပုဂ္ဂိုလ်၏ ဒေါသစေတနောင် ဖြစ်သင့်သောစိတ်ကို ဖြစ်ရာအခါ, ပြုသည့်အာရုံ, ဆောင်ရွက်သည့် ကိစ္စတို့နှင့်တကွ တိကျစွာ ဖော်ပြပါ။

ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ဖြစ်ပါသည်။

တဒါရုံလည်းဖြစ်ခွင့်မရ, ဘဝင်လည်း မကျသောအခါ ဖြစ်ပါသည်။

http://www.dhammadownload.com



ရှေးကလေ့ကျက်အပ်သော ကာမအာရုံတစ်ပါးပါးကို အာရုံပြုပါသည်။

အာဂန္တုကဘဝင်ကိစ္စကို ဆောင်ရွက်ပါသည်။

* ဘုရားရှင်ကို တွေ့မြင်ရခိုက် အယူမှောက်မှား မိစ္ဆာဒိဋ္ဌိလူသား၏သန္တာန်၌ ရှေနောက်ဆက်လျက် ဖြစ်သင့်သောဇောနှင့် တဒါရုံတို့ကို တိကျစွာ ဖော်ပြပါ။

ဖြစ်သင့်သောဇောမှာ– ဒေါသဇော ဖြစ်ပါသည်။

ဖြစ်သင့်သောတဒါရုံမှာ– သောမနဿတဒါရုံ ဖြစ်ပါသည်။

## ဒေါမနဿဝီထိနောင် အာဂန္တုကဘဝင်ကျပုံ

**ပဋ္ဌဒ္ဓါရ** တီ, နံ, ဒ, ပ, စ, သံ, ဏ, ဝု, ဧ–ဂု, (ဘ) ဘ, ဘ။

**မနောဒ္ဓါရ** နံ, ဒ, မ, ဧ–ဂု, (ဘ) ဘ, ဘ။

**မှတ်ချက်**။ ။ (ဧ–ဂု)ကား ဒေါသဇောဖြစ်၍ (ဘ)ကွင်းအတွင်းရှိ ဘဝင်ကား အာဂန္တုကဘဝင် ဖြစ်ပြီး ကွင်းအပြင်ရှိ ဘဝင်ကား သောမနဿဘဝင် ဖြစ်ပါသည်။

## တဒါရုံကျကြောင်း အင်္ဂါ(၃)ပါး

၁။ ကာမဇော၏ အဆုံးဖြစ်ရခြင်း။

၂။ ကာမသတ္တဝါ ဖြစ်ရခြင်း။

၃။ ကာမအာရုံ ဖြစ်ရခြင်းတို့ ဖြစ်ပါသည်။

* ကာမာဝစရဝမ္မသွေဝ အာရမ္မဏဘူတေသုဉ် အာရမ္မဏအရကို သာဓကပြ ကောက်ပြပါ။

ဝိဘူတာရုံနှင့် အတိမဟန္တာရုံတို့ ရပါသည်။

**သာဓက**– ဝိဘူတေ တိမဟန္တေ စ၊ တဒါရမ္မဏာ မီရိတံ။

http://www.dhammadownload.com



* တဒါရုံကျခွင့်ရှိသော ဝိသယပွဝတ္ထိတို့ကို သာဓကပြ ဖော်ပြပါ။

ဝိဘူတာရုံနှင့် အတိမဟန္တာရုံတို့ ဖြစ်ပါသည်။

**သာဓက**– ဝိဘူတေ တိမဟန္တေ စ၊ တဒါရမ္မဏာ မီရိတံ။

## အာဝဇ္ဇန်းနှင့်ကင်း၍ ဖြစ်နိုင်သောစိတ်များ

အာဂန္တုကဘဝင်စိတ် (၆)ခု၊ မဂ္ဂဝီထိ၌ ဂေါတြဘု, ဝေါဒါန်၊ ဖလသမာပတ္တိဝီထိ၌ ဖိုလ်ဧော၊ နိရောဓသမာပတ်မှ ထသောအခါ စောသော အနာဂါမိဖိုလ်ဧော၊ အရဟတ္တဖိုလ်ဧောတို့ ဖြစ်ပါသည်။

[**ဆောင်**] အာဂန္တုက၊ ဘဝင်ဆန့်၊ မဂ္ဂဝီထိ၊ ဂေါ,ဝေါသိလော၊ နောက်ရှိဖလ၊ နိရောဓ၌၊ စောထဖိုလ်ဧော၊ ဓာတ်သဘောသို့၊ မနော မိုလျှန်း၊ အာဝဇ္ဇန်းမှ၊ ကင်းလွတ်ရသည်၊ မှတ်ရလွယ်ဖို့ကဗျာတည်း။

## ပုထုဇဉ်, သေက္ခတို့၏သန္တာန်၌ တဒါရုံဖြစ်ပုံပြပါဦ

တဒါရမ္မဏာနိယမလာ စာပိဒ်–၂၅၊ ၂၆၊ ၂၇။

## ရဟန္တာပုဂ္ဂိုလ်တို့၏သန္တာန်၌ တဒါရုံဖြစ်ပုံပြပါဦ

တတ္ထာပိ သောမနဿသဟဂတကိရိယ (ပ) တဒါရမ္မဏာနိ ဘဝန္တိ။

ဥပေက္ခာသဟဂတကိရိယ (ပ) ဥပေက္ခာသဟဂတာနေဝ ဟောန္တိ။

## တဒါရုံအတု ဖြစ်ပုံပြပါဦ

ဒေါမနဿသဟဂတဧဝန (ပ) ဟောတိတိ ဝဒန္တိ အာစရိယာ။

တဒါရမ္မဏာနိယမ ပြီး၏။

❐❐❐❐❐

http://www.dhammadownload.com



## ဇဝနနိယမ

ဇောကို ပိုင်းခြားမှတ်သား၍ ပြရာစကားရပ်ကို 'ဇဝနနိယမ' ဟု ခေါ်ပါသည်။

| အကြိမ် | စောသောဇော |
|---|---|
| ၁-ကြိမ် | အာဒိကမ္မိကပုဂ္ဂိုလ်၏ ရှေးဦးစွာသောအပ္ပနာ၌ မဟဂ္ဂုတ်ဇော၊ အဘိညာဉ်ဇော၊ မဂ္ဂဝီထိ၌မဂ်ဇော၊ နိရောဓသမာပတ်မှထသော အခါ၊ အနာဂါမိဖိုလ်ဇော၊ အရဟတ္တဖိုလ်ဇောများ။ |
| ၂-ကြိမ် | မန္ဒပုဂ္ဂိုလ်၏ မဂ္ဂဝီထိ၌ဖိုလ်ဇော၊ နိရောဓသမာပတ်၏ ရှေ့အဖို့၌ စတုတ္ထဈာန်ပွဲဇောများ။ |
| ၃-ကြိမ် | တိက္ခပုဂ္ဂိုလ်၏ မဂ္ဂဝီထိ၌ ဖိုလ်ဇော၊ တိက္ခပုဂ္ဂိုလ်၏ ဈာနဝီထိ, မဂ္ဂဝီထိတို့၌ ကာမဇောများ။ |
| ၄-ကြိမ် | မြတ်စွာဘုရား၏ ရေမီးအစုံစုံသော ကန်ခိုးပြာဋိဟာကို ပြရာ အခါ၌ ပစ္စဝေက္ခဏာဇောများ၊ မန္ဒပုဂ္ဂိုလ်၏ ဈာနဝီထိ,မဂ္ဂဝီထိတို့၌ ကာမဇောများ။ |
| ၅-ကြိမ် | သေခါနီးအခါ,တွေဝေမိန်းမောရာအခါစသည်တို့၌ စောသော ကာမဇော၊ အဂ္ဂသာဝက, မဟာသာဝကတို့၏ တန်ခိုးပြာဋိဟာ ကို ပြရာအခါ၌စောသော ပစ္စဝေက္ခဏာဇောများ။ |
| ၆/၇-ကြိမ် | ပကတိကာမဇောများ။ |

အကြိမ်များစွာ ဈာနသမာပတ္တိ၊ ဖလသမာပတ္တိဝီထိတို့၌ စောသောဇောများ။

### ကာမဇောတို့ စောသည့်အကြိမ်ကို အခါကာလအားဖြင့် ခွဲပုံ

၁။ ကာမဇောများသည် ပကတိရိုးရာအခါ၌ ခုနစ်ကြိမ်ဖြစ်စေ၊ ခြောက်ကြိမ်ဖြစ်စေ စောပါသည်။

၂။ စုတေခါနီးအခါ စသည်တို့၌ ငါးကြိမ်စောပါသည်။

http://www.dhammadownload.com



၃။ မြတ်စွာဘုရား၏ ရေမီးအစုံဖြစ်သော တန်ခိုးပြာဋိဟာကို ပြရာ အခါစသည်တို့၌ ပစ္စဝေက္ခဏာဇော လေးကြိမ်ဖြစ်စေ,ငါးကြိမ် ဖြစ်စေ စောပါသည်။

* ပစ္စဝေက္ခဏာစိတ္တာနိ၌ ပစ္စဝေက္ခဏာဇောစိတ်အရကို တိကျစွာ ကောက်ပြပါ။

မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇောစိတ်(၄)ပါး၊ မဟာကြိယာ ဉာဏသမ္ပယုတ်ဇောစိတ်(၄)ပါး၊ ပေါင်း(၈)ပါးတို့ ရပါသည်။

* 'မဂ်စိတ်ဖြစ်ငြား တစ်ဖွားဖွား'ဟူသော စကားသည် အဘိဓမ္မာသဘာဝအရ မှန်ကန်မှုရှိ/မရှိ သာဓကဖြင့် ရှင်းပြပါ။

မဂ်စိတ်လေးပါးတို့သည် တစ်ကြိမ်သာ ဖြစ်ကြသောကြောင့် အထက်ပါဆိုစကား အဘိဓမ္မာသဘာဝအရ မှန်ကန်မှု မရှိပါ။

**သာဓက**– စတ္တာရော ပန မဂ္ဂပ္ပါဒါ ဧကစိတ္တက္ခဏိကာ။

* 'အကုသိုလ်တစ်သက် မဂ်တစ်ချက်'ဟူသောစကားသည် အဘိဓမ္မာသဘာဝအရ မှန်ကန်မှုရှိ/မရှိ သာဓကဖြင့် ရှင်းပြပါ။

မဂ်လေးပါးတို့သည် ဆိုင်ရာအကုသိုလ်တရားများကို တစ်ချက်တည်းဖြင့် ပယ်သတ်နိုင်သောကြောင့် အထက်ပါဆိုစကား အဘိဓမ္မာသဘာဝအရ မှန်ကန်မှု ရှိပါသည်။

**သာဓက**– စတ္တာရော ပန မဂ္ဂပ္ပါဒါ ဧကစိတ္တက္ခဏိကာ။

* 'မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်'ဟူသော စကားသည် အဘိဓမ္မာ သဘာဝအရ မှန်ကန်မှုရှိ/မရှိ သာဓကဖြင့် ရှင်းပြပါ။

မဂ်ရဖြီးနောက် ဖိုလ်ဇောများ တစ်ဆက်တည်း ဖြစ်ပေါ်လာသောကြောင့် အထက်ပါဆိုစကား အဘိဓမ္မာသဘာဝအရ မှန်ကန်မှု ရှိပါသည်။

http://www.dhammadownload.com



**သာဓက**– စတ္တာရော ပန မဂ္ဂပ္ပါဒါ (ပ) ယထာရဟံ ဥပ္ပဇ္ဇန္တိ။

* 'မဂ်ရပြီးနောက် ဖိုလ်ရရန် ကြိုးစားအားထုတ် ရသေးသည်' ဟူသောစကားသည် အဘိဓမ္မာသဘာဝအရ မှန်ကန်မှုရှိ/မရှိ သာဓကဖြင့် ရှင်းပြပါ။

မဂ်ရပြီးနောက် ဖိုလ်စိတ်များ နှစ်ကြိမ်,သုံးကြိမ် အလိုလိုဖြစ်သောကြောင့် အထက်ပါဆိုစကား အဘိဓမ္မာ သဘာဝအရ မှန်ကန်မှု မရှိပါ။

**သာဓက**–စတ္တာရော ပန မဂ္ဂပ္ပါဒါ (ပ) ယထာရဟံ ဥပ္ပဇ္ဇန္တိ။

## မဂ်ဇောနောင် ဖိုလ်ဇောတို့ စောသည့်အကြိမ်ကို ပုဂ္ဂိုလ်အားဖြင့် ခွဲပုံ

မဂ်ဇောစောပြီးနောက် ဖိုလ်ဇောတို့သည် မန္ဒပည ပုဂ္ဂိုလ်၏ သန္တာန်၌နှစ်ကြိမ်၊ တိက္ခပညပုဂ္ဂိုလ်၏သန္တာန်၌သုံးကြိမ်စောပါသည်။

**အမှာ**– ဒွေတီဏိဖလစိတ္တာနိကို ပုဂ္ဂိုလ်အားဖြင့် ခွဲပုံမှာလည်း အထက်ပါအတိုင်းပင် ဖြစ်သည်။

## သောတာပတ္တိမဂ္ဂဝီထိပုံစံ

**မန္ဒ** နာ, ဒ, မ, ပ, ဥ, နု, ဂေါ, မဂ်, ဖိုလ်, ဖိုလ်–ဘ။

**တိက္ခ** နာ, ဒ, မ, ဥ, နု, ဂေါ, မဂ်, ဖိုလ်, ဖိုလ်, ဖိုလ်–ဘ။

**ဆိုရိုး** မန္ဒပညပုဂ္ဂိုလ်၏ သောတာပတ္တိမဂ္ဂဝီထိ ဖြစ်ဟန်ကား– သခ်ါရတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟု အဖန်တလဲလဲ ရှုဖန်များ၍ မဂ်ရခါနီးလတ်သော် နာ, ဒ, မ, ပ, ဥ, နု, ဂေါတြဘု–ဟု ဆိုအပ်သော ဥပစာရသမာဓိဇော လေးကြိမ်၊ သောတာပတ္တိမဂ်တစ်ကြိမ်၊ သောတာပတ္တိဖိုလ်နှစ်ကြိမ် ဖြစ်ပြီးလျှင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်သတည်း။

http://www.dhammadownload.com



## အထက်မဂ်သုံးပါး ဝိထိပုံစံ

**မန္တ** နှ, ဒ, မ, ပ, ဥ, နု, ဝေါ, မဂ်, ဖိုလ်, ဖိုလ်–ဘ။
**တိက္ခ** နှ, ဒ, မ, ဥ, နု, ဝေါ, မဂ်, ဖိုလ်, ဖိုလ်, ဖိုလ်–ဘ။

## နိရောဓသမာပတ် ဝင်စားသည်နှင့် ထသည်ခေါ်ပုံ

စိတ်, စေတသိက်, စိတ္တဇရုပ်များ အခိုက်အတန့်မျှ ချုပ်ငြိမ်ခြင်းသို့ ကောင်းစွာရောက်ခြင်းကို နိရောဓသမာပတ် ဝင်စားသည်ဟု ခေါ်ပါသည်။

စိတ်, စေတသိက်, စိတ္တဇရုပ်များ ပြန်၍ဖြစ်ပေါ်လာမှုကို နိရောဓသမာပတ်မှ ထသည်ဟု ခေါ်ပါသည်။

## နိရောဓသမာပတ္တိဝိထိပုံစံ

**မန္တ** နှ, ဒ, မ, ပ, ဥ, နု, ဂေါ, နေဝစ္စာန်, နေဝစ္စာန်, နိရောဓ ဖိုလ်–ဘ။
**တိက္ခ** နှ, ဒ, မ, ဥ, နု, ဂေါ, နေဝစ္စာန်, နေဝစ္စာန်, နိရောဓ ဖိုလ်–ဘ။

* နိရောဓသမာပတ် ဝင်စားနိုင်သောပုဂ္ဂိုလ်– အနာဂါမ်နှင့် ရဟန္တာတို့ ဖြစ်ပါသည်။
* နိရောဓသမာပတ် ဝင်စားနိုင်သောဘုံ– ကာမဘုံ, ရူပဘုံ။
* နိရောဓသမာပတ်ဝင်စားရာ၌ ချုပ်သောရုပ်– စိတ္တဇရုပ်။
* နိရောဓသမာပတ်ဝင်စားရာ၌ ဖြစ်သောရုပ်– ကမ္မဇရုပ်, ဥတုဇရုပ်,အာဟာရဇရုပ်တို့ ဖြစ်ပါသည်။
(ရူပဘုံ၌ အာဟာရဇရုပ်မရ၍ ချုပ်ဖွယ်မလို)

* နိရောဓသမာပတ် ဝင်စားခါနီးကာလ စိတ်အစဉ်ဖြစ်ပုံပြသင်္ခါရစကားရုပ်ကို ဝင်စားနိုင်သောပုဂ္ဂိုလ်တို့ကိုရှု၍ စောသည့်အောဒေါလွင်အောင် **အနက်နှစ်နည်း** ပေးပြပါ။

http://www.dhammadownload.com



**ပထမနည်း** နိရောဓသမာပတ္တိကာလေ-နိရောဓသမာပတ် ဝင်စားရာအခါ၌၊ ဒွိကွတ္တုံ-နှစ်ကြိမ်၊ စတုတ္ထာရုပ္ပဇဝနံ- စတုတ္ထ အာရုပ္ပ နေဝသညာနာသညာယတန ကုသိုလ်ဇောသည်၊ ဇဝတိ-စောဇ၏၊ တတော- စတုတ္ထအာရုပ္ပ နေဝသညာနာသညာယတန ကုသိုလ်ဇောမှ၊ ပရံ-နောက်၌၊ နိရောဓံ-စိတ်, စေတသိက်, စိတ္တဇရုပ်တို့၏ ချုပ်ခြင်းသို့၊ ဖုသတိ-ရောက်၏။ (အနာဂါမ်အတွက်)

**ဒုတိယနည်း** နိရောဓသမာပတ္တိကာလေ-နိရောဓသမာပတ် ဝင်စားရာခါ၌၊ ဒွိကွတ္တုံ-နှစ်ကြိမ်၊ စတုတ္ထာရုပ္ပဇဝနံ- စတုတ္ထ အာရုပ္ပ နေဝသညာနာသညာယတန ကြိယာဇောသည်၊ ဇဝတိ-စောဇ၏၊ တတော-စတုတ္ထအာရုပ္ပ နေဝသညာနာသညာယတန ကြိယာဇောမှ၊ ပရံ-နောက်၌၊ နိရောဓံ-စိတ်,စေတသိက်, စိတ္တဇရုပ်တို့၏ ချုပ်ခြင်းသို့၊ ဖုသတိ-ရောက်၏။ (ရဟန္တာအတွက်)

* နိရောဓသမာပတ်၏ ရှေ့အဖို့၌ဖြစ်သောတရား-နေဝသညာနာသညာယတနကုသိုလ်,ကြိယာဇောနှစ်ကြိမ် ဖြစ်ပါသည်။

* နိရောဓသမာပတ် ဝင်စားနေစဉ် ဖြစ်သောတရား-ကမ္မဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်များ ဖြစ်ပါသည်။

* နိရောဓသမာပတ်ဝင်စားနေစဉ် ချုပ်သောတရား- စိတ်, စေတသိက်, စိတ္တဇရုပ်များ ဖြစ်ပါသည်။

* နိရောဓသမာပတ် ဝင်စားပြီးနောက် ဖြစ်သောတရား-အနာဂါမ်ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်ဇော၊ ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တဖိုလ်ဇောများ ဖြစ်ပါသည်။

## သေသူနှင့် နိရောဓသမာပတ်ဝင်စားသူ အထူး

သေသူများ သခါရသုံးပါးလုံး မရှိ၊ အသက်လည်း မရှိ၊ ကမ္မဇ

http://www.dhammadownload.com



တေဇောလည်း မရှိ၊ ကွန်ဒြေလည်း ပျက်၏။

နိရောဓသမာပတ် ဝင်စားသူမှာ သခ်ါရသုံးပါး မရှိ၊ အသက် မကုန်၊ ကမ္မဇတေဇော မငြိမ်း၊ ကွန်ဒြေလည်း အထူးကြည်လင်၏။ ဤသို့ ထူးပါသည်။

* စျာနသမာပတ်ဝင်စားနိုင်သောပုဂ္ဂိုလ်– စျာနလာဘီတိဟိတ် ပုထုဇဉ်နှင့် ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်တို့ ဖြစ်ပါသည်။

* ဖလသမာပတ်ဝင်စားနိုင်သောပုဂ္ဂိုလ်– ဖလဋ္ဌာန်ပုဂ္ဂိုလ်လေး ယောက် ဖြစ်ပါသည်။

* နိရောဓသမာပတ် ဝင်စားနိုင်သောပုဂ္ဂိုလ်– အနာဂါမ်ပုဂ္ဂိုလ် နှင့် ရဟန္တာပုဂ္ဂိုလ်တို့ ဖြစ်ပါသည်။

**အပွနာဇေနဝါရ၌ ရနိုင်သောဝိထိများ**

စျာနဝိထိ၊ မဂ္ဂဝိထိ၊ ဖလသမာပတ္တိဝိထိ၊ အဘိညာဝိထိ၊ နိရောဓသမာပတ္တိဝိထိများ ရနိုင်ပါသည်။

**ကာမဇောများ ပကတိကာလ စောပုံပြပါဠိ**

ဇဝနေသု စ ပရိတ္တဇဝနဝိထိယံ (ပ) ဆက္ခတ္တုမေဝ ဝါ ဇဝန္တိ။

**ကာမဇောများ ဝိကတိကာလ စောပုံပြပါဠိ**

ဇဝနနိယမလာ စာပိဒ်– ၃၂၊ ၃၃။

**မဟဂ္ဂုတ်ဇောနှင့် အဘိညာဉ်ဇောတို့ တစ်ကြိမ်သာ စောပုံပြပါဠိ**

အာဒိကမ္မိကဿ ပန ပဌမကပ္ပနာယံ (ပ) ဘဝင်္ဂပါတောဝ။

**မဂ်ဇော,ဖိုလ်ဇောတို့ စောသည့်အကြိမ်ပြပါဠိ**

စတ္တာရော ပန မဂ္ဂပ္ပါဒါ (ပ) ဘဝင်္ဂပါတောဝ။

http://www.dhammadownload.com



**နိရောဓသမာပတ် ဝင်စားခါနီးအခါနှင့်**
**ထရာအခါတို့၌ စိတ်အစဉ် ဖြစ်ပုံပြပါဦ**

ဇဝနနိယမလာ စာပိုဒ်– ၃၆၊ ၃၇။

**မဂ္ဂါဘိညာ သက်မတာ၏ အကျယ်ပြပါဦ**

အာဒိကမ္မိကဿ ပန (ပ) တတော ပရံ ဘဝင်္ဂံပါတော။
စတ္တာရော ပန မဂ္ဂပ္ပါဒါ ဧကစိတ္တက္ခဏိကာ။

**ဧကဖြစ်ပုံပြ သင်္ဂဟဂါထာ**

သတ္တက္ခတ္တုံ ပရိတ္တာနံ၊ (ပ) ဇဝနာနိ ဗဟူနိပိ။
ဇဝနနိယမ ပြီး၏။

□□□□□

**ပဉ္စလဘေဒ**

ပုဂ္ဂိုလ်အပြားအားဖြင့် ဝိထိစိတ်တို့ကို ခွဲခြားပြသောအခန်းကို 'ပုဂ္ဂလဘေဒ'ဟု ခေါ်ပါသည်။

**ပုဂ္ဂိုလ်(၁၂)ယောက်ကား**– ဒုဂ္ဂတိအဟိတ်၊ သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ်အားဖြင့် ပုထုဇဉ်ပုဂ္ဂိုလ် (၄)ယောက်၊ အရိယာပုဂ္ဂိုလ်(၈)ယောက်၊ ပေါင်း(၁၂)ယောက် ဖြစ်ပါသည်။
[**ဆောင်**] ဒု, သု, ဒွိ, တိ၊ ယာအရိ၊ ပေါင်းဘိ ဒွါဒသာ။

**တိဟိတ်ပုဂ္ဂိုလ် ကိုးယောက်ဟူသည်**– တိဟိတ်ပုထုဇဉ် (၁) ယောက်နှင့် အရိယာပုဂ္ဂိုလ်(၈)ယောက်တို့ ဖြစ်ပါသည်။

**သေက္ခပုဂ္ဂိုလ်, အသေက္ခပုဂ္ဂိုလ် ခွဲပုံ**

သောတာပတ္တိမဂ္ဂဋ္ဌာန်၊ သောတာပတ္တိဖလဋ္ဌာန်၊ သကဒါဂါမိ

http://www.dhammadownload.com



မဂ္ဂင်္ဂာန်၊သကဒါဂါမိဖလင်္ဂာန်၊အနာဂါမိမဂ္ဂင်္ဂာန်၊အနာဂါမိဖလင်္ဂာန်၊ အရဟတ္တမဂ္ဂင်္ဂာန်တို့သည် သေက္ခပုဂ္ဂိုလ်(၇)ယောက် ဖြစ်ပါသည်။

အရဟတ္တဖလင်္ဂာန်ပုဂ္ဂိုလ်သည် အသေက္ခပုဂ္ဂိုလ် ဖြစ်ပါသည်။

* မျက်စိအမြင်ရှိသော်လည်း ဉာဏ်အမြင်မရှိသော ပုဂ္ဂိုလ်များမှာ–ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊ သုဂတိအဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်တို့ ဖြစ်ပါသည်။

* မျက်စိအမြင်လည်းရှိ ဉာဏ်အမြင်လည်းရှိသောပုဂ္ဂိုလ်များမှာ– တိဟိတ်ပုထုဇဉ်(၁)ယောက်နှင့် အရိယာပုဂ္ဂိုလ်(၈)ယောက်တို့ ဖြစ်ပါသည်။

* တစ်ဘဝလုံး စွာန်, မဂ်, ဖိုလ် မရနိုင်သောပုဂ္ဂိုလ်များကို သာဓကဖြင့် ရှင်းပြပါ။

ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊ သုဂတိအဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်တို့ ဖြစ်ပါသည်။ ၎င်းပုဂ္ဂိုလ်တို့၏သန္တာန်၌ ကာမကြိယာဇော(၉)ပါး နှင့် အပွနာဇော(၂၆)ပါးတို့ကို တစ်ဘဝလုံး မရနိုင်သောကြောင့် ဖြစ်ပါသည်။

**သာဓက**– ဒုဟေတုကာန မဟေတုကာနဉ္စ ပနေတ္ထ (ပ) နာ လဗ္ဘန္တိ။

* အဟိတ်လူသားတစ်ယောက်နှင့် အဟိတ်တိရစ္ဆာန် တစ်ကောင် စိတ်ထား(စိတ်ရ)တူ/မတူ သာဓကဖြင့် ရှင်းပြပါ။

အဟိတ်လူသားတစ်ယောက်၌ ဝီထိစိတ်(၄၁)ပါးရ၍ အဟိတ်တိရစ္ဆာန်တစ်ကောင်၌ ဝီထိစိတ်(၃၇)ပါးသာ ရသောကြောင့် စိတ်ထား(စိတ်ရ) မတူပါ။

**သာဓက**– တထာ ဉာဏသမ္မယုတ္တဝိပါကာနိ စ သုဂတိယံ။

ဒုဂ္ဂတိယံ ပန ဉာဏဝိပ္ပယုတ္တာနိ စ မဟာဝိပါကာနိ နာ လဗ္ဘန္တိ။

http://www.dhammadownload.com



## ဝီထိစိတ်, ဝီထိမုတ်စိတ် ခွဲခြားပုံ

**ဝီထိစိတ်အရ**– မဟဂ္ဂုတ်ဝိပါက်(၉)ပါ ကြဉ်သော ကျန်စိတ် (၈၀)ပါး ရပါသည်။

**ဝီထိမုတ်စိတ်အရ**– မဟဂ္ဂုတ်ဝိပါက်(၉)ပါး ရပါသည်။

* "ကံ, ကံ၏အကျိုး မရှိ"ဟူသော အယူမှားမှု သောတာပန်ပုဂ္ဂိုလ်၏သန္တာန်၌ ဖြစ်နိုင်/မဖြစ်နိုင် သာဓကဖြင့် ရှင်းပြပါ။

သောတာပန်ပုဂ္ဂိုလ်သည် ဒိဋ္ဌဂတသမ္ပယုတ်စိတ်လေးပါးကို အကြွင်းမဲ့ ပယ်ပြီးဖြစ်သောကြောင့် "ကံ, ကံ၏အကျိုး မရှိ"ဟူသော အယူမှားမှု မဖြစ်နိုင်ပါ။

**သာဓက**– ဒိဋ္ဌဂတသမ္ပယုတ္တ ဝိစိကိစ္ဆာဇေနာနိ စ သေက္ခာနံ။

* 'တမလွန်ဘဝဆိုတာ ရှိမှရှိပါလေစ'ဟူသော ယုံမှားမှုသည် သောတာပန်ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်နိုင်/မဖြစ်နိုင် သာဓကဖြင့် ရှင်းပြပါ။

သောတာပန်ပုဂ္ဂိုလ်သည် ဝိစိကိစ္ဆာသဟဂုတ်စိတ်ကို အကြွင်းမဲ့ပယ်ပြီး ဖြစ်သောကြောင့် 'တမလွန်ဘဝဆိုတာ ရှိမှရှိပါလေစ' ဟူသော ယုံမှားမှု မဖြစ်နိုင်ပါ။

**သာဓက**– ဒိဋ္ဌဂတသမ္ပယုတ္တ ဝိစိကိစ္ဆာဇေနာနိ စ သေက္ခာနံ။

* အရိယာပုဂ္ဂိုလ်တိုင်း၌ မဖြစ်နိုင်သော အကုသိုလ်စိတ်တို့ကို အကြောင်းပြ ဖြေဆိုပါ။

ဒိဋ္ဌဂတသမ္ပယုတ်စိတ်(၄)ပါး၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်(၁)ပါး တို့ ဖြစ်ပါသည်။

ယင်းစိတ်ငါးပါးသည် သောတာပတ္တိမဂ်စိတ် ဖြစ်ပေါ်သည်နှင့် အကြွင်းမဲ့ပယ်လိုက်သောကြောင့် အရိယာပုဂ္ဂိုလ်တိုင်း၌ မဖြစ်နိုင်တော့ပါ။

http://www.dhammadownload.com



**ပုထုဇဉ်ပုဂ္ဂိုလ်၏သန္တာန်၌သာ ရနိုင်သောစိတ်**

ဒိဋ္ဌဂတသမ္မယုတ်စိတ် = ၄ပါး၊
ဝိစိကိစ္ဆာသဟဂုတ်စိတ် = ၁ပါးတို့ ဖြစ်ပါသည်။

**သေက္ခပုဂ္ဂိုလ်၏သန္တာန်၌သာ ရနိုင်သောစိတ်**

အရဟတ္တဖိုလ်ကြဉ် လောကုတ္တရာစိတ်(၇)ပါးတို့ ဖြစ်ပါသည်။

**အသေက္ခပုဂ္ဂိုလ်၏သန္တာန်၌သာ ရနိုင်သောစိတ်**

အာဝဇ္ဇန်းဒွေးကြဉ် ကြိယာစိတ် = ၁၈ပါး၊
အရဟတ္တဖိုလ်စိတ် = ၁ပါးတို့ ဖြစ်ပါသည်။

* နှလုံးသားမှာ အမှန်းမထားသောပုဂ္ဂိုလ်များကို သာဓကဖြင့် ရှင်းပြပါ။

အနာဂါမ်ပုဂ္ဂိုလ်နှင့် ရဟန္တာပုဂ္ဂိုလ်တို့ ဖြစ်ပါသည်။ ၎င်းပုဂ္ဂိုလ်တို့၌ ဒေါသမူစော မရသောကြောင့် ဖြစ်ပါသည်။

**သာဓက**– တိဟေတုကေသု စ ခီဏာသဝါနံ (ပ) နလဗ္ဘန္တိ။
အနာဂါမိပုဂ္ဂလာနံ ပန ပဋိဃဇဝနာနိစ နလဗ္ဘန္တိ။

* အနာဂါမ်ပုဂ္ဂိုလ်နှင့် ရဟန္တာပုဂ္ဂိုလ်တို့အား ကြောက်ခြင်း, စိုးရိမ်ပူဆွေး ငိုကြွေးခြင်းရှိ/မရှိ သာဓကဖြင့် ရှင်းပြပါ။

အနာဂါမ်ပုဂ္ဂိုလ်နှင့် ရဟန္တာပုဂ္ဂိုလ်တို့သည် ဒေါသမူစောကို ပယ်ပြီး ဖြစ်သောကြောင့် ကြောက်ခြင်း,စိုးရိမ်ပူဆွေး ငိုကြွေးခြင်း မရှိပါ။

**သာဓက**– တိဟေတုကေသု စ ခီဏာသဝါနံ (ပ) နလဗ္ဘန္တိ။
အနာဂါမိပုဂ္ဂလာနံ ပန ပဋိဃဇဝနာနိစ နလဗ္ဘန္တိ။

* သေရမှာ မကြောက်သောပုဂ္ဂိုလ်များကို သာဓကပြဖြေဆိုပါ။

http://www.dhammadownload.com



အနာဂါမ်ပုဂ္ဂိုလ်နှင့် ရဟန္တာပုဂ္ဂိုလ်တို့ ဖြစ်ပါသည်။

**သာဓက**– တိဟေတုကေသု စ ခီဏာသဝါနံ (ပ) နံ လဗ္ဘန္တိ။
အနာဂါမိပုဂ္ဂလာနံ ပန ပဋိဃဇဝနာနိစ နံ လဗ္ဘန္တိ။

* မဟာလူသား အရိယာများသာ ရနိုင်သော ဝိထိစိတ်တို့ကို သာဓကပြ ဖြေဆိုပါ။

လောကုတ္တရာစိတ်(၈)ပါး ဖြစ်ပါသည်။

**သာဓက**– လောကုတ္တရဇဝနာနိ စ (ပ) အရိယာနမေဝ သမုပ္ပဇ္ဇန္တိ။

## ပုဂ္ဂိုလ်(၁၂)ယောက်နှင့် ရသောဝီထိစိတ်များ

| ပုဂ္ဂိုလ် | ရသောဝီထိစိတ် |
|---|---|
| ဒုဂ္ဂတိအဟိတ် | = အကု–၁၂ပါး၊ ဟသိကြဉ်အဟိတ်–၁၇ပါး၊ မဟာကု ၈ပါး၊ ပေါင်း–၃၇ပါး။ (စာပိဒ်–၄၀,၄၂) |
| သုဂတိအဟိတ်/ ဒွိဟိတ် | = အကု–၁၂ပါး၊ ဟသိကြဉ်အဟိတ်–၁၇ပါး၊မဟာကု ၈ပါး မဟာဝိဉာဏဝိပ်–၄ပါး၊ပေါင်း–၄၁ပါး။(စာပိဒ် ၄၀,၄၁) |
| တိဟိတ်ပုထုဇဉ် | = အကု–၁၂ပါး၊ဟသိကြဉ်အဟိတ်–၁၇ပါး၊မဟာကု ၈ပါး၊ မဟာဝိ–၈ပါး၊ မဟဂ္ဂုတ်ကု–၉ပါး၊ ပေါင်း–၅၄ပါး။ (စတုပညာသအရ) (စာပိဒ်–၄၄) |
| သောတာမဂ္ဂဋ္ဌာန် | = သောတာပတ္တိမဂ်စိတ် ၁–ပါး။ (စာ–၄၇) |
| သောတာဖလဋ္ဌာန် | = ဒိဋ္ဌိဝိပ် ၄၊ ဒေါသမူ ၂၊ ဥဒ္ဓစ္စသဟဂုတ် ၁၊ ဟသိကြဉ် အဟိတ် ၁၇၊ မဟာကု ၈၊မဟာဝိ ၈၊ မဟဂ္ဂုတ်ကု –၉၊ သောတာပတ္တိဖိုလ် ၁၊ပေါင်း(၅၀)ပါး။ (စာ–၄၄,၄၅,၄၇) |
| သကမဂ္ဂဋ္ဌာန် | = သကဒါဂါမိမဂ်စိတ် ၁ပါး။ (စာ–၄၇) |
| သကဖလဋ္ဌာန် | = ဒိဋ္ဌိဝိပ်၄၊ ဒေါသမူ ၂၊ ဥဒ္ဓစ္စ ဂုတ် ၁၊ ဟသိကြဉ်အဟိတ် ၁၇၊ မဟာကု ၈၊ မဟာဝိ ၈၊ မဟဂ္ဂုတ်ကု ၉၊ သကဒါဂါမိဖိုလ် ၁၊ ပေါင်း(၅၀)ပါး။ (စာ–၄၄,၄၅,၄၇) |

http://www.dhammadownload.com



အနာမဂ္ဂင်္ဂာန် = အနာဂါမိမဂ်စိတ် ၁ပါး။ (စာ-၄၇)
အနာဖလင်္ဂာန် = ဒိဋ္ဌိဝိပ်-၄၊ ဥဒ္ဓစ္စသဟဂုတ်-၁၊ ဟသိကြဉ်အဟိတ်-၁၇၊ မဟာကု ၈၊ မဟာဝိ၈၊မဟဂ္ဂုတ်ကု ၉၊ သကဒါဖိုလ် ၁၊ ပေါင်း ၄၈ပါး။ (စာ-၄၄,၄၆,၄၇)
အရဟတ္တမဂ်စိတ် ၁ပါး။ (စာ-၄၇)
အရဟတ္တဖလင်္ဂာန် = အဟိတ်-၁၈၊မဟာဝိ-၈၊ မဟာကြိ-၈၊ မဟဂ္ဂုတ်ကြိ-၉၊ အရဟတ္တဖိုလ်-၁၊ ပေါင်း၄၄ပါး။ (စာ-၄၃,၄၇)

**မှတ်ချက်**။ ။ ဈာန်မရ တိဟိတ်ပုထုဇဉ်စသည်မေးက မဟဂ္ဂုတ်ကုသိုလ်၉ပါးနှုတ်၍ ရေတွက်ပြရမည်။

* တိရစ္ဆာန်တစ်ကောင်၏သန္တာန်၌ ရနိုင်သောဝိထိစိတ်တို့ကို သာဓကဖြင့် ရေတွက်ပြပါ။

အထက်ပါ မေးခွန်း၌ တိရစ္ဆာန်ဟူသည် ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် ဖြစ်၍ ယင်းပုဂ္ဂိုလ်၌ ရသောဝိထိစိတ်(၃၇)ပါးနှင့် စာပိုဒ်(၄၀,၄၂) တို့ကိုထောက်၍ ဖြေတတ်ပါစေ။

* သေလည်းသေ ရှင်လည်းရှင်သောပုဂ္ဂိုလ်- ပုထုဇဉ်ပုဂ္ဂိုလ် (၄)ယောက်၊ အောက်ဖလင်္ဂာန်ပုဂ္ဂိုလ်(၃)ယောက်တို့ ဖြစ်ပါသည်။

* သေလည်းမသေ ရှင်လည်းမရှင်သောပုဂ္ဂိုလ်- မဂ္ဂင်္ဂာန်ပုဂ္ဂိုလ် (၄)ယောက်တို့ ဖြစ်ပါသည်။

* သေသာသေ၍ မရှင်သောပုဂ္ဂိုလ်- ဘုရား, ရဟန္တာတို့ ဖြစ်ပါသည်။

**ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၌ ရနိုင်သော ဝိထိစိတ်များပြပါဦ**

ပုဂ္ဂလဘေဒလာ စာပိုဒ်- ၄၀၊ ၄၂။

**သုဂတိအဟိတ်, ဒွိဟိတ်ပုဂ္ဂိုလ်တို့၌**
**ရနိုင်သော ဝိထိစိတ်များပြပါဦ**

ပုဂ္ဂလဘေဒလာ စာပိုဒ်- ၄၀၊ ၄၁။

http://www.dhammadownload.com



**တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၌ ရနိုင်သောဝိထိစိတ်ပြပါဠို**

ပုဂ္ဂလဘေဒလာ စာပို့ဒ်- ၄၄။

**သောတာပန်, သကဒါဂါမ်ပုဂ္ဂိုလ်တို့၌**
**ရနိုင်သော ဝီထိစိတ်များပြပါဠို**

ပုဂ္ဂလဘေဒလာ စာပို့ဒ်- ၄၄၊ ၄၅၊ ၄၇။

**အနာဂါမ်ပုဂ္ဂိုလ်၌ ရနိုင်သောဝီထိစိတ်များပြပါဠို**

ပုဂ္ဂလဘေဒလာ စာပို့ဒ်- ၄၄၊ ၄၆၊ ၄၇။

**ရဟန္တာပုဂ္ဂိုလ်၌ ရနိုင်သောဝီထိစိတ်များပြပါဠို**

ပုဂ္ဂလဘေဒလာ စာပို့ဒ်- ၄၃၊ ၄၇။

**ပုဂ္ဂိုလ်အားဖြင့် ဝီထိစိတ်တို့ကို ဝေဖန်ပုံပြပါဠို**

အသေက္ခာနံ စတုစတ္တာ၊ (ပ) စတုပ္ပညာသ သမ္ဘဝါ။

ပုဂ္ဂလဘေဒ ပြီး၏။

□□□□□

## ဘူမိဝိဘာဂ

ဘုံအပြားအားဖြင့် ဝီထိစိတ်တို့ကို ခွဲခြားပြသော အခန်းကို 'ဘူမိဝိဘာဂ'ဟု ခေါ်ပါသည်။

| ဘုံ | ရသောဝီထိစိတ် |
|---|---|
| ကာမ-၁၁ | အကု-၁၂၊ အဟိတ်-၁၈၊ ကာမသောဘန-၂၄၊ မဟဂ္ဂုတ်ကု-၉၊မဟဂ္ဂုတ်ကြို-၉၊ လောကုတ်-၈၊ ပေါင်း-၈၀ပါး။ (စာပို့ဒ်-၄၉) |
| ရူပ-၁၅ | လောဘမူ-၈၊ မောဟမူ-၂၊ ဃာန,ဇိဝှါ,ကာယဝိညာဏ်ဒွေး |

http://www.dhammadownload.com



ကြည် အဟိတ်-၁၂၊ မဟာကု-၈၊ မဟာကြိ-၈၊ မဟာဂ္ဂါတ်ကု-၉၊ မဟာဂ္ဂါတ်ကြိ-၉၊ လောကုတ်-၈၊ ပေါင်း-၆၄ပါး။ (စာပိုဒ် ၅၀, ၅၂)

အရူပ-၄ လောဘမူ-၈၊ မောဟမူ-၂၊ မနောဒွါရာဝဇ္ဇန်း-၁၊ မဟာကု၈၊ မဟာကြိ-၈၊ အရူပကု-၄၊ အရူပကြိ-၄၊ သောတာ-မဂ်ကြည် လောကုတ်-၇၊ ပေါင်း-၄၂ပါး။ (စာပိုဒ် ၅၁, ၅၂)

အသညသတ် စိတ်ဖြစ်ခြင်း လုံးဝမရှိပါ။ (စာပိုဒ် ၅၃)

**အမှာ-ရူပ**၌ စာပိုဒ်(၅၀)အရ ၈၀-တွင် ဒေါသမူ ၂၊ မဟာဝိပါက်တဒါရုံ ၈ မရပါ။ စာပိုဒ်(၅၂)အရ ဃာန,ဇိဝှါ,ကာယဝိညာဏ်ဒွေးတို့ မရပါ။

**အရူပ**၌ စာပိုဒ်(၅၁)အရ ရူပစိတ်ရ(၆၄)တွင် သောတာမဂ်-၁၊ရူပကု,ကြိ-၁၀၊ဟသိ မရပါ။ စာပိုဒ်(၅၂)အရ ပဥ္စဒွါရာဝဇ္ဇန်း၊ စက္ခု,သောတဝိညာဏ်ဒွေး၊ သမ္ပဋိစ္ဆိန်းဒွေး၊ သန္တီရဏ သုံးခုတို့ မရပါ။

## ကာမဘုံ၌သာ ရသောစိတ်(၁၆)ပါး:

မဟာဝိပါက်စိတ် = ၈ပါး၊
ဒေါသမူစိတ် = ၂ပါး၊
ဃာနာဒိတ္တယ = ၆ပါးတို့ ဖြစ်ပါသည်။

## ရူပဘုံ၌သာ ရသောစိတ်(၅)ပါး:

ရူပဝိပါက်စိတ် (၅)ပါး ဖြစ်ပါသည်။

## အရူပဘုံ၌သာ ရသောစိတ်(၄)ပါး:

အရူပဝိပါက်စိတ် (၄)ပါး ဖြစ်ပါသည်။

* ရူပဗြဟ္မာကြီးများ၌ ရယ်ရွင်မှုရှိ/မရှိ သာဓကဖြင့် ရှင်းပြပါ။

ရူပဘုံ၌ ဟသိတုပ္ပါဒ်စိတ် ရသောကြောင့် ရူပဗြဟ္မာကြီးများ၌ ရယ်ရွင်မှု ရှိပါသည်။

**သာဓက**- ရူပါဝစရဘူမိယံ ပဋိဃဇဝနေ တဒါရမ္မဏဝဇ္ဇိတာနိ။

http://www.dhammadownload.com



* 'ရူပဗြဟ္မာကြီး ဒေါသကြီး၏'ဟုဆိုက သင့်/မသင့် သာဓကဖြင့် ရှင်းပြပါ။

ရူပဘုံ၌ ဒေါသမူဏော မရသောကြောင့် 'ရူပဗြဟ္မာကြီး ဒေါသကြီး၏'ဟုဆိုက မသင့်ပါ။

**သာဓက**– ရူပါဝစရဘူမိယံ ပဋိဃဇဝနေ တဒါရမ္မဏဝဇ္ဇိတာနိ။

* 'ထန်ပြင်းဒေါသ ကြီးတတ်က အလှပျက်မည်ဆို'စကား အရ အလှပျက်ကြောင်း သဘာဝဓမ္မကို လက်ခံသော ပုဂ္ဂိုလ်နှင့် ဘုံတို့ကို တိကျစွာ ဖော်ပြပါ။

ပုဂ္ဂိုလ်အားဖြင့် ပုထုဇဉ်လေးယောက်၊ သောတာပတ္တိမဂ္ဂဌာန်၊ သောတာပတ္တိဖလဌာန်၊ သကဒါဂါမိမဂ္ဂဌာန်၊ သကဒါဂါမိဖလဌာန် တို့ ဖြစ်ပါသည်။

ဘုံအားဖြင့် ကာမ(၁၁)ဘုံ ဖြစ်ပါသည်။

* အရူပဗြဟ္မာကြီးများ ရယ်ရွှင်မှုရှိ/မရှိ သာဓကဖြင့် ရှင်းပြပါ။

အရူပဘုံ၌ ဟသိတုပ္ပါဒ်စိတ် မရသောကြောင့် အရူပဗြဟ္မာကြီးများ ရယ်ရွှင်မှု မရှိပါ။

**သာဓက**– အရူပါဝစရဘူမိယံ (ပ) ဟေဋ္ဌိမာရုပ္ပဝဇ္ဇိတာနိ စ လဗ္ဘန္တိ။

* အရူပဘုံရှိ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်သည် သောတာပန်ဖြစ်နိုင်/မဖြစ်နိုင် သာဓကဖြင့် ရှင်းပြပါ။

အရူပဘုံ၌ သောတာပတ္တိမဂ် မရသောကြောင့် အရူပဘုံရှိ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်သည် သောတာပန် မဖြစ်နိုင်ပါ။

**သာဓက**– အရူပါဝစရဘူမိယံ (ပ) ဟေဋ္ဌိမာရုပ္ပဝဇ္ဇိတာနိ စ လဗ္ဘန္တိ။

* စိတ်ဆွဲဆောင်ရာ ကိုယ်ကပါ-ဟု ဒေသနာလာရှိသော်လည်

http://www.dhammadownload.com



စိတ်ဆွဲဆောင်ရာ မပါသော (စိတ်မဖြစ်သော) သတ္တဝါ ရှိ/မရှိ သာဓကဖြင့် ရှင်းပြပါ။

စိတ်ဆွဲဆောင်ရာ မပါသော(စိတ်မဖြစ်သော)သတ္တဝါကား- အသည်းသတ်ဖြတ်မှာ ဖြစ်ပါသည်။

**သာဓက**- အသည်းသတ္တာနံ ပန သဗ္ဗတ္ထာပိ စိတ္တပ္ပဝတ္တိ နတ္ထေဝ။

**ရူပဘုံ၌ ရနိုင်သော ဝိထိစိတ်များပြပါဦး**

ဘူမိဝိဘာဂလာ စာပိုဒ်- ၅၀၊ ၅၂။

**အရူပဘုံ၌ ရနိုင်သော ဝိထိစိတ်များပြပါဦး**

ဘူမိဝိဘာဂလာ စာပိုဒ်- ၅၁၊ ၅၂။

**ဘုံအားဖြင့် ဝိထိစိတ်တို့ကို ဝေဖန်ပုံပြပါဦး**

အသီတိ ဝိထိစိတ္တာနိ၊ (ပ) ဒွေစတ္တာလီသ လဗ္ဘရေ။

ဘူမိဝိဘာဂ ပြီး၏။

❐❐❐❐❐

**သတ္တဝါများ၏သန္တာန်၌ စိတ်အစဉ်ဖြစ်ပုံ**

သတ္တဝါများ အသက်ရှင်နေစဉ် နိရောဓသမာပတ် ဝင်စားနေချိန်မှတပါး စက္ခုစသော ခြောက်ဒွါရ၌ဖြစ်သော ဝိထိစိတ်များသည် တစ်ဝိထိနှင့် တစ်ဝိထိအကြား ဘဝင်ခြားလျက် ဆက်ကာဆက်ကာ ဖြစ်နေပါသည်။

**တစ်ဘဝအတွင်း ဝိထိစိတ် မဖြစ်သောအခါများ**

၁။ နိရောဓသမာပတ် ဝင်စားနေသောအခါ၊

၂။ ဘဝင်ကျနေသောအခါတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



**သာဓက**– နိရောဓသမာပတ္တိကာလေ (ပ) နိရောဓံ ဖုသတိ။
ဣဏ္ဍေဝံ ဆဒ္ဒါရိကစိတ္တာပ္ပဝတ္တိ (ပ) မဇ္ဈောစ္ဆိန္နာ ပဝတ္တာတိ။

## ဝီထိစိတ်ဖြစ်ရာကာလနှင့် ဖြစ်ပုံအခြင်းအရာ

ဆိုခဲ့ပြီးသော အစီအစဉ်ဖြင့် ခြောက်ဒွါရ၌ဖြစ်သော ဝီထိစိတ်တို့၏ ဖြစ်ပုံသည် ဒွါရအားလျော်စွာ တစ်ဝီထိနှင့် တစ်ဝီထိအကြား၌ ဘဝင်ခြားလျက် ဆက်ကာဆက်ကာ ဖြစ်နေပါသည်။

* 'အသိစိတ်နှင့် မသိစိတ်'ဟူသည် အဘယ်ပါနည်း? သိသာရုံမျှ ဖြေဆိုပါ။

အသိစိတ်မှာ ဝီထိစိတ်ဖြစ်၍ မသိစိတ်မှာ ဘဝင်စိတ် ဖြစ်သည်။

* ပဋိသန္ဓေနှင့်စုတိအကြား တစ်ဘဝတာကာလအတွင်း သင့်သန္တာန်တွင် ဖြစ်ပေါ်နေသောစိတ်များကို သာဓကပြ ဖြေဆိုပါ။

ဆဒ္ဒါရိကစိတ်ဟူသော ဝီထိစိတ်နှင့်ဘဝင်စိတ်များ ဖြစ်ပါသည်။

**သာဓက**– ဣဏ္ဍေဝံ ဆဒ္ဒါရိကစိတ္တာပ္ပဝတ္တိ (ပ) မဇ္ဈောစ္ဆိန္နာ ပဝတ္တာတိ။

## ရူပ, အရူပပုဂ္ဂိုလ်တို့၏ စိတ်ရအကျယ်

| ပုဂ္ဂိုလ် | ရသောဝီထိစိတ် |
|---|---|
| ရူပတိဟိတ်ပုထုဇဉ် | လောဘမူ(၈)၊ မောဟ(၂)၊ ဟသိနှင့်ဃနာဒိတ္တယကြဉ် အဟိတ်(၁၁)၊ မဟာကု(၈)၊ မဟဂ္ဂုတ်ကု(၉)၊ ရူပဝိ(၅)၊ ပေါင်း(၄၃)ပါး။ |
| ရူပသောတာပန် | ဒိဝိပ် (၄)၊ ဥဒ္ဓစ္စ (၁)၊ ဟသိနှင့် ဃနာဒိတ္တယကြဉ် အဟိတ် (၁၁)၊ မဟာကု (၈)၊ မဟဂ္ဂုတ်ကု (၉)၊ ရူပဝိ(၅)၊ သောတာဖိုလ်(၁)၊ ပေါင်း(၃၉)ပါး။ |
| * (သကဒါဂါမ်နှင့် အနာဂါမ်ပုဂ္ဂိုလ်အကွက် သောတာပတ္တိဖိုလ်နေရာ၌ မိမိဆိုင်ရာ ဖိုလ်တစ်ပါးစီထည့်၍ ရေတွက်ပါ) | |

http://www.dhammadownload.com



ရူပရဟန္တာ ဃာနာဒိတ္တယကြဉ် အဟိတ်(၁၂)၊ မဟာကြီ(၈)၊ မဟဂ္ဂုတ်ကြီ (၉)၊ ရူပဝိ (၅)၊ အရဟတ္တဖိုလ်(၁)၊ ပေါင်း(၃၅)ပါး။

အရူပတိဟိတ်ပုထုဇဉ် လောဘမူ(၈)၊ မောဟမူ(၂)၊ မနောဒွါရာဝဇ္ဇန်း(၁)၊ မဟာကု(၈)၊ အရူကု(၄)၊ အရူဝိ(၄)၊ ပေါင်း(၂၇)ပါး။

အရူပသောတာပန် ဒိဋ္ဌိဝိပ်(၄)၊ ဥဒ္ဓစ္စ(၁)၊ မနောဒွါရာဝဇ္ဇန်း(၁)၊ မဟာကု(၈)၊ အရူပကု (၄)၊ အရူဝိ (၄)၊ သောတာဖိုလ် (၁)၊ ပေါင်း(၂၃)ပါး။

* (သကဒါဂါမ်နှင့် အနာဂါမ်ပုဂ္ဂိုလ်အတွက် သောတာပတ္တိဖိုလ်နေရာ၌ မိမိဆိုင်ရာ ဖိုလ်တစ်ပါးစီထည့်၍ ရေတွက်ပါ)

အရူပရဟန္တာ မနောဒွါရာဝဇ္ဇန်း(၁)၊ မဟာကြီ (၈)၊ အရူပကြီ (၄)၊ အရူပဝိ(၄)၊ အရဟတ္တဖိုလ်(၁)၊ ပေါင်း(၁၈)ပါး။

**အမှာ– ရူပပုဂ္ဂိုလ်စိတ်ရ၌** ဈာန်ရ ကာမတိဟိတ်ပုဂ္ဂိုလ်၏ စိတ်ရတွင် ဘုံအားဖြင့် မရသော ဒေါသမူ ၂၊ ဃာနဒိတ္တယ ၆၊ မဟာဝိ ၈၊ ပေါင်း ၁၆ ပါးကို နှုတ်၍ ရူပဝိပါက် ၅ပါးထည့်ပါ၊ အနာဂါမ်နှင့် ရဟန္တာတို့မှာ ဒေါသမူပယ်ပြီးဖြစ်၍ ဘုံအားဖြင့် နှုတ်ဖွယ်မလို။

**အရူပပုဂ္ဂိုလ်စိတ်ရ၌** ရူပတိဟိတ်စိတ်ရ (၄၃)ပါးတွင် ပဋ္ဌဒွါရာဝဇ္ဇန်း ၁၊ စက္ခုဝိညာဉ် ၂၊ သောတဝိညာဉ် ၂၊ သမ္ပဋိစ္ဆိုင်း ၂၊ သန္တီရဏ ၃၊ ရူပကု, ကြီ ၁၀ပါး၊ ပေါင်း(၂၀)ပါးကိုနှုတ်၍ အရူပဝိ ၄ပါး ထည့်ပါ၊ ရဟန္တာ၌ ယင်း(၂၀)ပါးနှင့် ဟသိတုပ္ပါဒ်ပါ နှုတ်။

ဝိထိပိုင်း ပြီး၏။

❐❐❐❐❐

http://www.dhammadownload.com

# ဝိထိမုတ်ပိုင်း

ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်သောစိတ်(၁၉)ပါးကို ဝိထိမုတ်ဟုခေါ်၍ ထိုဝိထိမုတ်စိတ်တို့ကို ပြရာအပိုင်းကို 'ဝိထိမုတ်ပိုင်း' ဟု ခေါ်ပါသည်။

## ဘုံပိုင်း ခေါ်ပုံ

ဝိထိမုတ်ပိုင်း၌ ဘုံနှင့်စပ်သော အခန်းလည်း ကျယ်ဝန်းစွာပါရှိသောကြောင့် 'ဘုံပိုင်း'ဟုလည်း ခေါ်ကြပါသည်။

## ဝိထိမုတ်ပိုင်း ပဝတ္တိသင်္ဂဟ အမည်ရပုံ

ပဋိသန္ဓေအခါ၊ စုတိအခါ၊ ဘဝင်ကိစ္စတပ်သောအခါတို့၌လည်း ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်သော ဝိထိမုတ်စိတ်တို့၏ ဖြစ်ပုံကို ပြသောကြောင့် ဝိထိမုတ်ပိုင်း 'ပဝတ္တိသင်္ဂဟ' အမည်ရပါသည်။

**သာဓက**– ပဝတ္တိသင်္ဂဟော နာမ၊ သန္ဓိယံ ဒါနိ ဝုစ္စတိ။

## ဝိထိမုတ်ပိုင်း၀ယ် သိမှတ်ဖွယ်များ

၁။ ဘုံလေးမျိုး၊ ၃။ ကံလေးမျိုး၊
၂။ ပဋိသန္ဓေလေးမျိုး၊ ၄။ သေခြင်းလေးမျိုး။

## ဘုမိစတုက္က

ဘုံသည် အပါယ်ဘုံ၊ ကာမသုဂတိဘုံ၊ ရူပါ၀စရဘုံ၊ အရူပါ-၀စရဘုံအားဖြင့် လေးမျိုးရှိပါသည်။

http://www.dhammadownload.com



## ၃၁–ဘုံ၊ စကြာဝဠာတစ်ခု

**ရူပဘုံ(၄)ဘုံ**
* နေဝသညာ နာသညာယတန
* အာကိဉ္စညာယတန
* ဝိညာနဉ္စာယတန
* အာကာသာနဉ္စာယတန

**သဒ္ဒါဝဋ်(၅)ဘုံ**
+ အကနိဋ္ဌ
+ သုဒဿီ
+ သုဒဿာ
+ အတပ္ပါ
+ အဝိဟာ

ဝေဟပ္ဖိုလ်၊ အသညသတ်
ပရိတ္တသုဘာ၊ အပ္ပမာဏသုဘာ၊ သုဘကိဏ္ဏာ –**တ စျာန် (၃)ဘုံ**
ပရိတ္တာဘာ၊ အပ္ပမာဏာဘာ၊ အာဘဿရာ –**ဒု စျာန် (၃)ဘုံ**
ဖြဟ္မပါရိသဇ္ဇာ၊ ဖြဟ္မပုရောဟိတာ၊ မဟာဖြဟ္မာ–**ပ စျာန် (၃)ဘုံ**

**ကာမဘုံ(၁၁)ဘုံ**
* ပရနိမ္မိတဝသဝတ္တီ
* နိမ္မာနရတိ
* တုသိတာ
* ယာမာ
* တာဝတိံသာ
* စာတုမဟာရာဇ်
* လူ့ဘုံ

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်–**အပါယ်(၄)ဘုံ**

**မြေထုယူဇနာ** { ပံသုပထဝီ = ၁၂၀၀၀၀
သိလာပထဝီ= ၁၂၀၀၀၀
ရေထုယူဇနာ= ၄၈၀၀၀၀
လေထုယူဇနာ= ၉၆၀၀၀၀

အနန္တ ကောင်းကင်

http://www.dhammadownload.com



* (၃၁)ဘုံတို့တွင် တစ်ဘုံနှင့်တစ်ဘုံ အကွာအဝေးကို သိသာရုံမျှ ဖော်ပြပါ။

လူ့ပြည်မှ ငရဲကြီးရှစ်ထပ်သို့ ယူဇနာ (၁၅၀၀၀)စီ ဝေးကွာ၏။

လူ့ပြည်မှ နတ်ပြည်ခြောက်ထပ်သို့ ယူဇနာ (၄၂၀၀၀)စီ ဝေးကွာ၏။

နတ်ပြည်မှ ဗြဟ္မာဘုံ(၂၀)သို့ ယူဇနာ (၅၅၀၈၀၀၀)စီ ဝေးကွာ၏။

**[ဆောင်]** သောင်းငါးထောင်စီ၊ သန်းကြည်၊ ရှစ်လီငရဲရွာ။
လေးသောင်းနှစ်ထောင်၊ အကွာဆောင်၊
လူ့ဘောင် နတ်ခြောက်ရွာ။
ငါးသန်းငါးသိန်း၊ ရှစ်ထောင်ချိန်း၊ တွက်ကိန်းဗြဟ္မာရွာ။

## အပါယ် (၄)ဘုံ

ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံတို့ ဖြစ်ပါသည်။

## ကာမသုဂတိ (၇)ဘုံ

လူ့ဘုံ၊ စာတုမဟာရာဇ်ဘုံ၊ တာဝတိံသာဘုံ၊ ယာမာဘုံ၊ တုသိတာဘုံ၊ နိမ္မာနရတိဘုံ၊ ပရနိမ္မိတဝသဝတ္တိဘုံတို့ ဖြစ်ပါသည်။

**အမှာ**– အပါယ်(၄)ဘုံနှင့် ကာမသုဂတိ(၇)ဘုံကို ကာမ(၁၁)ဘုံဟု ခေါ်ပါသည်။

## ရူပ (၁၆)ဘုံ

၁။ ဗြဟ္မပါရိသဇ္ဇာဘုံ၊ ဗြဟ္မပုရောဟိတာဘုံ၊ မဟာဗြဟ္မာဘုံအားဖြင့် ပထမစျာန်(၃)ဘုံ။

၂။ ပရိတ္တာဘာဘုံ၊ အပ္ပမာဏာဘာဘုံ၊ အာဘဿရာဘုံအားဖြင့် ဒုတိယစျာန်(၃)ဘုံ။

http://www.dhammadownload.com



၃။ ပရိတ္တာသုဘာဘုံ၊ အပ္ပမာဏသုဘာဘုံ၊ သုဘကိဏ္ဏာဘုံအားဖြင့် တတိယစျာန်(၃)ဘုံ။

၄။ ဝေဟပ္ဖိုလ်ဘုံ၊ အသညသတ်ဘုံ၊ သုဒ္ဓါဝါသ(၅)ဘုံအားဖြင့် စတုတ္ထစျာန်(၇)ဘုံ။

## သုဒ္ဓါဝါသ (၅)ဘုံ

အဝိဟာဘုံ၊ အတပ္ပါဘုံ၊ သုဒဿာဘုံ၊ သုဒဿီဘုံ၊ အကနိဋ္ဌဘုံတို့ ဖြစ်ပါသည်။

## အရူပ (၄)ဘုံ

အာကာသာနဉ္စာယတနဘုံ၊ ဝိညာနဉ္စာယတနဘုံ၊ အာကိဉ္စာယတနဘုံ၊ နေဝသညာနာသညာယတနဘုံတို့ ဖြစ်ပါသည်။

## ဘုံ(၃၁)

ကာမ(၁၁)ဘုံ၊ ရူပ(၁၆)ဘုံ၊ အရူပ(၄)ဘုံတို့ ဖြစ်ပါသည်။

## ပဉ္စဝေါကာရ (၂၆)ဘုံ

ကာမ(၁၁)ဘုံ၊ အသညသတ်ကြဉ် ရူပ(၁၅)ဘုံတို့ ဖြစ်ပါသည်။

## စတုဝေါကာရ (၄)ဘုံ

အရူပ (၄)ဘုံ ဖြစ်ပါသည်။

## ဧကဝေါကာရဘုံ

အသညသတ်ဘုံ ဖြစ်ပါသည်။

## ဗြဟ္မာ့ပြည် (၂၀)

ရူပဗြဟ္မာ့ပြည်(၁၆)၊ အရူပဗြဟ္မာ့ပြည်(၄)တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



**အရိယာသာ ရသောဘုံ**– သုဒ္ဓါဝါသ (၅)ဘုံ ဖြစ်ပါသည်။

**ပုထုဇဉ်သာ ရသောဘုံ**– အသညသတ်ဘုံ၊ အပါယ်(၄)ဘုံတို့ ဖြစ်ပါသည်။

**ပုထုဇဉ်,အရိယာ နှစ်မျိုးလုံးရသောဘုံ**– ကာမသုဂတိ(၇)ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပ(၁၀)ဘုံ၊ အရူပ(၄)ဘုံ၊ ပေါင်း(၂၁)ဘုံတို့ ဖြစ်ပါသည်။

* သုဒ္ဓါဝါသ(၅)ဘုံ၌ မရသောပုဂ္ဂိုလ်များကို သာဓကပြု၍ ဖြေဆိုပါ။

ပုထုဇဉ်(၄)ယောက်၊ သောတာပတ္တိမဂ္ဂဉာန်၊ သောတာပတ္တိဖလဉာန်၊ သကဒါဂါမိမဂ္ဂဉာန်၊ သကဒါဂါမိဖလဉာန်၊ အနာဂါမိမဂ္ဂဉာန်ပုဂ္ဂိုလ်တို့ ဖြစ်ပါသည်။

**သာဓက**– ပုထုဇ္ဇနာ နံ လဇ္ဇန္တိ၊ (ပ) ဂါမိနော စာပိ ပုဂ္ဂလာ။

* သုဒ္ဓါဝါသ(၅)ဘုံ၌ ရဟန်းသောပုဂ္ဂိုလ်များကို သာဓကပြု၍ ဖြေဆိုပါ။

အနာဂါမိဖလဉာန်၊ အရဟတ္တမဂ္ဂဉာန်၊ အရဟတ္တဖလဉာန် ပုဂ္ဂိုလ်တို့ ဖြစ်ပါသည်။

**သာဓက**– ပုထုဇ္ဇနာ နံ လဇ္ဇန္တိ၊ (ပ) ဂါမိနော စာပိ ပုဂ္ဂလာ။

* သုဒ္ဓါဝါသငါးဘုံ၌ တိဟိတ်ပုထုဇဉ် ရှိနိုင်/မရှိနိုင် သာဓက ဖြင့် ရှင်းပြပါ။

သုဒ္ဓါဝါသငါးဘုံ၌ ပုထုဇဉ်ပုဂ္ဂိုလ်များ မရနိုင်သောကြောင့် တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ် မရှိနိုင်ပါ။

**သာဓက**– ပုထုဇ္ဇနာ နံ လဇ္ဇန္တိ၊ သုဒ္ဓါဝါသေသု သဗ္ဗထာ။

http://www.dhammadownload.com



## ဘုံနှင့် ပုဂ္ဂိုလ် တွဲစပ်ပုံ

| ဘုံ | ပုဂ္ဂိုလ် | လက်ှာ |
|---|---|---|
| အပါယ်-၄ | ဒုဂ္ဂတိအဟိတ် | အပါယ် ၃-ရ |
| လူ့ဘုံ,<br>စာတုမဟာရာဇ် | သုဂတိအဟိတ်,ဒွိဟိတ်,<br>တိဟိတ်, အရိယာ-၈ | လူ,နတ်စဉ်<br>၃ပ ဧက်ဒသ် |
| တာဝတိံသာ, ယာမာ<br>တုသိတာ,နိမ္မာနရတိ<br>ပရနိမ္မိတဝသဝတ္တီ | ဒွိဟိတ်, တိဟိတ်<br>အရိယာ-၈ | ထက်ငါးနတ်ဝယ်၊<br>အဟိတ်ပယ်လော့၊ |
| ပ-ဈာန် ၃၊ ၃-ဈာန် ၃<br>တ-ဈာန်၃၊ ဓေဟပ္ပိုလ် | တိဟိတ်ပုထုဇဉ်-၁,<br>အရိယာ-၈ | ဆယ်ဘုံ ရူပ၊<br>တိဟိတ်ရဏ်၊ |
| အသညသတ် | သုဂတိအဟိတ် | သည သု သာ၊ |
| သုဒ္ဓါဝါသ-၅ | အနာဂါမိဖလဋ္ဌာန်,<br>အရဟဂ္ဂဋ္ဌာန်/ဖလဋ္ဌာန် | ငါးသုဒ္ဓါမှာ၊ ရိယာခေါင်ဆုံး၊<br>သုံးယောက်စီရ၊ |
| အရူပ-၄ | တိဟိတ်ပုထုဇဉ်-၁,<br>သော-မဂ်ကြဉ်အရှ-၇ | အရူပဝယ်၊ - - -<br>မကြွင်းတည်း။ |

* အသညသတ်ဖြဟ္မာကြီးသည် အရိယာဟုတ်/မဟုတ် သာဓကဖြင့် ရှင်းပြပါ။

အသညသတ်ဘုံ၌ အရိယာပုဂ္ဂိုလ် ရှစ်ယောက်လုံး မရသောကြောင့် အသညသတ်ဖြဟ္မာကြီးသည် အရိယာမဟုတ်ပါ။

**သာဓက**- အရိယာ နောပလဗ္ဘန္တိ၊ အသညာပါယဘူမိသု။

* သုဒ္ဓါဝါသ(၅)ဘုံ တစ်ဘုံဘုံ၌ ပုထုဇဉ်,သောတာပန်,သကဒါဂါမ်ပုဂ္ဂိုလ်များ တစ်ယောက်တစ်လေ ရှိနိုင်/မရှိနိုင် သာဓကဖြင့် ရှင်းပြပါ။

သုဒ္ဓါဝါသ(၅)ဘုံ၌ ပုထုဇဉ်,သောတာပန်,သကဒါဂါမ်ပုဂ္ဂိုလ်များ တစ်ယောက်မျှ မရသောကြောင့် ပုထုဇဉ်, သောတာပန်, သက

http://www.dhammadownload.com



ဒါဂါမိပုဂ္ဂိုလ်များ တစ်ယောက်တစ်လေမျှ မရှိနိုင်ပါ။

**သာဓက**– ပုထုဇ္ဇနာ နု လဗ္ဘန္တိ၊ (ပ) ဂါမိနောစာပိ ပုဂ္ဂလာ။

## ပုဂ္ဂိုလ်အပြား ဝါကရား (၂၁၄)

အပါယ်လေးဘုံ၌ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် (၁)ယောက်စီရ၍ (၄)ယောက်၊ လူဘုံနှင့် စာတုမဟာရာဇ်ဘုံတို့၌ (၁၁)ယောက်စီရ၍ (၂၂)ယောက်၊ အထက်နတ်ပြည်(၅)ထပ်၌ (၁၀)ယောက်စီရ၍ (၅၀)ယောက်၊ ရူပ(၁၀)ဘုံ၌ (၉)ယောက်စီရ၍ (၉၀)ယောက်၊ အသညသတ်ဘုံ၌ ဒုဂ္ဂတိအဟိတ်(၁)ယောက်၊ သုဒ္ဓါဝါသ(၅)ဘုံ၌ (၃)ယောက်စီရ၍ (၁၅)ယောက်၊ အရူပ(၄)ဘုံ၌ (၈)ယောက်စီရ၍ (၃၂)ယောက်၊ ပေါင်းပုဂ္ဂိုလ်(၂၁၄)ယောက် ဖြစ်ပါသည်။

(၀၊–၄၊ က–၁၊ ရား–၂=၂၁၄)

ဘူမိစတုက္က ပြီး၏။

□□□□□

## ပဋိသန္ဓိစတုက္က

ပဋိသန္ဓေသည် အပါယ်ပဋိသန္ဓေ၊ ကာမသုဂတိပဋိသန္ဓေ၊ ရူပါဝစရပဋိသန္ဓေ၊ အရူပါဝစရပဋိသန္ဓေအားဖြင့် လေးမျိုးရှိပါသည်။

### အပါယ်ပဋိသန္ဓေစိတ်၏ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်ပုံ

အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် အပါယ်လေးဘုံ၌ သက်ရောက်ဆဲ (ဖြစ်ခါစ)ခဏ၌ ပဋိသန္ဓေကိစ္စ တပ်လျက် ဖြစ်ပါသည်။ ပဋိသန္ဓေခဏမှနောက် ပဝတ္တိအခါဝယ်

http://www.dhammadownload.com



(ဝိထိစိတ်မဖြစ်သမျှ) ဘဝင်ကိစ္စတပ်၍ ဖြစ်ပါသည်။ ဘဝဆုံးသည့် အခါ စုတိကိစ္စတပ်၍ ဖြစ်ပါသည်။

## ကာမသုဂတိပဋိသန္ဓေ (၉)ပါး

ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်(၁)ပါးနှင့် မဟာဝိပါစိတ်(၈)ပါးတို့ ဖြစ်ပါသည်။

## ကာမသုဂတိ (၂)ခု အထူး

'ကာမသုဂတိယံ မနုဿာနဉ္စေဝ'၌ ကာမသုဂတိအရ လူ့ဘုံနှင့် စာတုမဟာရာဇ်ဘုံတို့ ရပါသည်။

'သဗ္ဗတ္ထာပိ ကာမသုဂတိယံ'၌ ကာမသုဂတိအရ ကာမသုဂတိ (၇)ဘုံလုံး ရပါသည်။ ဤသို့ ထူးပါသည်။

## 'ဧစ္စန္နာဒီနံ'၌ အာဒိအရ

ပဋိသန္ဓေအားဖြင့် နာထိုင်းသူ၊ ပဋိသန္ဓေအားဖြင့် ဃာနမရှိသူ၊ ပဋိသန္ဓေအားဖြင့် ဆွံ့အသူ၊ပဋိသန္ဓေအာ ဖြင့် ထိုင်းမှိုင်းသူ၊ ပဋိသန္ဓေအားဖြင့် ရူးနှမ်းသူ၊ ဥဘတောဗျဉ်း၊ နပုံး၊ ပဏ္ဍုဂ်၊ မမ်းစွဲသူတို့ကို ယူရပါသည်။

## ဝိနိပါတိက အသုရာ ဟူသည်

စည်းစိမ်ဥစ္စာ အိပ်ရာနေရာ ကောင်းမွန်စွာမရှိဘဲ ဖောက်ပြန် ပျက်စီး၍နေသော နတ်သေးနတ်မွား နတ်အငယ်စားလေးများကို 'ဝိနိပါတိက အသုရာ'ဟု ခေါ်ပါသည်။

## ကာမပဋိသန္ဓေ (၁၀)ပါး

၁။ အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် အပါယ်လေးဘုံသားတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ် ဖြစ်ပါသည်။

http://www.dhammadownload.com



၂။ ကုသလဝိပါက် ဉပေက္ခာသဟဂုတ်သန္တီရဏစိတ်သည် ကာမသုဂတိဘုံ၌ ပဋိသန္ဓေအခါ စက္ခုစသောအင်္ဂါ ယုတ်လျော့ချို့ယွင်း၍ ဇစ္စန္ဓစသည် ခေါ်ရသော လူနှင့် စာတုမဟာရာဇ်ဘုံ၌ ဘုန်းကံနည်းပါးသော ဝိနိပါတိကအသုရာဟု ခေါ်ဆိုအပ်သော ဘုမ္မဇိုဝ်းနတ်မျိုးဖြစ်သော ဘီလူး, သဘက်, တစ္ဆေ, မြေဘုတ်, အစိမ်းသရဲစသော နတ်ဆိုးတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ် ဖြစ်ပါသည်။

၃။ မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ်လေးပါးသည် ဒွိဟိတ်ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ် ဖြစ်ပါသည်။

၄။ မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ်လေးပါးသည် တိဟိတ်ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ် ဖြစ်ပါသည်။

* ဆဒ္ဒန်ဆင်မင်း, ဘုရားလောင်း မျောက်မင်းတို့၏ ပဋိသန္ဓေစိတ်ကို တိကျစွာ ဖော်ပြပါ။

အကုသလဝိပါက် ဉပေက္ခာသဟဂုတ် သန္တီရဏစိတ် ဖြစ်ပါသည်။

* နန္ဒောပနန္ဒနဂါးမင်း၏ ပဋိသန္ဓေစိတ်ကို တိကျစွာဖော်ပြပါ။

ကုသလဝိပါက် ဉပေက္ခာသဟဂုတ်သန္တီရဏစိတ် ဖြစ်ပါသည်။

* လူစဉ်မမီ လူမည်ကာမျှဖြစ်သော ဇစ္စန္ဓပုဂ္ဂိုလ်၏ ပဋိသန္ဓေစိတ်ကို တိကျစွာ ဖော်ပြပါ။

ကုသလဝိပါက် ဉပေက္ခာသဟဂုတ်သန္တီရဏစိတ် ဖြစ်ပါသည်။

* ယောကျ်ားဖြစ်သော်လည်း မိန်းမစိတ်ပေါက်နေသောသူ၏ ပဋိသန္ဓေစိတ်ကို တိကျစွာ ဖော်ပြပါ။

http://www.dhammadownload.com



ကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏစိတ် ဖြစ်ပါသည်။

* စာသင်မရ ဉာဏ်ထိုင်းလွန်းလှသော လူသား၏ ပဋိသန္ဓေစိတ်ကို တိကျစွာ ဖော်ပြပါ။

မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ်(၄)ပါးတို့တွင် တစ်ပါးပါး ဖြစ်ပါသည်။

* မဟော်သဓပညာရှိ၊ တိပိဋကဓရ ဆရာတော်များ၏ ပဋိသန္ဓေစိတ်ကို တိကျစွာ ဖော်ပြပါ။

မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ်(၄)ပါးတို့တွင် တစ်ပါးပါး ဖြစ်ပါသည်။

* သက်တမ်း အတည်တကျ သတ်မှတ်၍မရ (သက်တမ်းမမြဲ) သော ပုဂ္ဂိုလ်များကို သာဓကပြ၍ ဖြေဆိုပါ။

အပါယ်လေးဘုံသား၊ လူနှင့် ဝိနိပါတိကအသုရာတို့ ဖြစ်ကြပါသည်။

**သာဓက**– တေသု စတုန္နံ အပါယာနံ (ပ) နိယမော နတ္ထိ။

* 'ဆင်အသက် အနှစ်ခြောက်ဆယ်၊ မြင်းအသက် အနှစ်သုံးဆယ်'ဟူသောသတ်မှတ်ချက် မှန်/မမှန် သာဓကဖြင့် ရှင်းပြပါ။

အပါယ်လေးဘုံသား၊ လူနှင့် ဝိနိပါတိကအသုရာတို့အား သက်တမ်းအတိအကျ သတ်မှတ်၍ မရသောကြောင့် အထက်ပါ သတ်မှတ်ချက် မမှန်ပါ။

**သာဓက**– တေသု စတုန္နံ အပါယာနံ (ပ) နိယမော နတ္ထိ။

* ဘုမ္မဇိဝ်းနတ်ဟူသည်– မြေကြီးနှင့်စပ်သော သစ်ပင်, တော, ကောင်တို့ကို စောင့်သောနတ်များ၊ ကိုယ်စောင့်နတ်များ၊ အိမ်စောင့်

http://www.dhammadownload.com



နတ်များ၊ မြေစောင့်နတ်များ စသည်တို့ကို 'ဘုမ္မဒိုဝ်းနတ်'ဟု ခေါ်ကြသည်။ အတော်အတန် တန်ခိုးကြီးမားကြ၏။

| နတ်ဘုံ | နတ်တွက်ကိန်းအသက် | လူတွက်ကိန်းအသက် |
|---|---|---|
| စာတုမဟာရာဇ် | အနှစ်-၅၀၀ | ၉၀၀၀၀၀၀ (ကိုးသန်း) |
| တာဝတိံသာ | အနှစ်-၁၀၀၀ | ၃၆၀၀၀၀၀၀ (၃၀ကုဋေ ၆သန်း) |
| ယာမာ | အနှစ်-၂၀၀၀ | ၁၄၄၀၀၀၀၀၀ (၁၄၀ကုဋေ ၄သန်း) |
| တုသိတာ | အနှစ်-၄၀၀၀ | ၅၇၆၀၀၀၀၀၀ (၅၇၀ကုဋေ ၆သန်း) |
| နိမ္မာနရတိ | အနှစ်-၈၀၀၀ | ၂၃၀၄၀၀၀၀၀၀ (၂၃၀ကုဋေ ၄သန်း) |
| ပရနိမ္မိတဝသဝတ္တီ | အနှစ်-၁၆၀၀၀ | ၉၂၁၆၀၀၀၀၀၀ (၉၂၁ကုဋေ ၆သန်း) |

[**ဆောင်**] နတ်ကို နှစ်ဆ၊ လူ လေးဆ၊ တက်ကြ စဉ်တိုင်းသာ။

**လူ့တွက်ကိန်း ရှစ်လုံးဘွဲ့ကဗျာ**

* ကိုးမှာ **စာတု**၊ သုံးခြောက်ခု **တာ**
တစ်လေးလေးဟု၊ ဖြစ်မူ **ယာမာ**
ငါးခွန်ခြောက်ရှိ၊ **တုသိတာ**မှာ
ခြောက်လုံးစီ၊ တိုးပြီ သုညမှာ။

* နှစ်သုံးသုည၊ လေးက **နိမ္မာ**
ကိုးနှစ်တစ်ခြောက်၊ ဖြစ်မြောက် **ပရာ**
သုညခြောက်ခု၊ တိုးပြူလေပါ
နတ်ဘုံသက်၊ လူသက် ချင့်နှိုင်းစာ။

* စာတုမဟာရာဇ်နတ်(၁)ရက်သည် လူအနှစ်(၅၀)ဖြစ်၏၊ (၅၀-တည် ၃၀-ဖြင့် မြောက်) စာတုမဟာရာဇ်နတ်(၁)လသည် လူအနှစ်(၁၅၀၀)ဖြစ်၏၊ (၁၅၀၀ တည် ၁၂ ဖြင့်မြောက်)၊ စာတုမဟာ

http://www.dhammadownload.com



ရာဇ်နတ်(၁)နှစ်သည် လူအနှစ်(၁၈၀၀၀)ဖြစ်၏။

* တာဝတိံသာ(၁)ရက်သည် လူ့နှစ်(၁၀၀) ဖြစ်၏။
  ယာမာ(၁)ရက်သည် လူ့နှစ်(၂၀၀) ဖြစ်၏။
  တုသိတာ(၁)ရက်သည် လူ့နှစ်(၄၀၀) ဖြစ်၏။
  နိမ္မာနရတိ(၁)ရက်သည် လူ့နှစ်(၈၀၀) ဖြစ်၏။
  ပရနိမ္မိတဝသဝတ္တိ(၁)ရက်သည် လူ့နှစ်(၁၆၀၀) ဖြစ်၏။

## ကျွန်းကြီး(၄)ကျွန်း သက်တမ်း

အရှေ့ကျွန်း = အနှစ်-၇၀၀
အနောက်ကျွန်း = အနှစ်-၅၀၀
မြောက်ကျွန်း = အနှစ်-၁၀၀၀
တောင်ကျွန်း = အမြဲမရှိ

**[ဆောင်]** ရှေ့-ခုနစ်ရာ၊ နောက်-ငါးရာ၊ မြောက်မှာ တစ်ထောင်တိ။ တောင်ကျွန်းမှာကား၊ သက်ပိုင်းခြား၊ မှတ်သား မြဲမရှိ။

## ရူပပဋိသန္ဓေ (၆)ပါး

၁။ ပထမစျာန် ဝိပါက်စိတ်သည် ပထမစျာန်ဘုံသားတို့၏ ပဋိသန္ဓေ,ဘဝင်,စုတိစိတ် ဖြစ်ပါသည်။

၂။ ဒုတိယစျာန်ဝိပါက်စိတ်နှင့် တတိယစျာန်ဝိပါက်စိတ် နှစ်ပါးတို့သည် ဒုတိယစျာန်သုံးဘုံသားတို့၏ ပဋိသန္ဓေ,ဘဝင်,စုတိစိတ် ဖြစ်ပါသည်။

၃။ စတုတ္ထစျာန် ဝိပါက်စိတ်သည် တတိယစျာန်ဘုံသားတို့၏ ပဋိသန္ဓေ,ဘဝင်,စုတိစိတ် ဖြစ်ပါသည်။

၄။ ပဉ္စမစျာန်ဝိပါက်စိတ်သည် ဝေဟပ္ဖိုလ်ဘုံနှင့် သုဒ္ဓါဝါသငါးဘုံသားတို့၏ ပဋိသန္ဓေ,ဘဝင်,စုတိစိတ် ဖြစ်ပါသည်။

http://www.dhammadownload.com



၅။ ဇီဝိတနဝက ကလာပ်ရုပ်တို့သည် အသညသတ်ဘုံသားတို့၏ ပဋိသန္ဓေ,ဘဝင်,စုတိရုပ် ဖြစ်ပါသည်။

## ရူပပုဂ္ဂိုလ်လိမ်တို့ သက်တမ်း

| ဘုံ | သက်တမ်း |
|---|---|
| ဗြဟ္မပါရိသဇ္ဇာ | အသင်္ချေယျကပ် သုံးပုံတစ်ပုံ။ |
| ဗြဟ္မပုရောဟိတာ | အသင်္ချေယျကပ် တစ်ဝက်။ |
| မဟာဗြဟ္မာ | အသင်္ချေယျကပ် တစ်ကပ်။ |
| ပရိတ္တာဘာ | မဟာကပ် နှစ်ကပ်။ |
| အပ္ပမာဏာဘာ | မဟာကပ် လေးကပ်။ |
| အာဘဿရာ | မဟာကပ် ရှစ်ကပ်။ |
| ပရိတ္တသုဘာ | မဟာကပ် ဆယ့်ခြောက်ကပ်။ |
| အပ္ပမာဏသုဘာ | မဟာကပ် သုံးဆယ့်နှစ်ကပ်။ |
| သုဘကိဏ္ဏာ | မဟာကပ် ခြောက်ဆယ့်လေးကပ်။ |
| ဝေဟပ္ဖလ်,အသညသတ် | မဟာကပ် ငါးရာ။ |
| အဝိဟာ | မဟာကပ် တစ်ထောင်။ |
| အတပ္ပါ | မဟာကပ် နှစ်ထောင်။ |
| သုဒဿာ | မဟာကပ် လေးထောင်။ |
| သုဒဿီ | မဟာကပ် ရှစ်ထောင်။ |
| အကနိဋ္ဌာ | မဟာကပ်တစ်သောင်းခြောက်ထောင်။ |

## အရူပပဋိသန္ဓေ (၄)ပါး

၁။ အာကာသာနဉ္စာယတန ဝိပါက်စိတ်သည် အာကာသာနဉ္စာယတနဘုံသား၏ ပဋိသန္ဓေ,ဘဝင်,စုတိစိတ် ဖြစ်ပါသည်။

၂။ ဝိညာနဉ္စာယတန ဝိပါက်စိတ်သည် ဝိညာနဉ္စာယတနဘုံသား၏ ပဋိသန္ဓေ,ဘဝင်,စုတိစိတ် ဖြစ်ပါသည်။

http://www.dhammadownload.com



၃။ အာကိဉ္စညာယတန ဝိပါက်စိတ်သည် အာကိဉ္စညာယတနဘုံသား၏ ပဋိသန္ဓေ,ဘဝင်, စုတိစိတ် ဖြစ်သည်။

၄။ နေဝသညာနာသညာယတန ဝိပါက်စိတ်သည် နေဝသညာနာသညာယတနဘုံသား၏ ပဋိသန္ဓေ,ဘဝင်,စုတိစိတ် ဖြစ်သည်။

## အရူပပုဂ္ဂိုလ်တို့ သက်တမ်း

| ဘုံ | သက်တမ်း |
|---|---|
| အာကာသာနဉ္စာယတန | မဟာကပ် နှစ်သောင်း။ |
| ဝိညာနဉ္စာယတန | မဟာကပ် လေးသောင်း။ |
| အာကိဉ္စညာယတန | မဟာကပ် ခြောက်သောင်း။ |
| နေဝသညာနာသညာယတန | မဟာကပ် ရှစ်သောင်းလေးထောင်။ |

## ပဋိသန္ဓေ (၂၀)ပါး

အကုသလဝိပါက်ဥပေက္ခာသန္တီရဏစိတ် = ၁ပါး၊
ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် = ၁ပါး၊
မဟာဝိပါက်စိတ် = ၈ပါး၊
ရူပဝိပါက်စိတ် = ၅ပါး၊
အရူပဝိပါက်စိတ် = ၄ပါး၊
ဇီဝိတနဝက ကလာပ်ရုပ် = ၁ပါး။

**မှတ်ချက်။** ပဋိသန္ဓေ(၂၀)တို့တွင် ပဋိသန္ဓေစိတ်ပေါင်း(၁၉)ပါး ရှိ၍ ပဋိသန္ဓေရုပ်မှာ (၁)ပါးသာ ရှိပါသည်။

## တစ်ဘဝ၌ တူမြဲတရား ၃ပါး

ပဋိသန္ဓေစိတ်သည် ဘုံအားဖြင့် ကာမဘုံ၊ ဇာတ်အားဖြင့် အဗျာကတဇာတ်၊ သမ္မယုတ္တဓမ္မအားဖြင့် သောမနဿသဟဂုတ် ဉာဏသမ္မယုတ်၊ သခ်ါရအားဖြင့် အသခ်ါရိကဖြစ်အံ့ ဘဝင်, စုတိစိတ်များ

http://www.dhammadownload.com



လည်း ပဋိသန္ဓေစိတ်နည်းတူ ဖြစ်ကြပါသည်။

ပဋိသန္ဓေစိတ်သည် ကံအာရုံ၊ ရူပါရုံဟူသော ကမ္မနိမိတ်၊ အမိဝမ်းရေဟူသော ဂတိနိမိတ်ကို အာရုံပြုလျှင် ဘဝင်, စုတိစိတ်များလည်း ပဋိသန္ဓေစိတ်နည်းတူ ဖြစ်ကြပါသည်။

[ဆောင်] ဘုံ, ဇာတ်, သမ်, သင်၊ အာ, ငါးအင်၊ သန်, ဘွင်, စု မကွဲ။

**သိုက်နန်းရှင်နှင့် ဇစ္စန္ဓတို့၏ ပဋိသန္ဓေစိတ်ပြပါဦ**

ကုသလဝိပါကောပေက္ခာသဟဂတ (ပ) စုတိဝသေန ပဝတ္တတိ။

**သိကြားမင်း၏ ပဋိသန္ဓေစိတ်ပြပါဦ**

မဟာဝိပါကာနိ ပန အဋ္ဌ (ပ) စုတိဝသေန ပဝတ္တတိ။

**မာရ်နတ်မင်း၏ သက်တမ်းပြ ပါဦးမျာ**

တတော စတုဂ္ဂုဏော ပရနိမ္မိတဝသဝတ္တိနံ။

နဝသတသ္ဆေကဝီသ၊ (ပ) သဋ္ဌိ စ ဝသဝတ္တိသု။

**အသက်စောင့်ဆေး ရှိသကဲ့သို့**

**အသက်စောင့်ရုပ် ရှိနိုင်ပုံပြပါဦ**

အသည်သတ္တာနံ ပန ရူပမေဝ (ပ) ပဝတ္တိတ္တာ နိရုဇ္ဈတိ။

ပဋိသန္ဓိစတုက္က ပြီး၏။

□□□□□

## ကမ္မစတုက္က

**ကိစ္စနှင့်စပ်သော ကံလေးမျိုး**

၁။ အကျိုးဝိပါက်ကို အခွင့်ရရာအခါဝယ် ကိုယ်တိုင်ဖြစ်စေနိုင်သောကံကို 'ဇနကကံ'ဟု ခေါ်သည်။

http://www.dhammadownload.com



၂။ ကိုယ်တိုင်ကား အကျိုးမပေးနိုင်၊ တစ်ပါးသောကံများ အကျိုးပေးခွင့်ရအောင် ထောက်ပံ့ပေးသောကံကို 'ဥပတ္ထမ္ဘကကံ'ဟု ခေါ်သည်။

၃။ တစ်ပါးသောကံများ အကျိုးပေးခွင့်မရအောင် ကပ်၍နှိပ်စက်တတ်သောကံကို 'ဥပပီဠကကံ'ဟု ခေါ်သည်။

၄။ လုံးဝအကျိုးမပေးနိုင်အောင်, ပေးပြီ သော အကျိုးများလည်း ပြတ်စဲသွားအောင် သတ်ဖြတ်သောကံကို 'ဥပဃာတကကံ'ဟု ခေါ်သည်။

## အကျိုးပေးလှည့် အစဉ်အားဖြင့် ကံလေးမျိုး

၁။ တစ်ပါးသောကံတို့က မတားမြစ်နိုင်လောက်အောင် ကြီးလေးသောကံကို 'ဂရုကကံ'ဟု ခေါ်သည်။

၂။ စုတေခါနီးအခါ၌ အောက်မေ့အပ်, ပြုလုပ်အပ်သောကံကို 'အာသန္နကံ'ဟု ခေါ်သည်။

၃။ နေ့စဉ်မပြတ် ဝတ်ထား၍ လေ့ကျက်အပ်သောကံကို 'အာစိဏ္ဏကံ'ဟု ခေါ်သည်။

၄။ ပြုကာမတ္တ ဖြစ်သောကံကို 'ကဋတ္တာကံ'ဟု ခေါ်သည်။

### ဂရုကကံ အရ

အကုသိုလ်အရာတွင် ပဉ္စာနန္တရိယကံ (နိယတမိစ္ဆာဒိဋ္ဌိကံ)ကို ယူရပါသည်။

ကုသိုလ်အရာတွင် မဟဂ္ဂုတ်ကုသိုလ်ကံကို ယူရပါသည်။

* မဟာသာဝဇ္ဇ၊ ပဉ္စ အနန်
မဟာနုဘာဝ၊ မဟဂ္ဂ ကံ
ကံတစ်ပါးတို့၊ မတားနိုင်ပြန်
ကြီးလေးမှု **ဂရု** ခေါ်တဲ့ကံ။

* ရှေးကပြုပြီး၊ အသီးသီးကံတွေ
သေခါနီးတွေ့၊ အောက်မေ့ထွေထွေ

http://www.dhammadownload.com



သေခါနီးမှ၊ ပြုရက်ပေ
**အာသန္နေ**၊ ကမ္မ ခေါ်သလေ။

* နေ့စဉ်မပြတ်၊ ပြုအပ်ဖန်ဖန်
ထိုက်ကိုပ၊ ခေါ်ရ စိတ္တံ့
တစ်ကြိမ်ပြုလည်း၊ အမြဲနိစ္စံ
ဖန်တလဲ၊ မှီဝဲ **အာစိဏ္ဏေ**။

* ဂရုကာသန္နေ၊ စိတ္တံ့ သုံးတန်
ထိုက်မျိုးလောက်၊ မမြောက်သည့်ကံ
ပြုကာ မတ္တ၊ ကမ္မခေါ်ပြန်
**ကဋတ္တာ**၊ မှတ်ပါ နောက်ဆုံးကံ။

## အကျိုးပေးရာကာလနှင့်စပ်သော ကံလေးမျိုး

၁။ မျက်မှောက်ဖြစ်သော ပစ္စုပ္ပန်ဘဝ၌ အကျိုးပေးသော ပထမဇော စေတနာကို 'ဒိဋ္ဌဓမ္မဝေဒနီယကံ'ဟု ခေါ်သည်။

၂။ ဒုတိယဘဝ၌ ပဋိသန္ဓေအကျိုးကို ပေးစွမ်းနိုင်သော သတ္တမဇော စေတနာကို 'ဥပပဇ္ဇဝေဒနီယကံ'ဟု ခေါ်သည်။

၃။ တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် အခွင့်ရသည် ရှိသော် အကျိုးပေးစွမ်းနိုင်သော အလယ်ဇောဝါးချက်စေတနာကို 'အပရာပရိယဝေဒနီယကံ'ဟု ခေါ်သည်။

၄။ ဆိုခဲ့ပြီးသော ကာလအပိုင်းအခြားအတွင်း အကျိုးမပေးသောကံကို 'အဟောသိကံ'ဟု ခေါ်သည်။

**[ဆောင်]** **ဒိဋ္ဌ**ကံမှာ၊ ပ,ဇောသာ၊ ပေးရာ ပစ္စုပ္ပန်။
**ဥပ**ကံမှာ၊ သတ္တမာ၊ မှတ်ပါ ဒုတိယံ။
အလယ်ဇောဝါး၀၊ **အပရ**၊ တ,စ ဆုံးနိဗ္ဗာန်။
**အဟောသိ**ကံမှာ၊ ခုနစ်ဖြာ၊ ပေးရာ မရှိမှန်။

http://www.dhammadownload.com



* 'ကံဟူသမျှ အကျိုးပေး မကင်းကြ'ဟုဆိုက သင့်/မသင့် အဘိဓမ္မာသဘာဝအရ ရှင်းပြပါ။

အဟောသိကံသည် လုံးဝအကျိုးမပေးသောကြောင့် အထက်ပါ ဆိုစကား မသင့်ပါ။

* ကမ္မစတုက္ကဌ် အရှင်အနုရုဒ္ဓါဆရာ မပြအပ်သောကံမျိုး ရှိ/မရှိ တိကျစွာ ဖော်ပြပါ။

ကမ္မစတုက္ကဌ် အရှင်အနုရုဒ္ဓါဆရာ မပြအပ်သော ကံမျိုးမှာ လောကုတ္တရာကုသိုလ်ကံ ဖြစ်ပါသည်။

## အကျိုးပေးရာ ဘုံဌာနနှင့်စပ်သော ကံလေးမျိုး

၁။ အကုသိုလ်ကံ၊ ၂။ ရူပါဝစရကုသိုလ်ကံ၊
၃။ ကာမာဝစရကုသိုလ်ကံ၊ ၄။ အရူပါဝစရကုသိုလ်ကံ။

**မှတ်ချက်**။ ။ ကိစ္စနှင့်စပ်သောကံလေးမျိုး၊ အကျိုးပေးလှည့်အစဉ်အားဖြင့် ကံလေးမျိုး၊ အကျိုးပေးရာကာလနှင့်စပ်သော ကံလေးမျိုးတို့သည် သုတ္တန်လာ ကံများဖြစ်၍ အကျိုးပေးရာဘုံဌာနနှင့် စပ်သော ကံလေးမျိုးသာ အဘိဓမ္မာလာကံများ ဖြစ်ပါသည်။

## ပါကဋ္ဌာနဝသေန၌ ပါကဋ္ဌာနအရ

ကာမ(၁၁)ဘုံ၊ ရူပ(၁၆)ဘုံ၊ အရူပ(၄)ဘုံတို့ ရပါသည်။

## ကာယဒွါရ(၂)ခု အထူး

ပကိဏ်းပိုင်းလာ ကာယဒွါရအရ ကာယပသာဒ ရပါသည်။

**သာဂေ**– တထာ သောတာဒယော သောတဒွါရာဒီနိ။

ဝိထိမုတ်ပိုင်းလာ ကာယဒွါရအရ ကာယဝိညတ် ရပါသည်။

http://www.dhammadownload.com



**သာဓက**– ကာယဝိညတ္တိသခ်ါတေ ကာယဒွါရေ ဗာဟုလ္လဝုတ္တိတော ကာယကမ္မံ နာမ။

## ကာယက် (၃)ပါး
## (ကိုယ်၌သာ အဖြစ်များသော ဒုစရိုက်–၃ပါး)

၁။ ပါဏာတိပါတ = သူ့အသက်သတ်မှု။
၂။ အဒိန္နာဒါန = သူ့ဥစ္စာ ခိုးဝှက်,လုယူမှု။
၃။ ကာမေသု မိစ္ဆာစာရ = ကာမဂုဏ်တို့၌ ယုတ်မာစွာကျင့်မှု။

**မှတ်ချက်**။ ။ အရက်သေစာ သောက်စားခြင်းဟုဆိုအပ်သော သုရာမေရယမဇ္ဇပမာဒဋ္ဌာနကို ကာမေသုမိစ္ဆာစာရ၌ သွင်းယူရပါသည်။ အရက်သေစာ သောက်စားခြင်းသည် ကာယက်အကုသိုလ် ဖြစ်ပါသည်။

## ဝစီက် (၄)ပါး
## (နှုတ်၌သာ အဖြစ်များသော ဒုစရိုက်–၄ပါး)

၁။ မုသာဝါဒ = လိမ်ညာ၍ ပြောဆိုမှု။
၂။ ပိသုဏဝါစာ = ချောပစ်ကုန်းတိုက်သောစကားကို ပြောဆိုမှု။
၃။ ဖရုသဝါစာ = ကြမ်းတမ်းသောစကားကို ပြောဆိုမှု။
၄။ သမ္ဖပ္ပလာပ = ပြိန်ဖျင်းသောစကားကို ပြောဆိုမှု။

## မနောက်–၃ပါး
## (စိတ်ဖြင့်သာပြုနိုင်သော ဒုစရိုက်–၃ပါး)

၁။ အဘိဇ္ဈာ = သူတစ်ပါးစည်းစိမ်ကို မတရားရယူလိုမှု။
၂။ ဗျာပါဒ = သူတစ်ပါးသေကြေပျက်စီးဘို့ရန် ကြံစည်မှု။
၃။ မိစ္ဆာဒိဋ္ဌိ = အယူမှားမှု။

**အမှာ**–အထက်ပါ(၁၀)ပါးကို အကုသကမ္မပထတရား(၁၀)ပါး၊ ဒုစရိုက်(၁၀)ပါးဟု ခေါ်သည်။

http://www.dhammadownload.com



| ဒုစရိုက်-၁၀ပါး | | သုစရိုက်-၁၀ပါး | | ကံ |
|---|---|---|---|---|
| အမည် | မူလ | အမည် | တရားကိုယ် | |
| ပါဏာတိပါတ | ဒေါသ | ပါဏာတိပါတဝိရတိ | သမ္မာကမ္မန္တ သမ္မာအာဇီဝ | ကာယကံ ၃ပါး |
| အဒိန္နာဒါန | လော, ဒေါ | အဒိန္နာဒါန ဝိရတိ | | |
| ကာမေသုမိစ္ဆာစာရ | လောဘ | ကာမေသုမိစ္ဆာစာရဝိရတိ | | |
| မုသာဝါဒ | လော, ဒေါ | မုသာဝါဒ ဝိရတိ | သမ္မာဝါစာ သမ္မာအာဇီဝ | ဝစီကံ ၄ပါး |
| ပိသုဏာဝါစာ | လော, ဒေါ | ပိသုဏာဝါစာ ဝိရတိ | | |
| ဖရုသဝါစာ | ဒေါသ | ဖရုသဝါစာ ဝိရတိ | | |
| သမ္ဖပ္ပလာပ | လော, ဒေါ | သမ္ဖပ္ပလာပ ဝိရတိ | | |
| အဘိဇ္ဈာ | လောဘ | အနဘိဇ္ဈာ | အလောဘ | မနောကံ ၃ပါး |
| ဗျာပါဒ | ဒေါသ | အဗျာပါဒ | အဒေါသ | |
| မိစ္ဆာဒိဋ္ဌိ | လောဘ | သမ္မာဒိဋ္ဌိ | အမောဟ | |

**လောဘအတွက်ကြောင့်သာ ဖြစ်သော ဒုစရိုက် (၃)ပါး**

ကာမေသု မိစ္ဆာစာရ၊ အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိတို့ ဖြစ်ပါသည်။

**ဒေါသအတွက်ကြောင့်သာ ဖြစ်သော ဒုစရိုက် (၃)ပါး**

ပါဏာတိပါတ၊ ဖရုသဝါစာ၊ ဗျာပါဒတို့ ဖြစ်ပါသည်။

**လောဘ,ဒေါသ နှစ်ပါးအတွက်ကြောင့် ဖြစ်သော ဒုစရိုက် (၄)ပါး**

အဒိန္နာဒါန်း၊ မုသာဝါဒ၊ ပိသုဏာဝါစာ၊ သမ္ဖပ္ပလာပတို့ ဖြစ်ပါသည်။

**[ဆောင်]** ပိသု, မုသာ၊ သမ္ဖပ္ပါ၊ ဒိန္နာ နှစ်ပါးကြောင့်။

http://www.dhammadownload.com



* အောက်ပါ အချက်များကို မရှိနိုင်ဟုယူက မိစ္ဆာဒိဋ္ဌိ ဖြစ်၍ ရှိနိုင်သည်ဟုယူက သမ္မာဒိဋ္ဌိ ဖြစ်ပါသည်။

၁။ ကုသိုလ်ကံ, အကုသိုလ်ကံ။

၂။ ထိုကံများ၏ ကောင်းကျိုး, မကောင်းကျိုး။

၃။ ထိုကံများကြောင့် ရောက်ရမည့် ဘဝ, နောင်ဘဝ။

၄။ ကောင်းမွန်စွာကျင့်၍ ဈာန်အဘိညာဉ်ရသူ (သို့မဟုတ်) ရဟန္တာဖြစ်သူ။

* ဒုစရိုက်(၁၀)ပါးလုံးကြောင့်ဖြစ်သော မူလမှာ– မောဟမူလ ဖြစ်ပါသည်။

* အကုသလကမ္မပထ တရားဆယ်ပါးကို စိတ္တုပ္ပါဒ်အားဖြင့် အရကောက်လျှင် အကုသိုလ်စိတ်(၁၂)ပါးပင် ရပါသည်။

**သာဓက**– စိတ္တုပ္ပါဒဝသေန ပနေတံ (ပ) ဒွါဒသဝိဓံ ဟောတိ။

* ကိုယ်မလှုပ် နှုတ်မပါ စိတ်ဖြင့်သာပြုနိုင်သော ဒုစရိုက်တို့ကို ဖြစ်ကြောင်းတရားနှင့်တကွ ယှဉ်တွဲဖော်ပြပါ။

အဘိဇ္ဈာ – လောဘ ဖြစ်ပါသည်။

ဗျာပါဒ – ဒေါသ ဖြစ်ပါသည်။

မိစ္ဆာဒိဋ္ဌိ – လောဘ ဖြစ်ပါသည်။

* ကြက်သားစားလို၍ ကြက်သတ်ခြင်းသည် လောဘကြောင့် ဖြစ်မည်လော, ဒေါသကြောင့် ဖြစ်မည်လော? သာဓကပြ ဖြေဆိုပါ။

ဒေါသကြောင့် ဖြစ်ပါသည်။

**သာဓက**– တေသု ပါဏာတိပါတော (ပ) ဒေါသမူလေန ဇာယန္တိ။

* ဤကမ္မာမြေပြင်ဝယ် မိစ္ဆာအယူဝါဒများ ထွန်းကားလာရ

http://www.dhammadownload.com



ခြင်း၏ အကြောင်းရင်း(မူလ)ကို သာဓကပြ ဖြေဆိုပါ။
လောဘကြောင့် ဖြစ်ပါသည်။
**သာဓက**– ကာမေသုမိစ္ဆာစာရော (ပ) မိစ္ဆာဒိဋ္ဌိစ လောဘမူလေန။

## ကာမကုသိုလ်က် (၃)ပါး

ကာမာဝစရကုသိုလ်ကံသည် ကာယကံ၊ ဝစီကံ၊ မနောကံ အားဖြင့် သုံးပါးအပြားရှိပါသည်။

## ကာယကံ (၃)ပါး

### (ကိုယ်၌သာ အဖြစ်များသော သုစရိုက်–၃ပါး)

၁။ ပါဏာတိပါတဝိရတိ = သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်မှု။
၂။ အဒိန္နာဒါန ဝိရတိ = သူ့ဥစ္စာခိုးဝှက်,လုယူခြင်းမှ ရှောင်ကြဉ်မှု။
၃။ ကာမေသုမိစ္ဆာစာရဝိရတိ= ကာမဂုဏ်တို့၌ ယုတ်မာစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်မှု။

## ဝစီကံ (၄)ပါး

### (နှုတ်၌သာ အဖြစ်များသော သုစရိုက်–၄ပါး)

၁။ မုသာဝါဒ ဝိရတိ– လိမ်ညာ၍ ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု။
၂။ ပိသုဏဝါစာ ဝိရတိ– ချောပစ်ကုန်းတိုက်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု။
၃။ ဖရုသဝါစာ ဝိရတိ– ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု။
၄။ သမ္ဖပ္ပလာပ ဝိရတိ–ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှရှောင်ကြဉ်မှု။

## မနောကံ (၃)ပါး

### (စိတ်ဖြင့်သာပြုနိုင်သော သုစရိုက်–၃ပါး)

၁။ အနဘိဇ္ဈာ = သူတစ်ပါးစည်းစိမ်ကို မတရားရယူလိုခြင်းမှ

http://www.dhammadownload.com



စောင့်စည်းမှု။

၂။ အဗျာပါဒ = သူတစ်ပါးသေကြေပျက်စီးဘို့ရန် ကြံစည်ခြင်းမှ စောင့်စည်းမှု။

၃။ သမ္မာဒိဋ္ဌိ = အယူမှန်မှု။

**အမှာ**– အထက်ပါ(၁၀)ပါးကို ကုသလကမ္မပထတရား(၁၀)ပါး၊ သုစရိုက်(၁၀)ပါးဟု ခေါ်ပါသည်။

## ပုညကြိယဝတ္ထု ခေါ်ပုံ

ကောင်းသောအကျိုး၏ တည်ရာဖြစ်၍ ပြုသင့်ပြုထိုက်သော ကောင်းမှုကုသိုလ်(၁၀)ပါးကို 'ပုညကြိယဝတ္ထု ဆယ်ပါး'ဟု ခေါ်ပါသည်။

## ပုညကြိယဝတ္ထု (၁၀)ပါး

၁။ ဒါန– ပေးကမ်းလှူဒါန်းမှု၊
၂။ သီလ– သီလဆောက်တည်မှု၊
၃။ ဘာဝနာ– ကမ္မဋ္ဌာန်း စီးဖြန်းမှု၊
၄။ အပစာယန– ကြီးသူတို့ကို အရိုအသေပြုမှု၊
၅။ ဝေယျာဝစ္စ– သူများကုသိုလ်ရေးဌ အကူအညီပေးမှု၊
၆။ ပတ္တိဒါန– မိမိရသော ကုသိုလ်အဖို့ကို အမျှဝေမှု၊
၇။ ပတ္တာနုမောဒန– မိမိသို့ရောက်လာသော ကုသိုလ်အဖို့ကို သာဓုခေါ်မှု၊
၈။ ဓမ္မသဝန– တရားနာမှု၊
၉။ ဓမ္မဒေသနာ– တရားဟောမှု၊
၁၀။ ဒိဋ္ဌုကမ္မ– အယူကို ဖြောင့်မတ်စွာပြုမှု။

* အမျှဝေခြင်း၊ သာဓုခေါ်ခြင်းသည် ဒါနကုသိုလ်လော, သီလကုသိုလ်လော? ရှင်းပြပါ။

http://www.dhammadownload.com



အမျှဝေခြင်း–ပတ္တိဒါန၊ သာဓုခေါ်ခြင်း–ပတ္တာနုမောဒနတို့သည် ဒါနသဘောရှိသောကြောင့် ဒါနကုသိုလ် ဖြစ်ပါသည်။

* ကြီးသူတို့ကို အရိုအသေပေးခြင်း၊ ကုသိုလ်ရေး၌ အကူအညီ ပေးခြင်းတို့သည် ဒါနကုသိုလ်လော, သီလကုသိုလ်လော? ရှင်းပြပါ။

ကြီးသူတို့ကို အရိုအသေပေးခြင်း– အပစာယန၊ ကုသိုလ်ရေး၌ အကူအညီ ပေးခြင်း–ဝေယျာဝစ္စတို့သည် စာရိတ္တသီလ ဖြစ်သောကြောင့် သီလကုသိုလ် ဖြစ်ပါသည်။

* တရားဟောခြင်း၊ တရားနာခြင်းတို့သည် ဒါနကုသိုလ်လော, သီလကုသိုလ်လော? ရှင်းပြပါ။

တရားဟောခြင်း–ဓမ္မဒေသနာ၊ တရားနာခြင်း–ဓမ္မဿဝနတို့သည် ဘာဝနာကုသိုလ် ဖြစ်ပါသည်။

## ပုညကြိယဝတ္ထု (၁၀)ပါးကို ဒါန,သီလ,ဘာဝနာ၌ သွင်းပုံ

ပတ္တိဒါနနှင့် ပတ္တာနုမောဒနတို့ကို ဒါန၌ သွင်းယူရပါသည်။

အပစာယနနှင့် ဝေယျာဝစ္စတို့ကို သီလ၌ သွင်းယူရပါသည်။

ဓမ္မဿဝန၊ ဓမ္မဒေသနာနှင့် ဒိဋ္ဌုကမ္မတို့ကို ဘာဝနာ၌ သွင်းယူရပါသည်။

**[ဆောင်]** ပတ္တာ,ပတ္တိ၊ သွင်းဘိ **ဒါနာ**။
ပစာ,ဝေယျ၊ သွင်းထ **သီလာ**။
ဓမ္မ နှစ်ခု၊ ဒိဋ္ဌု မှာ။
ဤသုံးပါး၊ သွင်းငြား **ဘာဝနာ**။

* ဝိသတိအရ– အကုသိုလ်ကံ (၁၂)ခု၊ မဟာကုသိုလ်ကံ (၈)

http://www.dhammadownload.com



ခုဒ္ဓရှိသော စေတနာ(၂၀) ရပါသည်။ ယင်း(၂၀)ကို ကာမာဝစရက် ဟုလည်း ခေါ်ပါသည်။

* ကုသလကမ္မပထ တရား(၁၀)ပါးနှင့် ပုညကြိယဝတ္ထု(၁၀) ပါးတို့ကို စိတ္တုပ္ပါဒ်အားဖြင့် အရကောက်လျှင် မဟာကုသိုလ်စိတ် (၈)ပါးပင် ရပါသည်။

**သာဓက**– စိတ္တုပ္ပါဒဝသေန ပနေတံ အဋ္ဌဝိဓံ ဟောတိ။

## ရူပကုသိုလ်က (၅)ပါး
## (ရူပဘုံသို့ ရောက်စေနိုင်သောကံ–၅ပါး)

ရူပါဝစရကုသိုလ်ကံသည်–

၁။ မနောကံ တစ်မျိုးသာရှိ၏။

၂။ ဘာဝနာကုသိုလ် တစ်မျိုးသာရှိ၏။

၃။ အပွနာသို့ ရောက်၏။

၄။ ဈာန်အင်္ဂါတို့၏ ယှဉ်ပုံ ငါးမျိုးပြားသောကြောင့် ရူပါဝစရ ကုသိုလ်က (၅)မျိုး ပြားရပါသည်။

## အရူပကုသိုလ်က (၄)ပါး
## (အရူပဘုံသို့ ရောက်စေနိုင်သောကံ–၄ပါး)

အရူပါဝစရကုသိုလ်ကံသည်–

၁။ မနောကံ တစ်မျိုးသာ ရှိ၏။

၂။ ဘာဝနာကုသိုလ် တစ်မျိုးသာရှိ၏။

၃။ အပွနာသို့ ရောက်၏။

၄။ အာရုံလေးမျိုးပြားသောကြောင့် အရူပါဝစရကုသိုလ်က (၄)မျိုး ပြားရပါသည်။

http://www.dhammadownload.com



* ဒါနပြုရုံ, သီလဆောက်တည်ရုံမျှဖြင့် ဗြဟ္မာ့ပြည်သို့ ရောက်နိုင်/မရောက်နိုင် သာဓကဖြင့် ရှင်းပြပါ။

ရူပ, အရူပစျာန်များသည် ဘာဝနာကြောင့်သာ ရနိုင်သော တရားများ ဖြစ်သောကြောင့် ဒါနပြုရုံ သီလဆောက်တည်ရုံမျှဖြင့် ဗြဟ္မာ့ပြည်သို့ မရောက်နိုင်ပါ။

**သာဓက**– ဝိထိမုတ်ပိုင်း စာပိုဒ်– ၆၇၊ ၆၈။

**ကာမကံ၏ အကျိုးပေးရာဘုံ**

| ကံ | အဓိ | အကျိုးပေးရာဘုံ |
|---|---|---|
| ဥဒ္ဓစ္စကြဉ်အကုသိုလ်(၁၁) | ပဋိသန္ဓေ | အပါယ်(၄)ဘုံ |
| အကုသိုလ်(၁၂) | ပဝတ္တိ | ကာမ ၁၁ဘုံ၊ အသညီကြဉ် ရူပ ၁၅ဘုံ |
| ကာမကုသိုလ်(၈) | ပဋိသန္ဓေ | ကာမသုဂတိ(၇)ဘုံ |
| ကာမကုသိုလ်(၈) | ပဝတ္တိ | ကာမ ၁၁ဘုံ၊ အသညီကြဉ် ရူပ ၁၅ဘုံ |

## အဓိပ္ပါယ် ရှင်းချက်

ဥဒ္ဓစ္စသဟဂုတ်မှတစ်ပါး အကုသိုလ်(၁၁)ပါးသည် အပါယ်လေးဘုံ၌ အကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏဟူသော ပဋိသန္ဓေအကျိုးကို ပေးပါသည်။

အကုသိုလ်(၁၂)ပါးလုံးသည် ကာမ(၁၁)ဘုံ၊ အသညသတ်ကြဉ် ရူပ(၁၅)ဘုံတို့၌ အကုသလဝိပါက်(၇)ပါးဟူသော ပဝတ္တိအကျိုးကို ပေးပါသည်။

ကာမာဝစရကုသိုလ်(၈)ပါးသည် ကာမသုဂတိ(၇)ဘုံ၌ ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ(၁)ပါး၊ မဟာဝိပါက်(၈)ပါးဟူသော ပဋိသန္ဓေအကျိုးကို ပေးပါသည်။

ကာမာဝစရကုသိုလ်(၈)ပါးသည် ကာမသုဂတိ(၇)ဘုံ၌

http://www.dhammadownload.com



မဟာဝိပါက်(၈)ပါးဟူသော ပဝတ္တိအကျိုးနှင့်၊ ကာမ(၁၁)ဘုံ၊ အသည်းသတ်ကြဉ်သော ရူပ(၁၅)ဘုံတို့၌ ကုသလဝိပါက်(၈)ပါး ဟူသော ပဝတ္တိအကျိုးတို့ကို ပေးပါသည်။

* စိတ်ပျံ့လွင့်နေသောအရှုး အပါယ်ကျနိုင်/မကျနိုင် သာဓက ဖြင့် ရှင်းပြပါ။

ဥဒ္ဓစ္စသဟဂုတ်စေတနာသည် အပါယ်ပဋိသန္ဓေအကျိုးကို မပေး သောကြောင့် စိတ်ပြန့်လွင့်နေသောအရှုးသည် အပါယ် မကျနိုင်ပါ။

**သာဓက**– ဇော်ကုသလကမ္မ မုဒ္ဓစ္စရဟိတံ အပါယဘူမိယံ (ပ) ဇနေတိ။

* အယူမှောက်မှား မိစ္ဆာဒိဋ္ဌိလူသားများ တမလွန်ဘဝ လားရာ, ရောက်ရမည့် ဘုံဌာနကိုလည်း သာဓကပြ ဖြေဆိုပါ။

အပါယ်(၄)ဘုံ ဖြစ်ပါသည်။

**သာဓက**– ဇော်ကုသလကမ္မမုဒ္ဓစ္စရဟိတံ အပါယဘူမိယံ (ပ) ဇနေတိ။

* 'မကောင်းတာလုပ်သော်လည်း မကောင်းကျိုး မခံစားရ'ဟူ သောစကား မှားကြောင်းကို အဘိဓမ္မာဥာဏ် သာဓကမှန်ဖြင့် ရှင်းပြပါ။

မကောင်းတာလုပ်ခြင်း (အကုသိုလ်ကံ)သည် အပါယ်လေးဘုံ၌ ပဋိသန္ဓေအကျိုး၊ ကာမ(၁၁)ဘုံ, အသည်းသတ်ကြဉ်သော ရူပ(၁၅) ဘုံတို့၌ ပဝတ္တိအကျိုးတို့ကို ပေးသောကြောင့် အထက်ပါဆိုစကား မှားပါသည်။

**သာဓက**– ဇော်ကုသလကမ္မ မုဒ္ဓစ္စရဟိတံ (ပ) ဇနေတိ။
ပဝတ္တိယံ ပန သဗ္ဗတ္ထိ (ပ) ယထာရဟံ ဝိပစ္စတိ။

* ဒါနကုသိုလ်လောက်ဖြင့်သာ အားရ ကျေနပ်နေသူတို့၏

http://www.dhammadownload.com



တမလွန်ဘဝ လားရမည့် ဘုံဌာနကိုလည်း သာဓကပြ ဖြေဆိုပါ။

ကာမသုဂတိ(၇)ဘုံ ဖြစ်ပါသည်။

**သာဓက**– ကာမာဝစရကုသလမှိ ကာမသုဂတိယမေဝ ပဋိသန္ဓိ ဒေနေတိ။

* လူ, နတ်ဖြစ်ရခြင်း၏ အကြောင်းကံကို သာဓကပြဖြေဆိုပါ။

ကာမာဝစရကုသိုလ်ကံကြောင့် လူ, နတ် ဖြစ်လာရပါသည်။

**သာဓက**– ကာမာဝစရကုသလမှိ ကာမသုဂတိယမေဝ ပဋိသန္ဓိ ဒေနေတိ။

* ဒါနပြုရုံ, သီလဆောက်တည်ရုံမျှဖြင့် နိဗ္ဗာန်ရောက်နိုင်/မရောက်နိုင် သာဓကဖြင့် ရှင်းပြပါ။

ဒါနပြုခြင်း, သီလဆောက်တည်ခြင်းသည် ကာမာဝစရကုသိုလ်သာဖြစ်၍ ကာမသုဂတိ(၇)ဘုံ၌သာ ပဋိသန္ဓေအကျိုးကို ပေးနိုင်သောကြောင့် ဒါနပြုရုံ, သီလဆောက်တည်ရုံမျှဖြင့် နိဗ္ဗာန် မရောက်နိုင်ပါ။

**သာဓက**– ကာမာဝစရကုသလမှိ ကာမသုဂတိယမေဝ ပဋိသန္ဓိ ဒေနေတိ။

* 'အလှူဒါနပြုလုပ်တာ အကျိုးမရှိပါဘူးကွာ'ဟူသောစကားမှားကြောင်းကို အဘိဓမ္မာဉာဏ် သာဓကမှန်ဖြင့် ရှင်းပြပါ။

အလှူဒါနပြုလုပ်ခြင်း ကာမာဝစရကုသိုလ်ကံသည် ကာမသုဂတိ(၇)ဘုံ၌ ပဋိသန္ဓေအကျိုး၊ ကာမ(၁၁)ဘုံ, အသညသတ်ကြဉ်သောရူပ(၁၅)ဘုံတို့၌ ပဝတ္တိအကျိုးတို့ကို ပေးသောကြောင့် အထက်ပါဆိုစကား မှားပါသည်။

**သာဓက**– ကာမာဝစရကုသလမှိ (ပ) ပဋိသန္ဓိ ဒေနေတိ။
တထာ ပဝတ္တိယဉ္စ (ပ) ယထာရဟံ ဝိပစ္စတိ။

* ပဋိသန္ဓေအကျိုး မပေးနိုင်သောအကုသိုလ်– ဥဒ္ဓစ္စသဟဂုတ်စိတ် ဖြစ်ပါသည်။

http://www.dhammadownload.com



* ပဋိသန္ဓေအကျိုး မပေးနိုင်သောကုသိုလ်– အဘိညာဉ်ကုသိုလ် နှင့် မဂ်ကုသိုလ်တို့ ဖြစ်ပါသည်။

## တိဟိတ်ကုသိုလ်စသည် ခေါ်ပုံ

၁။ ကုသိုလ်ပြုစဉ်၊ ကံကျိုးမြင်သိ၊ ဉာဏ်ယှဉ်ဘိ၊ **တိဟိတ်** ကုသိုလ်ခေါ်။
၂။ ကုသိုလ်ပြုစဉ်၊ ကံကျိုးမြင်သိ၊ ဉာဏ်မရှိ၊ **ဒွိဟိတ်** ကုသိုလ်ခေါ်။
၃။ ရှေ့နောက်နှစ်ရပ်၊ ကုသိုလ်ညှပ်၊ **ဥက္ကဋ္ဌ** အမြတ်ခေါ်။
၄။ ရှေ့နောက်နှစ်တန်၊ အကုခြံ၊ ညှံဟန် **သြမက** ခေါ်။

(ကိုယ်ကျင့်အဘိဓမ္မာ)

* ထူးချွန်ထက်မြက် ဉာဏ်ရည်သွက်သောလူသား၏ ပဋိသန္ဓေစိတ်နှင့် ယင်းပဋိသန္ဓေစိတ်ကို ဖြစ်စေသောကံကိုလည်း သာဓက ဖြင့် ညွှန်ပြပါ။

မဟာဝိပါက်ဉာဏသမ္မယုတ်(၄)ပါးဟူသော တိဟိတ်ပဋိသန္ဓေစိတ် ဖြစ်ပါသည်။

ယင်းစိတ်ကို ဖြစ်စေသောကံမှာ တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ ဖြစ်ပါသည်။

**သာဓက**– တတ္ထာပိ တိဟေတုကမုက္ကဋ္ဌံ ကုသလံ (ပ) ဝိပစ္စတိ။

* မွေးကတည်းကပင် စက္ခုနှစ်ကွင်း အလင်းမရရှာသော လူသား၏ ပဋိသန္ဓေစိတ်နှင့် ယင်းပဋိသန္ဓေစိတ်သည် ကုသိုလ်ကံ, အကုသိုလ်ကံနှစ်မျိုးတွင် အဘယ်ကံ၏ အကျိုးပါနည်း? သာဓကပြ ဖြေဆိုပါ။

ကုသလဝိပါက်ဉပေက္ခာသဟဂုတ် သန္တီရဏဟူသော ပဋိသန္ဓေစိတ် ဖြစ်ပါသည်။

ဒွိဟိတ်သြမကကုသိုလ်ကံ၏ အကျိုးကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com



**သာဓက**– ဒွိဟေတုက မောမက် ပန (ပ) ဝိပစ္စတိ။

## သမာနဝါဒ အရ
## တိဟိတ်ဥက္ကဋ္ဌစသည် အကျိုးပေးပုံ

| ကံ | အခါ | အကျိုး |
|---|---|---|
| တိဟိတ်ဥက္ကဋ္ဌ | ပဋိသန္ဓေ | မဟာဝိပါက်ဉာဏသမ္ပယုတ်(၄)ပါးဟူသော တိဟိတ်ပဋိသန္ဓေ–၄ပါး |
| တိဟိတ်ဥက္ကဋ္ဌ | ပဝတ္တိ | ကုသလဝိပါက်–၈၊မဟာဝိပါက်–၈၊+၁၆ |
| တိဟိတ်ဩမက, ဒွိဟိတ် ဥက္ကဋ္ဌ | ပဋိသန္ဓေ | မဟာဝိပါက် ဉာဏဝိပ္ပယုတ်(၄)ပါးဟူသော ဒွိဟိတ်ပဋိသန္ဓေ–၄ပါး |
| တိ–ဩ၊ ဒွိ–ဥက် | ပဝတ္တိ | ကုသလဝိပါက်–၈၊မဟာဝိဉာဏဝိပ်–၄၊+၁၂ |
| ဒွိဟိတ်ဩမက | ပဋိသန္ဓေ | ကု–ဝိဉပေက္ခာသန္တီ ရဏပဋိသန္ဓေ–၁ပါး |
| ဒွိဟိတ်ဩမက | ပဝတ္တိ | ကုသလလဝိပါက်–၈ပါး |

## ကေစိဝါဒအရ
## တိဟိတ်ဥက္ကဋ္ဌစသည် အကျိုးပေးပုံ

| ကံ | သန်ဓိရ | အကျိုး |
|---|---|---|
| တိဟိတ်ဥက္ကဋ္ဌ | အသန်ဓိရိက | ကုသလဝိ–၈၊မဟာဝိ အသင် ၄၊+၁၂ |
| တိဟိတ်ဥက္ကဋ္ဌ | သသန်ဓိရိက | ကုသလဝိ–၈၊မဟာဝိ သသင် ၄၊+၁၂ |
| တိဟိတ်ဩမက, ဒွိဟိတ် ဥက္ကဋ္ဌ | အသန်ဓိရိက | ကုသလဝိပါက်–၈၊ မဟာဝိ ပါက် ဉာဏဝိပ္ပယုတ် အသင် ၂၊+၁၀ |
| တိဟိတ်ဩမက, ဒွိဟိတ် ဥက္ကဋ္ဌ | အသန်ဓိရိက | ကုသလဝိပါက်–၈ မဟာဝိ ပါက် ဉာဏဝိပ္ပယုတ်သသင် ၂+၁၀ |
| ဒွိဟိတ်ဩမက | အသင်/သသင် | ကုသလဝိပါက်–၈ပါး |

http://www.dhammadownload.com



[ဆောင်] * အဟိတ်ဝိပါက်၊ ရှစ်ချက် မူတည်။
အသင်မဟာဝိ၊ ထည့်ဘိတစ်လီ။
သသင်မဟာဝိ၊ ထည့်ဘိတစ်လီ။
ဆယ့်နှစ်ခု၊ ဖြစ်မှု နှစ်ခါညီ။

* ဝိပွယုတ် ဝိပါက်၊ နှစ်ချက် အသင်။
သသင်မှာလည်း၊ ထိုနည်းထည့်ချင်။
အဟိတ်ဝိပါက်၊ ရှစ်ချက်ပင်လျှင်။
မှတ်လိုက်ကြ၊ အဋ္ဌ အရပင်။

## ရူပါဝစရကုသိုလ် ပထမစျာန်ကို ပွားများနည်းနှင့် ရောက်ရှိနိုင်သောဘုံများ

ရူပါဝစရကုသိုလ် ပထမစျာန်ကို ပရိတ္တစျာန်ဖြစ်အောင် ပွားများလျှင် ဗြဟ္မပါရိသဇ္ဈာဘုံ၊ မဇ္ဈိမစျာန်ဖြစ်အောင် ပွားများလျှင် ဗြဟ္မပုရောဟိတာဘုံ၊ ပဏီတစျာန်ဖြစ်အောင် ပွားများလျှင် မဟာဗြဟ္မာဘုံသို့ ရောက်ရှိပါသည်။ (စာပို၌-၇၅,၇၆,၇၇)

## ရူပါဝစရကုသိုလ် ဒုတိယစျာန်နှင့် တတိယစျာန်ကို ပွားများနည်းနှင့် ရောက်ရှိနိုင်သောဘုံများ

ရူပါဝစရကုသိုလ်ဒုတိယစျာန်နှင့် တတိယစျာန်ကို ပရိတ္တစျာန်ဖြစ်အောင် ပွားများလျှင် ပရိတ္တာဘာဘုံ၊ မဇ္ဈိမစျာန်ဖြစ်အောင် ပွားများလျှင် အပ္ပမာဏာဘာဘုံ၊ ပဏီတစျာန်ဖြစ်အောင် ပွားများလျှင် အာဘာဿရာဘုံသို့ ရောက်ရှိနိုင်ပါသည်။(စာပို၌-၇၈,၇၉,၈၀)

## စတုတ္ထစျာန်ကို ပွားများနည်းနှင့် ရောက်ရှိနိုင်သောဘုံများ

စတုတ္ထစျာန်ကို ပရိတ္တစျာန်ဖြစ်အောင် ပွားများလျှင် ပရိတ္တ

http://www.dhammadownload.com



သုဘာဘုံ၊ မဇ္ဈိမစျာန်ဖြစ်အောင် ပွားများလျှင် အပ္ပမာဏသုဘာဘုံ၊ ပဏီတစျာန်ဖြစ်အောင် ပွားများလျှင် သုဘကိဏ္ဍာဘုံသို့ ရောက်ရှိနိုင်ပါသည်။ (စာပို့ဒ်-၈၁,၈၂,၈၃)

## ပဋ္ဌမစျာန်ကို ပွားများနည်းနှင့် ရောက်ရှိနိုင်သောဘုံများ

ပဋ္ဌမစျာန်ကို ပွားများလျှင် ဝေဟပ္ဖိုလ်ဘုံ၊ ထိုပဋ္ဌမစျာန်ကိုပင် သညာဋ္ဌ စက်ဆုပ်အောင် ပွားများလျှင် အသညသတ်ဘုံ၊ ပဋ္ဌမစျာန်ရပြီးသော အနာဂါမ်ပုဂ္ဂိုလ်များ သုဒ္ဓါဝါသငါးဘုံသို့ ရောက်ရှိနိုင်ပါသည်။ (စာပို့ဒ်-၈၄,၈၅,၈၆,)

## အရူပကံ၏ အကျိုးပေးရာဘုံ

အာကာသာနဉ္စာယတနကုသိုလ်စျာန်ကို ပွားများလျှင် အာကာသာနဉ္စာယတနဘုံ၊ ဝိညာနဉ္စာယတနကုသိုလ်စျာန်ကို ပွားများလျှင် ဝိညာနဉ္စာယတနဘုံ၊ အာကိဉ္စညာယတန ကုသိုလ်စျာန်ကို ပွားများလျှင် အာကိဉ္စညာယတနဘုံ၊ နေဝသညာနာသညာယတနကုသိုလ်စျာန်ကို ပွားများလျှင် နေဝသညာနာသညာယတနဘုံသို့ ရောက်ရှိနိုင်ပါသည်။

## ကာမာဝစရက်, မဟဂ္ဂုတ်က်တို့၏ အကျိုးပေး ထူးခြားဟန်

၁။ အကုသိုလ်က်သည် မတူသောအကျိုး တစ်မျိုးကိုသာ ပေးနိုင်၏။

၂။ ကာမာဝစရကုသိုလ်က်သည် တူသောအကျိုး, မတူသော အကျိုး နှစ်မျိုးလုံးကို ပေးနိုင်၏။

၃။ မဟဂ္ဂုတ်ကုသိုလ်က်သည် တူသောအကျိုး တစ်မျိုးကိုသာ ပေးနိုင်၏။

http://www.dhammadownload.com



**ဒုစရိုက်(၁၀)ပါး၏ ဖြစ်ကြောင်းတရားပြပါဠိ**

ကမ္မစတုက္ကလာ စာပိုဒ်- ၅၈၊ ၅၉၊ ၆၀။

**အကုသိုလ်ကံ၏ ပဋိသန္ဓေ, ပဝတ္တိ အကျိုးပေးပုံပြပါဠိ**

ဇတ္ထာကုသလကမ္မမုဒ္ဓစ္စရဟိတံ (ပ) ပဋိသန္ဓိံ ဇနေတိ။
ပဝတ္တိယံ ပန သဗ္ဗမ္ပိ ဒွါဒသဝိဓံ (ပ) ယထာရဟံ ဝိပစ္စတိ။

**ကာမကုသိုလ်ကံ၏ ပဋိသန္ဓေ, ပဝတ္တိ အကျိုးပေးပုံပြပါဠိ**

ကာမာဝစရကုသလမ္ပိ ကာမသုဂတိယမေဝ ပဋိသန္ဓိံ ဇနေတိ။
တထာ ပဝတ္တိယဉ္စ မဟာဝိပါကာနိ (ပ) ဝိပစ္စတိ။

**လူတန်းစားချင်းအတူတူ တစ်မူစီ ဖြစ်ရပုံပြပါဠိ**

ကမ္မစတုက္ကလာ စာပိုဒ်- ၇၁၊ ၇၂၊ ၇၃

**သမာနဝါဒအရ တိဟိတ်ဥက္ကဋ္ဌစသည် အကျိုးပေးပုံပြပါဠိ**

ကမ္မစတုက္ကလာ စာပိုဒ်- ၇၁၊ ၇၂၊ ၇၃။

**ကေစိဝါဒအရ တိဟိတ်ဥက္ကဋ္ဌစသည် အကျိုးပေးပုံပြပါဠိ**

အသခ်ါရံ သသခ်ါရ၊ (ပ) ယထာသမ္ဘဝ မုဒ္ဒိသေ။ (၇၄ ဂါထာ)

**မဟဂ္ဂတ်ကုသိုလ်ကံ၏ အကျိုးပေးတူဟန်ပြဂါထာ**

ဣတ္ထံ မဟဂ္ဂတံ ပုညံ၊ (ပ) ပဋိသန္ဓိပဝတ္တိယံ။ (၈၈ ဂါထာ)
ပဋိသန္ဓိစတုက္က ပြီး၏။

❐❐❐❐❐

http://www.dhammadownload.com



# စုတိပဋိသန္ဓိကဏ္ဍ

## သေခြင်း (၄)ပါး

### (သတ္တဝါတို့ သေနေ့လေးနေ့)

၁။ အသက်တမ်းကုန်ခြင်းကြောင့် စုတေရခြင်း။
၂။ ကံစွမ်းကုန်ခြင်းကြောင့် စုတေရခြင်း။
၃။ အသက်တမ်း,ကံစွမ်း နှစ်ပါးစုံ ကုန်ခြင်းကြောင့် စုတေရခြင်း။
၄။ ကပ်၍ဖြတ်တတ်သောကံဆိုး တစ်မျိုးမျိုးကြောင့် စုတေရခြင်း။

### သေခြင်း၏ အကြောင်းလေးပါးနှင့် ဥပမာ

သတ္တဝါများသည် အထက်ပါအကြောင်းလေးပါးကြောင့် သေရသလို ဆီမီးငြိမ်းခြင်းမှာလည်း (၁)ဆီကုန်ခြင်း၊ (၂)မီးစာကုန်ခြင်း၊ (၃)ဆီနှင့်မီးစာ နှစ်မျိုးလုံးကုန်ခြင်း၊ (၄)လေပြင်းတိုက်ခတ်ခြင်း, တမင်ငြိမ်းသတ်ခြင်းအားဖြင့် အကြောင်းလေးပါး ရှိပါသည်။

၁။ အသက်တမ်းကုန်၍ သေရခြင်းသည် ဆီကုန်၍ မီးငြိမ်းခြင်းနှင့် တူပါသည်။
၂။ ကံစွမ်းကုန်၍ သေရခြင်းသည် မီးစာကုန်၍ မီးငြိမ်းခြင်းနှင့် တူပါသည်။
၃။ အသက်တမ်း,ကံစွမ်း နှစ်ပါးစုံကုန်၍ သေရခြင်းသည် ဆီနှင့်မီးစာနှစ်မျိုးကုန်၍ မီးငြိမ်းခြင်းနှင့် တူပါသည်။
၄။ အသက်တမ်း, ကံစွမ်းရှိသေးသော်လည်း သူတစ်ပါးတို့၏ လက်ချက်, ရောဂါဆိုးတစ်မျိုးမျိုး နှိပ်စက်၍ သေရခြင်းသည် လေပြင်းတိုက်ခတ်ခြင်း,တမင်ငြိမ်းသတ်ခြင်းကြောင့် မီးငြိမ်းခြင်းနှင့် တူပါသည်။

* အသက်တမ်းနှင့် ကံစွမ်း နှစ်ပါးစုံကုန်၍ သေရခြင်းကို 'မီးစာကုန် ဆီခန်း' ဟုဆိုရာ ဆီ(အာယု)နှင့် မီးစာ(ကမ္မ)တို့၏ အရ

http://www.dhammadownload.com



ကို တိကျစွာ ကောက်ပြပါ။

ဆီ(အာယု)အရ ဇီဝိတရုပ်နှင့် ဇီဝိတရုပ်၏ တည်ရာအပိုင်း အခြားဖြစ်သော အသက်ရုပါသည်။

မီးစာ(ကမ္မ)အရ ဇနကကံနှင့် ဥပတ္ထမ္ဘကကံတို့ ရုပါသည်။

## စုတေခါနီးအခါ အာရုံနိမိတ်ထင်လာပုံ

၁။ ကုသိုလ်, အကုသိုလ် ဇနကကံများကို 'ကံ'ဟု ခေါ်ပါသည်။

၂။ ကုသိုလ်ကံမြောက်ကြောင်းဖြစ်သော ကျောင်း, ကန်, ဘုရား, စေတီစသော အလှူဝတ္ထု, အလှူခံပုဂ္ဂိုလ်, ဆွမ်း, သင်္ကန်း, ထီးစသည်ကိုလည်းကောင်း၊ အကုသိုလ်ကံမြောက်ကြောင်း ဖြစ်သော သတ်အပ်သောသတ္တဝါ, ခိုးအပ်သောပစ္စည်းဝတ္ထု, လက်နက်,လေး,မြား,လုံ,ဓား,တုတ်စသည်ကိုလည်းကောင်း 'ကမ္မနိမိတ်'ဟု ခေါ်ပါသည်။

၃။ လားရာဂတိ၌ ရအပ်, ခံစားအပ်သော အမိဝမ်းရေ နတ်သမီး ဘုံဗိမာန်စသည်ကိုလည်းကောင်း (သုဂတိလားမည့်သူအတွက်)၊ ငရဲအိုး,ငရဲထိမ်း,ငရဲမီးလျှံ,ခွေးနက်ကြီး တော,တောင်,မြစ်ကမ်းစသည်ကို လည်းကောင်း(ဒုဂ္ဂတိလားမည့်သူအတွက်) 'ဂတိနိမိတ်'ဟု ခေါ်ပါသည်။

ထိုကံ,ကမ္မနိမိတ်,ဂတိနိမိတ်များ ထင်လာမှုသည် အကျိုးပေးမည့် ကုသိုလ်ကံ, အကုသိုလ်ကံ၏ အစွမ်းကြောင့် ထင်လာရပါသည်။ (ကမ္မဗလေန ဆန္နံ ဒွါရာနံ အညတရသ္မိံ ပစ္စုပဋ္ဌာတိ။)

## လူသားတို့သေခါနီး ဂတိနိမိတ်ထင်ပုံ အသီးသီး

၁။ လူပြန်ဖြစ်မည့်သူအား ကမ္မလာနီ အဆင်းရှိသော အမိဝမ်းရေ ထင်လာပါသည်။

http://www.dhammadownload.com



၂။ နတ်ပြည်ရောက်မည့်သူအား နတ်သမီး, နတ်သား, ဥယျာဉ်, ဗိမာန်, ပဒေသာပင်စသည်တို့ ထင်လာပါသည်။

၃။ အပါယ်ကျမည့်သူအား ခွေးနက်ကြီး, ငရဲအိုး, ငရဲမီး, ငရဲထိန်းစသည်တို့ ထင်လာပါသည်။

* သေခါနီး၌ နိမိတ်များ ထင်လာခြင်းသည် ဝေဒနာပြင်းထန်ခြင်းကြောင့် ဟုတ်/မဟုတ် သာဓကဖြင့် ရှင်းပြပါ။

သေခါနီး၌ နိမိတ်များ ထင်လာခြင်းသည် ပဋိသန္ဓေအကျိုးကို ပေးမည့်ကံ၏ အစွမ်းကြောင့်သာ ဖြစ်ပါသည်။ ဝေဒနာပြင်းထန်ခြင်းကြောင့် မဟုတ်ပါ။

**သာဓက**– ကမ္မဗလေန ဆန္နံ ဒွါရာနံ အညတရသ္မိံ ပစ္စုပဋ္ဌာတိ။

## ကမ္မနိမိတ်အပြား (၂)ပါး

၁။ **ဥပလဒ္ဓပုဗ္ဗကမ္မနိမိတ်**– ကံနှင့်ဆက်စပ်၍ တိုက်ရိုက်ရအပ်ဘူးသော ပဓာနအာရုံ။

၂။ **ဥပကရဏဘူတကမ္မနိမိတ်**– ကံပြီးမြောက်ဖို့ရာ အခြံအရံများသာဖြစ်သော အပဓာနအာရုံ။

## ဂတိနိမိတ်အပြား (၂)ပါး

၁။ **ဥပလဘိတပုဗ္ဗဂတိနိမိတ်**– တိုက်ရိုက်ရောက်ထိုက်သောအရပ်။

၂။ **ဥပဘောဂဘူတဂတိနိမိတ်**– ထိုထိုဂတိ၌ တွေ့ကြုံရမည့် အတွင်းအပ အသုံးအဆောင် အခြံအရံများ။

## စုတေခါနီး အာရုံများထင်လာသောအခါ စိတ်အစဉ် ဖြစ်ပုံ

စုတေခါနီး အာရုံများထင်လာသောအခါ ကုသိုလ်ကံအကျိုးပေး

http://www.dhammadownload.com



တော့မည်ဖြစ်လျှင် ဖြူစင်ကြည်လင်သော ကုသိုလ်စိတ်အစဉ် ဖြစ်နေပါသည်။ အကုသိုလ်ကံက အကျိုးပေးတော့မည်ဖြစ်လျှင် ညစ်နွမ်းသော မကြည်လင်သော အကုသိုလ်စိတ်အစဉ် ဖြစ်နေပါသည်။

## (တစ်နည်း) ကံအာရုံ ထင်ပုံ

ပဋိသန္ဓေ အကျိုးကိုပေးမည့် ရှေးကပြုခဲ့ဘူးသော ကံသည်ပင် မိမိကို အသစ်ပြုခြင်း၏အစွမ်းဖြင့် မနောဒွါရ၌ ထင်လာပါသည်။

**မရဏာသန္နဝီထိ(၄)မျိုးကို ပါဠိထောက်၍ ကောက်ပုံ**

**ဝီထိစိတ္တာဝသာနေ ဝါ** ပါဠိကို ထောက်၍–

၁။ ဇောနောင် စုတိကျသော မရဏာသန္နဝီထိ။

၂။ တဒါရုံနောင် စုတိကျသော မရဏာသန္နဝီထိ။

**ဘဝင်္ဂယေ ဝါ** ပါဠိကို ထောက်၍–

၃။ ဇော,ဘဝင်နောင် စုတိကျသော မရဏာသန္နဝီထိ။

၄။ တဒါရုံ,ဘဝင်နောင် စုတိကျသော မရဏာသန္နဝီထိ။

**မှတ်ချက်။** ။ ထိုလေးဝီထိတွင် ကာမဘုံမှစုတေ၍ ကာမဘုံ၌ ပြန်ဖြစ်မည့်ပုဂ္ဂိုလ်မှာ လေးဝီထိလုံးပင် ရပါသည်။ ကာမဘုံမှစုတေ၍ ဗြဟ္မာ့ပြည်သို့ သွားရမည့်သူ, ဗြဟ္မာ့ဘုံ အချင်းချင်းသွားမည့်သူ, ဗြဟ္မာ့ဘုံမှ ကာမဘုံသို့ လာမည့်သူတို့၌ တဒါရုံနောင် စုတိကျ, တဒါရုံ,ဘဝင်နောင် စုတိကျသော နှစ်ဝီထိ မရနိုင်ပါ။

* အဘယ်စိတ်များနောင် စုတိစိတ် ဖြစ်နိုင်ပါသနည်း? သာဓကပြ ဖြေဆိုပါ။

ဇောစိတ်, တဒါရုံစိတ်, ဘဝင်စိတ်များနောင်သာ စုတိစိတ် ဖြစ်နိုင်ပါသည်။

**သာဓက**– တဿ ဝီထိစိတ္တာဝသာနေ (ပ) ဥပ္ပဇ္ဇိတ္ထာ နိရုဇ္ဈတိ။

http://www.dhammadownload.com



## စုတိစိတ် ခေါ်ပုံ

ပစ္စုပ္ပန်ဘဝ၏ အဆုံးဖြစ်သောစိတ်ကို 'စုတိစိတ်'ဟု ခေါ်ပါသည်။

**သာဓက**– ပစ္စုပ္ပန္နဘဝပရိယောသာနဘူတံ စုတိစိတ္တံ (ပ) နိရုဇ္ဈတိ။

## ပဋိသန္ဓေစိတ် ဖြစ်ပုံ

ပစ္စုပ္ပန်ဘဝ၏နောက်ဆုံးဖြစ်သော စုတိစိတ်ချုပ်သည်၏ အဆုံးမှာပင် ကာလမခြားဘဲ ပဋိသန္ဓေစိတ်သည် ဥပါဒ်လျှင်ဥပါဒ်ချင်း ဘဝသစ်၌ တည်ပါသည်။

* 'သေပြီးနောက် (၇)ရက်ကြာမှ အိမ်ပေါ်က ဆင်း၏'ဆို စကား၊ 'သေပြီးနောက် အကြား၌ ယာယီတစ်ဘဝနေပြီးမှ ပဋိသန္ဓေ နေ၏'ဆိုစကား၊ 'သေတစ်နေ့ မွေးတစ်နေ့'ဆိုစကားများ မှန်/မမှန် သာဓကဖြင့် ရှင်းပြပါ။

စုတိစိတ်အဆုံးသတ် ချုပ်ပြီးသည်၏ အခြားမဲ့၌ ကာလမခြားဘဲ ပဋိသန္ဓေစိတ် ဆက်ဖြစ်သောကြောင့် အထက်ပါ ဆိုစကားများ မမှန်ပါ။ **သာဓက**– တသ္မိံ နိရုဒ္ဓါဝသာနေ တဿာ နန္တရမေဝ။

## ပဋိသန္ဓေစိတ်၏ အာရုံ

ပဋိသန္ဓေစိတ်သည် မစုတေမီ ရှေ့အဖို့က မရဏာသန္နဇော ယူအပ်ခဲ့သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုပါသည်။

**သာဓက**– တထာဂဟိတံ အာရမ္မဏံ အာရဗ္ဘ။

* ဘဝသစ်၌ ပဋိသန္ဓေနေသောပုဂ္ဂိုလ်၏ ပဋိသန္ဓေစိတ်သည် အတိတ်ဘဝက မရဏာသန္နဇောနှင့် အာရုံတူသလော, စုတိစိတ်နှင့် အာရုံတူသလော? သာဓကဖြင့် ရှင်းပြပါ။

http://www.dhammadownload.com



ပဋိသန္ဓေစိတ်သည် မစုတေမီ အတိတ်ဘဝက မရဏာသန္နဇောနှင့် အာရုံတူပါသည်။

**သာဓက**– တထာဂတိတံ အာရမ္မဏံ အာရဗ္ဘ။

* သဝတ္ထုကအရ– ကာမဘုံနှင့် ရူပဘုံ ရပါသည်။
* အဝတ္ထုကအရ– အရူပဘုံ ရပါသည်။

## ပဋိသန္ဓေစိတ်များ၏ မှီရာဝတ္ထု

ကာမဘုံ, ရူပဘုံဖြစ်လျှင် ပဋိသန္ဓေစိတ်သည် ဟဒယဝတ္ထုရုပ်ကို မှီပါသည်။ အရူပဘုံဖြစ်လျှင် ပဋိသန္ဓေစိတ်သည် ဟဒယဝတ္ထုရုပ်ကို မမှီပါ။ **သာဓက**– သဝတ္ထုကံ, အဝတ္ထုကမေဝ ဝါ။

* 'သတ္တဝါများကို တန်ခိုးကြီးမား နတ်ဘုရားများ, ဗြဟ္မာများက ဖန်ဆင်းပေးသည်'ဆိုစကား မှန်/မမှန် သာဓကဖြင့် ရှင်းပြပါ။

ပဋိသန္ဓေစိတ်သည် ရှေးရှေးကပြုခဲ့သော ကုသိုလ်ကံ, အကုသိုလ်ကံဟူသော သခ်ါရကြောင့် ဖြစ်ပေါ်လာရသောကြောင့် အထက်ပါဆိုစကား မမှန်ပါ။ **သာဓက**– သခ်ါရေန ဇနိယမာနံ။

* 'ကံသာအမိ,ကံသာအဖ'ဟု ပြောဆိုစကား မမှားကြောင်းကို အဘိဓမ္မာဉာဏ် သာဓကမှန်ဖြင့် ရှင်းပြပါ။

'သခ်ါရေန ဇနိယမာနံ'ဟူသောသင်္ဂဟပါဠိအရ ဘဝတစ်ခု၏ အစဖြစ်သော ပဋိသန္ဓေစိတ်ကို ကုသိုလ်ကံ,အကုသိုလ်ကံက ဖြစ်စေသောကြောင့် 'ကံသာအမိ,ကံသာအဖ'ဟု ပြောဆိုစကား မမှားကြောင်း သိရပါသည်။

* ကုသိုလ်ကံ, အကုသိုလ်ကံချည်း သုဂတိ, ဒုဂ္ဂတိဘုံဘဝသို့ ပို့ဆောင်နိုင်/မပို့ဆောင်နိုင် သာဓကဖြင့် ရှင်းပြပါ။

http://www.dhammadownload.com



ကုသိုလ်ကံပဲဖြစ်ဖြစ်, အကသိုလ်ကံပဲဖြစ်ဖြစ် အဝိဇ္ဇာနုသယ-အခြံအရံ, တဏှာနုသယ-အရင်းခံ အကြောင်းပါမှသာ သုဂတိ, ဒုဂ္ဂတိဘုံဘဝသို့ ပို့ဆောင်နိုင်ပါသည်။

**သာဓက**- အဝိဇ္ဇာနုသယပရိဂ္ဂါတ္တေန (ပ) သခ်ါရေန ဇနိယမာနံ။

## သခ်ါရ၏ အခြံအရံနှင့် အရင်းခံတရား

သခ်ါရ၏ အခြံအရံတရားကား- အဝိဇ္ဇာနုသယ (မောဟ) ဖြစ်ပါသည်။

သခ်ါရ၏ အရင်းခံတရားကား- တဏှာနုသယ (လောဘ) ဖြစ်ပါသည်။

* 'ပဋိသန္ဓေစိတ် ဖြစ်သည့်အခါ တစ်ပါးတည်းဖြစ်၏'ဟူသော စကား မှန်/မမှန် သာဓကဖြင့် ရှင်းပြပါ။

ပဋိသန္ဓေစိတ်သည် တစ်ပါးတည်းမဖြစ်ဘဲ ယှဉ်ဖက် ဖဿ, ဝေဒနာစသော သမ္မယုတ်များခြံရုံလျက် ဖြစ်သောကြောင့် အထက်ပါဆိုစကား မမှန်ပါ။ **သာဓက**-သမ္မယုတ္တေဟိ ပရိဂ္ဂယှမာနံ။

* 'မနောပုဗ္ဗင်္ဂမာ ဓမ္မာ- စိတ်သာလျှင် ရှေ့သွားခေါင်းဆောင်ရှိ၏'ဆိုစကား မှန်/မမှန် သာဓကဖြင့် ရှင်းပြပါ။

ပဋိသန္ဓေစိတ်သည် တကွဖြစ်ဖက်တရားတို့၏ တည်ရာဖြစ်၍ ရှေ့သွားခေါင်းဆောင် ဖြစ်သောကြောင့် အထက်ပါ ဆိုစကား မှန်ပါသည်။

**သာဓက**- သဟဇာတာန မဓိဋ္ဌာနဘာဝေန ပုဗ္ဗင်္ဂမဘူတံ။

## ပဋိသန္ဓေစိတ် ခေါ်ပုံ

ဘဝဟောင်းအပြတ်တွင် ဘဝသစ်ကို ဆက်စပ်ပေးတတ်သော

http://www.dhammadownload.com



ကြောင့် 'ပဋိသန္ဓေစိတ်'ဟု ခေါ်ပါသည်။

**သာဓက**– ဘဝန္တရပဋိသန္ဓာနဝသေန ပဋိသန္ဓိသခ်ိတံ မာနသံ။

* 'လူသေလျှင် ဘဝပြတ်သည်၊ လူ့ဘဝသည် ပုခက်နှင့် အခေါင်းကြားသာ ဖြစ်သည်'ဆိုစကားများ မှန်/မမှန် သာဓကဖြင့် ရှင်းပြပါ။

ပဋိသန္ဓေစိတ်သည် ဘဝဟောင်းအပြတ်တွင် ဘဝသစ်ကို ဆက်စပ်ပေးတတ်သောကြောင့် အထက်ပါ ဆိုစကားများ မမှန်ပါ။

**သာဓက**– ဘဝန္တရ ပဋိသန္ဓာနဝသေန ပဋိသန္ဓိသခ်ိတံ မာနသံ။

* 'လောက်လမ်းသဖွယ် ဝိညာဉ်တွယ်'ဆိုစကားနှင့် 'ပဋိသန္ဓေစိတ်သည် ဘဝဟောင်းမှာ ဥပါဒ်ခဲ့၍ ဌီအခိုက်ကျမှ ဘဝသစ်၌ တည်၏'ဆိုစကားများ မှန်/မမှန် သာဓကဖြင့် ရှင်းပြပါ။

ပဋိသန္ဓေစိတ်သည် ဥပါဒ်လျှင် ဥပါဒ်ချင်း ဘဝသစ်၌ တည် (ဖြစ်)သောကြောင့် အထက်ပါ ဆိုစကားများ မမှန်ပါ။

**သာဓက**– ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ။

## ပဋိသန္ဓေဝိညာဏ်နှင့်စပ်၍ အယူအဆ မမှားစေရန်

ပဋိသန္ဓေဝိညာဏ်နှင့်စပ်၍ 'ရှေးဘဝကဖြစ်သော ရုပ်နာမ်သည် ပင် ဘဝသစ်သို့ ဆက်လက်ပါလာ၏'ဟုယူက သဿတဒိဋ္ဌိဘက်သို့ သက်ဝင်နိုင်၏။ 'ရှေးဘဝကဖြစ်သော ရုပ်နာမ်ဟူသမျှနှင့် လုံးဝ အဆက်အသွယ် မရှိ'ဟုယူက ဥစ္ဆေဒဒိဋ္ဌိဘက်သို့ သက်ဝင်နိုင်၏။ ထိုဒိဋ္ဌိနှစ်မျိုးမှ ကင်းလွတ်အောင် 'ရှေးဘဝက အကြောင်းနှင့်လည်းမကင်း, တိုက်ရိုက်ပါလာခြင်းလည်း မရှိ'ဟုသာ ယူရာ၏။

ထို့ကြောင့် ဘဝသစ်၌ ပဋိသန္ဓေဝိညာဏ်သည် ဘဝဟောင်းက ရုပ်နာမ်များ တိုက်ရိုက်ပြောင်းရွှေ့လာခြင်းလည်းမဟုတ်, အဝိဇ္ဇာ,

http://www.dhammadownload.com



တဏှာ, သခ်ါရတို့ ဝိုင်းဝန်းစီမံကြသဖြင့် ပဋိသန္ဓေဝိညာဏ် ဖြစ်ပေါ်လာရကား ဘဝဟောင်းက အကြောင်းများနှင့်လည်း မကင်းနိုင်ကြပါ။

ဥပမာအားဖြင့် တောင်အနီး၌ ဟစ်အော်သောအသံသည် တောင်နံရံကို ထိခိုက်မိသောအခါ 'ပဲ့တင်သံ' ထွက်ပေါ်လာ၏။ ထိုပဲ့တင်သံသည် မူလအော်သံလည်းမဟုတ်, မူလအော်သံနှင့်လည်း မကင်းသကဲ့သို့ ထို့အတူ ပဋိသန္ဓေဝိညာဏ်သည် ဘဝဟောင်းက ရုပ်နာမ်အဆက်လည်းမဟုတ်, ဘဝဟောင်းက အဝိဇ္ဇာ, တဏှာ, သခ်ါရ အကြောင်းများနှင့်လည်း မကင်းနိုင်ပါ။

(အရိပ်, ဆီမီး, တံဆိပ် ဥပမာတို့ကိုလည်း နည်းမှီသိပါ။)

**[ဆောင်]** ပဲ့တင်သံ,အရိပ်၊ မီး,တံဆိပ်၊ ခပ်နှိပ်သန္ဓေ တူပေသည်။

## စုတေခါနီး၌ ဇောဝါးကြိမ်သာ စောရခြင်း အကြောင်း

စုတေခါနီးအခါ၌ ဖြစ်သောဇောများသည် အဟုန်မပြင်းသောကြောင့် ဝါးကြိမ်သာ စောပါသည်။

**သာဓက**– မရဏာသန္နဝီထိယံ ပနေတ္ထ (ပ) ပါဠိကခ်ီတဗ္ဗာ။

## ပဋိသန္ဓေစိတ်, ဘဝင်စိတ်များ ပစ္စုပ္ပန်အာရုံကိုပင် အာရုံပြုပုံ

မရဏာသန္နဝီထိ၌ ဇောဝါးကြိမ်စောခြင်းကြောင့် ပစ္စုပ္ပန်အာရုံများ ထင်ရှားရှိနေစဉ် စုတေခဲ့သော် ပဋိသန္ဓေ, ဘဝင်စိတ်တို့သည်လည်း မချုပ်သေးသော ပစ္စုပ္ပန်အာရုံကိုပင် ဆက်လက်အာရုံပြုပါသည်။

**သာဓက**– တသ္မာ ယဒိ ပစ္စုပ္ပန္နာရမ္မဏေသု (ပ) လဗ္ဘတိ။

http://www.dhammadownload.com



## ပဋ္ဌာန်းရ မရဏာသန္နဝိထိ

| ဘဝဟောင်း မရဏာသန္နဝိထိ | ဘဝသစ် ပဋိသန္ဓေဝိထိ |
|---|---|
| တီ, နံ, ဒ, ပ, စ, သံ, ဏ, ဝု, ဧ-၅, တ, တ, ဘ, စု | ပ, ဘ-၁၅/၁၆, မ, ဧ-၇, ဘ, ဘ |
| တီ, နံ, ဒ, ပ, စ, သံ, ဏ, ဝု, ဧ-၅, တ, တ, စု | ပ, ဘ-၁၅/၁၆, မ, ဧ-၇, ဘ, ဘ |
| တီ, နံ, ဒ, ပ, စ, သံ, ဏ, ဝု, ဧ-၅, ဘ, စု | ပ, ဘ-၁၅/၁၆, မ, ဧ-၇, ဘ, ဘ |
| တီ, နံ, ဒ, ပ, စ, သံ, ဏ, ဝု, ဧ-၅, စု | ပ, ဘ-၁၅/၁၆, မ, ဧ-၇, ဘ, ဘ |

## မနောဒ္ဓါရ မရဏာသန္နဝိထိ

| ဘဝဟောင်း မရဏာသန္နဝိထိ | ဘဝသစ် ပဋိသန္ဓေဝိထိ |
|---|---|
| နံ, ဒ, မ, ဧ-၅, တ, တ, ဘ, စု | ပ, ဘ-၁၅/၁၆, မ, ဧ-၇, ဘ, ဘ |
| နံ, ဒ, မ, ဧ-၅, တ, တ, စု | ပ, ဘ-၁၅/၁၆, မ, ဧ-၇, ဘ, ဘ |
| နံ, ဒ, မ, ဧ-၅, ဘ, စု | ပ, ဘ-၁၅/၁၆, မ, ဧ-၇, ဘ, ဘ |
| နံ, ဒ, မ, ဧ-၅, စု | ပ, ဘ-၁၅/၁၆, မ, ဧ-၇, ဘ, ဘ |

**ဆိုရိုး** တဒါရုံ,ဘဝင်နောင်စုတိကျသော ပဋ္ဌာန်းရ မရဏာသန္နဝိထိ ဖြစ်ဟန်ကား– ဆွေမျိုးစသည်တို့က ယူဆောင်ပြ၍သော်လည်းကောင်း၊ မိမိအလိုလျောက်သော်လည်းကောင်း ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှု အတူ ဥပါဒ်ကြသည်မှစ၍ --- (ပ)-- ဝုဋ္ဌော, မရဏာသန္နဇော ငါးကြိမ်၊ တဒါရုံနှစ်ကြိမ်၊ ဘဝင်ဖြစ်ပြီးနောက် စုတိကျ၏။

ထိုစုတိစိတ်ချုပ်သည်ရှိသော် စုတိစိတ်၏အခြားမဲ့၌ ဘဝနှစ်ပါးကို တစ်စပ်တည်းကဲ့သို့ ဆက်စပ်တတ်သော ပဋိသန္ဓေ, ဘဝင်(၁၅) ချက်/၁၆–ချက်, မနောဒ္ဓါရာဝဇ္ဇန်း, ဘဝနိကန္တိက လောဘဇော(၇)ကြိမ်၊ ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

* 'လုံထမ်းလာတာ မြင်သည်၊ ကံထမ်းလာတာ မမြင်'ဟူသော စကား မှန်/မမှန် သာဓကဖြင့် ရှင်းပြပါ။

ကံအာရုံသည် အတိတ်သာဖြစ်၏။ ထိုအတိတ်ကံကိုလည်း မနောဒ္ဓါရ(စိတ်)ဖြင့်သာ ယူနိုင်၍ စက္ခုဒ္ဓါရ(မျက်စိ)ဖြင့် ယူနိုင်သော

http://www.dhammadownload.com



အရာ မဟုတ်သောကြောင့် 'လုံထမ်းလာတာ မြင်သည်၊ ကံထမ်းလာတာ မမြင်'ဟူသောစကား မှန်ပါသည်။

**သာဓက**– ကမ္မံ ပန အတီတမေဝ၊ တဋ္ဌ မနောဒ္ဓါရဂ္ဂဟိတံ။

## ကာမပဋိသန္ဓေစိတ်၏ အာရုံကို ဒ္ဓါရ,ကာလ,အာရုံအားဖြင့် ခွဲပုံ

| နိမိတ် | ဒ္ဓါရ | ကာလ | အာရုံ |
|---|---|---|---|
| ကံ | မနောဒ္ဓါရ | အတိတ် | ဓမ္မာရုံ |
| ကမ္မနိမိတ် | ဆဒ္ဓါရ | အတိတ်, ပစ္စုပ္ပန် | ပညတ်, အာရုံဖပါး |
| ဂတိနိမိတ် | မနောဒ္ဓါရ | ပစ္စုပ္ပန် | ရူပါရုံ |

**[ဆောင်]** ၁။ မနောဒ္ဓါရ၊ အတီတနှင့်၊ ဓမ္မအာရုံ၊ ကံနှင့်ကြုံ၏။

၂။ တစ်ဖုံကမ္မ၊ နိမိတ္တကား၊ ဆဒ္ဓါရမှန်၊ ပစ္စုပ္ပန်တည်း၊
တီတံကာလ၊ အာရုံ ဆနှင့်၊ တဝမှတ်သိ၊ ပညတ္တိတည်း။

၃။ ဂတိသဘော၊ မနောဒ္ဓါရံ၊ ပစ္စုပ္ပန်နှင့်၊ ရူပံ အာရုံ၊
ပြုဖို့ကြုံသည်၊ လုံးစုံမှတ်ဖို့ အချက်တည်း။

* ကာမပဋိသန္ဓေအာရုံ၏ တရားကိုယ်ကို သာဓကပြဖြေဆိုပါ။ ကာမတရားများသာ ဖြစ်ပါသည်။

**သာဓက**– တာနိ ပန သဗ္ဗာနိပိ ပရိတ္တဓမ္မဘူတာနေဝါရမ္မဏာနိ။

## ပဋိသန္ဓေစိတ်နှင့် အာရုံ တွဲစပ်ပုံ

ကာမပဋိသန္ဓေစိတ်၏ အာရုံကား– ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ကို အာရုံပြုပါသည်။

ရူပပဋိသန္ဓေစိတ်၏ အာရုံကား– ပညတ်ဖြစ်သော ကမ္မနိမိတ်ကို အာရုံပြုပါသည်။

အရူပပဋိသန္ဓေစိတ်၏ အာရုံကား– မဟဂ္ဂုတ်ဖြစ်သော ကမ္မ

http://www.dhammadownload.com



နိမိတ်နှင့် ပညတ်ဖြစ်သော ကမ္မနိမိတ်ကို အာရုံပြုပါသည်။

## အရူပပဋိသန္ဓေစိတ်(၄)ပါး၏ အာရုံ (အကျယ်)

၁။ အာကာသာနဉ္စာယတနပဋိသန္ဓေစိတ်သည် ကောင်းကင်ပညတ်ဟူသော ကမ္မနိမိတ်ကို အာရုံပြုပါသည်။

၂။ ဝိညာနဉ္စာယတန ပဋိသန္ဓေစိတ်သည် ပထမာရုပ္ပဝိညာဏ်ဟူသော မဟဂ္ဂုတ်ဖြစ်သော ကမ္မနိမိတ်ကို အာရုံပြုပါသည်။

၃။ အာကိဉ္စညာယတန ပဋိသန္ဓေစိတ်သည် နတ္ထိဘောပညတ်ဟူသော ကမ္မနိမိတ်ကို အာရုံပြုပါသည်။

၄။ နေဝသညာနာသညာယတန ပဋိသန္ဓေစိတ်သည် တတိယာရုပ္ပဝိညာဏ်ဟူသော မဟဂ္ဂုတ်ဖြစ်သော ကမ္မနိမိတ်ကို အာရုံပြုပါသည်။

* ဧကဝေါကာရ (ရုပ်ခန္ဓာ တစ်ပါးသာရှိသော) ဘုံကား– အသညသတ်ဘုံ ဖြစ်ပါသည်။

* စတုဝေါကာရ (နာမ်ခန္ဓာ လေးပါးသာရှိသော)ဘုံကား– အရူပ(၄)ဘုံ ဖြစ်ပါသည်။

* ပဉ္စဝေါကာရ(ခန္ဓာငါးပါးလုံးရှိသော)ဘုံကား– ကာမ(၁၁)ဘုံ၊ အသညသတ်ကြဉ်သော ရူပ(၁၅)ဘုံ၊ ပေါင်း(၂၆)ဘုံ ဖြစ်ပါသည်။

* အခြားသောဘုံတို့၌ လူ့ဘုံကဲ့သို့ ရုပ်နာမ်အစုံ ရှိ၏–ဟု မှတ်ရမည်လော, အဘယ်ကဲ့သို့ မှတ်ရမည်နည်း? သာဓကဖြင့် ရှင်းပြပါ။

အသညသတ်ကြဉ်သော ရူပ(၁၅)ဘုံ၌ ရုပ်နာမ်အစုံ ရှိပါသည်။
အသညသတ်ဘုံ၌ ရုပ်သာရှိပါသည်။

http://www.dhammadownload.com



အရူပ(၄)ဘုံ၌ နာမ်သာရှိပါသည်။

**သာဓက**– အသညသတ္တာနံ ပန (ပ) တသ္မာ တေ ရူပပဋိသန္ဓိကာ။ အာရုပ္ပါ အရူပပဋိသန္ဓိကာ။ သေသာ ရူပါရူပပဋိသန္ဓိကာ။

## ရုပ်ဘဝင်နှင့် နာမ်ဘဝင် အရ

ရုပ်ဘဝင်ဟူသည်– အသညသတ်ဗြဟ္မာကြီး၏ သန္တာန်၌ဖြစ်သော ဇီဝိတနဝက ကလာပ်ရုပ် ဖြစ်ပါသည်။

နာမ်ဘဝင်ဟူသည်– ဥပေက္ခာသန္တီရဏ(၂)ပါး၊ မဟာဝိပါက်(၈)ပါး၊ မဟဂ္ဂုတ်ဝိပါက်(၉)ပါး၊ ပေါင်း(၁၉)ပါး ဖြစ်ပါသည်။

## စုတိနောင် ပဋိသန္ဓေဖြစ်ပုံ (ဂါထာ)

၁။ အရူပ(ဝိပါက်)စုတိ(၄)ခုနောင် အောက်အောက် အရူပပဋိသန္ဓေ ကြဉ်သော အရူပ ပဋိသန္ဓေ(၄)ခု၊ ကာမတိဟိတ် ပဋိသန္ဓေ(၄)ခု၊ ပေါင်း(၈)ခု နောင်း၏။

၂။ ရူပ(ဝိပါက်)စုတိ(၅)ပါးနောင် မဟာဝိပါက် ပဋိသန္ဓေ(၈)ခု၊ ရူပ ပဋိသန္ဓေ(၅)ခု၊ အရူပပဋိသန္ဓေ(၄)ခုအားဖြင့် သဟိတ်ပဋိသန္ဓေ (၁၇)ခု နောင်း၏။

၃။ အသညသတ် (ဇီဝိတနဝကကလာပ်)စုတိနောင် မဟာဝိပါက် ပဋိသန္ဓေ(၈)ခု နောင်း၏။

**(အသညသတ်ဘုံ၊ စုတိတုံက၊ ကာမတိဟိတ်၊ ဒွိဟိတ်သန္ဓေ၊ ရှစ်ခုနေ၏)**

၄။ ကာမတိဟိတ် (မဟာဝိပါက် ဉာဏသမ္မယုတ်) စုတိ(၄)ခုနောင် ကာမပဋိသန္ဓေ(၁၀)ခု၊ ရူပပဋိသန္ဓေ(၅)ခု၊ အရူပပဋိသန္ဓေ(၄)ခု၊ အသညသတ်ရုပ်ပဋိသန္ဓေ (၁)ခု၊ ပေါင်း(၂၀)နောင်း၏။

၅။ ကာမအဟိတ် (ဥပေက္ခာသန္တီရဏ)စုတိ(၂)ခု၊ ဒွိဟိတ်(မဟာဝိပါက် ဉာဏဝိပ္ပယုတ်) စုတိ(၄)ခုမနောင် ဥပေက္ခာသန္တီရဏ(၂)ပါး၊ မဟာဝိပါက်(၈)ပါးဟူသော ကာမပဋိသန္ဓေ(၁၀)ပါး နောင်း၏။

http://www.dhammadownload.com



## စုတိနောင် နောင်းသောပဋိသန္ဓေနှင့် ရောက်မည့်ဘုံ

| စုတိ | နောင်းသောပဋိသန္ဓေ | ရောက်မည့်ဘုံ |
|---|---|---|
| အရူပစုတိ-၄ | အရူပ၄၊ကာမတိဟိတ်၄ | အရူပ-၄ဘုံ၊ ကာမသုဂတိ-၇ဘုံ |
| ရူပစုတိ-၅ | သဟိတ်ပဋိသန္ဓေ-၁၇ | အရူပ-၄၊ ရူပ ၁၆၊ ကာမသုဂတိ-၇၊ |
| အသညသတ်စုတိ | မဟာဝိပဋိသန္ဓေ-၈ | ကာမသုဂတိ ၇-ဘုံ |
| ကာမတိဟိတ်စုတိ၄ | ပဋိသန္ဓေ-၂၀ | ၃၁-ဘုံ |
| အဟိတ်စု၂၊ ဒွိစု၄ | ကာမပဋိသန္ဓေ-၁၀ | ကာမ ၁၁-ဘုံ |

* 'ဗြဟ္မာ့ပြည်မှာ တဝင်းဝင်း ဝက်စာကျင်းမှာ တရွှဲပ်ရွှဲပ်'ဆို စကား မှန်/မမှန် သာဓကဖြင့် ရှင်းပြပါ။

အရူပစုတိနှင့် ရူပစုတိနောင် အဟိတ်ပဋိသန္ဓေ မနောင်းသော ကြောင့် ဗြဟ္မာများစုတေလျှင် တိုက်ရိုက် ဝက်မဖြစ်နိုင်သည့်အတွက် အထက်ပါဆိုစကား မမှန်ပါ။

**သာဓက-** အာရုပ္ပစုတိယာ ဟောန္တိ၊ (ပ) အဟေတုရဟိတာ သိယုံ။

* ရူပဗြဟ္မာကြီးများ စုတေလျှင် တိရစ္ဆာန် ဖြစ်နိုင်/မဖြစ်နိုင် သာဓကဖြင့် ရှင်းပြပါ။

ရူပစုတိနောင် အဟိတ်ပဋိသန္ဓေ မနောင်းသောကြောင့် ရူပ ဗြဟ္မာကြီးများ စုတေလျှင် တိရစ္ဆာန် မဖြစ်နိုင်ပါ။

**သာဓက-** ရူပါဝစရစုတိယာ၊ အဟေတု ရဟိတာ သိယုံ။

* ရူပဗြဟ္မာကြီးများ စုတေလျှင် မျက်စိကန်းသူ, နားထိုင်းသူ ဖြစ်နိုင်/မဖြစ်နိုင် သာဓကဖြင့် ရှင်းပြပါ။

ရူပစုတိနောင် အဟိတ်ပဋိသန္ဓေ မနောင်းသောကြောင့် ရူပ ဗြဟ္မာကြီးများ စုတေလျှင် မျက်စိကန်းသူ, နားထိုင်းသူ မဖြစ်နိုင်ပါ။

**သာဓက-** ရူပါဝစရစုတိယာ၊ အဟေတုရဟိတာ သိယုံ။

http://www.dhammadownload.com



* ဘုံဘဝဟူသမျှသို့ ရောက်စေနိုင်သော ဘဝပဒေသာစုတိကို သာဓကပြ ဖြေဆိုပါ။

ကာမတိဟိတ် (မဟာဝိပါက် ဉာဏသမ္ပယုတ်) စုတိ(၄)ပါး ဖြစ်ပါသည်။

**သာဓက**– သမ္မာ ကာမတိဟေတုမှာ။

* 'လူသေလျှင် လူသာဖြစ်'ဟူသောဝါဒ မှန်/မမှန် သာဓက ဖြင့် ရှင်းပြပါ။

ကာမတိဟိတ်စုတိနောင် ပဋိသန္ဓေအားလုံးနောင်း၍ (၃၁)ဘုံ လုံးသို့ ရောက်နိုင်သောကြောင့်လည်းကောင်း၊ ကာမအဟိတ်, ဒွိဟိတ် စုတိနောင် ကာမပဋိသန္ဓေ(၁၀)ပါးနောင်း၍ ကာမ(၁၁)ဘုံလုံးသို့ ရောက်နိုင်သောကြောင့်လည်းကောင်း 'လူသေလျှင် လူသာဖြစ်'ဝါဒ မမှန်ပါ။

**သာဓက**– သမ္မာ ကာမတိဟေတုမှာ၊ ကာမေသွေဝ ပနေတရာ။

* ဖားသတ္တဝါ သေလျှင် နတ်သားဖြစ်နိုင်/မဖြစ်နိုင် သာဓက ဖြင့် ရှင်းပြပါ။

အဟိတ်စုတိနောင် ကာမပဋိသန္ဓေ (၁၀)ပါးနောင်း၍ ကာမ (၁၁)ဘုံသို့ ရောက်စေနိုင်သောကြောင့် ဖားသတ္တဝါ သေလျှင် နတ်သား ဖြစ်နိုင်ပါသည်။

**သာဓက**– ကာမေသွေဝ ပနေတရာ။

* အဟိတ်လူသားနှင့် ဒွိဟိတ်လူသားများ သေလွန်သောအခါ ရောက်ရှိနိုင်သမျှ ဘုံဌာနတို့ကို သာဓကပြ ဖြေဆိုပါ။

ကာမ(၁၁)ဘုံသို့ ရောက်နိုင်ပါသည်။

**သာဓက**–ကာမေသွေဝ ပနေတရာ။

http://www.dhammadownload.com



* ရူပဗြဟ္မာ၊ အသညသတ်ဗြဟ္မာ၊ အရူပဗြဟ္မာများ စုတေသောအခါ ရောက်ရှိနိုင်သမျှ ဘုံဌာနတို့ကို ပြည့်စုံစွာ ဖော်ပြပါ။

ရူပဗြဟ္မာများ စုတေသောအခါ ကာမသုဂတိ(၇)ဘုံ၊ ရူပ(၁၆)ဘုံ၊ အရူပ(၄)ဘုံတို့သို့ ရောက်ရှိနိုင်ပါသည်။

အသညသတ်ဗြဟ္မာများ စုတေသောအခါ ကာမသုဂတိ(၇)ဘုံသို့ ရောက်ရှိနိုင်ပါသည်။

အရူပဗြဟ္မာများ စုတေသောအခါ ကာမသုဂတိ(၇)ဘုံ၊ အရူပ(၄)ဘုံတို့သို့ ရောက်ရှိနိုင်ပါသည်။

## ကာမစုတိ (၁၀)ပါးနှောင်
## နှောင်းနိုင်သောပဋိသန္ဓေနှင့် ရောက်မည့်ဘုံ

| ပုဂ္ဂိုလ် | စုတိ | နှောင်းသောပဋိသန္ဓေ | ရောက်နိုင်သောဘုံ |
|---|---|---|---|
| သု၊ဒု၊ဒွိဟိတ် | ၆ | ကာမပဋိသန္ဓေ-၁၀ | ကာမ(၁၁)ဘုံ |
| ဈာန်မရတိဟိတ် | ၄ | ကာမပဋိသန္ဓေ-၁၀ | ကာမ(၁၁)ဘုံ |
| ဈာန်ရတိဟိတ် | ၄ | မဟဂ္ဂုတ်၉၊ ရူပ် ၁ | သုဒ္ဓါကြဉ် ဗြဟ္မာ(၁၅)ဘုံ |
| ဈာန်မရ၊သော၊သက | ၄ | ကာမတိဟိတ် ၄ | ကာမသုဂတိ(၇)ဘုံ |
| ဈာန်ရ၊သော၊သက | ၄ | မဟဂ္ဂုတ်ပဋိ ၉ | သုဒ္ဓါ၊အသင်ကြဉ်ဗြဟ္မာ(၁၄)ဘုံ |
| အနာဂါမ် | ၄ | မဟဂ္ဂုတ်ပဋိ ၉ | အသညကြဉ် ဗြဟ္မာ(၁၉)ဘုံ |
| ရဟန္တာ | ၄ | မရှိ | မရှိ |

## ဘူမိသီသ(ဘုံဦးထိပ်) ၃-ပါး

၁။ ဝေဟပ္ဖိုလ်ဘုံသည် သုဒ္ဓါဝါသငါးဘုံမှတပါးသော ရူပဘုံများ၏ သီသ ဖြစ်သည်။

၂။ အကနိဋ္ဌဘုံသည် သုဒ္ဓါဝါသငါးဘုံ၏ သီသဖြစ်သည်။

၃။ နေဝသညာနာသညာယတနဘုံသည် အရူပလေးဘုံ၏သီသဖြစ်သည်။

http://www.dhammadownload.com



## ဘဝင် (၃)ပါး

၁။ ဝေဟပ္ဖိုလ်ဘုံသည် ပုထုဇ္ဇနဘဝင် မည်၏။
၂။ အကနိဋ္ဌဘုံသည် အရိယာဘဝင် မည်၏။
၃။ နေဝသညာနာသညာယတနဘုံသည် သဗ္ဗဘဝင် မည်၏။

## ရူပစုတိနောင် နောင်းနိုင်သောပဋိသန္ဓေနှင့် ရောက်မည့်ဘုံ

| ပုဂ္ဂိုလ် | စုတိ | နောင်းသောပဋိသန္ဓေ | ရောက်နိုင်သောဘုံ |
|---|---|---|---|
| ပ,ဈာန်တိဟိတ် | ၁ | သဟိတ်ပဋိ ၁၇ | အပါယ်,အသင်္ဂ,သုဒ္ဓါကြဉ် ၂၁ဘုံ |
| ပ,ဈာန်သော,သက | ၁ | မဟဂ္ဂုတ်ပဋိ ၉ | အသင်္ဂ,သုဒ္ဓါကြဉ် ဗြဟ္မာ ၁၄ဘုံ |
| ပ,ဈာန် အနာ | ၁ | မဟဂ္ဂုတ်ပဋိ ၉ | အသင်္ဂကြဉ် ဗြဟ္မာ ၁၉ဘုံ |
| ဒု,ဈာန် တိဟိတ် | ၂ | ပဈာန်ဝိကြဉ် သဟိတ် ၁၆ | ပ ဈာန်,အပါယ်, အသင်္ဂ, သုဒ္ဓါကြဉ် ၁၈ဘုံ |
| ဒု,ဈာန်သော,သက | ၂ | ပဈာန်ဝိကြဉ် မဟဂ် ၈ | ဒုဈာန် ၃၊ တတိယ ၃၊ ဝေဟပ္ဖိုလ် ၁၊ အရူ ၄၊ |
| ဒု,ဈာန် အနာ | ၂ | ပဈာန်ဝိကြဉ် မဟဂ် ၈ | ပဈာန် ၃၊ အသင်္ဂကြဉ် ဗြဟ္မာ ၁၆ဘုံ |
| တ,ဈာန် တိဟိတ် | ၁ | ပ,ဒု,တတိယဈာန်ဝိကြဉ် သဟိတ် ၁၄ | ကာမသု ၇၊ တတိယ ၃၊ ဝေဟပ္ဖိုလ် ၁၊ အရူ ၄။ |
| တ,ဈာန်သော,သက | ၁ | ပ,ဒု,တတိယဈာန်ဝိကြဉ် မဟဂ္ဂုတ် ၆ | တတိယ ၃၊ ဝေဟပ္ဖိုလ် ၁၊ အရူ ၄၊ |
| တ,ဈာန် အနာ | ၁ | ပ,ဒု,တတိယဈာန်ဝိကြဉ် မဟဂ္ဂုတ် ၆ | တတိယ ၃၊ ဝေဟပ္ဖိုလ် ၁၊ သုဒ္ဓါ ၅၊ အရူ ၄။ |
| ဝေဟပ္ဖိုလ်တိဟိတ် | ၁ | ပ,ဒု,တ,စတုတ္ထဈာန်ဝိကြဉ် သဟိတ် ၁၃ | ကာမသု ၇၊ ဝေဟပ္ဖိုလ် ၁၊ အရူ ၄၊ |
| ဝေဟပ္ဖိုလ် သော, သက, အနာ | ၁ | ပဉ္စမဈာန်ပဋိ ၁ | ဝေဟပ္ဖိုလ်ဘုံ |
| အသညသတ် | ရုပ် | မဟာဝိပဋိ ၈ | ကာမသု ၇တိ ၇ဘုံ၊ |
| အောက်သုဒ္ဓါ ၄မှ အနာ | ၁ | ပဉ္စမဈာန်ပဋိ ၁ | အထက်ထက်သော သုဒ္ဓါ ၀ါသဘုံ |
| အကနိဋ္ဌ အနာ | ၁ | x | x |
| ဘုံတိုင်း၌ ရဟန္တာ | x | x | x |

http://www.dhammadownload.com



## အရူပစုတိနှောင်
## နှောင်းနိုင်သောပဋိသန္ဓေနှင့် ရောက်မည့်ဘုံ

| ပုဂ္ဂိုလ် | စုတိ | နှောင်းသောပဋိသန္ဓေ | ရောက်နိုင်သောဘုံ |
|---|---|---|---|
| အာကာတိဟိတ် | ၁ | ကာမတိဟိတ် ၄၊ အရူဝိ ၄ | ကာမသုဂတိ ၇၊ အရူ ၄ |
| အာကာသော,သက,အနာ | ၁ | အရူပဝိ ၄ | အရူပ ၄ |
| ဝိညာ တိဟိတ် | ၁ | ကာမတိ ၄၊ အာကာဝိကြဉ် အရူ ၃ | ကာမသု ၇၊ အာကာကြဉ် အရူပ ၃ |
| ဝိညာသော,သက,အနာ | ၁ | အာကာဝိကြဉ် အရူ ၃ | အာကာကြဉ် အရူ ၃ |
| အာကိ ဉ် တိဟိတ် | ၁ | ကာမတိ ၄၊ အာကိ ဉ်ဝိ၊ နေဝ ဝိ | ကာမသု ၇၊ အာကိ ဉ်၊ နေဝ |
| အာကိ ဉ်သော,သက,အနာ | ၁ | အာကိ ဉ်ဝိ၊ နေဝ ဝိ | အာကိ ဉ်၊ နေဝ |
| နေဝတိဟိတ် | ၁ | ကာမတိ ၄၊ နေဝ ဝိ | ကာမသု ၇၊ နေဝ |
| နေဝသော,သက,အနာ | ၁ | နေဝ ဝိ | နေဝ-ဘုံ |

## ဘဝင်စိတ် ခေါ်ပုံ

ဘဝ၏ အကြောင်းဖြစ်သောကြောင့် 'ဘဝင်စိတ်'ဟုခေါ်သည်။

**သာဓက**- ဘဝဿ အင်္ဂဘဝေန ဘဝင်္ဂသ္ဘာတိသခ်ါတံ မာနသံ။

## ဘဝင်စိတ်၏ အာရုံ

ဘဝင်စိတ်သည် ပဋိသန္ဓေစိတ်၏ (အာရုံဖြစ်သော ကံ,ကမ္မ နိမိတ်,ဂတိနိမိတ်) အာရုံကိုပင် အာရုံပြုပါသည်။

**သာဓက**- တမေဝါ ရမ္မဏာ မာရဇ္ဈာ။

* ဘဝ၏ အစစိတ်ကား- ပဋိသန္ဓေစိတ် ဖြစ်ပါသည်။
* ဘဝ၏ အလယ်စိတ်ကား- ဝီထိစိတ်နှင့် ဘဝင်စိတ် ဖြစ်ပါသည်။
* ဘဝ၏ အဆုံးစိတ်ကား- စုတိစိတ် ဖြစ်ပါသည်။

http://www.dhammadownload.com



## နာမ်သံသရာစက် လည်ပုံ

စုတိစိတ်ချုပ်ပြီးနောက် ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့သည် ရထားစက်ဘီးကဲ့သို့ ဆက်ကာဆက်ကာ အမြဲမပြတ် လည်ပတ်နေသည်ကို 'နာမ်သံသရာစက် လည်သည်'ဟု ခေါ်ပါသည်။

## သံသရာစက် ပြတ်ပုံ

တိဟိတ်ပဋိသန္ဓေ တည်နေခဲ့သော ပင်ကိုယ်ဉာဏ်ရှိသူတို့သည် ကြာမြင့်စွာသော ကာလပတ်လုံး သီလစောင့်တည်ခြင်း၊ ဓုတင်ဆောင်ခြင်း၊ သမထအလုပ် အားထုတ်ခြင်းစသည်ဖြင့် ဖြစ်ချည်ပျက်ချည် အမြဲမတည်သော ဝင့်တရားကို ဝိပဿနာ ဉာဏ်ပညာဖြင့် ကြည့်ရှုဆင်ခြင်သည်ရှိသော် သေရခြင်းသဘောမရှိသော နိဗ္ဗာန်ကို မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဖြင့် အမှန်သိခြင်းကြောင့် တဏှာကို အကြွင်းမဲ့ ဖြတ်တောက်ပြီး သခ်ါရခပ်သိမ်းတို့၏ ပြတ်ငြိမ်းရာ နိဗ္ဗာန်သို့ ဇနခရောက်ရသည်ကို 'သံသရာစက် ပြတ်သည်'ဟု ခေါ်ပါသည်။

* သံသရာစက်ရဟတ် အဆက်ပြတ်အောင် အဓိကဖြတ်တောက်ရမည့် တရားကို သာဓကပြ ဖြေဆိုပါ။

တဏှာ ဖြစ်ပါသည်။

**သာဓက**– သုသမုဒ္ဓိန္နသိနေဟဇန္ဓနာ။

## စုတေခါနီးကာလ၌
## ကံအာရုံ ထင်ပုံများပြပါဦ

တထာ စ မရဏာဒနံ ပန (ပ) ပဋိသန္ဓိဇနကံ **ကမ္မံ** ဝါ။
တမေဝ ဝါ ပန ဇနကဘူတံ ကမ္မံ (ပ) ဒွါရပတ္တံ ဟောတိ။

http://www.dhammadownload.com



**ဘဝကူးလတ်သော သတ္တဝါတို့၏သန္တာန်၌**
**စိတ်အစဉ် ဖြစ်ပုံပြပါဦ**

တတော ပရံ တမေဝ တထောပဋိတံ(ပ)ပဝတ္တတိ ဗာဟုလ္လေန။

**သတ္တဝါတို့၏ သေဆုံးကွယ်လွန်ပုံပြပါဦ**

ပစ္စာသန္နမရဏာသ (ပ) စုတိစိတ္တံ ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈတိ။

**ဘဝကူး(ပဋိသန္ဓေစိတ်ဖြစ်)ပုံပြပါဦ**

တသ္မိံ နိရုဒ္ဓါဝသာနေ (ပ) ပတိဋ္ဌာတိ ဘဝန္တရေ။

**မဟဂ္ဂုတ်ပဋိသန္ဓေစိတ်များ၏ အာရုံပြပါဦ**

စုတိပဋိသန္ဓိက္ကမလာ စာပိဒ်-၉၃၊ ၉၄။

**သတ္တဝါများ (၃၁)ဘုံ၌ လည်ပတ်ပုံပြပါဦ**

အာရုပ္ပစုတိယာ ဟောန္တိ၊ (ပ) ကာမေသွေဝ ပနေတရာ။

**နာမ်သံသရာစက် လည်ပုံပြပါဦးမျာ**

တတော ပရဉ္စ ပဋိသန္ဓာဒယော (ပ) ပရိဝတ္တန္တာ ပဝတ္တန္တိ။
ပဋိသန္ဓိ ဘဝင်္ဂဝီထိယော၊ (ပ) ပရိဝတ္တတိ စိတ္တသန္တတိ။

**ဘဝင်စိတ်များ မြစ်ရေအယဉ်ကဲ့သို့**
**မပြတ်မစဲ ဖြစ်နေပုံပြပါဦ**

ဣစ္ဆေဝံ ဂဟိတပဋိသန္ဓိကာနံ(ပ)နဒီသောတော ဝိယ ပဝတ္တတိ။

**ဝီထိ, ဝီထိမုတ်နှစ်ပိုင်းလုံး၏ နိဂုံးပြပါဦ**

ပဋိသန္ဓိ ဘဝင်္ဂဝီထိယော၊ (ပ) ပရိဝတ္တတိ စိတ္တသန္တတိ။

ဝီထိမုတ်ပိုင်း ပြီး၏။

❐❐❐❐❐

http://www.dhammadownload.com

# ရုပ်ပိုင်း

ရုပ်တရားတို့၏ အကြောင်းအရာကို ပြသောအပိုင်းကို 'ရုပ်ပိုင်း' ဟု ခေါ်ပါသည်။

* ပရမတ္ထတရား လေးပါးတို့ကို မည်သည့် အပိုင်းတို့ဖြင့် အဓိက ပြပါသနည်း? ဖြေဆိုပါ။

စိတ်ပရမတ်ကို စိတ်ပိုင်းဖြင့် အဓိကပြပါသည်။ စေတသိက် ပရမတ်ကို စေတသိက်ပိုင်းဖြင့် အဓိကပြပါသည်။ ရုပ်ပရမတ်နှင့် နိဗ္ဗာန်ပရမတ်ကို ရုပ်ပိုင်းဖြင့် အဓိကပြပါသည်။

## ရုပ်ပိုင်း၌ပြမည့် သင်္ဂဟ(၅)မျိုး

၁။ ရူပသမုဒ္ဒေသ = ရုပ်တို့ကို အကျဉ်းချုပ်ပြခြင်း။
၂။ ရူပဝိဘာဂ = ရုပ်တို့ကို အကျယ်ဝေဖန်ခြင်း။
၃။ ရူပသမုဋ္ဌာန = ရုပ်တို့၏ ဖြစ်ကြောင်းကိုပြခြင်း။
၄။ ရူပကလာပ = ရုပ်တို့ကို ကလာပ်ဖွဲ့ခြင်း။
၅။ ရူပပဝတ္တိက္ကမ = ရုပ်တို့၏ ဖြစ်စဉ်ကိုပြခြင်း။

## ရူပသမုဒ္ဒေသ

### အချုပ်အားဖြင့် ရုပ်(၂)မျိုး

၁။ မဟာဘုတ် = ၄ပါး၊
၂။ ဥပါဒါရုပ် = ၂၄ပါးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## မဟာဘုတ် ခေါ်ပုံ

အခြားသော ရုပ်များထက် သဘောလက္ခဏာအားဖြင့် လည်းကောင်း၊ အထည်ကိုယ်ဒြပ်အားဖြင့်လည်းကောင်း ကြီးကျယ်ထင်ရှားသောရုပ်ကို 'မဟာဘုတ်'ဟု ခေါ်ပါသည်။

## မဟာဘုတ် (၄)ပါး

၁။ ပထဝီဓာတု = မြေဓာတ်၊
၂။ အာပေါဓာတု = ရေဓာတ်၊
၃။ တေဇောဓာတု = အဇ္ဈ.ဓာတ်၊
၄။ ဝါယောဓာတု = လေဓာတ်။

## ဥပါဒါရုပ် ခေါ်ပုံ

မဟာဘုတ်လေးပါးကို မှီ၍ဖြစ်သောရုပ်ကို 'ဥပါဒါရုပ်'ဟု ခေါ်ပါသည်။

* စိတ်၌ မှီတွယ်၍ စိတ်ကိုချယ်လှယ်သော စေတသိက်ကဲ့သို့ မဟာဘုတ်၌ မှီတွယ်၍ မဟာဘုတ်ကို ချယ်လှယ်သော ရုပ်ကို သာဓကဖြင့် ဖော်ပြပါ။

ဥပါဒါရုပ် (၂၄)ပါး ဖြစ်ပါသည်။

**သာဓက**– စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပံ။

## ဥပါဒါရုပ် (၂၄)ပါး

၁။ ပသာဒရုပ် = ၅ပါး၊
၂။ ဂေါစရ(ဝိသယ)ရုပ် = ၄ပါး၊
၃။ ဘာဝရုပ် = ၂ပါး၊
၄။ ဟဒယရုပ် = ၁ပါး၊

http://www.dhammadownload.com



၅။ ဇီဝိတရုပ် = ၁ပါး၊
၆။ အာဟာရရုပ် = ၁ပါး၊
၇။ ပရိစ္ဆေဒရုပ် = ၁ပါး၊
၈။ ဝိညတ်ရုပ် = ၂ပါး၊
၉။ ဝိကာရရုပ် = ၃ပါး၊
၁၀။ လက္ခဏရုပ် = ၄ပါးတို့ ဖြစ်ပါသည်။

## ပသာဒရုပ် (၅)ပါး

၁။ စက္ခုပသာဒ = မျက်စိအကြည်၊
၂။ သောတပသာဒ = နားအကြည်၊
၃။ ဃာနပသာဒ = နှာခေါင်းအကြည်၊
၄။ ဇိဝှါပသာဒ = လျှာအကြည်၊
၅။ ကာယပသာဒ = ကိုယ်အကြည်။

## ပသာဒရုပ်(၅)ပါး၏ တည်ရာအရပ်

၁။ စက္ခုပသာဒသည် မျက်လုံးအတွင်း မျက်နက်ဝန်း၏အလယ် သူငယ်ရိပ်ထင်ရာအရပ်၌ ပျံ့နှံ့တည်ရှိသည်။
၂။ သောတပသာဒသည် နားပေါက်၏အတွင်းဝယ် လက်စွပ်ကွင်း သဏ္ဌာန်ရှိသောအရပ်၌ ပျံ့နှံ့တည်ရှိသည်။
၃။ ဃာနပသာဒသည် နှာခေါင်းပေါက်၏အတွင်းဝယ် ဆိတ်ခွာ သဏ္ဌာန်ရှိသောအရပ်၌ ပျံ့နှံ့တည်ရှိသည်။
၄။ ဇိဝှါပသာဒသည် လျှာ၏အလယ် ကြာပွင့်ဖျားနှင့် အလားတူ သောအရပ်၌ ပျံ့နှံ့တည်ရှိသည်။
၅။ ကာယပသာဒသည် အသားမာ၊ ခြောက်သွေ့သောအရေ၊ ခြေသည်း လက်သည်းဖျား၊ ဆံပင်အမွေးဖျားမှတစ်ပါး တစ်ကိုယ် လုံး၌ ပျံ့နှံ့တည်ရှိသည်။

http://www.dhammadownload.com



## ဂေါစရ(ဝိသယ)ရုပ် (၇)ပါး

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ပထဝီ၊ တေဇော၊ ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံတို့ ဖြစ်ပါသည်။

**အမှာ**– ဥပါဒါရုပ်(၂၄)ပါး ရေတွက်ရာ၌ ပထဝီ၊ တေဇော၊ ဝါယောတို့သည် မဟာဘုတ်လေးပါးတွင် ပါဝင်ပြီးဖြစ်သောကြောင့် ဂေါစရရုပ်(၄)ပါးဟုသာ ရေတွက်ရသည်။

* ဖောဋ္ဌဗ္ဗာရုံအရကို သာဓကနှင့်တကွ ကောက်ပြပါ။

ဖောဋ္ဌဗ္ဗာရုံအရ ပထဝီ၊ တေဇော၊ ဝါယောဟု ဆိုအပ်သော ဓာတ်ကြီး(၃)ပါး ရပါသည်။

**သာဓက**– အာပေါဓာတုဝိဝဇ္ဇိတံ ဘူတတ္တယသခ်ါတံ ဖောဋ္ဌဗ္ဗံ။

* အာပေါဓာတ်ကို တွေ့ထိစမ်းသပ်၍ ရ/မရ သာဓကဖြင့် ရှင်းပြပါ။

တွေ့ထိစမ်းသပ်၍ရသော ဖောဋ္ဌဗ္ဗာရုံတွင် အာပေါဓာတ် မပါသောကြောင့် အာပေါဓာတ်ကို တွေ့ထိစမ်းသပ်၍ မရပါ။

**သာဓက**– အာပေါဓာတုဝိဝဇ္ဇိတံ ဘူတတ္တယသခ်ါတံ ဖောဋ္ဌဗ္ဗံ။

* အအေးဓာတ်သည် အာပေါဓာတ် ဟုတ်/မဟုတ် သာဓကဖြင့် စစ်တမ်းထုတ်ပြပါ။

အအေးဓာတ်သည် တွေ့ထိစမ်းသပ်၍ ရကောင်း၏။ အာပေါဓာတ်ကား တွေ့ထိစမ်းသပ်၍ မရကောင်းသောကြောင့် အအေးဓာတ်သည် အာပေါဓာတ် မဟုတ်ပါ။

**သာဓက**– အာပေါဓာတုဝိဝဇ္ဇိတံ ဘူတတ္တယသခ်ါတံ ဖောဋ္ဌဗ္ဗံ။

http://www.dhammadownload.com



## ဖောဋ္ဌဗ္ဗာရုံအဖြစ်မှ အာပေါဓာတ်ကို ကြဉ်ရှုခြင်း အကြောင်း

အာပေါဓာတ်သည် အလွန်သိမ်မွေ့သည်အတွက် ထိတွေ့၍ မရကောင်းသောကြောင့် ဖောဋ္ဌဗ္ဗာရုံအဖြစ်မှ အာပေါဓာတ်ကို ကြဉ် ရပါသည်။

**[ဆောင်]** အာပေါဓလေ့၊ လွန်သိမ်မွေ့သဖြင့်၊ ထိတွေ့စမ်းသပ်၊ မရအပ်၊ ဖောဋ္ဌဗ်မမည်ထိုက်။ (အခြေပြု-၃၃၈)

## ဘာဝရုပ် ခေါ်ပုံ

အထီး,အမ (ယောကျ်ား, မိန်းမ) ဖြစ်ဖို့ရန် အကြောင်းခံဖြစ် သောရုပ်ကို 'ဘာဝရုပ်'ဟု ခေါ်ပါသည်။ (ယောကျ်ား,မိန်းမတို့၏ အင်္ဂါဇာတ်ကား ဘာဝရုပ် မဟုတ်ပါ။ အမှတ်အသားသာတည်း။)

## ဘာဝရုပ် (၂)ပါး

၁။ ဣတ္ထိဘာဝရုပ်၊
၂။ ပုရိသဘာဝရုပ်တို့ ဖြစ်ပါသည်။

## ဘာဝရုပ်တို့၏ တည်ရာဌာန

ဣတ္ထိဘာဝရုပ်သည် အမသတ္တဝါတို့၏ တစ်ကိုယ်လုံး၌ ပျံ့နှံ့ တည်ရှိပါသည်။ ပုရိသဘာဝရုပ်သည် အထီးသတ္တဝါတို့၏ တစ် ကိုယ်လုံး၌ ပျံ့နှံ့တည်ရှိပါသည်။

## ဟဒယရုပ် (၁)ပါး

ဟဒယဝတ္ထုသည် ဟဒယရုပ် မည်ပါသည်။

## ဟဒယရုပ်၏ တည်ရာဌာန

ဟဒယဝတ္ထုသည် သားမြတ်နှစ်ခုတို့၏ အလယ်ရှိ နှလုံးအိမ်အတွင်း

http://www.dhammadownload.com



၌ ပုန်းညက်စေခန့် ကျယ်သော တွင်းငယ်ရှိ၏။ ထိုတွင်းငယ်ထဲရှိသွေးများကို ပျံ့နှံ့လျက် တည်ရှိသည်။ (ဝဲဘက်ရင်အုံအောက်မှာ ရှိသော နှလုံးသားကို အဘိဓမ္မာကျမ်း၌ ဟဒယဝတ္ထုဟု မဆိုပါ။)

## ဇီဝိတရုပ် (၁)ပါး

ဇီဝိတိန္ဒြေသည် ဇီဝိတရုပ် မည်ပါသည်။

**အမှာ–** ကမ္မဇရုပ်တို့၏ အသက်ဖြစ်သောရုပ်မှာ ဇီဝိတရုပ်ပင် ဖြစ်ပါသည်။

## တစ်ကိုယ်လုံး ပျံ့နှံ့၍ တည်သောအရာများ

ဘာဝရုပ်၊ ကာယပသာဒ၊ ဇီဝိတရုပ်၊ သုက်ရည်၊ သွေး၊ သည်းခြေတို့ ဖြစ်ပါသည်။

**[ဆောင်]** ဘော, ပသာဒ၊ ဇီဝိတ၊ သုက္က, သွေး, သည်းခြေ။
အဓိကာယ၊ ရှိသမျှ၊ မုချအနှံ့နေ။ (အခြေပြု-၃၃၉)

## အာဟာရရုပ် (၁)ပါး

အလုပ်အလွေးပြုအပ်သော အစားအစာ အာဟာရသည် အာဟာရရုပ် မည်ပါသည်။

## ရသာရုံနှင့် သြဇာအထူး

အချိုအချဉ်စသော အရသာခြောက်ပါးကို 'ရသာရုံ'ဟု ခေါ်၍ အစားအစာ၌ ပါရှိသော အဆီအနှစ်ကို 'သြဇာ'ဟု ခေါ်ပါသည်။ ဤသို့ ထူးပါသည်။

## ပရိစ္ဆေဒရုပ် ခေါ်ပုံ

ရုပ်ကလာပ်တို့ကို တစ်ခုနှင့်တစ်ခု မရောယှက်ရအောင် ပိုင်းခြားပေးတတ်သော အပေါက်အကြား(အာကာသ)ကို 'ပရိစ္ဆေဒရုပ်' ဟု ခေါ်ပါသည်။

http://www.dhammadownload.com



**မှတ်ချက်။** ။ အာကာသဓာတ်သည် ပရမတ်အစစ် မဟုတ်ပါ။ ရုပ်ကလာပ်နှစ်ခု ဖြစ်ပေါ်လာသည့်အခါ အလိုလိုပေါ်လာသော ပညတ်မျှသာတည်း။ လက်နှစ်ချောင်းကို ပူးကြည့်ပါက အလိုလို အကြားတစ်ခု ပေါ်လာပါလိမ့်မည်။ ကြွင်းသောဝိညတ်စသော အနိပ္ပန္နရုပ်များလည်း ပရမတ်အစစ်မဟုတ် ပညတ်သာဖြစ်သည်။

## ပရိစ္ဆေဒရုပ် (၁)ပါး

အာကာသဓာတ်သည် ပရိစ္ဆေဒရုပ် မည်ပါသည်။

## ဝိညတ် ခေါ်ပုံ

မိမိအလိုဆန္ဒကို သူတစ်ပါးအား သိစေနိုင်သော အမူအရာ အထူးကို 'ဝိညတ်'ဟု ခေါ်ပါသည်။

## ဝိညတ်ရုပ်(၂)ပါး

၁။ ကာယဝိညတ် = ကိုယ်ဖြင့် သိစေအပ်သော အမူအရာ။
၂။ ဝစီဝိညတ် = နှုတ်ဖြင့် သိစေအပ်သော အမူအရာ။

## ဝိကာရရုပ် ခေါ်ပုံ

ခန္ဓာကိုယ် ပေါ့ပါးသွက်လက်ခြင်းစသော ထူးခြားသော အမူအရာကို 'ဝိကာရရုပ်'ဟု ခေါ်ပါသည်။

## ဝိကာရရုပ် (၅)ပါး

၁။ ရူပဿ လဟုတာ၊
၂။ ရူပဿ မုဒုတာ၊
၃။ ရူပဿ ကမ္မညတာ၊
၄။ ကာယဝိညတ်၊
၅။ ဝစီဝိညတ်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



**အမှာ–** ဥပါဒါရုပ်(၂၄)ပါး ရေတွက်ရာ၌ ဝိညတ်ရုပ်(၂)ပါး ပါဝင်ဖြစ်သောကြောင့် ဝိကာရရုပ်(၃)ပါးဟုသာ ရေတွက်ရသည်။

## ရူပဿအရ တိဇရုပ်သာ ယူရခြင်းအကြောင်း

ခန္ဓာကိုယ် ပေါ့ပါးခြင်းစသော ထူးခြားသော အမူအရာများသည် ရှေးအတိတ်ကံကြောင့် ဖြစ်ပေါ်လာသော ကမ္မဇရုပ်များ၌ မရှိ။ ယခုဘဝတွင် စိတ်, ဥတု, အာဟာရဟူသော အကြောင်းသုံးပါးကြောင့် ဖြစ်သော တိဇရုပ်များ၌သာ ရှိ၏။ ထို့ကြောင့် ရူပဿအရ တိဇနိပ္ဖန္နရုပ်များကိုသာ ယူရပါသည်။

## ဝိကာရရုပ်(၃)ပါး၏ အဓိပ္ပါယ်

၁။ စိတ်ချမ်းသာသောအခါ၊ အစာအာဟာရမျှတသောအခါ၊ ရာသီဥတုသာယာသောအခါတို့၌ ရုပ်ခန္ဓာပေါ့ပါးမှုဟူသော ထူးခြားသောအမူအရာကို 'ရူပဿ လဟုတာ'ဟု ခေါ်ပါသည်။

၂။ စိတ်ချမ်းသာသောအခါ၊ အစာအာဟာရမျှတသောအခါ၊ ရာသီဥတုသာယာသောအခါတို့၌ ရုပ်ခန္ဓာနူးညံ့မှုဟူသော ထူးခြားသောအမူအရာကို 'ရူပဿ မုဒုတာ'ဟု ခေါ်ပါသည်။

၃။ စိတ်ချမ်းသာသောအခါ၊ အစာအာဟာရမျှတသောအခါ၊ ရာသီဥတုသာယာသောအခါတို့၌ ရုပ်ခန္ဓာ၏ ကောင်းမွန်ခိုင်ညားမှုဖြတ်လတ်သွက်လက်မှုဟူသော ထူးခြားသော အမူအရာကို 'ရူပဿ ကမ္မညတာ'ဟု ခေါ်ပါသည်။

## လက္ခဏရုပ် ခေါ်ပုံ

နိပ္ဖန္နရုပ်တို့၏ ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ခြင်းဟု ဆိုအပ်သော သခ်ိတအမှတ်အသားကို သိကြောင်းဖြစ်သောရုပ်ကို 'လက္ခဏရုပ်'ဟု ခေါ်ပါသည်။

http://www.dhammadownload.com



## လက္ခဏာရုပ် (၄)ပါး

၁။ ဥပစယ = ရုပ်တို့၏အစဆုံး ဖြစ်ပေါ်ခြင်း။
၂။ သန္တတိ = အဆက်မပြတ် အထပ်ထပ်ဖြစ်နေခြင်း။
၃။ ဇရတာ = ရုပ်တို့၏ ရင့်ရော်ခြင်း (ဋ္ဌိဇာ)။
၄။ အနိစ္စတာ = ရုပ်တို့၏ မမြဲခြင်း,ပျက်စီးခြင်း (ဘင်ဇာ)။

* ဇာတိရှုပဒါ တရားကိုယ်အရ သာဓကဖြင့် ကောက်ပြပါ။
ဇာတိရှုပအရ– ဥပစယနှင့် သန္တတိ ရပါသည်။
**သာဓက**– ဇာတိရှုပမေဝ ပနေတ္ထ ဥပစယသန္တတိနာမေန ပဝုစ္စတိ။

## နိပ္ဖန္နရုပ် (၁၈)ပါး

မဟာဘူတ် = ၄ပါး၊
ပသာဒရုပ် = ၅ပါး၊
ဂေါစရရုပ်(ဖောဋ္ဌဗ္ဗာရုံကြဉ်)= ၄ပါး၊
ဘာဝရုပ် = ၂ပါး၊
ဟဒယရုပ် = ၁ပါး၊
ဇီဝိတရုပ် = ၁ပါး၊
အာဟာရရုပ် = ၁ပါးတို့ ဖြစ်ပါသည်။

**အမှာ**– ဤ(၁၈)ပါးကို ရုပ်အစစ်,ပရမတ်ရုပ်ဟု ခေါ်သည်။
**သာဓက**– ဘူတပ္ပသာဒိသယာ (ပ) အဋ္ဌာရသဝိဓံ တထာ။

## ရုပ်(၁၈)ပါး၏ အမည်ထူးများ

သဘာဝရုပ်၊ သလက္ခဏရုပ်၊ နိပ္ဖန္နရုပ်၊ ရူပရုပ်၊ သမ္မသနရုပ် ဟူသော အမည်ထူးများ ဖြစ်ပါသည်။

**သာဓက**– ဣတိ စ အဋ္ဌာရသဝိဓမ္မေတံ (ပ) သင်္ဂဟံ ဂစ္ဆတိ။

http://www.dhammadownload.com



## အနိပ္ပန္နရုပ် (၁၀)ပါး

ပရိစ္ဆေဒရုပ် = ၁ပါး၊
ဝိညတ်ရုပ် = ၂ပါး၊
ဝိကာရရုပ် (ဝိညတ်ကြဉ်) = ၃ပါး၊
လက္ခဏရုပ် = ၄ပါးတို့ ဖြစ်ပါသည်။

**အမှာ**– ဤရုပ်(၁၀)ပါးကို ရုပ်အတု၊ ပညတ်ရုပ်ဟု ခေါ်သည်။

**သာဓက**– ပရိစ္ဆေဒေါ စ ဝိညတ္တိ (ပ) အဋ္ဌဝိသတိဝိဓံ ဘဝေ။

## ရုပ်(၁၀)ပါး၏ အမည်ထူးများ

အသဘာဝရုပ်၊ အလက္ခဏရုပ်၊ အနိပ္ပန္နရုပ်၊ အရူပရုပ်၊ အသမ္မသနရုပ်ဟူသော အမည်ထူးများ ဖြစ်ပါသည်။

## ရုပ် (၂၈)ပါး

မဟာဘုတ် = ၄ပါး၊
ပသာဒရုပ် = ၅ပါး၊
ဂေါစရရုပ်(ဖောဋ္ဌဗ္ဗာရုံကြဉ်)= ၄ပါး၊
ဘာဝရုပ် = ၂ပါး၊
ဟဒယရုပ် = ၁ပါး၊
ဇီဝိတရုပ် = ၁ပါး၊
အာဟာရရုပ် = ၁ပါး
ပရိစ္ဆေဒရုပ် = ၁ပါး၊
ဝိညတ်ရုပ် = ၂ပါး၊
ဝိကာရရုပ် (ဝိညတ်ကြဉ်) = ၃ပါး၊
လက္ခဏရုပ် = ၄ပါးတို့ ဖြစ်ပါသည်။

## နိပ္ပန္နရုပ်(၁၈)ပါးပြ သင်္ဂဟဂါထာ

ဘူတပ္ပသာဒဝိသယာ (ပ) အဋ္ဌာရသဝိဓံ တထာ။

http://www.dhammadownload.com



**အနိပ္ပန္နရုပ်(၁၀)ပါးပြ သင်္ဂဟဂါထာ**

ပရိစ္ဆေဒေါ စ ဝိညတ္တိ (ပ) အဋ္ဌဝိသတိဝိဓံ ဘဝေ။

**ရုပ်(၂၈)ပါးကို အကျဉ်းချုပ်ပြသော သင်္ဂဟဂါထာ**

ဘူတပသာဒဝိသယာ (ပ) အဋ္ဌဝိသတိဝိဓံ ဘဝေ။

ရူပသမုဒ္ဒေသ ပြီး၏။

❑❑❑❑❑

## ရူပဝိဘာဂ

ရုပ်တရားမှန်သမျှ အဟိတ်၊ သပ္ပစ္စယ၊ သာသဝ၊ သခ်ံတ၊ လောကိယ၊ ကာမာဝစရ၊ အနာရမ္မဏ၊ အပ္ပဟာတဗ္ဗချည်းသာ ဖြစ်ပါသည်။

**အဓိပ္ပါယ် အကျယ်**

၁။ ရုပ်ဟူသမျှ အလောဘစသော ဟိတ်များနှင့် မယှဉ်သောကြောင့် အဟိတ်ချည်းသာတည်း၊ သဟိတ်ရုပ်ဟူ၍ မရှိ။

၂။ ရုပ်ဟူသမျှ ကံ, စိတ်,ဥတု, အာဟာရဟူသော အကြောင်းရှိသောကြောင့် သပ္ပစ္စယချည်းသာတည်း၊ အပ္ပစ္စယရုပ်ဟူ၍ မရှိ။

၃။ ရုပ်ဟူသမျှ အာသဝေါတရားတို့၏ အာရုံဖြစ်သောကြောင့် သာသဝချည်းသာတည်း၊ အနာသဝရုပ်ဟူ၍ မရှိ။

၄။ ရုပ်ဟူသမျှ ကံစသော အကြောင်းတစ်ခုခုသည် ပြုစီမံအပ်သောကြောင့် သခ်ံတချည်းသာတည်း၊ အသခ်ံတရုပ်ဟူ၍ မရှိ။

၅။ ရုပ်ဟူသမျှ သခ်ါရလောကဌ် ပါဝင်သောကြောင့် လောကီချည်းသာတည်း၊ လောကုတ္တရာရုပ်ဟူ၍ မရှိ။

၆။ ရုပ်ဟူသမျှ ကာမတဏှာ၏ ကျင်လည်ရာဖြစ်သောကြောင့် ကာမာဝစရချည်းသာတည်း၊ ရူပါဝစရရုပ်၊ အရူပါဝစရရုပ်ဟူ၍ မရှိ။

http://www.dhammadownload.com



၇။ ရုပ်ဟူသမျှ အာရုံကို မယူနိုင်သောကြောင့် အနာရမ္မဏာချည်းသာတည်း၊ သာရမ္မဏာရုပ်ဟူ၍ မရှိ။

၈။ ရုပ်ဟူသမျှ အကုသိုလ်,ကိလေသာတို့ကဲ့သို့ ပယ်ဖို့ရာမဟုတ်သောကြောင့် အပွဟာတဓမ္မချည်းသာတည်း၊ ပဟာတဓမ္မရုပ်ဟူ၍ မရှိ။

* 'မြတ်စွာဘုရား၏ အသံတော်သည် လောကုတ္တရာတရားဖြစ်၏'ဟုဆိုက သင့်/မသင့် သာဓကဖြင့် ရှင်းပြပါ။

မြတ်စွာဘုရား၏ အသံတော်သည် သဒ္ဒရုပ်သာဖြစ်၍ ရုပ်တရားမှန်သမျှ လောကီချည်းသာဖြစ်သောကြောင့် 'မြတ်စွာဘုရား၏အသံတော်သည် လောကုတ္တရာတရား ဖြစ်၏'ဟုဆိုက မသင့်ပါ။

**သာဓက**– သဗ္ဗဉ္ဉု ပနေတံ ရူပံ – လောကိယံ။

* ရုပ်တရားမှန်သမျှ အဟိတ်တရားလော, သဟိတ်တရားလော? သာဓကဖြင့် ရှင်းပြပါ။

ရုပ်တရားမှန်သမျှ အလောဘစသော ဟိတ်မရှိသောကြောင့် အဟိတ်တရားသာ ဖြစ်ပါသည်။

**သာဓက**– သဗ္ဗဉ္ဉု ပနေတံ ရူပံ – အဟေတုကံ။

* ရုပ်တရားမှန်သမျှ သာသဝလော,အနာသဝလော? သာဓကဖြင့် ရှင်းပြပါ။

ရုပ်တရားမှန်သမျှ အာသဝေါတရားတို့၏ အာရုံဖြစ်သောကြောင့် သာသဝ ဖြစ်ပါသည်။

**သာဓက**– သဗ္ဗဉ္ဉု ပနေတံ ရူပံ– သာသဝံ။

* ရုပ်တရားများသည် လောကီလော, လောကုတ္တရာလော? သာဓကဖြင့် ရှင်းပြပါ။

http://www.dhammadownload.com



ရုပ်တရားများသည် သခါရလောကၠ ပါဝင်သောကြောင့် လောကီ ဖြစ်ပါသည်။

**သာဓက**– သဗ္ဗဥ္ဉုပနေတံ ရူပံ – လောကီယံ။

* မျက်စိချင်း စကားပြောသည်၊ အသဲနှလုံးချင်း စကားပြော သည်၊ ငါဦးနှောက်က သိသည်'ဆိုစကားများ မှန်/မမှန် သာဓက ဖြင့် ရှင်းပြပါ။

ရုပ်ဟူသမျှ အာရုံကိုမယူတတ်သော အနာရမ္မဏတရားချည်း ဖြစ်သောကြောင့် အထက်ပါဆိုစကားများ မမှန်ပါ။

**သာဓက**– သဗ္ဗဥ္ဉု ပနေတံ ရူပံ – အနာရမ္မဏံ။

* 'ရုပ်တရားသည် အာရုံရှိ၏'ဟူသောစကား သင့်/မသင့် သာဓကဖြင့် ရှင်းပြပါ။

ရုပ်ဟူသမျှ အာရုံကို မယူတတ်သောကြောင့် 'ရုပ်တရားသည် အာရုံရှိ၏'ဟူသောစကား မသင့်ပါ။

**သာဓက**– သဗ္ဗဥ္ဉု ပနေတံ ရူပံ – အနာရမ္မဏံ။

* ရုပ်တရားမှန်သမျှ တဒင်္ဂပဟာန်စသည်တို့၏ အစွမ်းဖြင့် ပယ်အပ်သောတရားလော, မပယ်အပ်သောတရားလော? သာဓက ဖြင့် ရှင်းပြပါ။

ရုပ်တရားမှန်သမျှ တဒင်္ဂပဟာန်စသည်တို့၏အစွမ်းဖြင့် မပယ် အပ်သောတရား ဖြစ်ပါသည်။

**သာဓက**– သဗ္ဗဥ္ဉု ပနေတံ ရူပံ – အပ္ပဟာတဗ္ဗမေဝ။

## အဏ္ဏတ္တိကရုပ်, ဗာဟိရရုပ်

ပသာဒရုပ်(၅)ပါးသည် အဏ္ဏတ္တိကရုပ် မည်၏။

http://www.dhammadownload.com



ကြွင်းသောရုပ်(၂၃)ပါးသည် ဗာဟိရရုပ် မည်၏။

**မှတ်ချက်**။ ။ ခန္ဓာကိုယ်အား ကျေးဇူးများသောကြောင့် ပသာဒရုပ်ငါးပါးကို အဇ္ဈတ္တိက(အတွင်း)ရုပ်ဟုခေါ်၍ ခန္ဓာကိုယ်၌ ပသာဒရုပ်(၅)ပါးလောက် ကျေးဇူးမများသောကြောင့် ကြွင်းသောရုပ်(၂၃)ပါးကို ဗာဟိရ(အပြင်)ရုပ်ဟု ခေါ်ပါသည်။

* ငါ့ရှင်တို့၏ နှလုံးအိမ်၌ တည်ရှိသော ဟဒယဝတ္ထုရုပ်သည် အဇ္ဈတ္တိကရုပ်လော, ဗာဟိရရုပ်လော? သာဓကဖြင့် ရှင်းပြပါ။

ပသာဒရုပ်ငါးပါးကိုသာ အဇ္ဈတ္တိကရုပ်ဟု ဆိုသောကြောင့် ဟဒယဝတ္ထုရုပ်သည် ဗာဟိရရုပ်သာ ဖြစ်ပါသည်။

**သာဓက**– ပသာဒသန်ါတံ ပဋ္ဌဝိဓမ္မိ အဇ္ဈတ္တိကရူပံ နာမ၊
ကုတရံ ဗာဟိရရူပံ။

## ဝတ္ထုရုပ်, အဝတ္ထုရုပ်

ပသာဒရုပ်(၅)ပါး၊ ဟဒယရုပ်(၁)ပါး၊ ပေါင်း(၆)ပါးသည် ဝတ္ထုရုပ် မည်၏။ ကြွင်းသောရုပ်(၂၂)ပါးသည် အဝတ္ထုရုပ် မည်၏။

**မှတ်ချက်**။ ။ စိတ်,စေတသိက်တို့၏ မှီရာဖြစ်သော ရုပ်ကို 'ဝတ္ထုရုပ်'ဟုခေါ်၍ စိတ်,စေတသိက်တို့၏ မှီရာမဟုတ်သောရုပ်ကို 'အဝတ္ထုရုပ်'ဟု ခေါ်ပါသည်။

## ဒွါရရုပ်, အဒွါရရုပ်

ပသာဒရုပ်(၅)ပါး၊ ဝိညတ်ရုပ်(၂)ပါး၊ ပေါင်း(၇)ပါးသည် ဒွါရရုပ် မည်၏။ ကြွင်းသောရုပ်(၂၁)ပါးသည် အဒွါရရုပ် မည်၏။

**မှတ်ချက်**။ ။ ဝိထိစိတ်၏ဖြစ်ကြောင်း၊ ကာယက်, ဝစီက်တို့၏ အထမြောက်ကြောင်း ဖြစ်သောရုပ်ကို 'ဒွါရရုပ်'ဟု ခေါ်၍ ဝိထိ

http://www.dhammadownload.com



စိတ်၏ ဖြစ်ကြောင်း၊ ကာယက်,ဝစီက်တို့၏ အထမြောက်ကြောင်း မဟုတ်သော ရုပ်ကို 'အဒွါရရုပ်'ဟု ခေါ်ပါသည်။

## ဣန္ဒြိယရုပ် (၈)ပါး:

ပသာဒရုပ် = ၅ပါး၊
ဘာဝရုပ် = ၂ပါး၊
ဇီဝိတရုပ် = ၁ပါးတို့ ဖြစ်ပါသည်။

## အနိန္ဒြိယရုပ် (၂၀)ပါး:

ဣန္ဒြိယရုပ်(၈)ပါးကြဉ် ကျန်ရုပ်(၂၀)ပါး ဖြစ်ပါသည်။

**မှတ်ချက်**။ ။ ဆိုင်ရာကိစ္စ၌ အစိုးရသောရုပ်ကို 'ဣန္ဒြိယရုပ်'ဟုခေါ်၍ ဆိုင်ရာကိစ္စ၌ အစိုးမရသောရုပ်ကို 'အနိန္ဒြိယရုပ်'ဟု ခေါ်ပါသည်။

## သြဠာရိကရုပ် (၁၂)ပါး:

ပသာဒရုပ် = ၅ပါး၊
ဝိသယရုပ် = ၇ပါးတို့ ဖြစ်ပါသည်။

**အမှာ**–ယင်း(၁၂)ပါးကိုပင် သန္တိကေရုပ်,သပ္ပဋိဃရုပ်ဟုခေါ်သည်။

## သုခုမရုပ် (၁၆)ပါး:

အာပေါ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ကာယဝိညတ်၊ ဝစီဝိညတ်၊ ရူပဿလဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာတို့ ဖြစ်ပါသည်။

**အမှာ**–ယင်း(၁၆)ပါးကိုပင် ဒုဇရရုပ်၊ အပ္ပဋိဃရုပ်ဟု ခေါ်သည်။

**ရှင်းချက်**။ ။ ဉာဏ်စက္ခုဖြင့် ကြည့်ရှုသောခါ ပေါ်လွင်ထင်ရှားသော ရုပ်ကို သြဠာရိက(အကြမ်း)ရုပ်ဟုခေါ်၍ ဉာဏ်စက္ခုဖြင့် ကြည့်ရှု

http://www.dhammadownload.com



သောအခါ ထင်ရှားမတွေ့ သိမ်မွေ့သောရုပ်ကို 'သုခုမရုပ်'ဟု ခေါ်ပါသည်။

ဉာဏ်ဖြင့်ယူရာ၌ သိလွယ်သောကြောင့် သန္တိကေ(အနီး)ရုပ်ဟု ခေါ်၍ ဉာဏ်ဖြင့်ယူရာ၌ သိဖို့ရန် မလွယ်ကူသောကြောင့် ဒူရေ(အဝေး)ရုပ်ဟု ခေါ်ပါသည်။

ဓာတ်သဘာဝအလိုက် ထိခိုက်တတ်သောကြောင့် 'သပ္ပဋိဃ' ရုပ်ဟု ခေါ်၍ ဓာတ်သဘာဝအရ မထိခိုက်တတ်သောကြောင့် 'အပ္ပဋိဃ'ရုပ်ဟု ခေါ်ပါသည်။

## ဥပါဒိန္နရုပ်, အနုပါဒိန္နရုပ်

ကမ္မဇရုပ်(၁၈)ပါးသည် ဥပါဒိန္နရုပ် မည်၏။

ကြွင်းသောရုပ်(၁၀)ပါးသည် အနုပါဒိန္နရုပ် မည်၏။

**ရှင်းချက်**။ ။ ကံ၏အကျိုးဖြစ်သောရုပ်ကို 'ဥပါဒိန္နရုပ်'ဟု ခေါ်၍ စိတ်,ဥတု,အာဟာရဟူသော အကြောင်းသုံးပါးကြောင့် ဖြစ်သော တိဇရုပ်ကို 'အနုပါဒိန္နရုပ်'ဟု ခေါ်ပါသည်။

## သနိဒဿနရုပ်, အနိဒဿနရုပ်

ရူပါရုံသည် သနိဒဿနရုပ် မည်၏။

ကြွင်းသောရုပ်(၂၇)ပါးသည် အနိဒဿနရုပ် မည်၏။

**ရှင်းချက်**။ ။ စက္ခုဝိညာဏ်ဖြင့် မြင်ကောင်းသောရုပ်ကို 'သနိဒဿန' ရုပ်ဟုခေါ်၍ စက္ခုဝိညာဏ်ဖြင့် မမြင်ကောင်းသောရုပ်ကို 'အနိဒဿန'ရုပ်ဟု ခေါ်ပါသည်။

* မျက်စိဖြင့် လေကို မြင်နိုင်/မမြင်နိုင် သာဓကဖြင့် ရှင်းပြပါ။

မြင်ကောင်းသော (သနိဒဿန)ရုပ်သည် ရူပါရုံသာ ဖြစ်၍ လေသည် မမြင်ကောင်းသော ဝါယောဓာတ် (အနိဒဿန)ရုပ်

http://www.dhammadownload.com



ဖြစ်သောကြောင့် မျက်စိဖြင့် လေကို မမြင်နိုင်ပါ။

**သာဓက**– ရူပါယတနံ သနိဒဿနရူပံ၊ ဣတရံ အနိဒဿနရူပံ။

## ဂေါစရဂ္ဂါဟိကရုပ်, အဂေါစရဂ္ဂါဟိကရုပ်

ပသာဒရုပ်(၅)ပါးသည် ဂေါစရဂ္ဂါဟိကရုပ် မည်၏။

ကြွင်းသောရုပ်(၂၃)ပါးသည် အဂေါစရဂ္ဂါဟိကရုပ် မည်၏။ **ရှင်းချက်**။ ။ အာရုံကို ယူတတ်သောကြောင့် ပသာဒရုပ်ငါးပါးကို 'ဂေါစရဂ္ဂါဟိက'ရုပ်ဟု ခေါ်၍ အာရုံကို မယူတတ်သောကြောင့် ကျန်(၂၃)ပါးကို 'အဂေါစရဂ္ဂါဟိက'ရုပ်ဟု ခေါ်ပါသည်။

* လေယာဉ်ပျံ,ဂြိုဟ်တုစသည်တို့ကို ထောက်လှမ်းဖမ်းယူနိုင်သော 'ရေဒါ'ကဲ့သို့ ပတ်ဝန်းကျင်အာရုံများကို ထောက်လှမ်းဖမ်းယူနိုင်သောရုပ်ကို ဖော်ပြပါ။

ပသာဒရုပ်(၅)ပါး ဖြစ်ပါသည်။

## သမ္ဗတ္တ, အသမ္ဗတ္တ ခွဲပုံ

အသမ္ဗတ္တဂေါစရဂ္ဂါဟိက(မိမိထံမှောက် မရောက်မထိ မကပ်ငြိသောအာရုံကို ယူနိုင်သော)ရုပ်ကား– စက္ခုပသာဒနှင့် သောတပသာဒတို့ ဖြစ်ပါသည်။

သမ္ဗတ္တဂေါစရဂ္ဂါဟိက (မိမိထံမှောက်သို့ရောက်လာ ထိမိကပ်မိသော အာရုံကိုယူနိုင်သော)ရုပ်ကား– ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒတို့ ဖြစ်ပါသည်။

* ရုပ်မြင်သံကြားကို ကြည့်ရှုနားဆင်နေစဉ် ထိုရုပ်မြင်သံကြားမှ ရုပ်နှင့်အသံတို့သည် ကြည့်ရှုနားဆင်နေသူတို့၏ မျက်စိ,နားသို့ ရောက်/မရောက် သာဓကဖြင့် ရှင်းပြပါ။

http://www.dhammadownload.com



စက္ခုပသာဒနှင့် သောတပသာဒတို့သည် မိမိထံမှောက်သို့ မရောက်သောအာရုံကို ယူနိုင်သောကြောင့် ရုပ်မြင်သံကြားမှ ရုပ်နှင့် အသံတို့သည် ကြည့်ရှုနားဆင်နေသူတို့၏ မျက်စိ,နားသို့ မရောက်ပါ။

**သာဓက**– စက္ခာဒိဒွယံ အသမ္မတ္တဝသေန ,ဃာနာဒိတ္တယံ သမ္မတ္တ–ဝသေနာတိ ပဋ္ဌဝိဓမ္မိ ဂေါစရဂ္ဂါဟိကရူပံ။

## အဝိနိဗ္ဘောဂရုပ်, ဝိနိဗ္ဘောဂရုပ်

ဝဏ္ဏ(ရူပါရုံ)၊ ဂန္ဓ(ဂန္ဓာရုံ)၊ ရသ(ရသာရုံ)၊ ဩဇာ(အာဟာရ)၊ မဟာဘုတ်(၄)ပါး ပေါင်း(၈)ပါးသည် အဝိနိဗ္ဘောဂရုပ် မည်၏။

ကြွင်းသောရုပ်(၂၀)ပါးသည် ဝိနိဗ္ဘောဂရုပ် မည်၏။

**ရှင်းချက်**။ ။ တစ်ခုစီခွဲ၍မရဘဲ တစ်ပေါင်းတည်းသာဖြစ်သောရုပ်ကို 'အဝိနိဗ္ဘောဂရုပ်'ဟု ခေါ်ပါသည်။ ယင်းအဝိနိဗ္ဘောဂရုပ်(၈)ပါးကို ခွဲခြား၍ မရသောရုပ်၊ သေအတူ,ရှင်မကွာရုပ်ဟု ခေါ်ကြသည်။ ယင်းရုပ်(၈)ပါးသည် သက်ရှိ,သက်မဲ့ အရာအားလုံး၌ ရနိုင်၏။

တစ်ခုစီခွဲခြား၍ ရသောရုပ်ကို 'ဝိနိဗ္ဘောဂရုပ်'ဟု ခေါ်ပါသည်။

* 'မီး၌ ရေရှိသည်၊ ရေ၌ မီးရှိသည်'ဆိုစကား မှန်/မမှန် သာဓကဖြင့် ရှင်းပြပါ။

မီး(တေဇော)နှင့် ရေ(အာပေါ)တို့သည် တစ်ခုစီခွဲခြား၍ မရသော အဝိနိဗ္ဘောဂရုပ် ဖြစ်သောကြောင့် 'မီး၌ ရေရှိသည်၊ ရေ၌ မီးရှိသည်'ဆိုစကား မှန်ပါသည်။

**သာဓက**– ဝဏ္ဏော –(ပ)– အဋ္ဌဝိဓမ္မိ အဝိနိဗ္ဘောဂရူပံ။

* လျှပ်စစ်မီးရောင်၌ ပါဝင်နိုင်သော သဘာဝရုပ်တရားများကို သာဓကဖြင့် ဖော်ပြပါ။

http://www.dhammadownload.com



ဝဏ္ဏ၊ဂန္ဓ၊ရသ၊သြဇာနှင့် မဟာဘုတ်(၄)ပါးတို့ ပါဝင်ပါသည်။
**သာဓက**– ဝဏ္ဏော ဂန္ဓော (ပ) အဋ္ဌဝိမဓို အဝိနိဗ္ဘောဂရူပံ။

## ရူပဝိဘာဂလာ ဧကကနည်းပြပါဠို

သဗ္ဗဥ္စ ပနေတံ ရူပံ အဟေတုကံ (ပ) ဗဟုဓာ ဘေဒံ ဂစ္ဆတိ။

## ရူပဝိဘာဂလာ ဒုကနည်းပြပါဠို

ရူပဝိဘာဂ စာပိဒ်– ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇။
ရူပဝိဘာဂ ပြီး၏။

❑❑❑❑❑

# ရူပသမုဋ္ဌာန

## ရုပ်ဖြစ်ကြောင်းတရား (၄)ပါး

ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ ဖြစ်ပါသည်။

* 'စိတ်ထောင်း ကိုယ်ကြေ, စိတ်ပျို ကိုယ်နု'ဆိုစကား မှန်/မမှန် သာဓကဖြင့် ရှင်းပြပါ။

ရုပ်ဖြစ်ကြောင်းတရား လေးပါးတို့တွင် စိတ်ကလည်း ရုပ်ကို ဖြစ်စေနိုင်သော အကြောင်းတစ်မျိုးဖြစ်သောကြောင့် 'စိတ်ထောင်း ကိုယ်ကြေ, စိတ်ပျို ကိုယ်နု'ဆိုစကား မှန်ပါသည်။

**သာဓက**– ကမ္မံ, စိတ္တံ, ဥတု (ပ) ရူပသမုဋ္ဌာနာနိ နာမ။

## ရုပ်ဖြစ်ကြောင်းတရား(၄)ပါး နာမ်,ရုပ်ခွဲပုံ

ကံနှင့် စိတ်သည် ရုပ်ကိုဖြစ်စေတတ်သော နာမ်တရား ဖြစ်ပါသည်။ ဥတုနှင့် အာဟာရသည် ရုပ်ကို ဖြစ်စေနိုင်သော ရုပ်တရား ဖြစ်ပါသည်။

http://www.dhammadownload.com



## ကံက ရုပ်ကို ဖြစ်စေပုံ

ကာမာဝစရကုသိုလ်, အကုသိုလ်စေတနာ(၂၀)ပါး၊ ရူပါဝစရကုသိုလ်စေတနာ(၅)ပါး၊ ဤ(၂၅)ပါးအပြားရှိသော ပြုစီမံအပ်ပြီးသော ကုသိုလ်,အကုသိုလ်ကံသည် အဇ္ဈတ္တသန္တာန်၌ ပဋိသန္ဓေ၏ ဥပါဒ်ခဏမှစ၍ ခဏတိုင်း, ခဏတိုင်းမှာ ကမ္မဇရုပ်ကို အသစ်ဖြစ်စေပါသည်။

(နှစ်ဆယ့်ငါးပါးအပြားရှိသော ကုသိုလ်,အကုသိုလ်စေတနာတို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ ခဏတိုင်း ခဏတိုင်းမှာ ရုပ်ကို ဖြစ်စေပါသည်။)

### ရုပ်ကိုဖြစ်စေနိုင်သော ကံတရား(၂၅)ပါး

အကုသိုလ်စေတနာ = ၁၂ပါး၊
မဟာကုသိုလ်စေတနာ = ၈ပါး၊
ရူပါဝစရကုသိုလ်စေတနာ = ၅ပါးတို့ ဖြစ်ပါသည်။

* မိမိပြုလုပ်ခဲ့သော အတိတ်ကံသည် မယားဇနီး သားသမီးစသော ပတ်ဝန်းကျင် လူသားများသန္တာန်၌ အကျိုးပေးနိုင်/မပေးနိုင် သာဓကဖြင့် ရှင်းပြပါ။

'အဇ္ဈတ္တိကသန္တာန' ပါဠိကို ထောက်၍ မိမိပြုလုပ်ခဲ့သော အတိတ်ကံသည် သူတစ်ပါးသန္တာန်၌ အကျိုးမပေး၊ မိမိသန္တာန်၌သာ အကျိုးပေးသောကြောင့် မိမိပြုလုပ်ခဲ့သော အတိတ်ကံသည် မယားဇနီး သားသမီးစသော ပတ်ဝန်းကျင်လူသားများ၏သန္တာန်၌ အကျိုးမပေးနိုင်ပါ။

### ကမ္မသမုဋ္ဌာနရူပ်–၌ "ကမ္မ'အရ

**ပါဝင်သည့်ကံကား**– အကုသိုလ်ကံ(၁၂)ပါး၊ မဟာကုသိုလ်ကံ

http://www.dhammadownload.com



(၈)ပါး၊ ရူပကုသိုလ်က်(၅)ပါးတို့ ဖြစ်ပါသည်။

**မပါဝင်သည့်ကိစ္စ**– အရူပကုသိုလ်(မဂ်ကုသိုလ်)က် (၄)ပါး ဖြစ်ပါသည်။

## စိတ်က ရုပ်ကို ဖြစ်စေပုံ

(၇၅)ပါးသောစိတ်တို့သည် ပဋိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်ခဏမှစ၍ စိတ်၏ဥပါဒ်ခဏတိုင်းမှာ ရုပ်ကို ဖြစ်စေပါသည်။

## ရုပ်ကို ဖြစ်စေနိုင်သော စိတ်သရုပ်

အရူပဝိပါက်စိတ်(၄)ပါး၊ ဒွေးပဉ္စဝိညာဏ်(၁၀)ပါး၊ (ရဟန္တာတို့၏စုတိ)ကြဉ်သော စိတ်(၇၅)ပါး ဖြစ်ပါသည်။

* စိတ်သည် ရုပ်ကိုဖြစ်စေရာ၌ ခဏသုံးပါးတို့တွင် မည်သည့်ခဏ၌ ရုပ်ကိုဖြစ်စေနိုင်ပါသနည်း? သာဓကဖြင့် ရှင်းပြပါ။

'ဇာယန္တေမေဝ သမုဋ္ဌာပေတိ'ကိုထောက်၍ စိတ်သည် အသက်တိုလွန်းသဖြင့် ဥပါဒ်ခဏ၌သာ အားရှိသောကြောင့် ဥပါဒ်ခဏ၌သာ ရုပ်ကို ဖြစ်စေပါသည်။ ဌီခဏ, ဘင်ခဏတို့၌ ရုပ်ကို မဖြစ်စေနိုင်ပါ။

## စိတ္တသမုဋ္ဌာနရူပ်-၌ 'စိတ္တ'အရ

**ပါဝင်သည့်စိတ်ကား**– အရူပဝိပါက်စိတ်(၄)ပါး၊ ဒွေးပဉ္စဝိညာဏ်(၁၀)ပါးကြဉ်သော ကျန်စိတ်(၇၅)ပါး ရပါသည်။

**မပါဝင်သည့် စိတ်ကား**– အရူပဝိပါက်စိတ်(၄)ပါး၊ ဒွေးပဉ္စဝိညာဏ်(၁၀)ပါး၊ (ရဟန္တာတို့၏စုတိ)တို့ ဖြစ်ပါသည်။

## ကျရိယာပုထ်ကို ထောက်ပံ့စေနိုင်သောစိတ်(၂၆)ပါး

အပ္ပနာဇော(၂၆)ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



**အမှာ**– လျောင်း,ထိုင်,ရပ်,သွား လေးပါးသောအခြင်းအရာကို 'ကျရိယာပုထ်'ဟု ခေါ်ပါသည်။

## ဝိညတ်ကို ဖြစ်စေနိုင်သော စိတ်(၃၂)ပါး

ဝုဋ္ဌေစိတ် = ၁ပါး၊
ကာမဇော = ၂၉ပါး၊
အဘိညာဉ်စိတ် = ၂ပါးတို့ ဖြစ်ပါသည်။

## ရယ်ရွှင်မှုကို ဖြစ်စေနိုင်သော စိတ်(၁၃)ပါး

လောဘမူသောမနဿ = ၄ပါး၊
ဟသိတုပ္ပါဒ်သောမနဿ = ၁ပါး၊
မဟာကုသိုလ်သောမနဿ = ၄ပါး၊
မဟာကြိယာသောမနဿ = ၄ပါးတို့ ဖြစ်ပါသည်။

## ပုဂ္ဂိုလ်အလိုက် ပြိုးရယ်သောစိတ်များ

၁။ ပုထုဇဉ်များသည် လောဘမူ သောမနဿသဟဂုတ်စိတ်(၄)ပါး၊ မဟာကုသိုလ်သောမနဿ သဟဂုတ်စိတ်(၄)ပါး၊ ပေါင်း(၈)ပါးတို့တွင် တစ်ပါးပါးဖြင့် ပြိုးရယ်ကြပါသည်။

၂။ သေက္ခပုဂ္ဂိုလ်များသည် လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ် သောမနဿ(၂)ပါး၊ မဟာကုသိုလ်သောမနဿ(၄)ပါး၊ ပေါင်း(၆)ပါးတို့တွင် တစ်ပါးပါးဖြင့် ပြိုးရယ်ကြပါသည်။

၃။ ဘုရားရဟန္တာတို့သည် ဟသိတုပ္ပါဒ်စိတ်(၁)ပါး၊ မဟာကြိယာသောမနဿ (၄)ပါး၊ ပေါင်း(၅)ပါးတို့တွင် တစ်ပါးပါးဖြင့် ပြိုးရယ်ကြပါသည်။

[**ဆောင်**] ရှစ်–ပုထုဇန်၊ ခြောက်–သေက္ခန်၊ ငါးတန်–ရဟန္တာ။
ဟာသအကြောင်း၊ ထူးပြားရှောင်း၊ စိတ်ပေါင်းတေရသာ။

http://www.dhammadownload.com



| စိတ် | ရုပ်သက်၂ | ဣ-ပုထ် | ဝိညတ် | ရယ်ရွင် |
|---|---|---|---|---|
| မနောဓာတ် ၃၊ တဒါရုံ ၁၁၊ ရူပဝိ ၅ | ။ | x | x | x |
| အပ္ပနာဇော-၂ဖြပါး | ။ | ။ | x | x |
| ဝုဋ္ဌော၊ ကာမဇော-၂၉၊ အဘိဉ်ဇွေး | ။ | ။ | ။ | x |
| သောမနဿဇော-၁၃ | ။ | ။ | ။ | ။ |
| အရူပဝိ-၄၊ ဇွေးပဋ္ဌဝိညာဉ်-၁၀ | x | x | x | x |

၁။ မနောဓာတ်-၃ပါး၊ တဒါရုံ-၁၁ပါး၊ ရူပဝိပါက်-၅ပါး၊ ဤ (၁၉)ပါးသည် ရုပ်သာမည(ရုပ်သက်သက်)ကိုသာ ဖြစ်စေနိုင်ပါသည်။

၂။ အပ္ပနာဇော-၂ဖြပါးသည် ရုပ်သက်သက်ကိုလည်းဖြစ်စေ, ဣရိယာပုထ်ကိုလည်း ခိုင်စေနိုင်ပါသည်။

၃။ ဝုဋ္ဌော၊ ကာမဇော-၂၉ပါး၊ အဘိညာဉ်ဇွေး၊ ပေါင်း(၃၂)ပါးသည် ရုပ်သက်သက်ကိုလည်း ဖြစ်စေ, ဣရိယာပုထ်ကိုလည်း ခိုင်စေ,ဝိညတ်ကိုလည်း ဖြစ်စေနိုင်ပါသည်။

၄။ သောမနဿဇော(၁၃)ပါးသည် ရုပ်သက်သက်ကိုလည်းဖြစ်စေ, ဣရိယာပုထ်ကိုလည်း ခိုင်စေ, ဝိညတ်ကိုလည်းဖြစ်စေ, ရယ်ရွင်ခြင်းကိုလည်း ဖြစ်စေနိုင်ပါသည်။

၅။ အရူပဝိပါက်(၄)ပါး၊ ဇွေးပဋ္ဌဝိညာဏ်(၁၀)တို့သည် ရုပ်သက်သက်,ဣရိယာပုထ်, ဝိညတ်, ရယ်ရွင်ခြင်းတို့တွင် ဘာတစ်ခုကိုမျှ မဖြစ်စေနိုင်ပါ။

**[ဆောင်]** မနောဓာတုံ၊ တဒါရုံက၊ ရူပဝိပါက်၊ ဆယ့်ကိုးချက်မှာ၊ ရုပ်ကိုသာတည်း၊ အပ္ပနာဇဝန၊ ဆဗ္ဗီသကား၊ ယာပထလည်း၊ ဖွဲ့တည်းခိုင်စေ၊ တစ်ထွေဝုဋ္ဌော၊ ကာဇောဘိညာ၊ ဒွတ္တိံသကား၊ နှစ်ဖြာဝိညတ်၊ ကိုလည်း

http://www.dhammadownload.com



တပ်၏၊ သောမနသ်ဟု၊ ဆယ်သုံးခုကား၊ ရယ်မှုရွှင်ခြင်း၊ လည်းပြုလျှင်း၏၊ ကြွင်းအာရုပ္ပ၊ ဝိပါကနှင့်၊ ပဋ္ဌဝိညာ၊ ဆယ့်လေးဖြာသည်၊ ဘယ်ဟာ ဖြစ်စေနိုင်ဘူးတည်း။ (အခြေပြု-၃၆၃)

## ဥတုက ရုပ်ကို ဖြစ်စေပုံ

သီတဥတု(အအေးငွေ့) ဥဏှဥတု(အပူငွေ့)ဟု ဆိုအပ်သော တေဇောဓာတ်သည် ဥပါဒ်ပြီးနောက် ဌီသို့ရောက်မှသာ ဥတုဇရုပ်ကို အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန်၌ ထိုက်သလို ဖြစ်စေပါသည်။

## အဇ္ဈတ္တ, ဗဟိဒ္ဓ ခွဲပုံ

သက်ရှိသတ္တဝါတို့၏ ရုပ်ခန္ဓာအစဉ်ကို 'အဇ္ဈတ္တသန္တာန်'ဟု ခေါ်ပါသည်။ သက်မဲ့ဖြစ်သော သစ်ပင်, တောင်, တောင်, ရေ, မြေ, သမုဒ္ဒရာစသည်တို့၏ ရုပ်အစဉ်ကို 'ဗဟိဒ္ဓသန္တာန်'ဟု ခေါ်ပါသည်။

* ဥတုသမုဋ္ဌာနရူပ်-၌ 'ဥတု'အရ သာဓကဖြင့် ကောက်ပြပါ။

'ဥတု'အရ သီတဥတု, ဥဏှဥတုဟုဆိုအပ်သော တေဇောဓာတ် ရပါသည်။ **သာဓက**- သီတုဏှောတုသမညာတာ တေဇောဓာတု။

* ဥတုသည် ဥတုဇရုပ်ကို ဥပါဒ်ခဏ၌ ဖြစ်စေပါသလော? သာဓကဖြင့် ဆုံးဖြတ်ပါ။

ဥတုသည် ဥတုဇရုပ်ကို ဥပါဒ်ခဏ၌ မဖြစ်စေပါ။ ဌီခဏသို့ ရောက်မှသာ ဖြစ်စေနိုင်ပါသည်။

**သာဓက**- သီတုဏှောတုသမညာတာ တေဇောဓာတု ဌိတိပတ္တာဝ။

## အာဟာရက ရုပ်ကို ဖြစ်စေပုံ

ဩဇာဟုဆိုအပ်သော အာဟာရသည် စားဖွယ်ကို မျိုအပ်သော အခါ ဌီခဏသို့ ရောက်မှသာ အာဟာရဇရုပ်ကို ဖြစ်စေနိုင်ပါသည်။

http://www.dhammadownload.com



* အာဟာရသမုဋ္ဌာနရူပံ-၌ 'အာဟာရ'အရ သာဓကဖြင့် ကောက်ပြပါ။

'အာဟာရ'အရ စားဖွယ်သောက်ဖွယ်တို့၌ ပါရှိသော အဆီ, အနှစ်, အစေးဟူသော သြဇာ ရပါသည်။

**သာဓက**– သြဇာသင်္ခါတော အာဟာရော။

* အာဟာရသည် အာဟာရဇရုပ်ကို ဥပါဒ်ခဏ၌ ဖြစ်စေနိုင်ပါသလော? သာဓကဖြင့် ဆုံးဖြတ်ပါ။

အာဟာရသည် အာဟာရဇရုပ်ကို ဥပါဒ်ခဏ၌ မဖြစ်စေနိုင်ပါ။ ဌီခဏသို့ရောက်မှသာ ဖြစ်စေနိုင်ပါသည်။

**သာဓက**– သြဇာသင်္ခါတော (ပ) ဌာနပ္ပတ္တောဝ သမုဋ္ဌာပေတိ။

* ကမ္မဇရုပ်, စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်များ ဖြစ်ရာ ခဏတို့ကို သာဓကနှင့်တကွ ဖြေဆိုပါ။

၁။ ကမ္မဇရုပ်တို့သည် ခဏသုံးပါး၌ ဖြစ်ကြပါသည်။

**သာဓက**– ခဏော ခဏော သမုဋ္ဌာပေတိ။

၂။ စိတ္တဇရုပ်သည် ဥပါဒ်ခဏ၌သာ ဖြစ်ပါသည်။

**သာဓက**– ဇာယန္တေဝ သမုဋ္ဌာပေတိ။

၃။ ဥတုဇရုပ်,အာဟာရဇရုပ်တို့သည် ဌီခဏ၌သာဖြစ်ကြသည်။

**သာဓက**– ဌိတိပ္ပတ္တာဝ သမုဋ္ဌာပေတိ၊ ဌာနပ္ပတ္တောဝ သမုဋ္ဌာပေတိ။

**ဧကန်ကမ္မဇရုပ် (၉)ပါး:**

ဟဒယရုပ် = ၁ပါး၊

ဣန္ဒြိယရုပ် = ၈ပါးတို့ ဖြစ်ပါသည်။

**အမှာ**– ဤရုပ်(၉)ပါးသည် ကံဟူသော အကြောင်းတစ်ပါး ကြောင့်သာ ဖြစ်သောကြောင့် 'ဧကန်ကမ္မဇရုပ်'ဟု ခေါ်ပါသည်။

http://www.dhammadownload.com



### ဧကန်စိတ္တဇရုပ် (၂)ပါး:

ဝိညတ်ရုပ် = ၂ပါး ဖြစ်ပါသည်။

**အမှာ**– ဤရုပ်(၂)ပါးသည် စိတ်ဟူသော အကြောင်းတစ်ပါး ကြောင့်သာ ဖြစ်သောကြောင့် 'ဧကန်စိတ္တဇရုပ်'ဟု ခေါ်ပါသည်။

### ဧကဇရုပ် (၁၁)ပါး:

ဟဒယရုပ် = ၁ပါး၊
ဣန္ဒြိယရုပ် = ၈ပါး
ဝိညတ်ရုပ် = ၂ပါးတို့ ဖြစ်ပါသည်။

**အမှာ**– အကြောင်းတစ်ပါးကြောင့်သာ ဖြစ်သောရုပ်ကို 'ဧကဇ ရုပ်'ဟု ခေါ်ပါသည်။

### ဒွိဇရုပ် (၁)ပါး:

သဒ္ဒရုပ် = ၁ပါး ဖြစ်ပါသည်။

**အမှာ**– သဒ္ဒရုပ်သည် စိတ်, ဥတုဟူသော အကြောင်းနှစ်ပါး ကြောင့် ဖြစ်သောကြောင့် 'ဒွိဇရုပ်'ဟု ခေါ်ပါသည်။

### တိဇရုပ် (၃)ပါး:

ရူပသဃနဟုတာ = ၁ပါး၊
ရူပသမုဒုတာ = ၁ပါး၊
ရူပသကမ္မညတာ = ၁ပါးတို့ ဖြစ်ပါသည်။

**အမှာ**– ဤရုပ်သုံးပါးသည် စိတ်, ဥတု, အာဟာရဟူသော အကြောင်းသုံးပါးကြောင့်ဖြစ်သောကြောင့် 'တိဇရုပ်'ဟု ခေါ်ပါသည်။

### စတုဇရုပ် (၉)ပါး:

အဝိနိဗ္ဘောဂရုပ် = ၈ပါး၊

http://www.dhammadownload.com



အာကာသဓာတ် = ၁ပါးတို့ ဖြစ်ပါသည်။

**အမှာ**– ဤရုပ်(၉)ပါးသည် ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းလေးပါးကြောင့် ဖြစ်သောကြောင့် 'စတုဇရုပ်'ဟု ခေါ်ပါသည်။

## နှ ကုတောစိရုပ် (၄)ပါး:

လက္ခဏရုပ် = ၄ပါး ဖြစ်ပါသည်။

**အမှာ**– ဤလက္ခဏရုပ်လေးပါးသည် ကံစသောအကြောင်းလေးပါးတို့တွင် ဘယ်အကြောင်းကြောင့်မျှ မဖြစ်သောကြောင့် 'နှ ကုတောစိရုပ်'ဟု ခေါ်ပါသည်။

## ကမ္မဇရုပ် (၁၈)ပါး:

ဟဒယရုပ် = ၁ပါး၊
ဣတ္ထိယရုပ် = ၈ပါး၊
အဝိနိဗ္ဘောဂရုပ် = ၈ပါး၊
အာကာသဓာတ် = ၁ပါးတို့ ဖြစ်ပါသည်။

(ဂါထာလာ အဋ္ဌာရသအရုလည်း ဟုတ်၏)

## ကမ္မဇရုပ်(၁၈)ပါးကို ဧကန်, အနေကန်ခွဲပုံ

ဟဒယရုပ်(၁)ပါး၊ ဣတ္ထိယရုပ်(၈)ပါး၊ ပေါင်း(၉)ပါးတို့သည် ဧကန်ကမ္မဇရုပ် ဖြစ်ပါသည်။

အဝိနိဗ္ဘောဂရုပ်(၈)ပါး၊ အာကာသဓာတ်(၁)ပါး၊ ပေါင်း(၉)ပါးတို့သည် အနေကန်ကမ္မဇရုပ် ဖြစ်ပါသည်။

## စိတ္တဇရုပ် (၁၅)ပါး:

ဝိညတ်ရုပ် = ၂ပါး၊
သဒ္ဒရုပ် = ၁ပါး၊

http://www.dhammadownload.com



လဟုတာဒိ = ၃ပါး၊
အဝိနိဗ္ဘောဂရုပ် = ၈ပါး၊
အာကာသဓာတ် = ၁ပါးတို့ ဖြစ်ပါသည်။
(ဂါထာလာ ပန္နရသအရုလည်း ဟုတ်၏)

**စိတ္တဇရုပ်(၁၅)ပါးကို ဧကန်,အနေကန်ခွဲပုံ**

ဝိညတ်ရုပ်(၂)ပါးသည် ကောန်စိတ္တဇရုပ် ဖြစ်ပါသည်။ သဒ္ဒရုပ် (၁)ပါး၊ လဟုတာဒိ (၃)ပါး၊ အဝိနိဗ္ဘောဂရုပ် (၈)ပါး၊ အာကာသဓာတ်(၁)ပါးတို့သည် အနေကန်စိတ္တဇရုပ် ဖြစ်ပါသည်။

**ဥတုဇရုပ် (၁၃)ပါး**

သဒ္ဒရုပ် = ၁ပါး၊
လဟုတာဒိ = ၃ပါး၊
အဝိနိဗ္ဘောဂရုပ် = ၈ပါး၊
အာကာသဓာတ် = ၁ပါးတို့ ဖြစ်ပါသည်။
(ဂါထာလာ တေရသအရုလည်း ဟုတ်၏)

**အာဟာရဇရုပ် (၁၂)ပါး**

လဟုတာဒိ = ၃ပါး၊
အဝိနိဗ္ဘောဂရုပ် = ၈ပါး၊
အာကာသဓာတ် = ၁ပါးတို့ ဖြစ်ပါသည်။
(ဂါထာလာ ဒွါဒသအရုလည်း ဟုတ်၏)

* 'မိန်းမတို့ ဣန္ဒြေ ရွေပေးလို့ မရ'ဟူသောဆိုစကား မှန်/မမှန် သာဓကဖြင့် ရှင်းပြပါ။

ဣတ္ထိဘာဝရုပ်ဟူသော ဣတ္ထိန္ဒြေသည် ကံကြောင့်သာ ဖြစ်

http://www.dhammadownload.com



သောကြောင့် 'မိန်းမတို့ကန္တွေ့ ချေပေးလို့မရ'ဆိုစကား မှန်ပါသည်။

**သာဓက**– တတ္ထ ဟဒယဂ္ဂန္ဒြိယရူပါနိ ကမ္မဇာနေဝ။

* 'ယောက်ျားကို ခွဲစိတ်ကုသလျှင် မိန်းမဖြစ်နိုင်သည်'ဟု ဆိုကြရာ အဘိဓမ္မာသဘာဝအရ ဖြစ်နိုင်/မဖြစ်နိုင် သာဓကဖြင့် ရှင်းပြပါ။

ဣတ္ထိဘာဝရုပ်၊ ပုရိသဘာဝရုပ်တို့သည် ဇနကမ္မဇ(ကံကြောင့် သာဖြစ်သော)ရုပ်များ ဖြစ်သောကြောင့် ပုရိသဘာဝရုပ်မှ ဣတ္ထိဘာဝရုပ်သို့ ပြောင်းမသွားနိုင်ပါ။ ခွဲစိတ်ကုသခြင်းကြောင့် အင်္ဂါဇာတ်တော့ ပြောင်းသွားနိုင်ပါသည်။

**သာဓက**– တတ္ထ ဟဒယဂ္ဂန္ဒြိယရူပါနိ ကမ္မဇာနေဝ။

* မျက်စိအကြည်ဓာတ်သည် ကံကြောင့်သာ ဖြစ်ပါလျက် မျက်စိရောဂါအမျိုးမျိုးတို့ကို ဆေးပညာရှင်တို့ နည်းမျိုးစုံ ဆန်းသစ်တီထွင်၍ ကုသအောင်မြင်နေရခြင်းနှင့် လုံးဝကုသ၍ မအောင်မြင်နိုင်သည့် ပုဂ္ဂိုလ်မျိုးကိုလည်း အဘိဓမ္မာအမြင်ဖြင့် စိစစ်ခဲ့ပါ။

မျက်စိအကြည်ဓာတ်သည် ကံကြောင့်သာ ဖြစ်ပါလျက် ကုသ၍ အောင်မြင်နေရခြင်းမှာ– စက္ခုပသာဒသည် ကံကြောင့်သာ ဖြစ်သော်လည်း စိတ်, ဥတု, အာဟာရတို့က ထောက်ပံ့စောင့်ရှောက်နေကြသောကြောင့် ထို့ဥတု, အာဟာရတို့ ဖောက်ပြန်မှုကြောင့် ဖြစ်ရသော မျက်စိရောဂါ အမျိုးမျိုးတို့ကို ဥတု, အာဟာရများကို ကျွမ်းကျင်စွာ ပြုပြင်တတ်မှုကြောင့် အောင်မြင်နေခြင်း ဖြစ်ပါသည်။

လုံးဝကုသ၍ မအောင်မြင်နိုင်သော ပုဂ္ဂိုလ်မျိုးမှာ ကံကြောင့် ဖြစ်သော မျက်စိအကြည်ဓာတ် ပျက်စီးနေသူကိုတော့ မည်သည့် ပုဂ္ဂိုလ်တို့ကမှ မည်သည့်နည်းနှင့်မျှ ကုသ၍ မရနိုင်တော့ပါ။

http://www.dhammadownload.com



* 'အလုပ်လုပ်ရတာ စိတ်မပါ၊ စကားပြောရတာ စိတ်မပါ'ဆို စကားများ မှန်/မမှန် သာဓကဖြင့် ရှင်းပြပါ။

ကာယဝိညတ်–ကိုယ်အမူအရာနှင့် ဝစီဝိညတ်–နှုတ်အမူအရာ တို့သည် စိတ်ကြောင့်သာဖြစ်ကြသောကြောင့် အထက်ပါဆိုစကား များ မမှန်ပါ။ **သာဓက**– ဝိညတ္တိဒွယံ စိတ္တဇမေဝ။

* ဝိညတ္တိဒွယံ စိတ္တဇမေဝ–၌ 'စိတ္တ'အရ သာဓကနှင့်တကွ ကောက်ပြပါ။

ဝုဋ္ဌော(၁)ပါး၊ ကာမဇော(၂၉)ပါး၊ အဘိညာဉ်ဒွေးတို့ ရပါသည်။

**သာဓက**– ဝေါဋ္ဌဗ္ဗနကာမာဝစရဇဝနာဘိညာ ပန ဝိညတ္တိမိဿမုဒ္ဓာပေန္တိ။

## အသံ(သဒ္ဒ) နှစ်မျိုး

စကားပြောသံ၊ အသက်ရှူသံ၊ ငိုကြွေးသံစသည်တို့သည် စိတ္တဇ သဒ္ဒ(စိတ်ကြောင့်ဖြစ်သောအသံ)ဖြစ်သည်။ အပြင်ပဒ္ဓ မိုးသံ၊လေသံ၊ ခေါင်းလောင်းသံ၊ သီချင်းသံနှင့် ဝမ်းတွင်း၌ဖြစ်ပေါ်လာသောလေသံ စသည်တို့သည် ဥတုဇသဒ္ဒ (ဥတုကြောင့်ဖြစ်သောအသံ) ဖြစ်သည်။

* ခန္ဓာကိုယ် ပေါ့ပါးခြင်း၊ အသားအရေ နူးညံ့ခြင်းတို့သည် အတိတ်ကံကြောင့်ဟုဆိုက သင့်/မသင့် သာဓကဖြင့် ရှင်းပြပါ။

ခန္ဓာကိုယ်ပေါ့ပါးခြင်း၊ အသားအရေနူးညံ့ခြင်းတို့သည် အတိတ် ကံကြောင့် မဟုတ်ပါ။ ဥတု, စိတ်, အာဟာရတို့ကြောင့် ဖြစ်ပါသည်။

**သာဓက**– လဟုတာဒိတ္တယံ ဥတုစိတ္တာဟာရေဟိ သမ္ဘောတိ။

* 'ကုသိုလ်ကံကောင်းလို့ အသားအရေ စိုပြေနူးညံ့သည်'ဟု ဆိုက သင့်/မသင့် သာဓကဖြင့် ရှင်းပြပါ။

အသာအရေ စိုပြေနူးညံ့ခြင်း–မဒုတာသည် ကံကြောင့် မဖြစ်၊

http://www.dhammadownload.com



ဥတု, စိတ်, အာဟာရတို့ကြောင့်သာ ဖြစ်သောကြောင့် 'ကုသိုလ်ကံကောင်းလို့ အသားအရေ စိုပြေနူးညံ့သည်'ဆိုစကား မမှန်ပါ။

**သာဓက**– လဟုတာဒိတ္တယံ ဥတုစိတ္တာဟာရေဟိ သမ္ဘောတိ။

* 'အစာအာဟာရသည် ကျန်းမာရေးအတွက် ဆေးတစ်ခွက်ဖြစ်သည်'ဟု ဆိုကသင့်/မသင့် သာဓကဖြင့် ရှင်းပြပါ။

အာဟာရသည် ခန္ဓာကိုယ်ပေါ့ပါးအောင်, နူးညံ့အောင်, ထိုထိုအမှုဒဿအောင် အထောက်အပံ့ ပေးနိုင်သောကြောင့် 'အစာအာဟာရသည် ကျန်းမာရေးအတွက် ဆေးတစ်ခွက်ဖြစ်သည်'ဆိုစကား သင့်ပါသည်။

**သာဓက**– လဟုတာဒိတ္တယံ ဥတုစိတ္တာဟာရေဟိ သမ္ဘောတိ။

* ရုပ်ဟူသမျှ သပ္ပစ္စယ (အကြောင်းရှိ)ချည်းသာ ဖြစ်သော်လည်း အကြောင်းကင်းသောရုပ် ရှိနိုင်/မရှိနိုင် သာဓကနှင့်တကွ ရှင်းပြပါ။

လက္ခဏရုပ်(၄)ပါးတို့သည် ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းလေးပါးတို့ကြောင့် မည်သည့်အကြောင်းကြောင့်မျှ မဖြစ်သောကြောင့် အကြောင်းကင်းသောရုပ် ရှိနိုင်ပါသည်။

**သာဓက**– လက္ခဏရူပါနိ နာ ကုတောစိ ဇာယန္တိ။

## လက္ခဏရုပ်လေးပါး မည်သည့်အကြောင်းမျှ မဖြစ်ရခြင်း အကြောင်း

လက္ခဏရုပ်လေးပါးတို့သည် ဖြစ်ဆဲအစရှိသော ရုပ်ကလာပ်တို့၏ သဘောတံထွာ ဓမ္မတာမျှသာဖြစ်သောကြောင့် မည်သည့် အကြောင်းကြောင့်မျှ မဖြစ်ပါ။

**သာဓက**– ဇာယမာနာဒိရူပါနံ (ပ) ကေဟိစိတိ ပကာသိတံ။

http://www.dhammadownload.com



* ယောက်ျားတစ်ယောက်၏ သန္တာန်၌ ဖြစ်ခွင့်ရှိသောကမ္မဇရုပ်, မိန်းမတစ်ယောက်၏ သန္တာန်၌ ဖြစ်ခွင့်ရှိသော ကမ္မဇရုပ်တို့ကို တိကျစွာ ထုတ်ပြပါ။

ယောက်ျားတစ်ယောက်၏ သန္တာန်၌ ဟဒယရုပ်(၁)ပါး၊ ပသာဒရုပ်(၅)ပါး၊ ပုရိသိန္ဒြေ(၁)ပါး၊ ဇီဝိတရုပ်(၁)ပါး၊ အဝိနိဗ္ဘောဂရုပ်(၈)ပါး၊ အာကာသဓာတ်(၁)ပါး၊ ပေါင်း(၁၇)ပါး ဖြစ်ပါသည်။

မိန်းမတစ်ယောက်၏ သန္တာန်၌ ဟဒယရုပ်(၁)ပါး၊ ပသာဒရုပ်(၅)ပါး၊ ဣတ္ထိန္ဒြေ(၁)ပါး၊ ဇီဝိတရုပ်(၁)ပါး၊ အဝိနိဗ္ဘောဂရုပ်(၈)ပါး၊ အာကာသဓာတ်(၁)ပါး၊ ပေါင်း(၁၇)ပါး ဖြစ်ပါသည်။

**အကြောင်းတရား လေးပါးလုံးကြောင့် ဖြစ်သောရုပ်**

အဝိနိဗ္ဘောဂရုပ်(၈)ပါး၊ အာကာသဓာတ်(၁)ပါးတို့ ဖြစ်ပါသည်။

**အကြောင်းတရား လေးပါးလုံးကြောင့် မဖြစ်သောရုပ်**

လက္ခဏရုပ်(၄)ပါး ဖြစ်ပါသည်။

**စေတသိက်က ရုပ်ကို ဖြစ်စေပုံပြပါဦ**

တတ္ထ ကာမာဝစရံ, ရူပါဝစရဥ္စေတိ (ပ) ခဏော သမုဒ္ဒါပေတိ။

**ရုပ်ကို ဖြစ်စေနိုင်သောစိတ်၏ သတ္တိထူးပြပါဦ**

ရုပ်ပိုင်း စာပို့ဒ်– ၃၂၊ ၃၃၊ ၃၄။

**စိတ်က ရုပ်ကို ဖြစ်စေပုံပြပါဦ**

ရုပ်ပိုင်း စာပို့ဒ်– ၃၁ ၊၃၂၊ ၃၃၊ ၃၄။

**ရုပ်က ရုပ်ကို ဖြစ်စေပုံပြပါဦ**

ရုပ်ပိုင်း စာပို့ဒ်– ၃၅၊ ၃၆။

**ကမ္မဇရုပ် ၁၈–ပါး (အဋ္ဌာရသအရ)ပြပါဦ**

ရုပ်ပိုင်း စာပို့ဒ်– ၃၇၊ ၄၁။

http://www.dhammadownload.com



**စိတ္တဇရုပ် ၁၅-ပါး (ပန္နရသအရ)ပြပါဠိ**

ရုပ်ပိုင်း စာပိုဒ်- ၃၈၊ ၃၉၊ ၄၀၊ ၄၁။

**ဥတုဇရုပ် ၁၃-ပါး (တေရသအရ)ပြပါဠိ**

ရုပ်ပိုင်း စာပိုဒ်- ၃၉၊ ၄၀၊ ၄၁။

**အာဟာရဇရုပ် ၁၂-ပါး (ဒွါဒသအရ)ပြပါဠိ**

ရုပ်ပိုင်း စာပိုဒ်- ၄၀၊ ၄၁။

ရူပသမုဋ္ဌာန ပြီး၏။

❑❑❑❑❑

## ရူပကလာပ

**ရုပ်ကလာပ်၏ လက္ခဏာ(၃)ပါး:**

၁။ ဇာတိပ္ပါဒ = အတူတကွ ဖြစ်ခြင်း၊

၂။ ဇရာနိရောဓ = အတူတကွ ချုပ်ခြင်း၊

၃။ ဇရာနိဿယ = တူသောမှီရာ မဟာဘုတ်ရှိခြင်း။

**အမှာ**– သဟဇာတ္တိ-အတူတကွ ဖြစ်ခြင်းကို ကလာပ်အင်္ဂါတစ်ပါးဟုယူ၍ ရုပ်ကလာပ်၏ လက္ခဏာ(၄)ပါးဟု ယူကြ၏။

* ရုပ်တရားတို့၌ ကောရမ္မဏလက္ခဏာ ရှိသင့်/မရှိသင့် သာဓကဖြင့် ရှင်းပြပါ။

ရုပ်တရားဟူသမျှ အာရုံကိုမယူတတ်သော အနာရမ္မဏတရား ချည်းသာ ဖြစ်သောကြောင့် ရုပ်တရားတို့၌ ဇောရမ္မဏလက္ခဏာ မရှိသင့်ပါ။ **သာဓက**– သဗ္ဗဉ္ဉူ ပနေတံ ရူပံ – အနာရမ္မဏံ။

**ရုပ်ကလာပ် (၂၁)စည်း:**

ကမ္မဇကလာပ် = ၉စည်း၊

http://www.dhammadownload.com



စိတ္တဇကလာပ် = ၆စည်း၊
ဥတုဇကလာပ် = ၄စည်း၊
အာဟာရဇကလာပ် = ၂စည်းတို့ ဖြစ်ပါသည်။

## ကမ္မဇကလာပ် (၉)စည်း

၁။ စက္ခုဒသကကလာပ်၊
၂။ သောတဒသကကလာပ်၊
၃။ ဃာနဒသကကလာပ်၊
၄။ ဇိဝှါဒသကကလာပ်၊
၅။ ကာယဒသကကလာပ်၊
၆။ ဣတ္ထိဘာဝဒသကကလာပ်၊
၇။ ပုမ္ဘာဝဒသကကလာပ်၊
၈။ ဝတ္ထုဒသကကလာပ်၊
၉။ ဇီဝိတနဝကကလာပ်တို့ ဖြစ်ပါသည်။

## ကမ္မဇကလာပ်(၉)စည်း ဖွဲ့ပုံ

၁။ ဇီဝိတရုပ်(၁)ပါး၊ အဝိနိဗ္ဘောဂရုပ်(၈)ပါး၊ စက္ခုပသာဒရုပ်(၁)ပါး၊ ပေါင်း(၁၀)ပါးသည် စက္ခုဒသကကလာပ် မည်၏။
၂။ ဇီဝိတရုပ်(၁)ပါး၊ အဝိနိဗ္ဘောဂရုပ်(၈)ပါး၊ သောတပသာဒရုပ်(၁)ပါး၊ ပေါင်း(၁၀)ပါးသည် သောတဒသကကလာပ် မည်၏။
၃။ ဇီဝိတရုပ်(၁)ပါး၊ အဝိနိဗ္ဘောဂရုပ်(၈)ပါး၊ ဃာနပသာဒရုပ်(၁)ပါး၊ ပေါင်း(၁၀)ပါးသည် ဃာနဒသကကလာပ် မည်၏။
၄။ ဇီဝိတရုပ်(၁)ပါး၊ အဝိနိဗ္ဘောဂရုပ်(၈)ပါး၊ ဇိဝှါပသာဒရုပ်(၁)ပါး၊ ပေါင်း(၁၀)ပါးသည် ဇိဝှါဒသကကလာပ် မည်၏။
၅။ ဇီဝိတရုပ်(၁)ပါး၊ အဝိနိဗ္ဘောဂရုပ်(၈)ပါး၊ ကာယပသာဒရုပ်

http://www.dhammadownload.com



(၁)ပါး၊ ပေါင်း(၁၀)ပါးသည် ကာယဒသကကလာပ် မည်၏။

၆။ ဇီဝိတရုပ်(၁)ပါး၊ အဝိနိဗ္ဘောဂရုပ်(၈)ပါး၊ ဣတ္ထိဘာဝရုပ်(၁)ပါး၊ ပေါင်း(၁၀)ပါးသည် ဣတ္ထိဘာဝဒသကကလာပ် မည်၏။

၇။ ဇီဝိတရုပ် (၁)ပါး၊ အဝိနိဗ္ဘောဂရုပ်(၈)ပါး၊ ပုမ္ဘာဝရုပ်(၁)ပါး၊ ပေါင်း(၁၀)ပါးသည် ပုမ္ဘာဝဒသကကလာပ် မည်၏။

၈။ ဇီဝိတရုပ်(၁)ပါး၊ အဝိနိဗ္ဘောဂရုပ်(၈)ပါး၊ ဟဒယဝတ္ထုရုပ်(၁)ပါး၊ ပေါင်း(၁၀)ပါးသည် ဝတ္ထုဒသကကလာပ် မည်၏။

၉။ ဇီဝိတရုပ်(၁)ပါး၊ အဝိနိဗ္ဘောဂရုပ်(၈)ပါး၊ ပေါင်း(၉)ပါးသည် ဇီဝိတနဝကကလာပ် မည်၏။

**မှတ်ချက်**။ ။ ကမ္မဇကလာပ်ဟူသည် ဓကန်ကမ္မဇရုပ်(၉)ပါးကို တစ်ခုစီခွဲ၍ အနေကန်ကမ္မဇရုပ်(၉)ပါးနှင့် တွဲပြခြင်းသာ ဖြစ်သည်။

## စိတ္တဇကလာပ် (၆)စည်း

၁။ သုဒ္ဓဋ္ဌကကလာပ်၊

၂။ ကာယဝိညတ္တိနဝကကလာပ်၊

၃။ ဝစီဝိညတ္တိဒသကကလာပ်၊

၄။ လဟုတာဒေကာဒသကကလာပ်၊

၅။ ကာယဝိညတ္တိလဟုတာဒိ ဒွါဒသကကလာပ်၊

၆။ ဝစီဝိညတ္တိသဒ္ဒလဟုတာဒိတေရသကကလာပ်။

## စိတ္တဇကလာပ်(၆)စည်း ဖွဲ့ပုံ

၁။ အဝိနိဗ္ဘောဂရုပ်(၈)ပါးသည် သုဒ္ဓဋ္ဌကကလာပ် မည်၏။

၂။ အဝိနိဗ္ဘောဂရုပ်(၈)ပါး၊ ကာယဝိညတ်ရုပ်(၁)ပါး၊ ပေါင်း(၉)ပါးသည် ကာယဝိညတ္တိနဝကကလာပ် မည်၏။

၃။ အဝိနိဗ္ဘောဂရုပ်(၈)ပါး၊ ဝစီဝိညတ်ရုပ်(၁)ပါး၊ သဒ္ဒရုပ်(၁)ပါး၊

http://www.dhammadownload.com



ပေါင်း(၁၀)ပါးသည် ဝစီဝိညတ္တိဒသကကလာပ် မည်၏။

၄။ အဝိနိဗ္ဘောဂရုပ်(၈)ပါး၊ ရူပသဃလဟုတာ၊ မုဒုတာ၊ ကမ္မညတာ (၃)ပါး၊ ပေါင်း(၁၁)ပါးသည် လဟုတာဒေကာဒသကကလာပ် မည်၏။

၅။ အဝိနိဗ္ဘောဂရုပ် (၈)ပါး၊ ကာယဝိညတ်ရုပ် (၁)ပါး၊ ရူပသဃလဟုတာ၊ မုဒုတာ၊ ကမ္မညတာ (၃)ပါး၊ ပေါင်း(၁၂)ပါးသည် ကာယဝိညတ္တိလဟုတာဒိဒွါဒသကကလာပ် မည်၏။

၆။ အဝိနိဗ္ဘောဂရုပ်(၈)ပါး၊ ဝစီဝိညတ်ရုပ်(၁)ပါး၊ သဒ္ဒရုပ်(၁)ပါး၊ ရူပသဃလဟုတာ၊ မုဒုတာ၊ ကမ္မညတာ(၃)ပါး၊ ပေါင်း(၁၃)ပါးသည် ဝစီဝိညတ္တိသဒ္ဒလဟုတာဒိတေရသကကလာပ် မည်၏။

## စိတ္တဇကလာပ်(၆)စည်း ဖြစ်ပုံ

၁။ သုဒ္ဓဋ္ဌကကလာပ်သည် တွေ့ဝေမိန်းမော်သောအခါ၊ အိပ်ပျော်နေသောအခါ၊ စိတ်သောကကြောင့် ရုပ်ညှိုးနွမ်းသောအခါစသည်တို့၌ ဖြစ်၏။

၂။ ကာယဝိညတ္တိနဝကကလာပ်သည် ရှေ့သို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်း စသည်ကို ပြုလုပ်သောအခါ၊ စိတ်သောကကြောင့် ရုပ်ညှိုးနွမ်းသောအခါ စသည်တို့၌ ဖြစ်၏။

၃။ ဝစီဝိညတ္တိဒသကကလာပ်သည် စိတ်သောကကြောင့် ရုပ်ညှိုးနွမ်းသောအခါ၊ စကားပြောသံ၊ ငိုကြွေးသံ၊ ဆဲဆိုသံ၊ ညည်းညူသံ စသည်တို့၌ ဖြစ်၏။

၄။ လဟုတာဒေကာဒသကကလာပ်သည် စိတ်ကြည်လင်ရွှင်လန်း၍ ရုပ်ခန္ဓာပေါ့ပါးမှု၊ နူးညံ့မှု၊ အမှုကိစ္စ၌ဖျတ်လတ်မှုဖြစ်သောအခါ၌ ဖြစ်၏။

၅။ ကာယဝိညတ္တိလဟုတာဒိဒွါဒသက ကလာပ်သည် စိတ်ကြည်

http://www.dhammadownload.com



လင်ရွှင်လန်း၍ ရုပ်ခန္ဓာပေါ့ပါးမှု၊ နူးညံ့မှု၊ ဖျတ်လတ်စွာဖြင့် ရှေ့သို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်းစသည်ကို ပြုလုပ်သော အခါ၌ ဖြစ်၏။

၆။ ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိ တေရသက ကလာပ်သည် စိတ် ကြည်လင်ရွှင်လန်း၍ ရုပ်ခန္ဓာပေါ့ပါးမှု၊ နူးညံ့မှု၊ ဖျတ်လတ်စွာ ဖြင့် စကားပြောဆိုရာ, တရားဟောရာ, ရယ်မောရာ, လေ့ချွန် ရာစသည်တို့၌ ဖြစ်၏။

### ဥတုဇကလာပ် (၄)စည်း

၁။ သုဒ္ဓဋ္ဌကကလာပ်၊
၂။ သဒ္ဒနဝကကလာပ်၊
၃။ လဟုတာဒေကာဒသကကလာပ်၊
၄။ သဒ္ဒလဟုတာဒိ ဒွါဒသကကလာပ်။

### ဥတုဇကလာပ်(၄)စည်း ဖွဲ့ပုံ

၁။ အဝိနိဗ္ဘောဂရုပ်(၈)ပါးသည် သုဒ္ဓဋ္ဌကကလာပ် မည်၏။

၂။ အဝိနိဗ္ဘောဂရုပ် (၈)ပါး၊ သဒ္ဒရုပ် (၁)ပါး၊ ပေါင်း(၉)ပါးသည် သဒ္ဒနဝကကလာပ် မည်၏။

၃။ အဝိနိဗ္ဘောဂရုပ်(၈)ပါး၊ ရူပဿလဟုတာ၊ မုဒုတာ၊ ကမ္မညတာ (၃)ပါး၊ ပေါင်း(၁၁)ပါးသည် လဟုတာဒေကာဒသကကလာပ် မည်၏။

၄။ အဝိနိဗ္ဘောဂရုပ် (၈)ပါး၊ သဒ္ဒရုပ် (၁)ပါး၊ ရူပဿ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ(၃)ပါး၊ ပေါင်း(၁၂)ပါးသည် သဒ္ဒလဟု-တာဒိ ဒွါဒသကကလာပ် မည်၏။

http://www.dhammadownload.com



## ဥတုဇကလာပ်(၄)စည်း ဖြစ်ရာအရပ်

၁။ သုဒ္ဓဋ္ဌကကလာပ်သည် သက်မဲ့ဖြစ်သော သစ်ပင်,တော,တောင်, ရေ,မြေတို့၌သာ ဖြစ်၏၊ သက်ရှိအဇ္ဈတ္တသန္တာန်၌ကား ရာသီဥတု ဖောက်ပြန်၍ မာတ်ကြီးလေးပါး မညီမျှသောအခါ၌ ဖြစ်၏။

၂။ သဒ္ဒနဝကကလာပ်သည် လေတိုက်သံ၊ ရေစီးသံ၊ မိုးခြိမ်းသံ၊ ငလျင်လှုပ်သံ၊ တော်လဲသံ စသည်တို့၌ ဖြစ်၏။

၃။ လဟုတာဒေကာဒသကကလာပ်သည် သက်ရှိသတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်၌သာ ဖြစ်၏၊ ရာသီဥတု သာယာသောအခါ ရုပ်ခန္ဓာကိုယ် ပေါ့ပါးမှု, နူးညံ့မှု, ဖျတ်လတ်မှုရှိသောအခါတို့၌ ဖြစ်၏။

၄။ သဒ္ဒလဟုတာဒိ ဒွါဒသကကလာပ်သည် ရာသီဥတု သာယာ၍ သက်ရှိသတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်၌ ကိုယ်လက်ပေါ့ပါးမှု, နူးညံ့မှု, ဖျတ်လတ်မှုရှိသောအခါ၊ ကြိုထိုးသံ၊ လေတက်သံ၊ လေကျသံ၊ လေလည်သံ စသည်တို့၌ ဖြစ်၏။

### အာဟာရဇကလာပ် (၂)စည်း

၁။ သုဒ္ဓဋ္ဌကကလာပ်၊

၂။ လဟုတာဒေကာဒသကကလာပ်တို့ ဖြစ်ပါသည်။

### အာဟာရဇကလာပ်(၂)စည်း ဖွဲ့ပုံ

၁။ အဝိနိဗ္ဘောဂရုပ်(၈)ပါးသည် သုဒ္ဓဋ္ဌကကလာပ် မည်၏။

၂။ အဝိနိဗ္ဘောဂရုပ်(၈)ပါး၊ ရူပဿလဟုတာ၊ မုဒုတာ၊ ကမ္မညတာ(၃)ပါး၊ ပေါင်း(၁၁)ပါးသည် လဟုတာဒေကာဒသကကလာပ်မည်၏။

### အာဟာရဇကလာပ်(၂)စည်း ဖြစ်ပုံ

၁။ သုဒ္ဓဋ္ဌက ကလာပ်သည် မသင့်သော အစာအာဟာရများကို စားမိသောအခါ၌ ဖြစ်၏။

၂။ လဟုတာဒေကာဒသကကလာပ်သည် အစာအာဟာရ မျှတသော

http://www.dhammadownload.com



အခါ၊ မွန်မြတ်သောအစားအစာများကို စားရသောအခါ၊ ခန္ဓာကိုယ် ပေါ့ပါးမှု, နူးညံ့မှု, ဖျတ်လတ်မှုဖြစ်ရာ အခါတို့၌ ဖြစ်၏။

## ခန္ဓာကိုယ်အတွင်း၌ ရနိုင်သော ရုပ်ကလာပ်များ

ကမ္မဇကလာပ် = ၉ စည်း၊
စိတ္တဇကလာပ် = ၆ စည်း၊
ဥတုဇကလာပ် = ၄ စည်း၊
အာဟာရဇကလာပ် = ၂ စည်းတို့ ဖြစ်ပါသည်။

## ယောက်ျားသန္တာန်၌ ရနိုင်သောကလာပ်

ဣတ္ထိဘာဝဒသကကလာပ်ကြဉ်သော ကျန်ကလာပ်(၂၀)စည်း ရပါသည်။

## မိန်းမသန္တာန်၌ ရနိုင်သောကလာပ်

ပုမ္ဘာဝဒသကကလာပ်ကြဉ် ကျန်ကလာပ်(၂၀)စည်း ရပါသည်။

## နပုံးပဏ္ဍုက်၏သန္တာန်၌ ရနိုင်သောကလာပ်

ဣတ္ထိဘာဝဒသကကလာပ်နှင့် ပုမ္ဘာဝဒသကကလာပ်ကြဉ် ကျန်ကလာပ်(၁၉)စည်း ရပါသည်။

## ကလာပ်(၂၁)စည်းလုံး၌ ပါဝင်သောရုပ်

အဝိနိဗ္ဘောဂရုပ်(၈)ပါး ဖြစ်ပါသည်။

* မိုးချုန်းသံသည် မည်သည့်အကြောင်းကြောင့် ဖြစ်ပေါ်လာ၍ မည်သည့်ရုပ်ကလာပ်များ ပါဝင်ပါသနည်း? တိကျစွာ ဖော်ပြပါ။

မိုးချုန်းသံသည် ဥတုကြောင့် ဖြစ်ပေါ်လာရပါသည်။

အဝိနိဗ္ဘောဂရုပ်(၈)ပါး၊ သဒ္ဒရုပ်(၁)ပါးဟူသော ဥတုသမုဋ္ဌာန

http://www.dhammadownload.com



သဒ္ဒနဝကကလာပ်ရုပ် ပါဝင်ပါသည်။

* အိပ်ပျော်နေသော လူတစ်ဦး၌ ရနိုင်သမျှ ရုပ်တို့ကို တိကျစွာ ဖော်ပြပါ။

ဝိညတ်ဒွေးကြည် ကျန်ရုပ်(၂၆)ပါး ရနိုင်ပါသည်။

## အိပ်ပျော်နေသူ၏ ဟောက်သံ၌ ပါဝင်သောရုပ်နှင့် ကလာပ်

အဝိနိဗ္ဘောဂရုပ် (၈)ပါး၊ သဒ္ဒရုပ် (၁)ပါး၊ ပေါင်း (၉)ပါးသော ရုပ်များ ပါဝင်ပါသည်။

ဥတုသမုဋ္ဌာန သဒ္ဒနဝကကလာပ် ပါဝင်ပါသည်။

* စည်သံ,ဗြောသံ,ခေါင်းလောင်းသံ,ကက်ဆက်သံစသည်တို့၌ ရနိုင်သော ရုပ်ကလာပ်နှင့် ရုပ်တို့ကို တိကျစွာ ဖော်ပြပါ။

သုဒ္ဓဋ္ဌက ကလာပ်နှင့် သဒ္ဒနဝက ကလာပ်ဟူသော ဥတုဇ ကလာပ်(၂)စည်း ရနိုင်ပါသည်။

ရနိုင်သောရုပ်များမှာ– အဝိနိဗ္ဘောဂရုပ်(၈)ပါး၊ သဒ္ဒရုပ်(၁)ပါး၊ (အာကာသဓာတ်(၁)ပါး၊ လက္ခဏရုပ်(၄)ပါး)တို့ ဖြစ်ပါသည်။

## ကလာပ် (၂၁)စည်းကို အစ္ဆတ္တ, ဗဟိဒ္ဓအားဖြင့် ခွဲပုံ

ဗဟိဒ္ဓသန္တာန်၌ သုဒ္ဓဋ္ဌကကလာပ်၊ သဒ္ဒနဝကကလာပ်ဟူသော ဥတုဇကလာပ်(၂)စည်းသာ ရပါသည်။

အစ္ဆတ္တသန္တာန်၌ ကလာပ်(၂၁)စည်းလုံး ရပါသည်။

## အစ္ဆတ္တ, ဗဟိဒ္ဓ သတ်မှတ်ပုံ

သက်ရှိသတ္တဝါများ၏သန္တာန်ကို 'အစ္ဆတ္တသန္တာန်'ဟု ခေါ်၍

http://www.dhammadownload.com



သက်ရှိသတ္တဝါတို့၏ ခန္ဓာကိုယ်မှပြင်ပ အဝိညာဏက သက်မဲ့ဖြစ်သော သစ်ပင်, တောင်, တောင်, ရေ, မြေ, လေ, မီးစသည်တို့ကို 'ဗဟိဒ္ဓသန္တာန်'ဟု ခေါ်ပါသည်။

* 'သစ်ပင်မှာ အသက်မရှိ'ဟူသောစကား သင့်/မသင့် သာဓကဖြင့် ရှင်းပြပါ။

ဧဝံတရုပ်ကို အဏ္ဏတ္တသန္တာန်၌သာ ရနိုင်၍ ဗဟိဒ္ဓဖြစ်သော သစ်ပင်၌ မရနိုင်သောကြောင့် 'သစ်ပင်မှာ အသက်မရှိ'ဟူသော စကား သင့်ပါသည်။

**သာဓက**– တတ္ထ သုဒ္ဓဋ္ဌကံ –(ပ)– ဗဟိဒ္ဓါဝိ လဗ္ဘန္တိ။

* 'ပုလင်းထဲတွင်ရှိသောသွေး၊ သွေးဘဏ်ထဲတွင်ရှိသောသွေး' တို့၌ အသက်ရှိ/မရှိ သာဓကဖြင့် ရှင်းပြပါ။

အသက်ဟုဆိုအပ်သော ဧဝံတရုပ်ကို အဏ္ဏတ္တသန္တာန်၌သာ ရနိုင်၍ ဗဟိဒ္ဓသန္တာန်၌ မရနိုင်သောကြောင့် 'ပုလင်းထဲတွင်ရှိသောသွေး၊ သွေးဘဏ်ထဲတွင်ရှိသောသွေး'တို့၌ အသက်မရှိပါ။

**သာဓက**– တတ္ထ သုဒ္ဓဋ္ဌကံ –(ပ)– ဗဟိဒ္ဓါဝိ လဗ္ဘန္တိ။

* ပေါ့ပါးနူးညံ့သော လဝါဂွမ်း, သစ်ရွက်, ကတ္တီပါ, မြူမှုန်စသည်တို့၌ လဟုတာ, မုဒုတာ ရှိနိုင်/မရှိနိုင် သာဓကဖြင့် ရှင်းပြပါ။

အထက်ပါ သက်မဲ့ပစ္စည်းတို့၌ သုဒ္ဓဋ္ဌကကလာပ်နှင့် သဒ္ဒနဝက ကလာပ်ဟူသော ဥတုဇကလာပ်(၂)စည်းသာရ၍ လဟုတာဒေကာ–ဒသကကလာပ် မရနိုင်သောကြောင့် လဟုတာ, မုဒုတာ မရှိနိုင်ပါ။

**သာဓက**– တတ္ထ သုဒ္ဓဋ္ဌကံ –(ပ)– ဗဟိဒ္ဓါဝိ လဗ္ဘန္တိ။

* သစ်ပင်စသည်တို့၌ ရနိုင်သမျှ ရုပ်ကလာပ်တို့ကို ဖြေဆိုပါ။

http://www.dhammadownload.com



သစ်ပင်စသည်တို့၌ သုဒ္ဓဋ္ဌကကလာပ်ဟူသော ဥတုဇကလာပ် တစ်စည်းသာ ရနိုင်ပါသည်။

လေတိုက်၍ အချင်းချင်း ထိခိုက်ကာ အသံမြည်သောအခါ တို့၌ သဒ္ဒနဝကကလာပ်လည်း ရနိုင်ပါသည်။

* ကမ္မဇကလာပ်တွင် မပါဝင်သော ကမ္မဇရုပ်ကို တိကျစွာ ဖြေဆိုပါ။

ကမ္မဇကလာပ်တွင် မပါဝင်သော ကမ္မဇရုပ်– အာကာသဓာတ် ဖြစ်ပါသည်။

## အာကာသဓာတ်နှင့် လက္ခဏာရုပ်လေးပါး ကလာပ်ဖွဲ့စည်းရာ၌ မပါဝင်ရခြင်း အကြောင်း

အာကာသဓာတ်သည် ရုပ်ကလာပ်တို့၏ အပိုင်းအခြားမျှသာ ဖြစ်သောကြောင့်လည်းကောင်း၊ လက္ခဏာရုပ်လေးပါးတို့သည် ရုပ်ကလာပ်တို့၏ ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ခြင်းဟူသော အမှတ်အသားမျှသာ ဖြစ်သောကြောင့်လည်းကောင်း ကလာပ်ဖွဲ့စည်းရာ၌ မပါဝင်ပါ။

**သာဓက**– ကလာပါနံ ပရိစ္ဆေဒ၊ (ပ) အာကာသံ လက္ခဏာနိ စ။

* ရုပ်ကလာပ်ဖွဲ့ဖို့ရန် မူလအခြေခံဖြစ်သောရုပ်ကို သာဓကပြ ဖြေဆိုပါ။

ရုပ်ကလာပ်ဖွဲ့ဖို့ရန် မူလအခြေခံဖြစ်သောရုပ်မှာ အဝိနိဗ္ဘောဂရုပ် (၈)ပါး ဖြစ်ပါသည်။ **သာဓက**– ရုပ်ပိုင်း စာပိဒ်–၄၆၊၄၇။

* ဝိုကြွေးသံ၊ မိုးကြိုးပစ်သံ၊ ထွက်သက်ဝင်သက်တို့၌ ဖြစ်သင့်သော ရုပ်ကလာပ်နှင့် ရုပ်တို့ကို တိကျစွာ ဖြေဆိုပါ။

http://www.dhammadownload.com



ဝိုက်ကြွေးသံသည် ဝစီဝိညတ္တိဒသက စိတ္တဇကလာပ် ဖြစ်ပါသည်။

ရုပ်အားဖြင့်– အဝိနိဗ္ဘောဂရုပ်(၈)ပါး၊ ဝစီဝိညတ်ရုပ်(၁)ပါး၊ သဒ္ဒရုပ်(၁)ပါး၊ ပေါင်း(၁၀)ပါး ဖြစ်ပါသည်။

မိုးကြိုးပစ်သံသည် သဒ္ဒနဝကဥတုဇကလာပ် ဖြစ်ပါသည်။

ရုပ်အားဖြင့်– အဝိနိဗ္ဘောဂရုပ်(၈)ပါး၊ သဒ္ဒရုပ်(၁)ပါး၊ ပေါင်း(၉)ပါး ဖြစ်ပါသည်။

ထွက်သက်ဝင်သက်သည် သဒ္ဒနဝကစိတ္တဇကလာပ် ဖြစ်သည်။

ရုပ်အားဖြင့်– အဝိနိဗ္ဘောဂရုပ်(၈)ပါး၊ သဒ္ဒရုပ်(၁)ပါး၊ ပေါင်း(၉)ပါး ဖြစ်ပါသည်။

* စကားပြောကောင်းသောပုဂ္ဂိုလ်, တရားဟောကောင်းသော ပုဂ္ဂိုလ်တို့၌ ဖြစ်သင့်သော ရုပ်ကလာပ်နှင့် ရုပ်တို့ကို တိကျစွာ ဖော်ပြပါ။

ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိ တေရသက စိတ္တဇကလာပ်ရုပ် ဖြစ်ပါသည်။

အဝိနိဗ္ဘောဂရုပ်(၈)ပါး၊ ဝစီဝိညတ်ရုပ်(၁)ပါး၊ သဒ္ဒရုပ်(၁)ပါး၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာတို့ ဖြစ်ပါသည်။

**ကလာပ်(၂၁)စည်းကို အကျဉ်းချုပ်ပြသောဂါထာ**

ကမ္မစိတ္တောတုကာဟာရ၊ (ပ) ကလာပါ ဧကဝီသတိ။

**အာကာသဓာတ်နှင့် လက္ခဏရုပ်လေးပါး ကလာပ်အင်္ဂါ အစိတ်အပိုင်းတွင် မပါဝင်ရခြင်း အကြောင်းပြဂါထာ**

ကလာပါနံ ပရိစ္ဆေဒ၊ (ပ) အာကာသံ လက္ခဏာနိ စ။

ရူပကလာပ ပြီး၏။

❑❑❑❑❑

http://www.dhammadownload.com



## ရူပပဝတ္ထိုက္ကမ

### ကာမဘုံ၌ ပဝတ္ထိအခါ ရနိုင်သောရုပ်

ကာမဘုံ၌ ပဝတ္ထိအခါ ရုပ်(၂၈)ပါးလုံး ရနိုင်ပါသည်။

**သာဓက**– သဗ္ဗာနိပိ ပနေတာနိ ရူပါနိ (ပ) ပဝတ္ထိယံ ဥပလဗ္ဘန္တိ။

### ကာမဘုံ၌ ရုပ်(၂၈)ပါး ယထာရဟဖြစ်ပုံ

ကာမဘုံ၌ ပဝတ္ထိအခါ ရုပ်(၂၈)ပါးလုံး ထိုက်သလို ရနိုင်သော်လည်း အထီး(ယောကျ်ား) သတ္တဝါ၌ ဣတ္ထိဘာဝရုပ်မှတစ်ပါး ကျန်ရုပ်(၂၇)ပါးသာရပါသည်။ အမ(မိန်းမ)သတ္တဝါ၌ ပုရိသဘာဝရုပ်မှတစ်ပါး ဂဠုန်ရုပ်(၂၇)ပါးသာ ရပါသည်။ နပုံးပဏ္ဍုကြ၏ သန္တာန်၌ ဘာဝရုပ်နှစ်ပါးမှတစ်ပါး ကျန်ရုပ်(၂၆)ပါးသာ ရပါသည်။ စက္ခု,သောတစသည် ချို့တဲ့သူတို့မှာ စက္ခုပသာဒ, သောတပသာဒ စသည်မှတစ်ပါး ကျန်ရုပ်များသာ ရ၏–ဟု သိပါ။

### သတ္တဝါ (၃)မျိုး

၁။ သံသေဒဇ = စိုစွတ်ငြိကပ်ရာအရုပ်၌ ဖြစ်သောသတ္တဝါ၊
၂။ ဩပပါတိက = ခန္ဓာကိုယ်အထင်အရှား ဖြစ်သောသတ္တဝါ၊
၃။ ဂဗ္ဘသေယျက = အမိဝမ်း၌ ကိန်းသောသတ္တဝါ။

**အမှာ**– သင်္ဘဝ်၌ တိုက်ရိုက်လာသော သတ္တဝါ(၃)မျိုး ဖြစ်ပါသည်။

### သတ္တဝါ, ယောနိ–အမျိုးစတ် (၄)မျိုး

၁။ သံသေဒဇ = စိုစွတ်ငြိကပ်ရာအရုပ်၌ ဖြစ်သောသတ္တဝါ၊
၂။ ဩပပါတိက= ခန္ဓာကိုယ် အထင်အရှား ဖြစ်သောသတ္တဝါ၊
၃။ အဏ္ဍဇ = ဥခွံ၌ ဖြစ်သောသတ္တဝါ။
၄။ ဇလာဗုဇ = သားအိမ်၌ ဖြစ်သောသတ္တဝါ။

http://www.dhammadownload.com



**အမှာ**– ဂဗ္ဘသေယျကသတ္တဝါသည် အဏ္ဏဇ, ဇလာဗုဇဟု နှစ်မျိုးပြား သောကြောင့် သတ္တဝါ(သို့မဟုတ်) ယောနိ(၄)မျိုး ပြားရပါသည်။

## သံသေဒဇ သတ္တဝါ

ပဒုမ္မာကြာတိုက်၊ ဝါးပင်၊ မန်ကျီးပင်၊ ကိုယ်ဝန်အညစ်အကြေး၊ ပန်းမိုက်၊ ရေပုပ်၊ ငါးပုပ်၊ မစင်ပုပ်စသော အရုပ်များ၌ ဖြစ်သော သတ္တဝါကို 'သံသေဒဇသတ္တဝါ'ဟု ခေါ်ပါသည်။

ပဒုမ္မာကြာတိုက်၌ ပဋိသန္ဓေနေသော ပဒုမဝတီ မိဖုရားနှင့် ပေါက္ခရသာတီပုဏ္ဏား၊ ဝါးပင်၌ ပဋိသန္ဓေနေသော ဝေဠုဝတီမိဖုရား၊ မန်ကျီးပင်၌ ပဋိသန္ဓေနေသော စိဉ္စမာန၊ ရေပုပ်, ငါးပုပ်စသည်တို့၌ ပဋိသန္ဓေနေသော ပိုးလောက်စသော သတ္တဝါများသည် သံသေဒဇ သတ္တဝါများပင် ဖြစ်ပါသည်။

## ဩပပါတိက သတ္တဝါ

ဘဝဟောင်းမှ ခုန်လွှား၍ ကျလာသကဲ့သို့ ခန္ဓာကိုယ် အထင် အရှား ဖြစ်ပေါ်လာသော ကမ္မာဦးလူများ၊ နတ်, ဗြဟ္မာများနှင့် ငရဲသူ, ငရဲသားတို့သည် ဩပပါတိကသတ္တဝါများ ဖြစ်ပါသည်။

## အဏ္ဏဇ သတ္တဝါ

ဥခွံ၌ဖြစ်သော ကြက်, ငှက်စသော သတ္တဝါများသည် အဏ္ဏဇ သတ္တဝါများ ဖြစ်ပါသည်။

## ဇလာဗုဇ သတ္တဝါ

သားအိမ်၌ဖြစ်သော လူ, ခွေးစသော သတ္တဝါများသည် ဇလာဗုဇ သတ္တဝါများ ဖြစ်ပါသည်။

http://www.dhammadownload.com



## ပဋိသန္ဓေအခါ သံသေဒဇ,ဩပပါတိကတို့၏သန္တာန်၌ အများဆုံးရနိုင်သော ရုပ်ကလာပ်

စက္ခုဒသကကလာပ်၊ သောတဒသကကလာပ်၊ ဃာနဒသကကလာပ်၊ ဇိဝှါဒသကကလာပ်၊ ကာယဒသကကလာပ်၊ ဘာဝဒသကကလာပ်၊ ဝတ္ထုဒသကကလာပ်အားဖြင့် (၇)မျိုးရနိုင်ပါသည်။

**သာဓက**– ပဋိသန္ဓိယံ ပန သံသေဒဇာနဥ္စေဝ (ပ) ဥက္ကဋ္ဌဝသေန။

## ပဋိသန္ဓေအခါ သံသေဒဇ,ဩပပါတိကတို့၏သန္တာန်၌ အနည်းဆုံးရနိုင်သော ရုပ်ကလာပ်

ဇိဝှါဒသကကလာပ်၊ ကာယဒသကကလာပ်၊ ဝတ္ထုဒသကကလာပ်အားဖြင့် (၃)မျိုး ရနိုင်ပါသည်။

**သာဓက**– ဩမကဝသေန ပန (ပ) ကလာပဟာနိ ဝေဒိတဗ္ဗာနိ။

**မှတ်ချက်**။ ။ ရံခါ စက္ခုဒသကကလာပ်၊ သောတဒသကကလာပ်၊ ဃာနဒသကကလာပ်၊ ဘာဝဒသကကလာပ်တို့ မရနိုင်ပါ။

## ပဋိသန္ဓေအခါ သံသေဒဇ,ဩပပါတိကတို့၌ ရနိုင်သော ရုပ်ကလာပ်များကို ဥက္ကဋ္ဌ,ဩမကအားဖြင့် ခွဲပုံ

ဥက္ကဋ္ဌ (အလွန်ဆုံး)အားဖြင့် စက္ခုဒသကကလာပ်၊ သောတဒသကကလာပ်၊ ဃာနဒသကကလာပ်၊ ဇိဝှါဒသကကလာပ်၊ ကာယဒသကကလာပ်၊ ဘာဝဒသကကလာပ်၊ ဝတ္ထုဒသကကလာပ်အားဖြင့် (၇)မျိုး ရနိုင်ပါသည်။

**သာဓက**– ပဋိသန္ဓိယံ ပန သံသေဒဇာနဥ္စေဝ (ပ) ဥက္ကဋ္ဌဝသေန။

ဩမက(အယုတ်ဆုံး)အားဖြင့် ဇိဝှါဒသကကလာပ်၊ ကာယဒသကကလာပ်၊ ဝတ္ထုဒသကကလာပ်အားဖြင့် (၃)မျိုး ရနိုင်သည်။

http://www.dhammadownload.com



**သာဓက**– သြမကဝသေန ပန (ပ) ကလာပဟာနိ ဝေဒိတဗ္ဗာနိ။

## ပဋိသန္ဓေအခါ သံသေဒဇ,သြပပါတိကတို့၌ ရနိုင်သော ရုပ်(၂၀)ပါး

အဝိနိဗ္ဘောဂရုပ် = ၈ပါး၊
ဇီဝိတရုပ် = ၁ပါး၊
ပသာဒရုပ် = ၅ပါး၊
ဘာဝရုပ် = ၂ပါး၊
ဟဒယဝတ္ထုရုပ် = ၁ပါး၊
အာကာသဓာတ် = ၁ပါး၊
ဥပစယ,သန္တတိ = ၂ပါးတို့ ဖြစ်ပါသည်။

**မှတ်ချက်**။ ။ ပဋိသန္ဓေအခါ၌ရသော ရုပ်ကလာပ်(၇)စည်းတို့တွင် ပါဝင်သောရုပ်များကို သဘောတူရာ ပေါင်းလိုက်ပါက (၁၇)ပါး ရ၏။ ယင်း(၁၇)ပါးတွင် အာကာသဓာတ်၊ ဥပစယ၊ သန္တတိဟူသော(၃)ပါးကို ပေါင်း၍ ရုပ်(၂၀)ပါး ရေတွက်ရသည်။

ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ကမ္မဇရုပ်များ ဖြစ်ပေါ်လာသော အခါ ရုပ်ကလာပ်တစ်ခုနှင့်တစ်ခုကို ပိုင်းခြားတတ်သော အာကာသဓာတ် (ပရိစ္ဆေဒရုပ်)လည်း ဖြစ်ပေါ်လာရ၏။ ရုပ်ကလာပ်တို့၏ အမှတ်အသားဖြစ်သော ဥပစယ၊ သန္တတိတို့လည်း ဖြစ်ပေါ်လာရ၏။ (ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ဇရတာ၊အနိစ္စတာတို့ မဖြစ်နိုင်သေးပါ။) ထို့ကြောင့် အာကာသဓာတ်၊ ဥပစယ၊ သန္တတိတို့နှင့် ပေါင်းပါက ပဋိသန္ဓေအခါ ရနိုင်သောရုပ်(၂၀)ပါး ဖြစ်လာရသည်။

## ပဋိသန္ဓေအခါ ဂဗ္ဘသေယျကသတ္တဝါတို့၏သန္တာန်၌ ရနိုင်သော ရုပ်ကလာပ်များ

ကာယဒသကကလာပ်၊ ဘာဝဒသကကလာပ်၊ ဝတ္ထုဒသက

http://www.dhammadownload.com



ကလာပ် (၃)စည်းရ၏။ ရံခါ ဘာဝဒသကကလာပ် မရ။

**သာဓက**– ဂဗ္ဘသေယျကသတ္တာနံ ပန (ပ) ကဒါစိ န လဗ္ဘတိ။

## ကလလရူပ(ကလလရေကြည်)အရ

အဝိနိဗ္ဘောဂ(၈)၊ ဇီဝိတ(၁)၊ ကာယပသာဒ(၁)ဟူသော ကာယဒသက၊ အဝိနိဗ္ဘောဂ(၈)၊ ဇီဝိတ(၁)၊ ဣတ္ထိဘာဝ/ပုမ္ဘာဝ(၁)ဟူသော ဘာဝဒသက၊ အဝိနိဗ္ဘောဂ(၈)၊ ဇီဝိတ(၁)၊ ဟဒယဝတ္ထုရုပ်(၁)ဟူသော ဝတ္ထုဒသကအားဖြင့် ဒသက(၃)ပါး၊ ရုပ်ပေါင်းအားဖြင့် (၃၀)ပါး ရုပါသည်။

**မှတ်ချက်**။ ။ အမိဝမ်း၌ ကိန်းသောသတ္တဝါတို့၏ ပဋိသန္ဓေနေစဉ် အခါက ပါဝင်ခဲ့သော ရုပ်ပေါင်း(၃၀)ဟူသည် အထက်ပါ (၃၀)ပင် ဖြစ်ပါသည်။

## ပဋိသန္ဓေအခါ ဂဗ္ဘသေယျကသတ္တဝါတို့၏သန္တာန်၌ ရနိုင်သော ရုပ်(၁၆)ပါး

အဝိနိဗ္ဘောဂရုပ် = ၈ပါး၊
ဇီဝိတရုပ် = ၁ပါး၊
ကာယပသာဒရုပ် = ၁ပါး၊
ဘာဝရုပ် = ၂ပါး၊
ဟဒယဝတ္ထုရုပ် = ၁ပါး၊
အာကာသဓာတ် = ၁ပါး၊
ဥပစယ,သန္တတိ = ၂ပါးတို့ ဖြစ်ပါသည်။

**မှတ်ချက်**။ ။ ရုပ်ကလာပ်(၃)စည်းတွင် ပါဝင်သောရုပ်များကို သဘောတူရာ ပေါင်းလိုက်ပါက (၁၃)ပါးသာ ရ၏။ အာကာသဓာတ်နှင့် ဥပစယ၊ သန္တတိတို့လည်း ရှေးမှာကဲ့သို့ ရနိုင်သောကြောင့် ယင်း(၃)ပါးနှင့်ပေါင်းကာ (၁၆)ပါး ဖြစ်လာသည်။

http://www.dhammadownload.com



**ဂဇ္ဈသေယျက အမသတ္တဝါ၏သန္တာန်၌**
**ပဋိသန္ဓေအခါ ရနိုင်သောရုပ် (၁၅)ပါး**

အဝိနိဗ္ဘောဂရုပ် = ၈ပါး၊
ဇီဝိတရုပ် = ၁ပါး၊
ကာယပသာဒရုပ် = ၁ပါး၊
ဣတ္ထိဘာဝရုပ် = ၁ပါး၊
ဟဒယဝတ္ထုရုပ် = ၁ပါး၊
အာကာသဓာတ် = ၁ပါး၊
ဥပစယ,သန္တတိ = ၂ပါးတို့ ဖြစ်ပါသည်။

**ဂဇ္ဈသေယျက အထီးသတ္တဝါ၏သန္တာန်၌**
**ပဋိသန္ဓေအခါ ရနိုင်သောရုပ် (၁၅)ပါး**

အဝိနိဗ္ဘောဂရုပ် = ၈ပါး၊
ဇီဝိတရုပ် = ၁ပါး၊
ကာယပသာဒရုပ် = ၁ပါး၊
ပုမ္ဘာဝရုပ် = ၁ပါး၊
ဟဒယဝတ္ထုရုပ် = ၁ပါး၊
အာကာသဓာတ် = ၁ပါး၊
ဥပစယ,သန္တတိ = ၂ပါးတို့ ဖြစ်ပါသည်။

**ဂဇ္ဈသေယျက သတ္တဝါတို့၏သန္တာန်၌ ပဝတ္တိအခါ**
**စက္ခုဒသကစသည် ဖြစ်ပုံ**

ပဋိသန္ဓေ တည်ပြီးနောက် တစတစ ကြီးပွားး၍ (၁၁)ခုမြောက် သတ္တာဟ(၇၇-ရက်)လောက် ကြာသောအခါ စက္ခုဒသက၊ သောတ ဒသက၊ ဃာနဒသက၊ ဇိဝှါဒသကတို့ (၇)ရက်စီခြားကာ အစဉ် အတိုင်း ဖြစ်ကြပါသည်။

http://www.dhammadownload.com



* ဂဗ္ဘသေယျက သတ္တဝါတို့အား မျက်စိနှင့်နား ဘယ်အရာက ရှေးဦးစွာ ဖြစ်ပါသနည်း? သာဓကပြ ဖြေဆိုပါ။

စက္ခုဒသကစသည်တို့ အစဉ်အတိုင်း ဖြစ်ကြ၏–ဟု သင်္ဂဟ၌ ဆိုထားသောကြောင့် မျက်စိနှင့်နား မျက်စိက ရှေးဦးစွာဖြစ်ပါသည်။

**သာဓက**– တတော ပရံ (ပ) စက္ခုဒသကာဒီနိ စ ပါတုဘဝန္တိ။

## ချို့ကောင်းသော ဒသကများ

၁။ ဂဗ္ဘသေယျကနှင့်သံသေဒဇသတ္တဝါတို့၌ စက္ခုဒသက၊ သောတဒသက၊ ဃာနဒသက၊ ဘာဝဒသကအားဖြင့် (၄)မျိုးချို့နိုင်၏။

၂။ အပါယ်ဩပပါတိက သတ္တဝါတို့၌ စက္ခုဒသက၊ သောတဒသက၊ ဘာဝဒသကအားဖြင့် (၃)မျိုးချို့နိုင်၏။

၃။ သုဂတိဩပပါတိက သတ္တဝါ (ကမ္မာဦးလူ)တို့၌ ဘာဝဒသကချို့နိုင်၏။ (အခြားသုဂတိဘုံသား ဩပပါတိက သတ္တဝါတို့၌ မည်သည့်ရုပ်ကလာပ်မျှ မချို့နိုင်။)

**[ဆောင်]** စက္ခု သောတ၊ ဃာန ဘာဝါ၊ ချို့ကောင်းရာကား၊ နှစ်ဖြာဂဗ္ဘ၊ သံသေဒမှတ်၊ ဥပပါတ်မှာ၊ ပါယ်၌သာလျှင်၊ စက္ခာသောတ၊ ဘာဝချို့ဘိ၊ သုဂတိကား၊ ကပ်ဦးသား၊ ချို့ငြား ဘောတစ်ခု။ (အခြေပြု–၃၈၆)

## ရုပ်(၄)ပါးတို့ စတင်ဖြစ်ပေါ်ချိန်
## (ရှေးဦးစွာ ဖြစ်ပေါ်ပုံ)

၁။ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ ကမ္မဇရုပ်များ ဖြစ်ကြသည်။

၂။ ပဋိသန္ဓေစိတ်နောင် ပထမဘဝင်၏ ဥပါဒ်ခဏမှစ၍ စိတ္တဇရုပ်များ ဖြစ်ကြသည်။

၃။ ပဋိသန္ဓေစိတ်၏ ဒုတိယခဏမှစ၍ ဥတုဇရုပ်များ ဖြစ်ကြသည်။

၄။ သြဇာ၏ ပုံ့နှံ့ရာအခါမှစ၍ အာဟာရဇရုပ်များ ဖြစ်ကြသည်။

http://www.dhammadownload.com



* ရုပ်(၄)ပါးတို့ ဖြစ်စဉ်ကို အစဉ်တကျ တိကျစွာ ဖော်ပြပါ။

ပထမ – ကမ္မဇရုပ် ဖြစ်ပါသည်။
ဒုတိယ – ဥတုဇရုပ် ဖြစ်ပါသည်။
တတိယ – စိတ္တဇရုပ် ဖြစ်ပါသည်။
စတုတ္ထ – အာဟာရဇရုပ် ဖြစ်ပါသည်။

## ရုပ်(၄)ပါးတို့ ရှေးဦးစွာ ဖြစ်ပုံအစဉ်

၁။ တစ်ဘဝ၌ ပထမဆုံးဖြစ်သောရုပ်– ကမ္မဇရုပ် ဖြစ်ပါသည်။
၂။ တစ်ဘဝ၌ ဒုတိယဖြစ်သောရုပ်– ဥတုဇရုပ် ဖြစ်ပါသည်။
၃။ တစ်ဘဝ၌ တတိယဖြစ်သောရုပ်– စိတ္တဇရုပ် ဖြစ်ပါသည်။
၄။ တစ်ဘဝ၌ စတုတ္ထဖြစ်သောရုပ်– အာဟာရဇရုပ် ဖြစ်ပါသည်။

## ရုပ်(၄)ပါးတို့ ဖြစ်နေပုံကို ဥပမာဖြင့်ပြ

ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းလေးပါးကြောင့် ဖြစ်သော ရုပ်ကလာပ်အစဉ်သည် ကာမဘုံ၌ ဆီမီးလျှံကဲ့သို့လည်းကောင်း၊ မြစ်ရေအယဉ်ကဲ့သို့လည်းကောင်း အသက်ရှည်သမျှ ကာလပတ်လုံး မပြတ်မစဲ တဖွဖွ ဖြစ်နေပါသည်။

**သာဓက**– စတုသမုဋ္ဌာနရူပကလာပသန္တတိ (ပ) ပဝတ္တတိ။

## ရုပ်(၄)ပါးတို့ နောက်ဆုံးချုပ်ချိန်
## (နောက်ဆုံးချုပ်ပုံ)

၁။ ကမ္မဇရုပ်သည် စုတိစိတ်၏ ဘင်ခဏ၌ ချုပ်ပါသည်။
၂။ စိတ္တဇရုပ်သည် ကမ္မဇရုပ်ချုပ်ပြီးနောက် ခဏငယ်(၄၈)ချက်ခန့်၌ ချုပ်ပါသည်။
၃။ အာဟာရဇရုပ်သည် ကမ္မဇရုပ်ချုပ်ပြီးနောက် ခဏငယ်(၅၀)ချက်ခန့်၌ ချုပ်ပါသည်။
၄။ ဥတုဇရုပ်သည် ကမ္မာပျက်မှ ချုပ်ပါသည်။

http://www.dhammadownload.com



## ရုပ်(၄)ပါးတို့ချုပ်ပုံ အပြည့်အစုံ

၁။ စုတေခါနီးအခါ၌ စုတိစိတ်မှ ပြန်၍ရေတွက်သည်ရှိသော် (၁၇)ချက် မြောက်သောစိတ်၏ ဌီခဏမှစ၍ ကမ္မဇရုပ်များ အသစ်မဖြစ်ကြတော့ပါ။

ထို(၁၇)ချက်မြောက်သောစိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ကြသော ကမ္မဇရုပ်များသည် စုတိစိတ်၏ ဘင်ခဏ၌ (၁၇)ချက်ရုပ်သက်စေ့သဖြင့် စုတိစိတ်နှင့်ပြိုင်၍ ချုပ်ကြပါသည်။

၂။ စုတိစိတ်၏ ဥပါဒ်ခဏ၌ အဆုံးသတ်ဖြစ်ကြသော စိတ္တဇရုပ်တို့သည် ကမ္မဇရုပ်ချုပ်ပြီးနောက် ခဏငယ်(၄၈)ချက်ခန့်အကြာတွင် ချုပ်ကြပါသည်။

၃။ စုတိစိတ်၏ ဘင်တိုင်အောင်ပင် နောက်ဆုံးဖြစ်ကြသော အာဟာရဇရုပ်များသည် စုတေပြီးနောက် ခဏငယ်(၅၀)ချက်ခန့်အကြာတွင် ချုပ်ကြပါသည်။

၄။ ဥတုဇရုပ်များသည် စုတေပြီးနောက် အလောင်းကောင်ဖြစ်သည့် တိုင်အောင် (ကမ္ဘာပျက်သည့်တိုင်အောင်) ဖြစ်နေကြပါသည်။ ကမ္ဘာပျက်မှ ဥတုဇရုပ်များ ချုပ်ကြပါသည်။

## ရုပ်(၄)ပါးတို့ နောက်ဆုံး ချုပ်ပုံအစဉ်

၁။ တစ်ဘဝ၌ ပထမဆုံးချုပ်သောရုပ်– ကမ္မဇရုပ် ဖြစ်ပါသည်။
၂။ တစ်ဘဝ၌ ဒုတိယချုပ်သောရုပ်– စိတ္တဇရုပ် ဖြစ်ပါသည်။
၃။ တစ်ဘဝ၌ တတိယချုပ်သောရုပ်– အာဟာရဇရုပ် ဖြစ်ပါသည်။
၄။ တစ်ဘဝ၌ စတုတ္ထချုပ်သောရုပ်– ဥတုဇရုပ် ဖြစ်ပါသည်။

## ကမ္မဇရုပ်များ အစဆုံးဖြစ်ချိန်နှင့် နောက်ဆုံးဖြစ်ချိန်

ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏသည် ကမ္မဇရုပ်များ အစဆုံးဖြစ်ချိန် ဖြစ်ပါသည်။

http://www.dhammadownload.com



စုတိစိတ်မှ ပြန်၍ရေတွက်သည်ရှိသော် (၁၇)ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏသည် ကမ္မဇရုပ်များ နောက်ဆုံးဖြစ်ချိန် ဖြစ်ပါသည်။

**စိတ္တဇရုပ်များ အစဆုံးဖြစ်ချိန်နှင့် နောက်ဆုံးဖြစ်ချိန်**

ပဋိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်ခဏသည် စိတ္တဇရုပ်များ အစဆုံးဖြစ်ချိန် ဖြစ်ပါသည်။

စုတိစိတ်၏ ဥပါဒ်ခဏသည် စိတ္တဇရုပ်များ နောက်ဆုံးဖြစ်ချိန် ဖြစ်ပါသည်။

**အာဟာရဇရုပ်များ အစဆုံးဖြစ်ချိန်နှင့် နောက်ဆုံး ဖြစ်ချိန်**

ပဋိသန္ဓေစိတ်၏ ဌီခဏသည် အာဟာရဇရုပ်များ အစဆုံး ဖြစ်ချိန် ဖြစ်ပါသည်။

စုတိစိတ်၏ ဘင်ခဏသည် အာဟာရဇရုပ်များ နောက်ဆုံး ဖြစ်ချိန် ဖြစ်ပါသည်။

* လူတစ်ယောက်၏သန္တာန်၌ စက္ခုပသာဒ စတင်ဖြစ်ချိန်, နောက်ဆုံးဖြစ်ချိန်,နောက်ဆုံးချုပ်ချိန်တို့ကို တိကျစွာ သတ်မှတ်ပြပါ။

**စတင်ဖြစ်ချိန်**– ဧကာဒသမသတ္တာဟ(၇၁-ရက်မှ ၇၇-ရက် အတွင်း) ဖြစ်ပါသည်။

**နောက်ဆုံးဖြစ်ချိန်**– စုတိစိတ်မှ ပြန်၍ရေတွက်သည်ရှိသော် (၁၇)ချက်မြောက်သောစိတ်၏ ဥပါဒ်ခဏ ဖြစ်ပါသည်။

**နောက်ဆုံးချုပ်ချိန်**– စုတိစိတ်၏ ဘင်ခဏ ဖြစ်ပါသည်။

http://www.dhammadownload.com



* လူသေကောင်၌ ပါသွားသောရုပ်တို့ကို သာဓကပြဖြေဆိုပါ။

လူသေကောင်၌ ဥတုဇကလာပ်ဟူသော အဝိနိဗ္ဘောဂရုပ်(၈)ပါး ပါသွားပါသည်။

**သာဓက**– တတော ပရံ ဥတုသမုဋ္ဌာနရူပပရမ္ပရာ (ပ) ပဝတ္တန္တိ။

* 'သမိုင်းသုတေသီများ လွန်ခဲ့သော နှစ်ပေါင်းများစွာက ရုပ်ကြွင်းများကို တူးဖော်တွေ့ရှိသည်'ဟူသောစကား ယုတ္တိရှိ/မရှိ အဘိဓမ္မာအမြင်အရ သုံးသပ်ပြပါ။

'ဥတုဇရုပ်များသည် ကမ္ဘာပျက်သည့်တိုင်အောင် တည်ရှိနေကြသည်'ဟု သင်ဟ၌ ဆိုထားသောကြောင့် 'သမိုင်းသုတေသီများ လွန်ခဲ့သော နှစ်ပေါင်းများစွာက ရုပ်ကြွင်းများကို တူးဖော်တွေ့ရှိသည်'ဟူသောစကား ယုတ္တိရှိပါသည်။

**သာဓက**– တတော ပရံ ဥတုသမုဋ္ဌာနရူပပရမ္ပရာ (ပ) ပဝတ္တန္တိ။

## ရုပ်သံသရာစက် လည်ပုံ

ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ ကမ္မဇ စိတ္တဇ ဥတုဇ အာဟာရဇရုပ်များ ဖြစ်ကြသကဲ့သို့ စုတေကုန်သော သတ္တဝါတို့၏သန္တာန်၌ နောက်ဘဝဝယ် ပဋိသန္ဓေ၏ ဥပါဒ်ခဏမှစ၍ ပြခဲ့သည့်အတိုင်း ကမ္မဇ စိတ္တဇ ဥတုဇ အာဟာရဇရုပ်များ ဖြစ်ကြပြန်သည်ကို ရုပ်သံသရာစက် လည်သည်–ဟု ခေါ်ပါသည်။

(ဂါထာမြန်မာပြန်)

## ပဋိသန္ဓေအခါ ရူပဘုံ၌ မရနိုင်သောရုပ်ကလာပ်များ

ဃာနဒသက၊ ဇိဝှါဒသက၊ ကာယဒသက၊ ဘာဝဒသက၊ အာဟာရဇကလာပ်တို့ မရပါ။

**သာဓက**– ရူပလောကေ (ပ) အာဟာရဇကလာပါနိ စ နာ လဗ္ဘန္တိ။

http://www.dhammadownload.com



## ရူပဘုံ၌ ဃာနဒသကစသည်တို့ မရခြင်းအကြောင်း

ဃာနပသာဒ ရှိခြင်းကြောင့် နမ်းရှုရျင်စိတ်ဖြစ်၏။ ဇိဝှါပသာဒ ရှိခြင်းကြောင့် စားရျင်,သောက်ရျင်စိတ် ဖြစ်၏။ ကာယပသာဒ ရှိခြင်းကြောင့် ထိတွေ့ရျင်စိတ် ဖြစ်၏။ ဘာဝရုပ်ရှိခြင်းကြောင့် မေထုန်အမှုကို ပြုလို၏။ ဤသို့ ဃာနစသော ရုပ်ကလာပ်များသည် ကာမစိတ်ဓာတ်ကို တိုးပွားစေတတ်၍ ရူပဘုံသည် ကာမဂုဏ်ကို စက်ဆုပ်သောဗြဟ္မာတို့၏ နေရာဖြစ်သောကြောင့် ရူပဘုံ၌ ဃာန စသည်တို့ မရပါ။

**[ဆောင်]** ကာမစိတ်ဓာတ်၊ ပွားစေတတ်သဖြင့်၊ ဃာနတ္တယ၊ဘာဝနှစ်ထွေ၊ ဗြဟ္မပြည်၊ မှတ်လေ မရထိုက်။ (အခြေပြု-၃၉၄)

* ရူပဗြဟ္မာများ ကြက်သား,ဝက်သား စား/မစား သာဓကဖြင့် ရှင်းပြပါ။

ရူပဘုံ၌ ဇိဝှါဒသကကလာပ်နှင့် အာဟာရဇကလာပ်တို့ကို မရသောကြောင့် ရူပဗြဟ္မာများ ကြက်သား,ဝက်သား မစားပါ။

**သာဓက**– ရူပလောကေ (ပ) အာဟာရဇကလာပါနိ စ နာ လဗ္ဘန္တိ။

* ရူပဗြဟ္မာများမှာ ကာယိကဒုက္ခ(ကိုယ်ဆင်းရဲမှု)ဖြစ်/မဖြစ် သာဓကဖြင့် ရှင်းပြပါ။

ရူပဘုံ၌ ကာယဒသကကလာပ် မရသောကြောင့် ရူပဗြဟ္မာများမှာ ကာယိကဒုက္ခ (ကိုယ်ဆင်းရဲမှု) မဖြစ်ပါ။

**သာဓက**– ရူပလောကေ (ပ) အာဟာရဇကလာပါနိ စ နာ လဗ္ဘန္တိ။

* ရူပဗြဟ္မာများမှာ မိန်းမ,ယောကျ်ား ကွဲပြားမှု ရှိ/မရှိ သာဓကဖြင့် ရှင်းပြပါ။

ရူပဘုံ၌ ဘာဝဒသကကလာပ် မရသောကြောင့် ရူပဗြဟ္မာ

http://www.dhammadownload.com



များမှာ မိန်းမ,ယောကျ်ား ကွဲပြားမှု မရှိပါ။

**သာဓက**– ရူပလောကေ (ပ) အာဟာရဇကလာပါနိ စ နဲ လဗ္ဘန္တိ။

## ရူပဘုံ၌ ပဋိသန္ဓေအခါ ရနိုင်သောရုပ်(၁၅)ပါး

အဝိနိဗ္ဘောဂရုပ် = ၈ပါး၊
ဇီဝိတရုပ် = ၁ပါး၊
စက္ခုပသာဒရုပ် = ၁ပါး၊
သောတပသာဒရုပ် = ၁ပါး၊
ဟဒယဝတ္ထုရုပ် = ၁ပါး၊
အာကာသဓာတ် = ၁ပါး၊
ဥပစယ,သန္တတိ = ၂ပါးတို့ ဖြစ်ပါသည်။

**မှတ်ချက်**။ ။ ကမ္မဇကလာပ်(၄)စည်း၌ ပါဝင်သောရုပ်ပေါင်း(၁၂)ပါး တွင် အာကာသဓာတ်၊ ဥပစယ၊ သန္တတိတို့ကိုပါ ပေါင်း၍ ရေတွက် ထားပါသည်။

## ရူပဘုံ၌ ပဝတ္တိအခါ ရနိုင်သောရုပ်ကလာပ်(၁၄)စည်း

ပဋိသန္ဓေအခါရသော ကမ္မဇကလာပ် = ၄ စည်း၊
စိတ္တဇကလာပ် = ၆ စည်း၊
ဥတုဇကလာပ် = ၄ စည်းတို့ ဖြစ်ပါသည်။

## ရူပဘုံ၌ ပဝတ္တိအခါ ရနိုင်သောရုပ်(၂၃)ပါး

မဟာဘူတ် = ၄ပါး၊
စက္ခုပသာဒရုပ် = ၁ပါး၊
သောတပသာဒရုပ် = ၁ပါး၊
ဂေါစရရုပ်(ဖောဋ္ဌဗ္ဗာရုံကြဉ်) = ၄ပါး၊
ဟဒယဝတ္ထုရုပ် = ၁ပါး၊

http://www.dhammadownload.com



ဇီဝိတရုပ် = ၁ပါး၊
အာဟာရရုပ် = ၁ပါး၊
အာကာသဓာတ် = ၁ပါး၊
ဝိကာရရုပ် = ၅ပါး၊
လက္ခဏရုပ် = ၄ပါးတို့ ဖြစ်ပါသည်။
(ဟောန္တိ တေဝိသရူပိသု-၌ တေဝိသအရလည်း ဟုတ်၏)

**အသည်းသတ်ဘုံ၌ ပဋိသန္ဓေအခါ**
**ရနိုင်သော ရုပ်ကလာပ်**

ဇီဝိတနဝကကလာပ် (၁)စည်းသာ ရပါသည်။

**အသည်းသတ်ဘုံ၌ ပဋိသန္ဓေအခါ**
**ရနိုင်သော ရုပ်(၁၂)ပါး**

အဝိနိဗ္ဘောဂရုပ် = ၈ပါး၊
ဇီဝိတရုပ် = ၁ပါး၊
အာကာသဓာတ် = ၁ပါး၊
ဥပစယ,သန္တတိ = ၂ပါးတို့ ဖြစ်ပါသည်။

**အသည်းသတ်ဘုံ၌ ပဝတ္တိအခါ**
**ရနိုင်သော ရုပ်ကလာပ်(၃)စည်း**

ဇီဝိတနဝကကလာပ်(ကမ္မဇ) = ၁စည်း၊
သုဒ္ဓဋ္ဌကကလာပ်(ဥတုဇ) = ၁စည်း၊
လဟုတာဒေကာဒသကကလာပ်(ဥတုဇ) = ၁စည်းတို့ ရပါသည်။

**အသည်းသတ်ဘုံ၌ ပဝတ္တိအခါ**
**ရနိုင်သော ရုပ်(၁၇)ပါး**

အဝိနိဗ္ဘောဂရုပ် = ၈ပါး၊

http://www.dhammadownload.com



ဇီဝိတရုပ် = ၁ပါး၊
လဟုတာ၊ မုဒုတာ၊ ကမ္မညတာ = ၃ပါး၊
အာကာသဓာတ် = ၁ပါး၊
လက္ခဏရုပ် = ၄ပါးတို့ ဖြစ်ပါသည်။
(သတ္တရသေဝ သညီနံ-၌ သတ္တရသအရလည်း ဟုတ်၏)

**[ဆောင်]** အဝိနိဗ္ဘောဂ၊ ဇီဝိတနှင့်၊ သုံးဝလဟု၊ တာဒိရူပ၌၊ စတုလက္ခဏာ၊ အာကာသာ၊ ပေါင်းပါ ဆယ့်ခုနစ်။ (အခြေပြု-၃၉၇)

## ရုပ်ဖြစ်ရာဘုံဌာန(၃)မျိုးနှင့် ရုပ်ဖြစ်ပုံ(၂)မျိုး

ရုပ်ဖြစ်ရာဘုံဌာန(၃)မျိုးမှာ- ကာမဘုံ၊ ရူပ(၁၅)ဘုံ၊ အသညသတ်ဘုံတို့ ဖြစ်ပါသည်။

ရုပ်ဖြစ်ပုံ(၂)မျိုးမှာ- ပဋိသန္ဓေအခါ ရုပ်တို့၏ဖြစ်ပုံ၊ ပဝတ္တိအခါ ရုပ်တို့၏ဖြစ်ပုံတို့ ဖြစ်ပါသည်။

**သာဓက**- ဣစ္စေဝံ ကာမရူပသညီ (ပ) ရူပပဝတ္တိ ဝေဒိတဗ္ဗာ။

* အသညသတ်ကြဉ်သော ရူပ(၁၅)ဘုံ၌ ရနိုင်သော ရုပ်ဖြစ်ကြောင်းတရားများကို သာဓကပြ ဖြေဆိုပါ။

အသညသတ်ကြဉ်သော ရူပ(၁၅)ဘုံ၌ ကံ၊စိတ်၊ဥတုဟူသော ရုပ်ဖြစ်ကြောင်းတရား(၃)ပါး ရပါသည်။

**သာဓက**- ရူပလောကေ ပန (ပ) ကမ္မသမုဋ္ဌာနကလာပါ။
ပဝတ္တိယံ စိတ္တောတုသမုဋ္ဌာနာ စ လဒ္ဓန္တိ။

* အသညသတ်ဘုံ၌ ရနိုင်သော ရုပ်ဖြစ်ကြောင်း တရားများကို သာဓကပြ ဖြေဆိုပါ။

အသညသတ်ဘုံ၌ ကံ၊ ဥတုဟူသော ရုပ်ဖြစ်ကြောင်းတရား (၂)ပါး ရပါသည်။

http://www.dhammadownload.com



**သာဓက**– အသည်သတ္တာနံ (ပ) ဇီဝိတနဝကမေဝ။
ပဝတ္တိယဉ္စ သဒ္ဒဝဇ္ဇီတံ ဥတုသမုဋ္ဌာနရူပံ အတိရိစ္စတိ။

## ပဋိသန္ဓေတည်စ ဥပါဒ်ခဏဒ္ဒ်
## မရနိုင်သောရုပ် (၈)ပါး

သဒ္ဒရုပ် = ၁ပါး၊
ဝိကာရရုပ် = ၅ပါး၊
ဇရတာ၊ အနိစ္စတာ = ၂ပါးတို့ ဖြစ်ပါသည်။

**သာဓက**– သဒ္ဒေါ ဝိကာရော ဇရတာ၊ မရဏဉ္စောပပတ္တိယံ။

* သတ္တဝါတို့ မအို, မသေနိုင်သောအခါ ရှိ/မရှိ သာဓကဖြင့် ရှင်းပြပါ။

ပဋိသန္ဓေတည်စ ဥပါဒ်ခဏဒ္ဒ်ဇရတာ(ရုပ်တို့၏ ရင့်ရော်မှု)၊ အနိစ္စတာ(ရုပ်တို့၏ မမြဲ,ပျက်စီးမှု)ရုပ်တို့ မရသောကြောင့် သတ္တဝါတို့ မအို,မသေနိုင်သောအခါ ရှိပါသည်။ (ပဋိသန္ဓေတည်စ ဥပါဒ်ခဏဒ္ဒ် သတ္တဝါများ မအို,မသေနိုင်ပါ။)

**သာဓက**– သဒ္ဒေါ ဝိကာရော ဇရတာ၊ မရဏဉ္စောပပတ္တိယံ။

## ကာမဘုံဒ္ဒ် ရနိုင်သောရုပ်များကို
## ပဋိသန္ဓေ, ပဝတ္တိအခါအားဖြင့် ခွဲပုံ

ပဋိသန္ဓေအခါ = သဒ္ဒရုပ်–၁၊ဝိကာရ–၅၊ ဇရတာ၊ အနိစ္စတာကြဉ်
ကျန်ရုပ်(၂၀)ပါး ရပါသည်။
(သဒ္ဒေါ ဝိကာရော ဇရတာ၊ မရဏဉ္စောပပတ္တိယံ။)

ပဝတ္တိအခါ = ရုပ်(၂၈)ပါးလုံး ရပါသည်။
(သဗ္ဗာနိပိ ပနေတာနိ ရူပါနိ(ပ)ပဝတ္တိယံ ဥပလဗ္ဘန္တိ။)

http://www.dhammadownload.com



**ရူပ(၁၅)ဘုံ၌ ရနိုင်သောရုပ်များကို**
**ပဋိသန္ဓေ, ပဝတ္တိအခါအားဖြင့် ခွဲပုံ**

ပဋိသန္ဓေအခါ = ၁၅-ပါး ရုပါသည်။ (စာပိုဒ်-၅၈)
ပဝတ္တိအခါ = ၂၃-ပါး ရုပါသည်။ (ဟောန္တိ တေဝိသရူပိသု)

**အသညသတ်ဘုံ၌ ရနိုင်သောရုပ်များကို**
**ပဋိသန္ဓေ,ပဝတ္တိအခါအားဖြင့် ခွဲပုံ**

ပဋိသန္ဓေအခါ= ၁၂-ပါး ရုပါသည်။ (စာပိုဒ်-၅၉)
ပဝတ္တိအခါ = ၁၇-ပါး ရုပါသည်။ (သတ္တရသေဝသညိနံ)

**ပဋိသန္ဓေအခါ သံသေဒဇ,ဩပပါတိကတို့အား ရနိုင်သော**
**ရုပ်ကလာပ်များကို ဥက္ကဋ္ဌ,ဩမကအားဖြင့်ပြသောပါဠို**

ပဋိသန္ဓိယံ ပန သံသေဒဇာနဉ္စေ(ပ)ပါတုဘဝန္တိ ဥက္ကဋ္ဌဝသေန။
ဩမကဝသေန ပန (ပ) ကလာပဟာနိ ဝေဒိတဗ္ဗာနိ။

**ပဋိသန္ဓေအခါ ဂဗ္ဘသေယျကသတ္တဝါတို့အား**
**ရနိုင်သောရုပ်ကလာပ်များပြပါဠို**

ဂဗ္ဘသေယျကသတ္တာနံ ပန (ပ) ကဒါစိ နု လဗ္ဘတိ။ (ပဋိသန္ဓေ)
တတော ပရံ ပဝတ္တိကာလေ (ပ) ပါတုဘဝန္တိ ။ (ပဝတ္တိ)

**ရုပ်လေးပါးတို့ စတင်ဖြစ်ပေါ်ချိန်ပြပါဠို**

ကမ္မစေ့ဝံ ပဋိသန္ဓိမုပါဒါယ (ပ) မဇ္ဈောစ္ဆိန္နာ ပဝတ္တတိ။

**ရုပ်လေးပါးတို့ နောက်ဆုံးချုပ်ချိန်ပြပါဠို**

မရဏကာလေ ပန (ပ) ယာဝမတကဋ္ဌေဝရသခ်ိတာ ပဝတ္တန္တိ။

**ရုပ်သံသရာစက် လည်ပုံပြဂါထာ**

ကမ္မစေ့ဝံ မတသတ္တာနံ၊ (ပ) တထာရူပံ ပဝတ္တတိ။

http://www.dhammadownload.com



**ရူပဗြဟ္မာတို့အား ပဋိသန္ဓေ,ပဝတ္တိအခါတို့၌**
**ရနိုင်သော ရုပ်ကလာပ်ပြပါဦ**

ရူပလောကေ ပန (ပ) ကမ္မသမုဋ္ဌာနကလာပါ။(ပဋိသန္ဓေ)
ပဝတ္တိယံ စိတ္တောတုသမုဋ္ဌာနာ စ လဗ္ဘန္တိ။ (ပဝတ္တိ)

**အသညသတ်ဗြဟ္မာတို့အား ပဋိသန္ဓေ,ပဝတ္တိအခါတို့၌**
**ရနိုင်သော ရုပ်ကလာပ်ပြပါဦ**

အသညသတ္တာနံ (ပ) ဇီဝိတနဝကမေဝ။ (ပဋိသန္ဓေ)
ပဝတ္တိယဉ္စ သဒ္ဒဝဇ္ဇိတံ ဥတုသမုဋ္ဌာနရူပံ အတိရိစ္စတိ။(ပဝတ္တိ)

**ရုပ်(၂၈)ပါးကို ဘုံအားဖြင့် ခွဲပုံပြပါဦ**

အဋ္ဌဝီသတိ ကာမေသု၊ (ပ) အရူပေ နတ္ထိ ကိဉ္စိပိ။
ရူပပဝတ္တိက္ကမ ပြီး၏။

❑❑❑❑❑

## နိဗ္ဗာန် ခေါ်ပုံ

လောကုတ္တရာဟု ဆိုအပ်သော လေးပါးသော မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော မဂ်တရား, ဖိုလ်တရားတို့၏ အာရုံဖြစ်သော နိဗ္ဗာန်ကို ဝါနဟုဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သော ကြောင့် 'နိဗ္ဗာန်'ဟု ခေါ်ပါသည်။

## နိဗ္ဗာန်သိပုံ (၂)မျိုး

'စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ'ဟူသော ပါဠိကိုထောက်၍ အရိယာပုဂ္ဂိုလ်များ နိဗ္ဗာန်ကို တိုက်ရိုက် မျက်မှောက်ပြုသောအားဖြင့် သိပါသည်။

http://www.dhammadownload.com



'မဂ္ဂဖလာန မာရမ္မဏာဘူတံ'ဟူသော ပါဠိကို ထောက်၍ ကလျာဏပုထုဇဉ်များ နိဗ္ဗာန်ကို မှန်းဆသောအားဖြင့် သိပါသည်။

* နိဗ္ဗာန်သည် လောကီတရားလော, လောကုတ္တရာတရားလော? သာဓကပြ ဖြေဆိုပါ။

'နိဗ္ဗာနံ ပန လောကုတ္တရသခ်ါတံ'ဟူသော ပါဠိကိုထောက်၍ နိဗ္ဗာန်သည် လောကုတ္တရာတရား ဖြစ်ပါသည်။

* နိဗ္ဗာန်ကို တိုက်ရိုက်မျက်မှောက်ပြုနိုင် (မြင်နိုင်)သောပုဂ္ဂိုလ် ရှိ/မရှိ သာဓကဖြင့် ရှင်းပြပါ။

'စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ'ဟူသော ပါဠိကိုထောက်၍ မဂ်ဉာဏ်လေးပါးကို ရရှိပြီးသော အရိယာပုဂ္ဂိုလ်များ နိဗ္ဗာန်ကို တိုက်ရိုက် မျက်မှောက်ပြုနိုင်သောကြောင့် ရှိပါသည်။

* ကလျာဏပုထုဇဉ်များ နိဗ္ဗာန်ကို တိုက်ရိုက် မြင်နိုင်/မမြင်နိုင် သာဓကဖြင့် ရှင်းပြပါ။

'မဂ္ဂဖလာန မာရမ္မဏာဘူတံ'ဟူသော ပါဠိကို ထောက်၍ ထို နိဗ္ဗာန်သည် မဂ်တရား, ဖိုလ်တရားတို့၏ အာရုံပေတည်း–ဟု ကလျာဏပုထုဇဉ်များ မှန်းဆ၍သာ မြင်နိုင်ပါသည်။ နိဗ္ဗာန်ကို တိုက်ရိုက် မမြင်နိုင်ပါ။

* 'နိဗ္ဗာန်မှာ ဘာမှမရှိ'ဆိုသောစကား မှန်/မမှန် သာဓကဖြင့် ရှင်းပြပါ။

'စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ'ဟူသော ပါဠိအရ နိဗ္ဗာန်သည် မဂ်ဉာဏ်လေ့ပါးဖြင့် မျက်မှောက်ပြုသောတရား–ဟုလည်းကောင်း၊ 'မဂ္ဂဖလာန မာရမ္မဏာဘူတံ'ဟူသော ပါဠိအရ နိဗ္ဗာန်သည် မဂ်ဖိုလ်

http://www.dhammadownload.com



တို့၏ အာရုံဖြစ်သောတရား–ဟုလည်းကောင်း ဆိုထားသောကြောင့် 'နိဗ္ဗာန်မှာ ဘာမှမရှိ'ဆိုသောစကား မမှန်ပါ။

## နိဗ္ဗာန် အမျိုးအစားများ

နိဗ္ဗာန်သည် သန္တိလက္ခဏာ (ငြိမ်းအေးခြင်း အမှတ်အသား) ဟူသော သဘာဝအားဖြင့် တစ်ပါးသာ ရှိပါသည်။

ကာရကာပရိယာယအားဖြင့် သဥပါဒိသေသနိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန်ဟု နှစ်မျိုးရှိပါသည်။

အာကာရဘေဒအားဖြင့် သုညတနိဗ္ဗာန်၊ အနိမိတ္တနိဗ္ဗာန်၊ အပ္ပဏိဟိတနိဗ္ဗာန်ဟု သုံးမျိုးရှိပါသည်။

## ဧကဝိဓမ္မိ–၏ အဓိပ္ပါယ်

'တဒေတံ သဘာဝတော ဧကဝိဓမ္မိ'၌ ဧကဝိဓအရ နိဗ္ဗာန်သည် သဘာဝအားဖြင့် တစ်ပါးတည်းသာ–ဟု ဆိုသောကြောင့် 'ရဟန္တာအားလုံး၏ နိဗ္ဗာန်သည် အများဆိုင်ပစ္စည်းအလား တစ်ပါးတည်းသာ ရှိ၏'ဟု မမှတ်သင့်ပါ။ ကိုယ့်စိတ်နှင့်ကိုယ် ရှိသကဲ့သို့, ကိုယ့်နိဗ္ဗာန်နှင့်ကိုယ် ရှိရာ၏။

## ကာရကာပရိယာယအားဖြင့် နိဗ္ဗာန်(၂)မျိုး

၁။ ကိလေသာတို့မှ ကြွင်းကျန်ရစ်သော ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်များ မချုပ်ငြိမ်းသေးခင် (ပရိနိဗ္ဗာန် မစံခင်) အာရုံပြုအပ်သော နိဗ္ဗာန်ကို သဥပါဒိသေသနိဗ္ဗာနဓာတ်–ဟု ခေါ်သည်။

၂။ ကိလေသာတို့မှ ကြွင်းကျန်ရစ်သော ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်များ ချုပ်ငြိမ်းပြီးနောက် (ပရိနိဗ္ဗာန်စံသည့်အခါ) အာရုံပြုအပ်သော နိဗ္ဗာန်ကို အနုပါဒိသေသနိဗ္ဗာနဓာတ်–ဟုခေါ်သည်။

**မှတ်ချက်**။ ။ ပရိနိဗ္ဗာန် မစံခင်ရသောနိဗ္ဗာန်မှာ သဥပါဒိသေသ

http://www.dhammadownload.com



နိဗ္ဗာန်ဖြစ်၍ ပရိနိဗ္ဗာန်စံမှ ရသောနိဗ္ဗာန်သည် အနုပါဒိသေသနိဗ္ဗာန် ဖြစ်သည်ဟု ခွဲခြားမှတ်ပါ။

## အာကာရဘေဒအားဖြင့် နိဗ္ဗာန်(၃)မျိုး

၁။ ရာဂ, ဒေါသ, မောဟတို့မှ ကင်းဆိတ်ရာဖြစ်သော နိဗ္ဗာန်ကို သုညတနိဗ္ဗာန်-ဟု ခေါ်ပါသည်။

၂။ ရာဂစသော အကြောင်းနိမိတ် ကင်းရာဖြစ်သော နိဗ္ဗာန်ကို အနိမိတ္တနိဗ္ဗာန်-ဟု ခေါ်ပါသည်။

၃။ ရာဂစသော တောင့်တမှု ကင်းရာဖြစ်သော နိဗ္ဗာန်ကို အပ္ပဏိဟိတနိဗ္ဗာန်-ဟု ခေါ်ပါသည်။

## နိဗ္ဗာန်ဂုဏ်ပုဒ် သရုပ်လေးပါး

၁။ အစ္ဆုတ = စုတေရွေ့လျော သေရခြင်းသဘော မရှိခြင်း။

၂။ အစ္ဆန္န = စုတိဟုဆိုအပ်သော အဆုံးကိုလွန်ပြီးဖြစ်ခြင်း။

၃။ အသင်္ခတ = ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရား လေးပါးတို့ ပေါင်း၍ မပြုပြင်အပ်ခြင်း။

၄။ အနုတ္တရ = မိမိထက်မြတ်သော တရားမရှိခြင်းတို့ ဖြစ်ပါသည်။

**အမှာ**– 'ပဒ-ရောက်သင့်ရောက်ရန် လျော်ကန်သင့်မြတ် ထင်ရှားသော ဓာတ်တစ်မျိုးဖြစ်ခြင်း'ကိုလည်း နိဗ္ဗာန်၏ ဂုဏ်ပုဒ် အဖြစ် တစ်ချို့ယူကြ၏။

* မဂ်စိတ်လေးပါးကို အသင်္ခတတရား-ဟုဆိုက သင့်/မသင့် သာဓကဖြင့် ရှင်းပြပါ။

နိဗ္ဗာန်သည်သာ အသင်္ခတ တရားဖြစ်၍ မဂ်စိတ်လေးပါးကို အသင်္ခတတရား-ဟုဆိုက မသင့်ပါ။

**သာဓက**– ပဒမစ္ဆုတမစ္ဆန္နံ၊ (ပ) ဝါနမုတ္တာ မဟောသယော။

http://www.dhammadownload.com



* ပရမတ္ထတရားများသည် လေးပါးထက်အလွန် ရှိနိုင်/မရှိနိုင် သာဓကဖြင့် ရှင်းပြပါ။

ဘုရားရှင်ကိုယ်တော်တိုင် ပရမတ္ထတရား လေးပါးသာရှိ၏– ဟု ဟောထားသောကြောင့် ပရမတ္ထတရားများသည် လေးပါးထက် အလွန် မရှိနိုင်ပါ။

**သာဓက**– ပရမတ္ထံ ပကာသေန္တိ၊ စတုဓာဝ တထာဂတာ။

**နိဗ္ဗာန်၏ သဘောအဓိပ္ပါယ်ပြပါဦ**

နိဗ္ဗာနံ ပန လောကုတ္တရသခ်ါတံ (ပ) နိဗ္ဗာနန္တိ ပဝုစ္စတိ။

**နိဗ္ဗာန်တစ်မျိုးတည်းမှ နှစ်မျိုး,သုံးမျိုးပြားပုံပြပါဦ**

ရုပ်ပိုင်း စာပိုဒ်– ၆၃၊ ၆၄။

**နိဗ္ဗာန်ဂုဏ်ပုဒ် သရုပ်လေးပါးကို အကျဉ်းချုပ်ပြသောဂါထာ**

ပဒမစ္ဆုတမစ္ဆန္တံ၊ (ပ) ဝါနမုတ္တာ မဟေသယော။

**ပရမတ္ထတရားလေးပါး နိဂုံးပြဂါထာ**

ဣတိ စိတ္တံ စေတသိကံ၊ (ပ) စတုဓာဝ တထာဂတာ။

ရုပ်ပိုင်း ပြီး၏။

❑❑❑❑❑

http://www.dhammadownload.com

# သမုစ္စည်းပိုင်း

ပရမတ္ထတရားတို့ကို သဘောတူချင်း ပေါင်းသင်းဖွဲ့စည်း၍ ပြရာအပိုင်းကို 'သမုစ္စည်းပိုင်း'ဟု ခေါ်ပါသည်။

## ဒွါသတ္တတိဝိဓာ ဝုတ္တာ–၌ ဒွါသတ္တတိ အရ

စိတ် = ၁ပါး၊
စေတသိက် = ၅၂ပါး၊
နိပ္ပန္နရုပ် = ၁၈ပါး၊
နိဗ္ဗာန် = ၁ပါး၊ ပေါင်း(၇၂)ပါးတို့ ဖြစ်ပါသည်။

**အမှာ–** ဝတ္ထုဓမ္မာ သလက္ခဏာ–၌ ဝတ္ထုဓမ္မာအရဟု မေးလျှင် လည်း အထက်ပါ (၇၂)ပါးပင်တည်း။

**[ဆောင်]** နာမ်တေပည်၊ ရုပ်နိပ္ပန်၊ နိဗ္ဗာန်ယူဘိ ဒွါသတ္တတိ။

(အခြေပြု–၄၀၆)

## ပရမတ် အစစ်,အတု ခွဲပုံ

**ပရမတ်အစစ်ကား–** စိတ်(၁)ပါး၊ စေတသိက်(၅၂)ပါး၊ နိပ္ပန္နရုပ်(၁၈)ပါး၊ နိဗ္ဗာန်(၁)ပါးအားဖြင့် ပေါင်း(၇၂)ပါး ဖြစ်ပါသည်။

**ပရမတ်အတုကား–** အနိပ္ပန္နရုပ်(၁၀)ပါး ဖြစ်ပါသည်။

**မှတ်ချက်။** ။ ဝတ္ထုဓမ္မာ သလက္ခဏာအရ စိတ်၊ စေတသိက်၊ နိပ္ပန္နရုပ်၊ နိဗ္ဗာန်တို့သည်သာ မိမိဆိုင်ရာ လက္ခဏာရှိ၍ ပရမတ် အလို အထည်ကိုယ် ရကောင်းသောကြောင့် 'ပရမတ်အစစ်'ဟု ခေါ်ကြသည်။

http://www.dhammadownload.com



အနိပ္ပန္နရုပ်(၁၀)ပါးကား မိမိဆိုင်ရာ လက္ခဏာမရှိ, ပရမတ် အလို အထည်ကိုယ် မရကောင်းသောကြောင့် 'ပရမတ်အတု'ဟု ခေါ်ကြသည်။

**သမုစ္စည်းပိုင်း၌ ပြမည့်သင်္ဂဟ(၄)မျိုး**

၁။ အကုသလသင်္ဂဟ၊
၂။ မိဿကသင်္ဂဟ၊
၃။ ဗောဓိပက္ခိယသင်္ဂဟ၊
၄။ သဗ္ဗသင်္ဂဟတို့ ဖြစ်ပါသည်။

## အကုသလသင်္ဂဟ

အကုသိုလ်တရားတို့ကို ပေါင်းစုရေတွက်ပြရာအခန်းကို 'အကုသလသင်္ဂဟ'ဟု ခေါ်ပါသည်။

**အကုသလသင်္ဂဟ၌ ပါဝင်သောတရားများ**

| | | |
|---|---|---|
| အာသဝ | = | ၄ပါး၊ |
| ဩဃ | = | ၄ပါး၊ |
| ယောဂ | = | ၄ပါး၊ |
| ဂန္ထ | = | ၄ပါး၊ |
| ဥပါဒါန် | = | ၄ပါး၊ |
| နီဝရဏ | = | ၆ပါး၊ |
| အနုသယ | = | ၇ပါး၊ |
| သုတ္တန်နည်းသံယောဇဉ် | = | ၁၀ပါး၊ |
| အဘိဓမ္မာနည်းသံယောဇဉ် | = | ၁၀ပါး၊ |
| ကိလေသာ | = | ၁၀ပါးတို့ ဖြစ်ပါသည်။ |

http://www.dhammadownload.com



## အာသဝ (၄)ပါး

အရဂ်,စိမ်ရည်နှင့်တူသောကြောင့် 'အာသဝ'ဟု ခေါ်ပါသည်။

ထိုအာသဝသည်– ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝအားဖြင့် (၄)ပါးရှိပါသည်။

## အာသဝ(၄)ပါး တရားကိုယ်ကောက်ပုံ(အကျယ်)

၁။ လောဘမူစိတ် (၈)ပါး၌ယှဉ်သော လောဘစေတသိက်သည် ကာမာသဝ မည်၏။

၂။ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်(၄)ပါး၌ယှဉ်သော လောဘစေတသိက်သည် ဘဝါသဝ မည်၏။

၃။ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်(၄)ပါး၌ယှဉ်သော ဒိဋ္ဌိစေတသိက်သည် ဒိဋ္ဌာသဝ မည်၏။

၄။ အကုသိလ်စိတ်(၁၂)ပါး၌ယှဉ်သော မောဟစေတသိက်သည် အဝိဇ္ဇာသဝ မည်၏။

## အာသဝ(၄)ပါး တရားကိုယ်ကောက်ပုံ(အကျဉ်း)

၁။ ကာမာသဝ = လောဘစေတသိက်၊

၂။ ဘဝါသဝ = လောဘစေတသိက်၊

၃။ ဒိဋ္ဌာသဝ = ဒိဋ္ဌိစေတသိက်၊

၄။ အဝိဇ္ဇာသဝ = မောဟစေတသိက်။

**အမှာ**– အာသဝသည် တရားကိုယ်အားဖြင့် လောဘ၊ ဒိဋ္ဌိ၊ မောဟဟု (၃)ပါးသာ ရှိပါသည်။

## သြဃ (၄)ပါး

ရေအလျဉ်နှင့် တူသောကြောင့် 'သြဃ'ဟု ခေါ်ပါသည်။

ထိုသြဃသည်– ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃအားဖြင့် (၄)ပါးရှိပါသည်။

http://www.dhammadownload.com



## ယောဂ (၄)ပါး

အရာဝတ္ထုနှစ်ခုကို အစေးဖြင့်ကပ်၍ စပ်ထားသကဲ့သို့ သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ ယှဉ်စပ်ပေးတတ်သောကြောင့် 'ယောဂ'ဟု ခေါ်ပါသည်။

ထိုယောဂသည်– ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာယောဂအားဖြင့် (၄)ပါးရှိပါသည်။

**အမှာ**– သြဃ၊ ယောဂတို့ တရားကိုယ်ကောက်ပုံမှာ အာသဝနှင့် အားလုံးတူသည်။

## ဂန္ထ (၄)ပါး

သံကွင်းချင်း ဆက်သကဲ့သို့ သတ္တဝါတို့၏ နာမကာယနှင့် ရူပကာယကို ဝဋ်ဆင်းရဲမှ မလွတ်ရအောင် စုတိပြီး ပဋိသန္ဓေ၊ ပဋိသန္ဓေပြီး စုတိဟု ဆက်စပ်ပေးတတ်သောကြောင့် 'ဂန္ထ'ဟုခေါ်သည်။

ထိုဂန္ထသည်–

၁။ အဘိဇ္ဈာကာယဂန္ထ၊

၂။ ဗျာပါဒကာယဂန္ထ၊

၃။ သီလဗ္ဗတပရာမာသကာယဂန္ထ၊

၄။ ကြဒံသစ္စာဘိနိဝေသကာယဂန္ထအားဖြင့် (၄)ပါးရှိပါသည်။

## ဂန္ထ(၄)ပါး တရားကိုယ်ကောက်ပုံ(အကျယ်)

၁။ လောဘမူစိတ်(၈)ပါး၌ယှဉ်သော လောဘစေတသိက်သည် အဘိဇ္ဈာကာယဂန္ထ မည်၏။

၂။ ဒေါသမူစိတ် (၂)ပါး၌ယှဉ်သော ဒေါသစေတသိက်သည် ဗျာပါဒကာယဂန္ထ မည်၏။

၃။ ဒိဋ္ဌိဂတသမ္မယုတ်စိတ်(၄)ပါး၌ယှဉ်သော ဒိဋ္ဌိစေတသိက်သည်

http://www.dhammadownload.com



သီလဗ္ဗတပရာမာသ ကာယဂန္ထ မည်၏။

၄။ ဒိဋ္ဌဂတသမ္မယုတ်စိတ်(၄)ပါး၌ယှဉ်သော ဒိဋ္ဌစေတသိက်သည် ကြဒံသစ္စာဘိနိဝေသ ကာယဂန္ထ မည်၏။

## ဂန္ထ(၄)ပါး တရားကိုယ်ကောက်ပုံ(အကျဉ်း)

၁။ အဘိဇ္ဈာကာယဂန္ထ = လောဘစေတသိက်၊

၂။ ဗျာပါဒကာယဂန္ထ = ဒေါသစေတသိက်၊

၃။ သီလဗ္ဗတပရာမာသကာယဂန္ထ = ဒိဋ္ဌစေတသိက်၊

၄။ ကြဒံသစ္စာဘိနိဝေသကာယဂန္ထ = ဒိဋ္ဌစေတသိက်။

**အမှာ**– ဂန္ထသည် တရားကိုယ်အားဖြင့် လောဘ၊ဒေါသ၊ဒိဋ္ဌ ဟု (၃)ပါးသာ ရှိပါသည်။

## ဥပါဒါန် (၄)ပါး

ဖားကို မြွေငန်းက မြဲမြံစွာ ဖမ်းထားသကဲ့သို့ မစွန့်လွှတ်နိုင်ဘဲ စွဲစွဲလမ်းလမ်း ယူခြင်းကို 'ဥပါဒါန်'ဟု ခေါ်ပါသည်။

ထိုဥပါဒါန်သည်– ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်အားဖြင့် (၄)ပါး ရှိပါသည်။

## ဥပါဒါန်(၄)ပါး တရားကိုယ်ကောက်ပုံ(အကျယ်)

၁။ လောဘမူစိတ် (၈)ပါး၌ယှဉ်သော လောဘစေတသိက်သည် ကာမုပါဒါန် မည်၏။

၂။ ဒိဋ္ဌဂတသမ္မယုတ်စိတ်(၄)ပါး၌ယှဉ်သော ဒိဋ္ဌစေတသိက်သည် ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် မည်၏။

## ဥပါဒါန်(၄)ပါး တရားကိုယ်ကောက်ပုံ(အကျဉ်း)

၁။ ကာမုပါဒါန် = လောဘစေတသိက်၊

http://www.dhammadownload.com



၂။ ဒိဋ္ဌုပါဒါန် = ဒိဋ္ဌစေတသိက်၊
၃။ သီလဗ္ဗတုပါဒါန် = ဒိဋ္ဌစေတသိက်၊
၄။ အတ္တဝါဒုပါဒါန် = ဒိဋ္ဌစေတသိက်။

**အမှာ**– ဥပါဒါန်သည် တရားကိုယ်အားဖြင့် လောဘ၊ ဒိဋ္ဌိဟု (၂)ပါးသာ ရှိပါသည်။

## စွဲလမ်းပုံ အမျိုးမျိုး

၁။ ငါးဖြာအာရုံ ကာမဂုဏ်၌ အလွန်စွဲလမ်းခြင်းသည် ကာမုပါဒါန် ဖြစ်ပါသည်။
(ဆေးလိပ်,ကွမ်း,မူးယစ်ဆေးဝါးတို့ကို မဖြတ်နိုင်လောင်အောင် စွဲလမ်းခြင်းမျိုးမှာ ကာမုပါဒါန်ပင် ဖြစ်ပါသည်။)

၂။ ငါ့အယူသာ မှန်၏၊ အခြားအယူ မမှန်–ဟု တယူသန် စွဲလမ်းခြင်းသည် ဒိဋ္ဌုပါဒါန် ဖြစ်ပါသည်။

၃။ ငါ၏ အလေ့အကျင့်သာ မှန်၏–ဟု တယူသန် စွဲလမ်းခြင်းသည် သီလဗ္ဗတုပါဒါန် ဖြစ်ပါသည်။

၄။ အသက်လိပ်ပြာ ဝိညာဉ်ကောင် ရှိ၏–ဟု ယူဆစွဲလမ်းခြင်းသည် အတ္တဝါဒုပါဒါန် ဖြစ်ပါသည်။

## နီဝရဏ (၆)ပါး

စျာန်စသော ကုသိုလ်တရားများ ဖြစ်ပေါ်ခွင့်မရအောင် တားမြစ်ပိတ်ပင်တတ်သောကြောင့် 'နီဝရဏ'ဟု ခေါ်ပါသည်။

ထိုနီဝရဏသည်–

၁။ ကာမစ္ဆန္ဒနီဝရဏ၊ ၄။ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၊
၂။ ဗျာပါဒနီဝရဏ၊ ၅။ ဝိစိကိစ္ဆာနီဝရဏ၊
၃။ ထိနမိဒ္ဓနီဝရဏ၊ ၆။ အဝိဇ္ဇာနီဝရဏ အားဖြင့် (၆)ပါးရှိပါသည်။

http://www.dhammadownload.com



## နိဝရဏ(၆)ပါး တရားကိုယ်ကောက်ပုံ(အကျယ်)

၁။ လောဘမူစိတ် (၈)ပါး၌ယှဉ်သော လောဘစေတသိက်သည် ကာမစ္ဆန္ဒနိဝရဏ မည်၏။

၂။ ဒေါသမူစိတ် (၂)ပါး၌ယှဉ်သော ဒေါသစေတသိက်သည် ဗျာပါဒနိဝရဏ မည်၏။

၃။ သသင်္ခါရိကစိတ် (၅)ပါး၌ယှဉ်သော ထိနစေတသိက်သည် ထိနနိဝရဏ မည်၏။

၄။ သသင်္ခါရိကစိတ်(၅)ပါး၌ယှဉ်သော မိဒ္ဓစေတသိက်သည် မိဒ္ဓနိဝရဏ မည်၏။

၅။ အကုသိုလ်စိတ် (၁၂)ပါး၌ယှဉ်သော ဥဒ္ဓစ္စ စေတသိက်သည် ဥဒ္ဓစ္စနိဝရဏ မည်၏။

၆။ ဒေါသမူစိတ် (၂)ပါး၌ယှဉ်သော ကုက္ကုစ္စ စေတသိက်သည် ကုက္ကုစ္စနိဝရဏ မည်၏။

၇။ ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ယှဉ်သော ဝိစိကိစ္ဆာစေတသိက်သည် ဝိစိကိစ္ဆာနိဝရဏ မည်၏။

၈။ အကုသိုလ်စိတ် (၁၂)ပါး၌ယှဉ်သော မောဟစေတသိက်သည် အဝိဇ္ဇာနိဝရဏ မည်၏။

## နိဝရဏ(၆)ပါး တရားကိုယ်ကောက်ပုံ(အကျဉ်း)

၁။ ကာမစ္ဆန္ဒနိဝရဏ = လောဘစေတသိက်၊

၂။ ဗျာပါဒနိဝရဏ = ဒေါသစေတသိက်၊

၃။ ထိနမိဒ္ဓနိဝရဏ = ထိန၊ မိဒ္ဓစေတသိက်၊

၄။ ဥဒ္ဓစ္စကုက္ကုစ္စနိဝရဏ = ဥဒ္ဓစ္စ၊ ကုက္ကုစ္စစေတသိက်၊

၅။ ဝိစိကိစ္ဆာနိဝရဏ = ဝိစိကိစ္ဆာစေတသိက်၊

၆။ အဝိဇ္ဇာနိဝရဏ = မောဟစေတသိက်။

http://www.dhammadownload.com



**အမှာ**– နိဝရဏသည် (၆)ပါးသာရှိသော်လည်း တရားကိုယ်အားဖြင့် လောဘ၊ ဒေါသ၊ ထိန၊ မိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိ-ကိစ္ဆာ၊ မောဟဟု (၈)ပါး ရှိပါသည်။

## အနုသယ (၇)ပါး

သတ္တဝါတို့၏သန္တာန်၌ အစဉ်တစိုက် ကိန်းအောင်းပါဝင်နေသော ကိလေသာကို 'အနုသယ'ဟု ခေါ်ပါသည်။

ထိုအနုသယသည်–

၁။ ကာမရာဂါနုသယ၊ ၅။ ဒိဋ္ဌာနုသယ၊
၂။ ဘဝရာဂါနုသယ၊ ၆။ ဝိစိကိစ္ဆာနုသယ၊
၃။ ပဋိဃာနုသယ၊ ၇။ အဝိဇ္ဇာနုသယအားဖြင့်
၄။ မာနာနုသယ၊ (၇)ပါး ရှိပါသည်။

### အနုသယ(၇)ပါး တရားကိုယ်ကောက်ပုံ(အကျယ်)

၁။ လောဘမူစိတ် (၈)ပါး၌ယှဉ်သော လောဘစေတသိက်သည် ကာမရာဂါနုသယ မည်၏။

၂။ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်(၄)ပါး၌ယှဉ်သော လောဘစေတသိက်သည် ဘဝရာဂါနုသယ မည်၏။

၃။ ဒေါသမူစိတ် (၂)ပါး၌ယှဉ်သော ဒေါသစေတသိက်သည် ပဋိဃာနုသယ မည်၏။

၄။ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်(၄)ပါး၌ယှဉ်သော မာနစေတသိက်သည် မာနာနုသယ မည်၏။

၅။ ဒိဋ္ဌိဂတသမ္မယုတ်စိတ်(၄)ပါး၌ယှဉ်သော ဒိဋ္ဌိစေတသိက်သည် ဒိဋ္ဌာနုသယ မည်၏။

၆။ ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ယှဉ်သော ဝိစိကိစ္ဆာစေတသိက်သည်

http://www.dhammadownload.com



ဝိစိကိစ္ဆာနုသယ မည်၏။

၇။ အကုသိုလ်စိတ် (၁၂)ပါး၌ယှဉ်သော မောဟစေတသိက်သည် အဝိဇ္ဇာနုသယ မည်၏။

**အနုသယ(၇)ပါး တရားကိုယ်ကောက်ပုံ(အကျဉ်း)**

၁။ ကာမရာဂါနုသယ = လောဘစေတသိက်၊
၂။ ဘဝရာဂါနုသယ = လောဘစေတသိက်၊
၃။ ပဋိဃာနုသယ = ဒေါသစေတသိက်၊
၄။ မာနာနုသယ = မာနစေတသိက်၊
၅။ ဒိဋ္ဌာနုသယ = ဒိဋ္ဌိစေတသိက်၊
၆။ ဝိစိကိစ္ဆာနုသယ = ဝိစိကိစ္ဆာစေတသိက်၊
၇။ အဝိဇ္ဇာနုသယ = မောဟစေတသိက်။

**အမှာ**– အနုသယသည် တရားကိုယ်အားဖြင့် လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ မောဟဟု (၆)ပါး ရှိပါသည်။

**သုတ္တန်နည်း သံယောဇဉ် (၁၀)ပါး**

သတ္တဝါတို့ကို ထိုထိုဘဝမှ မလွတ်ရအောင် ကြိုးဖြင့်ချည်နှောင်သကဲ့သို့ ချည်နှောင်တတ်သောတရားကို 'သံယောဇဉ်'ဟု ခေါ်ပါသည်။

ထိုသံယောဇဉ်သည်–

၁။ ကာမရာဂသံယောဇဉ်၊
၂။ ရူပရာဂသံယောဇဉ်၊
၃။ အရူပရာဂသံယောဇဉ်၊
၄။ ပဋိဃသံယောဇဉ်၊
၅။ မာနသံယောဇဉ်၊

http://www.dhammadownload.com



၆။ ဒိဋ္ဌိသံယောဇဉ်၊
၇။ သီလဗ္ဗတပရာမာသသံယောဇဉ်၊
၈။ ဝိစိကိစ္ဆာသံယောဇဉ်၊
၉။ ဥဒ္ဓစ္စသံယောဇဉ်၊
၁၀။ အဝိဇ္ဇာသံယောဇဉ်အားဖြင့် (၁၀)ပါး ရှိပါသည်။

## သုတ္တန်နည်း သံယောဇဉ်(၁၀)ပါး တရားကိုယ်ကောက်ပုံ(အကျယ်)

၁။ လောဘမူစိတ် (၈)ပါးဌာယ်သော လောဘစေတသိက်သည် ကာမရာဂသံယောဇဉ် မည်၏။
၂။ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် (၄)ပါးဌာယ်သော လောဘစေတသိက်သည် ရူပရာဂသံယောဇဉ် မည်၏။
၃။ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်(၄)ပါးဌာယ်သော လောဘစေတသိက်သည် အရူပရာဂသံယောဇဉ် မည်၏။
၄။ ဒေါသမူစိတ်(၂)ပါးဌာယ်သော ဒေါသစေတသိက်သည် ပဋိဃသံယောဇဉ် မည်၏။
၅။ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် (၄)ပါးဌာယ်သော မာနစေတသိက်သည် မာနသံယောဇဉ် မည်၏။
၆။ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် (၄)ပါးဌာယ်သော ဒိဋ္ဌိစေတသိက်သည် ဒိဋ္ဌိသံယောဇဉ် မည်၏။
၇။ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် (၄)ပါးဌာယ်သော ဒိဋ္ဌိစေတသိက်သည် သီလဗ္ဗတပရာမာသသံယောဇဉ် မည်၏။
၈။ ဝိစိကိစ္ဆာသဟဂုတ်စိတ်ဌာယ်သော ဝိစိကိစ္ဆာစေတသိက်သည် ဝိစိကိစ္ဆာသံယောဇဉ် မည်၏။

http://www.dhammadownload.com



၉။ အကုသိုလ်စိတ် (၁၂)ပါး၌ယှဉ်သော ဥဒ္ဓစ္စစေတသိက်သည် ဥဒ္ဓစ္စသံယောဇဉ် မည်၏။
၁၀။ အကုသိုလ်စိတ် (၁၂)ပါး၌ယှဉ်သော မောဟစေတသိက်သည် အဝိဇ္ဇာသံယောဇဉ် မည်၏။

## သုတ္တန်နည်း သံယောဇဉ် (၁၀)ပါး
## တရားကိုယ်ကောက်ပုံ (အကျဉ်း)

၁။ ကာမရာဂသံယောဇဉ် = လောဘစေတသိက်၊
၂။ ရူပရာဂသံယောဇဉ် = လောဘစေတသိက်၊
၃။ အရူပရာဂသံယောဇဉ် = လောဘစေတသိက်၊
၄။ ပဋိဃသံယောဇဉ် = ဒေါသစေတသိက်၊
၅။ မာနသံယောဇဉ် = မာနစေတသိက်၊
၆။ ဒိဋ္ဌိသံယောဇဉ် = ဒိဋ္ဌိစေတသိက်၊
၇။ သီလဗ္ဗတပရာမာသသံယောဇဉ် = ဒိဋ္ဌိစေတသိက်၊
၈။ ဝိစိကိစ္ဆာသံယောဇဉ် = ဝိစိကိစ္ဆာစေတသိက်၊
၉။ ဥဒ္ဓစ္စသံယောဇဉ် = ဥဒ္ဓစ္စစေတသိက်၊
၁၀။ အဝိဇ္ဇာသံယောဇဉ် = မောဟစေတသိက်။

**အမှာ**– သုတ္တန်နည်း သံယောဇဉ်(၁၀)ပါးသည် တရားကိုယ်အားဖြင့် လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ မောဟဟု (၇)ပါးသာ ရှိပါသည်။

## အဘိဓမ္မာနည်းသံယောဇဉ် (၁၀)ပါး

၁။ ကာမရာဂသံယောဇဉ်၊
၂။ ဘဝရာဂသံယောဇဉ်၊
၃။ ပဋိဃသံယောဇဉ်၊

http://www.dhammadownload.com



၄။ မာနသံယောဇဉ်၊
၅။ ဒိဋ္ဌိသံယောဇဉ်၊
၆။ သီလဗ္ဗတပရာမာသသံယောဇဉ်၊
၇။ ဝိစိကိစ္ဆာသံယောဇဉ်၊
၈။ ဣဿာသံယောဇဉ်၊
၉။ မစ္ဆရိယသံယောဇဉ်၊
၁၀။ အဝိဇ္ဇာသံယောဇဉ်အားဖြင့် (၁၀)ပါး ရှိပါသည်။

## အဘိဓမ္မာနည်း သံယောဇဉ်(၁၀)ပါး တရားကိုယ်ကောက်ပုံ(အကျယ်)

၁။ လောဘမူစိတ် (၈)ပါး၌ယှဉ်သော လောဘစေတသိက်သည် ကာမရာဂသံယောဇဉ် မည်၏။
၂။ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်(၄)ပါး၌ယှဉ်သော လောဘစေတသိက်သည် ဘဝရာဂသံယောဇဉ် မည်၏။
၃။ ဒေါသမူစိတ်(၂)ပါး၌ယှဉ်သော ဒေါသစေတသိက်သည် ပဋိဃသံယောဇဉ် မည်၏။
၄။ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်(၄)ပါး၌ယှဉ်သော မာနစေတသိက်သည် မာနသံယောဇဉ် မည်၏။
၅။ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်(၄)ပါး၌ယှဉ်သော ဒိဋ္ဌိစေတသိက်သည် ဒိဋ္ဌိသံယောဇဉ် မည်၏။
၆။ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်(၄)ပါး၌ယှဉ်သော ဒိဋ္ဌိစေတသိက်သည် သီလဗ္ဗတပရာမာသသံယောဇဉ် မည်၏။
၇။ ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ယှဉ်သော ဝိစိကိစ္ဆာစေတသိက်သည် ဝိစိကိစ္ဆာသံယောဇဉ် မည်၏။
၈။ ဒေါသမူစိတ် (၂)ပါး၌ယှဉ်သော ဣဿာ စေတသိက်သည် ဣဿာသံယောဇဉ် မည်၏။

http://www.dhammadownload.com



၉။ ဒေါသမူစိတ်(၂)ပါးဌဉ်ယှဉ်သော မစ္ဆရိယစေတသိက်သည် မစ္ဆရိယ သံယောဇဉ် မည်၏။

၁၀။ အကုသိုလ်စိတ် (၁၂)ပါးဌဉ်ယှဉ်သော မောဟစေတသိက်သည် အဝိဇ္ဇာသံယောဇဉ် မည်၏။

## အဘိဓမ္မာနည်း သံယောဇဉ် (၁၀)ပါး တရားကိုယ်ကောက်ပုံ(အကျဉ်း)

၁။ ကာမရာဂသံယောဇဉ် = လောဘစေတသိက်၊
၂။ ဘဝရာဂသံယောဇဉ် = လောဘစေတသိက်၊
၃။ ပဋိဃသံယောဇဉ် = ဒေါသစေတသိက်၊
၄။ မာနသံယောဇဉ် = မာနစေတသိက်၊
၅။ ဒိဋ္ဌိသံယောဇဉ် = ဒိဋ္ဌိစေတသိက်၊
၆။ သီလဗ္ဗတပရာမာသသံယောဇဉ်= ဒိဋ္ဌိစေတသိက်၊
၇။ ဝိစိကိစ္ဆာသံယောဇဉ် = ဝိစိကိစ္ဆာစေတသိက်၊
၈။ ဣဿာသံယောဇဉ် = ဣဿာစေတသိက်၊
၉။ မစ္ဆရိယသံယောဇဉ် = မစ္ဆရိယစေတသိက်၊
၁၀။ အဝိဇ္ဇာသံယောဇဉ် = မောဟစေတသိက်။

**အမှာ**– အဘိဓမ္မာနည်းသံယောဇဉ် (၁၀)ပါးသည် တရားကိုယ်အားဖြင့် လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဣဿာ၊ မစ္ဆရိယ၊ မောဟဟု (၈)ပါးသာ ရှိပါသည်။

## ကိလေသာ (၁၀)ပါး

စိတ်ကို ပူလောင်စေတတ်, ညစ်ပေစေတတ်သော တရားကို 'ကိလေသာ'ဟု ခေါ်ပါသည်။

ထိုကိလေသာသည်–

http://www.dhammadownload.com



၁။ လောဘ၊ ၆။ ဝိစိကိစ္ဆာ၊
၂။ ဒေါသ၊ ၇။ ထိန၊
၃။ မောဟ၊ ၈။ ဥဒ္ဓစ္စ၊
၄။ မာန၊ ၉။ အဟိရိက၊
၅။ ဒိဋ္ဌိ၊ ၁၀။ အနောတ္တပ္ပအားဖြင့် (၁၀)ပါးရှိသည်။

## တစ်ထောင့်ငါးရာ ကိလေသာ

ကိလေသာ၏ အာရုံဖြစ်သောတရားသည် စိတ်(၁)ပါး၊ စေတသိက်(၅၂)ပါး၊ နိပ္ပန္နရုပ်(၁၈)ပါး၊ လက္ခဏရုပ်(၄)ပါး၊ ပေါင်း(၇၅)ပါး ရှိ၏။

ထို(၇၅)ပါးကို တည်၊ အဒ္ဓတ္တသန္တာန်, ဗဟိဒ္ဓသန္တာန်ဟူသော သန္တာန်(၂)ပါးဖြင့် မြှောက်(၇၅ x ၂)= ၁၅၀–ဖြစ်၏။

ယင်း(၁၅၀)ကို တည်၊ ကိလေသာ(၁၀)ပါးဖြင့် မြှောက်ပါက (၁၅၀ x ၁၀)= ၁၅၀၀–ဖြစ်တော့၏။ ယင်းကိုပင် တစ်ထောင့်ငါးရာ ကိလေသာ–ဟု ဆိုကြ၏။

[**ဆောင်**] နာမ်တေပညံ၊ ရုပ်နိပ္ပန်၊ လက္ခဏံရုပ်လေး။
သန္တာန်နှစ်ဝ၊ မြှောက်ဆင့်က၊ တရာ့ငါးဆယ်ရေး။
ဆယ်ကိလေသာ၊ မြှောက်ဆင့်ကာ၊ ငါးရာတစ်ထောင်တွေး။
(အခြေပြု–၄၁၉)

## တရားကိုယ် ကောက်နည်း

ကာမဟူသော နာမည်ဖြင့် ကာမတဏှာ၊ ဘဝဟူသော နာမည်ဖြင့် ဘဝတဏှာကိုသာ ကောက်ရမည်။ (ကာမတဏှာ, ဘဝတဏှာဟူသည် လောဘပင်တည်း။)

သီလဗ္ဗတပရာမာသ၊ ကာ်ဒံသစ္စာဘိနိဝေသ၊ အတ္တဝါဒုပါဒတို့ အရ ဒိဋ္ဌိစေတသိက်ကို ကောက်ရမည်။

http://www.dhammadownload.com



အဝိဇ္ဇာအရ- မောဟ၊ အဘိဇ္ဈာအရ- လောဘ၊ ဗျာပါဒအရ- ဒေါသကို ကောက်ရမည်။

[ဆောင်] ကာမ,ဘဝ၊ တွေ့မြင်က၊ လောဘတရားကိုယ်။
သီ, ဣ, အတ်မှာ၊ ဒိဋ္ဌသာ၊ မှန်စွာကောက်စေလို။
အဝိဇ္ဇာ-မော၊ ဘိဇ္ဈာ-လောဘ၊ ဗျာပါဒ၊ ဒေါသအမြန်ဆို။
(သင်္ဂြိဟ်ရှင်းတမ်း)

## ဒိဋ္ဌစေတသိက် တစ်ပါးတည်းကို အမည်အမျိုးမျိုးဖြင့် ဟောရခြင်းအကြောင်း

ထိုထိုယူပုံအခြင်းအရာအားဖြင့် ကွဲပြားသောကြောင့် ဒိဋ္ဌစေတသိက် တစ်ပါးတည်းကို သီလဗ္ဗတပရာမာသ၊ ဣဒံသစ္စာဘိနိဝေသ၊ အတ္တဝါဒုပါဒဟု အမည်အမျိုးမျိုးဖြင့် ဟောရပါသည်။

**သာဓက**– သီလဗ္ဗတပရာမာသော (ပ) ဒိဋ္ဌိဂတမေဝ ပဝတ္တတိ။

## ယူပုံအခြင်းအရာ ကွဲပြားပုံ

သီလဗ္ဗတပရာမာသဒိဋ္ဌိသည် 'နွား, ခွေးတို့၏ အလေ့အကျင့်ဖြင့် ကိလေသာမှ စင်ကြယ်၏၊ သံသရာမှ လွတ်မြောက်၏'ဟု မှားသောအားဖြင့် ယူ၏။

ဣဒံ သစ္စာဘိနိဝေသဒိဋ္ဌိသည် 'ဤငါအယူသာ မှန်၏၊ ကျန်အယူတွေ အမှားချည်းပဲ'ဟု စွဲမြဲစွာ ယူ၏။

အတ္တဝါဒုပါဒဒိဋ္ဌိသည် 'အတ္တရှိ၏၊ အသက်လိပ်ပြာ ဝိညာဉ် ကောင်ရှိ၏'ဟု ယူ၏။ ဤသို့ ယူပုံအခြင်းအရာ ကွဲပြားပါသည်။

## အာသဝေါဃာစ ယောဂါစ၊ တယော ဂန္ထာစ ဝတ္ထုတော-၌ 'တယော'အရ

လောဘ၊ ဒိဋ္ဌိ၊ မောဟတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



**ဥပါဒါနာ ဒုဇေ ဝုတ္တာ–၌ 'ဒုဇေ'အရ**

လောဘ၊ ဒိဋ္ဌိတို့ ဖြစ်ပါသည်။

**အဋ္ဌ နိဝရဏာ သိယုံ–၌ 'အဋ္ဌ'အရ**

လောဘ၊ ဒေါသ၊ ထိန၊ မိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ မောဟတို့ ဖြစ်ပါသည်။

**ဆဠေဝါနုသယာ ဟောန္တိ–၌ 'ဆ'အရ**

လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ မောဟတို့ ဖြစ်ပါသည်။

**နဝ သံယောဇနာ မတာ–၌ 'နဝ'အရ**

လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ ကျသာ၊ မစ္ဆရိယ၊ မောဟတို့ ဖြစ်ပါသည်။

**အမှာ**– သုတ္တန်နည်း၊ အဘိဓမ္မာနည်း၊ သံယောဇဉ်နှစ်မျိုးကို ရောနှောရ၍ တရားကိုယ်ကောက်ထားသည်။

**ကိလေသာ ဒသ ဝုတ္တောယံ–၌ 'ဒသ'အရ**

လောဘ၊ ဒေါသ၊ မော်ဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပတို့ ဖြစ်ပါသည်။

**နဝဓာ ပါပသင်္ကော–၌ 'နဝဓာ'အရ**

အာသဝ၊ ဩဃ၊ ယောဂ၊ ဂန္ထ၊ ဥပါဒါန်၊ နိဝရဏ၊ အနုသယ၊ သံယောဇဉ်၊ ကိလေသာတို့ ဖြစ်ပါသည်။

**သံယောဇဉ်(၂)မျိုး စက်လှည့်ပုံ**

၁။ သုတ္တန်နည်း၌သာပါ အဘိဓမ္မာနည်း၌ မပါသောသံယောဇဉ်၏ တရားကိုယ်မှာ– ဥဒ္ဓစ္စ ဖြစ်ပါသည်။

http://www.dhammadownload.com



၂။ အဘိဓမ္မာနည်း၌သာပါ သုတ္တန်နည်း၌ မပါသောသံယောဇဉ်၏ တရားကိုယ်မှာ– ကျသာနှင့် မစ္ဆရိယ ဖြစ်ပါသည်။
၃။ နည်းနှစ်ပါးလုံးမှာပါသော သံယောဇဉ်၏ တရားကိုယ်မှာ– လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ မောဟတို့ ဖြစ်ပါသည်။
၄။ နည်းနှစ်ပါးလုံးမှာ မပါသော အကုသိုလ်စေတသိက်များမှာ– အဟိရိက၊ အနောတ္တပ္ပ၊ ကုက္ကုစ္စ၊ ထိန၊ မိဒ္ဓတို့ ဖြစ်ပါသည်။

* 'အမုန်းသံယောဇဉ်သည် အချစ်သံယောဇဉ်ထက် ခိုင်မြဲ၏' ဟုဆိုရာ အမုန်းသံယောဇဉ်, အချစ်သံယောဇဉ်တို့၏ အမည်မှန်ကို တရားကိုယ်နှင့်တကွ ယှဉ်တွဲဖော်ပြပါ။

အမုန်းသံယောဇဉ်အမည်မှာ– ပဋိဃသံယောဇဉ် ဖြစ်ပါသည်။
တရားကိုယ်မှာ – ဒေါသ ဖြစ်ပါသည်။
အချစ်သံယောဇဉ်အမည်မှာ– ကာမရာဂသံယောဇဉ်ဖြစ်ပါသည်။
တရားကိုယ်မှာ – လောဘ ဖြစ်ပါသည်။

**ကိလေသာ အမည်မရသော အကုသိုလ်စေတသိက်များ:**

ကျသာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ မိဒ္ဓတို့ ဖြစ်ပါသည်။

## သံယောဇဉ်နှင့် ကိလေသာ စက်လှည့်ပုံ

၁။ သံယောဇဉ်သာမည၍ ကိလေသာ မမည်သောတရားမှာ– ကျသာ၊ မစ္ဆရိယတို့ ဖြစ်ပါသည်။
၂။ ကိလေသာသာမည၍ သံယောဇဉ် မမည်သောတရားမှာ– ထိန၊ အဟိရိက၊ အနောတ္တပ္ပတို့ ဖြစ်ပါသည်။
၃။ နှစ်မျိုးလုံး မည်သောတရားမှာ– လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ မောဟတို့ ဖြစ်ပါသည်။
၄။ နှစ်မျိုးလုံး မမည်သော အကုသိုလ်စေတသိက်မှာ– ကုက္ကုစ္စ၊ မိဒ္ဓတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



* ဈာန်တရားများ ဖြစ်ပေါ်ခွင့်မရအောင် တားဆီးပိတ်ပင်တတ်သော ကိလေသာတို့ကို တိကျစွာ ဖော်ပြပါ။

လောဘ၊ ဒေါသ၊ ထိန၊ ဥဒ္ဓစ္စ၊ ဝိစိကိစ္ဆာ၊ မောဟတို့ ဖြစ်ပါသည်။

**အမှာ**– စက်လှည့်နည်းအရ နိဝရဏနှင့် ကိလေသာ နှစ်မည် ရသောတရားကို မေးခြင်း ဖြစ်ပါသည်။

## ဌာနဖြင့် ဝေဖန်ပုံ

လောဘ၏ အမည်ထူး(၉)မျိုးမှာ– အာသဝ၊ သြဃ၊ ယောဂ၊ ဂန္ထ၊ ဥပါဒါန်၊ နိဝရဏ၊ အနုသယ၊ သံယောဇဉ်၊ ကိလေသာတို့ ဖြစ်ပါသည်။

ဒိဋ္ဌိ၏ အမည်ထူး(၈)မျိုးမှာ– အာသဝ၊ သြဃ၊ ယောဂ၊ ဂန္ထ၊ ဥပါဒါန်၊ အနုသယ၊ သံယောဇဉ်၊ ကိလေသာတို့ ဖြစ်ပါသည်။

မောဟ၏ အမည်ထူး(၇)မျိုးမှာ– အဝိဇ္ဇာသဝ၊ အဝိဇ္ဇောဃ၊ အဝိဇ္ဇာယောဂ၊ အဝိဇ္ဇာနိဝရဏ၊ အဝိဇ္ဇာနုသယ၊ အဝိဇ္ဇာသံယောဇဉ်၊ မောဟကိလေသာတို့ ဖြစ်ပါသည်။

ဒေါသ၏ အမည်ထူး(၅)မျိုးမှာ– ဗျာပါဒ ကာယဂန္ထ၊ ဗျာပါဒ နိဝရဏ၊ ပဋိဃာနုသယ၊ ပဋိဃသံယောဇဉ်၊ ဒေါသကိလေသာတို့ ဖြစ်ပါသည်။

ဝိစိကိစ္ဆာ၏ အမည်ထူး(၄)မျိုးမှာ– ဝိစိကိစ္ဆာနိဝရဏ၊ ဝိစိကိစ္ဆာနုသယ၊ ဝိစိကိစ္ဆာသံယောဇဉ်၊ ဝိစိကိစ္ဆာကိလေသာတို့ ဖြစ်ပါသည်။

မာန၏ အမည်ထူး(၃)မျိုးမှာ– မာနာနုသယ၊ မာနသံယောဇဉ်၊ မာနကိလေသာတို့ ဖြစ်ပါသည်။

ဥဒ္ဓစ္စ၏ အမည်ထူး(၃)မျိုးမှာ– ဥဒ္ဓစ္စ(ကုက္ကုစ္စ)နိဝရဏ၊ ဥဒ္ဓစ္စ သံယောဇဉ်၊ ဥဒ္ဓစ္စကိလေသာတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



ထိန၏အမည်ထူး(၂)မျိုးမှာ–ထိန(မိဒ္ဓ)နီဝရဏ၊ ထိနကိလေသာတို့ ဖြစ်ပါသည်။

တစ်မည်ရသော တရား(၆)မျိုးမှာ– ကြသာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ မိဒ္ဓ၊ အဟိရိက၊ အနောတ္တပ္ပတို့ ဖြစ်ပါသည်။

## တစ်မည်ရသော တရား(၆)မျိုးကို ရသောအမည်နှင့် တွဲစပ်ပုံ

ကြသာ = ကြသာသံယောဇဉ်၊
မစ္ဆရိယ = မစ္ဆရိယသံယောဇဉ်၊
ကုက္ကုစ္စ = ကုက္ကုစ္စနီဝရဏ၊
မိဒ္ဓ = မိဒ္ဓနီဝရဏ၊
အဟိရိက = အဟိရိကကိလေသာ၊
အနောတ္တပ္ပ = အနောတ္တပ္ပကိလေသာ။

**[ဆောင်]** လော-ကိုးမည်ရှိ၊ ဒိဋ္ဌ-ရှစ်မည်၊ ခုနစ်မည်-မောဟ၊ ငါး၀-ဒေါသ၊ ကိစ္စာ-လေးထုတ်၊ မာနဒ္ဓစ္စ၊ သုံးမည်ရ၏၊ ထိန–နှစ်မည်၊ ကြွင်းသည့် ခြောက်၀၊ တစ်မည်ရ၊ ပေါင်းက စုဒ္ဒသာ။ (ပရမတ္ထသရုပဘေဒနီ)

## ပရမတ္ထတရားလေးပါး အစစ်ပြဂါထာ

ဒွါသတ္တတိဝိဓာ ဝုတ္တာ၊ (ပ) ၊ ပဝက္ခာမိ သမုစ္စယံ။

## အကုသလသင်္ဂဟ၌ တရားကိုယ်ကောက်နည်းပြပါဋ္ဌိ

အာသ၀ါဒီသု ပနေတ္ထ (ပ) ဒိဋ္ဌိဂတမေ၀ ပဝုစ္စတိ။

## အကုသလသင်္ဂဟာ အာသ၀စသောတရားတို့၏ တရားကိုယ်အရေအတွက်ပြဂါထာ

အာသ၀ေါဃာ စ ယောဂါ စ၊ (ပ) နဝဓာ ပါပသင်္ဂဟော။

အကုသလသင်္ဂဟပြီး၏။

❑❑❑❑❑

http://www.dhammadownload.com



## မိဿက သင်္ဂဟ

ကုသိုလ်, အကုသိုလ်, အဗျာကတ တရားတို့ကို ရောနှောပြရာ အပိုင်းကို 'မိဿကသင်္ဂဟ'ဟု ခေါ်ပါသည်။

## ဟိတ် (၆)ပါး

ရဂေသောက်မြစ်သည် သစ်ပင်ကို ခိုင်ခံ့စည်ပင်စေရန် ထောက်ပံ့သကဲ့သို့ မိမိနှင့်တကွဖြစ်ဖက် ရုပ်နာမ်တရားတို့ကို ခိုင်ခံ့စည်ပင်စေရန် ထောက်ပံ့တတ်သောတရားကို 'ဟိတ်'ဟု ခေါ်ပါသည်။

ထိုဟိတ်သည်–

၁။ လောဘဟိတ်၊ ၄။ အလောဘဟိတ်၊
၂။ ဒေါသဟိတ်၊ ၅။ အဒေါသဟိတ်၊
၃။ မောဟဟိတ်၊ ၆။ အမောဟဟိတ်အားဖြင့် (၆)ပါးရှိပါသည်။

* အကုသိုလ်, ဒုစရိုက်လုပ်ငန်း ပြုလုပ်ရန်အတွက် အခြေခံ(ဟိတ်)တရားတို့ကို တိကျစွာ ဖော်ပြပါ။

လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်တို့ ဖြစ်ပါသည်။

* ကုသိုလ်လုပ်ငန်း ပြုလုပ်ရန်အတွက် အခြေခံ(ဟိတ်)တရားတို့ကို တိကျစွာ ဖော်ပြပါ။

အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်တို့ ဖြစ်ပါသည်။

## ဈာန် (၇)ပါး

ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဧကဂ္ဂတာ၊ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာအားဖြင့် (၇)ပါးရှိပါသည်။

http://www.dhammadownload.com



တရားကိုယ်အားဖြင့် ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဧကဂ္ဂတာ၊ ဝေဒနာဟု (၅)ပါးသာ ရှိပါသည်။ (ပဉ္စ ဈာဂ်ါနိ–၌ ပဉ္စအရုလည်း ဟုတ်၏။)

**အမှာ**– သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာ(၃)ပါးကို ဝေဒနာ တစ်ပါးသာ တရားကိုယ် ကောက်ရသည်။

## ဈာန်နှင့် ဈာနင် အထူး

ဆိုင်ရာအာရုံကို စူးစူးစိုက်စိုက် ရှုတတ်သော ဝိတက်၊ ဝိစာရ စသော တရားအပေါင်းကို 'ဈာန်'ဟု ခေါ်ပါသည်။

ထိုဈာန်အပေါင်း၏ အစိတ်အစိတ် အင်္ဂါများကို 'ဈာနင်'ဟု ခေါ်ပါသည်။

## ဈာနင်(၇)ပါး တရားကိုယ်ကောက်ပုံ(အကျယ်)

၁။ ဝိတက်ယှဉ်ရာစိတ် (၅၅)ပါး၌ရှိသော ဝိတက်စေတသိက်သည် ဝိတက်ဈာနင် မည်၏။

၂။ ဝိစာရယှဉ်ရာစိတ် (၆၆)ပါး၌ရှိသော ဝိစာရစေတသိက်သည် ဝိစာရဈာနင် မည်၏။

၃။ ပီတိယှဉ်ရာစိတ်(၅၁)ပါး၌ရှိသော ပီတိစေတသိက်သည် ပီတိ ဈာနင် မည်၏။

၄။ ဒွေးပဉ္စဝိညာဉ်(၁၀)ကြဉ် စိတ်(၇၉)ပါး၌ယှဉ်သော ဧကဂ္ဂတာ စေတသိက်သည် ဧကဂ္ဂတာဈာနင် မည်၏။

၅။ သောမနဿသဟဂုတ်စိတ်(၆၂)ပါး၌ယှဉ်သော ဝေဒနာစေတ သိက်သည် သောမနဿဈာနင် မည်၏။

၆။ ဒေါသမူစိတ် (၂)ပါး၌ယှဉ်သော ဝေဒနာ စေတသိက်သည် ဒေါမနဿဈာနင် မည်၏။

http://www.dhammadownload.com



၇။ စက္ခုဝိညာဏ်ဒွေး၊ သောတဝိညာဏ်ဒွေး၊ ဃာနဝိညာဏ်ဒွေး၊ ဇိဂ္ဂါဝိညာဏ်ဒွေးကြဉ် ဥပေက္ခာသဟဂုတ်စိတ်(၄၇)ပါ၊ ၌ ယှဉ်သော ဝေဒနာစေတသိက်သည် ဥပေက္ခာစျာနင် မည်၏။

**အမှာ**– 'ပဉ္စဝိညာဏ်သုံ စျာနင်္ဂါနိ–ဒွေးပဉ္စဝိညာဏ်(၁၀)၌ စျာနင်တရားကိုယ် မရ'ဟူသော စကားနှင့်အညီ ဧကဂ္ဂတာနှင့် ဥပေက္ခာတို့၌ ဒွေးပဉ္စဝိညာဏ်(၁၀) ကြဉ်ထားပုံကို သိပါ။

## စျာနင်(၇)ပါးကို ဟိတ်အားဖြင့် ခွဲပုံ

ဒေါမနဿသည် အကုသိုလ်စျာနင် ဖြစ်ပါသည်။

ကြွင်းခြောက်ပါးတို့သည် ကုသိုလ်, အကုသိုလ်, အဗျာကတ စျာနင်များ ဖြစ်ကြပါသည်။

## မဂ္ဂင် (၁၂)ပါး

| | |
|---|---|
| ၁။ သမ္မာဒိဋ္ဌိ၊ | ၇။ သမ္မာသတိ၊ |
| ၂။ သမ္မာသင်္ကပ္ပ၊ | ၈။ သမ္မာသမာဓိ၊ |
| ၃။ သမ္မာဝါစာ၊ | ၉။ မိစ္ဆာဒိဋ္ဌိ၊ |
| ၄။ သမ္မာကမ္မန္တ | ၁၀။ မိစ္ဆာသင်္ကပ္ပ၊ |
| ၅။ သမ္မာအာဇီဝ၊ | ၁၁။ မိစ္ဆာဝါယာမ၊ |
| ၆။ သမ္မာဝါယာမ၊ | ၁၂။ မိစ္ဆာသမာဓိ။ |

## မဂ်နှင့် မဂ္ဂင် အထူး

သုဂတိဘုံ, ဒုဂ္ဂတိဘုံသို့ သွားရောက်ဖို့ရာ လမ်းကြောင်းဖြစ်သော တရားအပေါင်းကို 'မဂ်'ဟု ခေါ်ပါသည်။

ထိုမဂ်မည်သော တရားအပေါင်း၏ အစိတ်အစိတ်အင်္ဂါများကို 'မဂ္ဂင်'ဟု ခေါ်ပါသည်။

http://www.dhammadownload.com



## အရိယာမဂ္ဂင် (၈)ပါး
### (သုဂတိဘုံနှင့် နိဗ္ဗာန်သို့ ရောက်စေနိုင်သောမဂ္ဂင်)

၁။ သမ္မာဒိဋ္ဌိ၊ ၅။ သမ္မာအာဇီဝ၊
၂။ သမ္မာသင်္ကပ္ပ၊ ၆။ သမ္မာဝါယာမ၊
၃။ သမ္မာဝါစာ၊ ၇။ သမ္မာသတိ၊
၄။ သမ္မာကမ္မန္တ ၈။ သမ္မာသမာဓိတို့ ဖြစ်ပါသည်။

## မိစ္ဆာမဂ္ဂင် (၄)ပါး
### (အပါယ်ဒုဂ္ဂတိသို့ ရောက်စေနိုင်သောမဂ္ဂင်)

၁။ မိစ္ဆာဒိဋ္ဌိ၊ ၃။ မိစ္ဆာဝါယာမ၊
၂။ မိစ္ဆာသင်္ကပ္ပ၊ ၄။ မိစ္ဆာသမာဓိတို့ ဖြစ်ပါသည်။

* 'မဂ္ဂင်ဖောင်ကြီး ပျော်ပျော်စီး နိဗ္ဗာန်ခရီး သွားရအောင်'ဟု ကြွေးကြော်သံရှိသော်လည်း နိဗ္ဗာန်မသွား အပါယ်လားစေနိုင်သော မဂ္ဂင်တို့ကို တိကျစွာ ဖော်ပြပါ။

မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသမာဓိတို့ ဖြစ်ပါသည်။

## မဂ္ဂင် (၁၂)ပါး

| စဉ် | အမည် | သဘော | တရားကိုယ် |
|---|---|---|---|
| ၁ | သမ္မာဒိဋ္ဌိ | ကောင်းစွာသိမှု | ပညာ |
| ၂ | သမ္မာသင်္ကပ္ပ | ကောင်းစွာကြံစည်မှု | ဝိတက် |
| ၃ | သမ္မာဝါစာ | ကောင်းစွာပြောမှု | သမ္မာဝါစာ |
| ၄ | သမ္မာသမ္မန္တ | ကောင်းစွာလုပ်မှု | သမ္မာကမ္မန္တ |
| ၅ | သမ္မာအာဇီဝ | ကောင်းစွာအသက်မွေးမှု | သမ္မာအာဇီဝ |
| ၆ | သမ္မာဝါယာမ | ကောင်းစွာအားထုတ်မှု | ဝီရိယ |
| ၇ | သမ္မာသတိ | ကောင်းစွာအောက်မေ့မှု | သတိ |

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ၈ | သမ္မာသမာဓိ | ကောင်းစွာတည်ကြည်မှု | ဧကဂ္ဂတာ |
| ၉ | မိစ္ဆာဒိဋ္ဌိ | မှားယွင်းစွာသိမှု | ဒိဋ္ဌိ |
| ၁၀ | မိစ္ဆာသင်္ကပ္ပ | မှားယွင်းစွာကြံစည်မှု | အကုသိုလ် ဝိတက် |
| ၁၁ | မိစ္ဆာဝါယာမ | မှားယွင်းစွာအားထုတ်မှု | အကုသိုလ် ဝီရိယ |
| ၁၂ | မိစ္ဆာသမာဓိ | မှားယွင်းစွာတည်ကြည်မှု | အကုသိုလ်ဧကဂ္ဂတာ |

## မဂ္ဂင်(၁၂)ပါး တရားကိုယ်ကောက်ပုံ(အကျယ်)

၁။ တိဟိတ်စိတ်(၄၇)ပါး၌ယှဉ်သော ပညာစေတသိက်သည် သမ္မာဒိဋ္ဌိမဂ္ဂင် မည်၏။

၂။ ကာမာဝစရသောဘနစိတ်(၂၄)ပါး၊ ပထမစျာန်(၁၁)ပါး၊ ပေါင်း(၃၅)ပါးသောစိတ်၌ယှဉ်သော ဝိတက်စေတသိက်သည် သမ္မာသင်္ကပ္ပမဂ္ဂင် မည်၏။

၃။ မဟာကုသိုလ်စိတ်(၈)ပါး၊ လောကုတ္တရာစိတ်(၈)ပါး၊ ပေါင်း(၁၆)ပါးသောစိတ်၌ယှဉ်သော သမ္မာဝါစာ စေတသိက်သည် သမ္မာဝါစာမဂ္ဂင် မည်၏။

၄။ မဟာကုသိုလ်စိတ်(၈)ပါး၊ လောကုတ္တရာစိတ်(၈)ပါး၊ ပေါင်း(၁၆)ပါးသောစိတ်၌ယှဉ်သော သမ္မာကမ္မန္တ စေတသိက်သည် သမ္မာကမ္မန္တမဂ္ဂင် မည်၏။

၅။ မဟာကုသိုလ်စိတ်(၈)ပါး၊ လောကုတ္တရာစိတ်(၈)ပါး၊ ပေါင်း(၁၆)ပါးသောစိတ်၌ယှဉ်သော သမ္မာအာဇီဝ စေတသိက်သည် သမ္မာအာဇီဝမဂ္ဂင် မည်၏။

၆။ သောဘနစိတ် (၂၉)ပါး၌ယှဉ်သော ဝီရိယစေတသိက်သည် သမ္မာဝါယာမမဂ္ဂင် မည်၏။

၇။ သောဘနစိတ် (၂၉)ပါး၌ယှဉ်သော သတိစေတသိက်သည် သမ္မာသတိမဂ္ဂင် မည်၏။

http://www.dhammadownload.com



၈။ သောဘနစိတ်(၅၉)ပါးခွဲယှဉ်သော ဧကဂ္ဂတာစေတသိက်သည် သမ္မာသမာဓိမဂ္ဂင် မည်၏။

၉။ ဒိဋ္ဌဂတသမ္ပယုတ်စိတ်(၄)ပါးခွဲယှဉ်သော ဒိဋ္ဌိစေတသိက်သည် မိစ္ဆာဒိဋ္ဌိမဂ္ဂင် မည်၏။

၁၀။ အကုသိုလ်စိတ် (၁၂)ပါးခွဲယှဉ်သော ဝိတက်စေတသိက်သည် မိစ္ဆာသင်္ကပ္ပမဂ္ဂင် မည်၏။

၁၁။ အကုသိုလ်စိတ် (၁၂)ပါးခွဲယှဉ်သော ဝီရိယစေတသိက်သည် မိစ္ဆာဝါယာမမဂ္ဂင် မည်၏။

၁၂။ ဝိစိကိစ္ဆာသဟဂုတ်ကြွဉ် အကုသိုလ်စိတ် (၁၁)ပါးခွဲယှဉ်သော ဧကဂ္ဂတာစေတသိက်သည် မိစ္ဆာသမာဓိမဂ္ဂင် မည်၏။

**အမှာ**– 'အဟေတုကေသု မဂ္ဂင်္ဂါနိ နာ လဗ္ဘန္တိ၊ တထာ ဝိစိကိစ္ဆာစိတ္တေ ဧကဂ္ဂတာ မဂ္ဂိန္ဒြိယဗလဘာဝံ နာ ဂစ္ဆတိ'ဟူသော သင်္ဂဟစကားနှင့်အညီ အဟိတ်စိတ်၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်တို့၌ မဂ္ဂင်တရားကိုယ် မကောက်ရပုံကို သိပါ။

## မဂ္ဂင်(၁၂)ပါး တရားကိုယ်ကောက်ပုံ(အကျဉ်း)

၁။ သမ္မာဒိဋ္ဌိ = ပညာ၊
၂။ သမ္မာသင်္ကပ္ပ = ဝိတက်၊
၃။ သမ္မာဝါစာ = သမ္မာဝါစာ၊
၄။ သမ္မာသမ္မန္တ = သမ္မာကမ္မန္တ၊
၅။ သမ္မာအာဇီဝ = သမ္မာအာဇီဝ၊
၆။ သမ္မာဝါယာမ = ဝီရိယ၊
၇။ သမ္မာသတိ = သတိ၊
၈။ သမ္မာသမာဓိ = ဧကဂ္ဂတာ၊
၉။ မိစ္ဆာဒိဋ္ဌိ = ဒိဋ္ဌိ၊

http://www.dhammadownload.com



၁၀။ မိစ္ဆာသင်္ကပ္ပ = အကုသိုလ်ဝိတက်၊
၁၁။ မိစ္ဆာဝါယာမ = အကုသိုလ်ဝီရိယ၊
၁၂။ မိစ္ဆာသမာဓိ = အကုသိုလ်ဧကဂ္ဂတာ။

## မဂ္ဂင်တရားကိုယ် (၉)ပါး

မဂ္ဂင်(၁၂)ပါးရှိသော်လည်း တရားကိုယ်အားဖြင့် ပညာ၊ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိဟု (၉)ပါးသာ ရှိပါသည်။

**အမှာ**– မဂ္ဂင်္ဂါ နဝ ဝတ္ထုတော–၌ နဝအရုလည်း ဟုတ်၏။

## ဣန္ဒြေ ခေါ်ပုံ

မိမိဆိုင်ရာကိစ္စ၌ အစိုးရခြင်းသဘောကို 'ဣန္ဒြေ'ဟု ခေါ်ပါသည်။

## ဣန္ဒြေ (၂၂)ပါး

၁။ စက္ခုန္ဒြေ၊ ၁၂။ သောမနဿိန္ဒြေ၊
၂။ သောတိန္ဒြေ၊ ၁၃။ ဒေါမနဿိန္ဒြေ၊
၃။ ဃာနိန္ဒြေ၊ ၁၄။ ဥပေက္ခိန္ဒြေ၊
၄။ ဇိဝှိန္ဒြေ၊ ၁၅။ သဒ္ဓိန္ဒြေ၊
၅။ ကာယိန္ဒြေ၊ ၁၆။ ဝီရိယိန္ဒြေ၊
၆။ ဣတ္ထိန္ဒြေ၊ ၁၇။ သတိန္ဒြေ၊
၇။ ပုရိသိန္ဒြေ၊ ၁၈။ သမာဓိန္ဒြေ၊
၈။ ဇီဝိတိန္ဒြေ၊ ၁၉။ ပညိန္ဒြေ၊
၉။ မနိန္ဒြေ၊ ၂၀။ အနညာတညဿာမီတိန္ဒြေ၊
၁၀။ သုခိန္ဒြေ၊ ၂၁။ အညိန္ဒြေ၊
၁၁။ ဒုက္ခိန္ဒြေ၊ ၂၂။ အညာတာဝိန္ဒြေ။

http://www.dhammadownload.com



## ကုန္ဒြေ(၂၂)ပါး တရားကိုယ်ကောက်ပုံ(အကျယ်)

၁။ စက္ခုပသာဒသည် စက္ခုန္ဒြေ မည်၏။
၂။ သောတပသာဒသည် သောတိန္ဒြေ မည်၏။
၃။ ဃာနပသာဒသည် ဃာနိန္ဒြေ မည်၏။
၄။ ဇိဝှါပသာဒသည် ဇိဝှိန္ဒြေ မည်၏။
၅။ ကာယပသာဒသည် ကာယိန္ဒြေ မည်၏။
၆။ ကုတ္ထိဘာဝရုပ်သည် ကုတ္ထိန္ဒြေ မည်၏။
၇။ ပုရိသဘာဝရုပ်သည် ပုရိသိန္ဒြေ မည်၏။
၈။ ရုပ်ဇီဝိတ, နာမ်ဇီဝိတသည် ဇီဝိတိန္ဒြေ မည်၏။
၉။ စိတ်(၈၉)ခုသည် မနိန္ဒြေ မည်၏။
၁၀။ သုခသဟဂုတ်ကာယဝိညာဏ်၌ရှိသော ဝေဒနာစေတသိက်သည် သုခိန္ဒြေ မည်၏။
၁၁။ ဒုက္ခသဟဂုတ် ကာယဝိညာဏ်၌ရှိသော ဝေဒနာစေတသိက်သည် ဒုက္ခိန္ဒြေ မည်၏။
၁၂။ သောမနဿသဟဂုတ်စိတ် (၆၂)ပါး၌ရှိသော ဝေဒနာစေတသိက်သည် သောမနဿိန္ဒြေ မည်၏။
၁၃။ ဒေါသမူစိတ်(၂)ပါး၌ရှိသောဝေဒနာစေတသိက်သည် ဒေါမနဿိန္ဒြေ မည်၏။
၁၄။ ဥပေက္ခာသဟဂုတ်စိတ်(၅၅)ပါး၌ရှိသော ဝေဒနာစေတသိက်သည် ဥပေက္ခိန္ဒြေ မည်၏။
၁၅။ သောဘနစိတ်(၁၉)ပါး၌ရှိသော သဒ္ဓါစေတသိက်သည် သဒ္ဓိန္ဒြေ မည်၏။
၁၆။ ဝီရိယယှဉ်ရာစိတ် (၇၃)ပါး၌ရှိသော ဝီရိယစေတသိက်သည် ဝီရိယိန္ဒြေ မည်၏။

http://www.dhammadownload.com



၁၇။ သောဘနစိတ် (၅၉)ပါး၌ရှိသော သတိစေတသိက်သည် သတိန္ဒြေ မည်၏။

၁၈။ ဝိစိကိစ္ဆာသဟဂုတ်–၁၊ ဒွေး–၁၀၊ မနောဓာတ်–၃၊ သန္တီရဏ ၃၊ ကြည် ကျန်စိတ်(၇၂)ပါး၌ရှိသော ဧကဂ္ဂတာစေတသိက်သည် သမာဓိန္ဒြေ မည်၏။

၁၉။ တိဟိတ်စိတ်(၄၇)ပါး၌ရှိသော ပညာစေတသိက်သည် ပညိန္ဒြေ မည်၏။

၂၀။ သောတာပတ္တိမဂ်၌ရှိသော ပညာစေတသိက်သည် အနညာ-တညဿာမီတိန္ဒြေ မည်၏။

၂၁။ အဏက်မဂ်–၃ပါး၊ အောက်ဖိုလ်–၃ပါး၌ရှိသော ပညာစေတ သိက်သည် အညိန္ဒြေ မည်၏။

၂၂။ အရဟာတ္တဖိုလ်၌ရှိသော ပညာစေတသိက်သည် အညာတာဝိန္ဒြေ မည်၏။

## ဣန္ဒြေ(၂၂)ပါး တရားကိုယ်ကောက်ပုံ(အကျဉ်း)

၁။ စက္ခုန္ဒြေ = စက္ခုပသာဒရုပ်၊
၂။ သောတိန္ဒြေ = သောတပသာဒရုပ်၊
၃။ ဃာနိန္ဒြေ = ဃာနပသာဒရုပ်၊
၄။ ဇိဝှိန္ဒြေ = ဇိဝှါပသာဒရုပ်၊
၅။ ကာယိန္ဒြေ = ကာယပသာဒရုပ်၊
၆။ ဣတ္ထိန္ဒြေ = ဣတ္ထိဘာဝရုပ်၊
၇။ ပုရိသိန္ဒြေ = ပုရိသဘာဝရုပ်၊
၈။ ဇီဝိတိန္ဒြေ = ဇီဝိတရုပ်, ဇီဝိတစေတသိက်၊
၉။ မနိန္ဒြေ = စိတ်–၈၉၊
၁၀။ သုခိန္ဒြေ = ဝေဒနာစေတသိက်၊

http://www.dhammadownload.com



၁၁။ ဒုက္ခိန္ဒြေ = ဝေဒနာစေတသိက်၊
၁၂။ သောမနဿိန္ဒြေ = ဝေဒနာစေတသိက်၊
၁၃။ ဒေါမနဿိန္ဒြေ = ဝေဒနာစေတသိက်၊
၁၄။ ဥပေက္ခိန္ဒြေ = ဝေဒနာစေတသိက်၊
၁၅။ သဒ္ဓိန္ဒြေ = သဒ္ဓါစေတသိက်၊
၁၆။ ဝီရိယိန္ဒြေ = ဝီရိယစေတသိက်၊
၁၇။ သတိန္ဒြေ = သတိစေတသိက်၊
၁၈။ သမာဓိန္ဒြေ = ဧကဂ္ဂတာစေတသိက်၊
၁၉။ ပညိန္ဒြေ = ပညာစေတသိက်၊
၂၀။ အနညာတညဿာမီတိန္ဒြေ = ပညာစေတသိက်၊
၂၁။ အညိန္ဒြေ = ပညာစေတသိက်၊
၂၂။ အညာတာဝိန္ဒြေ = ပညာစေတသိက်။

## ဣန္ဒြေတရားကိုယ် (၁၆)ပါး

ပသာဒရုပ် = ၅ပါး၊
ဘာဝရုပ် = ၂ပါး၊
ဇီဝိတရုပ် = ၁ပါး၊
ဇီဝိတစေတသိက် = ၁ပါး၊
စိတ် = ၁ပါး၊
ဝေဒနာစေတသိက် = ၁ပါး၊
သဒ္ဓါစေတသိက် = ၁ပါး၊
ဝီရိယစေတသိက် = ၁ပါး၊
သတိစေတသိက် = ၁ပါး၊
ဧကဂ္ဂတာစေတသိက် = ၁ပါး၊
ပညာစေတသိက် = ၁ပါးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



**အမှာ**– သောဠသိန္ဒြိယမမွာ–၌ သောဠသအရုလည်း ဟုတ်၏။

## ဣန္ဒြေ(၂၂)ပါး:ကို ရုပ်, နာမ် ခွဲပုံ

### ရုပ်သက်သက်ဣန္ဒြေ (၇)ပါး:

၁။ စက္ခုန္ဒြေ၊ ၅။ ကာယိန္ဒြေ၊
၂။ သောတိန္ဒြေ၊ ၆။ ဣတ္ထိန္ဒြေ၊
၃။ ဃာနိန္ဒြေ၊ ၇။ ပုရိသိန္ဒြေ။
၄။ ဇီဝိန္ဒြေ၊

### နာမ်သက်သက်ဣန္ဒြေ (၁၄)ပါး:

၁။ မနိန္ဒြေ၊ ၈။ ဝီရိယိန္ဒြေ၊
၂။ သုခိန္ဒြေ၊ ၉။ သတိန္ဒြေ၊
၃။ ဒုက္ခိန္ဒြေ၊ ၁၀။ သမာဓိန္ဒြေ၊
၄။ သောမနဿိန္ဒြေ၊ ၁၁။ ပညိန္ဒြေ၊
၅။ ဒေါမနဿိန္ဒြေ၊ ၁၂။ အနညာတညဿာမီတိန္ဒြေ၊
၆။ ဥပေက္ခိန္ဒြေ၊ ၁၃။ အညိန္ဒြေ၊
၇။ သဒ္ဓိန္ဒြေ၊ ၁၄။ အညာတာဝိန္ဒြေ။

### ရုပ်နာမ်ရောသော ဣန္ဒြေ(၁)ပါး:

ဇီဝိတိန္ဒြေ ဖြစ်ပါသည်။

### ဝေဒနိန္ဒြေ (၅)ပါး:

သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေတို့ ဖြစ်ပါသည်။

### ပညာတရားကိုယ်ကောက်ရသော ဣန္ဒြေ(၄)ပါး:

ပညိန္ဒြေ၊ အနညာတညဿာမီတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာ–ဝိန္ဒြေတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



**လောကုတ္တရာ ဣန္ဒြေ(၃)ပါး**

အနညာတညဿာမီတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေတို့ ဖြစ်ပါသည်။

**အရိယာပုဂ္ဂိုလ်သန္တာန်၌သာ ရနိုင်သောဣန္ဒြေ(၃)ပါး**

အနညာတညဿာမီတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေတို့ ဖြစ်ပါသည်။

**သေက္ခပုဂ္ဂိုလ်သန္တာန်၌သာ ရနိုင်သောဣန္ဒြေ(၂)ပါး**

အနညာတညဿာမီတိန္ဒြေ၊ အညိန္ဒြေတို့ ဖြစ်ပါသည်။

**အသေက္ခပုဂ္ဂိုလ်သန္တာန်၌သာ ရနိုင်သောဣန္ဒြေ(၁)ပါး**

အညာတာဝိန္ဒြေ ဖြစ်ပါသည်။

**ပုထုဇဉ်သန္တာန်၌ ရနိုင်သောဣန္ဒြေ(၁၉)ပါး**

လောကုတ္တရာဣန္ဒြေ(၃)ပါးကြဉ် ကျန်(၁၉)ပါး ဖြစ်ပါသည်။

**အရိယာသန္တာန်၌ ရနိုင်သော ဣန္ဒြေ**

ဣန္ဒြေ(၂၂)ပါးလုံး ဖြစ်ပါသည်။

**ယောဂျာသန္တာန်၌ ရနိုင်သော ဣန္ဒြေ(၂၁)ပါး**

ဣတ္ထိန္ဒြေကြဉ် ကျန်ဣန္ဒြေ(၂၁)ပါး ဖြစ်ပါသည်။

**မိန်းမသန္တာန်၌ ရနိုင်သော ဣန္ဒြေ(၂၁)ပါး**

ပုရိသိန္ဒြေကြဉ် ကျန်ဣန္ဒြေ(၂၁)ပါး ဖြစ်ပါသည်။

**ပုထုဇဉ်ယောဂျာသန္တာန်၌ ရနိုင်သော ဣန္ဒြေ(၁၈)ပါး**

လောကုတ္တရာဣန္ဒြေ(၃)ပါးနှင့် ဣတ္ထိန္ဒြေကြဉ် ကျန်ဣန္ဒြေ(၁၈)ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



## အရိယာယောကျ်ားသန္ဓာန်၌ ရနိုင်သော ဣန္ဒြေ(၂၁)ပါး

ဣတ္ထိန္ဒြေကြဉ် ကျန်ဣန္ဒြေ(၂၁)ပါး ဖြစ်ပါသည်။

## ပုထုဇဉ်မိန်းမသန္ဓာန်၌ ရနိုင်သောဣန္ဒြေ(၁၈)ပါး

လောကုတ္တရာဣန္ဒြေ(၃)ပါးနှင့် ပုရိသိန္ဒြေကြဉ် ကျန်ဣန္ဒြေ(၁၈)ပါး ဖြစ်ပါသည်။

## အရိယာမိန်းမသန္ဓာန်၌ ရနိုင်သောဣန္ဒြေ(၂၁)ပါး

ပုရိသိန္ဒြေကြဉ် ကျန်ဣန္ဒြေ(၂၁)ပါး ဖြစ်ပါသည်။

## ဣန္ဒြေ(၂၂)ပါးကို ဘုံအားဖြင့် ခွဲပုံ

| ဘုံ | ဣန္ဒြေ |
|---|---|
| ကာမ–၁၁ | ဣန္ဒြေ(၂၂)ပါးလုံး |
| ရူပ–၁၅ | စက္ခု၊ သောတ၊ ဇိဝှိတ၊ မန၊ သောမနဿ၊ ဥပေက္ခာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညိန္ဒြေ(၄)၊ပေါင်း(၁၄) |
| အသညသတ် | ဇီဝိတိန္ဒြေ(၁)ပါး၊ |
| အရူပ–၄ | မန၊ သောမနဿ၊ ဥပေက္ခာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေ၊ ပေါင်း(၁၀) |

## ဗိုလ် (၉)ပါး

ဆန့်ကျင်ဘက်တရားတို့ကြောင့် လှုပ်ရှားမယိုင် မြဲခိုင်သော တရားကို 'ဗိုလ်'ဟု ခေါ်ပါသည်။

ထိုဗိုလ်သည်–

၁။ သဒ္ဓါဗိုလ်၊ ၆။ ဟိရိဗိုလ်၊
၂။ ဝီရိယဗိုလ်၊ ၇။ ဩတ္တပ္ပဗိုလ်၊
၃။ သတိဗိုလ်၊ ၈။ အဟိရိကဗိုလ်၊

http://www.dhammadownload.com



၄။ သမာဓိဗိုလ်၊ ၉။ အနောတ္တပ္ပဗိုလ်အားဖြင့်
၅။ ပညာဗိုလ်၊ (၉)ပါး ရှိပါသည်။

## ဗိုလ်(၉)ပါး တရားကိုယ်ကောက်ပုံ(အကျယ်)

၁။ သောဘနစိတ်(၅၉)ခုဌ်ရှိသော သဒ္ဓါစေတသိက်သည် သဒ္ဓါဗိုလ် မည်၏။
၂။ ဝီရိယယှဉ်ရာစိတ် (၇၃)ခုဌ်ရှိသော ဝီရိယစေတသိက်သည် ဝီရိယဗိုလ် မည်၏။
၃။ သောဘနစိတ်(၅၉)ခုဌ်ရှိသော သတိစေတသိက်သည် သတိဗိုလ် မည်၏။
၄။ ဝိစိကိစ္ဆာသဟဂုတ်–၁၊ ဒွေး–၁၀၊ မနောမာတ်–၃၊ သန္တီရဏ ၃၊ ကြဉ် ကျန်စိတ်(၇၂)ပါးဌ်ရှိသော ဧကဂ္ဂတာစေတသိက်သည် သမာဓိဗိုလ် မည်၏။
၅။ တိဟိတ်စိတ် (၄၇)ပါးဌ်ရှိသော ပညာစေတသိက်သည် ပညာဗိုလ် မည်၏။
၆။ သောဘနစိတ် (၅၉)ခုဌ်ရှိသော ဟိရီစေတသိက်သည် ဟိရီဗိုလ် မည်၏။
၇။ သောဘနစိတ်(၅၉)ခုဌ်ရှိသော ဩတ္တပ္ပစေတသိက်သည် ဩတ္တပ္ပဗိုလ် မည်၏။
၈။ အကုသိုလ်စိတ် (၁၂)ခုဌ်ရှိသော အဟိရိကစေတသိက်သည် အဟိရိကဗိုလ် မည်၏။
၉။ အကုသိုလ်စိတ် (၁၂)ခုဌ်ရှိသော အနောတ္တပ္ပစေတသိက်သည် အနောတ္တပ္ပဗိုလ် မည်၏။

## ဗိုလ်(၉)ပါး တရားကိုယ်ကောက်ပုံ(အကျဉ်း)

၁။ သဒ္ဓါဗိုလ် = သဒ္ဓါစေတသိက်၊

http://www.dhammadownload.com



၂။ ဝီရိယဗိုလ် = ဝီရိယစေတသိက်၊
၃။ သတိဗိုလ် = သတိစေတသိက်၊
၄။ သမာဓိဗိုလ် = ဧကဂ္ဂတာစေတသိက်၊
၅။ ပညာဗိုလ် = ပညာစေတသိက်၊
၆။ ဟိရိဗိုလ် = ဟိရိစေတသိက်၊
၇။ ဩတ္တပ္ပဗိုလ် = ဩတ္တပ္ပစေတသိက်၊
၈။ အဟိရိကဗိုလ် = အဟိရိကစေတသိက်၊
၉။ အနောတ္တပ္ပဗိုလ် = အနောတ္တပ္ပစေတသိက်၊

**အမှာ**– ဗလခမ္မာ နဝေရိတာ–၌ နဝ အရလည်း ဟုတ်၏။

* လူမိုက်များ၏ သန္တာန်၌သာ ဖြစ်လေ့ရှိသော လူမိုက်စွမ်းအား ဗိုလ်နှစ်ပါးကို တိကျစွာ ဖော်ပြပါ။

အဟိရိကဗိုလ်နှင့် အနောတ္တပ္ပဗိုလ်တို့ ဖြစ်ပါသည်။

## အဓိပတိ (၄)ပါး

မိမိနှင့် အတူဖြစ်ဘက် တရားတို့၏ အကြီးအကဲ အရှင်သခင် ဖြစ်သောတရားကို 'အဓိပတိ'ဟု ခေါ်ပါသည်။

ထိုအဓိပတိသည်–

ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိအား ဖြင့် (၄)ပါးရှိပါသည်။

## အဓိပတိ(၄)ပါး တရားကိုယ်ကောက်ပုံ(အကျယ်)

၁။ ဒွိဟိတ်ဧော(၁၈)ခု၊ တိဟိတ်ဧော(၃၄)ခု၌ရှိသော ဆန္ဒစေတ သိက်သည် ဆန္ဒာဓိပတိ မည်၏။

၂။ ဒွိဟိတ်ဧော (၁၈)ခု၊ တိဟိတ်ဧော (၃၄)ခု၌ရှိသော ဝီရိယ စေတသိက်သည် ဝီရိယာဓိပတိ မည်၏။

http://www.dhammadownload.com



၃။ ဒွိဟိတ်ဧော (၁၈)ခု၊ တိဟိတ်ဧော (၃၄)ခုသည် စိတ္တာဓိပတိ မည်၏။

၄။ တိဟိတ်ဧော(၃၄)ခုဌ်ရှိသော ပညာစေတသိက်သည် ဝီမံသာ ဓိပတိ မည်၏။

**အဓိပတိ(၄)ပါး တရားကိုယ်ကောက်ပုံ(အကျဉ်း)**

၁။ ဆန္ဒာဓိပတိ = ဆန္ဒစေတသိက်၊

၂။ ဝီရိယာဓိပတိ= ဝီရိယစေတသိက်၊

၃။ စိတ္တာဓိပတိ = စိတ်၊ (သာဓိပတိဧောစိတ်)

၄။ ဝီမံသာဓိပတိ= ပညာစေတသိက်။

**အမှာ**– စတ္တာရော ဓိပတိ ဝုတ္တာ–ဌ် စတ္တာရောအရဟည်း ဟုတ်၏။

**ဒွိဟိတ်ဧော (၁၈)ပါး**

လောဘမူ = ၈ပါး၊

ဒေါသမူ = ၂ပါး၊

မဟာကုသိုလ်ဉာဏဝိပ္ပယုတ် = ၄ပါး၊

မဟာကြိယာဉာဏဝိပ္ပယုတ် = ၄ပါးတို့ ဖြစ်ပါသည်။

**တိဟိတ်ဧော (၃၄)ပါး**

မဟာကုသိုလ်ဉာဏသမ္မယုတ် = ၄ပါး၊

မဟာကြိယာဉာဏသမ္မယုတ် = ၄ပါး၊

အပ္ပနာဧော = ၂၆ပါးတို့ ဖြစ်ပါသည်။

**အမှာ**– ဒွိဟိတ်ဧော(၁၈)ပါးနှင့် တိဟိတ်ဧော(၃၄)ပါးကို သာဓိပတိ (အဓိပတိထိုက်သော)ဧော=၅၂ပါးဟု ခေါ်သည်။

* ကမ္ဘာဦးက လူသားများကဲ့သို့ ကောင်းကင်ဌ် မပျံသန်းနိုင်ဘဲ

http://www.dhammadownload.com



ယခုခေတ်လူများ အဆင့်နိမ့်ကျသွားရခြင်းအကြောင်းကို အဘိဓမ္မာအမြင်ဖြင့် ရှင်းပြပါ။ **(ပထမကြိမ်းတန်း၊ ၁၃၅၁–ခုနှစ်၊ ဥာဏ်စမ်း)**

ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသတို့ ထက်မြက်မှု လျော့နည်းခြင်း၊ အားနည်းခြင်းတို့ကြောင့် ကမ္ဘာဦးက လူသားများကဲ့သို့ ကောင်းကင်၌ မပျံသန်းနိုင်ဘဲ ယခုခေတ်လူများ အဆင့်နိမ့်ကျသွားရပါသည်။

## အာဟာရ (၄)ပါး

မိမိဆိုင်ရာအကျိုးကို ဆောင်ရွက်နိုင်, ဖြစ်စေနိုင်သောတရားကို 'အာဟာရ'ဟု ခေါ်ပါသည်။

ထိုအာဟာရသည်–

ကဗဠီကာရာဟာရ၊ ဖဿာဟာရ၊ မနောသဉ္စေတနာဟာရ၊ ဝိညာဏာဟာရအားဖြင့် (၄)ပါးရှိပါသည်။

## အာဟာရ(၄)ပါး တရားကိုယ်ကောက်ပုံ(အကျယ်)

၁။ ဩဇာသည် ကဗဠီကာရာဟာရ မည်၏။

၂။ စိတ်(၈၉)ခု၌ရှိသော ဖဿစေတသိက်သည် ဖဿာဟာရ မည်၏။

၃။ စိတ်(၈၉)ခု၌ရှိသော စေတနာစေတသိက်သည် မနောသဉ္စေတနာ-ဟာရ မည်၏။

၄။ စိတ်(၈၉)ခုသည် ဝိညာဏာဟာရ မည်၏။

## အာဟာရ(၄)ပါး တရားကိုယ်ကောက်ပုံ(အကျဉ်း)

၁။ ကဗဠီကာရာဟာရ = ဩဇာ၊

၂။ ဖဿာဟာရ = ဖဿစေတသိက်၊

၃။ မနောသဉ္စေတနာဟာရ = စေတနာစေတသိက်၊

၄။ ဝိညာဏာဟာရ = စိတ်(၈၉)ခု။

http://www.dhammadownload.com



## အာဟာရ(၄)ပါး မိမိဆိုင်ရာ
### အကျိုးဆောင်ပုံ

၁။ ကဗဠီကာရာဟာရသည် ဩဇာနှင့်တကွသော ရုပ်(၈)ပါးကို ဆောင်ပါသည်။

၂။ ဖဿာဟာရသည် 'ဖဿပစ္စယာ ဝေဒနာ'အရ ဝေဒနာဟူသော အကျိုးကို ဆောင်ပါသည်။

၃။ မနောသဉ္စေတနာဟာရသည် 'သင်္ခါရပစ္စယာ ဝိညာဏံ'အရ ပဋိသန္ဓေဝိညာဏ်ဟူသော အကျိုးကို ဆောင်ပါသည်။

၄။ ဝိညာဏာဟာရသည် 'ဝိညာဏပစ္စယာ နာမရူပံ'အရ တကွဖြစ်ဖက် စေတသိက်နာမ်နှင့် ရုပ်တရားတို့ကို ဆောင်ပါသည်။

### အနုညာတညဿာမီတိန္ဒြေ–အရ

သောတာပတ္တိမဂ်ဉာဏ်ကို အနုညာတညဿာမီတိန္ဒြေ–ဟု ခေါ်ပါသည်။

**သာဓက**– ဣန္ဒြိယေသု ပနေတ္ထ (ပ) အနုညာတညဿာမီတိန္ဒြိယံ။

### အညာတာဝိန္ဒြေ–အရ

အရဟတ္တဖိုလ်ဉာဏ်ကို အညာတာဝိန္ဒြေ–ဟု ခေါ်ပါသည်။

**သာဓက**– အရဟတ္တဖလဉာဏံ အညာတာဝိန္ဒြိယံ။

### အညိန္ဒြေ–အရ

အထက်မဂ်(၃)ခု၊ အောက်ဖိုလ်(၃)ခုဟူသော အလယ်ဉာဏ် (၆)ပါးကို အညိန္ဒြေ–ဟု ခေါ်ပါသည်။

**သာဓက**– မဇ္ဈေ ဆ ဉာဏာနိ အညိန္ဒြိယာနိတိ ပဝုစ္စန္တိ။

### ဇီဝိတိန္ဒြေ–အရ

ရုပ်ဇီဝိတ,နာမ်ဇီဝိတအားဖြင့် နှစ်ပါးရပါသည်။

http://www.dhammadownload.com



**သာဓက**– ဇီဝိတိန္ဒြိယဉ္စ ရူပါရူပဝသေန ဒုဝိဓံ ဟောတိ။

**ဈာနင် မထိုက်သောတရား**

ဒွေးပဉ္စဝိညာဏ် (၁၀)ပါး ဖြစ်ပါသည်။

**သာဓက**– ပဉ္စဝိညာဏေသု ဈာနင်္ဂါနိ (န လဗ္ဘန္တိ)။

**ဗိုလ် မထိုက်သောတရား**

ပဉ္စဒွါရာဝဇ္ဇန်း(၁)ပါး၊ ဒွေးပဉ္စဝိညာဏ်(၁၀)ပါး၊ သမ္ပဋိစ္ဆိန်း(၂)ပါး၊ သန္တီရဏ(၃)ပါး၊ ပေါင်း(၁၆)ပါး ဖြစ်ပါသည်။ (ဝီရိယနှင့် မယှဉ်သောစိတ် (၁၆)ပါးပင်တည်း။)

**သာဓက**– အဝီရိယေသု ဗလာနိ (န လဗ္ဘန္တိ)။

**မဂ္ဂင် မထိုက်သောတရား**

အဟိတ်စိတ် (၁၈)ပါး ဖြစ်ပါသည်။

**သာဓက**– အဟေတုကေသု မဂ္ဂင်္ဂါနိ (န လဗ္ဘန္တိ)။

**ဈာနင်မထိုက်သော ဧကဂ္ဂတာ**

ဒွေးပဉ္စဝိညာဏ်တစ်ဆယ်၌ယှဉ်သော ဧကဂ္ဂတာသည် ဈာနင် မထိုက်ပါ။

**သာဓက**– ပဉ္စဝိညာဏေသု ဈာနင်္ဂါနိ (န လဗ္ဘန္တိ)။

**ဈာနင်ထိုက်သော ဧကဂ္ဂတာ**

ဒွေးပဉ္စဂိညာဏ်(၁၀)ပါးကြဉ် ကျန်စိတ်(၇၉)ပါး၌ယှဉ်သော ဧကဂ္ဂတာသည် ဈာနင် ထိုက်ပါသည်။

**သာဓက**– ပဉ္စဝိညာဏေသု ဈာနင်္ဂါနိ (န လဗ္ဘန္တိ)။

**ဈာနင်မထိုက်သော ဥပေက္ခာ**

စက္ခုဝိညာဏ်ဒွေး၊ သောတဝိညာဏ်ဒွေး၊ ဃာနဝိညာဏ်ဒွေး၊

http://www.dhammadownload.com



ဓိဂ္ဂါဝိညာဏ်ဒွေးတို့၌ယှဉ်သော ဝေဒနာစေတသိက်သည် ဈာနင်မထိုက်သော ဥပေက္ခာ ဖြစ်ပါသည်။

**သာဓက**– ပဥ္စဝိညာဏေသု ဈာနင်္ဂါနိ (နှ လဗ္ဘန္တိ)။

## ဈာနင်ထိုက်သော ဥပေက္ခာ

စက္ခုဝိညာဏ်ဒွေး၊ သောတဝိညာဏ်ဒွေး၊ ဃာနဝိညာဏ်ဒွေး၊ ဓိဂ္ဂါဝိညာဏ်ဒွေးကြဉ်သော ဥပေက္ခာသဟဂုတ်စိတ် (၄၇)ပါး၌ယှဉ်သော ဝေဒနာစေတသိက်သည် ဈာနင်ထိုက်သော ဥပေက္ခာ ဖြစ်ပါသည်။

**သာဓက**– ပဥ္စဝိညာဏေသု ဈာနင်္ဂါနိ (နှ လဗ္ဘန္တိ)။

## မဂ္ဂင်,ဣန္ဒြေ,ဗိုလ်အဖြစ်သို့ မရောက်သောဧကဂ္ဂတာ

ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ယှဉ်သော ဧကဂ္ဂတာစေတသိက်သည် မဂ္ဂင်, ဣန္ဒြေ, ဗိုလ်အဖြစ်သို့ မရောက်ပါ။

**သာဓက**– တထာ ဝိစိကိစ္ဆာစိတ္တေ ဧကဂ္ဂတာ (ပ) နှ ဂစ္ဆတိ။

## မဂ္ဂင်,ဣန္ဒြေ,ဗိုလ်အဖြစ်သို့ ရောက်သောဧကဂ္ဂတာ

ဝိစိကိစ္ဆာသဟဂုတ်စိတ်ကြဉ်သော ကျန်(၈၈)ပါးသောစိတ်၌ယှဉ်သော ဧကဂ္ဂတာစေတသိက်သည် မဂ္ဂင်, ဣန္ဒြေ, ဗိုလ်အဖြစ်သို့ ရောက်ပါသည်။

**သာဓက**– တထာ ဝိစိကိစ္ဆာစိတ္တေ ဧကဂ္ဂတာ (ပ) နှ ဂစ္ဆတိ။

## အဓိပတိ တရားကိုယ်ကောက်နည်း

ဒွိဟိတ်ဓော(၁၈)ခု၊ တိဟိတ်ဓော(၃၄)ခုတို့၌သာ ဖြစ်သင့်သည့် အားလျော်စွာ အဓိပတိကို တစ်ပါးတည်းသာ တရားကိုယ် ကောက်ရပါသည်။

http://www.dhammadownload.com



**သာဓက**– ဒွိဟေတုကတိဟေတုက (ပ) ဧကောဝ လဗ္ဘတိ။

## အဓိပတိ ရထိုက်သောစိတ်

ဒွိဟိတ်ဧော (၁၈)ခု၊ တိဟိတ်ဧော (၃၄)ခုတို့၌သာ အဓိပတိ ရထိုက်ပါသည်။

**သာဓက**– ဒွိဟေတုကတိဟေတုက (ပ) ဧကောဝ လဗ္ဘတိ။

## အဓိပတိ မရထိုက်သောစိတ်

အဟိတ်ဧော (ဟသိတုပ္ပါဒ်)၊ ဧကဟိတ်ဧော (မောဟမူဒွေး)၊ ဧောမဟုတ်သော လောကီဝိပါက်စိတ်တို့၌ အဓိပတိ မရထိုက်ပါ။

**သာဓက**– ဒွိဟေတုကတိဟေတုက (ပ) ဧကောဝ လဗ္ဘတိ။

* အဟိတ်ဧောနှင့် ဧကဟိတ်ဧောတို့၌ အဓိပတိ ရနိုင်/မရနိုင် သာဓကဖြင့် ရှင်းပြပါ။

ဒွိဟိတ်ဧော(၁၈)ခု၊ တိဟိတ်ဧော(၃၄)ခုတို့၌သာ အဓိပတိ ရနိုင်သောကြောင့် အဟိတ်ဧောနှင့် ဧကဟိတ်ဧောတို့၌ အဓိပတိ မရနိုင်ပါ။

**သာဓက**– ဒွိဟေတုကတိဟေတုက (ပ) ဧကောဝ လဗ္ဘတိ။

* အဓိပတိတရားများ နှစ်ပါး,သုံးပါး,လေးပါး ပြိုင်တူဖြစ်နိုင်/မဖြစ်နိုင် သာဓကဖြင့် ရှင်းပြပါ။

တစ်ပါးတည်းသာ အဓိပတိ ဖြစ်ထိုက်သောကြောင့် အဓိပတိ တရားများ နှစ်ပါး,သုံးပါး,လေးပါး ပြိုင်တူမဖြစ်နိုင်ပါ။

**သာဓက**– ဒွိဟေတုကတိဟေတုက (ပ) ဧကောဝ လဗ္ဘတိ။

## တထာဟာရာတို့ သတ္တဓာ–၌ 'သတ္တ'အရ

ဟိတ်၊ ဈာနင်၊ မဂ္ဂင်၊ ဣန္ဒြေ၊ ဗိုလ်၊ အဓိပတိ၊ အာဟာရတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## မိဿကသင်္ဂဟ အမည်ရပုံ

ကုသိုလ်, အကုသိုလ်, အဗျာတကအားဖြင့် ရောပြွမ်းသောတရား တို့ကို သိမ်းယူကြောင်း စကားရပ်သည် 'မိဿကသင်္ဂဟ' မည်ပါသည်။

**သာဓက**– ကုသလာဒိသမာကိဏ္ဏော၊ ဝုတ္တော မိဿကသင်္ဂဟော။

## ဌာနဖြင့် ဝေဖန်ပုံ

ပညာ၏ အမည်ထူး(၅)မျိုးမှာ– အမောဟဟိတ်၊ သမ္မာဒိဋ္ဌိ မဂ္ဂင်၊ ပညိန္ဒြေ၊ ပညာဗိုလ်၊ ဝိမံသာဓိပတိတို့ ဖြစ်ပါသည်။

ဝီရိယ၏ အမည်ထူး(၄)မျိုးမှာ– သမ္မာ(မိစ္ဆာ)ဝါယာမမဂ္ဂင်၊ ဝီရိယိန္ဒြေ၊ ဝီရိယဗိုလ်၊ ဝီရိယာဓိပတိတို့ ဖြစ်ပါသည်။

သတိ၏ အမည်ထူး(၃)မျိုးမှာ– သမ္မာသတိမဂ္ဂင်၊ သတိန္ဒြေ၊ သတိဗိုလ်တို့ ဖြစ်ပါသည်။

စိတ်၏ အမည်ထူး(၃)မျိုးမှာ– မနိန္ဒြေ၊ စိတ္တာဓိပတိ၊ ဝိညာ-ဏာဟာရတို့ ဖြစ်ပါသည်။

သဒ္ဓါ၏ အမည်ထူး(၂)မျိုးမှာ– သဒ္ဓိန္ဒြေ၊ သဒ္ဓါဗိုလ်တို့ ဖြစ် ပါသည်။

ဝိတက်၏ အမည်ထူး(၂)မျိုးမှာ– ဝိတက်စျာနင်၊ သမ္မာ(မိစ္ဆာ) သင်္ကပ္ပမဂ္ဂင်တို့ ဖြစ်ပါသည်။

[**ဆောင်**] ပညာ-ငါးမည်၊ လေးမည်-ဝီရိ၊ သ္ဒတိ,စိတ္တ၊ မည်ရသုံးဖြာ၊ သဒ္ဓါ,ဝိတက်၊ နှစ်ချက်မည်ရ၊ ဝိစာရက၊ စသည်ကြွင်းလစ်၊ နှစ်ဆယ့် ရှစ်မှာ၊ တစ်မည်သာတည်း။ (ပရမတ္ထသရူပဘေဒနီ)

## လောကုတ္တရာဂ္ဂန္ဒြေ(၃)ပါးတို့၏ တရားကိုယ်ပြပါဠိ

မိဿကသင်္ဂဟလာ စာပိုဒ်– ၂၂၊ ၂၃၊ ၂၄။

http://www.dhammadownload.com



## ကြန္ဒြေ(၂၂)ပါး တို့၏ တရားကိုယ်ကောက်နည်းပြပါဠိ

မိဿကသင်္ဂဟလာ စာပိုဒ်– ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၇။

မိဿကသင်္ဂဟ ပြီး၏။

❑❑❑❑❑

## ဗောဓိပက္ခိယသင်္ဂဟ

မဂ်ဉာဏ်၏ အသင်းဝင်, မဂ်ဉာဏ်၏ ဘက်တော်သားဖြစ်သော တရားကို 'ဗောဓိပက္ခိယ'ဟု ခေါ်ပါသည်။

## သတိပဋ္ဌာန် ခေါ်ပုံ

မိမိဆိုင်ရာအာရုံ၌ လွန်လွန်ကဲကဲ စွဲမြဲစွာတည်သော သတိအထူးကို 'သတိပဋ္ဌာန်'ဟု ခေါ်ပါသည်။

## သတိပဋ္ဌာန် (၄)ပါး

၁။ ကာယာနုပဿနာသတိပဋ္ဌာန်၊
၂။ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊
၃။ စိတ္တာနုပဿနာသတိပဋ္ဌာန်၊
၄။ ဓမ္မာနုပဿနာသတိပဋ္ဌာန်တို့ ဖြစ်ပါသည်။

## တရားကိုယ် ကောက်ရမည့်စိတ်များ

သတိပဋ္ဌာန်၊ ကြန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်တို့အရ မဟာကုသိုလ်စိတ်(၈)ခု၊ မဟာကြိယာစိတ်(၈)ခု၊ အပွနာဇော(၂၆)ခုတို့၌ယှဉ်သော စေတသိက်များကိုသာ တရားကိုယ် ကောက်ရမည်။

သမ္မပ္ပဓာန်နှင့် ဣဒ္ဓိပါဒ်တို့အရ ကုသိုလ်စိတ်(၂၁)ပါး၌ယှဉ်သော စေတသိက်များနှင့် ကုသိုလ်စိတ်(၂၁)ပါးတို့ကိုသာ တရားကိုယ် ကောက်ရမည်။

http://www.dhammadownload.com



[**ဆောင်**] ၁။ ပဋ္ဌာန်သတိ၊ ကျွန်ုပြင်၊ ဗိုလ်,ဗောဓျင်၊ မဂ္ဂင်တရားကိုယ်။
၂။ ကုသိုလ်မဟာ၊ ကြိယာနှင့်၊ အပွနာဇဝန၊ ယှဉ်သမျှ၊
ကောက်ပြကြစေလို။
၃။ ပဓာန်,သမ္မပ်၊ ကျွဒ္ဓိပါဒ်တို့၊ ကောက်အပ်လေရာ၊
ကုသိုလ်သာ၊ မှတ်ပါကျမ်းအဆို။ (အခြေပြု-၄၄၄)

## သတိပဋ္ဌာန်(၄)ပါး တရားကိုယ်ကောက်ပုံ

မဟာကုသိုလ်စိတ်(၈)ပါး၊ မဟာကြိယာစိတ်(၈)ပါး၊ အပွနာဇော(၂၆)ပါးဥ်ရှိသော သတိစေတသိက်သည် သတိပဋ္ဌာန် မည်ပါသည်။

## သမ္မပ္ပဓာန် ခေါ်ပုံ

ကောင်းစွာအားထုတ်မှု ဝီရိယကို 'သမ္မပ္ပဓာန်'ဟု ခေါ်ပါသည်။

## သမ္မပ္ပဓာန် (၄)ပါး
## (ကောင်းစွာအားထုတ်ရမည့် နည်းလမ်းလေးသွယ်)

၁။ ဖြစ်ကုန်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါအားထုတ်ခြင်း။
၂။ မဖြစ်ကုန်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှါ
အားထုတ်ခြင်း။
၃။ မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှါ
အားထုတ်ခြင်း။
၄။ ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို တိုးပွားအောင်အားထုတ်ခြင်း။

## သမ္မပ္ပဓာန်(၄)ပါး တရားကိုယ်ကောက်ပုံ

ကုသိုလ်စိတ်(၂၁)ပါးဥ်ရှိသော ဝီရိယစေတသိက်သည် သမ္မပ္ပဓာန် မည်ပါသည်။

**အမှာ**– ဤသမ္မပ္ပဓာန် ကိစ္စလေးပါးသည် ရဟန္တာများနှင့်

http://www.dhammadownload.com



မသက်ဆိုင်သောကြောင့် ရဟန္တာများ၏ သန္တာန်၌ဖြစ်သော ကြိယာစိတ်နှင့် ဖိုလ်စိတ်၌ရှိသော ဝိရိယကို မကောက်ရပါ။

## ဣဒ္ဓိပါဒ် ခေါ်ပုံ

ဈာန်, မဂ်, ဖိုလ်ဟူသော အကျိုးပြီးရန် အခြေခံအကြောင်းကို 'ဣဒ္ဓိပါဒ်'ဟု ခေါ်ပါသည်။

## ဣဒ္ဓိပါဒ် (၄)ပါး

၁။ ဆန္ဒိဒ္ဓိပါဒ်၊ ၂။ စိတ္တိဒ္ဓိပါဒ်၊
၃။ ဝီရိယိဒ္ဓိပါဒ်၊ ၄။ ဝီမံသိဒ္ဓိပါဒ်တို့ ဖြစ်ပါသည်။

## ဣဒ္ဓိပါဒ်(၄)ပါး တရားကိုယ်ကောက်ပုံ(အကျယ်)

၁။ ကုသိုလ်စိတ်(၂၁)ပါး၌ရှိသော ဆန္ဒစေတသိက်သည် ဆန္ဒိဒ္ဓိပါဒ် မည်၏။
၂။ ကုသိုလ်စိတ်(၂၁)ပါး၌ရှိသော ဝီရိယစေတသိက်သည် ဝီရိယိဒ္ဓိပါဒ် မည်၏။
၃။ ကုသိုလ်စိတ်(၂၁)ပါးသည် စိတ္တိဒ္ဓိပါဒ် မည်၏။
၄။ တိဟိတ်ကုသိုလ်စိတ်(၁၇)ပါး၌ရှိသော ပညာစေတသိက်သည် ဝီမံသိဒ္ဓိပါဒ် မည်၏။

## ဣဒ္ဓိပါဒ်(၄)ပါး တရားကိုယ်ကောက်ပုံ (အကျဉ်း)

၁။ ဆန္ဒိဒ္ဓိပါဒ် = ဆန္ဒစေတသိက်၊
၂။ ဝီရိယိဒ္ဓိပါဒ် = ဝီရိယစေတသိက်၊
၃။ စိတ္တိဒ္ဓိပါဒ် = စိတ်၊
၄။ ဝီမံသိဒ္ဓိပါဒ် = ပညာစေတသိက်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## ကုန္ဒြေ (၅)ပါး

၁။ သဒ္ဓိန္ဒြေ၊
၂။ ဝီရိယိန္ဒြေ၊
၃။ သတိန္ဒြေ၊
၄။ သမာဓိန္ဒြေ၊
၅။ ပညိန္ဒြေတို့ ဖြစ်ပါသည်။

## ကုန္ဒြေ(၅)ပါး တရားကိုယ်ကောက်ပုံ(အကျယ်)

၁။ မဟာကုသိုလ် စိတ်(၈)ပါး၊ မဟာကြိယာစိတ်(၈)ပါး၊ အပွနာဇော(၂၆)ပါး၌ရှိသော သဒ္ဓါစေတသိက်သည် သဒ္ဓိန္ဒြေ မည်၏။

၂။ မဟာကုသိုလ်စိတ်(၈)ပါး၊ မဟာကြိယာစိတ်(၈)ပါး၊အပွနာဇော(၂၆)ပါး၌ရှိသော ဝီရိယစေတသိက်သည် ဝီရိယိန္ဒြေမည်၏။

၃။ မဟာကုသိုလ်စိတ်(၈)ပါး၊ မဟာကြိယာစိတ်(၈)ပါး၊အပွနာဇော(၂၆)ပါး၌ရှိသော သတိစေတသိက်သည် သတိန္ဒြေ မည်၏။

၄။ မဟာကုသိုလ်စိတ်(၈)ပါး၊ မဟာကြိယာစိတ်(၈)ပါး၊ အပွနာဇော(၂၆)ပါး၌ရှိသော ဧကဂ္ဂတာစေတသိက်သည် သမာဓိန္ဒြေ မည်၏။

၅။ မဟာကုသိုလ်ဉာဏသမ္မယုတ်စိတ်(၄)ပါး၊ မဟာကြိယာဉာဏသမ္မယုတ်စိတ်(၄)ပါး၊ အပွနာဇော(၂၆)ပါး၌ရှိသော ပညာစေတသိက်သည် ပညိန္ဒြေ မည်၏။

## ကုန္ဒြေ(၅)ပါး တရားကိုယ်ကောက်ပုံ(အကျဉ်း)

၁။ သဒ္ဓိန္ဒြေ = သဒ္ဓါစေတသိက်၊
၂။ ဝီရိယိန္ဒြေ = ဝီရိယစေတသိက်၊
၃။ သတိန္ဒြေ = သတိစေတသိက်၊
၄။ သမာဓိန္ဒြေ = ဧကဂ္ဂတာစေတသိက်၊
၅။ ပညိန္ဒြေ = ပညာစေတသိက်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## ဗိုလ် (၅)ပါး

၁။ သဒ္ဓါဗိုလ်၊ ၄။ သမာဓိဗိုလ်၊
၂။ ဝီရိယဗိုလ်၊ ၅။ ပညာဗိုလ်တို့
၃။ သတိဗိုလ်၊ ဖြစ်ပါသည်။

**အမှာ**– ဗိုလ်(၅)ပါး တရားကိုယ်ကောက်ပုံသည် ဣန္ဒြေ(၅)ပါး တရားကိုယ်ကောက်ပုံနှင့် အားလုံးတူ၏။

## ဗောဇ္ဈင် ခေါ်ပုံ

သစ္စာလေးပါးကိုသိကြောင်း ဗောဓိမည်သော တရားအပေါင်း၏ အစိတ်အပိုင်းကို 'ဗောဇ္ဈင်'ဟု ခေါ်ပါသည်။

## ဗောဇ္ဈင် (၇)ပါး

၁။ သတိသမ္ဗောဇ္ဈင်၊ ၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊
၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ၆။ သမာဓိသမ္ဗောဇ္ဈင်၊
၃။ ဝီရိယသမ္ဗောဇ္ဈင်၊ ၇။ ဥပေက္ခာသမ္ဗောဇ္ဈင်တို့
၄။ ပီတိသမ္ဗောဇ္ဈင်၊ ဖြစ်ပါသည်။

## ဗောဇ္ဈင်(၇)ပါး တရားကိုယ်ကောက်ပုံ(အကျယ်)

၁။ မဟာကုသိုလ်စိတ်(၈)ပါး၊ မဟာကြိယာစိတ်(၈)ပါး၊ အပွနာဇော(၂၆)ပါး၌ရှိသော သတိစေတသိက်သည် သတိသမ္ဗောဇ္ဈင် မည်၏။

၂။ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်(၄)ပါး၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် (၄)ပါး၌ရှိသော ပညာစေတသိက်သည် ဓမ္မဝိစယသမ္ဗောဇ္ဈင် မည်၏။

၃။ မဟာကုသိုလ်စိတ်(၈)ပါး၊ မဟာကြိယာစိတ်(၈)ပါး၊ အပွနာဇော(၂၆)ပါး၌ရှိသော ဝီရိယစေတသိက်သည် ဝီရိယသမ္ဗောဇ္ဈင် မည်၏။

http://www.dhammadownload.com



၄။ မဟာကုသိုလ် သောမနဿ(၄)ပါး၊ မဟာကြိယာသောမနဿ (၄)ပါး၊ ပထမစျာန်ဧော(၁၀)ပါး၊ ဒုတိယစျာန်ဧော(၁၀)ပါး၊ တတိယစျာန်ဧော (၁၀)ပါး၊ ပေါင်း(၃၈)ပါး၌ရှိသော ပီတိစေတသိက်သည် ပီတိသမ္မောဈင် မည်၏။

၅။ မဟာကုသိုလ်စိတ်(၈)ပါး၊ မဟာကြိယာစိတ်(၈)ပါး၊ အပ္ပနာဧော(၂၆)ပါး၌ရှိသော ကာယပဿဒ္ဓိ,စိတ္တပဿဒ္ဓိ စေတသိက်သည် ပဿဒ္ဓိသမ္မောဈင် မည်၏။

၆။ မဟာကုသိုလ်စိတ်(၈)ပါး၊ မဟာကြိယာစိတ်(၈)ပါး၊ အပ္ပနာဧော (၂၆)ပါး၌ရှိသော ကေဂ္ဂတာစေတသိက်သည် သမာဓိသမ္မောဈင် မည်၏။

၇။ မဟာကုသိုလ်စိတ်(၈)ပါး၊ မဟာကြိယာစိတ်(၈)ပါး၊ အပ္ပနာဧော (၂၆)ပါး၌ရှိသော တတြမဇ္ဈတ္တတာ စေတသိက်သည် ဥပေက္ခာသမ္မောဈင် မည်၏။

## ဗောဈင်(၇)ပါး တရားကိုယ်ကောက်ပုံ(အကျဉ်း)

၁။ သတိသမ္မောဈင် = သတိစေတသိက်၊
၂။ ဓမ္မဝိစယသမ္မောဈင် = ပညာစေတသိက်၊
၃။ ဝီရိယသမ္မောဈင် = ဝီရိယစေတသိက်၊
၄။ ပီတိသမ္မောဈင် = ပီတိစေတသိက်၊
၅။ ပဿဒ္ဓိသမ္မောဈင် = ကာယပဿဒ္ဓိ,စိတ္တပဿဒ္ဓိစေတသိက်၊
၆။ သမာဓိသမ္မောဈင် = ကေဂ္ဂတာစေတသိက်၊
၇။ ဥပေက္ခာသမ္မောဈင် = တတြမဇ္ဈတ္တတာစေတသိက်။

## မဂ္ဂင် (၈)ပါး

၁။ သမ္မာဒိဋ္ဌိ၊ ၂။ သမ္မာအာဇီဝ၊

http://www.dhammadownload.com



၂။ သမ္မာသင်္ကပ္ပ၊ ၆။ သမ္မာဝါယာမ၊
၃။ သမ္မာဝါစာ၊ ၇။ သမ္မာသတိ၊
၄။ သမ္မာကမ္မန္တ၊ ၈။ သမ္မာသမာဓိတို့ ဖြစ်ပါသည်။

## မဂ္ဂင်(၈)ပါးနှင့် သီကွာသုံးပါး တွဲစပ်ပုံ

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပတို့သည် ပညာမဂ္ဂင် မည်၏။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတို့သည် သီလမဂ္ဂင် မည်၏။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိတို့သည် သမာဓိမဂ္ဂင် မည်၏။

**[ဆောင်]** ဒိဋ္ဌိ, သင်္ကပ်၊ နှစ်ရပ် ပညာ
ဝိရတီသုံး၊ ခေါ်ထုံး သီလာ
ဝါယာမ,သတိ၊ သမာဓိ ခေါ်တာ
မဂ္ဂင်၅စ်၊ ခွဲလစ် ဤသုံးဖြာ။ (အရှင်နန္ဒာသီရိ)

## မဂ္ဂင်(၈)ပါး တရားကိုယ်ကောက်ပုံ (အကျယ်)

၁။ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်(၄)ပါး၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ်(၄)ပါး၊ အပ္ပနာဇော(၂၆)ပါးတို့၌ရှိသော ပညာစေတသိက်သည် သမ္မာဒိဋ္ဌိမဂ္ဂင် မည်၏။

၂။ မဟာကုသိုလ်စိတ်(၈)ပါး၊ မဟာကြိယာစိတ်(၈)ပါး၊ ပထမစျာန်ဇော(၁၀)ပါးတို့၌ရှိသော ဝိတက်စေတသိက်သည် သမ္မာသင်္ကပ္ပမဂ္ဂင် မည်၏။

၃။ မဟာကုသိုလ်စိတ် (၈)ပါး၊ လောကုတ္တရာစိတ် (၈)ပါးတို့၌ရှိသော သမ္မာဝါစာစေတသိက်သည် သမ္မာဝါစာမဂ္ဂင် မည်၏။

၄။ မဟာကုသိုလ်စိတ်(၈)ပါး၊ လောကုတ္တရာစိတ် (၈)ပါးတို့၌ရှိသော သမ္မာကမ္မန္တ စေတသိက်သည် သမ္မာကမ္မန္တ မဂ္ဂင်မည်၏။

http://www.dhammadownload.com



၅။ မဟာကုသိုလ်စိတ်(၈)ပါး၊ လောကုတ္တရာစိတ် (၈)ပါးတို့၌ရှိသော သမ္မာအာဇီဝစေတသိက်သည် သမ္မာအာဇီဝမဂ္ဂင်မည်၏။

၆။ မဟာကုသိုလ်စိတ်(၈)ပါး၊ မဟာကြိယာစိတ်(၈)ပါး၊အပွနာဓော(၂၆)ပါး၌ရှိသော ဝီရိယစေတသိက်သည် သမ္မာဝါယာမမဂ္ဂင်မည်၏။

၇။ မဟာကုသိုလ်စိတ်(၈)ပါး၊ မဟာကြိယာစိတ်(၈)ပါး၊ အပွနာဓော(၂၆)ပါး၌ရှိသော သတိစေတသိက်သည် သမ္မာသတိမဂ္ဂင်မည်၏။

၈။ မဟာကုသိုလ်စိတ်(၈)ပါး၊ မဟာကြိယာစိတ်(၈)ပါး၊အပွနာဓော(၂၆)ပါး၌ရှိသော ဧကဂ္ဂတာစေတသိက်သည် သမ္မာသမာဓိမဂ္ဂင် မည်၏။

**မဂ္ဂင်(၈)ပါး တရားကိုယ်ကောက်ပုံ(အကျဉ်း)**

၁။ သမ္မာဒိဋ္ဌိမဂ္ဂင် = ပညာစေတသိက်၊
၂။ သမ္မာသင်္ကပ္ပမဂ္ဂင် = ဝိတက်စေတသိက်၊
၃။ သမ္မာဝါစာမဂ္ဂင် = သမ္မာဝါစာစေတသိက်၊
၄။ သမ္မာကမ္မန္တမဂ္ဂင် = သမ္မာကမ္မန္တစေတသိက်၊
၅။ သမ္မာအာဇီဝမဂ္ဂင် = သမ္မာအာဇီဝစေတသိက်၊
၆။ သမ္မာဝါယာမမဂ္ဂင် = ဝီရိယစေတသိက်၊
၇။ သမ္မာသတိမဂ္ဂင် = သတိစေတသိက်၊
၈။ သမ္မာသမာဓိမဂ္ဂင် = ဧကဂ္ဂတာစေတသိက်။

**ဟောဓိပက္ခိယတရား (၃၇)ပါး**

သတိပဋ္ဌာန် = ၄ပါး၊
သမ္မပ္ပဓာန် = ၄ပါး၊

http://www.dhammadownload.com



ကြဒ္ဒိပါဒ် = ၄ပါး၊
ကြန္ဒြေ = ၅ပါး၊
ဗိုလ် = ၅ပါး၊
ဗောဇ္ဈင် = ၇ပါး၊
မဂ္ဂင် = ၈ပါးတို့ ဖြစ်ပါသည်။

## သတိပဋ္ဌာန်(၄)ပါး၏ တရားကိုယ်

သတိပဋ္ဌာန်လေးပါးလုံး၏ တရားကိုယ်မှာ သမ္မာသတိခေါ် သတိစေတသိက်တစ်ပါးသာ ဖြစ်ပါသည်။

**သာဓက**– ဧတ္ထ ပန စတ္တာရော သတိပဋ္ဌာနာတိ သမ္မာသတိ ဧကောဝ ပဝုစ္စတိ။

## သမ္မပ္ပဓာန်(၄)ပါး၏ တရားကိုယ်

သမ္မပ္ပဓာန်လေးပါးလုံး၏ တရားကိုယ်မှာ သမ္မာဝါယာမခေါ် ဝီရိယစေတသိက်တစ်ပါးသာ ဖြစ်ပါသည်။

**သာဓက**– တတ္ထ စတ္တာရော သမ္မပ္ပဓာနာတိ စ သမ္မာဝါယာမော။

## စုဒ္ဒသေတေ သဘာဝတော–ဌ် စုဒ္ဒသအရ
## (ဗောဓိပက္ခိယတရား(၃၇)ပါးတို့၏ တရားကိုယ်)

၁။ ဆန္ဒ၊ ၈။ ဝိတက်၊
၂။ စိတ်၊ ၉။ ဝီရိယ၊
၃။ တတြမဇ္ဈတ္တတာ၊ ၁၀။ သမ္မာဝါစာ၊
၄။ သဒ္ဓါ၊ ၁၁။ သမ္မာကမ္မန္တ၊
၅။ ပဿဒ္ဓိ၊ ၁၂။ သမ္မာအာဇီဝ၊
၆။ ဝီတိ၊ ၁၃။ သတိ၊
၇။ ပညာ၊ ၁၄။ ဧကဂ္ဂတာတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



**သတ္တတိ်သပွဟေဒေန–၌ သတ္တတိ်သအရ**

သတိပဋ္ဌာန် = ၄ပါး၊
သမ္မပ္ပဓာန် = ၄ပါး၊
ဣဒ္ဓိပါဒ် = ၄ပါး၊
ဣန္ဒြေ = ၅ပါး၊
ဗိုလ် = ၅ပါး၊
ဈာန်ငါး = ၇ပါး၊
မဂ္ဂင် = ၈ပါးတို့ ဖြစ်ပါသည်။

**အမှာ**– ဟောဓိပက္ခိယ တရားတို့ကို နာမည်အပြားအားဖြင့် ရေတွက်ပုံမှာလည်း အထက်ပါအတိုင်းပင် ဖြစ်ပါသည်။

**သတ္တဓာ သတ္တသင်္ဂဟော–၌ သတ္တဓာအရ**

၁။ သတိပဋ္ဌာနသင်္ဂဟ၊ ၅။ ဗလသင်္ဂဟ၊
၂။ သမ္မပ္ပဓာနသင်္ဂဟ၊ ၆။ ဈာန်သင်္ဂဟ၊
၃။ ဣဒ္ဓိပါဒသင်္ဂဟ၊ ၇။ မဂ္ဂင်္သင်္ဂဟတို့
၄။ ဣန္ဒြိယသင်္ဂဟ၊ ဖြစ်ပါသည်။

**အမှာ**– ဟောဓိပက္ခိယ တရားတို့ကို သင်္ဂဟအပြားအားဖြင့် ရေတွက်ပုံမှာလည်း အထက်ပါအတိုင်းပင် ဖြစ်ပါသည်။

**(၁)ဌာန၌ဖြစ်သော ဟောဓိပက္ခိယတရားများကို ဆိုင်ရာဌာနနှင့် တွဲစပ်ပုံ**

၁။ ဝိတက် = သမ္မာသင်္ကပ္ပမဂ္ဂင်၊
၂။ ပဿဒ္ဓိ = ပဿဒ္ဓိသမ္ဗောဇ္ဈင်၊
၃။ ဝီတိ = ဝီတိသမ္ဗောဇ္ဈင်၊
၄။ တတြမဇ္ဈတ္တတာ = ဥပေက္ခာသမ္ဗောဇ္ဈင်၊

http://www.dhammadownload.com



၅။ ဆန္ဒ = ဆန္ဒိဒ္ဓိပါဒ်၊
၆။ စိတ္တ = စိတ္တိဒ္ဓိပါဒ်၊
၇။ သမ္မာဝါစာ = သမ္မာဝါစာမဂ္ဂင်၊
၈။ သမ္မာသင်္ကပ္ပ = သမ္မာသင်္ကပ္ပမဂ္ဂင်၊
၉။ သမ္မာအာဇီဝ = သမ္မာအာဇီဝမဂ္ဂင်။

အမှာ– နဝေကဌာနာ–၌ နဝအရမ္မာလည်း ဝိတက်၊ ပဿဒ္ဓိ စသော (၉)ပါးပင်တည်း။

## ဝီရိယ၏ဖြစ်ရာ (၉)ဌာန
## (ဝီရိယ နဝ–၌ နဝအရ)

သမ္မပ္ပဓာန် = ၄ဌာန
ဝီရိယိဒ္ဓိပါဒ် = ၁ဌာန၊
ဝီရိယိန္ဒြေ = ၁ဌာန၊
ဝီရိယဗိုလ် = ၁ဌာန၊
ဝီရိယသမ္ဗောဇ္ဈင် = ၁ဌာန၊
သမ္မာဝါယာမမဂ္ဂင် = ၁ဌာနတို့ ဖြစ်ပါသည်။

## သတိ၏ဖြစ်ရာ (၈)ဌာန
## (အဋ္ဌ သတိ–၌ အဋ္ဌအရ)

သတိပဋ္ဌာန် = ၄ဌာန၊
သတိန္ဒြေ = ၁ဌာန၊
သတိဗိုလ် = ၁ဌာန၊
သတိသမ္ဗောဇ္ဈင် = ၁ဌာန၊
သမ္မာသတိမဂ္ဂင် = ၁ဌာနတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



### သမာဓိ(စကဂ္ဂတာ)၏ဖြစ်ရာ (၄)ဌာန
### (သမာဓိ စတု-၌ စတုအရ)

သမာဓိန္ဒြေ = ၁ဌာန၊
သမာဓိဗိုလ် = ၁ဌာန၊
သမာဓိသမ္မောဇ္ဈင် = ၁ဌာန၊
သမ္မာသမာဓိမဂ္ဂင် = ၁ဌာနတို့ ဖြစ်ပါသည်။

### ပညာ၏ဖြစ်ရာ (၅)ဌာန
### (ပဉ္စ ပညာ-၌ ပဉ္စအရ)

ဝီမံသိဒ္ဓိပါဒ် = ၁ဌာန၊
ပညိန္ဒြေ = ၁ဌာန၊
ပညာဗိုလ် = ၁ဌာန၊
ဓမ္မဝိစယသမ္မောဇ္ဈင် = ၁ဌာန၊
သမ္မာဒိဋ္ဌိမဂ္ဂင် = ၁ဌာနတို့ ဖြစ်ပါသည်။

### သဒ္ဓါ၏ဖြစ်ရာ (၂)ဌာန
### (သဒ္ဓါ ဒုဌာနာ-၌ ဒုဌာနာအရ)

သဒ္ဓိန္ဒြေ = ၁ဌာန၊
သဒ္ဓါဗိုလ် = ၁ဌာနတို့ ဖြစ်ပါသည်။

* လောကုတ္တရာစိတ်၌ ဇောဓိပက္ခိယတရားများ ရရှိနိုင်ပုံကို သာဓကဖြင့် ပေါ်လွင်အောင် ရေးသားပါ။

လောကုတ္တရာ ပဌမစျာန်စိတ်၌ ဇောဓိပက္ခိယတရားအားလုံး ရနိုင်ပါသည်။ လောကုတ္တရာ ဒုတိယစျာန်စိတ်နှင့် တတိယစျာန်စိတ်၌ သင်္ကပ္ပ(ဝိတက်)မှတစ်ပါးသော ဇောဓိပက္ခိယတရားများ ရနိုင်ပါသည်။ လောကုတ္တရာစတုတ္ထစျာန်, ပဉ္စမစျာန်တို့၌ သင်္ကပ္ပ

http://www.dhammadownload.com



(ဝိတက်)နှင့် ပီတိမှတစ်ပါးသော ဗောဓိပက္ခိယတရားများ ရနိုင်ပါသည်။

**သာဓက**– သဗ္ဗေ လောကုတ္တရေ ဟောန္တိ၊ (ပ) နဝါ သက်ပွဝိတိယော။

* လောကီစိတ်တို့၌ ဗောဓိပက္ခိယတရားများ တရားကိုယ်ကောက်ထိုက်/မကောက်ထိုက် သာဓကဖြင့် ရှင်းပြပါ။

သီလဝိသုဒ္ဓိစသော လောကီဝိသုဒ္ဓိ(၆)ပါးတို့ ဖြစ်ရာအခါဝယ် လောကီကုသိုလ်, ကြိယာစိတ်တို့၌ ဗောဓိပက္ခိယတရားများ တရားကိုယ် ကောက်ထိုက်ပါသည်။ (လောကီဝိပါက်စိတ်တို့၌ တရားကိုယ် မကောက်ရ။)

**သာဓက**– လောကိယေပိ ယထာယောဂံ၊ ဆဇ္ဈသုဒ္ဓိပဝတ္တိယံ။

* 'လောကိယေပိ ယထာယောဂံ၊ ဆဇ္ဈသုဒ္ဓိပဝတ္တိယံ'၌ လောကိယအရ ဖြစ်သင့်သောစိတ်ကို တိကျစွာကောက်ပြပါ။

မဟာကုသိုလ်စိတ်နှင့် မဟာကြိယာစိတ်တို့ ဖြစ်ပါသည်။ (အကုသိုလ်စိတ်နှင့် ဝိပါက်စိတ်များ မပါပါ။)

**ကောင်းစွာအားထုတ်ရမည့် နည်းလမ်းလေးသွယ်ပြပါဦး**

စတ္တာရော သမ္မပ္ပဓာနာ (ပ) ဘိယျောဘာဝါယ ဝါယောမော။

**ဗောဓိပက္ခိယသင်္ဂဟ၌ တရားကိုယ်ကောက်ရန်အတွက် အမှာစကားရပ်များပြပါဦး**

ဗောဓိပက္ခိယသင်္ဂဟလာ စာပိုဒ်–၃၇၊၃၈၊၃၉၊၄၀၊၄၁။

**ဗောဓိပက္ခိယတရားတို့၏ တရားကိုယ်အပြား နာမည်အပြား,သင်္ဂဟအပြားများပြပါဦး**

ဆန္ဒော စိတ္တမုပေက္ခာ စ၊ (ပ) သတ္တဓာ သတ္တသင်္ဂဟော။

http://www.dhammadownload.com



**ဗောဓိပက္ခိယတရားများကို ဌာနဖြင့် ဝေဖန်ပုံပြဂါထာ**

သက်ပွပသဒ္ဓါ စ ပီတုပေက္ခာ၊ (ပ) ဓမ္မာနမေသော ပဝရော ဝိဘာဂေါ။

**ဗောဓိပက္ခိယတရားများ၏ ရထိုက်ရာစိတ်ပြပါဠိ**

သဗ္ဗေ လောကုတ္တရေ ဟောန္တိ၊ (ပ) ဆဗ္ဗိသုဒ္ဓိ ပဝတ္တိယံ။

ဗောဓိပက္ခိယသင်္ဂဟ ပြီး၏။

❑❑❑❑❑

**သဗ္ဗသင်္ဂဟ**

စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန် အားလုံးကို သိမ်းကျုံးရေတွက်ရာ အခန်းကို 'သဗ္ဗသင်္ဂဟ'ဟု ခေါ်ပါသည်။

**ခန္ဓာ ခေါ်ပုံ**

အတိတ်,အနာဂတ်,ပစ္စုပ္ပန်စသောအားဖြင့် ပေါင်းစုအပ်သော ရုပ်စသည်ကို 'ခန္ဓာ'ဟု ခေါ်ပါသည်။

**ခန္ဓာ (၅)ပါး**

၁။ ရူပက္ခန္ဓာ၊
၂။ ဝေဒနာက္ခန္ဓာ၊
၃။ သညာက္ခန္ဓာ၊
၄။ သင်္ခါရက္ခန္ဓာ၊
၅။ ဝိညာဏက္ခန္ဓာတို့ ဖြစ်ပါသည်။

**ဥပါဒါနက္ခန္ဓာ ခေါ်ပုံ**

ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာကို 'ဥပါဒါနက္ခန္ဓာ'ဟု ခေါ်ပါသည်။

http://www.dhammadownload.com



### ဥပါဒါနက္ခန္ဓာ (၅)ပါး

၁။ ရူပုပါဒါနက္ခန္ဓာ၊
၂။ ဝေဒနုပါဒါနက္ခန္ဓာ၊
၃။ သညုပါဒါနက္ခန္ဓာ၊
၄။ သင်္ခါရုပါဒါနက္ခန္ဓာ၊
၅။ ဝိညာဏုပါဒါနက္ခန္ဓာတို့ ဖြစ်ပါသည်။

### ခန္ဓာ(၅)ပါးနှင့် ဥပါဒါနက္ခန္ဓာ(၅)ပါး နှစ်မျိုးခွဲ ဟောရခြင်း အကြောင်း

လောကီ, လောကုတ္တရာတရား အားလုံးကို ခန္ဓာဖွဲ့ပြခြင်းငှါ ခန္ဓာ(၅)ပါးကို ဟောတော်မူပါသည်။

ဝိပဿနာရှုဖို့ရန်အတွက် လောကီတရားသက်သက်ကို ခန္ဓာဖွဲ့ပြခြင်းငှါ ဥပါဒါနက္ခန္ဓာ(၅)ပါးကို ဟောတော်မူပါသည်။

### ဝိညာဏက္ခန္ဓာနှင့် ဝိညာဏုပါဒါနက္ခန္ဓာ အထူး

လောကီ, လောကုတ္တရာ စိတ်အားလုံးသည် ဝိညာဏက္ခန္ဓာ မည်ပါသည်။

ဘုံသုံးပါး၌ဖြစ်သော လောကီစိတ်သက်သက်သည် ဝိညာဏု-ပါဒါနက္ခန္ဓာ မည်ပါသည်။ ဤသို့ ထူးပါသည်။

### အာယတန ခေါ်ပုံ

စိတ်,စေတသိက်တို့၏ ဖြစ်ကြောင်းတရားကို 'အာယတန'ဟု ခေါ်ပါသည်။

### အာယတန (၁၂)ပါး

၁။ စက္ခာယတန၊
၂။ သောတာယတန၊
၃။ ဃာနာယတန၊
၄။ ဇိဝှာယတန၊
၅။ ကာယာယတန၊
၆။ ရူပါယတန၊
၇။ သဒ္ဒါယတန၊
၈။ ဂန္ဓာယတန၊

http://www.dhammadownload.com



၄။ ဇိဂှါယတန၊ ၁၀။ ရသာယတန၊
၅။ ကာယာယတန၊ ၁၁။ ဖောဋ္ဌဗ္ဗာယတန၊
၆။ မနာယတန၊ ၁၂။ ဓမ္မာယတနတို့ ဖြစ်ပါသည်။

## ဓာတ် ခေါ်ပုံ

မိမိသဘောကို ဆောင်တတ်, မိမိသဘော လက္ခဏာအတိုင်း ထင်ရှားစွာ ဖြစ်တတ်သောတရားကို 'ဓာတ်'ဟု ခေါ်ပါသည်။

## ဓာတ် (၁၈)ပါး

၁။ စက္ခုဓာတ်၊ ၁၀။ ဖောဋ္ဌဗ္ဗဓာတ်၊
၂။ သောတဓာတ်၊ ၁၁။ စက္ခုဝိညာဏဓာတ်၊
၃။ ဃာနဓာတ်၊ ၁၂။ သောတဝိညာဏဓာတ်၊
၄။ ဇိဂှါဓာတ်၊ ၁၃။ ဃာနဝိညာဏဓာတ်၊
၅။ ကာယဓာတ်၊ ၁၄။ ဇိဂှါဝိညာဏဓာတ်၊
၆။ ရူပဓာတ်၊ ၁၅။ ကာယဝိညာဏဓာတ်၊
၇။ သဒ္ဒဓာတ်၊ ၁၆။ မနောဓာတ်၊
၈။ ဂန္ဓဓာတ်၊ ၁၇။ မနောဝိညာဏဓာတ်၊
၉။ ရသဓာတ်၊ ၁၈။ ဓမ္မဓာတ်တို့ ဖြစ်ပါသည်။

## အရိယသစ္စာ ခေါ်ပုံ

အရိယာအဖြစ်ကို ပြုတတ်, အရိယာပုဂ္ဂိုလ်တို့သည် ထိုးထွင်း၍ သိအပ်သော မှန်ကန်သော သဘောတရားကို 'အရိယသစ္စာ'ဟု ခေါ်ပါသည်။

## (အရိယ)သစ္စာ (၄)ပါး

၁။ ဒုက္ခသစ္စာ၊ ၃။ နိရောဓသစ္စာ၊
၂။ သမုဒယသစ္စာ၊ ၄။ မဂ္ဂသစ္စာတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## ခန္ဓာ ဖွဲ့ပုံ

ပရမတ္ထတရား လေးပါးတို့တွင်–

၁။ ရုပ်(၂၈)ပါးလုံးကို ရူပက္ခန္ဓာ ဖွဲ့ပါ။

၂။ ဝေဒနာစေတသိက်ကို ဝေဒနာက္ခန္ဓာ ဖွဲ့ပါ။

၃။ သညာစေတသိက်ကို သညာက္ခန္ဓာ ဖွဲ့ပါ။

၄။ ကျန်စေတသိက်(၅၀)ပါးကို သင်္ခါရက္ခန္ဓာ ဖွဲ့ပါ။

၅။ စိတ်(၈၉)ပါးကို ဝိညာဏက္ခန္ဓာ ဖွဲ့ပါ။

## ခန္ဓာ(၅)ပါး အရကောက်ဆိုရိုး

ခန္ဓာအားဖြင့် (၅)ပါး ဟူသော်ကား–

၁။ ရုပ်အဋ္ဌဝီသသည် ရူပက္ခန္ဓာ မည်၏။

၂။ စေတသိက်ဒွေးပညာသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏။

၃။ သညာသည် သညာက္ခန္ဓာ မည်၏။

၄။ ဝေဒနာ, သညာမှကြွင်းသော စေတသိက်ပညာသသည် သင်္ခါရက္ခန္ဓာ မည်၏။

၅။ စိတ်တစ်ခုယုတ်ကိုးဆယ်သည် ဝိညာဏက္ခန္ဓာ မည်၏။

နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏။

ဤသို့လျှင် ခန္ဓာအားဖြင့်(၅)ပါး ဖြစ်သတည်း။

## ခန္ဓာ(၅)ပါး ရုပ်,နာမ်ခွဲပုံ

ရူပက္ခန္ဓာသည် ရုပ်ခန္ဓာ ဖြစ်၍ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ဝိညာဏက္ခန္ဓာတို့သည် နာမ်ခန္ဓာလေးပါးတို့ ဖြစ်သည်။

## ဥပါဒါနက္ခန္ဓာ(၅)ပါး တရားကိုယ်ကောက်ပုံ

၁။ ရုပ်အဋ္ဌဝီသသည် ရူပုပါဒါနက္ခန္ဓာ မည်၏။

http://www.dhammadownload.com



၂။ လောကီစိတ်ဧကာသီတိ (၈၁-ပါး)၌ရှိသော ဝေဒနာသည် ဝေဒနုပါဒါနက္ခန္ဓာ မည်၏။

၃။ လောကီစိတ် ဧကာသီတိ (၈၁-ပါး)၌ရှိသော သညာသည် သညုပါဒါနက္ခန္ဓာ မည်၏။

၄။ ဝေဒနာ,သညာမှကြွင်းသော စေတသိက်ပညာသသည် သင်္ခါရုပါဒါနက္ခန္ဓာ မည်၏။

၅။ လောကီစိတ် ဧကာသီတိသည် ဝိညာဏုပါဒါနက္ခန္ဓာ မည်၏။

လောကုတ္တရာစိတ်(၈)ခု၊ စေတသိက်ဆုတ်သ၊ နိဗ္ဗာန်သည် ဥပါဒါနက္ခန္ဓာဟူသော အရေအတွက်မှ လွတ်၏။

* ဥပါဒါနက္ခန္ဓာ(၅)ပါး တရားကိုယ်ကောက်ရမည့် တရားများကို သာဓကဖြင့် တိကျစွာ ဖော်ပြပါ။

ဥပါဒါနက္ခန္ဓာ(၅)ပါး တရားကိုယ်ကောက်ရမည့် တရားများမှာ-ဘုံသုံးပါး၌ဖြစ်ကုန်သော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ ဖြစ်ပါသည်။

**သာဓက**- ပဉ္စုပါဒါနက္ခန္ဓာတိ၊ တထာ တေဘူမကာ မတာ။

## နိဗ္ဗာန် ခန္ဓာမဖွဲ့.ရခြင်း အကြောင်း

နိဗ္ဗာန်သည် အတိတ်,အနာဂတ် စသောအားဖြင့် အကွဲအပြားမရှိသောကြောင့် ခန္ဓာ မဖွဲ့.ရပါ။

**သာဓက**- ဘေဒဘာဝေန နိဗ္ဗာနံ၊ ခန္ဓသင်္ဂဟနိဿဋံ။

## အာယတန(၁၂)ပါး ပြားရခြင်းအကြောင်း

ဒွါရခြောက်ပါး၊ အာရုံခြောက်ပါး ကွဲပြားသောကြောင့် အာယတန(၁၂)ပါး ပြားရပါသည်။

**သာဓက**- ဒွါရာလမ္ဗဏဘေဒေန၊ ဘဝန္တာယတနာနိ စ။

http://www.dhammadownload.com



## အာယတန ဖွဲ့ပုံ

ပရမတ္ထတရား လေးပါးတို့တွင်–

၁။ ပသာဒရုပ်(၅)ပါးကို စက္ခာယတနစသော(၅)ပါး ဖွဲ့ပါ။

၂။ ဂေါစရရုပ်(၇)ပါးကို ရူပါယတနစသော(၅)ပါး ဖွဲ့ပါ။

၃။ စိတ်(၈၉)ပါးကို မနာယတန ဖွဲ့ပါ။

၄။ စေတသိက်(၅၂)ပါး၊ သုခုမရုပ်(၁၆)ပါး၊ နိဗ္ဗာန်ကို ဓမ္မာယတန ဖွဲ့ပါ။

## အာယတန(၁၂)ပါး အရကောက်ဆိုရိုး

အာယတနအားဖြင့် (၁၂)ပါး ဟူသော်ကား–

ရုပ်အဋ္ဌဝီသတို့တွင်–

၁။ စက္ခုပသာဒသည် စက္ခာယတန မည်၏။

၂။ သောတပသာဒသည် သောတာယတန မည်၏။

၃။ ဃာနပသာဒသည် ဃာနာယတန မည်၏။

၄။ ဇိဝှါပသာဒသည် ဇိဝှါယတန မည်၏။

၅။ ကာယပသာဒသည် ကာယာယတန မည်၏။

၆။ ရူပါရုံသည် ရူပါယတန မည်၏။

၇။ သဒ္ဒါရုံသည် သဒ္ဒါယတန မည်၏။

၈။ ဂန္ဓာရုံသည် ဂန္ဓာယတန မည်၏။

၉။ ရသာရုံသည် ရသာယတန မည်၏။

၁၀။ ပထဝီ,တေဇော,ဝါယောဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန မည်၏။

၁၁။ စိတ်တစ်ခုယုတ်ကိုးဆယ်သည် မနာယတန မည်၏။

၁၂။ စေတသိက် ဒွေးပညာသ၊ အာပေါ၊ ကျတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ကာယဝိညတ်၊

http://www.dhammadownload.com



ဝစီဝိညတ်၊ ရူပသဃလဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာအားဖြင့် သုခုမရူပ်သောဋ္ဌသ၊ နိဗ္ဗာန်သည် ဓမ္မာယတန မည်၏။

ဤသို့လျှင် အာယတနအားဖြင့် (၁၂)ပါး ဖြစ်သတည်း။

## အဋ္ဌတ္တိက(အတွင်း)အာယတန (၆)ပါး

၁။ စက္ခာယတန၊ ၄။ ဇိဝှါယတန၊
၂။ သောတာယတန၊ ၅။ ကာယာယတန၊
၃။ ဃာနာယတန၊ ၆။ မနာယတနတို့ ဖြစ်ပါသည်။

**အမှာ**– ယင်း(၆)ပါးကို ဒွါရအားဖြင့်ပြားသော အာယတနဟုလည်း ခေါ်သည်။

## ဗာဟိရ (အပြင်)အာယတန (၆)ပါး

၁။ ရူပါယတန၊ ၄။ ရသာယတန၊
၂။ သဒ္ဒါယတန၊ ၅။ ဖောဋ္ဌဗ္ဗာယတန၊
၃။ ဂန္ဓာယတန၊ ၆။ ဓမ္မာယတနတို့ ဖြစ်ပါသည်။

**အမှာ**– ယင်း(၆)ပါးကို အာရုံအားဖြင့်ပြားသော အာယတနဟုလည်း ခေါ်သည်။

## အာယတန(၁၂)ပါး ရုပ်,နာမ်ခွဲပုံ

**ရုပ်သက်သက်အာယတနမှာ**– စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ ရူပါယတန၊ သဒ္ဒါယတန၊ ဂန္ဓာယတန၊ ရသာယတန၊ ဖောဋ္ဌဗ္ဗာယတနအားဖြင့်(၁၀)ပါး ဖြစ်ပါသည်။

**နာမ်သက်သက်အာယတနမှာ**– မနာယတန ဖြစ်ပါသည်။

**ရုပ် နာမ်ရောသောအာယတနမှာ**– ဓမ္မာယတန ဖြစ်ပါသည်။

http://www.dhammadownload.com



## ဓာတ်(၁၈)ပါး ပြားရခြင်းအကြောင်း

ဒွါရခြောက်ပါး၊ အာရုံခြောက်ပါး၊ ဝိညာဏ်ခြောက်ပါး ကွဲပြားသောကြောင့် ဓာတ်(၁၈)ပါး ပြားရပါသည်။

**သာဓက**– ဒွါရာလမ္ဗ တဒုပ္ပန္နံ၊ ပရိယာယေန ဓာတုယော။

## ဓာတ် ဖွဲ့ပုံ

ပရမတ္ထတရား လေးပါးတို့တွင်–

၁။ ပသာဒရုပ်(၅)ပါးကို စက္ခုဓာတ်စသော(၅)ပါး ဖွဲ့ပါ။

၂။ ဂေါစရရုပ်(၇)ပါးကို ရူပဓာတ်စသော(၅)ပါး ဖွဲ့ပါ။

၃။ စိတ်(၈၉)ပါးတို့တွင် ဒွေးပဉ္စဝိညာဏ်(၁၀)ကို ပဉ္စဝိညာဏဓာတ် ဖွဲ့ပါ။

၄။ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိန်းဒွေးကို မနောဓာတ် ဖွဲ့ပါ။

၅။ ကျန်စိတ်(၇၆)ပါးကို မနောဝိညာဏဓာတ် ဖွဲ့ပါ။

၆။ စေတသိက်(၅၂)ပါး၊ သုခုမရုပ်(၁၆)ပါး၊ နိဗ္ဗာန်ကို ဓမ္မဓာတ် ဖွဲ့ပါ။

## ဓာတ်(၁၈)ပါး အရကောက်ဆိုရိုး

ဓာတ်အားဖြင့် (၁၈)ပါး ဟူသော်ကား–

ရုပ်အင္ဒဝိသတို့တွင်–

၁။ စက္ခုပသာဒသည် စက္ခုဓာတ် မည်၏။

၂။ သောတပသာဒသည် သောတဓာတ် မည်၏။

၃။ ဃာနပသာဒသည် ဃာနဓာတ် မည်၏။

၄။ ဇိဝှါပသာဒသည် ဇိဝှါဓာတ် မည်၏။

၅။ ကာယပသာဒသည် ကာယဓာတ် မည်၏။

၆။ ရူပါရုံသည် ရူပဓာတ် မည်၏။

http://www.dhammadownload.com



၇။ သဒ္ဒါရုံသည် သဒ္ဒဓာတ် မည်၏။
၈။ ဂန္ဓာရုံသည် ဂန္ဓဓာတ် မည်၏။
၉။ ရသာရုံသည် ရသဓာတ် မည်၏။
၁၀။ ပထဝီ, တေဇော, ဝါယောဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ် မည်၏။
၁၁။ စက္ခုဝိညာဉ်ဒွေးသည် စက္ခုဝိညာဏဓာတ် မည်၏။
၁၂။ သောတဝိညာဉ်ဒွေးသည် သောတဝိညာဏဓာတ်မည်၏။
၁၃။ ဃာနဝိညာဉ်ဒွေးသည် ဃာနဝိညာဏဓာတ် မည်၏။
၁၄။ ဇိဝှါဝိညာဉ်ဒွေးသည် ဇိဝှါဝိညာဏဓာတ် မည်၏။
၁၅။ ကာယဝိညာဉ်ဒွေးသည် ကာယဝိညာဏဓာတ် မည်၏။
၁၆။ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိန်းဒွေးသည် မနောဓာတ် မည်၏။
၁၇။ ကြွင်းသောစိတ်(၇၆)ပါးသည်မနောဝိညာဏဓာတ်မည်၏။
၁၈။ စေတသိက်ဒွေးပညာသ၊ သုခုမရုပ်သောဋ္ဌသ၊ နိဗ္ဗာန်သည် ဓမ္မဓာတ် မည်၏။

ဤသို့လျှင် ဓာတ်အားဖြင့်(၁၈)ပါး ဖြစ်သတည်း။

## ဓာတ်(၁၈)ပါး သုံးမျိုးပြားပုံ

| ခွါရခြောက်ပုံ (အခံဓာတ်) | အာရုံခြောက်တန် (အတိုက်ဓာတ်) | ဝိညာဉ်ခြောက်သွယ် (အမွှန်ဓာတ်) |
|---|---|---|
| ၁။ စက္ခုဓာတ် | ရူပဓာတ် | စက္ခုဝိညာဏဓာတ် |
| ၂။ သောတဓာတ် | သဒ္ဒဓာတ် | သောတဝိညာဏဓာတ် |
| ၃။ ဃာနဓာတ် | ဂန္ဓဓာတ် | ဃာနဝိညာဏဓာတ် |
| ၄။ ဇိဝှါဓာတ် | ရသဓာတ် | ဇိဝှါဝိညာဏဓာတ် |
| ၅။ ကာယဓာတ် | ဖောဋ္ဌဗ္ဗဓာတ် | ကာယဝိညာဏဓာတ် |
| ၆။ မနောဓာတ် | ဓမ္မဓာတ် | မနောဝိညာဏဓာတ် |

http://www.dhammadownload.com



## ဓာတ်(၁၈)ပါး ရုပ်,နာမ်ခွဲပုံ

**ရုပ်သက်သက်ဓာတ်မှာ–** စက္ခုဓာတ်၊ သောတဓာတ်၊ ဃာန ဓာတ်၊ ဇိဝှါဓာတ်၊ ကာယဓာတ်၊ ရူပဓာတ်၊ သဒ္ဒဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်အားဖြင့် (၁၀)ပါး ဖြစ်ပါသည်။

**နာမ်သက်သက်ဓာတ်မှာ–**စက္ခုဝိညာဏဓာတ်၊သောတဝိညာဏ ဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှါဝိညာဏဓာတ်၊ ကာယဝိညာဏ ဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်အားဖြင့် (၇)ပါး ဖြစ် ပါသည်။

**ရုပ်နာမ်ရောသောဓာတ်မှာ–** ဓမ္မဓာတ်တစ်မျိုးသာ ဖြစ်ပါသည်။

* မနောဓာတ်ကို မနောဒွါရ၊ ဓမ္မဓာတ်ကို ဓမ္မာရုံ–ဟု ဆိုခြင်း သည် မုချလော, ပရိယာယ်လော? သာဓကပြ ဖြေဆိုပါ။

မနောဓာတ်ကို မနောဒွါရ၊ ဓမ္မဓာတ်ကို ဓမ္မာရုံဟု ဆိုခြင်းသည် မုချမဟုတ်ပါ။ ပရိယာယ်အားဖြင့် ဆိုထားခြင်းသာ ဖြစ်ပါသည်။

**သာဓက–** ဒွါရာလမ္ဗ တဒုပ္ပန္နံ၊ ပရိယာယေန ဓာတုယော။

## သစ္စာ ဖွဲ့ပုံ

ပရမတ္ထတရား လေးပါးတို့တွင်–

၁။ လောကီစိတ်(၈၁)ခု၊ လောဘကြွင်း စေတသိက်(၅၁)ခု၊ ရုပ်(၂၈)ခုကို ဒုက္ခသစ္စာ ဖွဲ့ပါ။

၂။ လောဘကို သမုဒယသစ္စာ ဖွဲ့ပါ။

၃။ နိဗ္ဗာန်ကို နိရောဓသစ္စာ ဖွဲ့ပါ။

၄။ မဂ်စိတ်(၄)ခုခွဲရှိသော မဂ္ဂင်တရားကိုယ်(၈)ပါးကို မဂ္ဂသစ္စာ ဖွဲ့ပါ။

**အမှာ–** မဂ်စိတ္တုပ္ပါဒ်(၂၉)ခု၊ ဖိုလ်စိတ္တုပ္ပါဒ်(၃၇)ခုကို သစ္စာ ဝိမုတ်ဟု မှတ်ပါ။

http://www.dhammadownload.com



## သစ္စာ(၄)ပါး တရားကိုယ်အရကို သာဓကဖြင့် ယှဉ်တွဲဖော်ပုံ

၁။ လောကီစိတ်(၈၁)၊ လောဘကြွင် စေတသိက်(၅၁)၊ ရုပ်(၂၈) သည် ဒုက္ခသစ္စာ မည်၏။

**သာဓက**– ဒုက္ခံ တေဘူမကံ ဝဋ္ဋံ။

၂။ လောဘသည် သမုဒယသစ္စာ မည်၏။

**သာဓက**– တဏှာ သမုဒယော ဘဝေ။

၃။ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။

**သာဓက**– နိရောဓော နာမ နိဗ္ဗာနံ။

၄။ မဂ်စိတ်(၄)ခုဥ္စ်ရှိသော မဂ္ဂင်တရားကိုယ်(၈)ပါးသည် မဂ္ဂသစ္စာ မည်၏။

**သာဓက**– မဂ္ဂေါ လောကုတ္တရော မတော။

## သစ္စာ(၄)ပါး အရကောက်ဆိုရိုး

သစ္စာအားဖြင့် (၄)ပါးဟူသော်ကား–

၁။ လောကီစိတ်ဧကာသီတိ၊ လောဘကြွင်သော စေတသိက်ဧက ပညာသ၊ ရုပ်အဋ္ဌဝီသသည် ဒုက္ခသစ္စာ မည်၏။

၂။ လောဘသည် သမုဒယသစ္စာ မည်၏။

၃။ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။

၄။ မဂ်စိတ်(၄)ခုဥ္စ်ရှိသော သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဟူဆိုအပ်သော သောတာပတ္တိမဂ် ၈ပါး,၇ပါး၊ သကဒါဂါမိမဂ် ၈ပါး,၇ပါး၊ အနာဂါမိမဂ် ၈ပါး,၇ပါး၊ အရဟတ္တမဂ် ၈ပါး,၇ပါးသည် မဂ္ဂသစ္စာ မည်၏။

http://www.dhammadownload.com



ကြွင်းသောမဂ်စိတ္တုပ္ပါဒ် (၂၉)ခု၊ ဖိုလ်စိတ္တုပ္ပါဒ် (၃၇)ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏။

ဤသို့လျှင် သစ္စာအားဖြင့် (၄)ပါး ဖြစ်သတည်း။

**သောတာပတ္တိမဂ် ၈-ပါး,၇-ပါးဟု ဆိုရခြင်းအကြောင်း**

မဂ်ပထမစျာန်၌ မဂ္ဂင်တရားကိုယ်(၈)ပါးလုံး ယှဉ်သောကြောင့် မဂ်ပထမစျာန်ကို ရည်ရွယ်၍ ၈-ပါးဟု ဆိုရပါသည်။ ဒုတိယစျာန်စသည်၌ ဝိတက်ဟူသော သမ္မာသင်္ကပ္ပမဂ္ဂင် မယှဉ်သောကြောင့် မဂ်ဒုတိယစျာန်စသည်ကို ရည်ရွယ်၍ ၇-ပါးဟု ဆိုရပါသည်။

**မဂ်စိတ္တုပ္ပါဒ် (၂၉)ခု**

မဂ်စိတ်(၄)ပါး၌ စေတသိက်(၃၆)ပါးယှဉ်၏။ ထို(၃၆)ပါးတွင် မဂ္ဂင်တရားကိုယ်(၈)ပါး နှုတ်လိုက်ပါက (၂၈)ပါးကျန်၏။ မဂ်စိတ် (၄)ပါးကို အာရုံကိုသိခြင်း လက္ခဏာအားဖြင့် တစ်ပါးတည်းယူ၍ (၂၈)ပါးနှင့် ပေါင်းလိုက်လျှင် မဂ်စိတ္တုပ္ပါဒ်(၂၉)ဟု ဖြစ်လာ၏။

**ဖိုလ်စိတ္တုပ္ပါဒ် (၃၇)ခု**

ဖိုလ်စိတ်(၄)ပါး၌ စေတသိက်(၃၆)ပါးယှဉ်၏။ ဖိုလ်စိတ်(၄)ပါးကို အာရုံကိုသိခြင်း လက္ခဏာအားဖြင့် တစ်ပါးတည်းယူ၍ (၃၆)ပါးနှင့် ပေါင်းလိုက်လျှင် ဖိုလ်စိတ္တုပ္ပါဒ်(၃၇)ဟု ဖြစ်လာ၏။

**အမှာ**– မာတိကာဓာတုကထာ သင်ယူရာတွင် အထောက်အကူ ဖြစ်စေရန် ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာဖွဲ့နည်းနှင့် အရကောက် ဆိုရိုးများကို ပြည့်စုံစွာ ထည့်လိုက်ရပါသည်။

**သစ္စာ(၄)ပါး ကြောင်း,ကျိုး ခွဲပုံ**

သမုဒယသစ္စာ၊ မဂ္ဂသစ္စာတို့သည် အကြောင်းသစ္စာ ဖြစ်သည်။

http://www.dhammadownload.com



ဒုက္ခသစ္စာ၊ နိရောဓသစ္စာတို့သည် အကျိုးသစ္စာ ဖြစ်သည်။

[**ဆောင်**] သမုဒယ၊ မဂ္ဂ၊ ကြောင်းနှစ်ပ၊ ကြွင်းက ကျိုးနှစ်ဖြာ။

(အရှင်နန္ဒာသိရီ)

## ဓမ္မာယတနနှင့် ဓမ္မဓာတ်အရ

စေတသိက်ဒွေးပညာသ၊ သုခုမရုပ် သောဠသ၊ နိဗ္ဗာန်အားဖြင့် (၆၉)ပါးသော တရားများ ဖြစ်ပါသည်။

**သာဓက**– ဇဏ္ဍ ပန စေတသိက (ပ)ဓမ္မဓာတူတိ သခ်ံ ဂစ္ဆန္တိ။

## ဓမ္မာရုံနှင့် ဓမ္မဓာတ် အထူး

ဓမ္မာရုံသည် ပသာဒရုပ်၊ သုခုမရုပ်၊ စိတ်၊ စေတသိက်၊ နိဗ္ဗာန်၊ ပညတ်အားဖြင့် (၆)မျိုးရှိပါသည်။

ဓမ္မဓာတ်သည် စေတသိက်၊ သုခုမရုပ်၊ နိဗ္ဗာန်အားဖြင့် (၃)မျိုးသာ ရှိပါသည်။ ဤသို့ ထူးပါသည်။

**သာဓက**– ဓမ္မာရမ္မဏံ ပန ပသာဒ (ပ) ဆဓာ သဂ်ယ္ဟန္တိ။

ဇဏ္ဍ ပန စေတသိက (ပ) ဓမ္မဓာတူတိ သခ်ံ ဂစ္ဆန္တိ။

* အာယတနနှင့် ဓာတ်တို့၏ တရားကိုယ်မှာ အတူတူဖြစ်ပါလျက် အာယတနကို(၁၂)ပါးသာဟောပြီး အဘယ့်ကြောင့် ဓာတ်ကို (၁၈)ပါး ဟောရပါသနည်း? သာဓကဖြင့် ရှင်းပြပါ။

မနာယတန တစ်မျိုးတည်းက သတ္တဝိညာဏဓာတ်၏ အစွမ်းဖြင့် (၇)မျိုးကွဲပြားသောကြောင့် ဓာတ်(၁၈)ပါး ဟောရပါသည်။

**သာဓက**– မနာယတနမေဝ သတ္တဝိညာဏဓာတုဝသေန ဘိဒ္ဓတိ။

* ပရမတ္ထတရား လေးပါးတို့တွင် သစ္စာမဖွဲ့ထိုက်သောတရား ရှိ/မရှိ သာဓကဖြင့် ဖြေဆိုပါ။

http://www.dhammadownload.com



ပရမတ္ထတရား လေးပါးတို့တွင် သစ္စာမဖွဲ့ထိုက်သောတရားမှာ- မဂ်စိတ္တုပ္ပါဒ်(၂၉)ခု၊ ဖိုလ်စိတ္တုပ္ပါဒ်(၃၇)ခုတို့ ဖြစ်ပါသည်။

**သာဓက**- မဂ္ဂယုတ္တာ ဖလာစေဝ၊ စတုသစ္စာ ဝိနိဿဋာ။

* 'စတုသစ္စဝိနိမုတ္တော ဧယျော နာမ နတ္ထိ-သစ္စာလေးပါးမှလွတ်သော သိဖွယ်တရားမည်သည် မရှိ'ဟူသောစကားအရ သစ္စာဝိမုတ်တရားများကို ရထိုက်သော သစ္စာ၌ သွင်းပြပါ။

ဖိုလ်စိတ်၌ယှဉ်သော မဂ္ဂင်တရားကိုယ်(၈)ပါးကို မဂ္ဂင်ချင်းသဘောတူသောကြောင့် မဂ္ဂသစ္စာ၌ သွင်းယူရပါသည်။ မဂ်စိတ္တုပ္ပါဒ်(၂၉)ခု၊ ဖိုလ်စိတ္တုပ္ပါဒ်(၃၇)ခုကို (သဗ္ဗေ သခ်ါရာ ဒုက္ခာ ဒေသနာအရ သခ်ါရတရားတွင် ပါဝင်၍ သခ်ါရဒုက္ခ ဖြစ်သောကြောင့်) ဒုက္ခသစ္စာ၌ သွင်းယူရပါသည်။

**[ဆောင်]** ဖိုလ်စိတ်ယှဉ်ထ၊ မဂ္ဂင်္ကို၊ မဂ္ဂ၌သွင်း၊ ကြွင်းသည့်မဂ်,ဖိုလ်၊ စိတ္တုပ်ကိုကား၊ ထိုထိုဒုက္ခ၊ သခ်ါရမို့၊ ဒုက္ခသစ္စာ၊ သွင်းယူရာသည်၊ နည်းလာ သုတ္တန် သဘောတည်း။ (အခြေပြု- ၄၆၄)

## ဣတိ ပဋ္ဌပ္ပဘေဒေန-၌ ပဋ္ဌအရ

ခန္ဓာ၊ ဥပါဒါနက္ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတို့ ဖြစ်ပါသည်။

သမုစ္စည်းပိုင်း ပြီး၏။

❑❑❑❑❑

http://www.dhammadownload.com

# ပဉ္စည်းပိုင်း

ပစ္စည်း, ပစ္စယုပ္ပန်တို့ကို ပြရာအပိုင်းကို 'ပစ္စည်းပိုင်း'ဟု ခေါ်ပါသည်။

## ပစ္စည်း,ပစ္စယုပ္ပန် ခွဲခြားဟန်

ယေသံ သခ်ံတမ္မာနံ–ပစ္စယုပ္ပန်(အကျိုး)အရကား= စိတ်, စေတသိက်, ရုပ်ဟူသော သခ်ံတတရား ရပါသည်။

ယေ ဓမ္မာ–ပစ္စည်း(အကြောင်း)အရကား= စိတ်, စေတသိက်, ရုပ်ဟူသော သခ်ံတတရား၊ နိဗ္ဗာန်ဟူသော အသခ်ံတတရား၊ ပညတ်တို့ ရပါသည်။

**မှတ်ချက်**။ ။ နိဗ္ဗာန်နှင့် ပညတ်သည် မည်သည့်အကြောင်းကြောင့်မျှ ဖြစ်ပေါ်လာသောတရား မဟုတ်သောကြောင့် အကျိုးပစ္စယုပ္ပန်အရတွင် မပါဝင်ပါ။

## နိဗ္ဗာန် အကြောင်း,အကျိုး နှစ်မျိုးလုံး ဖြစ်နိုင်ပုံ

'ယေ ဓမ္မာ'ပါဠိကို ထောက်၍ ပစ္စည်း(အကြောင်း)အရတွင် နိဗ္ဗာန်ပါဝင်သောကြောင့် နိဗ္ဗာန်သည် အကြောင်းဖြစ်ပါသည်။

'ဒုက္ခနိရောဓော အရိယသစ္စံ, ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ'ပါဠိကိုထောက်၍ နိဗ္ဗာန်တရားကိုယ်ကောက်ရသော နိရောဓသစ္စာသည် အကျိုးသစ္စာ ဖြစ်သောကြောင့် နိဗ္ဗာန်သည် အကျိုးဖြစ်ပါသည်။

http://www.dhammadownload.com



## ပစ္စည်းပိုင်းလာ နည်း(၂)ပါး

၁။ ပဋိစ္စသမုပ္ပါဒ်နည်း၊
၂။ ပဋ္ဌာန်းနည်းတို့ ဖြစ်ပါသည်။

## နည်း(၂)ပါး အထူး

အဝိဇ္ဇာအစရှိသော ပစ္စည်းတရားတို့၏ ဖြစ်ခြင်းကြောင့် ဖြစ်လေ့ရှိသော သခါရအစရှိသော အကျိုးတရားတို့၏ ဖြစ်ပုံအခြင်းအရာမျှဖြင့် မှတ်သားအပ်သောနည်းကို 'ပဋိစ္စသမုပ္ပါဒ်နည်း'ဟု ခေါ်ပါသည်။

အကြောင်းတရားတို့၏ ဖြစ်ခြင်းကြောင့် ဖြစ်လေ့ရှိသော အကျိုးတရားတို့၏ ဖြစ်ပုံကို ပစ္စယသတ္တိထူးနှင့်တကွ ပြသောနည်းကို 'ပဋ္ဌာန်းနည်း'ဟု ခေါ်ပါသည်။

* တဿဝအရ အဝိဇ္ဇာမှ ဘဝ,ဇာတိအထိ ရပါသည်။
* ဘာဝီအရ သခါရမှ ဥပါယာသအထိ ရပါသည်။

## ပဋိစ္စသမုပ္ပါဒ်နည်း မြန်မာပြန်

၁။ မသိမှု-အဝိဇ္ဇာကြောင့် ပြုစီမံမှု-သခါရ ဖြစ်ပေါ်လာ၏။
၂။ ပြုစီမံမှု-သခါရကြောင့် ဝိပါက်ဝိညာဏ် ဖြစ်ပေါ်လာ၏။
၃။ ဝိပါက်ဝိညာဏ်ကြောင့် ရုပ်နာမ် ဖြစ်ပေါ်လာ၏။
၄။ ရုပ်နာမ်ကြောင့် အဂ္ဂတ္တိကာယတန(၆)ပါး ဖြစ်ပေါ်လာ၏။
၅။ အဂ္ဂတ္တိကာယတန(၆)ပါးကြောင့် တွေ့ထိမှု-ဖဿ ဖြစ်ပေါ်လာ၏။
၆။ တွေ့ထိမှု-ဖဿကြောင့် ခံစားမှု-ဝေဒနာ ဖြစ်ပေါ်လာ၏။
၇။ ခံစားမှု-ဝေဒနာကြောင့် လိုချင်မှု-တဏှာ ဖြစ်ပေါ်လာ၏။
၈။ လိုချင်မှု-တဏှာကြောင့် စွဲလမ်းမှု-ဥပါဒါန် ဖြစ်ပေါ်လာ၏။

http://www.dhammadownload.com



၉။ စွဲလမ်းမှု-ဥပါဒါန်ကြောင့် ကမ္မဘဝ, ဥပပတ္တိဘဝ ဖြစ်ပေါ်လာ၏။

၁၀။ ကမ္မဘဝကြောင့် ဝိပါက်တရား ရုပ်နာမ်နှစ်ပါးတို့၏ ဖြစ်မှု-ဇာတိ ဖြစ်ပေါ်လာ၏။

၁၁။ ဇာတိကြောင့် အိုခြင်း-ဇရာ၊ သေခြင်း-မရဏ၊ ဝမ်းနည်းခြင်း-သောက၊ ငိုကြွေးခြင်း-ပရိဒေဝ၊ ကိုယ်ဆင်းရဲခြင်း-ဒုက္ခ၊ စိတ်ဆင်းရဲခြင်း-ဒေါမနဿ၊ ပြင်းစွာပင်ပန်းခြင်း-ဥပါယာသတို့ ဖြစ်ပေါ်လာ၏။

ဤအဝိဇ္ဇာအစရှိသော အကြောင်းတို့ကြောင့်သာ ချမ်းသာမဖက်ဆင်းရဲစုသက်သက်သာ ဖြစ်ပေါ်လာရပါသည်။

* 'ချစ်ခြင်းအစ မျက်စိက'ဟု ဆိုသကဲ့သို့ 'သံသရာအစ မောဟက'ဟုဆိုက သင့်/မသင့် သာဓကပြ ဖြေဆိုပါ။

'သံသရာအစ မောဟက'ဟုဆိုက သင့်ပါသည်။

**သာဓက**- တတ္ထ အဝိဇ္ဇာပစ္စယာ သင်္ခါရာ။

## ပဋိစ္စသမုပ္ပါဒ်နည်း၌ မှတ်ဖွယ်များ

သိထိုက်သည်ကို မသိ၊ မသိထိုက်သည်ကိုသာ သိသောတရားကို အဝိဇ္ဇာဟု ခေါ်ပါသည်။

တရားကိုယ်မှာ- အကုသိုလ်စိတ် (၁၂)ပါး၌ရှိသော မောဟ ဖြစ်ပါသည်။

## အဝိဇ္ဇာ(မောဟ)၏ မသိရာ,ဖုံးလွှမ်းရာ(၈)ဌာန

သစ္စာလေးတန်= ဒုက္ခ,သမုဒယ,နိရောဓ,မဂ္ဂဟူသော သစ္စာလေးပါး။

ပုဗ္ဗန္တ = ရှေးအတိတ်ကဖြစ်ခဲ့သော ခန္ဓာ, အာယတန, ဓာတ် အဖို့အစု။

အပရန္တ = နောင်အနာဂတ်၌ ဖြစ်မည့် ခန္ဓာ, အာယတန, ဓာတ်

http://www.dhammadownload.com



အဖို့အစု။

ပုဗ္ဗန္တာပရန္တ = ရှေးအတိတ်ကဖြစ်ခဲ့သော ခန္ဓာ, အာယတန, ဓာတ် အဖို့အစုနှင့် နောင်အနာဂတ်၌ ဖြစ်မည့် ခန္ဓာ,အာယ တန, ဓာတ်အဖို့အစု။

ပဋိစ္စသမုပ္ပါဒ် တရားတော်တို့ ဖြစ်ပါသည်။

* 'မသိတိုင်း အဝိဇ္ဇာ'ဟုဆိုက သင့်/မသင့် အဘိဓမ္မာသဘာဝ အရ စိစစ်ပြပါ။

သစ္စာလေးတန်၊ပုဗ္ဗန္တ၊အပရန္တ၊ ပုဗ္ဗန္တာပရန္တ၊ ပဋိစ္စသမုပ္ပါဒ် ဉာဏ်ရှစ်ရပ်ကို မသိမှသာ အဝိဇ္ဇာဟုဆို၍ ကျန်တရားများကို မသိက အဝိဇ္ဇာဟု မဆိုနိုင်သောကြောင့် 'မသိတိုင်း အဝိဇ္ဇာ'ဟုဆိုက မသင့်ပါ။

* 'ပုစ္ဆာတစ်ပုဒ်၏ အဖြေမှန်ကို တွေးကြံ၍ မသိသူအား အဝိဇ္ဇာ များလိုက်တာ'ဟုဆိုက သင့်/မသင့် အဘိဓမ္မာသဘာဝအရ စိစစ်ပြပါ။

သစ္စာလေးတန်၊ပုဗ္ဗန္တ၊အပရန္တ၊ပုဗ္ဗန္တာပရန္တ၊ပဋိစ္စသမုပ္ပါဒ် ဉာဏ်ရှစ်ရပ်ကို မသိမှသာ အဝိဇ္ဇာဟုဆို၍ ဉာဏ်ကြီးရှင်တို့၏ အရာ ဖြစ်သော ပုစ္ဆာတစ်ပုဒ်၏ အဖြေမှန်ကို တွေးကြံ၍ မသိသူအား အဝိဇ္ဇာ များလိုက်တာဟုဆိုက မသင့်ပါ။

* သခ်ါရ၏ တရားကိုယ်မှာ– လောကီကုသိုလ်, အကုသိုလ် စိတ်၌ယှဉ်သော စေတနာ(၂၉)ပါး ဖြစ်ပါသည်။

**သခ်ါရအပြား (၃)ပါး**

၁။ မဟာကုသိုလ်(၈)ခု၊ ရူပကုသိုလ်(၅)ခုနှင့်ယှဉ်သောစေတနာ (၁၃)ပါးသည် ပုညာဘိသခ်ါရ မည်ပါသည်။

http://www.dhammadownload.com



၂။ အကုသိုလ်စိတ်(၁၂)ပါး၌ယှဉ်သော စေတနာ(၁၂)ပါးသည် အပုညာဘိသင်္ခါရ မည်ပါသည်။

၃။ အရူပကုသိုလ်စိတ် (၄)ပါး၌ယှဉ်သော စေတနာ(၄)ပါး သည် အာနေဉ္ဇာဘိသင်္ခါရ မည်ပါသည်။

| သင်္ခါရပစ္စယာ | ဝိညာဏံ |
|---|---|
| ပုညာဘိ - မဟာကု-၈/ ရူပကု-၅ | ကုသလဝိပါက်-၈၊ မဟာဝိပါက်-၈၊/ ရူပဝိပါက်(၅)ပါး။ |
| အပုညာဘိ - အကု-၁၂ | အကုသလဝိပါက်(၇)ပါး။ |
| အာနေဉ္ဇာဘိ - အရူပကု-၄ | အရူပဝိပါက်(၄)ပါး။ |

## သင်္ခါရ(၂)ခု အထူး

'အဝိဇ္ဇာပစ္စယာ သင်္ခါရာ'၌ သင်္ခါရအရ- လောကီကုသိုလ်, အကုသိုလ် စေတနာအားလုံး ရပါသည်။

'သင်္ခါရပစ္စယာ ဝိညာဏံ'၌ သင်္ခါရအရ- ကုသိုလ်အဘိညာဉ် နှင့် ဥဒ္ဓစ္စစေတနာကြဉ်သော လောကီကုသိုလ်,အကုသိုလ်စေတနာ ရပါသည်။

## ဝိညာဏ(၂)ခု အထူး

'သင်္ခါရပစ္စယာ ဝိညာဏံ'၌ ဝိညာဏအရ- လောကီဝိပါက် ဝိညာဏ်(၃၂)ပါး ရပါသည်။

'ဝိညာဏပစ္စယာ နာမရူပံ'၌ ဝိညာဏအရ- ရှေးဘဝက ပြုခဲ့သော မဟာကုသိုလ် (၈)ခု၊ အကုသိုလ်(၁၂)ခုဟူသော ကမ္မ ဝိညာဏ်နှင့် ယခုပစ္စုပ္ပန်ဘဝမှာဖြစ်သော (၃၂)ပါးသော ဝိပါက် ဝိညာဏ်တို့ ရပါသည်။

* ဝိညာဏပစ္စယာ နာမရူပံ-၌ နာမအရ- လောကီဝိပါက်

http://www.dhammadownload.com



စိတ်ဠှယုဉ်သော အညသမာနံစေတသိက် (၁၃)ပါး၊ သောဘန သာဓာရဏစေတသိက် (၁၉)ပါး၊ အပ္ပမညာစေတသိက် (၂)ပါး၊ ပညာစေတသိက်(၁)ပါး၊ ပေါင်း(၃၅)ပါး ရပါသည်။

ရူပအာရ- ကမ္မဇရုပ်(၂၀)ပါး ရပါသည်။

**သဋ္ဌာယတနအာရ**- စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ မနာယတန။

**ဖဿအာရ** - စက္ခုသမ္ဖဿ၊သောတသမ္ဖဿ၊ဃာနသမ္ဖဿ၊ ဇိဝှါ-သမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ။

**ဝေဒနာအာရ** - စက္ခုသမ္ဖဿဇာဝေဒနာ၊ သောတသမ္ဖဿဇာဝေဒနာ၊ ဃာနသမ္ဖဿဇာဝေဒနာ၊ ဇိဝှါသမ္ဖဿဇာဝေဒနာ၊ ကာယသမ္ဖဿဇာဝေဒနာ၊ မနောသမ္ဖဿဇာဝေဒနာ။

(မနာယတန၊ဖဿ၊ဝေဒနာအာရတို့ကို လောကီဝိပါက်(၃၂)ပါးသာ ကောက်ပါ။)

**တဏှာအာရ** - အကျဉ်းအားဖြင့် ရူပတဏှာ၊သဒ္ဒတဏှာ၊ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာ။
အကျယ်အားဖြင့် တဏှာ(၁၀၈)ပါး။

**ဥပါဒါနအာရ** - ဥပါဒါန်-၄ပါး။

## တဏှာနှင့် ဥပါဒါန် အထူး

အားနည်းသော လိုချင်မှုသည် တဏှာ မည်ပါသည်။ အားကြီးသော လိုချင်မှုသည် ဥပါဒါန် မည်ပါသည်။ ဤသို့ ထူးပါသည်။

* ကြောင်းကျိုးဆက်သွယ်မှုပြ ပဋိစ္စသမုပ္ပါဒ် ဒေသနာအရ အောက်ပါများ၏ အကြောင်းတရားများကို သာဓကပြ ဖြေဆိုပါ။

(က) တပ်မက်ခင်မင် လိုချင်မှု၊

(ခ) အငမ်းမရ စွဲလမ်းမှု၊

(ဂ) စိုးရိမ်ပူဆွေး ငိုကြွေးမှု။

http://www.dhammadownload.com



(က) ဝေဒနာ ဖြစ်ပါသည်။ **သာဓက**– ဝေဒနာပစ္စယာ တဏှာ။
(ခ) တဏှာ ဖြစ်ပါသည်။ **သာဓက**– တဏှာပစ္စယာ ဥပါဒါနံ။
(ဂ) ဇာတိ ဖြစ်ပါသည်။
**သာဓက**– ဇာတိပစ္စယာ ဇရာမရဏံ, သောကပရိဒေဝ(ပ)သမ္ဘဝန္တိ။

* သတ္တဝါ တစ်ဦးတစ်ယောက် ဖြစ်လာပြီးနောက် မအို,မသေသော သတ္တဝါ ရှိ/မရှိ သာဓကဖြင့် ရှင်းပြပါ။

သတ္တဝါတစ်ဦးတစ်ယောက် ဖြစ်လာခြင်းသည် ဇာတိဖြစ်၏။ ဇာတိဖြစ်သောသူအား အိုခြင်း–ဇရာ၊ သေခြင်း–မရဏ မုချဖြစ်သောကြောင့် သတ္တဝါတစ်ဦးတစ်ယောက် ဖြစ်လာပြီးနောက် မအို, မသေသော သတ္တဝါဟူ၍ မရှိပါ။

**သာဓက**– ဇာတိပစ္စယာ ဇရာမရဏံ။

* သားသေ,လင်ဆုံး အပူလုံးထ ယူကြုံးမရ ဖြစ်နေရှာသော ပဋာစာရီ၏ ပရိဒေဝမီးသည် မည်သည့်အကြောင်းကြောင့် ဖြစ်လာရပါသနည်း? ပဋိစ္စသမုပ္ပါဒ်ဒေသနာအရ သာဓကပြ ဖြေဆိုပါ။

ပဋာစာရီ၏ ပရိဒေဝမီး၏ အကြောင်းတရားကား ဇာတိဖြစ်ပါသည်။

**သာဓက**– ဇာတိပစ္စယာ ဇရာမရဏံ, သောကပရိဒေဝ(ပ) သမ္ဘဝန္တိ။

* အမိဝမ်း၌ အဘယ်အကြောင်းတရားများကြောင့် အဘယ်သဘာဝတရားများ ပေါင်းစပ်ဖြစ်ပေါ်လာမှုကို ပဋိသန္ဓေနေသည်, ကိုယ်ဝန်ရှိသည်ဟု ခေါ်ပါသနည်း? ပဋိစ္စသမုပ္ပါဒ် ဒေသနာအရ သာဓကဖြင့် ရှင်းပြပါ။

လောကီကုသိုလ်ကံ, အကုသိုလ်ကံဟူသော ကမ္မဘဝအကြောင်းတရားကြောင့် လောကီဝိပါက်(၃၂)ပါး၊ စေတသိက်(၃၅)ပါး၊ ကမ္မဇ

http://www.dhammadownload.com



ရုပ်(၂၀)ပါးတို့၏ ရှေးဦးစွာ ပေါင်းစပ်ဖြစ်ပေါ်လာမှုကို ပဋိသန္ဓေ နေသည်, ကိုယ်ဝန်ရှိသည်ဟု ခေါ်ပါသည်။

* ဥပါဒါနပစ္စယာ ဘဝေါ–၌ ဘဝအပြားနှင့်အရာကို တိကျစွာ ကောက်ပြပါ။

လောကီကုသိုလ်(၁၇)ပါး၊အကုသိုလ်(၁၂)ပါး၌ရှိသော စေတနာ (၂၉)ပါးသည် **ကမ္မဘဝ** မည်၏။ ထိုကံကြောင့်ဖြစ်သော လောကီ ဝိပါက်(၃၂)ပါး၊ စေတသိက်(၃၅)ပါး၊ ကမ္မဇရုပ်(၂၀)တို့သည် **ဥပ–ပတ္တိဘဝ** မည်၏။

## သခ်ါရနှင့် ကမ္မဘဝ အထူး

'အဝိဇ္ဇာသခ်ါရာ အတီတော အဒ္ဓါ'ကိုထောက်၍ ယခု ပစ္စုပ္ပန် ဘဝ၌ အကျိုးပေးဖို့ရန် အတိတ်ဘဝတုန်းကဖြစ်သော စေတနာ သည် **သခ်ါရ** မည်ပါသည်။

'မဇ္ဈေ အဒ္ဓ ပစ္စုပ္ပန္နော အဒ္ဓါ'ကိုထောက်၍ နောင်အနာဂတ်၌ အကျိုးပေးဖို့ရန် ယခုပစ္စုပ္ပန်ဘဝ၌ဖြစ်သော စေတနာသည် **ကမ္မ ဘဝ** မည်ပါသည်။

## သောက,ပရိဒေဝ,ဥပါယာသ အထူး

ဝမ်းနည်းခြင်းဟူသော သောကသည် အိုးအတွင်း၌ ဆီများ ကျက်နေခြင်းနှင့် တူပါသည်။ ငိုကြွေးခြင်းဟူသော ပရိဒေဝသည် ကျက်အားကြီး၍ ဆီများဝေတက်, လျှံတက်ခြင်းနှင့် တူပါသည်။ ပြင်းစွာပင်ပန်းခြင်းဟူသော ဥပါယာသသည် ဝေတက်,လျှံတက်ပြီး နောက် ကြွင်းကျန်သောဆီများ၏ ကုန်ခန်းသွားအောင်ကျက်ခြင်းနှင့် တူပါသည်။

**[ဆောင်]** အိုးတွင်းဆီကျက်၊ သောကတွက်၊ လျှံတက် ပရိဒေ။

http://www.dhammadownload.com



ကုန်ခန်းအောင်သာ၊ ကျက်မှုမှာ၊ ဥပါယာသပေ။
ပမာသဘော၊ ထင်အောင်နှော၊ စိတ်စောဆင်ခြင်လေ။
(အခြေပြု-၄၈၁)

**ဇာတိအရ-** လောကီဝိပါက်-၃၂၊ စေ-၃၅၊ ကမ္မဇရုပ်တို့၏ ဖြစ်ခြင်း (ဥပါဒ်)။

**ဇရာအရ-** လောကီဝိပါက်-၃၂၊ စေ-၃၅၊ ကမ္မဇရုပ်တို့၏ ရင့်ခြင်း (ဌိ)။

**မရဏာအရ-** လောကီဝိပါက်-၃၂၊ စေ-၃၅၊ ကမ္မဇရုပ်တို့၏ ပျက်ခြင်း (ဘင်)။

**သောကအရ-** ဒေါသမူဒွေးဒ်ဃသျဉ်သော ဒေါမနဿဝေဒနာ။

**ပရိဒေဝအရ-** စိတ္တဇဝိပလ္လာသ သဒ္ဒရုပ်။

**ဒုက္ခအရ-** ဒုက္ခသဟဂုတ်ကာယဝိညာဉ်နှင့်ယှဉ်သော ဝေဒနာ။

**ဒေါမနဿအရ-** ဒေါသမူဒွေးဒ်ဃသျဉ်သော ဝေဒနာ။

**ဥပါယာသအရ-** ဒေါသမူဒွေးဒ်ဃသျဉ်သော ဒေါသစေတသိက်တည်း။

* 'လူသားမုန်သမျှ အိုခြင်း, သေခြင်းနှင့် မကင်းနိုင်ကြ'ဟု ဆိုကြပေရာ အိုခြင်း,သေခြင်း၏ အဓိကတရားခံကို သာဓကပြ ဖြေဆိုပါ။

အိုခြင်း,သေခြင်း၏ အဓိကတရားခံမှာ ဇာတိ ဖြစ်ပါသည်။

**သာဓက-** ဇာတိပစ္စယာ ဇရာမရဏံ။

* 'မအိုချင်ယင် မမွေးနှင့်၊ မသေချင်ယင် မမွေးနှင့်'ဟူသော စကား အဘိဓမ္မာသဘာဝကျ/မကျ ပဋိစ္စသမုပ္ပါဒ် ဒေသနာအရ စိစစ်ပြပါ။

ဇာတိ(မွေးဖွားခြင်း)ဖြစ်သောသူအား ဇရာ,မရဏာ(အိုခြင်း,သေခြင်း) မုချဖြစ်၏။ ဇာတိမဖြစ်သောသူအား ဇရာ,မရဏာ မဖြစ်သော ကြောင့် အထက်ပါဆိုစကား သဘာဝကျပါသည်။

http://www.dhammadownload.com



* လူချမ်းသာ နတ်ချမ်းသာ-ဟူသည် အမှန်တကယ် ရှိ/မရှိ ပဋိစ္စသမုပ္ပါဒ် ဒေသနာအရ စိစစ်ပြပါ။

အဝိဇ္ဇာစသော အကြောင်းအဆက်ဆက်ကြောင့် သုခမဖက် ဒုက္ခ(ဆင်းရဲ)သက်သက်သာ ဖြစ်သောကြောင့် လူချမ်းသာ,နတ်ချမ်းသာ-ဟူသည် အမှန်တကယ် မရှိပါ။

**သာဓက-** ဧဝမေတသ္မာ ကေဝလသ္မာ (ပ) ဟောတိ။

* သတ္တဝါတစ်ဦးတစ်ယောက် ဖြစ်ပေါ်လာအောင် တန်ခိုးကြီးမား နတ်ဘုရားများက ဖန်ဆင်းခြင်း ဟုတ်/မဟုတ် ပဋိစ္စသမုပ္ပါဒ် ဒေသနာအရ စိစစ်ပြပါ။

အဝိဇ္ဇာစသော အကြောင်းအဆက်ဆက်ကြောင့်သာ သတ္တဝါတစ်ဦးတစ်ယောက် ဖြစ်ပေါ်လာရသောကြောင့် တန်ခိုးကြီးမား နတ်ဘုရားများက ဖန်ဆင်းခြင်း မဟုတ်ပါ။

**သာဓက-** ဧဝမေတသ္မာ ကေဝလသ္မာ (ပ) ဟောတိ။

* ငါ,သူတစ်ပါး,ယောကျ်ား,မိန်းမ-ဟူ၍ ရှိ/မရှိ ပဋိစ္စသမုပ္ပါဒ် ဒေသနာအရ စိစစ်ပြပါ။

ငါ,သူတစ်ပါး, ယောကျ်ား,မိန်းမ-ဟူ၍ မရှိပါ။ ဒုက္ခအစုသက်သက်သာ ရှိပါသည်။

**သာဓက-** ဧဝမေတသ္မာ ကေဝလသ္မာ (ပ) ဟောတိ။

## ဇာတိ၏ အကျိုးရင်းနှင့် အကျိုးဆက်

ဇာတိ၏အကျိုးရင်း (မူချအကျိုး)- ဇရာ,မရဏ ဖြစ်ပါသည်။

ဇာတိ၏ အကျိုးဆက်- သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့ ဖြစ်ပါသည်။

**သာဓက-** ဇာတိပစ္စယာ ဇရာမရဏံ, (ပ) သမ္ဘဝန္တိ။

http://www.dhammadownload.com



**အမှာ**– သောကစသောငါးပါးသည် ဇာတိဖြစ်သော အချို့နတ်လူတို့၌ မဖြစ် (မခံစား၍)သောကြောင့် ဇာတိ၏ အကျိုးဆက်သာ ဖြစ်ရပါသည်။

## ပဋိစ္စသမုပ္ပါဒ်၌ သိထိုက်သောအချက်များ

အဓွန့် (၃)ပါး၊ အင်္ဂါ (၁၂)ပါး၊ ခြင်းရာ (၂၀)ပါး၊ အစပ် (၃)ပါး၊ အလွှာ(၄)ပါး၊ ဝင့်(၃)ပါး၊ ဝင့်မြစ်(၂)ပါးတို့ ဖြစ်ပါသည်။

### အဓွန့် ၃–ပါး
### (ပဋိစ္စသမုပ္ပါဒ် အင်္ဂါ(၁၂)ရပ်ကို ကာလအားဖြင့်ခွဲပုံ)

အဝိဇ္ဇာနှင့် သင်္ခါရသည် အတိတ်ကာလ မည်၏။

ဇာတိနှင့် ဇရာမရဏသည် အနာဂတ်ကာလ မည်၏။

ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝတို့သည် ပစ္စုပ္ပန်ကာလ မည်၏။

### အင်္ဂါ(၁၂)ပါးနှင့် ကာလသုံးပါး တွဲစပ်ပုံ

၁။ အဝိဇ္ဇာ } အတိတ်ကာလ
၂။ သင်္ခါရ }

၃။ ဝိညာဏ် }
၄။ နာမ်ရုပ် }
၅။ သဠာယတန }
၆။ ဖဿ } ပစ္စုပ္ပန်ကာလ
၇။ ဝေဒနာ }
၈။ တဏှာ }
၉။ ဥပါဒါန် }
၁၀။ ဘဝ }

၁၁။ ဇာတိ } အနာဂတ်ကာလ
၁၂။ ဇရာ,မရဏ }

http://www.dhammadownload.com



## ခြင်းရာ (၂၀)

### အတိတ်အကြောင်း (၅)ပါး

အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝတို့ ဖြစ်ပါသည်။

**သာဓက**– အဝိဇ္ဇာသင်္ခါရာ အတီတော အဒ္ဓါ၊ အဝိဇ္ဇာသင်္ခါရဂ္ဂဟ-ဏေန ပနေတ္ထ တဏှုပါဒါနဘဝါပိ ဂဟိတာ ဘဝန္တိ။

### ပစ္စုပ္ပန်အကျိုး (၅)ပါး

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့ ဖြစ်ပါသည်။

**သာဓက**– မဇ္ဈေ အဒ္ဓ ပစ္စုပ္ပန္နော အဒ္ဓါ။ ဇာတိဇရာမရဏဂ္ဂဟ-ဏေန စ ဝိညာဏာဒိဖလပဋ္ဌကမေဝ ဂဟိတံ။

### ပစ္စုပ္ပန်အကြောင်း (၅)ပါး

တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရတို့ ဖြစ်ပါသည်။

**သာဓက**– မဇ္ဈေ အဒ္ဓ ပစ္စုပ္ပန္နော အဒ္ဓါ။ တထာ တဏှုပါဒါန-ဘဝဂ္ဂဟဏေန စ အဝိဇ္ဇာသင်္ခါရာ။

### အနာဂတ်အကျိုး (၅)ပါး

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့ ဖြစ်ပါသည်။

**သာဓက**– ဇာတိဇရာမရဏံ အနာဂတော အဒ္ဓါ။ ဇာတိဇရာမရ-ဏဂ္ဂဟဏေနစ ဝိညာဏာဒိဖလပဋ္ဌကမေဝ ဂဟိတံ။

### အဝိဇ္ဇာ,သင်္ခါရကို ယူသဖြင့်
### တဏှာ,ဥပါဒါန်,ကမ္မဘဝတို့ကို ယူရခြင်းအကြောင်း

အဝိဇ္ဇာသည် တဏှာ,ဥပါဒါန်တို့နှင့် ကိလေသဝဋ် အချင်းချင်း

http://www.dhammadownload.com



တူသောကြောင့်လည်းကောင်း၊ သခ်ါရသည် ကမ္မဘဝနှင့် ကမ္မဝင့် အချင်းချင်းတူသောကြောင့်လည်းကောင်း၊ အဝိဇ္ဇာ,သခ်ါရကို ယူသ ဖြင့် တဏှာ,ဥပါဒါန်,ကမ္မဘဝတို့ကိုလည်း ယူရပါသည်။

**သာဓက**– အဝိဇ္ဇာတဏှုပါဒါနာ စ ကိလေသဝင့်။

ကမ္မဘဝသခ်ါတော ဘဝေကဒေသော သခ်ါရာစ ကမ္မဝင့်။

## တဏှာ,ဥပါဒါန်,ကမ္မဘဝကို ယူသဖြင့် အဝိဇ္ဇာ,သခ်ါရကို ယူရခြင်း အကြောင်း

တဏှာ,ဥပါဒါန်တို့သည် အဝိဇ္ဇာနှင့် ကိလေသဝင့်အချင်းချင်း တူသောကြောင့်လည်းကောင်း၊ ကမ္မဘဝသည် သခ်ါရနှင့် ကမ္မဝင့် အချင်းချင်း တူသောကြောင့်လည်းကောင်း၊ တဏှာ,ဥပါဒါန်,ကမ္မ ဘဝကိုယူသဖြင့် အဝိဇ္ဇာ,သခ်ါရတို့ကိုလည်း ယူရပါသည်။

**သာဓက**– အဝိဇ္ဇာတဏှုပါဒါနာ စ ကိလေသဝင့်။

ကမ္မဘဝသခ်ါတော ဘဝေကဒေသော သခ်ါရာ စ ကမ္မဝင့်။

* ဇာတိဇရာမရဏာတို့မှာ တရားကိုယ် သီးခြားမရှိ၊ ဝိညာဏ် စသောငါးပါးတို့ ၏ ဥပါဒ် ဌီ ဘင်မျှသာ ဖြစ်သောကြောင့် ဇာတိ ဇရာမရဏာတို့ကို ယူသဖြင့် ဝိညာဉ်စသော ငါးပါးအပေါင်း ပါလာ ရသည်။

## ပဋိစ္စသမုပ္ပါဒ် ကြောင်း,ကျိုး ဆက်သွယ်ပုံ

အတိတ်–အကြောင်း ပစ္စုပ္ပန်–အကျိုး

ရှေ့ပိုင်း **အဝိဇ္ဇာ, သခ်ါရ–/ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ–/**

ပစ္စုပ္ပန်–အကြောင်း အနာဂတ်–အကျိုး

နောက်ပိုင်း **တဏှာ, ဥပါဒါန်, ကမ္မဘဝ–/ဇာတိ, ဇရာမရဏ။**

* အထက်ပါ ပဋိစ္စသမုပ္ပါဒ် ရှေ့ပိုင်း,နောက်ပိုင်း၊ ကာလ၊ အကြောင်း,အကျိုး တို့ကို ကြည့်၍ အစပ်(၃)ပါး၊ အလွှာ(၄)ပါး၊ ဝဋ်မြစ်(၂)ပါးတို့ကို ခွဲယူနိုင်သည်။

http://www.dhammadownload.com



## အစပ် (၃)ပါး

၁။ သခ်ါရဟူသော အတိတ်အကြောင်းနှင့် ဝိညာဉ်ဟူသော ပစ္စုပ္ပန်အကျိုးတို့၏ အကြားသည် တစ်စပ်။

၂။ ဝေဒနာဟူသော ပစ္စုပ္ပန်အကျိုးနှင့် တဏှာဟူသော ပစ္စုပ္ပန်အကြောင်းတို့၏ အကြားသည် တစ်စပ်။

၃။ ကမ္မဘဝဟူသော ပစ္စုပ္ပန်အကြောင်းနှင့် ဇာတိဟူသော အနာဂတ်အကျိုးတို့၏ အကြားသည် တစ်စပ်။

**[ဆောင်]** သခ်ါ-ဝိညာ၊ ဝေ-တဏှာနှင့်၊ ဘဝါ-ဇာတိ၊ တိသန္ဓိ၊ မှတ်ဘိ သောတုနာ။ (အရှင်နန္ဒာသီရိ)

## အလွှာ (၄)ပါး

၁။ အဝိဇ္ဇာ,သခ်ါရဟူသော အတိတ်အကြောင်း(၂)ပါးသည် တစ်လွှာ။

၂။ ဝိညာဉ်စသော ပစ္စုပ္ပန်အကျိုး(၅)ပါးသည် တစ်လွှာ။

၃။ တဏှာ,ဥပါဒါန်,ကမ္မဘဝဟူသော ပစ္စုပ္ပန်အကြောင်း(၃)ပါးသည် တစ်လွှာ။

၄။ ဇာတိ, ဇရာမရဏဟူသော အနာဂတ်အကျိုး(၂)ပါးသည် တစ်လွှာ။

## (တစ်နည်း) အလွှာ (၄)ပါး

၁။ အဝိဇ္ဇာ, သခ်ါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတနဟူသော အတိတ်အကြောင်း(၅)ပါးသည် တစ်လွှာ။

၂။ ဝိညာဉ်စသော ပစ္စုပ္ပန်အကျိုး(၅)ပါးသည် တစ်လွှာ။

၃။ တဏှာ,ဥပါဒါန်, ကမ္မဘဝ, အဝိဇ္ဇာ, သခ်ါရဟူသော ပစ္စုပ္ပန်အကြောင်း(၅)ပါးသည် တစ်လွှာ။

http://www.dhammadownload.com



၄။ ဝိညာဉ်စသော အနာဂတ်အကျိုး(၅)ပါးသည် တစ်လွှာ။

* 'ခြင်းရာနှစ်ဆယ်, သုံးသွယ်အစပ်, လေးရပ်အလွှာ'တို့ကို ပြဆိုထားသော သင်္ဂဟဂါထာကို ပါဝင်သော သန္ဓိကတို့၏ သရုပ်ယူပေါ်အောင် အနက်ပေးပြပါ။

အတီတေ-အတိတ်ဘဝ၌၊ ပဋိ-အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝအားဖြင့် ငါးပါးကုန်သော၊ ဟေတဝေါ-အကြောင်းတို့လည်းကောင်း၊ ဣဒါနိ-ဤပစ္စုပ္ပန်ဘဝ၌၊ ဖလပဋိက်-ဝိညာဉ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာအားဖြင့် အကျိုးငါးပါး အပေါင်းလည်းကောင်း၊ ဣဒါနိ-ဤပစ္စုပ္ပန်ဘဝ၌၊ ပဋိ-တဏှာ, ဥပါဒါန်,ကမ္မဘဝ,အဝိဇ္ဇာ,သင်္ခါရအားဖြင့် ငါးပါးကုန်သော၊ဟေတဝေါ-အကြောင်းတို့လည်းကောင်း၊ အာယတိ-အနာဂတ်ဘဝ၌၊ ဖလပဋိက်- ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာအားဖြင့် အကျိုးငါးပါးအပေါင်းလည်းကောင်း။

## ပဋိစ္စသမုပ္ပါဒ်တရား (၁၂)ပါးကို ဝဋ်သုံးပါးဖြင့် ဆဖန်ပုံ

၁။ အဝိဇ္ဇာ,တဏှာ,ဥပါဒါန်တို့သည် ကိလေသဝဋ် မည်ပါသည်။

၂။ ကမ္မဘဝဟူသော ဘဝတစ်စိတ်နှင့် သင်္ခါရတို့သည် ကမ္မဝဋ် မည်ပါသည်။

၃။ ဥပပတ္တိဘဝဟူသော ဘဝတစ်စိတ်နှင့် ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာမရဏာတို့သည် ဝိပါကဝဋ် မည်ပါသည်။

* 'ဝဋ်မှာအမြဲ ငရဲမှာအပ'ဆိုစကားအရ ဝဋ်မှာအမြဲဟူသည် အဘယ်ဝဋ်ကို ဆိုလိုပါသနည်း? ပဋိစ္စသမုပ္ပါဒ်နည်းအရ ရှင်းပြပါ။

http://www.dhammadownload.com



ကမ္မဝဇ္ဇကြောင့် ဝိပါကဝဇ္ဇ (ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ် ဟူသော ဘဝအမျိုးမျိုး)ဖြစ်ပေါ်လာပါသည်။ ယင်းဖြစ်ပေါ်လာသော ဝိပါကဝဇ္ဇကိုပင် 'ဝဇ္ဇမှာအမြဲ'ဟု ဆိုလိုပါသည်။

## ဝဇ္ဇမြစ် (၂)ပါး

၁။ အဝိဇ္ဇာသည် အဝိဇ္ဇာ, သခ်ါရ, ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ,ဝေဒနာဟူသော ရှေ့ပိုင်းပဋိစ္စသမုပ္ပါဒ်၏ အမြစ်ရင်းမူလ ဖြစ်ပါသည်။

၂။ တဏှာသည် တဏှာ,ဥပါဒါန်,ကမ္မဘဝ,ဇာတိ, ဇရာမရဏဟူသော နောက်ပိုင်းပဋိစ္စသမုပ္ပါဒ်၏အမြစ်ရင်းမူလ ဖြစ်ပါသည်။

* ဒါနသည် သံသရာရှည်ကြောင်းတရား ဟုတ်/မဟုတ် ပဋိစ္စသမုပ္ပါဒ် ဒေသနာအရ ရှင်းပြပါ။

ဒါနသည် သံသရာရှည်ကြောင်းတရား မဟုတ်ပါ။ ဒါနပြုရာ၌ မသိမှု–အဝိဇ္ဇာ၊ လှူ့စည်းစိမ် နတ်စည်းစိမ်ကို တောင်းတမှု–တဏှာ၊ ဤတရားနှစ်ပါးကြောင့်သာ သံသရာရှည်ရခြင်း ဖြစ်ပါသည်။

## ပဋိစ္စသမုပ္ပါဒ် ပြတ်ပုံ (ဝဇ္ဇပြတ်ပုံ)

အဝိဇ္ဇာနှင့် တဏှာဟူသော ဝဇ္ဇမြစ်နှစ်ပါးကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ဖျက်ဆီးလိုက်သောအခါ ကြောင်းကျိုးဆက်စပ် လည်ပတ်နေသော ပဋိစ္စသမုပ္ပါဒ် အလည်ရပ်လျက် ချုပ်ပျက်ရပါသည်။

**သာဓက**– တေသမေဝ စ မူလာနံ၊ နိရောဓေန နိရုဇ္ဈတိ။

* သံသရာတစ်ခွင် စည်ပင်ပြန့်ပွားနေသော အဝိဇ္ဇာ,တဏှာဟူသော ဝဇ္ဇမြစ်နှစ်ပါးကို မည်သည့်လက်နက်ဖြင့် ပယ်သတ်ရပါမည်နည်း? သာဓကပြ ဖြေဆိုပါ။

အဝိဇ္ဇာ,တဏှာဟူသော ဝဇ္ဇမြစ်နှစ်ပါးကို အရဟတ္တမဂ်ဟူသော

http://www.dhammadownload.com



လက်နက်ဖြင့် ပယ်သတ်ရပါမည်။

**သာဓက**– တေသမေဝ စ မူလာနံ၊ နိရောဓေန နိရုဇ္ဈတိ။

* ပဋိစ္စသမုပ္ပါဒ် အလည်ရပ်ရန်အတွက် အာဘယ်တရားများကို အာဘယ်လက်နက်ဖြင့် ပယ်သတ်ရမည်နည်း? သာဓကပြ ဖြေဆိုပါ။

အဝိဇ္ဇာ,တဏှာဟူသော ဝဋ်မြစ်နှစ်ပါးကို အရဟတ္တမဂ်ဟူသော လက်နက်ဖြင့် ပယ်သတ်ရပါမည်။

**သာဓက**– တေသမေဝ စ မူလာနံ၊ နိရောဓေန နိရုဇ္ဈတိ။

## ပဋိစ္စသမုပ္ပါဒ် လည်ပုံ (ဝဋ်လည်ပုံ)

အိုခြင်း, သေခြင်း တွေဝေမိန်းမောကြောင်း သောကစသော တရားအပေါင်းသည် အမြဲမပြတ် နှိပ်စက်အပ်သော သတ္တဝါတို့၏ သန္တာန်၌ အာသဝေါတရားတို့၏ ဖြစ်ပေါ်လာခြင်းကြောင့် အဝိဇ္ဇာလည်း ဖြစ်ရပြန်ပါသည်၊ အဝိဇ္ဇာဖြစ်လျှင် သင်္ခါရဖြစ်၏၊ သင်္ခါရဖြစ်လျှင် ဝိညာဉ်စသည်ဖြစ်၏၊ ဤသို့ ကြောင်းကျိုးဆက်စပ်လျက် ပဋိစ္စသမုပ္ပါဒ် လည်ပတ်ရပါတော့သည်။

**သာဓက**– ဧရာမရဏမုစ္ဆာယ၊ (ပ) အဝိဇ္ဇာ စ ပဝတ္တတိ။

## အာသဝကြောင့် အဝိဇ္ဇာ ဖြစ်ပုံ

ကာမာသဝစသော အာသဝေါတရားလေးပါးကြောင့် သောက, ပရိဒေဝစသည်တို့ ဖြစ်ကြ၏၊ သောက,ပရိဒေဝစသည်တို့ ဖြစ်သော အခါ အတူတကွ ဖြစ်စေ၊ ရှေ့နောက်ဖြစ်စေ အဝိဇ္ဇာ(မောဟ)လည်း အမြဲယှဉ်တွဲ ပါရှိလာ၏။ ထို့ကြောင့် အာသဝကြောင့် အဝိဇ္ဇာ ဖြစ်သည်–ဟု ဆိုရပါသည်။

**သာဓက**– အာသဝါနံ သမုပ္ပါဒါ၊ အဝိဇ္ဇာ စ ပဝတ္တတိ။

http://www.dhammadownload.com



**ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်**

အဆက်မပြတ် ဖွဲ့စပ်အပ်ထသော ဘုံသုံးပါးတွင် အကျူးဝင်ထသော အစလည်းမရှိသော ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဟူသော သုံးပါးသောဝဋ်တရားကို 'ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်'ဟူ၍ ဘုရားရှင် ဟောတော်မူခဲ့ပါသည်။

**သာဓက**– ဝဋ္ဌမာဇန္ဓ မိဇ္ဈေဝံ (ပ) ပဋ္ဌပေသိ မဟာမုနိ။

* ပဋိစ္စသမုပ္ပါဒ်အရကို သာဓကပြု၍ တရားကိုယ်ကောက်ပါ။

ပဋိစ္စသမုပ္ပါဒ်အရ လောကီစိတ်(၈၁)ခု၊ စေတသိက်(၅၂)ခု၊ ရုပ်(၂၈)ခုတို့ ရပါသည်။

**သာဓက**– ဝဋ္ဌမာဇန္ဓ မိဇ္ဈေဝံ (ပ) ပဋ္ဌပေသိ မဟာမုနိ။

**ပစ္စည်း,ပစ္စယုပ္ပန်တို့၏ တရားကိုယ်ပြဂါထာ**

ယေသံ သခ်ံတမ္မောနံ၊ (ပ) ပဝက္ခာမိ ယထာရဟံ။

**ပဋိစ္စသမုပ္ပါဒ် အင်္ဂါ(၁၂)ရပ်ကို**
**ကာလအားဖြင့် ခွဲခြားပုံပြပါဦ**

ကထံ? အဝိဇ္ဇာသခ်ါရာ အတီတော (ပ) တယော အဒ္ဓါ။

**ခြင်းရာနှစ်ဆယ်,သုံးသွယ်အစပ်**
**လေးရပ်အလွှာပြပါဦ**

ပစ္စည်းဝိုင်း စာပိုဒ်– ၉၊ ၁၀။

**ကိလေသာ,ကံ,ဝိပါက်အမည်ဖြင့်**
**လည်ပတ်နေသော တရားသုံးပါးပြပါဦ**

ပစ္စည်းဝိုင်း စာပိုဒ်–၁၁။ (ဝဋ်သုံးပါးပြပါဦ)

http://www.dhammadownload.com



**ဝဠုံ(ပဋိစ္စသမုပ္ပါဒ်) ပြတ်ပုံပြပါဦ**

တေသမေဝ စ မူလာနံ၊ နိရောဓေန နိရုဇ္ဈတိ။

**ဝဠုံ(ပဋိစ္စသမုပ္ပါဒ်) လည်ပုံပြပါဦ**

ဇရာမရဏမုစ္စာယ (ပ) အဝိဇ္ဇာ စ ပဝတ္တတိ။

**ပဋိစ္စသမုပ္ပါဒ် မည်ပုံပြဂါထာ**
**ပဋိစ္စသမုပ္ပါဒ် နိဂုံးပြဂါထာ**

ဝဋ္ဋမာဗန္ဓ မိစ္စေဝံ၊ (ပ) ပဋ္ဌပေသိ မဟာမုနိ။
ပဋိစ္စသမုပ္ပါဒ်နည်း ပြီး၏။

❑❑❑❑❑

## ပန္နည်း, ပန္နယူပ္ပန် အနက်ပေးဟန်
## နာမ်သည် နာမ်အား (၆)ပစ္စည်း

၁၆။ အနန္တရနိရုဒ္ဓါ–အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော၊ စိတ္တစေတသိကာ–စိတ်စေတသိက် ဖြစ်ကုန်သော၊ ဓမ္မာ–ရဟန္တာတို့၏ စုတိကြဉ်သော စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေးပညာသ၊ နာမက္ခန္ဓာတရားတို့သည်၊ ပဋျုပ္ပန္နာနံ–အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော၊ စိတ္တစေတသိကာနံ–စိတ်စေတသိက် ဖြစ်ကုန်သော၊ ဓမ္မာနံ–ရဟန္တာတို့၏ စုတိနှင့်တကွ စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေးပညာသ၊ နာမက္ခန္ဓာတရားတို့အား၊ အနန္တရသမနန္တရနတ္ထိဝိဂတဝသေန–အနန္တရ သမနန္တရ နတ္ထိ ဝိဂတပစ္စည်းတို့၏ အစွမ်းဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ပုရိမာနိ–ရှေးရှေးဖြစ်ကုန်သော၊ ဇဝနာနိ–အဆုံးဇော, မဂ်ဇော, ဖိုလ်ဇောကြဉ်သော ဇောသတ္တစတ္တာလီသ၊ စေတသိက် ဒွေးပညာသ၊

http://www.dhammadownload.com



နာမက္ခန္ဓာတရားတို့သည်၊ ပစ္ဆိမာနံ-နောက်နောက်ဖြစ်ကုန်သော၊ ဇဝနာနံ-ပထမဇော, ဖိုလ်ဇောကြဉ်သော ဇောဇကပညာသ၊ စေတသိက် ဒွေးပညာသ၊ နာမက္ခန္ဓာတရားတို့အား၊ အာသေဝနဝသေန-အာသေဝန ပစ္စည်း၏ အစွမ်းဖြင့်၊ ပစ္စယော-ကျေးဇူးပြုသည်၊ ဟောတိ- ဖြစ်၏။

သဟဇာတာ-တကွဖြစ်ကုန်သော၊ စိတ္တစေတသိကာ-ဖြစ်ကုန်သော၊ ဓမ္မာ-စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေးပညာသ နာမက္ခန္ဓာတရားတို့သည်၊ အညမညံ-အချင်းချင်း၊ သမ္မယုတ္တဝသေန- သမ္မယုတ္တပစ္စည်း၏ အစွမ်းဖြင့်၊ ပစ္စယော- ကျေးဇူးပြုသည်၊ ဟောတိ-ဖြစ်၏။ ကတိစ-ဤသို့လျှင်၊နာမံ-နာမ်သည်၊ နာမဿ-နာမ်အား၊ ဆဓာ-ခြောက်ပစ္စယသတ္တိတို့ဖြင့်၊ ပစ္စယော-ကျေးဇူးပြုသည်၊ ဟောတိ-ဖြစ်၏။

## နာမ်သည် နာမ်ရုပ်အား (၅)ပစ္စည်း

ဟေတု စျာနင် မဂ္ဂင်္ဂါနိ-ဟိတ်, စျာနင်, မဂ္ဂင်တို့သည်၊ သဟဇာတာနံ-တကွဖြစ်ကုန်သော၊ နာမရူပါနံ-နာမ်ရုပ်တို့အား၊ ဟေတာဒိဝသေန-ဟေတုပစ္စည်း အစရှိသည်တို့၏ အစွမ်းဖြင့်၊ ပစ္စယော-ကျေးဇူးပြုသည်၊ ဟောတိ-ဖြစ်၏။

သဟဇာတာ- တကွဖြစ်သော၊ စေတနာ- စိတ်တစ်ခုယုတ်ကိုးဆယ်၌ရှိသော စေတနာတစ်ခုယုတ်ကိုးဆယ်သည်၊ သဟဇာတာနံ-တကွဖြစ်ကုန်သော၊ နာမရူပါနံ- စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတနာကြဉ်သော စေတသိက် ဇကပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊ (သဟဇာတကမ္မ)

နာနာက္ခဏိကာ-အသီးသီးသော ခဏ၌ဖြစ်သော၊ စေတနာ-အတိတ်ဖြစ်သော ကုသိုလ်, အကုသိုလ် စေတနာ(၃၃)ပါးသည်၊

http://www.dhammadownload.com



ကမ္မာဘိနိဗ္ဗတ္တာနံ–ကံကြောင့်ဖြစ်ကုန်သော၊ နာမရူပါနံ–ဝိပါက်စိတ် ဆတ္တိံသနာမက္ခန္ဓာ, ပဋိသန္ဓေ ကမ္မဇရုပ်, အသညသတ် ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်တို့အားလည်းကောင်း၊ (နာနာက္ခဏိကကမ္မ) ကမ္မဝသေန–ကမ္မပစ္စည်း၏ အစွမ်းဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ဝိပါကက္ခန္ဓာ–ဝိပါက်စိတ်ဆတ္တိံသ၊ စေတသိက်အဋ္ဌတ္တိံသ၊ နာမက္ခန္ဓာတို့သည်၊ အညမညံ–အချင်းချင်းအားလည်းကောင်း၊ သဟဇာတာနံ–ကုန်သော၊ ရူပါနံ–ဝိညတ်ဒွေးကြည်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊ ဝိပါကဝသေန–ဝိပါက ပစ္စည်း၏အစွမ်းဖြင့်၊ ပစ္စယော–ဟောတိ။ ဣတိစ နာမံ နာမရူပါနံ ပဉ္စမာ ပစ္စယော ဟောတိ။

## နာမ်သည် ရုပ်အား (၁)ပစ္စည်း

၁၈။ ပစ္ဆာဇာတာ–နောက်နောက်ဖြစ်ကုန်သော၊ စိတ္တစေတသိကာ–ကုန်သော၊ ဓမ္မာ–ပဋ္ဌာဝေါကာရဘုံ၌ ဖြစ်ခိုက်ဖြစ်နေ အရူပဝိပါက်(၄)ခုကြဉ်သော ပထမဘဝင်အစရှိသော နောက်နောက်သော စိတ်–၈၅ခု၊ စေတသိက် ဒွေးပညာသ၊ နာမက္ခန္ဓာ တရားတို့သည်၊ ပုရေဇာတဿ–ရှေးရှေးဖြစ်သော၊ ဣမဿ ကာယဿ–ပဋိသန္ဓေ အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ဌိသို့ရောက်သော ဇဂဇ, ဩဇ, တိဇ, စတုဇဟူသော ဤကာယအား၊ ပစ္ဆာဇာတဝသေန–ဖြင့်၊ ပစ္စယော၊ ဟောတိ၊ ဣတိ၊ နာမံ၊ ရူပဿ၊ ဇဂဓာဝ၊ ပစ္စယော၊ ဟောတိ။

## ရုပ်သည် နာမ်အား (၁)ပစ္စည်း

၁၉။ ဆဝတ္ထူနိ–မန္ဒာယုက,အမန္ဒာယုက,မဇ္ဈိမာယုကအားဖြင့်

http://www.dhammadownload.com



သုံးပါးတို့တွင် မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင် တစ်ချက်အလွန်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု,သောတဝတ္ထု,ဃာနဝတ္ထု,ဇိဝှါဝတ္ထု,ကာယဝတ္ထု၊ ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊ နိရောဓသမာပတ်မှ ထသောအခါ ရှေးဖြစ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် တစ်ဆယ့်ခုနစ်ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုဟုဆိုအပ်သော ခြောက်ပါးသော ဝတ္ထုရုပ်တို့သည်၊ ပဝတ္တိယံ-ပဝတ္တိအခါ၌၊ သတ္တန္နံ-ခုနစ်ပါးကုန်သော၊ ဝိညာဏဓာတုနံ-ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခုကြဉ်သော ဝိညာဏဓာတ်တို့အားလည်းကောင်း၊ (ဝတ္ထုပုရေဇာတ)

ပဋ္ဌာရမ္မဏာနိ-ငါးပါးသောအာရုံတို့သည်၊ ပဋ္ဌဝိညာဏဝီထိ-ယာစ-ပဋ္ဌဝိညာဏဝီထိအားလည်းကောင်း၊ (အာရမ္မဏပုရေဇာတ) ပုရေဇာတဝသေန ပစ္စယော ဟောတိ ဣတိ ရူပံ နာမဿ ဧကဓာဝ ပစ္စယော ဟောတိ။

## ဥပနိဿယပစ္စည်း သရုပ်(၃)ပါး

၂၃။ တတ္ထ-ထိုသုံးပါးတို့တွင်၊ ဂရုကတံ-အလေးဂရုပြုအပ်သော၊ အာရမ္မဏမေဝ-ဣဋ္ဌဖြစ်သော နိပ္ပန္နရုပ်အဋ္ဌာရသ၊ ဒေါသမူဒ္ဒေး၊ မောဟမူဒ္ဒေး၊ ဒုက္ခသဟဂုတ်ကာယဝိညာဉ်ကြဉ်သောစိတ်၈၄-ခု၊ ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ,ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇-ခု၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်ဟုဆိုအပ်သော အာရုံခြောက်ပါးသည်ပင်လျှင်၊ အာရမ္မဏူပနိဿယော-အာရမ္မဏူပ-နိဿယပစ္စည်း မည်၏။

၂၄။ အနန္တရနိရုဒ္ဓါ-အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော၊ စိတ္တ

http://www.dhammadownload.com



စေတသိကာ–ကုန်သော၊ ဓမ္မာ–ရဟန္တာတို့၏ စုတိကြဉ်သော စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက်ဒွေးပညာသ နာမက္ခန္ဓာတရား တို့သည်၊ အနန္တရူပနိသယော–အနန္တရူပနိသယပစ္စည်း မည်၏။

* ပကတူပနိသယပစ္စည်း၏ ပစ္စည်း,ပစ္စယုပ္ပန် ကျေးဇူးပြုဟန် ပြပါဠိကို ဋီကာကျော်အဖွင့်နှင့်အညီ အနက်နှစ်နည်း ပေးပြပါ။

**ပထမနည်း** ပန–ကား၊ ရာဂါဒယော–ရာဂအစရှိကုန်သော၊ ဓမ္မာ–အကုသိုလ်တရားတို့သည်လည်းကောင်း၊ သဒ္ဓါဒယော–သဒ္ဓါ အစရှိကုန်သော၊ ဓမ္မာ စ–ကုသိုလ်တရားတို့သည်လည်းကောင်း၊ သုခံ–ကာယိကသုခသည်လည်းကောင်း၊ ဒုက္ခံ-ကာယိကဒုက္ခသည် လည်းကောင်း၊ပုဂ္ဂလော-ပုဂ္ဂိုလ်သည်လည်းကောင်း၊ ဘောဇနံ– ဘောဇဉ်သည်လည်းကောင်း၊ ဥတု–ဥတုသည်လည်းကောင်း၊ သေနာသနဉ္စ–ကျောင်းအိပ်ရာနေရာသည်လည်းကောင်း၊ ယထာ ရဟံ–ထိုက်သည့်အားလျော်စွာ၊ အဏ္ဏတ္တဉ္စ–အဏ္ဏတ္တသန္တာန်၌လည်း ကောင်း၊ ဗဟိဒ္ဓါစ–ဗဟိဒ္ဓသန္တာန်၌လည်းကောင်း၊ ကုသလာဒိဓမ္မာ နံ–ကုသိုလ်အစရှိသော တရားတို့အားလည်းကောင်း၊ ကမ္မံ–ဗလဝ ဖြစ်သောကုသိုလ်,အကုသိုလ်ကံသည်၊ ဝိပါကာနံ–ဝိပါက်စိတ် ဆတ္တိံသ၊ စေတသိက်အဋ္ဌတ္တိံသ နာမက္ခန္ဓာတို့အားလည်းကောင်း၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏၊ ကတိ စ–ဤသို့လျှင်၊ ပကတူပနိသယော– ပကတူပနိသယပစ္စည်းသည်၊ ဗဟုဓာ–များ သောအပြားရှိသည်၊ ဟောတိ–ဖြစ်၏။

**(ဤနည်း၌ အဏ္ဏတ္တ, ဗဟိဒ္ဓနှစ်ပါးလုံး ကုသလာဒိ ဓမ္မာနံ–နှင့်တွဲသည်)**

**ဒုတိယနည်း** ယထာရဟံ–ထိုက်သည့်အားလျော်စွာ၊ အဏ္ဏတ္တဉ္စ– အဏ္ဏတ္တသန္တာန်၌လည်းကောင်း၊ ဗဟိဒ္ဓါစ–ဗဟိဒ္ဓသန္တာန်၌လည်း

http://www.dhammadownload.com



ကောင်း၊ ရာဂါဒယော–ရာဂအစရှိကုန်သော၊ ဓမ္မာ–အကုသိုလ်တရားတို့သည်လည်းကောင်း၊ သဒ္ဓါဒယော–သဒ္ဓါအစရှိကုန်သော၊ ဓမ္မာ စ–ကုသိုလ်တရားတို့သည်လည်းကောင်း၊ သုခံ–ကာယိကသုခသည်လည်းကောင်း၊ ဒုက္ခံ–ကာယိကဒုက္ခသည်လည်းကောင်း၊ ပဂ္ဂလော– ပုဂ္ဂိုလ်သည်လည်းကောင်း၊ ဘောဇနံ–ဘောဇဉ်သည်လည်းကောင်း၊ ဥတု–ဥတုသည်လည်းကောင်း၊ သေနာသနဒ္ဝ–ကျောင်းအိပ်ရာ နေရာသည်လည်းကောင်း၊ ကုသလာဒိဓမ္မာနံ–ကုသိုလ်အစရှိသော တရားတို့အားလည်းကောင်း၊ ကမ္မံ–ဗလဝဖြစ်သောကုသိုလ်,အကုသိုလ်ကံသည်၊ ဝိပါကာနံ–ဝိပါက်စိတ်ဆတ္တိံသ၊ စေတသိက်အဋ္ဌတ္တိံသ နာမက္ခန္ဓာတို့အားလည်းကောင်း၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏၊ ဣတိစ–ဤသို့လျှင်၊ ပကတူပနိဿယော–ပကတူပနိဿယပစ္စည်းသည်၊ ဗဟုဓာ–များသောအပြားရှိသည်၊ ဟောတိ–ဖြစ်၏။

**(ဤနည်း၌ အဗျတ္တ– ရာဂါဒိ၊ သဒ္ဓါဒိ၊ သုခ၊ ဒုက္ခ။**

**ဗဟိဒ္ဓ– ပုဂ္ဂလ၊ ဘောဇန၊ ဥတု၊ သေနာသနဟု ခွဲသည်။)**

## အဓိပတိပစ္စည်း

၂၇။ တတ္ထ–ထိုပစ္စည်းတို့တွင်၊ ဂရုကတံ–အလေးဂရုပြုအပ်သော၊ အာရမ္မဏံ–လျှင်ဖြစ်သော နိပ္ပန္နရုပ်အဋ္ဌာရသ၊ ဒေါသမူဒွေး၊ မောဟမူဒွေး၊ ဒုက္ခသဟဂုတ်ကာယဝိညာဉ်ကြဉ်သော စိတ်–၈၄၀၊ ဒေါသ, လ္ဘသာ, မစ္ဆရိယ, ကုက္ကုစ္စ,ဝိစိကိစ္ဆာကြဉ်သော စေတသိက်၄၇၀၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်ဟုဆိုအပ်သောအာရုံခြောက်ပါးသည်၊ အာရမ္မဏာဓိပတိဝသေန–အာရမ္မဏာဓိပတိပစ္စည်း၏ အစွမ်းဖြင့်၊ နာမာနံ–အလေးအမြတ်ပြုတတ်သော လောဘမူစိတ်–၅၅၃၊ မဟာကုသိုလ်စိတ်၅၅၃၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ်လေး၃၊

http://www.dhammadownload.com



လောကုတ္တရာစိတ် ရှစ်ခု၊ ဒေါသ,ကျဿာ,မစ္ဆရိယ,ကုက္ကုစ္စ,ဝိစိကိစ္ဆာ,အပုမညာကြွင်သော စေတသိက် ၄၅-ခု နာမကွန်ရာတရား တို့အားလည်းကောင်း၊ (အာရမ္မဏာဓိပတိ)

စတုဗ္ဗိဓောပိ-လေးပါးအပြားရှိသည်လည်းဖြစ်သော၊ သဟဇာတာဓိပတိ-မောဟမူဒွေး,ဟသိတုပ္ပါဒ်ကြွင်သော အဓိပတိတပ်ခိုက် တပ်နေ သာဓိပတိဇော(၅၂)ခုဌိသော ဆန္ဒ,ဝီရိယ,ဝီမံသ,သာဓိပတိ ဇော(၅၂)ခုဟုဆိုအပ်သော အဓိပတိပစ္စည်းသည်၊ သဟဇာတဝသေန-သဟဇာတာဓိပတိပစ္စည်း၏ အစွမ်းဖြင့်၊ သဟဇာတာနံ-ကုန်သော၊ နာမရူပါနံ-အဓိပတိတရားကိုယ်ကြွင်သော သာဓိပတိဇော(၅၂)ခု၊ ဝိစိကိစ္ဆာကြွင်သော စေတသိက်ဇေပညာသ၊သာဓိပတိ စိတ္တဇရုပ်တို့အားလည်းကောင်း၊ (သဟဇာတာဓိပတိ) ပစ္စယော-သည်၊ ဟောတိ- ၏၊ ကျတိစ-လျှင်၊ အဓိပတိပစ္စယော-သည်၊ ဒုဝိဓော-သည်၊ ဟောတိ-၏။

## သဟဇာတပစ္စည်း

၂၈။ **ပဝတ္တိနာမ်သဟဇာတ** စိတ္တစေတသိကာ-ကုန်သော၊ ခမ္မာ-စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေးပညာသ နာမကွန်ရာတရားတို့သည်၊ အညမညံ- အချင်းချင်းအားလည်းကောင်း၊ သဟဇာတရူပါနဉ္စ-တကွဖြစ်သော စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း။ (နာမ်သည် နာမ်ရုပ်အား)

**ရုပ်သက်သက်သဟဇာတ** မဟာဘူတာ-မဟာဘုတ်တို့သည်၊ အညမညံ-အချင်းချင်းအားလည်းကောင်း၊ ဥပါဒါရူပါနဉ္စ-ဥပါဒါရုပ်တို့အားလည်းကောင်း။ (ရုပ်သည် ရုပ်အား)

**ပဋိသန္ဓေသဟဇာတ** ပဋိသန္ဓိက္ခဏေ- ပဋိသန္ဓေခဏာ၌၊ ဝတ္ထုဝိပါကာ-ဟဒယဝတ္ထု, ပဉ္စဝေါကာရပဋိသန္ဓေ နာမကွန်ရာတို့

http://www.dhammadownload.com



သည်၊ အညမည်-အချင်းချင်းအားလည်းကောင်း၊ (နာမ်ရုပ် ချင်း) ပစ္စယော-သည်၊ ဟောတိ-၏၊ ဣတိစ-လျှင်၊ သဟဇာတ ပစ္စယော-သည်၊ တိဝိဓော-သည်၊ ဟောတိ-၏။

## အညမညပစ္စည်း

၂၉။ **ပဝတ္တိနာမ်အညမည** စိတ္တစေတသိကာ မွှာ အညမည်။ (နာမ်အချင်းချင်း)

**ရုပ်သက်သက်အညမည** မဟာဘူတာ အညမည်။ (ရုပ်အချင်းချင်း)

**ပဋိသန္ဓေအညမည** ပဋိသန္ဓိက္ခဏေ ဝတ္ထုဝိပါကာ အညမည်။ (နာမ်ရုပ်အချင်းချင်း)

## နိဿယ ပစ္စည်း

၃၀။ **သဟဇာတနိဿယ** စိတ္တစေတသိကာ မွှာ အညမည် သဟဇာတရူပါနဉ္စ။

**ရုပ်သက်သက်နိဿယ** မဟာဘူတာ အညမည် ဥပါဒါရူပါနဉ္စ။

**ပုရေဇာတနိဿယ** ဆ ဝတ္ထုုနိ သတ္တန္နံ ဝိညာဏာဟာတုနံ။ (ရုပ်သည် နာမ်အား)

## အာဟာရပစ္စည်း

၃၁။ ကဗဠီကာရော-အလုပ်အလွေးကို ပြုအပ်သော၊ အာဟာရော-အစ္ဆတ္တသန္တာန်၌ရှိသော စတုသမုဋ္ဌာနိကဩဇာ,ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇဩဇာသည်၊ ကဗဠသ ကာယသ-ကလာပ်တူဩဇာကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော ဤစတုသမုဋ္ဌာနိက ကာယအားလည်းကောင်း၊(ကဗဠီကာရာဟာရ-ရုပ်အာဟာရ)

အရူပိနော-နာမ်ဖြစ်ကုန်သော၊ အာဟာရာ-ဖဿ,စေတနာ, ဝိညာဉ်ဟုဆိုအပ်သော နာမ်အာဟာရ တရားကိုယ်သုံးပါးတို့သည်၊

http://www.dhammadownload.com



သဟဇာတာနံ-ကုန်သော၊ နာမရူပါနံ-စိတ်-၈၉၊ စေတသိက်-၅၁၊ စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ် တို့အားလည်းကောင်း၊ (သဟဇာတာဟာရ,နာမ်အာဟာရ)(နာမ်သည် နာမ်ရုပ်အား)၊ ပစ္စယော ဟောတိ ကုတိစ အာဟာရပစ္စယော ဒုဝိဓော ဟောတိ။

## ကုန္တြိယပစ္စည်း

၃၂။ **ပုရေဇာတိန္တြိယ** ပဋ္ဌ-ငါးပါးကုန်သော၊ ပသာဒါ-ပသာဒရုပ်တို့သည်၊ ပဋ္ဌန်-ငါးပါးကုန်သော၊ ဝိညာဏာနံ-ဝိညာဉ်တို့အားလည်းကောင်း။ (ရုပ်သည် နာမ်အား)

**ရူပဇီဝိတိန္တြိယ** ရူပဇီဝိတိန္တြိယံ-ပဝတ္တိ,ပဋိသန္ဓေအားဖြင့် ရုပ်ဇီဝိတိန္ဒြေသည်၊ ဥပါဒိန္နရူပါနံ-ရုပ်ဇီဝိတိန္ဒြေကြဉ်သော် ကလာပ်တူဖြစ်သော ပဋိသန္ဓေကမ္မဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်တို့အား လည်းကောင်း၊(ရုပ် အချင်းချင်း)

**သဟဇာတိန္တြိယ** အရူပိနော-နာမ်ဖြစ်ကုန်သော၊ ကုန္တြိယာ-ဇီဝိတ,စိတ်, ဝေဒနာ,သဒ္ဓါ,ဝီရိယ,သတိ,ဧကဂ္ဂတာ,ပညာအားဖြင့် နာမ်ကုန္ဒြေတရားကိုယ် ရှစ်ပါးတို့သည်၊ သဟဇာတာနံ-ကုန်သော၊ နာမရူပါနံ-စိတ်-၈၉၊ စေတသိက် ၅၁၊ စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊ (နာမ်သည် နာမ်ရုပ်အား) ပစ္စယော ဟောတိ၊ ကုတိစ ကုန္တြိယပစ္စယော တိဝိဓော ဟောတိ။

## ဈပ္ပယုတ္တပစ္စည်း

၃၃။ **သဟဇာတဈပ္ပယုတ္တ** သြကြန္တိ ကဉ္စေ-ပဋိသန္ဓေခဏ၌၊ ဝတ္ထု-ပဋ္ဌဝေါကာရပဋိသန္ဓေနှင့် အတူဥပါဒ်သော ဟဒယဝတ္ထုသည်၊ ဝိပါကာနံ-ပဋ္ဌဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ တို့အားလည်းကောင်း၊ စိတ္တစေတသိကာ-ကုန်သော၊ ဓမ္မာ-ပဋ္ဌဝေါကာရဘုံ၌ ဖြစ်ခိုက်

http://www.dhammadownload.com



ဖြစ်နေ အရူပဝိပါက်(၄)ခု၊ ဒွေးပဉ္စဝိညာဉ်တစ်ဆယ်၊ ရဟန္တာတို့၏ စုတိကြဉ်သော စိတ်–၇၅ခု၊ စေ–၅၂၊ နာမက္ခန္ဓာတရားတို့သည်၊ သဟဇာတရူပါနံ–တကွဖြစ်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် တို့အားလည်းကောင်း၊ သဟဇာတဝသေန–သဟဇာတဝိပ္ပယုတ္တ သတ္တိဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။

**ပစ္ဆာဇာတဝိပ္ပယုတ္တ** ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ကျမဿ ကာယဿ ပစ္ဆာဇာတဝသေန။

**ပုရေဇာတဝိပ္ပယုတ္တ** ဆ ဝတ္ထူနိ ပဝတ္တိယံ သတ္တန္နံ ဝိညာဏာဓာတူနံ ပုရေဇာတဝသေန။

ပစ္စည်း, ပစ္စယုပ္ပန် အနက်ပေးဟန် ပြီး၏။

❑❑❑❑❑

## ပဋ္ဌာန်းနည်း၌ မှတ်ပွယ်များ

**ပဋ္ဌာန်းဆက်**–ဟူသည် သခ်တ, အသခ်တ, ပညတ်ဟူသော အကြောင်းပစ္စည်းတရားတို့သည် သခ်တဟူသော အကျိုးပစ္စယုပ္ပန် တရားတို့အား ဟေတုသတ္တိ, အာရမ္မဏသတ္တိ စသည်တို့ဖြင့် ဆက်သွယ်ကျေးဇူးပြုသည်ကို **ပဋ္ဌာန်းဆက်**–ဟု ခေါ်ပါသည်။

## (၂၄)ပစ္စည်းတို့ကို ပစ္စည်း,ပစ္စယုပ္ပန်အားလျော်စွာ သဘောတူရာ ပေါင်းစုခွဲခြားပုံ

၁။ နာမ်သည် နာမ်အား ကျေးဇူးပြုသောပစ္စည်း(၆)ပါး၊
၂။ နာမ်သည် နာမ်ရုပ်အား ကျေးဇူးပြုသောပစ္စည်း(၅)ပါး၊
၃၊ နာမ်သည် ရုပ်အား ကျေးဇူးပြုသောပစ္စည်း(၁)ပါး၊
၄။ ရုပ်သည် နာမ်အား ကျေးဇူးပြုသောပစ္စည်း(၁)ပါး၊
၅။ ပညတ်နာမ်ရုပ်တို့သည် နာမ်အား ကျေးဇူးပြုသောပစ္စည်း(၂)ပါး၊

http://www.dhammadownload.com



၆။ နာမ်ရုပ်နှစ်ပါးသည် နာမ်ရုပ်နှစ်ပါးတို့အား ကျေးဇူးပြုသောပစ္စည်း (၉)ပါး။

**နာမ်သည် နာမ်အား (၆)ပစ္စည်း**

အနန္တရ၊ သမနန္တရ၊ အာသေဝန၊ သမ္မယုတ္တ၊ နတ္ထိ၊ ဝိဂတတို့ ဖြစ်ပါသည်။ **အမှာ**– ဂါထာပါ ဆဓာအရလည်း ဟုတ်၏။

**အနန္တရ၊သမနန္တရ၊နတ္ထိ,ဝိဂတတို့၏ ပစ္စည်း, ပစ္စယုပ္ပန်**

**ပစ္စည်း** ရဟန္တာတို့၏ စုတိကြဉ်သော စိတ်–၈၉၊ စေ–၅၂။

**ပစ္စယုပ္ပန်** ရဟန္တာတို့၏ စုတိနှင့်တကွ စိတ်–၈၉၊ စေ–၅၂။

**အာသေဝန၏ ပစ္စည်း,ပစ္စယုပ္ပန်**

**ပစ္စည်း** အဆုံးဇော,မဂ်ဇော,ဖိုလ်ဇောကြဉ်သော ဇော–၄၇၊ စေ–၅၂။

**ပစ္စယုပ္ပန်** ပထမဇော,ဖိုလ်ဇောကြဉ်သောဇော–၅၁၊ စေ–၅ ။။

* အာသေဝနပစ္စည်းအရ မပါဝင်သောဇော– မဂ်ဇော။
* အာသေဝနပစ္စယုပ္ပန်အရ မပါဝင်သောဇော– ပထမဇော။
* အာသေဝနပစ္စည်း,ပစ္စယုပ္ပန် နှစ်မျိုးလုံးအရ မပါဝင်သော ဇော– ဖိုလ်ဇော ဖြစ်ပါသည်။

**သမ္မယုတ္တ၏ ပစ္စည်း,ပစ္စယုပ္ပန်**

**ပစ္စည်း** စိတ်–၈၉၊ စေ–၅၂။

**ပစ္စယုပ္ပန်** စိတ်–၈၉၊ စေ–၅၂။

**နာမ်သည် နာမ်ရုပ်အား (၅)ပစ္စည်း**

ဟေတု၊ ကမ္မ၊ ဝိပါက၊ ဈာန၊ မဂ္ဂတို့ ဖြစ်ပါသည်။

**အမှာ**– ဂါထာလာ ပဋ္ဌာနအရလည်း ဟုတ်၏။

http://www.dhammadownload.com



### ဟေတုဓ၏ ပစ္စည်း,ပစ္စယုပ္ပန်

**ပစ္စည်း** ဟိတ် (၆)ပါး။

**ပစ္စယုပ္ပန်** သဟိတ်စိတ်–၇၁၊ မောဟမူဒွေးဌ် မောဟကြဉ်သော စေ–၅၁၊ သဟိတ်စိတ္တဇရုပ်၊သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။

### စျာနဓ၏ ပစ္စည်း,ပစ္စယုပ္ပန်

**ပစ္စည်း** ဝိတက်, ဝိစာရ, ပီတိ, ဧကဂ္ဂတာ, ဝေဒနာအားဖြင့် စျာနင်္ဂတရားကိုယ်(၅)ပါး။

**ပစ္စယုပ္ပန်** ဒွေးပဋ္ဌဝိညာဉ်(၁၀)ကြဉ် စိတ်–၇၉၊ စေ–၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။

### မဂ္ဂဓ၏ ပစ္စည်း,ပစ္စယုပ္ပန်

**ပစ္စည်း** ပညာ, ဝိတက်, ဝိရတီသုံးခု, ဝီရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိအားဖြင့် မဂ္ဂင်္ဂတရားကိုယ်(၉)ပါး။

**ပစ္စယုပ္ပန်** သဟိတ်စိတ်–၇၁၊ စေ–၅၂၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။

### သဟဇာတကမ္မဓ၏ ပစ္စည်း,ပစ္စယုပ္ပန်

**ပစ္စည်း** စိတ်–၈၉၌ရှိသော စေတနာ–၈၉။

**ပစ္စယုပ္ပန်** စိတ်–၈၉၊ စေတနာကြဉ် စေ–၅၁၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။

### နာနာက္ခဏိကကမ္မဓ၏ ပစ္စည်း,ပစ္စယုပ္ပန်

**ပစ္စည်း** အတိတ်ဖြစ်သော ကုသိုလ်,အကုသိုလ်စေတနာ–၃၃။

**ပစ္စယုပ္ပန်** ဝိပါက်စိတ်–၃၆၊ စေ–၃၈၊ ပဋိသန္ဓေကမ္မဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။

**အမှာ**– ကမ္မသည် သဟဇာတကမ္မ၊ နာနာက္ခဏိကကမ္မအားဖြင့် နှစ်မျိုးပြားပါသည်။

http://www.dhammadownload.com



* ကံ, ကံ၏အကျိုး ရှိကြောင်းကို အဘိဓမ္မာဥာဏ် သာဓက မှန်ဖြင့် အများနားလည်အောင် ရှင်းပြပါ။

စိတ်(၈၉)ခုဥ်ရှိသော စေတနာ(၈၉)ခု (အကြောင်းတရား)သည် စိတ်(၈၉)ခု၊ စေတနာကြဉ်သော စေတသိက်-၅၁၊ စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ် (အကျိုးတရား)တို့အား သဟဇာတကမ္မသတ္တိဖြင့် လည်းကောင်း၊ အတိတ်ဖြစ်သော ကုသိုလ်,အကုသိုလ်စေတနာ(၃၃) ပါး(အကြောင်းတရား)သည် ဝိပါက်စိတ် ဆတ္တိသနာမက္ခန္ဓာ, ပဋိသန္ဓေကမ္မဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ် (အကျိုးတရား)တို့အား နာနာက္ခဏိကကမ္မသတ္တိဖြင့်လည်းကောင်း ကျေးဇူးပြုသောကြောင့် ကံ,ကံ၏အကျိုး ရှိပါသည်။

**သာဓက**- သဟဇာတာ စေတနာ (ပ) နာမရူပါနံ ကမ္မဝသေန။

* ကုသိုလ်,အကုသိုလ် အကြောင်းတရားများ ချုပ်ပျောက်သွားပြီး ဖြစ်ပါလျက် အဘယ့်ကြောင့် သုဂတိ,ဒုဂ္ဂတိ ဘဝခန္ဓာများ ဖြစ်ပွားလာရပါသနည်း? သာဓကဖြင့် ရှင်းပြပါ။

ကုသိုလ်,အကုသိုလ်အကြောင်းတရားများသည် မိမိတို့ကိုယ်တိုင် ချုပ်ပျောက်သွားပြီး ဖြစ်ပါသော်လည်း နောက်နောင်အကျိုးတရားများကို ဖြစ်ပေါ်လာစေနိုင်သည့် နာနာက္ခဏိကကမ္မသတ္တိ ကြွင်းကျန်နေသေးသောကြောင့် သုဂတိ,ဒုဂ္ဂတိဘဝခန္ဓာများ ဖြစ်ပွားလာရပါသည်။

**သာဓက**- နာနာက္ခဏိကာ စေတနာ (ပ) နာမရူပါနံ ကမ္မဝသေန။

## ဝိပါက၏ ပစ္စည်း,ပစ္စယုပ္ပန်

**ပစ္စည်း** ဝိပါက်စိတ်-၃၆၊ စေ-၃၈။

**ပစ္စယုပ္ပန်** ဝိပါက်စိတ်-၃၆၊ စေ-၃၈၊
ဝိညတ်ဒွေးကြဉ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။

http://www.dhammadownload.com



## နာမ်သည် ရုပ်အား (၁)ပစ္စည်း

ပစ္စာဇာတပစ္စည်း ဖြစ်ပါသည်။

### ပစ္စာဇာတ၏ ပစ္စည်း,ပစ္စယုပ္ပန်

**ပစ္စည်း** ပဋိစ္စသမုပ္ပါဒ်၌ ဖြစ်သောအခါ အရှုပဝိပါက်(၄)ခု ကြဉ်သော ပထမဘဝင်အစရှိသော နောက်နောက်သော စိတ်-၈၅၊ စေ-၅၂။

**ပစ္စယုပ္ပန်** ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ဇာဝ,ဠီဝ,တိဝ,စုတုဇာဃ။

## ရုပ်သည် နာမ်အား (၁)ပစ္စည်း

ပုရေဇာတပစ္စည်း ဖြစ်ပါသည်။ ပုရေဇာတသည် အာရမ္မဏပုရေဇာတ၊ ဝတ္ထုပုရေဇာတအားဖြင့် နှစ်မျိုးပြားပါသည်။

### ဝတ္ထုပုရေဇာတ၏ ပစ္စည်း,ပစ္စယုပ္ပန်

**ပစ္စည်း** ဝတ္ထုရုပ် (၆)ပါး။

**ပစ္စယုပ္ပန်** ပဋိစ္စသမုပ္ပါဒ်၌ ဖြစ်သောအခါ အရှုပဝိပါက်(၄)ခု ကြဉ်သော သတ္တဝိညာဏဓာတ်။

### အာရမ္မဏပုရေဇာတ၏ ပစ္စည်း,ပစ္စယုပ္ပန်

**ပစ္စည်း** ပစ္စုပ္ပန် ပဋ္ဌာရုံ။

**ပစ္စယုပ္ပန်** ဒွေးပဋ္ဌဝိညာဉ်-၁၀၊ သဗ္ဗစိတ္တသာဓာရဏစေ-၇။

## ပညတ်နာမ်ရုပ်သည် နာမ်အား (၂)ပစ္စည်း

အာရမ္မဏပစ္စည်း၊ ဥပနိဿယပစ္စည်းတို့ ဖြစ်ပါသည်။

### အာရမ္မဏပစ္စည်း သရုပ်(၆)ပါး

အာရမ္မဏပစ္စည်းသည် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံအားဖြင့် (၆)ပါးအပြားရှိပါသည်။

http://www.dhammadownload.com



**သာဓက**– တတ္ထ ရူပါဒိဝသေန ဆဇ္ဇိဓံ ဟောတိ အာရမ္မဏံ။

### အာရမ္မဏာ၏ ပစ္စည်း,ပစ္စယုပ္ပန်

**ပစ္စည်း** စိတ်–၈၉၊ စေ–၅၂၊ ရုပ်–၂၈၊ နိဗ္ဗာန်၊ ပညတ်။
**ပစ္စယုပ္ပန်** စိတ်–၈၉၊ စေ–၅၂။

* မြတ်စွာဘုရားကို ရှိခိုးပူဇော်သူ တစ်ဦး၏သန္တာန်၌ ဖြစ်သင့်သော ပစ္စည်း,ပစ္စယုပ္ပန်တို့ကို ဖော်ပြပါ။

မြတ်စွာဘုရားသည် အာရမ္မဏပစ္စည်း ဖြစ်ပါသည်။

ရှိခိုးသောသူ၏ သန္တာန်၌ဖြစ်သော မဟာကုသိုလ်စိတ်(၈)ပါး၊ စေတသိက်(၃၅)ပါးသည် ပစ္စယုပ္ပန် ဖြစ်ပါသည်။

## ဥပနိဿယပစ္စည်း သရုပ်(၃)ပါး

ဥပနိဿယပစ္စည်းသည် အာရမ္မဏူပနိဿယပစ္စည်း၊ အနန္တရူပနိဿယပစ္စည်း၊ ပကတူပနိဿယပစ္စည်းအားဖြင့် (၃)ပါးအပြားရှိပါသည်။

**သာဓက**– ဥပနိဿယော ပန (ပ) ပကတူပနိဿယော စေတိ။

### အာရမ္မဏူပနိဿယ၏ ပစ္စည်း,ပစ္စယုပ္ပန်

**ပစ္စည်း** အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သောနိပ္ပန္နရုပ်–၁၈၊ ဒေါ–၃၄၊ မော–၃၄၊ ဒုက္ခသဟဂုတ်ကာယဝိညာဉ်ကြဉ် စိတ်–၈၄၊ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ,ဝိစိကိစ္ဆာကြဉ် စေ–၄၇၊ နိဗ္ဗာန်။

**ပစ္စယုပ္ပန်** အလေးအမြတ်ပြုတတ်သော လောဘမူ၈၊ မဟာကု–၈ မဟာကြီဉာဏသံ–၄၊ လောကုတ်၈၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, အပ္ပမညာကြဉ် စေ–၄၅။

http://www.dhammadownload.com



## အာရမ္မဏနှင့် အာရမ္မဏူပနိဿယ အထူး

ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံအားဖြင့် ခြောက်ပါးအပြားရှိသော ပစ္စည်းသည် အာရမ္မဏပစ္စည်းမည်၏။

အလေးအမြတ်ပြုအပ်သော ကျင့်ဖြစ်သော နိပ္ပန္နရုပ်အဋ္ဌာရသ၊ ဒေါသမူဒွေး၊ မောဟမူဒွေး၊ ဒုက္ခသဟဂုတ်ကာယဝိညာဉ်ကြဉ်သော စိတ်–၈၄၊ ဒေါသ,ကျဿာ,မစ္ဆရိယ,ကုက္ကုစ္စ,ဝိစိကိစ္ဆာကြဉ်သော စေတသိက်–၄၇၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်ဟုဆိုအပ်သော အာရုံခြောက်ပါးသည် အာရမ္မဏူပနိဿယပစ္စည်း မည်၏။ ဤသို့ ထူးပါသည်။

**သာဓက**– တတ္ထ ရူပါဒိဝသေန ဆဗ္ဘိဓံ ဟောတိ အာရမ္မဏံ။
တတ္ထအာရမ္မဏမေဝ ဂရုကတံ အာရမ္မဏူပနိဿယော။

### အနန္တရူပနိဿယ၏ ပစ္စည်း,ပစ္စယုပ္ပန်

**ပစ္စည်း** ရဟန္တာတို့၏ စုတိကြဉ် စိတ်–၈၉၊ စေ–၅၂။
**ပစ္စယုပ္ပန်** ရဟန္တာတို့၏ စုတိနှင့်တကွ စိတ်–၈၉၊ စေ–၅၂။

### ပကတူပနိဿယ၏ ပစ္စည်း,ပစ္စယုပ္ပန်

**ပစ္စည်း** အဖျတ္တဖြစ်သော ရာဂစသောအကုသိုလ်တရား၊ သဒ္ဓါစသော ကုသိုလ်တရား၊ သုခ၊ ဒုက္ခ။ ဗဟိဒ္ဓဖြစ်သော ပုဂ္ဂလ၊ ဘောဇန၊ ဥတု၊ သေနာသန။
**ပစ္စယုပ္ပန်** ကု–၂၁၊ အကု–၁၂၊ ဝိ–၃၆၊ ကြိ–၂၀၊ စေ–၅၂။

### ပကတူပနိဿယ–ကမ္မ၏ ပစ္စည်း,ပစ္စယုပ္ပန်

**ပစ္စည်း** ဗလဝဖြစ်သော ကုသိုလ်,အကုသိုလ်ကံ။
**ပစ္စယုပ္ပန်** ဝိ–၃၆၊ စေ–၃၈။

http://www.dhammadownload.com



## ပကတ္တူပနိဿယ

| | ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|---|
| အဏ္ဏတ္တ | ရာဂါဒယော<br>သဒ္ဓါဒယော<br>သုခံ<br>ဒုက္ခံ | ကုလာဒိဓမ္မာနံ<br>(ကု-၂၁အကု-၁၂၀-၃၆ကြိ-၂၀စေ-၅၂) |
| ဗဟိဒ္ဓ | ပုဂ္ဂလော<br>ဘောဇနံ<br>ဥတု<br>သေနာသနံ | |

### ပကတ္တူပနိဿယ ပစ္စည်းများကို အဏ္ဏတ္တ, ဗဟိဒ္ဓ ခွဲပုံ

ရာဂါဒိ၊ သဒ္ဓါဒိ၊ သုခ၊ ဒုက္ခတို့သည် အဏ္ဏတ္တသန္တာန်၌ ဖြစ်ကြပါသည်။ ပုဂ္ဂလ၊ ဘောဇန၊ ဥတု၊ သေနာသနတို့သည် ဗဟိဒ္ဓသန္တာန်၌ ဖြစ်ကြပါသည်။

* ရာဂကြောင့် ဒါနမြောက်နိုင်/မမြောက်နိုင် သာဓကဖြင့် ရှင်းပြပါ။

ရာဂသည် ဒါနကုသိုလ်တရားအား ပကတ္တူပနိဿယသတ္တိဖြင့် ကျေးဇူးပြုနိုင်သောကြောင့် ရာဂကြောင့် ဒါနမြောက်နိုင်ပါသည်။

**သာဓက**– ရာဂါဒယော ပန ဓမ္မာ – ကုသလာဒိဓမ္မာနံ။

* 'အပေါင်းအသင်းမကောင်းက ပျက်စီးရသည်၊ အပေါင်းအသင်းကောင်းက ကြီးပွားရသည်' ဟူသောစကားများ အဘိဓမ္မာသဘာဝနှင့် ကိုက်ညီမှု ရှိ/မရှိ သာဓကဖြင့် ရှင်းပြပါ။

မကောင်းသော အပေါင်းအသင်းသည် အကုသိုလ်တရား

http://www.dhammadownload.com



ဖြစ်ပွားအောင်, ကောင်းသောအပေါင်းအသင်းသည် ကုသိုလ်တရား ဖြစ်ပွားအောင် ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုနိုင်သောကြောင့် အထက်ပါစကား အဘိဓမ္မာသဘာဝနှင့် ကိုက်ညီမှု ရှိပါသည်။

**သာဓက**– ပုဂ္ဂလော – ကုသလာဒိဓမ္မာနံ။

* လူသားထုတစ်ရပ်လုံးအား အစာအာဟာရ ရာသီဥတု အိပ်ရာ နေရာများက ကျေးဇူးပြုလျက်ရှိရာ အဘယ်ကဲ့သို့ ကျေးဇူးပြုပါသနည်း? ပဋ္ဌာန်းနည်းအရ ဆက်သွယ်ပြပါ။

လူသားထုတစ်ရပ်လုံးအား အစာအာဟာရ ရာသီဥတု အိပ်ရာ နေရာများက အဖျတ္တသန္တာန်မှာဖြစ်စေ, ဗဟိဒ္ဓသန္တာန်မှာဖြစ်စေ ကုသိုလ်, အကုသိုလ်စသောတရားများ ဖြစ်ပွားအောင် ပကတူပနိဿယသတ္တိဖြင့် ဆက်သွယ်ကျေးဇူး ပြုပါသည်။

## နာမ်ရုပ်(၂)ပါးသည် နာမ်ရုပ်(၂)ပါးအား (၉)ပစ္စည်း

အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတတို့ ဖြစ်ပါသည်။

## အဓိပတိပစ္စည်း သရုပ်(၂)ပါး

အဓိပတိပစ္စည်းသည်–

၁။ အာရမ္မဏာဓိပတိ၊

၂။ သဟဇာတာဓိပတိအားဖြင့် (၂)ပါးပြားပါသည်။

### အာရမ္မဏာဓိပတိ၏ ပစ္စည်း,ပစ္စယုပ္ပန်

**ပစ္စည်း** အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သောနိပ္ပန္နရုပ်–၁၈၊ ဒေါ–ဒွေး၊ မော–ဒွေး၊ ဒုက္ခသဟဂုတ်ကာယဝိညာဉ်ကြဉ်စိတ်–၈၄၊ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ,ဝိစိကိစ္ဆာကြဉ်စေ–၄၇၊ နိဗ္ဗာန်။

http://www.dhammadownload.com



**ပစ္စယုပ္ပန်** အလေးအမြတ်ပြုတတ်သော လောဘမူ၈၊ မဟာကု-၈ မဟာကြီဉာဏသံ-၄၊ လောကုတ်-၈၊ ဒေါသ,ဣဿာ, မစ္ဆရိယ,ကုက္ကုစ္စ,ဝိစိကိစ္ဆာ,အပွမညာကြဉ် စေ-၄၅။

## သဟဇာတာဓိပတိ၏ ပစ္စည်း,ပစ္စယုပ္ပန်

**ပစ္စည်း** မောဟမူဒွေး၊ ဟသိတုပ္ပါဒ်ကြဉ်သော အဓိပတိတပ်ခိုက် တပ်နေသာဓိပတိဇော-၅၂ခုဉ်ရှိသော ဆန္ဒ,ဝီရိယ,ဝီမံသ, သာဓိပတိဇော-၅၂ခုဟုဆိုအပ်သောစိတ်အားဖြင့် အဓိပတိ တရားကိုယ်(၄)ပါး။

**ပစ္စယုပ္ပန်** အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော-၅၂ခု၊ ဝိစိကိစ္ဆာကြဉ်သော စေ-၅၁၊ သာဓိပတိစိတ္တဇရုပ်။

* သဟဇာတာဓိပတိ၏ ပစ္စည်းအရတွင် ပါဝင်ခွင့်မရှိသော ဇောတို့ကို တိကျစွာ ဖော်ပြပါ။

မောဟမူဒွေးနှင့် ဟသိတုပ္ပါဒ်ဇောတို့ ဖြစ်ပါသည်။

## သဟဇာတပစ္စည်း သရုပ်(၃)ပါး

၁။ ပဝတ္တိနာမ် သဟဇာတ၊

၂။ ရုပ်သက်သက် သဟဇာတ၊

၃။ ပဋိသန္ဓေ သဟဇာတတို့ ဖြစ်ပါသည်။

## သဟဇာတ၏ ပစ္စည်း,ပစ္စယုပ္ပန်

### ၁။ ပဝတ္တိနာမ် သဟဇာတ

**ပစ္စည်း** စိတ်-၈၉၊ စေ-၅၂။

**ပစ္စယုပ္ပန်** စိတ်-၈၉၊ စေ-၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။

### ၂။ ရုပ်သက်သက် သဟဇာတ

**ပစ္စည်း** မဟာဘုတ် (၄)ပါး။

http://www.dhammadownload.com



**ပစ္စယုပ္ပန်** မဟာဘုတ်နှင့် ဥပါဒါရုပ်။

### ၃။ ပဋိသန္ဓေ သဟဇာတ

**ပစ္စည်း** ပဋိသန္ဓေကာရုပဋိသန္ဓေနာမကွန္ဓာ၊ ဟဒယဝတ္ထု။
**ပစ္စယုပ္ပန်** ပဋိသန္ဓေကာရုပဋိသန္ဓေနာမကွန္ဓာ၊ ဟဒယဝတ္ထု။

## အညမညပစ္စည်း သရုပ်(၃)ပါး

၁။ ပဝတ္တိနာမ် အညမည၊
၂။ ရုပ်သက်သက် အညမည၊
၃။ ပဋိသန္ဓေ အညမညတို့ ဖြစ်ပါသည်။

### အညမည၏ ပစ္စည်း,ပစ္စယုပ္ပန်

### ၁။ ပဝတ္တိနာမ် အညမည

**ပစ္စည်း** စိတ်-၈၉၊ စေ-၅၂။
**ပစ္စယုပ္ပန်** စိတ်-၈၉၊ စေ-၅၂။

### ၂။ ရုပ်သက်သက် အညမည

**ပစ္စည်း** မဟာဘုတ် (၄)ပါး။
**ပစ္စယုပ္ပန်** မဟာဘုတ် (၄)ပါး။

### ၃။ ပဋိသန္ဓေ အညမည

**ပစ္စည်း** ပဋိသန္ဓေကာရုပဋိသန္ဓေနာမကွန္ဓာ၊ ဟဒယဝတ္ထု။
**ပစ္စယုပ္ပန်** ပဋိသန္ဓေကာရုပဋိသန္ဓေနာမကွန္ဓာ၊ ဟဒယဝတ္ထု။

## နိဿယပစ္စည်း သရုပ်(၃)ပါး

နာမ်သဟဇာတနိဿယ၊ ရုပ်သဟဇာတနိဿယ၊ ပုရေဇာတ နိဿယတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



### နိဿယ၏ ပစ္စည်း,ပစ္စယုပ္ပန်

#### ၁။ နာမ်သဟဇာတ နိဿယ

**ပစ္စည်း** စိတ်–၈၉၊ စေ–၅၂။

**ပစ္စယုပ္ပန်** စိတ်–၈၉၊ စေ–၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။

#### ၂။ ရုပ်သဟဇာတ နိဿယ

**ပစ္စည်း** မဟာဘုတ် (၄)ပါး။

**ပစ္စယုပ္ပန်** မဟာဘုတ်နှင့် ဥပါဒါရုပ်။

#### ၃။ ပုရေဇာတ နိဿယ

**ပစ္စည်း** ဝတ္ထုရုပ် (၆)ပါး။

**ပစ္စယုပ္ပန်** ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်(၄)ခု ကြဉ်သော သတ္တဝိညာဏာဓာတ်။

### အာဟာရပစ္စည်း သရုပ်(၂)ပါး

ရုပ်အာဟာရ၊ နာမ်အာဟာရတို့ ဖြစ်ပါသည်။

### ရုပ်အာဟာရ၏ ပစ္စည်း,ပစ္စယုပ္ပန်

**ပစ္စည်း** အဇ္ဈတ္တသန္တာန်၌ရှိသော စတုသမုဋ္ဌာနိကဩဇ, ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇဩဇ။

**ပစ္စယုပ္ပန်** ကလာပ်တူဩဇကြဉ်သော ကလာပ်တူ ကလာပ်ပြား ဖြစ်သော စတုသမုဋ္ဌာနိက ကာယ။

### နာမ်အာဟာရ၏ ပစ္စည်း,ပစ္စယုပ္ပန်

**ပစ္စည်း** ဖဿ, စေတနာ, ဝိညာဉ်ဟုဆိုအပ်သော နာမ်အာဟာရ တရားကိုယ်(၃)ပါး။

**ပစ္စယုပ္ပန်** စိတ်–၈၉၊ စေ–၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။

http://www.dhammadownload.com



## ကုန္ဒြိယပစ္စည်း သရုပ်(၃)ပါး

ပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယ၊ သဟဇာတိန္ဒြိယတို့ ဖြစ်ပါသည်။

### ပုရေဇာတိန္ဒြိယ၏ ပစ္စည်း,ပစ္စယုပ္ပန်

**ပစ္စည်း** ပဥ္စဝတ္ထု (ပသာဒရုပ်-၅ပါး)။

**ပစ္စယုပ္ပန်** ပဥ္စဝိညာဏ်(ဒွေးပဥ္စဝိညာဉ်)-၁၀။

### ရူပဇီဝိတိန္ဒြိယ၏ ပစ္စည်း,ပစ္စယုပ္ပန်

**ပစ္စည်း** ပဝတ္ထိ,ပဋိသန္ဓေအားဖြင့် ရုပ်ပဇီဝိတိန္ဒြေ။

**ပစ္စယုပ္ပန်** ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူဖြစ်သော ပဋိသန္ဓေကမ္မဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္ထိကမ္မဇရုပ်။

### သဟဇာတိန္ဒြိယ၏ ပစ္စည်း,ပစ္စယုပ္ပန်

**ပစ္စည်း** ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာအားဖြင့် နာမ်ကွန္ဒြေတရားကိုယ်(၈)ပါး။

**ပစ္စယုပ္ပန်** စိတ်-၈၉၊ စေ-၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။

## ဝိပ္ပယုတ္တပစ္စည်း သရုပ်(၃)ပါး

သဟဇာတဝိပ္ပယုတ္တ၊ ပစ္ဆာဇာတဝိပ္ပယုတ္တ၊ ပုရေဇာတဝိပ္ပယုတ္တတို့ ဖြစ်ပါသည်။

### သဟဇာတဝိပ္ပယုတ္တ၏ ပစ္စည်း,ပစ္စယုပ္ပန်

**ပစ္စည်း** ပဥ္စဝေါကာရပဋိသန္ဓေနှင့် အတူညပါဒ်သော ဟဒယဝတ္ထု၊ ပဥ္စဝေါကာရဘုံ၌ ဖြစ်ခိုက်ဖြစ်နေ အရူပဝိပါက်(၄)ခု၊ ဒွေး-၁၀၊ ရဟန္တာတို့၏စုတိကြဉ်စိတ်-၇၅ခု၊ စေ-၅၂။

**ပစ္စယုပ္ပန်** ပဥ္စဝေါကာရပဋိသန္ဓေ နာမကွန္ဓာ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။

http://www.dhammadownload.com



**အမှာ**– ပစ္စာဇာတဝိပွယုတ်သည် ပစ္စာဇာတအတိုင်းဖြစ်၍ ပုရေဇာတဝိပွယုတ်သည်လည်း ပုရေဇာတအတိုင်း ဖြစ်သည်။

## အတ္ထိပစ္စည်း သရုပ်(၅)မျိုး

၁။ သဟဇာတတ္ထိ၊ (သဟဇာတနှင့်တူ)
၂။ ပုရေဇာတတ္ထိ၊ (ဝတ္ထုပုရေဇာတနှင့်တူ)
၃။ ပစ္ဆာဇာတတ္ထိ၊ (ပစ္ဆာဇာတနှင့်တူ)
၄။ ရူပအာဟာရတ္ထိ၊ (ရုပ်အာဟာရနှင့်တူ)
၅။ ရူပဇီဝိတိန္ဒြိယတ္ထိ၊ (ရူပဇီဝိတိန္ဒြိယနှင့်တူ)

## အဝိဂတပစ္စည်း သရုပ်(၅)မျိုး

၁။ သဟဇာတအဝိဂတ၊ (သဟဇာတနှင့်တူ)
၂။ ပုရေဇာတအဝိဂတ၊ (ဝတ္ထုပုရေဇာတနှင့်တူ)
၃။ ပစ္ဆာဇာတအဝိဂတ၊ (ပစ္ဆာဇာတနှင့်တူ)
၄။ ရူပအာဟာရအဝိဂတ၊ (ရုပ်အာဟာရနှင့်တူ)
၅။ ရူပဇီဝိတိန္ဒြိယအဝိဂတ။ (ရူပဇီဝိတိန္ဒြိယနှင့်တူ)

* 'ပဉ္စဝိဓော ဟောတိ အတ္ထိပစ္စယော အဝိဂတပစ္စယော'၌ အတ္ထိပစ္စည်း (အဝိဂတပစ္စည်း) ငါးမျိုးတို့၏ ပစ္စည်း, ပစ္စယုပ္ပန် အကျယ်ပြပါဠိကို ရေးသားပါ။

စိတ္တစေတသိကာ ဓမ္မာ အညမညံ သဟဇာတရူပါနဉ္စ, မဟာဘူတာ အညမညံ ဥပါဒါရူပါနဉ္စ, ပဋိသန္ဓိက္ခဏေ ဝတ္ထုဝိပါကာ အညမညံ သဟဇာတဝသေန၊ ဆ ဝတ္ထူနိ ပဝတ္တိယံ သတ္တန္နံ ဝိညာဏဓာတူနံ, ပဉ္စာရမ္မဏာနိ စ ပဉ္စဝိညာဏဝီထိယာ ပုရေဇာတဝသေန၊ ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတဝသေန၊ ကဗဠီကာရော အာဟာ

http://www.dhammadownload.com



ရော ဣမဿ ကာယဿ အာဟာရဝသေန၊ ရူပဇီဝိတိန္ဒြိယံ ဥပါဒိန္နရူပါနံ ဣန္ဒြိယဝသေနေတိ စ ပဋိဓော ဟောတိ အတ္ထိ (အဝိဂတ)ပစ္စယော။

## ၂၄–ပစ္စည်းကို ပညတ်,နာမ်,ရုပ် ခွဲပုံ

၁။ နာမ်ဖြစ်သော ပစ္စည်းများမှာ– ဟေတု၊ အနန္တရ၊ သမနန္တရ၊ ပစ္ဆာဇာတ၊ အာသေဝန၊ ကမ္မ၊ ဝိပါက၊ ဈာန၊ မဂ္ဂ၊ သမ္မယုတ္တ၊ နတ္ထိ၊ ဝိဂတအားဖြင့် (၁၂)ပစ္စည်းတို့ ဖြစ်ပါသည်။

**သာဓက**– ဆဓာ နာမံ တု နာမဿ၊ ပဋိဓာ နာမရူပိနံ။
ဧကဓာ ပုန ရူပဿ။

၂။ ရုပ်ဖြစ်သော ပစ္စည်းများမှာ– ပုရေဇာတ ဖြစ်ပါသည်။

**သာဓက**– ရူပံ နာမဿ ဧကဓာ။

၃။ နာမ်ရုပ်ဖြစ်သော ပစ္စည်းများမှာ– အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ အားဖြင့် (၉)ပစ္စည်းတို့ ဖြစ်ပါသည်။

**သာဓက**– ဒွယံ ဒွယဿ နဝဓာ။

၄။ ပညတ်နာမ်ရုပ်ဖြစ်သောပစ္စည်းများမှာ– အာရမ္မဏ၊ ဥပနိဿယ အားဖြင့် (၂)ပစ္စည်းတို့ ဖြစ်ပါသည်။

**သာဓက**– ပညတ္တိနာမရူပါနိ၊ နာမဿ ဒုဝိဓာ။

## ၂၄–ပစ္စည်းကို အကျဉ်းချုပ်လိုက်လျှင်

အာရမ္မဏပစ္စည်း, ဥပနိဿယပစ္စည်း, ကမ္မပစ္စည်း, အတ္ထိပစ္စည်း ဟူ၍ လေးမျိုးသာ ရှိပါသည်။

**သာဓက**– အာရမ္မဏူပနိဿယ ကမ္မတ္ထိပစ္စယေသု (ပ) ဂစ္ဆန္တိ။

http://www.dhammadownload.com



* 'သဟဇာတ ရူပါန်'၌ သဟဇာတရုပ်အရကို သာဓကပြဖြေဆိုပါ။

ပဝတ္တိအခါ ဖြစ်လျှင် စိတ္တဇရုပ်၊ ပဋိသန္ဓေအခါ ဖြစ်လျှင် ကဋတ္တာ(ကမ္မဇ)ရုပ် ရပါသည်။

**သာဓက**– သဟဇာတရူပန္တိ ပနေတ္ထ (ပ) ဟောတိတိ ဝေဒိတဗ္ဗံ။

**တေကာလိကတရား** = စိတ်, စေတသိက်, ရုပ်။
**ကာလဝိမုတ်တရား** = နိဗ္ဗာန်, ပညတ်။
**အဇ္ဈတ္တတရား** = မိမိသန္တာန်၌ဖြစ်သော စိတ်,စေတသိက်,ရုပ်။
**ဗဟိဒ္ဓတရား** = သူတစ်ပါးသန္တာန်၌ဖြစ်သောစိတ်, စေတသိက်, ရုပ်နှင့် နိဗ္ဗာန်။
**သခ်ိတတရား** = ကံစသောအကြောင်းတို့သည် ပြုစီမံအပ်သော စိတ်, စေတသိက်, ရုပ်။
**အသခ်ိတတရား** = ကံစသော အကြောင်းတို့သည် မစီမံအပ်သော နိဗ္ဗာန်, ပညတ်။

## ၂၄–ပစ္စည်း ကာလအားဖြင့် ခွဲပုံ

အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ ပစ္စည်းတို့သည် အတိတ်ကာလ၌ ဖြစ်ပါသည်။ ကမ္မပစ္စည်းသည် အတိတ်,ပစ္စုပ္ပန်ကာလနှစ်ပါး၌ ဖြစ်ပါသည်။ အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ ပစ္စည်းတို့သည် ကာလသုံးပါး၌ ဖြစ်ပါသည်။ ကြွင်း(၁၅)ပစ္စည်းတို့သည် ပစ္စုပ္ပန်ကာလ၌ ဖြစ်ပါသည်။

[**ဆောင်**] နန်,နန်,သေ,နတ်၊ ဝိဂတတ်၊ ငါးရုပ် အတီတာ။
တိတ်,ပန်–ကံဟု၊ အာ,ဓိ,ဥ၊ သုံးခု တိကာလာ။
ကြွင်းဆယ့်ငါးတန်၊ ပစ္စုပ္ပန်၊ မှတ်ရန် သောတုနာ။
(အရှင်နန္ဒာသီရီ)

http://www.dhammadownload.com



* ၂၄-ပစ္စည်းတို့၏ အနှစ်ချုပ်တရားကိုယ်အရကို သာဓကနှင့် တကွ ကောက်ပြပါ။

ပညတ်,နာမ်,ရုပ်တို့ ဖြစ်ပါသည်။

**သာဓက**- ပညတ္တိ နာမရူပါနံ၊ (ပ) စတုဝီသတိ သဗ္ဗထာ။

**၂၄-ပစ္စည်းတို့ကို ပစ္စည်း,ပစ္စယုပ္ပန်အား လျော်စွာ သဘောတူရာ ပေါင်းစုခွဲခြားထားသောဂါထာ**

ဆဓာ နာမံ တု နာမဿ၊ (ပ) ဆဇ္ဇိဓာ ပစ္စယာ ကထံ။

**ပစ္စည်း,ပစ္စယုပ္ပန်အရတူသော ပစ္စယသတ္တိ(၄)ပါးပြပါဦ**

အနန္တရနိရုဒ္ဓါ (ပ) အနန္တရသမနန္တရနတ္ထိဝိဂတဝသေန။

**ဖောအချင်းချင်းသာ ကျေးဇူးပြုသော ပစ္စယသတ္တိပြပါဦ**

ပုရိမာနိ ဇဝနာနိ ပစ္ဆိမာနံ ဇဝနာနံ အာသေဝနဝသေန။

**ကောင်းဆိုးနှစ်တန် စေတနာကံ၏ အကျိုးမရှိဟူသောဝါဒကို ပယ်မြစ်ပုံပြပါဦ**

သဟဇာတာ စေတနာ (ပ) နာမရူပါနံ ကမ္မဝသေန။

**စိတ်ထောင်းတော့ ကိုယ်ကြေ, စိတ်ပျိုတော့ ကိုယ်နု အဆိုအရ စိတ်က ကိုယ်အား ကျေးဇူးပြုပုံပါဦ**

ပဌာဇာတာ စိတ္တစေတသိကာ (ပ) ရူပဿ ပစ္စယော ဟောတိ။

**အာရမ္မဏနှင့် ဥပနိဿယ သရုပ်ပြပါဦ**

ပစ္စည်းပိုင်း စာပိုဒ်- ၂၁၊ ၂၂။

**၂၄-ပစ္စည်းတို့တွင် အရာအကျယ်ဆုံးပစ္စည်း၏ ပစ္စည်း, ပစ္စယုပ္ပန်ပြပါဦ**

ပစ္စည်းပိုင်း စာပိုဒ်- ၂၃၊ ၂၄၊ ၂၅။

http://www.dhammadownload.com



**အတ္ထိနှင့် အဝိဂတတို့၏ အပြားပြပါဠိ**

သဟဇာတံ ပုရေဇာတံ (ပ) အတ္ထိပစ္စယော, အဝိဂတပစ္စယောစ။

**သဟဇာတရုပ်နှင့်စပ်၍ အထူးမှတ်ချက်ပြပါဠိ**

သဟဇာတရူပန္တိ ပနေတ္ထ (ပ) ဒုဝိဓံ ဟောတိတိ ဝေဒိတဗ္ဗံ။

ပဋ္ဌာန်းနည်း ပြီး၏။

❐❐❐❐❐

**ရုပ်,နာမ် ခွဲပုံ**

ရုပ်တရားအရ ရုပ်(၂၈)ပါးဟူသော ရူပက္ခန္ဓာ ရပါသည်။

နာမ်တရားအရ စိတ်,စေတသိက်ဟူသော နာမက္ခန္ဓာလေးပါးနှင့် နိဗ္ဗာန်၊ ပေါင်း(၅)ပါး ရပါသည်။

* နိဗ္ဗာန်သည် ရုပ်တရားလော, နာမ်တရားလော? သာဓက ဖြင့် ရှင်းပြပါ။

စိတ်,စေတသိက်ဟူသော နာမက္ခန္ဓာလေးပါးနှင့် နိဗ္ဗာန်ကို နာမ်ဟုဆိုထားသောကြောင့် နိဗ္ဗာန်သည် နာမ်တရား ဖြစ်ပါသည်။

**သာဓက**– စိတ္တစေတသိကသခ်ါတာ (ပ) နာမန္တိ စ ပဝုစ္စတိ။

* နိဗ္ဗာန်သည် အထည်ကိုယ်ဒြပ် ထင်ရှားရှိ၏ဟုဆိုက သင့်/မသင့် သာဓကဖြင့် ရှင်းပြပါ။

နိဗ္ဗာန်သည် အထည်ကိုယ်ဒြပ် ထင်ရှားရှိသော ရုပ်တရားမဟုတ်။ နာမ်တရားသာ ဖြစ်သောကြောင့် အထက်ပါဆိုစကားမသင့်ပါ။

**သာဓက**– စိတ္တစေတသိကသခ်ါတာ (ပ) နာမန္တိ စ ပဝုစ္စတိ။

http://www.dhammadownload.com



## ပညတ်အဖြာ (၂)ပါး

စိတ်၌ထင်လာသမျှ မြေ, တောင်စသည့် အကောင်အထည် ဒြဗ်ဝတ္ထု တစ်ခုခုသည် သိစေအပ်သည့်အတွက် **အတ္ထပညတ်** မည်၏။

ပါဠိစကားသံဖြစ်စေ, မြန်မာစကားသံဖြစ်စေ, တရုပ်,ကုလား စသောလူမျိုးများ၏ စကားသံဖြစ်စေ စကားသံဟူသမျှသည် သိစေတတ်သည်ချည်းဖြစ်သောကြောင့် **သဒ္ဒပညတ်** မည်၏။

ဘူမိသည် သဒ္ဒပညတ်၊ မြေကြီးသည် အတ္ထပညတ်။
မြေကြီးသည် သဒ္ဒပညတ်၊ ပြန့်ကျယ်သောအရာသည် အတ္ထပညတ်။

## အတ္ထပညတ် အဖြာများ

၁။ မြေ,တောင်စသော ပညတ်သည် ပထဝီစသော မဟာဘုတ်တို့၏ အထူးထူးအဖုံဖုံ ထက်ဝန်းကျင်ညွှတ်ကိုင်းလျက် တည်နေပုံအခြင်းအရာကို စွဲ၍ ခေါ်ဝေါ်သမုတ်အပ်သောကြောင့် **သန္ဌာနပညတ်** မည်၏။

၂။ အိမ်, ရထား, လှည်းစသော ပညတ်သည် သစ်သားစသော အဆောက်အဦး တို့၏ စုဝေးတည်နေပုံ အခြင်းအရာကိုစွဲ၍ ခေါ်ဝေါ်သမုတ်အပ်သောကြောင့် **သမူဟပညတ်** မည်၏။

၃။ ယောက်ျား,မိန်းမစသောပညတ်သည် ခန္ဓာငါးပါးအပေါင်းကို စွဲ၍ ခေါ်ဝေါ်သမုတ်အပ်သောကြောင့် **သတ္တပညတ်** မည်၏။

၄။ အရပ်မျက်နှာ,နံနက်,ညနေစသောပညတ်သည် လနေ,နက္ခတ်တို့၏ မြင့်မိုရ်တောင်ကို လက်ျာရစ်လည်လျက် ထွက်ပုံ,ဝင်ပုံ စသည်ကိုစွဲ၍ ခေါ်ဝေါ်သမုတ်အပ်သောကြောင့် **ဒိသာပညတ်, ကာလပညတ်** မည်၏။

http://www.dhammadownload.com



၅။ တွင်း,ဂူစသောပညတ်သည် မဟာဘုတ်ချင်း မထိမစပ် ဟင်းလင်းဖြစ်နေပုံ အခြင်းအရာကိုစွဲ၍ ခေါ်ဝေါ်သမုတ်အပ်သောကြောင့် **အာကာသပညတ်** မည်၏။

၆။ ကသိုဏ်းပညတ်, နိမိတ္တပညတ် စသည်သည် ပထဝီကသိုဏ်းစသော ထိုထိုမဟာဘုတ် အာရုံနှင့် ပရိကမ္မဘာဝနာ စသော ဘာဝနာအစဉ်ထူးကို စွဲ၍ ခေါ်ဝေါ်သမုတ်အပ်သောကြောင့် **ကသိုဏ်းပညတ်, နိမိတ္တပညတ်** မည်၏။

* အဘယ်ကို အစွဲပြု၍ မြေကြီးဟု ခေါ်ပါသနည်း? သာဓကပြဖြေဆိုပါ။

ပထဝီစသော မဟာဘုတ်တို့၏ အထူးထူးအဖုံဖုံ ထက်ဝန်းကျင်ညွှတ်ကိုင်းလျက် တည်နေပုံအခြင်းအရာကိုကို အစွဲပြု၍ မြေကြီးဟု ခေါ်ရပါသည်။

**သာဓက**– တံတံဘူတဝိပရိဏာမာကာရ (ပ) ဘူမိပဇ္ဇတာဒိကာ။

* အဘယ်ကို အစွဲပြု၍ 'အိမ်'ဟု ခေါ်ပါသနည်း? သာဓကပြဖြေဆိုပါ။

သစ်သားစသောအဆောက်အဦးတို့၏ စုဝေးတည်နေပုံ အခြင်းအရာကို အစွဲပြု၍ 'အိမ်'ဟု ခေါ်ရပါသည်။

**သာဓက**– သမ္ဘာရသန္နိဝေသာကာရ (ပ) ဂေဟရထသကဋာဒိကာ။

* အဘယ်ကို အစွဲပြု၍ ယောက်ျား,မိန်းမဟု ခေါ်ပါသနည်း? သာဓကပြ ဖြေဆိုပါ။

ခန္ဓာငါးပါးအပေါင်းကို အစွဲပြု၍ ယောက်ျား,မိန်းမဟု ခေါ်ပါသည်။

**သာဓက**– ခန္ဓပဉ္စကမုပါဒါယ ပုရိသပုဂ္ဂလာဒိကာ။

http://www.dhammadownload.com



* အဘယ်ကို အစွဲပြု၍ နေ,နှင့်ည ဖြစ်ပေါ်လာပါသနည်း? သာဓကပြု ဖြေဆိုပါ။

လ,နေ,နက္ခတ်တို့၏ မြင့်မိုရ်တောင်ကို လက်ျာရစ်လည်လျက် ထွက်ပုံ,ဝင်ပုံစသည်ကို အစွဲပြု၍ နေ,နှင့်ည ဖြစ်ပေါ်လာပါသည်။

**သာဓက**– စန္ဒာဝဋ္ဋနာဒိကမုပါဒါယ ဒိသာကာလာဒိကာ။

## အာကာသဓာတ်နှင့် အာကာသပညတ် အထူး

အာကာသဓာတ်သည် ပရိစ္ဆေဒရုပ်ဟူသော ပရမတ္ထတရား ဖြစ်ပါသည်။ အာကာသပညတ်သည် မဟာဘုတ်ချင်း မထိမစပ်ပုံ အခြင်းအရာကို စွဲ၍ဖြစ်သော ပညတ်တရား ဖြစ်ပါသည်။ ဤသို့ ထူးပါသည်။

**သာဓက**– အာကာသဓာတု ပရိစ္ဆေဒရူပံ နာမ။
အသမ္ဖုဋ္ဌာကာရ မုပါဒါယ ကူပဂူဟာဒိကာ။

## ပရမတ္ထအားဖြင့် ထင်ရှားမရှိ

'ပရမတ္ထတော အဝိဇ္ဇမာနာပိ'ပါဠိကို ထောက်၍ ပညတ် အပ်သမျှသော အရာဝတ္ထု အထည်ခြပ်အစုသည် ပရမတ္ထအားဖြင့် ဘာတစ်ခုမျှ ထင်ရှားမရှိကြပါ။

## ပရမတ္ထနှင့် မကင်း

'အတ္ထစ္ဆာယာကာရေန စိတ္တာပ္ပါဒါန မာရမ္မဏာဘူတာ'ပါဠိကို ထောက်၍ အထည်ခြပ် အတ္ထပညတ်အစုသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော်လည်း မဟာဘုတ်စသော ပရမတ္ထတရားတို့၏ အရိပ်အရောင်အားဖြင့် စိတ္တာပ္ပါဒ်မှာ ထင်လာရသည့်အတွက် စိတ်, စေတသိက်တို့၏ အာရုံဖြစ်နေသောကြောင့် ပရမတ္ထနှင့် မကင်းပါ။

http://www.dhammadownload.com



## သဒ္ဒပညတ်၏ အမည်များ

သဒ္ဒပညတ်ဟူသမျှသည် နာမ၊ နာမကမ္မ၊ နာမဓေယျ၊ နာမ နိရုတ္တိ၊ နာမဗျဥ္ဇန၊ နာမာဘိလာပဟူသောအမည်များ ရနိုင်ပါသည်။

**သာဓက**– ပညာပနတော ပညတ္တိ ပန နာမ (ပ) ပရိဒီပိတာ။

## သဒ္ဒပညတ် (၆)ပါး

၁။ ရုပ်,ဝေဒနာစသည်တို့သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့် **ဝိဇ္ဇမာနပညတ်** ဖြစ်ပါသည်။

၂။ မြေ,တောင်စသည်တို့သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် **အဝိဇ္ဇမာနပညတ်** ဖြစ်ပါသည်။

၃။ **ဆဠဘိညာ**–ခြောက်ပါးသောအဘိညာဉ်+ရှိသူ။ ဤ၌ အဘိညာဉ် ခြောက်ပါးသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့် ဝိဇ္ဇမာနဖြစ်၏။ ရှိသူ(အဘိညာဉ်ကို ပိုင်ဆိုင်သူ)သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် အဝိဇ္ဇမာနဖြစ်၏။ ထိုနှစ်ရပ်ကို ရောစပ်၍ ဆဠဘိညသည် **ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်** ဖြစ်ပါသည်။

၄။ **ဣတ္ထိသဒ္ဒ**–မိန်းမ+အသံ။ ဤ၌ မိန်းမသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် အဝိဇ္ဇမာနဖြစ်၏။ အသံသည် သဒ္ဒရုပ် ဖြစ်၍ ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့် ဝိဇ္ဇမာနဖြစ်၏။ ထိုနှစ်ရပ်ကို ရောစပ်၍ ဣတ္ထိသဒ္ဒသည် **အဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်** ဖြစ်ပါသည်။

၅။ **စက္ခုဝိညာဏ**– စက္ခုပသာဒဠ်မိသော+ဝိညာဉ်။ ဤ၌ စက္ခု ပသာဒသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့် ဝိဇ္ဇမာန ဖြစ်၏။ ဝိညာဉ်သည်လည်း ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့် ဝိဇ္ဇမာနဖြစ်၏။ ထိုနှစ်ရပ်ကို ရောစပ်၍ စက္ခုဝိညာဏ

http://www.dhammadownload.com



သည် **ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်** ဖြစ်ပါသည်။

၆။ **ရာဇပုတ္တ**–မင်း၏+သားတော်။ ဤ၌ မင်းသည် ပရမတ္ထအား ဖြင့် ထင်ရှား မရှိသောကြောင့် အဝိဇ္ဇမာနဖြစ်၏။ သားတော် သည်လည်း ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် အဝိဇ္ဇ မာနဖြစ်၏။ ထိုနှစ်ရပ်ကို ရောစပ်၍ ရာဇပုတ္တသည် **အဝိဇ္ဇမာ နေန အဝိဇ္ဇမာနပညတ်** ဖြစ်ပါသည်။

* ပညတ်သဘောတရား လေ့လာထားသူများ ပီပီ 'ချောစုခင်၏ အသံ'ဟူသည် မည်သည့်သဒ္ဒပညတ် ဖြစ်ပါသနည်း? ရှင်းပြပါ။

ချောစုခင်သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် လည်းကောင်း၊ အသံသည် သဒ္ဒရုပ်ဖြစ်၍ ပရမတ္ထအားဖြင့် ထင် ရှားရှိသောကြောင့်လည်းကောင်း၊ ချောစုခင်၏ အသံသည် အဝိဇ္ဇ မာနေန ဝိဇ္ဇမာနပညတ် ဖြစ်ပါသည်။

* အောက်ပါ သဒ္ဒပညတ်တို့၏ အမည်မှန်များကို တိကျစွာ ဖော်ပြပါ။

(က) စေတနာ၊ (ခ) ကမ္ဘာကြီး၊ (ဂ) အကယ်ဒမီကျော်ဟိန်း။

(က) ဝိဇ္ဇမာနပညတ် ဖြစ်ပါသည်။

(ခ) အဝိဇ္ဇမာနပညတ် ဖြစ်ပါသည်။

(ဂ) အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ် ဖြစ်ပါသည်။

## ပညတ်(၂)ပါးကို သိပုံ

တိ,န,ဒ,ပ,သော,သံ,ဏ,ဝု,ဧ–ဂု,တ,တ–**သောတဝိညာဏဝီထိ**

န, ဒ, မ, ဧ–ဂု, တ, တ–**တဒနုဝတ္တိကမနောဒွါရဝီထိ**

န, ဒ, မ, ဧ–ဂု, တ, တ–**တတိယမနောဒွါရဝီထိ**

န, ဒ, မ, ဧ–ဂု, တ, တ–**စုတ္ထမနောဒွါရဝီထိ**

http://www.dhammadownload.com



၁။ **ဂေါ**ဟူသော စကားသံကို ကြားရသောအခါ ထိုဂေါဟူသော ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြုလျက် သောတဝိညာဏဝီထိ ဖြစ်၏။

၂။ ထို့နောက် ချုပ်သွားပြီးသော ဂေါဟူသောအသံကို ဆက်လက် အာရုံပြုသော တဒနုဝတ္တိက မနောဒွါရဝီထိဖြစ်၏။ (ဤဝီထိ နှစ်မျိုးဖြင့် အသံသာမညကိုသာ သိသေး၏၊ သဒ္ဒပညတ်ကို မသိသေး။)

**သာဓက**– ဝစီဃောသာနုသာရေန၊ သောတဝိညာဏဝီထိယာ။

၃။ ထို့နောက် ဂေါဟူသော သဒ္ဒပညတ်ကို အာရုံပြုသော တတိယ မနောဒွါရဝီထိ ဖြစ်၏။ ထိုဝီထိဖြင့် သဒ္ဒပညတ်ကို အတိ အက္ခ သိ၏။

**သာဓက**– ပဝတ္တာနန္တ ရုပ္ပန္နေ၊ မနောဒွါရသ ဂေါစရာ။

၄။ ထို့နောက် နွားဟူသော အနက်ဒြဗ် အတ္ထပညတ်ကို အာရုံပြု လျက် စတုတ္ထမနောဒွါရဝီထိ ဖြစ်၏၊ ထိုဝီထိဖြင့်သာ နွားဟူ သော အနက်ဒြဗ်အတ္ထပညတ်ကို သိနိုင်၏။

**သာဓက**– အတ္ထာ ယသ္သာနုသာရေန၊ ဝိညာယျန္တိ တတော ပရံ။

**အမှာ**– အထက်ပါ(၄)ဝီထိတို့တွင် သောတဝိညာဏဝီထိ၊ တဒနု ဝတ္တိကမနောဒွါဝီထိ၊ ဤနှစ်ဝီထိဖြင့် အသံသာမညကိုသာ သိပါသည်။ တတိယမနောဒွါရဝီထိဖြင့် နာမပညတ်ခေါ် သဒ္ဒပညတ်ကို သိပါသည်။ စတုတ္ထမနောဒွါရဝီထိဖြင့် အနက်ဒြပ် အတ္ထပညတ်ကို သိပါသည်။

**ဥပမာ**–

ဂေါ–ဟူသောအက္ခရာတစ်လုံးသည် (၄)ဝီထိဖြစ်ပြီးမှ နွားဟုသိ၏။

ဘူမိ–ဟူသောအက္ခရာနှစ်လုံးသည် (၆)ဝီထိဖြစ်ပြီးမှ မြေဟုသိ၏။

ပဗ္ဗတ–ဟူသောအက္ခရာသုံးလုံးသည် (၈)ဝီထိဖြစ်ပြီးမှ တောင်ဟု သိ၏။

**အမှာ**–အက္ခရာနှစ်လုံး,သုံးရှိရာတွင် အက္ခရာတစ်လုံးလုံးကို အာရုံ ပြု၍ အသံသာမညကို သိဖို့ရန် သောတဝိညာဏဝီထိနှင့် တဒနုဝတ္တိက

http://www.dhammadownload.com



မနောဒွါရဝီထိတို့ နှစ်ကြိမ်စီ ဖြစ်ကြရ၏။ သဒ္ဒပညတ်ကို သိဖို့ရန် တစ်ဝီထိ၊ အတ္ထပညတ်ကို သိဖို့ရန် တစ်ဝီထိစီ ဖြစ်ကြရသောကြောင့် အကွရာနှစ်လုံးရှိရာ၌ (၆)ဝီထိ၊ အကွရာသုံးလုံးရှိရာ၌ (၈)ဝီထိ ဖြစ်ရပါသည်။

## နာမပညတ် ဖြစ်ပေါ်လာပုံ

ကမ္ဘာတည်ပြီးနောက် လူသားများ ဖြစ်ပေါ်လာသောအခါ ထိုထိုအရာဝတ္ထု အတ္ထပညတ်များသာ ရှိနေသေး၏။ ထိုအရာဝတ္ထုများကို ပြောဆိုခေါ်ဝေါ်ဖို့ရာ စကားလုံး နာမပညတ်များ မရှိသေးပါ။ ထိုအခါ ပညာရှင်များက မြေသားဒြဗ်ကို စိတ်ဖြင့်အာရုံပြု၍ ဘူမိဟူသောစကားလုံးကို စတင်တီထွင် သုံးစွဲလိုက်၏၊ ထိုအခါမှစ၍ ဘူမိသဒ္ဒါသည် မြေကြီးဟုသိဖို့ရာ အမှတ်အသား စကားလုံးတစ်ခု ဖြစ်လာရသည်၊ ဤသို့ ရှေးပညာရှင်များက နာမပညတ်အမျိုးမျိုးကို တီထွင်လာခဲ့သည့်အတွက် လောကၠ၌ နာမပညတ်များ ဖြစ်ပေါ်လာရပါသည်။

**သာဓက**– သာယံ ပညတ္တိ ဝိညေယျာ၊ လောကသင်္ကေတနိမ္မိတာ။

## ရုပ်နှင့်နာမ် ခွဲခြားဝေဖန်ပုံပြပါဦ

တတ္ထ ရူပဓမ္မာ ရူပက္ခန္ဓောဝ (ပ) နာမန္တိ စ ပဝုစ္စတိ။

## အတ္ထပညတ် အပြားများပြပါဦ

ကထံ? တံတံဘူတဝိပရိဏာမာကာရ (ပ) ပညတ္တိ နာမ။

## သဒ္ဒပညတ်အပြား(၆)ပါး၏ အကျယ်ပြပါဦ

တတ္ထ ယဒါ ပန (ပ) ရာဇပုတ္တောတိ စ ဝေဒိတဗ္ဗော။

ပစ္စည်းပိုင်း ပြီး၏။

❑❑❑❑❑

http://www.dhammadownload.com

# ကမ္မဋ္ဌာန်းပိုင်း

သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းအားဖြင့် (၂)ပါးသော ကမ္မဋ္ဌာန်းကို ပြရာအပိုင်းကို 'ကမ္မဋ္ဌာန်းပိုင်း'ဟု ခေါ်ပါသည်။

## သမထဘာဝနာ ခေါ်ပုံ

နိဝရဏတရားများနှင့် အောက်အောက်စျာန်အင်္ဂါများကို ငြိမ်းစေတတ်သောကြောင့် **'သမထဘာဝနာ'** ဟု ခေါ်ပါသည်။

## သမထအရှုနှင့် အကျိုး

**သမထအရ**– မဟာကုသိုလ်စိတ်, မဟာကြိယာစိတ်၌ရှိသော သမာဓိခေါ် ဧကဂ္ဂတာစေတသိက် ရပါသည်။

**အကျိုးတရား**– သမထဘာဝနာကမ္မဋ္ဌာန်းကို ပွားများအား ထုတ်လျှင် မဟဂ္ဂုတ်စျာန်တရားများကို ရနိုင်ပါသည်။

## ဝိပဿနာဘာဝနာ ခေါ်ပုံ

တေဘူမက ရုပ်နာမ်ဓမ္မကို အနိစ္စ, ဒုက္ခ, အနတ္တဟု အထူးထူး အပြားပြား ရှုတတ်သောကြောင့် **'ဝိပဿနာ ဘာဝနာ'**ဟု ခေါ်ပါသည်။

## ဝိပဿနာအရှုနှင့် အကျိုး

**ဝိပဿနာအရ**– မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ် စိတ်၌ရှိသော ပညာစေတသိက် ရပါသည်။

**အကျိုးတရား**– ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို ပွားများအား

http://www.dhammadownload.com



ထုတ်လျှင် မင်္ဂ,ဖိုလ်ကို ရနိုင်ပါသည်။

## ကမ္မဋ္ဌာန်း ခေါ်ပုံ

ဘာဝနာနှစ်ပါးကို ပွားများအားထုတ်မှု၏ တည်ရာဖြစ်သော ပထဝီကသိုဏ်းစသော အာရုံများနှင့် ရုပ်နာမ်အာရုံများကို **ကမ္မဋ္ဌာန်း** ဟု ခေါ်ပါသည်။

ပထဝီကသိုဏ်းစသော အာရုံများသည် သမထဘာဝနာ၏ ကမ္မဋ္ဌာန်း ဖြစ်ပါသည်။ ရုပ်နာမ်အာရုံများသည် ဝိပဿနာဘာဝနာ၏ ကမ္မဋ္ဌာန်း ဖြစ်ပါသည်။

## သမထကမ္မဋ္ဌာန်းနည်း

## ကမ္မဋ္ဌာန်း(၄၀)ကို အကျဉ်းချုပ် ရေတွက်ပုံ

ကသိုဏ်း(၁၀)ပါး၊ အသုဘ(၁၀)ပါး၊ အနုဿတိ(၁၀)ပါး၊ အပွမညာ(၄)ပါး၊ သညာ(၁)ပါး၊ ဝဝတ္ထာန်(၁)ပါး၊ အာရုပ္ပ(၄)ပါးတို့ ဖြစ်ပါသည်။

## စရိုက် ခေါ်ပုံ

ပင်ကိုယ်ရိုးရာ အများတကာ ဖြစ်နေကျထက် လွန်ကဲပိုမို၍ ဖြစ်သောသဘောကို 'စရိုက်'ဟု ခေါ်သည်။

## စရိုက် (၆)ပါး

၁။ ရာဂစရိုက်၊ ၄။ သဒ္ဓါစရိုက်၊
၂။ ဒေါသစရိုက်၊ ၅။ ဗုဒ္ဓိစရိုက်၊
၃။ မောဟစရိုက်၊ ၆။ ဝိတက်စရိုက်။

**အမှာ**– မကောင်းသောစရိုက်ကား ရာဂ၊ ဒေါသ၊ မောဟ၊ ဝိတက်ဖြစ်၍ ကောင်းသောစရိုက်ကား သဒ္ဓါနှင့် ဗုဒ္ဓိ ဖြစ်ပါသည်။

http://www.dhammadownload.com



## ဘာဝနာ (၃)ပါး

ပရိကမ္မဘာဝနာ၊ ဥပစာရဘာဝနာ၊ အပ္ပနာဘာဝနာတို့ ဖြစ်ပါသည်။

## နိမိတ် (၃)ပါး

ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်တို့ ဖြစ်ပါသည်။

## ကသိဏ်း (၁၀)ပါး

၁။ ပထဝီကသိဏ = မြေကသိဏ်း၊
၂။ အာပေါကသိဏ = ရေကသိဏ်း၊
၃။ တေဇောကသိဏ = မီးကသိဏ်း၊
၄။ ဝါယောကသိဏ = လေကသိဏ်း၊
၅။ နီလကသိဏ = ညိုသောအဆင်းကသိဏ်း၊
၆။ ပီတကသိဏ = ရွှေသောအဆင်းကသိဏ်း၊
၇။ လောဟိတကသိဏ = နီသောအဆင်းကသိဏ်း၊
၈။ ဩဒါတကသိဏ = ဖြူသောအဆင်းကသိဏ်း၊
၉။ အာကာသကသိဏ = ကောင်းကင်အပေါက်ကသိဏ်း၊
၁၀။ အာလောကကသိဏ = အလင်းရောင်ကသိဏ်း။

## ဘူတကသိဏ်း (၄)ပါး

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတို့ ဖြစ်ပါသည်။

## ဝဏ္ဏကသိဏ်း (၄)ပါး

နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတတို့ ဖြစ်ပါသည်။

## အသုဘ(၁၀)ပါး အနက်အကျယ်

၁။ ဥဒ္ဓုမာတကံ= သေသည်မှအထက် နှစ်ရက်သုံးရက် ကူးသဖြင့် ဖူးဖူးရောင်ပုပ် စက်ဆုပ်ဖွယ်ရာ မသာလှောင်းလည်းကောင်း၊

http://www.dhammadownload.com



၂။ ဝိနီလကံ= ဖြူ,နီသဘော ရောနှောစပ်တွဲ ညိုမဲမဲပုပ် စက်ဆုပ်ဖွယ်ရာ မသာလောင်းလည်းကောင်း၊

၃။ ဝိပုဗ္ဗကံ= ပြည်တစိုစို ပေါက်ကွဲယိုလျက် စက်ဆုပ်ဖွယ်ရာ မသာလောင်းလည်းကောင်း၊

၄။ ဝိစ္ဆိဒ္ဒကံ= ထက်အောက် နှစ်ရပ် မဆက်စပ်အောင် ဖြတ်အပ်ပြီးလျက် စက်ဆုပ်ဖွယ်ရာ မသာလောင်းလည်းကောင်း၊

၅။ ဝိက္ခာယိတကံ= ခွေးလင်းတကျီး အသီးသီးတို့ နည်းမျိုးစုံပြား ဖုံဖုံအားဖြင့် ခဲစားအပ်လျက် စက်ဆုပ်ဖွယ်ရာ မသာလောင်းလည်းကောင်း၊

၆။ ဝိက္ခိတ္တကံ= လက်ခြေခေါင်းကိုယ် ဖရိုဖရဲ ထိုထိုကြဲသဖြင့် ပစ်လွှင့်အပ်လျက် စက်ဆုပ်ဖွယ်ရာ မသာလောင်းလည်းကောင်း၊

၇။ ဟတဝိက္ခိတ္တကံ= ကျီးခြေမယွင်း ဓားဖြင့်မွှန်း၍ ညှင်းအပ်ထိုထိုလက်ခြေကိုယ်တို့ ဖရိုဖရဲ ထိုထိုကြဲသဖြင့် ပစ်လွှင့်အပ်လျက် စက်ဆုပ်ဖွယ်ရာ မသာလောင်းလည်းကောင်း၊

၈။ လောဟိတကံ= သွေးများထွက်ယို တစ်ကိုယ်လုံးပေ လိမ်းကျံနေသော မသာလောင်းလည်းကောင်း။

၉။ ပုဠုဝကံ= ပိုး,လောက်တွေပြည့် ကျိကျိတက်နေ ထွက်စေတတ်သော မသာလောင်းလည်းကောင်း။

၁၀။ အဋ္ဌိကင်္ကလ= အရိုးစုပေါင်း တစ်ချောင်းဖြစ်စေ အသရေယုတ်စက်ဆုပ်ဖွယ်ရာ မသာလောင်းလည်းကောင်း။

## အနုဿတိ (၁၀)ပါး

အဖန်ဖန် ထပ်၍ အောက်မေ့ဆင်ခြင်မှုကို 'အနုဿတိ'ဟု ခေါ်ပါသည်။ တရားကိုယ်အရ သတိစေတသိက် ရပါသည်။

http://www.dhammadownload.com



၁။ ဗုဒ္ဓါနုဿတိ = ဘုရားရှင်၏ ဂုဏ်တော်များကို အဖန်ဖန် အောက်မေ့မှု။

၂။ ဓမ္မာနုဿတိ = တရားတော်၏ ဂုဏ်တော်များကို အဖန်ဖန် အောက်မေ့မှု။

၃။ သံဃာနုဿတိ= အရိယာ သံဃာတော်၏ ဂုဏ်တော်များကို အဖန်ဖန်အောက်မေ့မှု။

၄။ သီလာနုဿတိ= စောင့်ထိန်းအပ်သောသီလ၏ မကျိုးမပေါက် မပြောက်မကျားပုံကို အဖန်ဖန်အောက်မေ့မှု။

၅။ စာဂါနုဿတိ = မိမိ၏ စွန့်ကြဲလှူဒါန်းနိုင်ခြင်းဂုဏ်ကို အဖန်ဖန် အောက်မေ့မှု။

၆။ ဒေဝတာနုဿတိ= နတ်, ဗြဟ္မာများကို သက်သေထား၍ မိမိ၏ ကုသိုလ်ကောင်းမှုကိုပင် အဖန်ဖန်အောက် မေ့မှု။

၇။ ဥပသမာနုဿတိ= နိဗ္ဗာန်၏ ငြိမ်းအေးပုံကို အဖန်ဖန်အောက် မေ့မှု။

၈။ မရဏာနုဿတိ= သေခြင်းသဘောကို အဖန်ဖန်အောက်မေ့ လျက် သံဝေဂရမှု။

၉။ ကာယဂတာသတိ= ဆံစသော(၃၂)ကောဋ္ဌာသ အပေါင်း၌ အာရုံပြုသော သတိတရား။

၁၀။ အာနာပါနုဿတိ = ထွက်သက်ဝင်သက်ကို အောက်မေ့သော သတိတရား။

## အပွမညာ ခေါ်ပုံ

တစ်ယောက်တည်း၌ဖြစ်စေ၊ အများ၌ဖြစ်စေ ဤရွေ့ဤမျှဟု အတိုင်းအတာ ပမာဏမထားဘဲ သတ္တဝါပညတ်၌ ဖြစ်သော သဘောကို 'အပွမညာ'ဟု ခေါ်ပါသည်။

http://www.dhammadownload.com



## အပွမညာ (၄)ပါး၏ သဘောလက္ခဏာ

၁။ မေတ္တာ – သတ္တဝါအများကို ကောင်းစေလိုခြင်း,ချစ်မြတ်နိုးခြင်း။
၂။ ကရုဏာ– ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားခြင်း။
၃။ မုဒိတာ – သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်း။
၄။ ဥပေက္ခာ– သတ္တဝါပညတ်ကို အာရုံပြု၍ လျစ်လျူရှုခြင်း။

**အမှာ**– ဤလေးပါးတို့တွင် တစ်ပါးပါးဖြင့် နေခြင်းကို ဗြဟ္မာတို့၏ နေခြင်းနှင့်တူသောကြောင့် 'ဗြဟ္မဝိဟာရ–ဗြဟ္မစိရ်တရား လေးပါး'ဟု ခေါ်သည်။

## မေတ္တာ–၅၂၈

အနောဒိသပုဂ္ဂိုလ်(၅)ယောက်၊ ဩဒိသပုဂ္ဂိုလ်(၇)ယောက်၊ ပေါင်းပုဂ္ဂိုလ်(၁၂) ယောက်တည်း၍ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု ဟူသော နှလေးပါးဖြင့်မြှောက် (အဋ္ဌကထာအလို အတ္တ,ပိယ,မဇ္ဈ,ဝေရီ လေး ယောက်ဖြင့်မြှောက်) (၄၈)ဖြစ်၏၊ (၄၈)ကို အရပ်ဆယ်မျက်နှာဖြင့် မြှောက် (၄၈၀)ဖြစ်၏၊ ယင်း(၄၈၀)တွင် အရပ်မျက်နှာဖြင့် မသတ်မှတ်အပ်သော(၄၈)ထည့်ပေါင်းပါက ၅၂၈–သွယ် မေတ္တာ ဖြစ်၏။

## ကရုဏာ–၁၃၂

ပုဂ္ဂိုလ်(၁၂)ယောက်တည်း၍ ဒုက္ခာမုစ္စန္တုဟု ပွားရ၏၊ ထိုပုဂ္ဂိုလ် (၁၂)ယောက်ကို အရပ်ဆယ်မျက်နှာဖြင့်မြှောက် (၁၂၀)ဖြစ်၏၊ ယင်း(၁၂၀)ကို အရပ်ဆယ်မျက်နှာဖြင့် မသတ်မှတ်အပ်သော ပုဂ္ဂိုလ် (၁၂)ယောက် ထည့်ပေါင်းပါက ကရုဏာ–၁၃၂ ဖြစ်၏။

## မုဒိတာ–၁၃၂

ပုဂ္ဂိုလ်(၁၂)ယောက်တည်း၍ ယထာလဒ္ဓသမ္ပတ္တိတော မာဝိ

http://www.dhammadownload.com



ဂစ္ဆန္တုဟု ပွားရ၏၊ ထိုပုဂ္ဂိုလ်(၁၂)ယောက်ကို အရပ်ဆယ်မျက်နှာ ဖြင့်မြှောက် (၁၂၀)ဖြစ်၏၊ ယင်း(၁၂၀)ကို အရပ်ဆယ်မျက်နှာဖြင့် မသတ်မှတ်အပ်သော ပုဂ္ဂိုလ်(၁၂)ယောက် ထည့်ပေါင်းပါက မုဒိတာ-၁၃၂ ဖြစ်၏။

## ဥပေက္ခာ-၁၃၂

ပုဂ္ဂိုလ်(၁၂)ယောက်တည်း၌ ကမ္မဿကာဟု ပွားရ၏၊ ထိုပုဂ္ဂိုလ်(၁၂)ယောက်ကို အရပ်ဆယ်မျက်နှာဖြင့်မြှောက်(၁၂၀)ဖြစ်၏၊ ယင်း(၁၂၀)ကို အရပ်ဆယ်မျက်နှာဖြင့် မသတ်မှတ်အပ်သော ပုဂ္ဂိုလ်(၁၂)ယောက် ထည့်ပေါင်းပါက ဥပေက္ခာ-၁၃၂ ဖြစ်၏။

**မေတ္တာအစစ်** - အဒေါသစေတသိက်။
**မေတ္တာအတု** - လောဘမူစိတ္တုပ္ပါဒ်။
**ကရုဏာအစစ်** - ကရုဏာစေတသိက်။
**ကရုဏာအတု** - ဒေါမနဿဝေဒနာ။
**မုဒိတာအစစ်** - မုဒိတာစေတသိက်။
**မုဒိတာအတု** - လောဘမူသောမနဿ။
**ဥပေက္ခာအရ** - တတြမဇ္ဈတ္တတာစေတသိက်။

## သညာ (၁)ပါး

ခဲဖွယ်ဘောဇဉ်စသော အစာအာဟာရ၌ စက်ဆုပ်ဘွယ်ဟု မှတ်ထင်လာအောင် ရှုတတ်သောသညာကို 'အာဟာရေ ပဋိကူလသညာ'ဟု ခေါ်ပါသည်။

**အမှာ**- ဤပဋိကူလသညာသည် အာရမ္မဏိက တရားသာ တည်း။ ထိုသညာ၏ အာရုံကမ္မဋ္ဌာန်းကား စားအပ်,သောက်အပ် သော အစာအာဟာရတည်း။

http://www.dhammadownload.com



* စားဖွယ်သောက်ဖွယ်တို့၌ သက်သတ်လွတ်ရေး မလွတ်ရေး သည် ပဓာနကျ/မကျ ကမ္မဋ္ဌာန်းနည်းလာ သာဓကဖြင့် ရှင်းပြပါ။

စားဖွယ်သောက်ဖွယ်တို့၌ သက်သတ်လွတ်ရေး, မလွတ်ရေး သည် ပဓာနမကျပါ။ စားဖွယ်သောက်ဖွယ်တို့၌ စက်ဆုပ်ဖွယ်ဟု အမှတ်ပြုသော သညာသာ ပဓာနကျပါသည်။

**သာဓက**– အာဟာရေ ပဋိကူလသညာ **ဇကာ သညာ** နာမ။

## ဝဝတ္ထာန် (၁)ပါး

ခန္ဓာကိုယ်၌ 'ပထဝီ, အာပေါ, တေဇော, ဝါယော'ဟူသော ဓာတ် ကြီးလေးပါးကို ပိုင်းခြားတတ်သောဉာဏ်ကို 'စတုဓာတု ဝဝတ္ထာန်' ဟု ခေါ်ပါသည်။

အမှာ– ဤ၌ ပိုင်းခြားတတ်သောဉာဏ်သည် အာရုပ္ပဇ္ဈာန်က တရားတည်း။ ထိုဉာဏ်၏ကမ္မဋ္ဌာန်းကား ဓာတ်ကြီးလေးပါးတည်း။

## အာရုပ္ပ (၄)ပါး

၁။ အာကာသာနဉ္စာယတနစ္ဈာန်၊
၂။ ဝိညာနဉ္စာယတနစ္ဈာန်၊
၃။ အာကိဉ္စညာယတနစ္ဈာန်၊
၄။ နေဝသညာနာသညာယတနစ္ဈာန်တို့ ဖြစ်ပါသည်။

## ကမ္မဋ္ဌာန်း(၄၀)ကို အာရုံကမ္မဋ္ဌာန်း, အာရုပ္ပဇ္ဈာန်က ကမ္မဋ္ဌာန်းခွဲပုံ

ကသိုဏ်း– ၁၀ပါး၊ အသုဘ– ၁၀ပါးတို့သည် အာရုံကမ္မဋ္ဌာန်း ဖြစ်ပါသည်။

အနုဿတိ–၁၀ပါး၊ အပွမညာ–၄ပါး၊ သညာ–၁ပါး၊ ဝဝတ္ထာန် ၁ပါး၊ အာရုပ္ပ–၄ပါးတို့သည် အာရုပ္ပဇ္ဈာန်ကကမ္မဋ္ဌာန်း ဖြစ်ပါသည်။

http://www.dhammadownload.com



## ပညတ်ကမ္မဋ္ဌာန်း (၂၈)ပါး

ကသိုဏ်း-၁၀ပါး၊ အသုဘ-၁၀ပါး၊ ကာယဂတာသတိ-၁ပါး၊ အာနာပါန-၁ပါး၊ ဗြဟ္မဝိဟာရ-၄ပါး၊ ပထမာရုပ္ပ-၁ပါး၊ တတိယာရုပ္ပ-၁ပါး၊ ပေါင်း(၂၈)ပါး ဖြစ်ပါသည်။

## ပရမတ်ကမ္မဋ္ဌာန်း (၁၂)ပါး

ဗုဒ္ဓါနုဿတိမှ မရဏာနုဿတိထိ အနုဿတိ-၈ပါး၊ သညာ-၁ပါး၊ ဝဝတ္ထာန်-၁ပါး၊ ဒုတိယာရုပ္ပ-၁ပါး စတုတ္ထာရုပ္ပ-၁ပါး၊ ပေါင်း(၁၂)ပါး ဖြစ်ပါသည်။

**[ဆောင်]** ကသိုဏ်း ဆယ်ဝ၊ အသုဘနှင့်၊ ကောဋ္ဌာသပါ၊ အာနာပါန၊ ဗြဟ္မဝိဟာ၊ ထိုလေးဖြာ၏၊ သတ္တဝါ ပညတ်၊ လေးရုပ်ဟုပြ၊ အာရုပ္ပဝယ်၊ နှစ်သွယ် ပ,တ၊ ဌဇီသတို့၊ မုချပညတ်၊ အာရုံမှတ်လော့၊ ကြွင်းလတ် ဆယ့်နှစ်၊ ပရမတ်စစ်သည်၊ ခွဲလစ်လေးဆယ်၊ ကမ္မဋ္ဌာန်းတည်း။

(အခြေပြု-၅၅၉)

## ကမ္မဋ္ဌာန်း(၄၀)ကို ဘုံအားဖြင့် ခွဲပုံ

| ကမ္မဋ္ဌာန်း | နတ်ကြွင်းကာမ | နတ်ပြည် | ရူပ | အရူပ |
|---|---|---|---|---|
| အသုဘ-၁၀၊ကာယဂတာသတိ၊သညာ | ။ | x | x | x |
| အာနာပါနသတိ | ။ | ။ | x | x |
| အာရုပ္ပ-၄ | ။ | ။ | ။ | ။ |
| ကျန်ကမ္မဋ္ဌာန်း-၂၃ | ။ | ။ | ။ | x |
| ပေါင်း | ၄၀ | ၂၈ | ၂၇ | ၄ |

**[ဆောင်]** အသုဘနှင့်၊ ကာယဂတာ၊ သညာ ဒွါဒသ်၊ နတ်၌ မရ၊ ဗြဟ္မာ့ပြည်မှာ၊ အာနာပါန၊ လည်းမရတည်း၊ အရူပဝယ်၊ လေးသွယ်သာရ၊ နတ်မှကြွင်းတုံ၊ ကာမဘုံဝယ်၊ အကုန်လေးဆယ် ရသတည်း။

(သင်္ဂြိဟ်ဘာဋီ-၆၅၄)

http://www.dhammadownload.com



## သပ္ပါယဘေဒ

မည်သည့်စရိုက်ရှိသူအား မည်သည့်ကမ္မဋ္ဌာန်းနှင့် လျောက်ပတ်သည်ဟု ခွဲပြရာအခန်းကို 'သပ္ပါယဘေဒ'ဟု ခေါ်သည်။

**အမှာ**– ရာဂ၊ဒေါသ၊မောဟ၊ဝိတက်ဟူသော မကောင်းသော စရိုက်များကို ပယ်ရှားဖို့ရန်အတွက် စရိုက်၏အကြိုက်မဟုတ်သော ကမ္မဋ္ဌာန်းကို အားထုတ်ရပါသည်။ သဒ္ဓါ၊ ပညာဟူသော ကောင်းသောစရိုက်များ တိုးပွားလာအောင် စရိုက်၏အကြိုက်ဖြစ်သော ကမ္မဋ္ဌာန်းကို အားထုတ်ရပါသည်။

### စရိုက်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ

| စရိုက် | ကမ္မဋ္ဌာန်း | ပေါင်း |
|---|---|---|
| ရာဂ | အသုဘ–၁၀၊ ကာယဂတာသတိ | ၁၁ |
| ဒေါသ | အပ္ပမညာ–၄၊ နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ | ၈ |
| မောဟ/ဝိတက် | အာနာပါနသတိ | ၁ |
| သဒ္ဓါ | ဗုဒ္ဓါ,ဓမ္မာ,သံဃာ,သီလာ,စာဂါ,ဒေဝတာနုဿတိ | ၆ |
| ပညာ | မရဏာနုဿတိ၊ဥပသမာနုဿတိ၊သညာ၊ဝဝတ္ထာန် | ၄ |
| စရိုက်ဖပါးလုံး | ပထဝီ၊အာပေါ၊တေဇော၊ဝါယော၊ အာကာသ၊ အာလောက၊ အာရုပ္ပ–၄ | ၁၀ |

### စရိုက်နှင့် နှလုံးသွေးအရောင်

သားမြတ်နှစ်ခုအလယ် ရင်ချိုင့်အကြား၌ ပဒုမ္မာကြာငုံပမာ တည်ရှိပြီး တစ်လက်ဖက်မျှသော နှလုံးသွေးနီမြန်းလျှင် ရာဂစရိုက်ကြီးသည်၊ မည်းနက်လျှင် ဒေါသစရိုက်ကြီးသည်၊ သားဆေးရေပမာ နီရောင်သန်းလျှင် မောဟထူပြောသည်၊ ပဲပြုတ်ရည်ကဲ့သို့ ပျစ်ချဲချဲရှိလျှင် ဝိတက်များသည်၊ ဝါလျှင် သဒ္ဓါတရား အားကောင်းသည်၊

http://www.dhammadownload.com



ပြိုးပြိုးပြက်သော အရောင်ထွက်လျှင် ပညာဉာဏ်ကြီးမားသည်။

နှလုံးသွေးအရောင်ကြောင့် စရိုက်ပြောင်းသကဲ့သို့ စရိုက်ကြောင့် လည်း နှလုံးသွေးအရောင်အဆင်း ပြောင်းလဲခြင်း ဖြစ်ရသည်။

**[ဆောင်]** နီမြန်း–ရာဂ၊ မည်း–ဒေါသနှင့်၊ မောဟတွက်ပေ၊ သားဆေးရေစု၊ မှတ်လေ ပျစ်ခွဲ၊ ဝိတက်ပဲဟု၊ ဝါမြဲ–သဒ္ဓါ၊ ပညာမှာ၊ ရောင်ဝါပြိုးပြက် ထွက်သတည်း။ (အရှင်နန္ဒာသိရိ)

## ကာမဂုဏ်ကို အလွန်အကျွံလိုက်စားသူအား သီးခြားပေးရမည့် ကမ္မဋ္ဌာန်း

အသုဘ–၁၀ပါး၊ ကာယဂတာသတိ–၁ပါးတို့ ဖြစ်ပါသည်။

## သည်းမခံတတ် ရန်ဖြစ်တတ်သူအား သီးခြားပေးရမည့် ကမ္မဋ္ဌာန်း

အပွမညာ (၄)ပါး၊ နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတကသိုဏ်း (၄)ပါးတို့ ဖြစ်ပါသည်။

## အတွေးသမားများအတွက် သီးခြားပေးရမည့် ကမ္မဋ္ဌာန်း

အာနာပါနသတိ ကမ္မဋ္ဌာန်း ဖြစ်ပါသည်။

## သဒ္ဓါတရား ကောင်းလွန်းသူအတွက် သီးခြားပေးရမည့် ကမ္မဋ္ဌာန်း

ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိတို့ ဖြစ်ပါသည်။

## ဉာဏ်ကြီးရှင်များသာ ပွားသင့်သောကမ္မဋ္ဌာန်း

မရဏာနုဿတိ၊ ဥပသမာနုဿတိ၊ သညာ၊ ဝဝတ္ထာန်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



* ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်ရန် အသင့်တော်ဆုံး ပုဂ္ဂိုလ်ကို သာဓကပြ ဖြေဆိုပါ။

သဒ္ဓါတရား အားကောင်းသူ, သဒ္ဓါစရိုက်ရှိသူ ဖြစ်ပါသည်။

**သာဓက**– ဗုဒ္ဓါနုဿတိအာဒယော ဆ သဒ္ဓါစရိတဿ။

* မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်ရန် အသင့်တော်ဆုံး ပုဂ္ဂိုလ်ကို သာဓကပြ ဖြေဆိုပါ။

ဒေါသကြီးသူ, ဒေါသစရိုက်ရှိသူ ဖြစ်ပါသည်။

**သာဓက**– စတဿော အပ္ပမညာယော (၀) သဒ္ဓါစရိတဿ။

## တစ်ယောက်စီသာဆိုင်သော ကမ္မဋ္ဌာန်း(၃၀)ပါး

အသုဘ(၁၀)ပါး၊ အနုဿတိ(၁၀)ပါး၊ နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတကသိုဏ်း(၄)ပါး၊ သညာ(၁)ပါး၊ ဝဝတ္ထာန်(၁)ပါး၊ အပ္ပမညာ(၄)ပါးတို့ ဖြစ်ပါသည်။

## အများဆိုင် ကမ္မဋ္ဌာန်း(၁၀)ပါး

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသ၊ အာလောက ဟူသော ကသိုဏ်း(၆)ပါး၊ အာရုပ္ပ(၄)ပါးတို့ ဖြစ်ပါသည်။

## ကိလေသာစရိုက် ဟူသည်

ရာဂစရိုက်ရှိသူ၊ ဒေါသစရိုက်ရှိသူ၊ မောဟစရိုက် ရှိသူတို့ပင် ဖြစ်ပါသည်။

## မောဟနှင့် ဝိတက်စရိုက်ရှိသူအား သင့်လျော်သော ကသိုဏ်းဝန်းပမာဏ

မောဟစရိုက်ရှိသူအား ကောက်နယ်တလင်းဝန်းခန့် ကျယ်ပြန့်သော ကသိုဏ်းဝန်း သင့်လျော်ပါသည်။

http://www.dhammadownload.com



ဝိတက်စရိုက်ရှိသူအား ဆန်ကော,ခွက်ပမာဏရှိသော ကျဉ်းငယ်သော ကသိုဏ်းဝန်း သင့်လျော်ပါသည်။

**ရာဂစရိုက်ရှိသူအား ပေးရမည့်ကမ္မဋ္ဌာန်းပြပါဠိ**

စရိတာသု ပန ဒသ အသုဘာ (ပ) **ရာဂစရိတသ** သပ္ပါယာ။
သေသာနိ ပန သဗ္ဗာနိပိ ကမ္မဋ္ဌာနာနိ **သဗ္ဗေသမ္မိ** သပ္ပါယာနိ။

**ဒေါသစရိုက်ရှိသူအား ပေးရမည့်ကမ္မဋ္ဌာန်းပြပါဠိ**

စတသော အပ္ပမညာယော (ပ) **ဒေါသစရိတသ**။
သေသာနိ ပန သဗ္ဗာနိပိ ကမ္မဋ္ဌာနာနိ **သဗ္ဗေသမ္မိ** သပ္ပါယာနိ။

**မောဟနှင့် ဝိတက်စရိုက်ရှိသူတို့အား**
**ပေးရမည့်ကမ္မဋ္ဌာန်းပြပါဠိ**

အာနာပါနံ **မောဟစရိတသ, ဝိတက္ကစရိတသ** စ။
သေသာနိ ပန သဗ္ဗာနိပိ ကမ္မဋ္ဌာနာနိ **သဗ္ဗေသမ္မိ** သပ္ပါယာနိ။
တတ္ထာပိ ကသိဏေသု ပုထုလံ (ပ) ဝိတက္ကစရိတသေဝါတိ။

**သဒ္ဓါစရိုက်ရှိသူအား ပေးရမည့်ကမ္မဋ္ဌာန်းပြပါဠိ**

ဗုဒ္ဓါနုဿတိအာဒယော ဆ **သဒ္ဓါစရိတသ**။
သေသာနိ ပန သဗ္ဗာနိပိ ကမ္မဋ္ဌာနာနိ **သဗ္ဗေသမ္မိ** သပ္ပါယာနိ။

**ဗုဒ္ဓိစရိုက်ရှိသူအား ပေးရမည့်ကမ္မဋ္ဌာန်းပြပါဠိ**

မရဏ ဥပသမ သညာ ဝဝတ္ထာနာနိ **ဗုဒ္ဓိစရိတသ**။
သေသာနိ ပန သဗ္ဗာနိပိ ကမ္မဋ္ဌာနာနိ **သဗ္ဗေသမ္မိ** သပ္ပါယာနိ။

သပ္ပါယဘေဒ ပြီး၏။

❐❐❐❐❐

http://www.dhammadownload.com



## ဘာဝနာဘေဒ

သုံးပါးသောဘာဝနာ အပြားအားဖြင့် ရသင့်သော ကမ္မဋ္ဌာန်းကို ခွဲပြရာအခန်းသည် 'ဘာဝနာဘေဒ' မည်ပါသည်။

**ဘာဝနာဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ**

| ဘာဝနာ | ဗုဒ္ဓစသော–၁၀ | ကျန်–၃၀ |
|---|---|---|
| ပရိကမ္မ | ။ | ။ |
| ဥပစာရ | ။ | ။ |
| အပ္ပနာ | x | ။ |

ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာနှစ်မျိုးသည် ကမ္မဋ္ဌာန်းလေးဆယ်လုံး၌ ရနိုင်ပါသည်။

အပ္ပနာဘာဝနာသည် ကသိဏ်း–၁၀ပါး၊ အသုဘ–၁၀ပါး၊ ကာယဂတာသတိ–၁ပါး၊ အာနာပါနဿတိ–၁ပါး၊ အပ္ပမညာ–၄ ပါး၊ အာရုပ္ပ–၄ပါး၊ ပေါင်း(၃၀)ပါးတို့၌သာ ရနိုင်ပါသည်။

* အပ္ပနာဘာဝနာမရ(စျာန်မရ)နိုင်သည့် ကမ္မဋ္ဌာန်း(၁၀)ပါးကို သာဓကပြ ဖြေဆိုပါ။

ဗုဒ္ဓါနုဿတိမှ မရဏာနုဿတိထိ အနုဿတိ(၈)ပါး၊ သညာ(၁)ပါး၊ ဝဝတ္ထာန်(၁)ပါး၊ ပေါင်း(၁၀)ပါး ဖြစ်ပါသည်။

**သာဓက**– ဗုဒ္ဓါနုဿတိအာဒီသု အဋ္ဌသု (ပ) နတ္ထိ အပ္ပနာ။

* အပ္ပနာဘာဝနာရ (စျာန်ရ)နိုင်သည့် ကမ္မဋ္ဌာန်း(၃၀)ပါးကို သာဓကပြ ဖြေဆိုပါ။

ကသိဏ်း(၁၀)ပါး၊ အသုဘ(၁၀)ပါး၊ ကာယဂတာသတိ(၁)ပါး၊ အာနာပါနဿတိ(၁)ပါး၊ အပ္ပမညာ(၄)ပါး၊ အာရုပ္ပ(၄)ပါး၊ ပေါင်း(၃၀)ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



**သာဓက-** သေသေသု ပန သမတ္တိံသ (ပ) သမ္မဒ္ဓတိ။

* ဘုရားရှင်၏ ဂုဏ်တော်များကို အဖန်ဖန် အောက်မေ့ဆင်ခြင်နေသောသူအား စျာန်ရနိုင်/မရနိုင် သာဓကဖြင့် ရှင်းပြပါ။

ဗုဒ္ဓါနုဿတိမှ မရဏာနုဿတိထိ အနုဿတိ(၈)ပါး၊ သညာ(၁)ပါး၊ ဝဝတ္ထာန်(၁)ပါး၊ ပေါင်း(၁၀)ပါးကို ပွားများအားထုတ်လျှင် ဥပစာရဘာဝနာသာ ဖြစ်၍ အပွနာဘာဝနာ မဖြစ်သောကြောင့် စျာန်မရနိုင်ပါ။

**သာဓက-** ဗုဒ္ဓါနုဿတိအာဒီသု အဋ္ဌသု (ပ) နတ္ထိ အပွနာ။

## စျာန်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ

| ကမ္မဋ္ဌာန်း | ပ | ဒု | တ | စ | မ |
|---|---|---|---|---|---|
| ကသိဏ်း-၁၀၊ အာနာပါန-၁ | ။ | ။ | ။ | ။ | ။ |
| အသုဘ-၁၀၊ ကာယဂတာသတိ-၁ | ။ | x | x | x | x |
| မေတ္တာ, ကရုဏာ, မုဒိတာ | ။ | ။ | ။ | ။ | x |
| ဥပေက္ခာ | x | x | x | x | ။ |
| ပေါင်း | ၂၅ | ၁၄ | ၁၄ | ၁၄ | ၁၂ |

* ထွက်လေဝင်လေ ရှုမှတ်ပွားများနေရုံဖြင့် မဂ်,ဖိုလ် ရနိုင်/မရနိုင် သာဓကဖြင့် ရှင်းပြပါ။

ထွက်လေဝင်လေ ရှုမှတ်ပွားများနေရုံဖြင့် မဂ်,ဖိုလ် မရနိုင်ပါ။ ရူပစျာန်ငါးပါးကိုသာ ရနိုင်ပါသည်။

**သာဓက-** တတ္ထာပိ ဒသကသိဏာနိ (ပ) ပဥ္စကဈာနိကာနိ။

* မြေကသိဏ်းရှုသောသူအား ရနိုင်သော အကျိုးများကို သာဓကပြ ဖြေဆိုပါ။

http://www.dhammadownload.com



မြေကသိုဏ်းရှုသောသူအား ရူပစျာန်(၅)ပါးကို ရနိုင်ပါသည်။

**သာဓက**– တတ္ထာပိ ဒသကသိဏာနိ (ပ) ပဉ္စကဈာနိကာနိ။

* 'မသာတစ်ခေါက် ကျောင်းဆယ်ခေါက်'ဆိုစကားအရ မသာတစ်ခေါက်သွား၍ အသုဘရှုခြင်းကြောင့် ရနိုင်သောအကျိုးများကို သာဓကပြ၍ ဖြေဆိုပါ။

မသာတစ်ခေါက် သွား၍ အသုဘရှုခြင်းကြောင့် ရူပပထမစျာန်ကို ရနိုင်ပါသည်။

**သာဓက**– ဒသ အသုဘာ, ကာယဂတာသတိ စ ပဌမဈာနိကာ။

* တစ်ကမ္ဘာလုံး အေးချမ်းသာယာစွာ နေနိုင်ရေးမှာ မေတ္တာအရေးပါပေရာ ယင်းမေတ္တာကို ပွားများခြင်းကြောင့် ရနိုင်သောအကျိုးများကို သာဓကပြ ဖြေဆိုပါ။

မေတ္တာပွားခြင်းကြောင့် ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်တို့ကို ရနိုင်ပါသည်။

**သာဓက**– မေတ္တာဒယော တယော စတုက္ကဈာနိကာ။

ဘာဝနာ ဘေဒ ပြီး၏။

❐❐❐❐❐

## ဂေါစရဘေဒ

သုံးပါးသော အာရုံအပြားအားဖြင့် ရသင့်သော ကမ္မဋ္ဌာန်းကို ခွဲပြရာအခန်းကို 'ဂေါစရဘေဒ'ဟု ခေါ်ပါသည်။

## နိမိတ်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ

ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်တို့ကို ကမ္မဋ္ဌာန်းလေးဆယ်လုံး၌ ပရိယာယ်အားဖြင့် ရပါသည်။

http://www.dhammadownload.com



ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်တို့ကို ကသိုဏ်း(၁၀)ပါး၊ အသုဘ (၁၀)ပါး၊ ကာယဂတာသတိ၊ အာနာပါနအားဖြင့် (၂၂)ပါးတို့၌ မုချအားဖြင့် ရပါသည်။

ပဋိဘာဂနိမိတ်ကို ကသိုဏ်း(၁၀)ပါး၊ အသုဘ(၁၀)ပါး၊ ကာယဂတာသတိ၊ အာနာပါနအားဖြင့်(၂၂)ပါးတို့၌သာ ရနိုင်ပါသည်။ ယင်း(၂၂)ပါးသည် ဥပစာရသမာဓိ, အပ္ပနာသမာဓိကို ဖြစ်စေနိုင်ပါသည်။

## ဘာဝနာနှင့် နိမိတ် တွဲစပ်ပုံ

**နိမိတ်** **ဘာဝနာ**

ပရိကမ္မ
ဥဂ္ဂဟ } ➵ ပရိကမ္မ
ပဋိဘာဂ ➵ { ဥပစာရ
အပ္ပနာ

ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်တို့ကို ပရိကမ္မဘာဝနာနှင့် တွဲစပ်ရပါသည်။

ပဋိဘာဂနိမိတ်ကို ဥပစာရဘာဝနာ, အပ္ပနာဘာဝနာနှင့် တွဲစပ်ရပါသည်။

## ပရိကမ္မဘာဝနာ (၂)ခု အထူး

ပရိကမ္မနိမိတ်ကို အာရုံပြုသော ပရိကမ္မဘာဝနာသည် သမာဓိ မရပါ။

ဥဂ္ဂဟနိမိတ်ကို အာရုံပြုသော ပရိကမ္မဘာဝနာသည် သမာဓိ ရပါသည်။ ဤသို့ ထူးပါသည်။

http://www.dhammadownload.com



## နိမိတ်သုံးပါး၏ အဓိပ္ပါယ်

၁။ အစဆုံးကမ္မဋ္ဌာန်းအားထုတ်သော အာဒိကမ္မိကပုဂ္ဂိုလ်၏ ပထဝီကသိုဏ်းဝန်း စသည်တို့၌ အာရုံနိမိတ်ကို ယူစဉ် ထိုပထဝီကသိုဏ်းစသောအာရုံသည် **ပရိကမ္မနိမိတ်** မည်ပါသည်။

၂။ ထိုပထဝီကသိုဏ်းဝန်းစသော အာရုံနိမိတ်ကို စိတ်ဖြင့် ကောင်းစွာယူအပ်သောအခါ မျက်စိဖြင့် တိုက်ရိုက်မြင်နေရသကဲ့သို့ မနောဒွါရ၌ ထင်ခြင်းသို့ ရောက်လာသော ပထဝီကသိုဏ်းဝန်းစသောအာရုံသည် **ဥဂ္ဂဟနိမိတ်** မည်ပါသည်။

၃။ ထိုပရိကမ္မဘာဝနာဖြင့် ဥဂ္ဂဟနိမိတ်ကို အာရုံပြုသော အခြင်းအရာအားဖြင့် စိတ်တည်ကြည်နေသော ယောဂီပုဂ္ဂိုလ်သည် ဥဂ္ဂဟနိမိတ်ကိုပင် ပရိကမ္မသမာဓိဖြင့် ပွားများအားထုတ်သော အခါ ဥဂ္ဂဟနိမိတ်နှင့်အလားတူသော ဝတ္ထုဒြပ်ပရမတ်သဘော မှလွတ်သော ပညတ်ဟုဆိုအပ်သော ဘာဝနာကြောင့် ဖြစ်ပေါ်လာသော ဧကဂ္ဂတာစေတသိက်စွာတည်နေသော ကောင်းစွာသွင်းထားအပ်သကဲ့သို့ ဖြစ်နေသော အာရုံသည် **ပဋိဘာဂနိမိတ်** မည်ပါသည်

* ပဋိဘာဂနိမိတ်သည် ပရမတ်လော, ပညတ်လော? ဘာ့ကြောင့် ဖြစ်ပေါ်ရာအရသည်ကို သာဓကဖြင့် ရှင်းပြပါ။

'ဝတ္ထုဓမ္မဝိနိစ္ဆယံ ပညတ္တိသခ်ါတံ' ပါဠိကို ထောက်၍ ပဋိဘာဂနိမိတ်သည် ပရမတ်မဟုတ်၊ ပညတ်သာ ဖြစ်ပါသည်။

'ဘာဝနာမယေန မာရမ္မဏံ' ပါဠိကို ထောက်၍ ပဋိဘာဂနိမိတ်သည် ဘာဝနာကြောင့် ဖြစ်ပေါ်လာရပါသည်။

* ကာမာဝစရသမာဓိ (ဥပစာရဘာဝနာ)အရကို သာဓကဖြင့် ကောက်ပြပါ။

http://www.dhammadownload.com



သမာဓိပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ်(၄)ပါး၊ မဟာကြိယာဉာဏသမ္ပယုတ်(၄)ပါးဟူသော ကာမာဝစရဇော(၈)ပါး ရပါသည်။

ယင်းရှစ်ပါးသည် သမာဓိ၏ ဘေးရန်ဖြစ်သော နိဝရဏတရားများကို ပယ်ရှားနိုင်ပါသည်။

**သာဓက**– တတော ပဋ္ဌာယ (ပ) နိပ္ပန္နာ နာမ ဟောတိ။

## ရူပပထမစျာန် ဖြစ်ပုံ

ပဋိဘာဂနိမိတ် ထင်လာ၍ ဥပစာရဘာဝနာသို့ ရောက်ပြီးသော ယောဂီပုဂ္ဂိုလ်သည် ထိုပဋိဘာဂနိမိတ်ကိုပင်အာရုံပြုလျက် ဥပစာရသမာဓိဖြင့် ကောင်းစွာမှီဝဲအားထုတ်သည်ရှိသော် ရူပပထမစျာန်ကို ရရှိပါသည်။

## ရူပဒုတိယစျာန်စသည် ဖြစ်ပုံ

ပထမစျာန်ကို ရရှိပြီးနောက် ထိုပထမစျာန်ကို အာဝဇ္ဇန၊ သမာပဇ္ဇန၊ အဓိဋ္ဌာန၊ ဝုဋ္ဌာန၊ ပစ္စဝေက္ခဏာဟူသော ငါးပါးသော ဝသီဘော်တို့ဖြင့် အစွမ်းသတ္တိရှိအောင် အဖန်ဖန်ဝင်စား၍ ဝိတက်စသော ရန့်ရင်းသောစျာန်အင်္ဂါများကို ပယ်ခြင်းငှါ ဝိစာရစသော သိမ်မွေ့သော စျာန်အင်္ဂါများ ဖြစ်ပေါ်လာခြင်းငှါ အားထုတ်သည်ရှိသော် အစဉ်အတိုင်း ထိုက်သည့်အားလျော်စွာ ဒုတိယစျာန်စသည်တို့ အပ္ပနာဘာဝနာ၏အစွမ်းဖြင့် ဖြစ်ပေါ်လာကြပါသည်။

* 'ဝိတက္ကာဒိ'၌ **အာဒိအရ** ဝိစာရ၊ ပီတိ၊ သုခ ရပါသည်။
* 'ဝိစာရာဒိ'၌ **အာဒိအရ** ပီတိ၊ သုခ၊ ဧကဂ္ဂတာ ရပါသည်။

## ဝသီဘော် (၅)ပါး

၁။ အာဝဇ္ဇနဝသီဘော် = စျာန်အင်္ဂါတို့ကို ဘဝင်အနည်းငယ်ခြား၍

http://www.dhammadownload.com



ပိုင်ပိုင် နိုင်နိုင်ဖြစ်အောင် ဆင်ခြင်မှု။

၂။ သမာပဇ္ဇနဝသီဘော်= စျာန်ဝင်စားလိုလတ်သော် လျင်မြန်စွာဝင်စား ခြင်းငှါ စွမ်းနိုင်မှု။

၃။ အဓိဋ္ဌာနဝသီဘော်= အလိုရှိသမျှ ကာလကြာအောင် စျာန်အစဉ် ကို ထားနိုင်မှု။

၄။ ဝုဋ္ဌာနဝသီဘော်= ဝင်စားသောစျာန်မှ မိမိထလိုသောအခါ၌ အလိုရှိတိုင်း ထခြင်းငှါ စွမ်းနိုင်မှု။

၅။ ပစ္စဝေက္ခဏာဝသီဘော်= စျာန်အင်္ဂါတို့ကို လျင်မြန်စွာ အထပ်ထပ်ဆင် ခြင်သော မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ ဇောစိတ်ဖြင့် စျာန်အင်္ဂါကို ဆင်ခြင်မှု။

* အပွမည်ာ(၄)ပါးတို့၏အာရုံကို သာဓကပြ ဖြေဆိုပါ။ သုခိတ, ဒုက္ခိတ သတ္တဝါပညတ် ဖြစ်ပါသည်။

**သာဓက**– အဝသေသသုပန အပွမည်ာ သတ္တပညတ္တိယံ ပဝတ္တန္တိ။

## 'အဝသေသသု ပန'၌ အဝသေသအရ

အပွမည်ာ –၄ပါး၊ အာရုပ္ပ–၄ပါးတို့ ရပါသည်။

## အရူပစျာန်လေးပါးတို့၏ အာရုံများ

၁။ အာကာသာနဉ္စာယတနစျာန်သည် ကောင်းကင်ပညတ်ကို အာရုံပြုပါသည်။

၂။ ဝိညာနဉ္စာယတနစျာန်သည် ပထမာရုပ္ပဝိညာဉ်ကို အာရုံပြုပါသည်။

၃။ အာကိဉ္စညာယတနစျာန်သည် နတ္ထိဘောပညတ်ကို အာရုံပြုပါသည်။

၄။ နေဝသညာနာသညာယတနစျာန်သည် တတိယာရုပ္ပဝိညာဉ်ကို အာရုံပြုပါသည်။ (ကမ္မဋ္ဌာန်း စာ–၃၆၊ ၃၇၊ ၃၈၊ ၃၉)

**မှတ်ချက်**။ ။ ဝိညာနှင့် နေဝသည် မဟဂ္ဂုတ်ကို အာရုံပြု၍ အာကာနှင့် အာကိ်သည် ပညတ်ကို အာရုံပြုပါသည်။

http://www.dhammadownload.com



## အရူပစ္စာန်(၄)ပါး ဖြစ်ပေါ်လာအောင် ပွားများအားထုတ်ပုံ

အာကာသကသိုဏ်းမှတစ်ပါးသော ကသိုဏ်းကိုးပါးတို့တွင် ကသိုဏ်းတစ်ပါးပါးကို နှလုံးမသွင်းဘဲ ပယ်ခွာ၍ရအပ်သော ကောင်းကင်ပညတ်ကို အာရုံပြုလျက် 'အနန္တံ အာကာသံ၊ အနန္တံ အာကာသံ'ဟု နှုတ်ဖြင့်ရွတ်ဆို၍ ဖြစ်စေ၊ စိတ်ဖြင့်မှန်းဆ၍ဖြစ်စေ အဖန်တလဲလဲ စီးဖြန်းခြင်း ပရိကံကိုပြုသော ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ အာကာသာနဉ္စာယတနစ္စာန် ဖြစ်ပေါ်လာပါသည်။

ပထမာရုပ္ပဝိညာဉ်ကို အာရုံပြု၍ 'အနန္တံ ဝိညာဏံ၊ အနန္တံ ဝိညာဏံ'ဟု အဖန်တလဲလဲ စီးဖြန်းခြင်း ပရိကံကိုပြုသော ယောဂီပုဂ္ဂိုလ်၏သန္တာန်၌ ဝိညာနဉ္စာယတနစ္စာန် ဖြစ်ပေါ်လာပါသည်။

ထိုပထမာရုပ္ပဝိညာဉ်၏ မရှိခြင်းဟူသော နတ္ထိဘောပညတ်ကို အာရုံပြု၍ 'နတ္ထိ ကိဉ္စိ၊ နတ္ထိ ကိဉ္စိ'ဟု အဖန်တလဲလဲ စီးဖြန်းခြင်း ပရိကံကို ပြုသော ယောဂီပုဂ္ဂိုလ်၏သန္တာန်၌ အာကိဉ္စညာယတန စ္စာန် ဖြစ်ပေါ်လာပါသည်။

တတိယာရုပ္ပဝိညာဉ်ကို အာရုံပြု၍ 'သန္တ မေတံ၊ ပဏီတမေတံ' ဟု အဖန်တလဲလဲ စီးဖြန်းခြင်း ပရိကံကိုပြုသော ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ နေဝသညာနာသညာယတနစ္စာန် ဖြစ်ပေါ်လာပါသည်။

## ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပွားများပုံနှင့်အကျိုး

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် အရဟံဂုဏ်တော်ကို ပွားများလိုလျှင် အရဟံဂုဏ်တော်ကို အာရုံပြု၍ 'သောဘဂဝါ ဣတိပိ အရဟံ'ဟု အဖန်တလဲလဲ စီးဖြန်းခြင်း ပရိကံကို ပြုရမည်၊ (အရဟံဂုဏ်သည် ပရိကမ္မနိမိတ် ဖြစ်၍ စီးဖြန်းမှု သည် ပရိကမ္မဘာဝနာဖြစ်၏) ယင်းသို့ စီးဖြန်းပွားများသောအခါ

http://www.dhammadownload.com



ထိုအရဟံဂုဏ်တော်ကို ကောင်းစွာယူမိ၍ ဥဂ္ဂဟနိမိတ်ထင်လာသော အခါ ပရိကမ္မဘာဝနာလည်း သမာဓိရကာ တည်ကြည်လာပြီး နီဝရဏကင်းကွာ၍ ဥပစာရဘာဝနာလည်း ရနိုင်ပါသည်။(စာ-၄၀)

## နိမိတ်,ဘာဝနာတို့ကို ကမ္မဋ္ဌာန်းဖြင့် ဝေဖန်ပုံ

၁။ နိမိတ်သုံးပါး, ဘာဝနာသုံးပါးကို ရစေနိုင်သော ကမ္မဋ္ဌာန်းမှာ- ကသိုဏ်း(၁၀)ပါး၊အသုဘ(၁၀)ပါး၊ ကာယဂတာသတိ(၁)ပါး၊ အာနာပါနအားဖြင့် (၂၂)ပါးဖြစ်ပါသည်။ (စာပိဒ်-၂၇)

၂။ ပရိကမ္မ, ဥဂ္ဂဟဟူသော နိမိတ်နှစ်ပါးနှင့် ဘာဝနာသုံးပါးကို ရစေနိုင်သောကမ္မဋ္ဌာန်းမှာ- အပွမညာ(၄)ပါး၊ အာရုပ္ပ(၄)ပါး၊ ပေါင်း(၈)ပါး ဖြစ်ပါသည်။ (စာပိဒ်-၃၅)

၃။ ပရိကမ္မ, ဥဂ္ဂဟဟူသော နိမိတ်နှစ်ပါးနှင့် ပရိကမ္မ, ဥပစာရ ဟူသော ဘာဝနာနှစ်ပါးကို ရစေနိုင်သောကမ္မဋ္ဌာန်းမှာ- ဗုဒ္ဓါနုဿတိမှ မရဏာနုဿတိအထိ အနုဿတိ(၈)ပါး၊ သညာ၊ ဝဝတ္ထာန်အားဖြင့် (၁၀)ပါးဖြစ်ပါသည်။ (စာပိဒ်-၄၀)

## 'ဒဿသု ကမ္မဋ္ဌာနေသု'၌ ဒဿအရ

ဗုဒ္ဓါနုဿတိမှ မရဏာနုဿတိ အထိ အနုဿတိ(၈)ပါး၊ သညာ(၁)ပါး၊ ဝဝတ္ထာန်(၁)ပါးတို့ ဖြစ်ပါသည်။

## အဘိညာဉ်ခေါ်ပုံနှင့် အရ

အလွန်အကျူး အထူးသိတတ်သောကြောင့် **အဘိညာဉ်** ဟု ခေါ်ပါသည်။

**အဘိညာဉ်အရ-** ရူပါဝစရ ကုသိုလ်, ကြိယာ ပဉ္စမစျာန်နှင့် ယှဉ်သော ဉာဏ်ရပါသည်။

**သာဓက-** အဘိညာဝသေန ပဝတ္တမာနံ ပန ရူပါဝစရပဉ္စမဇ္ဈာနံ။

http://www.dhammadownload.com



## အဘိညာဉ် ဖြစ်ပုံ

ရှေးဦးစွာ အဘိညာဉ်၏ အခြေခံဖြစ်သော ရူပါဝစရပဉ္စမစျာန်ကို ဝင်စားရ၏။ ထိုပဉ္စမစျာန်မှထပြီးနောက် အဘိညာဉ်ဆိုင်ရာ အဓိဋ္ဌာန်အပ်သော အာရုံတစ်ခုခုကိုမှန်း၍ 'သတဲ့ ဟောမိ၊ သဟဿဲ့ ဟောမိ' စသည်ဖြင့် အဖန်တလဲလဲ စီးဖြန်းခြင်း ပရိကံကို ပြုရ၏။ ထို့နောက် ကသိုဏ်းတစ်ပါးပါးကို အာရုံပြု၍ ရူပါဝစရပဉ္စမစျာန်ကိုပင် ဝင်စားရပြန်၏။ ထို့နောက် ပရိကံပြုအပ်ပြီးသော ရူပါရုံစသော အာရုံတစ်ခုခုကို အာရုံပြု၍ ရူပါဝစရကုသိုလ်,ကြိယာပဉ္စမစျာန်စိတ်သည် အဘိညာဉ်ဟူသော အမည်ဖြင့် အပွနာသို့ ရောက်ပါသည်။

* စျာန်ရတိုင်း ကောင်းကင်ပျံနိုင်/မပျံနိုင် အဘိဓမ္မာသဘာဝအရ ရှင်းပြပါ။

ရူပါဝစရ ပဉ္စမစျာန်ရပြီးသော ပုဂ္ဂိုလ်သည်သာ အဘိညာဉ်အဆင့်သို့ရောက်အောင် အားထုတ်နိုင်ပြီး ကောင်းကင်ပျံနိုင်သောကြောင့် စျာန်ရတိုင်း ကောင်းကင်မပျံနိုင်ပါ။

* အဘိညာဉ်စိတ်ဖြစ်ရာ၌ ပါဝင်သောဝီထိများကို သာဓကနှင့်ယှဉ်တွဲ ဖော်ပြပါ။

အဘိညာပါဒကပဉ္စမဈာနာ ဝုဋ္ဌဟိတ္ဝာ–ပါဒ်ဖြင့် ပါဒကစျာနဝီထိ ရှေးဦးစွာ ချရပါသည်။

အဓိဋ္ဌေယျာဓိက မာဝဇ္ဇေတ္ဝာ ပရိကမ္မံ ကရောန္တသ–ပါဒ်ဖြင့် အဓိဋ္ဌာနဝီထိ ချရပါသည်။

အဘိညာဝသေန ပဝတ္တမာနံ ပန ရူပါဝစရပဉ္စမဈာနံ ရူပါဒီသု အာရမ္မဏေသု ယထာရဟ မပ္ပေတိ–ပါဒ်ဖြင့် အဘိညာဝီထိ ချရပါသည်။

http://www.dhammadownload.com



## အဘိညာဉ် ၅ပါး/ ၆ပါး/ ၇ပါး

၁။ **ဣဒ္ဓိဝိဓ–** တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်သောအဘိညာဉ်။

၂။ **ဒိဗ္ဗသောတ–** နတ်တို့၏ နားကဲ့သို့ ဝေးသောအသံ၊ တိုးသောအသံ ကိုလည်း ကြားနိုင်သောအဘိညာဉ်။

၃။ **ပရစိတ္တဝိဇာနန–** သူတစ်ပါးစိတ်ကို သိနိုင်သော အဘိညာဉ်။

၄။ **ပုဗ္ဗေနိဝါသာနုဿတိ–** ရှေးရှေးဘဝ၌ ဖြစ်ခဲ့သမျှအကြောင်းကို ပြန် ပြောင်း အောက်မေ့နိုင်သော အဘိညာဉ်။

၅။ **ဒိဗ္ဗစက္ခု–** နတ်တို့၏ မျက်စိကဲ့သို့ ဝေးသောအဆင်း, သေးငယ် သော အဆင်းကိုလည်း မြင်နိုင်သော အဘိညာဉ်။

၆။ **ယထာကမ္မူပဂ–** ကံအားလျော်စွာ ထိုထိုဘုံဘဝ၌ ဖြစ်ရသူများကို မြင်နိုင်သော အဘိညာဉ်။

၇။ **အနာဂတံသ–** နောင်အနာဂတ်၌ ဖြစ်လတ္တံ့သော အကြောင်းအရာ များကို သိမြင်နိုင်သော အဘိညာဉ်။

**မှတ်ချက်**။ ။ အဘိညာဉ်(၅)ပါးဟုဆိုလျှင် ယထာကမ္မူပဂနှင့် အနာဂတံသတို့သည် ဒိဗ္ဗစက္ခုနှင့် မကင်းသောကြောင့် ဒိဗ္ဗစက္ခု၌ သွင်းယူရာ၏။ အဘိညာဉ်(၆)ပါးဟုဆိုလျှင်ကား ထိုငါးပါးတွင် အာသဝက္ခယ အဘိညာဉ်ကို ထည့်ရေတွက်ပါ။ ရှေးအဘိညာဉ်(၅)ပါးသည် လောကီ အဘိညာဉ်ဖြစ်၍ ဤအာသဝက္ခယ (အာသဝေါတရားတို့ကို ကုန်ခန်း စေနိုင်သော အရဟတ္တမဂ်ဉာဏ်) ကား လောကုတ္တရာအဘိညာဉ်တည်း။

**[ဆောင်]** စ, သော, ဣဒ္ဓိ, ပ၊ ပုဗ်, ယ, အ၊ သတ္တ အဘိညာ။
ငါးဖြာဖြစ်က၊ ယနှင့် အ၊ စ, ၌ သွင်းယူပါ။
ခြောက်မူအာသဝေက်၊ ထိုဝယ်စွက်၊ သုံးချက်နှားလည်ပါ။

(အခြေပြုပါလင်္ကာကို သံပေါက်ပြင်လိုက်သည်။)

* အောက်ပါပုဂ္ဂိုလ်တို့ ပိုင်ဆိုင်ထားသော အဘိညာဉ်များကို အမည်မျှ ဖော်ပြပါ။

http://www.dhammadownload.com



(က) တစ်ကိုယ်ထဲက ကိုယ်ခွဲဖန်ဆင်းနိုင်သူ၊
(ခ) တစ်ပါးတည်းက အများကြီး ဖန်ဆင်းနိုင်သူ၊
(ဂ) ရေပြင်၌ မြေပြင်ကဲ့သို့ လမ်းလျှောက်နိုင်သူ၊
(ဃ) နတ်မျက်စိသဖွယ် အလွန်သေးငယ်သော အဆင်းကို မြင်နိုင်သူ၊
(င) အတိတ်ဘဝအကြောင်း ပြန်ပြောင်းအောက်မေ့နိုင်သူ။
(က+ခ+ဂ) ဣဒ္ဓိဝိဓအဘိညာဉ် ဖြစ်ပါသည်။
(ဃ) ဒိဗ္ဗစက္ခုအဘိညာဉ် ဖြစ်ပါသည်။
(င) ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် ဖြစ်ပါသည်။

**ပဋိဘာဂနိမိတ် ရသည့်ကမ္မဋ္ဌာန်းပြု ပါဠိ**

ပဋိဘာဂနိမိတ္တံ ပန (ပ) အပ္ပနာသမာဓိ စ ပဝတ္တန္တိ။

**ပဋိဘာဂနိမိတ် ဖြစ်ပေါ်လာပုံပြ ပါဠိ**

တထာ သမာဟိတသ(ပ)ပဋိဘာဂနိမိတ္တံ သမုပ္ပန္နန္တိ ပဝုစ္စတိ။

**အရူပစိတ် အာရုံ၏အစွမ်းဖြင့် ဖေးမျိုးပြားပုံပြ ပါဠိ**

ဂေါစရဘောဒလာ စာပိဒ်–၃၆၊ ၃၇၊ ၃၈၊ ၃၉။

**'ဆ စိတ္တာနိ မဟဂ္ဂတေ'၏ အကျယ်ပြ ပါဠိ**

ဂေါစရမဘောဒလာ စာပိဒ်– ၃၇၊ ၃၉။

**ဗုဒ္ဓါနုဿတိစသော ကမ္မဋ္ဌာန်းဆယ်ပါး ပွားများပုံနှင့် အကျိုးပြပါဠိ**

အဝသေသေသု စ ဒသသု (ပ) ဥပစာရော စ သမ္ဘဒ္ဓတိ။

ဂေါစရဘောဒပြီး၏။

သမထကမ္မဋ္ဌာန်းနည်း ပြီး၏။

□□□□□

http://www.dhammadownload.com



# ဝိပဿနာ ကမ္မဋ္ဌာန်းနည်း

## ဝိပဿနာကမ္မဋ္ဌာန်းဝယ် သိမှတ်ဖွယ်များ

ဝိသုဒ္ဓိ-၇ပါး၊ လက္ခဏာယာဉ်-၃ပါး၊ အနုပဿနာ-၃ပါး၊ ဝိပဿနာဉာဏ်-၁၀ပါး၊ ဝိမောက္ခ-၃ပါး၊ ဝိမောက္ခမုခ-၃ပါးတို့ ဖြစ်ပါသည်။

## ဝိသုဒ္ဓိ (၇)ပါး

အထူးစင်ကြယ်သော တရားကို 'ဝိသုဒ္ဓိ'ဟု ခေါ်ပါသည်။

ထိုဝိသုဒ္ဓိသည် သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ဉာဏဒဿနဝိသုဒ္ဓိအားဖြင့် (၇)ပါးရှိပါသည်။

## လက္ခဏာယာဉ် (၃)ပါး

သင်္ခါရတရားတို့၏ အမှတ်အသားကို 'လက္ခဏာ'ဟု ခေါ်ပါသည်။ ထိုလက္ခဏာသုံးပါးသည်ပင် လှည်းယာဉ်, လှေယာဉ် အလား နိဗ္ဗာန်သို့ သွားကြောင်းဖြစ်သောကြောင့် လက္ခဏာယာဉ်ဟု ခေါ်ပါသည်။

ထိုလက္ခဏာသည် အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာအားဖြင့် (၃)ပါးရှိပါသည်။

## အနုပဿနာ (၃)ပါး

သင်္ခါရတရားတို့ကို အနိစ္စ,ဒုက္ခ,အနတ္တဟု အဖန်ဖန်ရှုတတ်သောဉာဏ်ကို 'အနုပဿနာ'ဟု ခေါ်ပါသည်။

ထိုအနုပဿနာသည် အနိစ္စာနုပဿနာ၊ ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာအားဖြင့် (၃)ပါးရှိပါသည်။

http://www.dhammadownload.com



## ဝိပဿနာဉာဏ် (၁၀)ပါး

သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုစ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်အားဖြင့် (၁၀)ပါးရှိပါသည်။ ယင်း(၁၀)ပါးကို ဉာဏ်စဉ်(၁၀)ပါးဟု ခေါ်ကြသည်။

## ဝိမောက္ခ (၃)ပါး

ကိလေသာတို့မှလွတ်သော မဂ်ဖိုလ်တရားကို 'ဝိမောက္ခ'ဟု ခေါ်ပါသည်။

ထိုဝိမောက္ခသည် သုညတဝိမောက္ခ၊ အနိမိတ္တဝိမောက္ခ၊ အပ္ပဏိဟိတဝိမောက္ခအားဖြင့် (၃)ပါးရှိပါသည်။

## ဝိမောက္ခမုခ (၃)ပါး

ဝိမောက္ခ အမည်ရသော မဂ်,ဖိုလ်သို့ ဝင်ရောက်ဖို့ရာ တံခါးပေါက်အလား အဝင်အဝ ဖြစ်သောကြောင့် 'ဝိမောက္ခမုခ'ဟု ခေါ်ပါသည်။

ထိုဝိမောက္ခမုခသည် သုညတာနုပဿနာ၊ အနိမိတ္တာနုပဿနာ၊ အပ္ပဏိဟိတာနုပဿနာအားဖြင့် (၃)ပါးရှိပါသည်။

# ဝိသုဒ္ဓိဘေဒ

## သီလဝိသုဒ္ဓိ အရ

ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလဟူသော စတုပါရိသုဒ္ဓိ ရုပါသည်။

**သာဓက**– ကထံ? ပါတိမောက္ခသံဝရသီလံ (ပ) သီလဝိသုဒ္ဓိနာမ။

http://www.dhammadownload.com



## စတုပါရိသုဒ္ဓိ သီလ

၁။ ဝိနည်းပိဋကဋ္ဌ ပညတ်သမျှ သိက္ခာပုဒ်သီလအားလုံးကို စောင့်ရှောက်ထိန်းသိမ်းခြင်းကို 'ပါတိမောက္ခသံဝရသီလ'ဟု ခေါ်ပါသည်။

၂။ စက္ခုစသောဣန္ဒြေခြောက်ပါးတို့ဋ္ဌ အကုသိုလ်မဖြစ်အောင် စောင့်စည်းခြင်းကို 'ဣန္ဒြိယသံဝရသီလ'ဟု ခေါ်ပါသည်။

၃။ ဒကာ, ဒကာမများ လှူချင်လာအောင် သစ်သီးပေးမှု၊ ပန်းပေးမှု စသည်ကို ရှောင်ကြဉ်၍ စင်ကြယ်စွာ ရအပ်သော ပစ္စည်းကိုသာ ခံယူသုံးစွဲခြင်းကို 'အာဇီဝပါရိသုဒ္ဓိသီလ'ဟု ခေါ်ပါသည်။

၄။ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးဋ္ဌ မှီ၍ဖြစ်သော သီလကို 'ပစ္စယသန္နိဿိတသီလ'ဟု ခေါ်ပါသည်။

## ပစ္စယသန္နိဿိတသီလဖြစ်အောင် ဆင်ခြင်ပုံလင်္ကာ

အသက်ရှည်ကြာ၊ ဘေးရောဂါတို့၊ ကိုယ်မှာမကပ်၊ ပရိယတ်နှင့်၊ ပဋိပတ်ရေး၊ မြှော်ထောက်တွေး၍၊ ဤဆေး, ဤဆွမ်း၊ ဤသင်္ကန်းနှင့်၊ နွင်လန်းဖွယ်ကောင်း၊ ဤစံကျောင်းကို၊ မှီအောင်း သုံးစွဲပါသတည်း။ (အခြေပြု–၅၈၃)

## စိတ္တဝိသုဒ္ဓိ အရ

ဥပစာရသမာဓိ၊ အပ္ပနာသမာဓိဟူသော သမာဓိနှစ်ပါး ရပါသည်။ **သာဓက**–ဥပစာရသမာဓိ, အပ္ပနာသမာဓိ (ပ) စိတ္တဝိသုဒ္ဓိ နာမ။

## ဒိဋ္ဌိဝိသုဒ္ဓိ မည်ပုံ

လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့၏အစွမ်းဖြင့် နာမ်ရုပ်တို့ကို ပိုင်းခြား၍ ယူနိုင်ခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိ မည်ပါသည်။

## ဒိဋ္ဌိပါဒါန်နှင့် ဒိဋ္ဌိဝိသုဒ္ဓိတို့ဋ္ဌ ဒိဋ္ဌိအထူး

ပြင်းထန်မြဲမြံစွာ စွဲလမ်းသော ဥပါဒါန်ဒိဋ္ဌိ ဖြစ်သောကြောင့်

http://www.dhammadownload.com



ဒိဋ္ဌုပါဒါန်၌ ဒိဋ္ဌိအရ မိစ္ဆာဒိဋ္ဌိ ရပါသည်။

အတ္တအညစ်အကြေးမှကင်းဝေးအောင် နာမ်ရုပ်တို့ကို လက္ခဏာ, ရသစသည်တင်၍ သိမြင်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိ၌ ဒိဋ္ဌိအရ သမ္မာဒိဋ္ဌိ ရပါသည်။ ဤသို့ ထူးပါသည်။

## ကင်္ခါဝိတရဏဝိသုဒ္ဓိ မည်ပုံ

နာမ်ရုပ်တို့၏အကြောင်းကို ပိုင်းခြား၍ ယူနိုင်ခြင်းသည် ကင်္ခါဝိတရဏဝိသုဒ္ဓိ မည်ပါသည်။

## မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

* လောကုတ္တရာတရားကို ဝိပဿနာရှု၍ ရ/မရ သာဓကဖြင့် ရှင်းပြပါ။

အနိစ္စ, ဒုက္ခ, အနတ္တဟု ဝိပဿနာရှုသောအခါ လောကုတ္တရာတရားကို ဝိပဿနာ မရှုရပါ။ မိမိတို့ တွေ့ကြုံဆဲဖြစ်သော တေဘူမကသင်္ခါရ (ဘုံသုံးပါး၌ဖြစ်သော လောကီရုပ်နာမ်) တရားတို့ကို သာ ရှုရပါသည်။ **သာဓက**– တေဘူမက သင်္ခါရေသု။

## 'အတိတာဒိဘောဒဘိန္နေသု'၌ အာဒိအရ

အနာဂတ်၊ ပစ္စုပ္ပန်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ သြဠာရိက၊ သုခုမ၊ ဟီန၊ ပဏီတ၊ ဒူရ၊ သန္တိကတို့ကို ယူရပါသည်။

## သမ္မသနဉာဏ်ဖြင့် လက္ခဏာယာဉ်သုံးပါး သုံးသပ်ပုံ

ကုန်ခန်းခြင်း အနက်သဘောကြောင့် အနိစ္စ၊ ကြောက်ဖွယ်ခမန်း ဘေးဘျမ်းဟူသော အနက်သဘောကြောင့် ဒုက္ခ၊ အနှစ်သာရရှာမရသည်၏အဖြစ်ဟူသော အနက်သဘောကြောင့် အနတ္တဟု သုံးသပ်ရပါသည်။

**သာဓက**– အနိစ္စံ ခယဋ္ဌေန, (ပ) အနတ္တာ အသာရကဋ္ဌေနာတိ။

http://www.dhammadownload.com



## သမ္မသနဉာဏ်နှင့်
## ဉဒယဗ္ဗယဉာဏ် ခေါ်ပုံ

ရုပ်နာမ်တရားများကို အနိစ္စ, ဒုက္ခ, အနတ္တဟု သုံးသပ်တတ်သောဉာဏ်ကို 'သမ္မသနဉာဏ်'ဟု ခေါ်ပါသည်။

ရုပ်နာမ်တရားတို့၏ အဖြစ်အပျက်(ဥပါဒ်နှင့်ဘင်)ကို ထင်မြင်အောင် ရှုတတ်သောဉာဏ်ကို 'ဉဒယဗ္ဗယဉာဏ်'ဟု ခေါ်ပါသည်။

## သမ္မသနနည်း (၄)နည်း

၁။ ကလာပသမ္မသနနည်း = ခန္ဓာတစ်ခုခုကိုအပေါင်းပြု၍ သုံးသပ်နည်း။

၂။ အင်္ဂါနသမ္မသနနည်း = အတိတ်ဘဝ၌ဖြစ်သောရုပ်၊ ပစ္စုပ္ပန်ဘဝ၌ဖြစ်သောရုပ်စသည်ဖြင့် ဘဝခွဲခြား၍ သုံးသပ်နည်း။

၃။ သန္တတိသမ္မသနနည်း = အအေးရုပ်အစဉ်, အပူရုပ်အစဉ်စသည်ဖြင့် တစ်ဘဝတည်း၌ပင် အစဉ်အမျိုးမျိုးခွဲခြား၍ သုံးသပ်နည်း။

၄။ ခဏသမ္မသနနည်း = ရုပ်အစဉ်တစ်မျိုးတည်း၌ပင် ဥပါဒ်,ဌိ,ဘင်ဟူသော ခဏအားဖြင့် ခွဲခြား၍ သုံးသပ်နည်း။

## ကလာပသမ္မသနနည်းဖြင့် သုံးသပ်ပွားများပုံ

ရုပ်ဟူသမျှ ကုန်ခန်းခြင်း အနက်သဘောကြောင့် အနိစ္စပါတကား၊ ကြောက်ဖွယ်ခမန်း ဘေးဘျမ်းဟူသော အနက်သဘောကြောင့် ဒုက္ခပါတကား၊ အနှစ်သာရ ရှာမရသည်၏အဖြစ်ဟူသော အနက်သဘောကြောင့် အနတ္တပါတကား။ (ဝေဒနာ/ သညာ/ သင်္ခါရ/ ဝိညာဉ်တို့၌လည်း နည်းမှီပွားလေ)

## အင်္ဂါနသမ္မသနနည်းဖြင့် သုံးသပ်ပွားများပုံ

အတိတ်ဘဝ၌ဖြစ်သောရုပ်သည် ထိုအတိတ်ဘဝ၌ပင် ချုပ်လေပြီ၊ ဤပစ္စုပ္ပန်ဘဝသို့ မရောက်နိုင်။ ဤသို့ ကုန်ခန်းခြင်းအနက်

http://www.dhammadownload.com



သဘောကြောင့် အနိစ္စပါတကား၊ ကြောက်ဖွယ်ခမန်း ဘေးဘျမ်း ဟူသောအနက်သဘောကြောင့် ဒုက္ခပါတကား၊ အနှစ်သာရ ရှာမရသည်၏ အဖြစ်ဟူသောအနက်သဘောကြောင့် အနတ္တပါတကား။ (ပစ္စုပ္ပန်ဘဝ, အနာဂတ်ဘဝတို့၌လည်း နည်းမှီပွားလေ။)

**သန္တတိသမ္မသနနည်းဖြင့် သုံးသပ်ပွားများပုံ**

အပူရုပ်အစဉ်သည် အအေးရုပ်အစဉ်သို့ မရောက်။ ဤသို့ ကုန်ခန်းခြင်း အနက်သဘောကြောင့် အနိစ္စပါတကား၊ ကြောက်ဖွယ်ခမန်း ဘေးဘျမ်းဟူသော အနက်သဘောကြောင့် ဒုက္ခပါတကား၊ အနှစ်သာရ ရှာမရသည်၏ အဖြစ်ဟူသော အနက်သဘောကြောင့် အနတ္တပါတကား။

(ထိုင်နေသောအခါ၌ဖြစ်သော ရုပ်အစဉ်သည် ထသောအခါ၌ ဖြစ်သော ရုပ်အစဉ်သို့မရောက်၊ ပထမအရွယ်၌ဖြစ်သော ရုပ်အစဉ်သည် ဒုတိယအရွယ်၌ ဖြစ်သောရုပ်အစဉ်သို့ မရောက် စသည်ဖြင့် နည်းမှီပွားလေ။)

**ခဏသမ္မသနနည်းဖြင့် သုံးသပ်ပွားများပုံ**

အတိတ်ခဏ၌ဖြစ်သောရုပ်သည် ထိုအတိတ်ခဏ၌ပင် ချုပ်လေပြီ၊ ဤပစ္စုပ္ပန်ခဏသို့ မရောက်နိုင်။ ဤသို့ ကုန်ခန်းခြင်း အနက်သဘောကြောင့် အနိစ္စပါတကား၊ ကြောက်ဖွယ်ခမန်း ဘေးဘျမ်း ဟူသော အနက်သဘောကြောင့် ဒုက္ခပါတကား၊ အနှစ်သာရ ရှာမရသည်၏ အဖြစ်ဟူသော အနက်သဘောကြောင့် အနတ္တပါတကား။

(အတိတဘဝင်စိတ်သည် ထိုအတိတဘဝင်၌ပင် ချုပ်လေပြီ၊ ဘဝင်္ဂစလနသို့ မရောက် စသည်ဖြင့် နည်းမှီပွားလေ။)

http://www.dhammadownload.com



## ဥဒယဗ္ဗယဉာဏ်ဖြင့် အဖြစ်အပျက်ကို သုံးသပ်ပွားများနည်း (၂)နည်း

၁။ ပစ္စယသမနုပဿနာနည်း= အကြောင်းနှင့်စပ်၍ သုံးသပ်ပွားများနည်း၊
၂။ ခဏသမနုပဿနာနည်း= ဥပါဒ်ခဏ, ဘင်ခဏနှင့်စပ်၍ သုံးသပ်ပွားများနည်းတို့ ဖြစ်ပါသည်။

**သာဓက–** တေသော်ဝ ပစ္စယဝသေန (ပ) သမနုပဿန္နာ သေ စ။

## 'ပစ္စယဝသေန'၌ ပစ္စယ(အကြောင်း)အရ

ရုပ်ကရား၏အကြောင်းကား– အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ။
စေတသိက်နာမ်တရား၏ အကြောင်းကား– အဝိဇ္ဇာ, တဏှာ, ကံ, ဖဿ။
စိတ်နာမ်တရား၏အကြောင်းကား– အဝိဇ္ဇာ,တဏှာ,ကံ, နာမ်ရုပ်။
[**ဆောင်**] အဝိဇ်, တဏှာ၊ ကံ, အာဟာ၊ ဖဿာ နာမ်ရုပ်များ။
ပစ္စယ ဟု၊ အကြောင်းစု၊ ခေါ်မူ မြဲမှတ်သား။ (အဓြေပြ-၅၉၁)

## ဘေးရန် (၂)မျိုး

**သမထဘေးရန်ကား–** နိဝရဏငါးပါး ဖြစ်ပါသည်။
**သာဓက–** တတော ပဌာယ ပရိဗန္ဓ– (ပ)နိပ္ပန္နာ နာမ ဟောတိ။
**ဝိပဿနာဘေးရန်ကား–** သြဘာသ၊ ပီတိစသောဆယ်ပါး ဖြစ်ပါသည်။
**သာဓက**-- သြဘာသာဒိ ဝိပဿနုပက္ကိလေသ ပရိဗန္ဓပရိဂ္ဂဟဝသေန။

## ဝိပဿနာညစ်ညူးကြောင်း ဘေးရန်(၁၀)ပါး

၁။ သြဘာသ = ကိုယ်ရောင်ကိုယ်ဝါ။
၂။ ပီတိ = ဝိပဿနာဉာဏ်နှင့်ယှဉ်သော ပီတိစေတသိက်။
၃။ ပဿဒ္ဓိ = ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိစေတသိက်။

http://www.dhammadownload.com



၄။ အဓိမောက္ခ= ကမ္မဋ္ဌာန်းအာရုံ၌ စူးစိုက်စွာ သက်ဝင်ယုံကြည်သော သဒ္ဓါစေတသိက်။
၅။ ပဂ္ဂဟ = ဝိပဿနာစိတ်ကို အားပေးချီးမြှောက်တတ်သော ဝီရိယ။
၆။ သုခ = အလွန်ချမ်းမြသော သုခဝေဒနာ။
၇။ ဉာဏ = ထက်မြက်လျင်မြန် အမြင်သန်သောဝိပဿနာဉာဏ်။
၈။ ဥပဋ္ဌာန = ကမ္မဋ္ဌာန်းအာရုံ၌ စွဲမြဲစွာတည်သော သတိတရား။
၉။ ဥပေက္ခာ = တတြမဇ္ဈတ္တုပေက္ခာ၊ အာဝဇ္ဇနုပေက္ခာ။
၁၀။ နိကန္တိ = သိမ်မွေ့သော တဏှာ။

## ဘေးရန်(၁၀)ပါး အစစ်, အတု ခွဲပုံ

ဝိပဿနာ၏ ညစ်နွမ်းကြောင်း ဘေးရန်(၁၀)ပါးတို့တွင် သြဘာသစသော ရှေ့ကိုးပါးသည် အကုသိုလ် မဟုတ်၍ ဘေးရန် အစစ် မဟုတ်ပါ။ နိကန္တိတစ်ခုသာ ဘေးရန်အစစ် ဖြစ်ပါသည်။

## အမဂ္ဂမည်ပုံနှင့် မဂ္ဂမည်ပုံ

သြဘာသစသော ဆယ်ပါးတို့သည် တဏှာ,မာန, ဒိဋ္ဌိတို့၏ တည်ရာဖြစ်၍ ဝိပဿနာဉာဏ်ကို ညစ်နွမ်းစေတတ်သော ဘေးရန် များဖြစ်သည့်အတွက် မဂ်ဖိုလ်ရကြောင်း လမ်းကောင်းလမ်းမှန် မဟုတ်သောကြောင့် **အမဂ္ဂ**(လမ်းမှား) မည်ပါသည်။

ထိုဆယ်ပါးတို့မှလွတ်သော ဝိပဿနာလမ်းစဉ်အတိုင်း ဆက် လက်၍ တိုးတက်အားထုတ်မှုသည်သာ မဂ်ဖိုလ်ရကြောင်း လမ်း ကောင်းလမ်းမှန် **မဂ္ဂ** မည်ပါသည်။

## မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ခေါ်ပုံ

သြဘာသအစရှိသော ဝိပဿနာညစ်ညူးကြောင်း ဘေးရန်တို့

http://www.dhammadownload.com



ကို ပိုင်းခြား၍ ယူခြင်း၏အစွမ်းဖြင့် ဝိပဿနာ၏ လမ်းမှန်,လမ်းမမှန် လက္ခဏာကို ပိုင်းခြားသတ်မှတ် ဆုံးဖြတ်တတ်သောဉာဏ်ကို မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဟု ခေါ်ပါသည်။

## 'နဝ ဝိပဿနာဉာဏာနိ'၌ နဝအရ

ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ် နိဗ္ဗိဒါဉာဏ်၊ မုစ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်တို့ ဖြစ်ပါသည်။

**အမှာ**– ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၌ ဖြစ်နိုင်သည့် ဝိပဿနာဉာဏ်များမှာလည်း အထက်ပါ(၉)ပါးပင်တည်း။

## ဉာဏဒဿနဝိသုဒ္ဓိ

**ဝိပဿနာပရိပါကအရ**– သင်္ခါရုပေက္ခာဉာဏ် ရပါသည်။

'ဣဒါနိ အပ္ပနာ ဥပ္ပဇ္ဇိဿတိ'၌ **အပ္ပနာအရ**– မဂ်ဉာဏ် ရပါသည်။

* 'ဒုတိယံ ဝိပဿနာစိတ္တာနိ'၌ ဝိပဿနာစိတ်အရာကို တိကျစွာ ကောက်ပြပါ။

ဥပစာရသမာဓိဖောခေါ်သော မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္မယုတ်စိတ်(၈)ပါး ဖြစ်ပါသည်။

## ဒုတိယံ ဝိပဿနာစိတ္တာနိကို ပုဂ္ဂိုလ်အလိုက် ခွဲပုံ

မန္ဒပညပုဂ္ဂိုလ်၌ ပရိကံ, ဥပစာ, အနုလုံဟူသော ဝိပဿနာစိတ်(၃)ကြိမ် ဖြစ်ပါသည်။

တိက္ခပညပုဂ္ဂိုလ်၌ ဥပစာ, အနုလုံဟူသော ဝိပဿနာစိတ်(၂)ကြိမ် ဖြစ်ပါသည်။

http://www.dhammadownload.com



## မင်္ဂရဓါနိုးဠ်ဖြစ်သော ဝိပဿနာစိတ်တို့၏အာရုံ

တေဘူမက သဒ်္ဓါရတရားတို့၏ အနိစ္စ,ဒုက္ခ,အနတ္တဟူသော လက္ခဏာယာဉ်သုံးပါးတွင် တစ်ပါးပါးကို အာရုံပြုပါသည်၊

**သာဓက-** ဒွေတီဏိ ဝိပဿနာစိတ္တာနိ (ပ) နာမေန ပဝတ္တန္တိ။

* မင်္ဂရဓါနိုးဠ်ဖြစ်သော ဝိပဿနာစိတ်တို့သည် နိဗ္ဗာန်ကို အာရုံပြု/မပြု သာဓကဖြင့် ရှင်းပြပါ။

မင်္ဂရဓါနိုးဠ်ဖြစ်သော ဝိပဿနာစိတ်တို့သည် တေဘူမက သဒ်္ဓါရတရားတို့၏ အနိစ္စ, ဒုက္ခ, အနတ္တဟူသော လက္ခဏာယာဉ် သုံးပါးတွင် တစ်ပါးပါးကိုသာ အာရုံပြုရသောကြောင့် နိဗ္ဗာန်ကို အာရုံမပြုပါ။

**သာဓက-** ဒွေတီဏိ ဝိပဿနာစိတ္တာနိ (ပ) နာမေန ပဝတ္တန္တိ။

* ဝုဋ္ဌာနဂါမိနီ ဝိပဿနာအရုဏ်ကို သာဓကပြ ဖြေဆိုပါ။

ဝိပဿနာဉာဏ်ဆယ်ပါးတို့တွင် အထွတ်ထိပ်သို့ရောက်သော သဒ်္ဓါရုပေက္ခာဉာဏ်နှင့် အနုလောမဉာဏ် ရပါသည်။

**သာဓက-** ယာ သိခါပတ္တာ (ပ) ဝုဋ္ဌာနဂါမိနီဝိပဿနာတိစ ပဝုစ္စတိ။

## ဂေါတြဘုစိတ် ဖြစ်ပုံ

ဂေါတြဘုစိတ်သည် နိဗ္ဗာန်ကို အာရုံပြု၍ ပုထုဇဉ်အနွယ်ကို လွှမ်းမိုးပြီး အရိယာအနွယ်သို့ ရောက်စေပါသည်။

* ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်နေသော ယောဂီပုဂ္ဂိုလ်အား အဘယ်အခါ၌ ပုထုဇဉ်အနွယ်ဆုံးပြီး အရိယာအနွယ်သို့ ရောက်ပါသနည်း? သာဓကဖြင့် ရှင်းပြပါ။

ဝုဋ္ဌာနဂါမိနီဝိပဿနာ ဖြစ်ပြီးနောက် ဂေါတြဘုစိတ် ဖြစ်သော အခါ ပုထုဇဉ်အနွယ်ဆုံးပြီး အရိယာအနွယ်သို့ ရောက်ပါသည်။

http://www.dhammadownload.com



**သာဓက**– တတော ပရံ ဂေါတြဘုစိတ္တံ (ပ) ပဝတ္တတိ။

## ဂေါတြဘုအတွက် အထူးမှတ်ချက်

ဂေါတြဘုစိတ်သည် မဂ်၏ ရှေ့က နိဗ္ဗာန်ကို ညွှန်ပြသောကြောင့် မဂ်ဇော,ဖိုလ်ဇောတို့၏ ရှေ့သွားဖြစ်သော အာဝဇ္ဇန်းနှင့် တူပါသည်။ ဂေါတြဘုကို အာဝဇ္ဇန်း အတုဟုလည်း ခေါ်နိုင်သည်။ ပုထုဇဉ်ဘဝ၏ အဆုံးသတ်စိတ်လည်း ဖြစ်ပါသည်။ ပုထုဇဉ်ဘဝနှင့် အရိယာဘဝကို ခွဲခြားသတ်မှတ်ပေးသော နယ်ခြားမှတ်တိုင်လည်း ဖြစ်ပါသည်။

## အနုလောမဉာဏ်နှင့် ဂေါတြဘု အထူး

အနုလောမဉာဏ် (ပရိကံ, ဥပစာ, အနုလုံ)သည် အနိစ္စ,ဒုက္ခ, အနတ္တဟူသော လက္ခဏာသုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဂေါတြဘုသည် နိဗ္ဗာန်ကို အာရုံပြုပါသည်။ ဤသို့ ထူးပါသည်။

## တစ်ဝီထိတည်း၌ အာရုံကွဲပြားမှု ရှိနိုင်

မဂ္ဂဝီထိ၌ မနောဒွါရာဝဇ္ဇန်းမှစ၍ အနုလုံတိုင်အောင်သော စိတ်များသည် အနိစ္စစသောလက္ခဏာသုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဂေါတြဘု,မဂ်,ဖိုလ်တို့က နိဗ္ဗာန်ကိုအာရုံပြုသဖြင့် တစ်ဝီထိတည်း၌ အာရုံကွဲပြားမှု ရှိနိုင်ပါသည်။

## မဂ္ဂဝီထိ၌ပါသော ပရိကံ, ဥပစာ, အနုလုံ ဂေါတြဘုတို့၏ အာရုံ

မဂ္ဂဝီထိ၌ပါသော ပရိကံ, ဥပစာ, အနုလုံတို့သည် အနိစ္စ,ဒုက္ခ, အနတ္တဟူသော လက္ခဏာသုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဂေါတြဘုသည် နိဗ္ဗာန်ကို အာရုံပြုပါသည်။

**သာဓက**– ယံကိဉ္စိ အနိစ္စာဒိ လက္ခဏမာရဗ္ဘ ပရိကမ္မောပစာရာ-နုလောမနာမေန ပဝတ္တန္တိ။ ဂေါတြဘုစိတ္တံ နိဗ္ဗာနမာလမ္ဗိတွာ။

http://www.dhammadownload.com



* မဟာကုသိုလ်(ကြိုယာ)ဉာဏသမ္မယုတ်စိတ်၏ နိဗ္ဗာန်ကို အာရုံပြုရာအခါကို သာဓကပြ ဖြေဆိုပါ။

သောတာပတ္တိမဂ်၏ ရှေး ဂေါတြဘုကိစ္စတပ်သောအခါ ,နိဗ္ဗာန်ကို အာရုံပြုပါသည်။

**သာဓက**– တတော ပရံ ဂေါတြဘုစိတ္တံ နိဗ္ဗာနမာလမ္မိတ္ထာ။

* ပုထုဇဉ်နှင့် အရိယာ ကွဲပြားအောင်ခွဲခြားသော ကာမဓောဓ၏ အမည်ကား– ဂေါတြဘု ဖြစ်ပါသည်၊

* ယင်းဓောဓ၏အာရုံကား– နိဗ္ဗာန်ကို အာရုံပြုပါသည်။

* ယင်းဓောဓ၏ လုပ်ဆောင်ချက်ကား– ပုထုဇဉ်အနွယ်ကို လွှမ်းမိုးလျက် အရိယာအနွယ်သို့ ရောက်စေပါသည်။

## သောတာပတ္တိမဂ္ဂဝီထိ ပုံစံ

**မန္ဒ** – နာ, ဒ, မ, ပ, ဥ, နု, ဂေါ, မဂ်, ဖ, ဖ–ဘ။

**တိက္ခ** – နာ, ဒ, မ, ဥ, နု, ဂေါ, မဂ်, ဖ, ဖ, ဖ–ဘ။

## မဂ်ကိစ္စ(၁၆)ချက် ရေတွက်ပုံ

သောတာပတ္တိမဂ်သည် ဒုက္ခသစ္စာကို ပိုင်းခြားခြင်း၊ သမုဒယသစ္စာကို ပယ်ခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာကို ဖြစ်ပွားစေခြင်းဟူသော ကိစ္စလေးရပ်ကို တစ်ပြိုင်နက် ပြီးစေပါသည်။ ထို့အတူ သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်တို့ကလည်း ကိစ္စလေးရပ်ကို တစ်ပြိုင်နက် ပြီးစေကြပါသည်။ ဤသို့ မဂ်တစ်ပါးပါးလျှင် ကိစ္စလေးရပ်စီ ရှိသောကြောင့် မဂ်ကိစ္စ(၁၆)ချက် ဖြစ်ပါသည်။

## မဂ်စိတ် ဖြစ်ပေါ်လာပုံ

(ဆီမီးသည် မီးစာကိုလောင်, အမှောင်ပယ်ရှင်း, အလင်းရောင်

http://www.dhammadownload.com



လွမ်း, ဆီကုန်ခန်းမှု ကိစ္စလေးခု တစ်ပြိုင်နက် ပြီးစေသကဲ့သို့) ဂေါတြဘုန်၏ အခြားမဲ့၌ဖြစ်သော မင်္ဂသည် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း, သမုဒယသစ္စာကို ပယ်စွန့်ခြင်း, နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း, မဂ္ဂသစ္စာကို ဖြစ်ပွားစေခြင်း၏ အစွမ်းဖြင့် မင်္ဂဟူသော အပွနာသို့ရောက်ခြင်းကို မင်္ဂစိတ်ဖြစ်ပေါ်လာသည်ဟု ခေါ်ပါသည်။

## မင်္ဂဇောနောင် ဖိုလ်ဇောတို့ စောသည့်အကြိမ်ကို (ဒွေတီကဖလစိတ္တာနိ ကို) ပုဂ္ဂိုလ်အားဖြင့် ခွဲခြားပုံ

မင်္ဂဇောစောပြီးနောက် ဖိုလ်ဇောတို့သည် မန္ဒပညာပုဂ္ဂိုလ်၏ သန္တာန်၌ (၂)ကြိမ်၊ တိက္ခပညာပုဂ္ဂိုလ်၏သန္တာန်၌ (၃)ကြိမ် စောပါသည်။

* 'ပစ္စဝေက္ခဏာဉာဏာနိ'၌ ပစ္စဝေက္ခဏာဉာဏ်အရကို တိကျစွာ ကောက်ပြပါ။

မဟာကုသိလ်၊ မဟာကြိယာ ဉာဏသမ္ပယုတ်ဇော(၈)ပါး၌ ယှဉ်သော ဉာဏ်ရပါသည်။

## ပစ္စဝေက္ခဏာဝီထိ ငါးမျိုးကို မုချ,အမုချ ခွဲပုံ

မင်္ဂကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၊ ဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၊ နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၊ ဤသုံးပါးသည် မုချဖြစ်သော ပစ္စဝေက္ခဏာဝီထိများ ဖြစ်ပါသည်။ ပယ်အပ်ပြီးသော ကိလေသာတို့ကို ပြန်၍ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၊ မပယ်နိုင်သေး၍ ကျန်နေသောကိလေသာတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၊ ဤနှစ်ဝီထိကား အချို့ပုဂ္ဂိုလ်မှာသာဖြစ်၍ အချို့ပုဂ္ဂိုလ်မှာ မဖြစ်သောကြောင့် အမုချဖြစ်သော ပစ္စဝေက္ခဏာဝီထိများ ဖြစ်ပါသည်။

http://www.dhammadownload.com



## ပစ္စဝေက္ခဏာဉာဏ် (၁၉)တန် ရေတွက်ပုံ

သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်၊ သောတာပတ္တိဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်၊ နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်၊ ပယ်ပြီးကိလေသာတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်၊ ကြွင်းကျန်သော ကိလေသာတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်အားဖြင့် (၅)တန် ဖြစ်ပါသည်။ ထို့အတူ သကဒါဂါမ်ပုဂ္ဂိုလ်၌လည်း(၅)တန်၊ အနာဂါမ်ပုဂ္ဂိုလ်၌လည်း(၅)တန်၊ ရဟန္တာပုဂ္ဂိုလ်၌ကား ကြွင်းကျန်သော ကိလေသာမရှိ၍(၄)တန်၊ အားလုံးပေါင်းက ပစ္စဝေက္ခဏာဉာဏ်(၁၉)တန် ဖြစ်ပါသည်။

* အရိယာပုဂ္ဂိုလ်များသည် မိမိကိုယ်ကို အရိယာဖြစ်မှန်း သိ/မသိ သာဓကဖြင့် ရှင်းပြပါ။

အရိယာပုဂ္ဂိုလ်များသည် မိမိရရှိပြီးသော မဂ်, ဖိုလ်, နိဗ္ဗာန်ကို အမှန်တကယ် ပြန်ဆင်ခြင်သောကြောင့် မိမိကိုယ်ကို အရိယာဖြစ်မှန်း သိပါသည်။

**သာဓက**– မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော။

* သစ္စာလေးပါး သိမြင်၍ ကိလေသာအချို့ ကင်းစင်ပြီးသော သောတာပန်ပုဂ္ဂိုလ်သည် မိမိကိုယ်ကို သောတာပန်ဖြစ်မှန်း သိ/မသိ သာဓကဖြင့် ရှင်းပြပါ။

အရိယာပုဂ္ဂိုလ်များသည် မိမိရရှိပြီးသော မဂ်, ဖိုလ်, နိဗ္ဗာန်ကို အမှန်တကယ် ပြန်ဆင်ခြင်သောကြောင့် မိမိကိုယ်ကို သောတာပန်ဖြစ်မှန်း သိပါသည်။

**သာဓက**– မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော။

http://www.dhammadownload.com



* အရိယာများ ပစ္စဝေက္ခဏာ ဆင်ခြင်ပုံပြဂါထာကို သောတာပန်အတွက် ရည်သန်လျက် ပေါ်လွင်အောင် အနက်ရေးသားပါ။

ပဏ္ဍိတော–လောကုတ္တရာ သောတာပန်ပညာရှိသည်၊ မဂ္ဂ–သောတာပတ္တိမဂ်ကိုလည်းကောင်း၊ ဖလဋ္ဌ–သောတာပတ္တိဖိုလ်ကိုလည်းကောင်း၊ နိဗ္ဗာန်–နိဗ္ဗာန်ကိုလည်းကောင်း၊ ပစ္စဝေက္ခတိ–အမှန်ဆင်ခြင်၏၊ ဟိနေ–ပယ်အပ်ပြီးကုန်သော၊ ကိလေသေ–ဒိဋ္ဌ,ဝိစိကိစ္ဆာ ကိလေသာတို့ကိုလည်းကောင်း၊ သေသေ စ–ဒိဋ္ဌ, ဝိစိကိစ္ဆာမှတစ်ပါး ကြွင်းသော ကိလေသာတို့ကိုလည်းကောင်း၊ ပစ္စဝေက္ခတိ ဝါ–ဆင်ခြင်သူ လည်းရှိ၏၊ နာ ပစ္စဝေက္ခတိ ဝါ–မဆင်ခြင်သူလည်းရှိ၏။

## ဘူမိ (အာရုံ)နှစ်မျိုး

ဝိပဿနာဘူမိ (ဝိပဿနာဉာဏ်၏အာရုံ)ကား– တေဘူမက သင်္ခါရတရား ဖြစ်ပါသည်။

**သာဓက**– တေဘူမက သင်္ခါရေသု။ (စာပိုဒ်–၅၃)

ပစ္စဝေက္ခဏာဉာဏ်ဘူမိ (ပစ္စဝေက္ခဏာဉာဏ်၏အာရုံ)ကား– မဂ်၊ ဖိုလ်၊ နိဗ္ဗာန်၊ ပယ်ပြီးကိလေသာ၊ ကြွင်းသောကိလေသာများ ဖြစ်ပါသည်။

**သာဓက**– မဂ္ဂံ ဖလဋ္ဌ နိဗ္ဗာနံ၊ (ပ) ပစ္စဝေက္ခတိ ဝါ နဝါ။

* ဉာဏဒဿနဝိသုဒ္ဓိ၏ တရားကိုယ်အရကို သာပြေဖြေဆိုပါ။ မဂ်ဉာဏ် (၄)ပါး ရပါသည်။

**သာဓက**– ဆဗ္ဘိသုဒ္ဓိကမေနေဝံ၊ (ပ) နာမ မဂ္ဂေါ ပဝုစ္စတိ။

## ဝိသုဒ္ဓိနှင့် ဉာဏ်စဉ် တွဲစပ်ပုံ

သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိတို့၌

http://www.dhammadownload.com



ဉာဏ်စဉ်နှင့် မဆိုင်သေးပါ။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၌ သမ္မသန ဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ် ရှေ့ပိုင်း ဖြစ်ပါသည်။ ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ၌ ဥဒယဗ္ဗယဉာဏ် နောက်ပိုင်းတစ်စိတ်နှင့် ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုစ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်တို့ ဖြစ်ပါသည်။ ဉာဏဒဿနဝိသုဒ္ဓိ၌ ဉာဏ်စဉ်နှင့် မဆိုင်တော့ပါ။

**[ဆောင်]** ၁။ သီ, စိတ်, ဒိဋ္ဌ, ကင်၊ ဤလေးအင်၊ ဉာဏ်စဉ် မဆိုင်သင့်။
၂။ မဂ္ဂါမဂ္ဂ၊ စခန်းကျလျှင်၊ သမ္မသန၊ ဉာဏ်အစနှင့်၊
ဥဒယဗ္ဗယ်၊ ရှေ့ပိုင်းဉာဏ်၊ အမှန်ပါသဖြင့်။
၃။ ပဋိပဒ၊ စခန်းကျသော်၊ ဥဒယလှိုင်း၊ နောက်အပိုင်းမှ၊
စ၍ နုလုံ၊ တိုင်အောင်ရှိ၊ ဉာဏ်ကုန် ကိုးပါးဆင့်။
(အခြေပြု-၆၀၄)

## ဝိသုဒ္ဓိ(၇)ပါးကို မူလ,သရီရ,သီသအားဖြင့် ခွဲပုံ

သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိတို့သည် ခြေနှင့်တူသည့်အတွက် မူလ ဝိသုဒ္ဓိ မည်ပါသည်။ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိတို့သည် ခန္ဓာကိုယ်နှင့် တူသည့်အတွက် သရီရဝိသုဒ္ဓိ မည်ပါသည်။ ဉာဏဒဿနဝိသုဒ္ဓိ သည် ဦးခေါင်းနှင့်တူသည့်အတွက် သီသဝိသုဒ္ဓိ မည်ပါသည်။

**[ဆောင်]** သီလ,စိတ္တ၊ မူလ မှတ်ပါ။
ဒိဋ္ဌိ စသား၊ လေးပါး သရီရာ။
ဉာဏဒဿန၊ မှတ်ကြ သီသာ။
ဝိသုဒ္ဓိ၊ ခွဲဘိ ဤသုံးဖြာ။ (အရှင်နန္ဒာသိရီ)

## သမ္မသနဉာဏ် ဖြစ်ပုံပြပါဦ

တတော ပရံ ပန တထာ (ပ) လက္ခဏတ္တယံ သမ္မသန္တသ။

http://www.dhammadownload.com



**ဥဒယဗ္ဗယဉာဏ် ဖြစ်ပုံပြပါဠိ**

တေသ္မေဝ ပစ္စယဝသေန (ပ) ဥဒယဗ္ဗယံ သမနုပဿန္တော သစ။

**ကမ်ိန့် မဂ္ဂါ-ဝိသုဒ္ဓိတို့၏ အကြောင်း၌**
**ကြုံတွေ့ရလေ့ရှိသော ကိုယ်တွင်းရန်(၁၀)ပါးပြပါဠိ**

သြဘာသော ပီတိ ပဿဒ္ဓိ၊ (ပ) မုပေက္ခာ စ နိကန္တိ စေတိ။

**ဉာဏ်စဉ်အများဆုံးရသော ဝိသုဒ္ဓိဖြစ်ပုံပြပါဠိ**

တထာ ပရိဗန္ဓဝိမုတ္တာသ (ပ) ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ နာမ။

**ဉာဏဒဿနဝိသုဒ္ဓိပြ ပါဠိ**

ဝိသုဒ္ဓိဘေဒလာ စာပိဒ်- ၅၅၊ ၅၆၊ ၅၇၊ ၅၈၊ ၅၉။

**မဂ်ရဓါနိး စိတ်အစဉ်ဖြစ်ပုံပြ ပါဠိ**

ဝိသုဒ္ဓိဘေဒလာ စာပိဒ်- ၅၅၊ ၅၆၊ ၅၇။

**မဂ္ဂဝီထိကျပုံပြ ပါဠိ**

ဝိသုဒ္ဓိဘေဒလာ စာပိဒ်- ၅၈၊ ၅၉။

**မဂ်စိတ်၏ သိ,ပယ်,ဆိုက်,ပွား ကိစ္စလေးရပ်**
**တစ်ပြိုင်နက် ဆောင်ရွက် (မဂ်စိတ်ဖြစ်)ပုံပြ ပါဠိ**

တဿာနန္တရမေဝ မဂ္ဂေါ (ပ) အပ္ပနာဝီထိ မောတရတိ။

**အရိယာများ ပစ္စဝေက္ခဏာ ဆင်ခြင်ပုံပြပါဠိ**
**(ပစ္စဝေက္ခဏာဉာဏ်၏ ဘုံအာရုံပြပါဠိ)**

မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ (ပ) ပစ္စဝေက္ခတိ ဝါ န ဝါ။
ဝိသုဒ္ဓိဘေဒ ပြီး၏။

□□□□□

http://www.dhammadownload.com



## ဒိဓမောက္ခဒေဒ

### ဝိမောက္ခမုခ(၃)မျိုး၏ အဓိပ္ပါယ်

၁။ သုညတာနုပဿနာ – အတ္တမှကင်းဆိတ်၏ဟု ရှုတတ်သောဉာဏ်။
၂။ အနိမိတ္တာနုပဿနာ – ပုံသဏ္ဌာန်မရှိဟု ရှုတတ်သောဉာဏ်။
၃။ အပ္ပဏိဟိတာနုပဿနာ– တောင့်တဖွယ်မရှိဟု ရှုတတ်သောဉာဏ်။

### အနုပဿနာသုံးမျိုး ဝိမောက္ခမုခ အမည်ရပုံ

၁။ အနတ္တဟုရှုသော အနတ္တာနုပဿနာဉာဏ်သည် အတ္တရှိ၏ဟု စွဲလမ်းမှုကို ဖွန့်လွှတ်နိုင်ခြင်းကြောင့် သုညတာနုပဿနာမည်သော ဝိမောက္ခမုခ မည်၏။

၂။ အနိစ္စဟုရှုသော အနိစ္စာနုပဿနာဉာဏ်သည် ဝိပလ္လာသနိမိတ်ကို ဖွန့်လွှတ်နိုင်ခြင်းကြောင့် အနိမိတ္တာနုပဿနာမည်သော ဝိမောက္ခမုခ မည်၏။

၃။ ဒုက္ခဟုရှုသော ဒုက္ခာနုပဿနာဉာဏ်သည် တောင့်တတတ်သော တဏှာကို ဖွန့်လွှတ်နိုင်ခြင်းကြောင့် အပ္ပဏိဟိတာနုပဿနာမည်သော ဝိမောက္ခမုခ မည်၏။

### အတ္တကင်းကြောင်း နည်းလမ်းကောင်း

ခန္ဓာကိုယ်အတွင်းက စီမံပေးနေသော အတ္တခေါ်အထည်ကိုယ်အနှစ်တစ်မျိုးရှိ၏ဟု ပုထုဇဉ်တို့ထင်မှားနေကြ၏။ အတ္တကိုအစွဲပြု၍ ငါ,သူ,မင်းစသည် သုံးနှုန်းနေကြ၏။ ခန္ဓာကိုယ်တစ်ခုလုံး ကြောင်းကျိုးစုံလင်အောင် အနတ္တာနုပဿနာဖြင့် အတ္တရှိ–မရှိကို ရှုသောအခါ ဘာမျှမရှိ သုညဖြစ်လေတော့၏။ ဤသို့ အနတ္တာနုပဿနာသည် အတ္တကင်းအောင် ရှုနိုင်ပါသည်။

http://www.dhammadownload.com



**ဝိပလ္လာသနိမိတ်ကင်းကြောင်း နည်းလမ်းကောင်း**

ပုထုဇဉ်တို့က ရုပ်နာမ်အပေါင်းကို အတုံးအခဲ တစ်လုံးတစ်စု ထဲဟု ပုံသဏ္ဌာန် ထင်နေ၏။ ထိုသို့မဟုတ်မမှန် ထင်မှားသော ပုံသဏ္ဌာန်ကို ဝိပလ္လာသနိမိတ်ဟု ခေါ်၏။ အနိစ္စာနုပဿနာဖြင့် ရုပ်နာမ်ခန္ဓာကို ပုံသဏ္ဌာန်ရှိ-မရှိ ရှုသောအခါ ယခုဖြစ် ယခုပျက် မမြဲသော အချက်ကိုသာ တွေ့မြင်ရ၏။ ပုံသဏ္ဌာန် ဖြစ်လောက် အောင် ကြာရှည်မတည်။ ဤသို့ အနိစ္စာနုပဿနာသည် ဝိပလ္လာသ နိမိတ်ကင်းအောင် ရှုနိုင်ပါသည်။ (ဝိမောက္ခဘေဒ-၆၂)

**တောင်းတတတ်သော တဏှာကင်းကြောင်း နည်းလမ်းကောင်း**

ချမ်းသာဖွယ်ဟု ထင်မှတ်မှုကြောင့်သာ တောင်းတကြ၏။ ဒုက္ခာနုပဿနာသည် ရုပ်နာမ်ဟူသမျှ၌ တကယ်ချမ်းသာရှိ-မရှိကို ရှုသောအခါ ချမ်းသာမမြင် ဆင်းရဲသာထင်လာတော့၏။ ဤသို့ ဒုက္ခာနုပဿနာသည် တောင်းတတတ်သော တဏှာကင်းအောင် ရှုနိုင်ပါသည်။ (ဝိမောက္ခဘေဒ-၆၃)

**ဝိပဿနာနှင့်စပ်၍ မဂ်၏ အမည်သုံးမျိုးရပုံ**

၁။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် အနတ္တဟု ရှုသဖြင့် (သုညတ ဝိမောက္ခမုခ အမည်ရလျှင်) မဂ်သည် သုညတဝိမောက္ခ အမည် ရသည်။

၂။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် အနိစ္စဟုရှုသဖြင့် (အနိမိတ္တ ဝိမောက္ခမုခ အမည်ရလျှင်)မဂ်သည် အနိမိတ္တဝိမောက္ခ အမည် ရသည်။

၃။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် ဒုက္ခဟု ရှုသဖြင့် (အပ္ပဏိဟိတ

http://www.dhammadownload.com



ဝိမောက္ခမုခအမည်ရလျှင်) မဂ်သည် အပ္ပဏိဟိတဝိမောက္ခ အမည်ရသည်။

## မဂ္ဂဝီထိ၌ မဂ်နှင့်စပ်၍ ဖိုလ်၏အမည်(၃)မျိုးရပုံ

၁။ မဂ္ဂဝီထိ၌ မဂ်သည် သုညတဝိမောက္ခမုခအမည်ရလျှင် မဂ်နောင်ဖြစ်သော ဖိုလ်လည်း သုညတဝိမောက္ခ အမည်ရသည်။

၂။ မဂ်သည် အနိမိတ္တဝိမောက္ခမုခ အမည်ရလျှင် မဂ်နောင်ဖြစ်သော ဖိုလ်လည်း အနိမိတ္တဝိမောက္ခ အမည်ရသည်။

၃။ မဂ်သည် အပ္ပဏိဟိတဝိမောက္ခမုခ အမည်ရလျှင် မဂ်နောင်ဖြစ်သော ဖိုလ်လည်း အပ္ပဏိဟိတဝိမောက္ခ အမည်ရသည်။

## ဖလသမာပတ္တိဝီထိ၌ ဝိပဿနာနှင့်စပ်၍ ဖိုလ်၏ အမည်(၃)မျိုးရပုံ

၁။ မိမိရရှိပြီးသောဖိုလ်ကို ဝင်စားလိုလျှင် ဝိပဿနာရှုရပြန်၏။ ထိုဝိပဿနာက သုညတဝိမောက္ခမုခဖြစ်လျှင် ဝိပဿနာနှင့်စပ်၍ ဖိုလ်လည်း သုညတဝိမောက္ခ အမည်ရပါသည်။

၂။ ဖိုလ်၏ ရှေ့ကဖြစ်သော ဝိပဿနာသည် အနိမိတ္တဝိမောက္ခမုခဖြစ်လျှင် ဖိုလ်လည်း အနိမိတ္တဝိမောက္ခ အမည်ရပါသည်။

၃။ ဖိုလ်၏ ရှေ့ကဖြစ်သော ဝိပဿနာသည် အပ္ပဏိဟိတဝိမောက္ခ ဖြစ်လျှင် ဖိုလ်လည်း အပ္ပဏိဟိတဝိမောက္ခ အမည်ရပါသည်။

## ယထာသက် ဖလမုပ္ပဇ္ဇမာနမ္မိ

မဂ်က သုညတမဂ်ဖြစ်၍ ဖလသမာပတ် ဝင်စားသောအခါ ဝိပဿနာက အနိမိတ္တဝိပဿနာပင် ဖြစ်စေကာမူ မဂ်၏နောက်သို့ လိုက်ဖွယ်မလိုတော့ပါ။ ယခုလောလောဆယ် ရှေ့သွားဖြစ်သော ဝိပဿနာအမည်နောက်သို့သာ လိုက်၍ အမည်ပေးရသည်။

http://www.dhammadownload.com



## နာမတ္တယ် သဗ္ဗတ္ထ သဗ္ဗေသမ္မိ သမမေဝ

အာရုံနှင့်စပ်၍ရသော မဂ်,ဖိုလ်တို့၏ အမည်သုံးမျိုး၊ မိမိသဘော အားဖြင့်ရသော မဂ်,ဖိုလ်တို့၏ အမည်သုံးမျိုးတို့သည် အလုံးစုံသော ပုဂ္ဂိုလ်တို့၌ မဂ္ဂဝီထိအခိုက်မှာဖြစ်စေ, ဖလသမာပတ္တိဝီထိအခိုက်မှာ ဖြစ်စေ တူကြသည်သာ။

**မှတ်ချက်**။ ။ ဝိပဿနာက အနိစ္စ,ဒုက္ခ,အနတ္တဟု တစ်ပြိုင်နက် မရှုနိုင်။ တစ်မျိုးသာရှုနိုင်သောကြောင့် ဝိပဿနာနှင့်စပ်၍ ရသော အမည်တို့သည် မဂ်,ဖိုလ်တစ်မျိုးလျှင် အမည်တစ်မျိုးစီသာရနိုင်၏။ အာရုံနှင့်စပ်သောအားဖြင့် ဖြစ်စေ၊ မိမိသဘောနှင့် စပ်သောအားဖြင့် ဖြစ်စေ ရသောအမည်ကား တစ်ပြိုင်နက် သုံးမျိုးလုံးပင် ရနိုင်၏။

### မဂ်၏ အမည်(၃)မျိုးရနိုင်သော နည်းလမ်းများ

၁။ ဝိပဿနာဂမနဝသေန – ဝိပဿနာနှင့် စပ်၍လည်းကောင်း၊
၂။ အာရမ္မဏဝသေန – နိဗ္ဗာန်အာရုံနှင့် စပ်၍လည်းကောင်း၊
၃။ သရသဝသေန – မိမိသဘောနှင့် စပ်၍လည်းကောင်း၊
အမည်သုံးမျိုး ရနိုင်ပါသည်။

### မဂ္ဂဝီထိ၌ ဖိုလ်၏ အမည်(၃)မျိုး ရရှိနိုင်သော နည်းလမ်းများ

၁။ မဂ္ဂါဂမနဝသေန – မဂ်နှင့် စပ်၍လည်းကောင်း၊
၂။ အာရမ္မဏဝသေန – နိဗ္ဗာန်အာရုံနှင့် စပ်၍လည်းကောင်း၊
၃။ သရသဝသေန – မိမိသဘောနှင့် စပ်၍လည်းကောင်း၊
အမည်သုံးမျိုး ရနိုင်ပါသည်။

### ဖလသမာပတ္တိဝီထိ၌ ဖိုလ်၏အမည်သုံးမျိုး ရရှိနိုင်သော နည်းလမ်းများ

၁။ ဝိပဿနာဂမနဝသေန– ဝိပဿနာနှင့် စပ်၍လည်းကောင်း၊

http://www.dhammadownload.com



၂။ အာရမ္မဏဝသေန - နိမ္မာန်အာရုံနှင့်စပ်၍လည်းကောင်း၊
၃။ သရသဝသေန - မိမိသဘောနှင့် စပ်၍လည်းကောင်း၊
အမည်သုံးမျိုး ရနိုင်ပါသည်။

**အနုပဿနာသုံးပါး ဝိမောက္ခမုခ အမည်ရပုံပြပါဦ**

ဝိမောက္ခဘေဒလာ စာပိုဒ်- ၆၁၊ ၆၂၊ ၆၃။

**ဝိပဿနာနှင့်စပ်၍ မဂ်၏သုညတဝိမောက္ခသော**
**အမည်(၃)မျိုးရပုံပြ ပါဦ**

ဝိမောက္ခဘေဒလာ စာပိုဒ်- ၆၄၊ ၆၅၊ ၆၆။

**ဖလသမာပတ္တိဝိထိ၌ပါသော ဖိုလ်၏**
**အမည်(၃)မျိုးရပုံပြ ပါဦ**

ဖလသမာပတ္တိဝိထိယံ ပန (ပ) ဝိမောက္ခောတိ စ ပဝုစ္စတိ။
ဝိမောက္ခဘေဒ ပြီး၏။

□□□□□

## ပုဂ္ဂလဓိဋ္ဌာန

### သောတာပန် ခေါ်ပုံ

သောတာပတ္တိမဂ်ကို ဖြစ်စေသည်ရှိသော် ဒိဋ္ဌိ, ဝိစိကိစ္ဆာကို ပယ်ခြင်းဖြင့် အပါယ်သို့ ရောက်ကြောင်းတရားကို ပယ်ပြီးဖြစ်၍ ကာမဘုံ၌ အလွန်ဆုံး(၇)ကြိမ်သာ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်ကို 'သောတာပန်'ဟု ခေါ်ပါသည်။ (ရူပ,အရူပဘုံ၌ကား (၇)ကြိမ်ထက် ပို၍ ပဋိသန္ဓေ နေနိုင်သည်။)

* သောတာပန်ပုဂ္ဂိုလ် သေပြီးနောက် ပဋိသန္ဓေ၏ အစွမ်းဖြင့် ပြိတ္တာဘုံသို့ ရောက်နိုင်/မရောက်နိုင် သာဓကဖြင့် ရှင်းပြပါ။

http://www.dhammadownload.com



သောတာပန်ပုဂ္ဂိုလ်သည် အပါယ်သို့လားကြောင်း အကုသိုလ်တရားများကို ပယ်ပြီးဖြစ်သောကြောင့် ပဋိသန္ဓေ၏ အစွမ်းဖြင့် ပြိတ္တာဘုံသို့ မရောက်နိုင်ပါ။

**သာဓက**– ပဟီနာပါယဂမနော (ပ)သောတာပန္နော နာမ ဟောတိ။

* သောတာပန်ပုဂ္ဂိုလ်သည် ငါ့ဝမ်းပူဆာ မနေသာ၍ ပိုက်ချ, မြှီးထောင်ခြင်းစသောအမှု ပြု/မပြု သာဓကဖြင့် ရှင်းပြပါ။

သောတာပန်ပုဂ္ဂိုလ်သည် အပါယ်သို့လားကြောင်း အကုသိုလ်တရားများကို ပယ်ပြီးဖြစ်သောကြောင့် ငါ့ဝမ်းပူဆာ မနေသာ၍ ပိုက်ချ, မြှီးထောင်ခြင်းစသောအမှု မပြုပါ။

**သာဓက**– ပဟီနာပါယဂမနော (ပ)သောတာပန္နော နာမ ဟောတိ။

* သောတာပန်ပုဂ္ဂိုလ်သည် ကာမဘုံ၌ ရုစ်ကြိမ်မြောက် ပဋိသန္ဓေ နေ/မနေ သာဓကဖြင့် ရှင်းပြပါ။

သောတာပန်ပုဂ္ဂိုလ်သည် ကာမဘုံ၌ အလွန်ဆုံးခုနစ်ကြိမ်သာ ပဋိသန္ဓေ နေရသောကြောင့် ရုစ်ကြိမ်မြောက် ပဋိသန္ဓေ မနေပါ။

**သာဓက**– သတ္တက္ခတ္တုပရမော သောတာပန္နော နာမ ဟောတိ။

## သောတာပန်ပုဂ္ဂိုလ်များ
## ပယ်အပ်သောကိလေသာနှင့် အကုသိုလ်စိတ်

သောတာပတ္တိမဂ်ကိုရလျှင် ကိလေသာဆယ်ပါးတို့တွင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အကြွင်းမဲ့ပယ်၏။ ဥဒ္ဓစ္စမှတပါး ကျန်ကိလေသာတို့ကိုကား အပါယ်သို့ရောက်စေနိုင်သော ကြမ်းတမ်းသောသတ္တိလောက်ကိုသာ ပယ်၏။

သောတာပန်သည် အကုသိုလ်စိတ်(၁၂)ပါးတွင် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်(၄)ပါး၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်(၁)ပါး၊ ပေါင်း(၅)ပါးကို

http://www.dhammadownload.com



အကြွင်းမဲ့ပယ်၏။ ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်(၄)ပါး၊ ဒေါသမူစိတ်(၂)ပါး၊ ပေါင်း(၆)ပါး၏ အပါယ်ကျစေနိုင်သော အစွမ်းသတ္တိကိုသာ ပယ်၏။ ဥဒ္ဓစ္စသဟဂုတ်ကိုကား အပါယ်ကျစေနိုင်သော အစွမ်းသတ္တိ မရှိသောကြောင့် လုံးဝမပယ်ပါ။

## သကဒါဂါမ် ခေါ်ပုံ

သကဒါဂါမိမဂ်ကို ဖြစ်စေသည်ရှိသော် ရာဂ,ဒေါသ,မောဟ ကိလေသာတို့ကို နည်းပါးအောင် ပြုတတ်သည့်အတွက် ပဋိသန္ဓေ နေသောအားဖြင့် ဤကာမဘုံသို့ တစ်ကြိမ်သာ ပြန်လာခြင်းကြောင့် သကဒါဂါမ်ဟု ခေါ်ပါသည်။

* သကဒါဂါမ်ပုဂ္ဂိုလ်သည် ကာမဘုံ၌ နှစ်ကြိမ်မြောက် ပဋိသန္ဓေ နေ/မနေ သာဓကဖြင့် ရှင်းပြပါ။

သကဒါဂါမ်ပုဂ္ဂိုလ်သည် ပဋိသန္ဓေ၏အစွမ်းဖြင့် ကာမဘုံသို့ တစ်ကြိမ်သာ ပြန်လာခြင်းကြောင့် နှစ်ကြိမ်မြောက် ပဋိသန္ဓေ မနေတော့ပါ။

**သာဓက**– သကဒါဂါမိနာမ ဟောတိ သကိဒေဝ ကုမ်လောကံ အာဂန္တွာ။

## သကဒါဂါမ်ပုဂ္ဂိုလ်များ
## ပယ်အပ်သောကိလေသာနှင့် အကုသိုလ်စိတ်

သကဒါဂါမ်ပုဂ္ဂိုလ်သည် အကြွင်းမဲ့ပယ်အပ်သော တရားမရှိပါ၊ ရာဂ,ဒေါသ,မောဟ ကိလေသာတို့ကို နည်းပါးအောင်ပြုနိုင်၏။ ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်(၄)ပါး၊ ဒေါသမူစိတ်(၂)ပါး၊ ပေါင်း(၆)ပါးသော အကုသိုလ်တို့ကို တနုကရအားဖြင့်သာ ပယ်၏။

## အနာဂါမ် ခေါ်ပုံ

အနာဂါမိမဂ်ကို ဖြစ်စေသည်ရှိသော် ကာမရာဂ,ဗျာပါဒတို့ကို

http://www.dhammadownload.com



အကြောင်းမရှိအောင် ပယ်သည့်အတွက် ပဋိသန္ဓေနေသောအားဖြင့် ဤကာမဘုံသို့ ပြန်မလာခြင်းကြောင့် အနာဂါမ်ဟု ခေါ်ပါသည်။

## အနာဂါမ်ပုဂ္ဂိုလ်များ
## ပယ်အပ်သောကိလေသာနှင့် အကုသိုလ်စိတ်

အနာဂါမ်ပုဂ္ဂိုလ်သည် ကာမရာဂနှင့် ဗျာပါဒတို့ကို အကြွင်းမဲ့ ပယ်၏။

ကာမရာဂနှင့် သမ္မယုတ်ဖြစ်သော ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်(၄)ပါး၊ ဒေါသမူစိတ်(၂)ပါးတို့ကိုလည်း အကြွင်းမဲ့ ပယ်ပါသည်။

* အနာဂါမ်ပုဂ္ဂိုလ် ကာမဂုဏ်ခံစားခြင်း ရှိ/မရှိ သာဓကဖြင့် ရှင်းပြပါ။

အနာဂါမ်ပုဂ္ဂိုလ်သည် ကာမရာဂ(ကာမဂုဏ်တို့၌တဲ့ပ်မက်ခြင်း)ကို အကြွင်းမဲ့ ပယ်ထားသောကြောင့် ကာမဂုဏ်ခံစားခြင်း မရှိပါ။

**သာဓက**– အနာဂါမိမဂ္ဂံ ဘာဝေတွာ (ပ) မနဝသေသပ္ပဟာနေန။

* အနာဂါမ်ဖြစ်ပြီးသောသူသည် ကာမဘုံ၌ နောက်ထပ်ဘဝသစ် ထူထောင်/မထူထောင် သာဓကဖြင့် ရှင်းပြပါ။

အနာဂါမ်ဖြစ်ပြီးသောသူသည် ပဋိသန္ဓေနေသောအားဖြင့် ကာမဘုံသို့ ပြန်မလာသောကြောင့် နောက်ထပ်ဘဝသစ် မထူထောင်ပါ။

**သာဓက**– အနာဂါမီ နာမ ဟောတိ အနာဂန္ဟာ ဣတ္ထတ္တံ။

## ရဟန္တာ ခေါ်ပုံ

အရဟတ္တမဂ်ကို ဖြစ်စေသည်ရှိသော် ကိလေသာတို့ကို အကြွင်းမရှိအောင် ပယ်ခြင်းကြောင့် အာသဝေါကုန်ပြီးသော လောကဥ်မြတ်သော အလွှာခံပုဂ္ဂိုလ်ကို ရဟန္တာဟု ခေါ်ပါသည်။

http://www.dhammadownload.com



## ရဟန္တာပုဂ္ဂိုလ်များ
## ပယ်အပ်သောကိလေသာနှင့် အကုသိုလ်စိတ်

ရဟန္တာပုဂ္ဂိုလ်သည် အောက်မဂ်များမပယ်နိုင်၍ ကျန်နေသော ရူပရာဂ,အရူပရာဂဟူသော ရာဂတစ်စိတ်၊ မောဟ,မာန,ထိန,ဥဒ္ဓစ္စ, အဟိရိက,အနောတ္တပ္ပဟူသော ကိလေသာ(၇)ပါးကို အကြွင်းမဲ့ပယ်၏။ ရူပရာဂ,အရူပရာဂနှင့်သမ္မယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်(၄) ပါး၊ ဥဒ္ဓစ္စသဟဂုတ်စိတ်(၁)ပါး၊ ပေါင်း(၅)ပါးတို့ကို အကြွင်းမဲ့ပယ်၏။

* ရဟန္တာပုဂ္ဂိုလ်၏သန္တာန်၌ ကိလေသာ တစ်စိတ်တစ်ဒေသ ကျန်သေး၏ဟုဆိုက သင့်/မသင့် သာဓကဖြင့် ရှင်းပြပါ။

ရဟန္တာပုဂ္ဂိုလ်သည် ကိလေသာတို့ကို အကြွင်းမရှိ ပယ်ထား ပြီးဖြစ်သောကြောင့် အထက်ပါဆိုစကား မသင့်ပါ။

**သာဓက**– အရဟတ္တမဂ္ဂံ ဘာဝေတွာ (ပ) အရဟာ နာမ ဟောတိ။

ပုဂ္ဂလဘေဒ ပြီး၏။

❐❐❐❐❐

## သမာပတ္တိဘေဒ

### သမာပတ်အပြား (၃)ပါး

စျာနသမာပတ်၊ ဖလသမာပတ်၊ နိရောဓသမာပတ်တို့ ဖြစ်ပါသည်။

### မိမိဆိုင်ရာဖိုလ်ကိုသာ ဝင်စားနိုင်ပုံ

ဖလသမာပတ် ဝင်စားသောအခါ မည်သည့် အရိယာမဆို မိမိဆိုင်ရာ ဖိုလ်ကိုသာ ဝင်စားနိုင်သည်။ သောတာပန်ပုဂ္ဂိုလ်သည်

http://www.dhammadownload.com



သောတာပတ္တိဖိုလ်ကိုသာ ဝင်စားနိုင်သည်။ သကဒါဂါမိဖိုလ်စသည်ကို မဝင်စားနိုင်ဟု စသည်ဖြင့် သိပါ။

**သာဓက**– ဖလသမာပတ္တိဝီထိယံ ပနေတ္ထ (ပ) သာဓာရဏာဝ။

* ရဟန္တာပုဂ္ဂိုလ်သည် အောက်ဖိုလ်သုံးပါးကို ဝင်စားနိုင်/မဝင်စားနိုင် သာဓကဖြင့် ရှင်းပြပါ။

အရိယာပုဂ္ဂိုလ်များသည် မိမိဆိုင်ရာဖိုလ်ကိုသာ ဝင်စားနိုင်သောကြောင့် ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကိုသာ ဝင်စားနိုင်၍ အောက်ဖိုလ်သုံးပါးကို မဝင်စားနိုင်ပါ။

**သာဓက**– ဖလသမာပတ္တိဝီထိယံ ပနေတ္ထ (ပ)သာဓာရဏာဝ။

## နိရောဓသမာပတ် ဝင်စားနိုင်သောပုဂ္ဂိုလ်

သမာပတ်ရှစ်ပါးကို ရပြီးသော ကာမ,ရူပဘုံသား အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်များသာ နိရောဓသမာပတ် ဝင်စားနိုင်ပါသည်။

**သာဓက**– နိရောဓသမာပတ္တိသမာပဇ္ဇနံ (ပ) အရဟန္တာနဉ္စ လဗ္ဘတိ။

* အရူပဘုံရှိ အနာဂါမ်, ရဟန္တာဗြဟ္မာကြီးများ အဘယ့်ကြောင့် နိရောဓသမာပတ် မဝင်စားနိုင်ပါသနည်း? သာဓကဖြင့် ရှင်းပြပါ။

အရူပဘုံရှိ အနာဂါမ်, ရဟန္တာဗြဟ္မာကြီးများမှာ အစဉ်အတိုင်း ဝင်စားဖို့ရာ ရူပစျာန်များ မရှိသောကြောင့် အရူပဘုံရှိ အနာဂါမ်, ရဟန္တာဗြဟ္မာကြီးများ နိရောဓသမာပတ် မဝင်စားနိုင်ပါ။

**သာဓက**– တတ္ထ ယထာက္ကမံ ပဌမစ္ဈာနာဒိ မဟဂ္ဂတသမာပတ္တိ သမာပဇ္ဇိတွာ။

## သမာပတ် ရှစ်ပါးဟူသည်

စတုက္ကနည်းအားဖြင့် ရူပစျာန်(၄)ပါး၊ အရူပစျာန်(၄)ပါး၊ ပေါင်း(၈)ပါးကို သမာပတ်(၈)ပါးဟု ခေါ်ပါသည်။

http://www.dhammadownload.com



* နိရောဓသမာပတ် ဝင်စားနေစဉ် သေနိုင်/မသေနိုင် သာဓက ဖြင့် ရှင်းပြပါ။

နိရောဓသမာပတ် ဝင်စားနေစဉ် စိတ်အစဉ် ပြတ်စဲနေသည့် အတွက် စုတိစိတ် မဖြစ်နိုင်သောကြောင့် မသေနိုင်ပါ။

**သာဓက**– တသာ ဒွိန္နံ (ပ) နိရောဓသမာပန္နော နာမ ဟောတိ။

## နိရောဓသမာပတ် ဝင်စားပုံ အစီစဉ်

နိရောဓသမာပတ်ကို ဝင်စားလိုသော် မိမိရအပ်ပြီးသောလောကီ ဈာန်တို့တွင် ပဌမဈာန်ကို ဝင်စားရ၏။ ထိုပဌမဈာန်မှ ထပြီးနောက် ပဌမဈာန်တွင်ပါဝင်သော သခ်ါရတရားတို့ကို အနိစ္စဒုက္ခအနတ္တဟု ဝိပဿနာ ရှုရ၏။ ထိုနည်းအတိုင်း ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ အာကာသာနဉ္စာယတနဈာန်၊ ဝိညာနဉ္စာယတနဈာန် တို့ကို ဝင်စားရ၏။ ထိုဈာန်မှ ထတိုင်းထတိုင်း ဈာန်တွင်ပါဝင်သော သခ်ါရတရားတို့ကို ဝိပဿနာရှုရ၏။ ထို့နောက် အာကိဉ္စညာယတနဈာန်ကို ဝင်စားရ၏။ ထိုဈာန်မှထသောအခါ ဝိပဿနာမရှုဘဲ အဓိဋ္ဌာန်ခြင်းစသော ပုဗ္ဗကိစ္စလေးပါးကို ပြုရ၏။ ထို့နောက် နေဝသညာနာသညာယတနဈာန်ကို ဝင်စားရ၏။ ထိုဈာန်ဇောနှစ်ကြိမ်အဆုံး၌ စိတ်အစဉ်ပြတ်စဲ၏။ စေတသိက်နှင့် စိတ္တဇရုပ်များလည်း မဖြစ်တော့။ ထိုသို့ စိတ်, စေတသိက်, စိတ္တဇရုပ်များ ချုပ်ငြိမ်းခြင်းကိုပင် 'နိရောဓသမာပတ် ဝင်စားသည်'ဟု ခေါ်ပါသည်။

## နိရောဓသမာပတ်မှ ထသောအခါ စိတ်အစဉ်ဖြစ်ပုံ

နိရောဓသမာပတ်မှ ထသောအခါ အနာဂါမ်ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်ဇောတစ်ကြိမ်၊ ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တဖိုလ်ဇော

http://www.dhammadownload.com



တစ်ကြိမ်ဖြစ်၍ ဘဝင်ကျ၏။ ဘဝင်နောင် ပစ္စဝေက္ခဏာဉာဏ် ဖြစ်ပါသည်။

## ပဋိပတ်၏အရသာနှင့် ရလိုသူ

ပဋိပတ်၏ အရသာဟူသည် စျာန်ချမ်းသာ၊ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာများ ဖြစ်ပါသည်။

ယင်းချမ်းသာများကို ရလိုသူသည် သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာဟူသော ဘာဝနာနှစ်ပါးကို ပွားများအားထုတ်ရပါမည်။

## နိရောဃေသမာပတ် ဝင်စားပုံပြ ပါဠိ

တတ္ထ ယထာကတ္တမံ (ပ) နိရောဃေသမာပန္နော နာမ ဟောတိ။

## နိရောဃေသမာပတ်မှ ထရာအခါ၌ စိတ်အစဉ်ပုံပြ ပါဠိ

ဝုဋ္ဌာနကာလေ ပန အနာဂါမိနော (ပ) ပဝတ္တတိ။

## ပဋိပတ်၏အရသာ ခံစားလိုသူအတွက် အရှင်အနုရုဒ္ဓါ၏ တိုက်တွန်းချက်ပြ ပါဠိ

ဘာဝေတဗ္ဗံ ပနိစ္ဆဝံ၊ (ပ) ပတ္ထယန္တေန သာသနေ။

ကမ္မဋ္ဌာန်းပိုင်း ပြီး၏။

**မှတ်ဖွယ်မှတ်ရာ အတိဓမ္မာ ဤတွင် ပြီးပါပြီ။**

❐❐❐❐❐

http://www.dhammadownload.com



## ဆုတောင်း လေးခု

မှတ်ဖွယ်မှတ်ရာ၊ အဘိဓမ္မာဟု
သညာသမုတ်၊ ဤစာအုပ်ကို
ရေး, ထုတ်ပါရ၊ ကုသလကြောင့်
ဘဝတိုင်းဝယ်၊ ပညာကြွယ်၍
မျိုးနွယ်, ဘာသာ၊ သာသနာကျိုး
တိုးထက်တိုး၍၊ သည်ပိုးသူသာ
ဖြစ်လိုပါ၏ ---- ။